

ဟာရွန် ယဟ်ယာ
၂၀ရာစုနှစ်မှ ဘေးဆိုးကြီးသည် ရက်စက်မှု
အသစ်အတွက် ပြင်ဆင်နေပုံအကြောင်း
ကွန်မြူနစ်ဝါဒသည်
ခြုံခိုတိုက်ရန် စောင့်နေ
၏



ကွန်မြူနစ်ဝါဒသည်၊ ၂၀ရာစုနှစ်ကို သွေးမြင်တွင်နစ်မြုပ်စေသောအတွေးအခေါ် ဖြစ်သည်။ လီနင်၊ စတာလင်၊ မော်နှင့် ပွန်ပွတ် စသည့်ကွန်မြူနစ်ခေါင်းဆောင်တို့သည် လူဦးရေသန်း ပေါင်း၁၂၀ ကို မျက်တောင်တစ်ချက်မျှမခတ်ဘဲ သတ်ဖြတ်ခဲ့ကြ၏။ အသတ်ခံရသူများအနက် အများအားဖြင့် သူတို့၏အမျိုးသားအချင်းသားများဖြစ်သည်။ ဇရာအိုမှအစ လူငယ်လူရွယ် နှင့်လူမမယ်ကလေးများအပါအဝင် သန်းပေါင်းမြောက်မြားစွာသော ယောကျ်ားမိန်းမတို့သည် ဤလူမဆန်ဆောင် ရက်စက်ကြမ်းကြုတ်သည့်အတွေးအခေါ်ကြောင့် အသက်ဆုံးရှုံးခဲ့ကြ၏။

ဤစာအုပ်သည် ကွန်မြူနစ်ဝါဒ၏ဘေးဆိုးကြီးနှင့် ၎င်း၏နောက်ကွယ်တွင် ရုပ်ဝါဒအတွေး အခေါ်နှင့်ဒါဝင်ဝါဒီတို့၏ တစ်ယူသန်ယုံကြည်မှုတို့က အခြေခံအဖြစ်ငုတ်လျှိုးနေသည့်အကြောင်းကို ဖော်ထုတ်ထားပေသည်။ အရေးအကြီးဆုံး အချက်မှာ ပိုမိုကြီးမားသောအန္တရာယ်ကို သိမြင်နိုင်အောင် ဖိတ်ခေါ်ထားပေသည်။ ကွန်မြူနစ်ခြိမ်းခြောက်မှုအန္တရာယ်သည် ကမ္ဘာမြေပေါ် မှ ပျောက်ကွယ်သွားခြင်းမရှိသေးပါ။ ယခုအချိန်တွင်ပင် အသာအယာငုတ်လျှိုးစောင့်ဆိုင်းနေပေသည်။ အသက်ဇီဝိန်ပေါင်း သန်း၁၂၀ဆုံးရှုံးခဲ့သည့် ဤဘေးဆိုးကြီးသည်၊ ယနေ့တိုင် အသက် ရှင်လျက်ရှိနေသေးသည်။ ၎င်း၏ကျောထောက်နောက်ခံအတွေးအခေါ်-ရုပ်ဝါဒနှင့် ဒါဝင်ဝါဒ-တို့ကို အမြစ်ပါမကျန်သုတ်သင်ဖျက်ဆီးပစ်ခြင်းမပြုပါက၊ "ကွန်မြူနစ်ဝါဒ သေသွားပြီ" ဟူသော မှားယွင်းစွာယုံကြည်မှုအောက်တွင် မသိမသာစိမ့်ဝင်ကူးစက်ရှင်သန်လာကာ အခွင့်ကောင်းရသည်နှင့်တပြိုင်တည်း၊ အသစ်အသစ်သောရက်စက်ကြမ်းကြုတ်မှု တဖန်ထပ်မံ ပေါ်ပေါက်လာလိမ့်ဦးမည်။

## စာရေးသူ



ဤစာအုပ်ကို ဟာရွန်ယဟ်ယာဟူသောကလောင် အမည်ဖြင့်ရေးသားသူ စာရေးဆရာကြီးသည်၊ တူရကီနိုင်ငံအန်ကာရာမြို့၌ ၁၉၅၆ခုနှစ်တွင်မွေးဖွား၏။ အစ္စတန်ဘူလ်မြို့ရှိ မိမာရ် ဆီနန်တက္ကသိုလ်တွင် ဝိဇ္ဇာအနုပညာဘာသာရပ်ကို ဆက်လက်ဆည်းပူးကာ ဝိဇ္ဇာဘွဲ့နှင့် မဟာဝိဇ္ဇာဘွဲ့ကို ဆွတ်ခူးခဲ့၍၊ အစ္စတန်ဘူလ်တက္ကသိုလ်မှ ဒဿနိကဗေဒဘာသာရပ်ဖြင့် ပါရဂူဘွဲ့ကို ဆွတ်ခူးခဲ့သည်။ ၁၉၈၀ခုနှစ်မှစ၍ နိုင်ငံရေးသိပ္ပံဘာသာရပ်၊ သိ[illegible]ယုံကြည်ချက်ဆိုင်ရာအရေးများနှင့်ပတ်သက်သည့် စာအုပ်များကို ရေးသားထုတ်ဝေခဲ့ပေသည်။ သူ၏အ[illegible]ကာအာရုံစိုက်ရာအကြောင်းရပ်မှာ၊ သိပ္ပံပညာအရချေပြထားသော ခေတ်သစ်စိတ်ကူးယဉ်ဒဏ္ဍာရီအတွေးအခေါ်ဖြစ်သည့် ဒါဝင်ဝါဒနှင့်ရုပ်ဝါဒကို ချေပငြင်းဆိုခြင်း ဖြစ်ပေသည်။ ဟာရွန်ယဟ်ယာရေးသားသောစာအုပ်များကို မှတ်စလင်မ်များအပြင် မှတ်စလင်မ်မဟုတ်သူ လူမျိုးမရွေး အသက်အရွယ်မရွေး စာဖတ်ပရိသတ်တို့က အထူးတလယ် ကြိုက်နှစ်သက်ကြ၏။ အဘယ့်ကြောင့်ဆိုသော်၊ စာဖတ်သူတို့၏ အမြင်ကို ကျယ်ပြန့်စေရန် အထူးတလယ်ဂရုစိုက်အလေးထား၍၊ စာဖတ်သူတို့ကို အရေးပါသည့်အကြောင်းရပ်များကို ဆင်ခြင်တွေးတောရန် ဖိတ်ခေါ်ထားပေသည်။ ဥပမာ၊ ဘုရားသခင်အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းသာတည်ရှိကြောင်းနှင့် အိုမင်းဟောင်းနွမ်း၍ သွေဖည်ဖေါက်ပြန်သော ဘုရားမဲ့စနစ်တို့၏ အခြေခံအုတ်မြစ်ကိုလည်း လှန်ပြထားပေသည်။



بسم الله الرحمن الرحيم

# စာဖတ်သူသို့
# TO THE READER

အီဗိုလူးရှင်းသီအိုရီ ပျက်သုဉ်းသွားခြင်းအကြောင်းကို ဤစာအုပ်၌ အထူးအခန်းတစ်ခန်းအဖြစ် ဖေါ်ပြထားပါသည်။ အဘယ့်ကြောင့်ဆိုသော်၊ ဤသီအိုရီသည်၊ ဘာသာအယူဝါဒကို ဆန့်ကျင်သည့်အတွေးအခေါ်များအားလုံးနှင့် ဘုရားမဲ့ဝါဒတို့၏အခြေခံသဘောတရားများ ပါရှိသောကြောင့် ဖြစ်ပါသည်။ ဒါဝင်ဝါဒက ဖန်ဆင်းခြင်းယုံကြည်ချက်ကို ငြင်းပယ်လိုက်ခြင်းဖြင့် အလ္လာဟ်အရှင်မြတ်ရှိခြင်းကိုလည်း ငြင်းပယ်ရာရောက်သောကြောင့်၊ လွန်ခဲ့သည့် နှစ်ပေါင်း ၁၄၀ ကျော်အတွင်း လူအမြောက်အမြားအား သူတို့၏ဘာသာအယူဝါဒယုံကြည်ချက်များကို စွန့်လွှတ်သွားစေခဲ့ခြင်း ဒွိဟသံသယဖြစ်စေခြင်းများ ပြုခဲ့ပေသည်။ ထို့ကြောင့် ၎င်းသီအိုရီအတွေးအခေါ်သည် လိမ်လည်လှည့်စားခြင်းသာလျှင်ဖြစ်ကြောင်းကို လူအများ ရှင်းလင်းစွာသိရှိသဘောပေါက်အောင်တင်ပြရန်မှာ မလုပ်မနေရတာဝန် ဖြစ်ပေသည်။ စာဖတ်ပရိသတ်အချို့သည် ကျွန်ုပ်တို့၏စာအုပ်အချို့ကိုသာ ဖတ်မိကြမည်ဖြစ်သောကြောင့်၊ ထိုသီအိုရီအကြောင်းကို ဤစာအုပ်တွင်လည်း အခန်းတစ်ခန်းတွင် အကျဉ်းချုပ်၍ ဖေါ်ပြသင့်သည်ဟု ယူဆပါသည်။

စာရေးသူရေးသားခဲ့သော စာအုပ်အားလုံးတွင်၊ ဘာသာရေးယုံကြည်မှုနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်အာယသ်တော်များဖြင့်ရှင်းပြ၍၊ စာဖတ်သူကို အလ္လာဟ်အရှင်မြတ်၏ မိန့်ကြားသွန်သင်ချက်များကို လေ့လာမှတ်သားကာ ထိုသွန်သင်ချက်များအတိုင်း နေထိုင်ရန် ဖိတ်ခေါ်ထားပေသည်။ အလ္လာဟ်အရှင်မြတ်၏အာယသ်တော်များနှင့်ပတ်သက်သောအကြောင်းရပ်များကိုရှင်းပြရာ၌ စာဖတ်သူ၏စိတ်တွင် ဒွိဟသံသယကင်းရှင်း၍ နောက်ထပ်မေးခွန်းများထုတ်ရန်မရှိနိုင်အောင် ရှင်းလင်းတင်ပြထားပေသည်။ စာရေးသူ၏ စိတ်ရင်းစေတနာမှန် အရင်းခံသော ရေးနည်းရေးဟန်နှင့် လွယ်ကူရှင်းလင်းသောအသုံးအနှုန်းများသည် စာဖတ်သူလူကြီးလူငယ်အရွယ်တိုင်းနှင့် လူမှုရေးအုပ်စုတိုင်းက လွယ်ကူစွာနားလည်သဘောပေါက်နိုင်ပါသည်။ ထိရောက်၍ ရှင်းလင်းသောစာသားများကြောင့် တစ်ထိုင်တည်းတွင် အပြီးဖတ်ရှုနိုင်ပါသည်။ ဘာသာအယူဝါဒများကို ပြင်းထန်စွာငြင်းပယ်သူတို့ပင်လျှင်၊ ဤစာအုပ်ပါ မှန်ကန်သည့် ရှင်းလင်းချက်နှင့် ကိုးကားချက်များကို ငြင်းဆန်၍ မရနိုင်ကြချေ။

ဤစာအုပ်နှင့်အတူ စာရေးသူ၏ကျန်စာအုပ်အားလုံးတို့ကို တစ်ဦးချင်းဖတ်ခြင်းသို့မဟုတ် အုပ်စုလိုက်ဆွေးနွေးခြင်းပြုနိုင်ပါသည်။ စာရေးသူ၏စာအုပ်များမှ အကျိုးကျေးဇူးရရှိ လိုသူတို့အတွက် အုပ်စုဖွဲ့၍ဆွေးနွေးရန်အလွန်သင့်လျော်ပါသည်။ ထိုသို့ပြုခြင်းဖြင့် တစ်ဦးနှင့် တစ်ဦး၏အမြင်နှင့် အတွေ့အကြုံများကို နှီးနှောဖလှယ်နိုင်လိမ့်မည်။

ထို့အပြင်၊ ဤစာအုပ်ကို ရေးသားခြင်းသည် အလ္လာဟ်အရှင်မြတ်၏နှစ်သက်ခြင်းကို ရယူရန်ကိုသာ ရည်ရွယ်သောကြောင့်၊ ဖတ်ရှုခြင်းနှင့်ပုံနှိပ်ထုတ်ဝေခြင်းသည် ကြီးကျယ်သောအစ္စလာမ့်အကျိုးဆောင်ခြင်းပင်ဖြစ်ပေသည်။ ဤစာရေးဆရာ၏စာအုပ်များသည် ဖတ်ကောင်းရုံမက ယုံကြည်ထိုက်သောစာအုပ်များဖြစ်ပါသည်။ ထို့ကြောင့်၊ မှန်ကန်သော ဘာသာအယူဝါဒအတွက် အခြားသူများကို ဆက်သွယ်ရာ၌ ဤစာအုပ်များကို ဖတ်ရှုရန်တိုက်တွန်းခြင်းသည် အကောင်းဆုံးသော နည်းလမ်းဖြစ်ပါသည်။

ဤစာရေးသူ၏စာအုပ်များတွင်၊ စာရေးသူ၏ပုဂ္ဂလိကအမြင်များ၊ ဒွိဟသံသယဖြစ်ဖွယ်သောကိုးကားချက်များဖြင့်ရှင်းလင်းတင်ပြခြင်း၊ ရှိသေလေးစားထိုက်သောမွန်မြတ်သည့်အရာများနှင့် ယုံကြည်ချက်များကို ထိပါးသည့်အသုံးအနှုန်းများ၊ စာဖတ်သူ၏စိတ်ကို ရှုပ်ထွေးစေမည့် ဝေဖန်သုံးသပ်ချက်များ ကင်းရှင်းပါသည်။

# ကွန်မြူနစ်ဝါဒသည် ခြုံခိုတိုက်ခိုက်ရန် စောင့်နေ၏

# COMMUNISM IN AMBUSH

၂၀–ရာစုနှစ်မှ ဘေးဆိုးကြီးသည် ရက်စက်မှု
အသစ်အတွက် ပြင်ဆင်နေပုံအကြောင်း

**HOW THE SCOURGE OF THE 20TH CENTURY IS PREPARING FOR FRESH SAVAGERY**

ဟာရွန်ယဟ်ယာ

၂၀၀၃–ခုနှစ် မေလ

**HARUN YAHYA**

MAY 2003

# စာရေးသူအကြောင်း

## ABOUT THE AUTHOR



ဤစာအုပ်ကို ဟာရွန်ယဟ်ယာဟူသော ကလောင်အမည်ဖြင့်ရေးသားသူ စာရေးဆရာကြီးသည်၊ တူရကီနိုင်ငံ အန်ကာရာမြို့၌ ၁၉၅၆ခုနှစ်တွင် မွေးဖွားခဲ့၍၊ အန်ကာရာမြို့တွင်ပင် အထက်တန်း ကျောင်းပညာသင်ယူခဲ့လေသည်။ အစ္စတန်ဘူလ်မြို့ရှိ မီမာရ်ဆီနန်တက္ကသိုလ်တွင် ဝိဇ္ဇာဘာသာရပ်ကို ဆက်လက်ဆည်းပူးကာ ဝိဇ္ဇာဘွဲ့နှင့်မဟာဝိဇ္ဇာဘွဲ့ကိုဆွတ်ခူးခဲ့လေသည်။ ထို့နောက် အစ္စတန်ဘူလ်တက္ကသိုလ်မှ ဒဿနိကဗေဒဘာသာရပ်ဖြင့် ပါရဂူဘွဲ့ကို ဆွတ်ခူးခဲ့လေသည်။ ၁၉၈၀–ခုနှစ်မှစ၍ နိုင်ငံရေးသိပ္ပံဘာသာရပ်၊ သိပ္ပံဘာသာရပ်နှင့် ယုံကြည်ချက်ဆိုင်ရာအရေးများနှင့်ပတ်သက်သည့်စာအုပ်များကို ရေးသားထုတ်ဝေခဲ့ပေသည်။ အီဗိုလူးရှင်းခေါ်တစ်စတစ်စ ဆင့်ကဲပြောင်းလဲဖြစ်ပေါ်ခြင်းအတွေးအခေါ်ဝါဒီများ၏အယောင်ဆောင်လိမ်လည်မှုနှင့် ၎င်းတို့၏ အခိုင် အမာအဆိုပြုချက်များသည် ကျိုးကြောင်းဆီလျော်မှုမရှိကြောင်းအပြင်၊ ဒါဝင်ဝါဒနှင့် တကွကမ္ဘာပေါ်တွင် သွေးချောင်းစီးစေခဲ့သည့် ဖက်ဆစ်ဝါဒနှင့် ကွန်မြူနစ်ဝါဒတို့ကို နောက်ကွယ်မှနေ၍ ဆက်စပ်ပေးနေသူတို့အကြောင်းကို စာအုပ်ပေါင်း များစွာရေးသား၍ ဖေါ်ထုတ်ခဲ့လေသည်။

သူ၏ကလောင်အမည်သည် အလ္လာဟ်အရှင်မြတ်ကို မယုံကြည်သူတို့အား အတိုက်အခံလုပ်ရာ၌ ကျော်ကြားခဲ့ကြသော တမန်တော်နှစ်ပါးဖြစ်သည့် ဟာရွန်(အာရွန်)နှင့် ယဟ်ယာ (ယောဟန်)တို့၏အမည်နှစ်ခုကို ပေါင်းစပ်ထားသောအမည်ဖြစ်ပေသည်။ ဤစာအုပ်၏မျက်နှာဖုံးများတွင်ပါသည့် တမန်တော်မြတ်၏တံဆိပ်သည် စာအုပ်အတွင်းရှိအကြောင်းအချက်များနှင့် ဆက်စပ်လျက် ရှိနေပါသည်။ နောက်ဆုံးကျမ်းတော်မြတ်ဖြစ်သောကုရ်အာန်ကျမ်းတော်မြတ်နှင့် နောက်ဆုံးတမန်တော်မြတ်ဖြစ်သည့်မိုဟမ္မဒ်(ဆွလ္လလ္လာဟုအလိုင်းဟေ့ဝဆလ္လမ်)တို့ကိုကိုယ်စားပြုထားခြင်းဖြစ်သည်။ ဘုရားမဲ့ဝါဒတို့၏အခြေခံရေသောက်မြစ်အချက်အလက်များကို ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဆွန္နတ်(တမန်တော်မြတ်၏ဩဝါဒကျင့်စဉ်)များ၏သွန်သင်ချက်ပါ သက်သေအထောက်အထားများဖြင့်ချေပပယ်ဖျက်ပစ်၍ ဘာသာအယူဝါဒများကို တားမြစ်စွပ်စွဲသောအသံများအား တိတ်ဆိတ်သွားစေပါသည်။ ပညာ့အလင်းကိုရရှိ၍ ပကတိပြည့်စုံကောင်းမွန်သောအကျင့်သိက္ခာနှင့် ကိုယ်ကျင့်တရားများဖြင့်ပြည့်စုံသည့် နောက်ဆုံးတမန်တော်မြတ်၏တံဆိပ်တော်ကိုအသုံးပြု၍ တမန်တော်မြတ်အလိုတော်ရှိခဲ့သည့်အတိုင်း ထိုဘုရားမဲ့ဝါဒီတို့၏အသံကို တိတ်ဆိတ်သွားစေခြင်း ဖြစ်ပါသည်။

ဟာရွန်ယဟ်ယာရေးသားသည့်စာပေများသည်၊ ကုရ်အာန်ကျမ်းတော်မြတ်၏သတင်းမှာကြားချက်များကို ပို့သပေး၍၊ စာဖတ်သူတို့ကို ယုံကြည်ချက်နှင့်သက်ဆိုင်သည့် အခြေခံအချက်အလက်များကို စဉ်းစားဆင်ခြင်သုံးသပ်ခြင်းဖြင့် အလ္လာဟ်အရှင်မြတ်တည်ရှိကြောင်းနှင့် ထိုအရှင်မြတ်သည် တစ်ပါးတည်းသောအရှင်မြတ် ဖြစ်တော်မူကြောင်းကို သိရှိကြ၍၊ ဖေါက်ပြန်သောဘာသာတရားမဲ့အတွေးအခေါ်များ၏ ကျိုးကြောင်းခိုင်လုံမှုမရှိသည့် အခြေခံများကို ဖေါ်ထုတ်ပြသရန်သာ အဓိကပန်းတိုင် ဖြစ်ပေသည်။

ဟာရွန်ယဟ်ယာရေးသားသည့်စာအုပ်များကို အိန္ဒိယနိုင်ငံမှအမေရိကန်နိုင်ငံအထိ၊ အင်္ဂလန် နိုင်ငံမှအင်ဒိုနီးရှားနိုင်ငံအထိ၊ ပိုလန်နိုင်ငံမှဘော့စနီးယားနိုင်ငံအထိ၊ စပိန်နိုင်ငံမှ ဘရာဇီးလ်နိုင်ငံအထိ၊ စသဖြင့် ကမ္ဘာအနှံ့အပြားမှ စာဖတ်ပရိသတ်တို့ ဖတ်ရှုကြပါသည်။ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ စပိန်၊ အီတလီ၊ ပေါ်တူဂီ၊ အူရဒူ၊ အာရဗီ၊ အလ်ဘေးနီးယန်း၊ ရုရှား၊ ဆာဘို– ခရိုအက်၊ ပိုလန်၊ မလေး၊ အွီဂုရ်၊ တူရကီနှင့် အင်ဒိုနီးရှားဘာသာစကားများဖြင့် ပြန်ဆိုထား သည်ကိုလည်း ဖတ်ရှုနိုင်ပါသည်။

ဟာရွန်ယဟ်ယာ၏စာအုပ်များသည်၊ ကမ္ဘာတစ်ဝှမ်းလုံးရှိ စာဖတ်သူပရိသတ်၏ ကြိုက်နှစ်သက်ခြင်းရှိသည့်အပြင်၊ အမြောက်အမြားသောပုဂ္ဂိုလ်တို့ကို အစ္စလာမ်သာသနာသို့ ပြန်လည်ရောက်ရှိလာစေ၍ သူတို့၏ အီမာန်ယုံကြည်ချက်ကိုလည်း ပိုမိုခိုင်မာစေရာတွင် အရေးပါလှပေသည်။ သူ၏စာသားများသည် ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံ၍ ရှင်းလင်းပြတ်သားသည့်အပြင်၊ နားလည်သဘောပေါက်လွယ်သော ရေးနည်းရေးဟန်များဖြစ်ကာ၊ ဖတ်ရှုသူ၏ အသိတရားကို လွယ်ကူစွာပွင့်လင်းစေပါသည်။ ဤစာအုပ်တွင်ရေးသားထားသောအချက်များသည်၊ ရုပ်ဝါဒအတွေးအခေါ်များကို လျင်မြန်ထိရောက်စွာချေပထားခြင်းများဖြင့် စီကုံးထားသောကြောင့်၊ ဤစာအုပ်များကို အလေးအနက်ထားသူတို့သည်လည်း ဘုရားမဲ့ဝါဒနှင့်အတူ အခြားဖေါက်ပြန်သောအတွေးအခေါ်များကို ဆက်လက်ထောက်ခံကြတော့မည်မဟုတ်ပေ။ အကယ်၍ ဆက်လက်ထောက်ခံနေကြသေးသော်လည်း၊ တမင်သက်သက်ပေကပ် နေခြင်းသာ ဖြစ်ပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော်၊ ဤစာအုပ်များသည် ထိုကဲ့သို့သော အတွေးအခေါ်များကို ၎င်းတို့၏အခြေခံရာ အုတ်မြစ်များမှစတင်၍ လှန်လိုက်ခြင်းကြောင့် ဖြစ်ပါသည်။ ယနေ့လက်ရှိအချိန်တွင် အလ္လာဟ်အရှင်မြတ်ကို ငြင်းပယ်သောလှုပ်ရှားမှုများ အားလုံးသည်၊ ဟာရွန်ယဟ်ယာ၏စာအုပ်များကြောင့် အတွေးအခေါ်အရ စစ်ရေးရှုံးနိမ့်သွားကြလေပြီ။

ယင်းရလဒ်များသည် ကုရ်အာန်ကျမ်းတော်မြတ်ရှိ ဉာဏ်အလင်းနှင့် ယင်း၏ရှင်းလင်းပြတ်သားမှုများကြောင့်ဖြစ်သည်မှာ ယုံမှားသံသယမရှိနိုင်တော့ပေ။ စာရေးသူသည် အလ္လာဟ်အရှင်မြတ်၏ လမ်းမှန်ကို အများလူသားများရှာဖွေစူးစမ်းရာတွင် အထောက်အကူဖြစ်စေရန် ရိုးသားသော စေတနာအရင်းခံရည်ရွယ်ချက်ထားရှိပါသည်။ ဤစာအုပ်များကို ရေးသားထုတ်ဝေသောလုပ်ငန်းတွင် မည်သည့်ရုပ်ဝတ္ထုအမြတ်အစွန်းကိုမျှ မျှော်ကိုးခြင်းအလျင်းမရှိပါ။

ဤစာအုပ်များကို အခြားသူများဖတ်ရှုရန် အားပေးကူညီရင်း၊ ၎င်းတို့ကို အလ္လာဟ်အရှင်မြတ်၏ သစ္စာရှိသောကျေးကျွန်များဖြစ်လာအောင် သူတို့၏စိတ်နှလုံးသားများကို ဖွင့်ပေး၍ အလ္လာဟ်အရှင်မြတ်၏လမ်းစဉ်သို့ ခေါ်ဆောင်သွားနိုင်သူတို့သည် တန်ဖိုးမဖြတ်နိုင်လောက်အောင် ကြီးကျယ်သော အကျိုးဆောင်သူများပင်ဖြစ်ပေသည်။

ယခုအချိန်တွင် လူများ၏စိတ်ကို ဇဝေဇဝါရှုပ်ထွေးစေ၍၊ သူတို့၏စိတ်ထဲရှိ ဒွိဟသံသယဖြစ်နေခြင်းများကိုထိရောက်စွာ ရှင်းလင်းစေနိုင်ခြင်းမရှိသည့်အပြင် ခိုင်လုံသောသက်သေသာဓကများ မရှိသည့် ရှုပ်ထွေးသောအတွေးအခေါ်ဆီသို့ ဦးဆောင်သွားနိုင်မည့်စာအုပ်များကို ဖြန့်ဝေခြင်းသည် အလဟဿအချိန်ဖြုန်းနေခြင်းသာလျှင်ဖြစ်နေပါလိမ့်မည်။ လူအများအား အီမန်ယုံကြည်မှုပျောက်ကွယ်နေခြင်းမှ ကယ်တင်လိုသည့်မွန်မြတ်သောရည်ရွယ်ချက်ထက်၊ စာရေးသူ၏စာပေအစွမ်းကိုပြရန်ကိုသာ အဓိကထားသည့်စာအုပ်များသည် ထိရောက်မှုမရှိနိုင်ပေ။ ဤအချက်ကို သံသယဖြစ်သူတိုင်းသည်ဟာရွန်ယဟ်ယာ၏စာအုပ်တွင် အီမန်ယုံကြည်မှုကင်းမဲ့ခြင်းကို ချိုးနှိမ်ကျော်လွှား၍ ကုရ်အာန်ကျမ်းတော်မြတ်၏ သင်ကြားချက်ကျင့်စဉ်တန်ဖိုးများကိုသာ အဓိကထားဖြန့်ဖြူးသည်ကိုကြည့်၍ စိတ်ရှင်းသွားနိုင်ပါသည်။ ဤအကျိုးဆောင်ချက်၏ အောင်မြင်မှုသည် စာဖတ်သူတို့၏ ခံယူချက်အပေါ်တွင် သရုပ်သကန်ပေါ်လွင်လာမည်သာဖြစ်ပါသည်။

ယနေ့ကမ္ဘာပေါ်တွင် ရက်စက်ကြမ်းကြုတ်မှု၊ သဘောထားကွဲလွဲမှုကြောင့်ရင်ဆိုင်တိုက်ခိုက်ပဋိပက္ခ ဖြစ်နေကြခြင်းနှင့်အတူ လူအများကြုံတွေ့နေကြရသည့် အခြားဒုက္ခဆင်းရဲခြင်းအပေါင်းတို့သည်၊ အလ္လာဟ်အရှင်မြတ်ကို မယုံကြည်ငြင်းပယ်သည့် အတွေးအခေါ်များလွှမ်းမိုးမှုကြောင့် ဖြစ်သည်ကို အရေးကြီးဆုံးအချက်အဖြစ် မှတ်သားထားရန်လိုအပ်ပါသည်။ ထိုဒုက္ခပင်လယ်မှ လွတ်မြောက်နိုင်ရန်မှာ အလ္လာဟ်အရှင်မြတ်၏ အံ့ဖွယ်မခန်းသော ဖန်ဆင်းခြင်းကို သတိတရားရရှိကြပြီး ထိုအရှင်မြတ်က ကုရ်အာန်ကျမ်းတော်မြတ်တွင် သင်ကြားပို့ချထားသော ကျင့်ဝတ်တရားဒေသနာတော်များကို ဖြန့်ချိခြင်းဖြင့် မိစ္ဆာဒိဋ္ဌိအတွေးအခေါ်ဘုရားမဲ့ဝါဒကို ဆုံးခန်းတိုင် ချေဖျက်ပစ်ရန်လိုအပ်ပေသည်။ လက်ရှိကမ္ဘာ့အခြေအနေကို ကြည့်လိုက်ပါက၊ အကြမ်းဖက်ခြင်းမျိုးစုံနှင့် ဖေါက်ပြန်မှုပဋိပက္ခအမျိုးမျိုးသို့သာလျှင် ရှေ့ရှုဦးတည်လျက်

ရှိနေသဖြင့်၊ အချိန်မနှောင်းမီ အလ္လာဟ်အရှင်မြတ်၏ဒေသနာတော်ကို ထိရောက်စွာနှင့် လျင်မြန်စွာ ပို့ချဖြန့်ဝေရန် လိုအပ်နေကြောင်း ထင်ရှားနေပေသည်။

ယင်းကြိုးပမ်းချက်တွင်၊ ဟာရွန်ယဟ်ယာရေးသားသော စာအုပ်များသည် ရှေ့တန်းမှ ပါဝင်လျက်ရှိပေသည်။ အင်ရှာအလ္လာဟ် (အလ္လာဟ်အရှင်မြတ်အလိုတော်ရှိပါက)၊ နှစ်ဆယ့်တစ်ရာစုနှစ်ရှိ ကမ္ဘာသူကမ္ဘာသားများသည်၊ ကုရ်အာန်ကျမ်းတော်မြတ်တွင် ကတိကဝတ်ပြုထားသည့်အတိုင်း ငြိမ်းချမ်းမှု၊ တရားမျှတမှုနှင့် သာယာပျော်ရွှင်မှုများကို ရရှိအောင် ပေးဆောင်ရာတွင် ဤစာအုပ်များမှတစ်ဆင့် ရရှိသော အသိတရားများက တစ်စိတ်တစ်ဒေသအဖြစ် ပါဝင်နိုင်ပါလိမ့်မည်။

အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင်
ရပ်တည်ရန် ရည်ရွယ်ချက်ဖြင့်
ကျွန်ုပ်၏ ချစ်လှစွာသော
ဇနီး၊ သားသမီးများ၊
ညီအစ်ကိုများနှင့်မိတ်သင်္ဂဟများကို
နှစ်ရှည်လများ ခွဲခွာခဲ့ခြင်းဂျိဟာဒ်တွင်
တစိတ်တဒေသ ဖြည့်တင်းပါစေဟု ရည်စူးလျက်
ဤစာအုပ်ကို ကုသိုလ်ဖြစ် မြန်မာဘာသာပြန်ဆိုပါသည်။
ကုရ်အာန်ကျမ်းတော်မြတ်အာယတ်တော်များ၏အဓိပ္ပါယ်ကို ရှင်းပြရာ၌
ရန်ကုန်မြို့ကုရ်အာန်ကျမ်းမြန်မာဘာသာပြန်အသင်းမှ
ထုတ်ဝေသောမြန်မာဘာသာပြန်ကို အသုံးပြုပါသည်။
ဤမြန်မာဘာသာပြန် စာအုပ်ကို
မည်သူမဆို လွတ်လပ်စွာပုံနှိပ်ထုတ်ဝေရောင်းချဖြန့်ဖြူးခွင့် ပေးပါသည်။
မိုဟမ္မဒ်အလီ (လဟီ)တန်ဂွန်း
၂၀၀၉–ခုနှစ် ဇန္နဝါရီလ ၂၆–ရက်
(၂၀၀၉–ခုနှစ် နိုဝင်ဘာလတွင် ထပ်မံစစ်ဆေးသည်)

# ဘာသာပြန်သူ၏အမှာ
## Foreword from the Translator

ကျွန်ုပ်သည် ဘာသာရေးကိုင်းရှိုင်းသော နှစ်ခြင်းခရစ်ယာန်သာသနာဝင် အိမ်ထောင်စုတွင် မွေးဖွားကြီးပြင်းလာခဲ့သူဖြစ်ပါသည်။ ငယ်စဉ်ကတည်းကစ၍ တနင်္ဂနွေနေ့တိုင်း ကလေးသူငယ်များအား ခရစ်တော်၏ ဒေသနာတော်နှင့်သမ္မာကျမ်းသင်ခန်းစာများကို၊ ကျွန်ုပ်၏ရွာမှ အတန်ဝေးကွာသောမြို့ရှိ ဘုရားရှိခိုးကျောင်းတွင် မှန်မှန်တက်ရောက်ဆည်းပူးခဲ့ပါသည်။ ဓမ္မဆရာများက သုံးဆူသည် တစ်ဆူတည်းဖြစ်ကြောင်း သင်ကြားရာတွင် မည်သူကမျှ ကျွန်ုပ်သဘောပေါက်အောင် ရှင်းလင်းပြနိုင်ခြင်းမရှိခဲ့ကြပါ။ အလယ်တန်းကျောင်းသားဘဝ ၁၅–နှစ်သားအရွယ်တွင် မွတ်စလင်မ်ဒိုင်ဂျက်နှင့် အစ္စလာမစ်ရီဗြူးမဂ္ဂဇင်းများအပြင် ကမ္ဘာ့အလင်းစာစောင်ကိုဖတ်ရှုခွင့်ရရှိခဲ့ရာမှစ၍၊ အစ္စလာမ်သာသနာသည် ဖန်ဆင်းရှင်နှင့်ပတ်သက်၍ အရှင်းလင်းဆုံးသင်ကြားသော သာသနာအဖြစ် လက်ခံသဘောပေါက်သဖြင့်၊ ၁၉၅၅–ခုနှစ်ဦးပိုင်းတွင် "တောဝ်ဟီဒ်"ခေါ် တစ်ပါးတည်းသောဖန်ဆင်းရှင်ကိုသာလျှင် ကိုးကွယ်ဆည်းကပ်သော အစ္စလာမ်သာသနာကို တွေ့ရှိလက်ခံ၍ အသက် ၁၆–နှစ်တွင် ကာလီမာရှဟာဒတ် ဖတ်ခဲ့ပါသည်။

ထိုခေတ်ကာလတွင် နောင်အနာဂတ်နိုင်ငံရေးလောကသို့ ခြေလှမ်းကြမည့် ကျောင်းသားများသည် ပြင်ဆင်ရေးအဖြစ် အထက်တန်းအဆင့်မှစ၍ တက္ကသိုလ်ကျောင်းသားဘဝအထိ ကျောင်းသားသမဂ္ဂလှုပ်ရှားမှုများတွင် ပါဝင်ကြသည်။ နိုင်ငံရေးကိုပိုမို၍စိတ်ဝင်စားသည့်ကျောင်းသားများသည်လည်း အထူးသဖြင့် နိုင်ငံရေးသိပ္ပံ၊ ဒဿနိကဗေဒနှင့် မနုဿဗေဒဘာသာရပ်များကို ရွေးချယ်ဆည်းပူးကြပေသည်။ ဒါဝင်၏အီဗိုလူးရှင်းသီအိုရီ၊ အမျိုးသားဆိုရှယ်လစ်(ဖက်ဆစ်)ဝါဒ၊ ပြင်သစ်စက်မှုတော်လှန်ရေးအကြောင်း၊ မားက့်စ်၊ အင်ဂျဲလ်၊ လီနင်၊ ထရော့စ်ကီ၊ စတာလင်နှင့်မော်စီတုံးတို့အကြောင်းတွေကိုလည်း နှောကြေကြပေသည်။ ယုတ္တိဗေဒနည်းဖြင့်ကျိုးကြောင်းဆင်ခြင်၍ အဖြေရှာသောရုပ်ဝါဒဟုအဓိပ္ပါယ်ရသော အနုပဋိလောမရုပ်ဝါဒ (dia-lectic materialism) အတွေးအခေါ်ကိုလည်း ထက်အောက်တွင်းပြင် မွှေနှောက်ကျက်မှတ်ထားကြပေသည်။ ထိုခေတ်တွင် အင်အားအကြီးဆုံးတောတွင်းတော်လှန်ရေးအဖွဲ့ဖြစ်သည့် ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ)သို့ဝင်၍ တောခိုခဲ့ကြသောကျောင်းသားများသည်လည်း ထိုကျောင်းသားများပင်ဖြစ်သည်။ မြန်မာမွတ်စလင်မ်တို့ ဖွဲ့စည်းသည့် ပသီကောင်စီအဖွဲ့ဝင်တို့ပင်လျှင် ဗကပနှင့်ဆက်သွယ်၍ မြေပေါ်မြေအောက်နိုင်ငံရေးလှုပ်ရှားကြပေသည်။ နောင်တွင်မော်စီတုံး၏ယဉ်ကျေးမှုတော်လှန်ရေးကာလအတွင်း တရုတ်နိုင်ငံသို့သွားရောက်သင်တန်းတက်ခဲ့သူအဝေးရောက် ဗဟိုကော်မီတီဝင်တို့သည် ဗကပဌာနချုပ်သို့ ပြန်လည်ရောက်ရှိလာသောအခါ၊ တပ်နီလူငယ်ဖွဲ့စည်း၍ အစွန်းရောက်အောင် လက်ရဲဇက်ရဲသတ်ဖြတ်ခဲ့ကြလေသည်။ မိမိတို့၏အတွေးအခေါ်ဝါဒနှင့် အနည်းငယ်ကွဲလွဲသူတို့ကို၊ မိမိ၏မွေးမိခင်ဖခင်ပင်ဖြစ်စေ၊ လည်လှီး၍ ထိုလည်ချောင်းသွေးဖြင့် ခြေဆေးခဲ့ကြသည်။ (အသေးစိတ်ကို *သွင်သန်းထွန်း၏နောက်ဆုံးနေ့များ* စာအုပ်တွင်ဖတ်ပါ)။ ထိုကွန်မြူနစ်အဖွဲ့ဝင်တို့သည်လည်း ဘာသာသာသနာကိုးကွယ် ဆည်းကပ်သည့်မိဘများမှမွေးဖွားလာခဲ့ကြသူများဖြစ်ကြသော်လည်း အဘယ့်ကြောင့်ထိုမျှလောက်လူမဆန်အောင် ရက်စက်ကြမ်းကြုတ်ခဲ့ကြသည်ကို အံ့ဩခြင်းကြီးစွာဖြင့် သဘောမပေါက်နိုင်ခဲ့ပါ။ ကွန်မြူနစ်ဝါဒသည် ဘာသာသာသနာအားလုံးကိုဆန့်ကျင်သည့်ဝါဒဖြစ်၍၊ အလ္လာဟ်အရှင်မြတ်၏ဖန်ဆင်းခြင်းကို ငြင်းပယ်သောဝါဒဖြစ်ကြောင်းကို သိထားသဖြင့် အခြေခံအားဖြင့် အစ္စလာမ်သာသနာနှင့် ဆန့်ကျင်ကြောင်းကိုတော့ သိထားပါသည်။ ဟာရွန်ယဟ်ယာရေးသားသော "လူ့လောကသို့ ဒုက္ခဆင်းရဲပေါင်းစုံယူဆောင်ခဲ့သောဒါဝင်ဝါဒ" စာအုပ်နှင့် "ကွန်မြူနစ်ဝါဒသည် ခြုံခိုတိုက်ရန်စောင့်နေ၏" ဟူသောစာအုပ်ကို ဖတ်ရှုမိသဖြင့် ထိုရက်စက်မှုများ၏နောက်ကွယ်ရှိ အတွေးအခေါ်အင်အားစုကြီးနှင့်ပတ်သက်၍ ရှင်းလင်းစွာသိရပါသည်။ ဗကပတို့သည်လည်း ဗုဒ္ဓဘာသာကို လူထုအားလှည့်စားရန် အယောင်ပြအရေခြုံထားခြင်းသာ ဖြစ်ကြောင်း စဉ်းစားမိပါတော့သည်။ "လူ့လောကသို့ ဒုက္ခဆင်းရဲပေါင်းစုံယူဆောင်ခဲ့သောဒါဝင်ဝါဒ"ကိုလည်း မြန်မာဘာသာပြန်ပြီးဖြစ်သဖြင့် www.harunyahya.com ကိုဖွင့်၍ အခမဲ့ကူးယူဖတ်ရှုနိုင်ပါသည်။

ထို့ကြောင့် မျိုးချစ်မြန်မာမွတ်စလင်မ်လူငယ်များသည်လည်း၊ မိမိတို့၏ မျိုးချစ်စိတ်ဓါတ်ထက်သန်မှုတစ်ခုတည်းကြောင့် မှားယွင်းသောနိုင်ငံရေးဝါဒနောက်သို့ မလိုက်မိကြစေရန်နှင့် ထိုနိုင်ငံရေးဝါဒတို့၏ဝါဒဖြန့်မှုနှင့်တကွ တကယ့်အဖြစ်မှန်များကို သိရှိကြစေရန်အပြင် အီမာန်ပိုမိုခိုင်မြဲစေရန် စေတနာကောင်းဖြင့် ဘာသာပြန်လိုက်ပါသည်။ ဤစာအုပ်သည် ဆရာကြီးဟာရွန်ယဟ်ယာ၏စာအုပ်များကို မြန်မာဘာသာဖြင့်ပြန်ဆိုသည့် ပဉ္စမမြောက် စာအုပ်ဖြစ်ပါသည်။ အင်္ဂလိပ်ဘာသာပြန်မူလအာဘော်များကို ပေါ်လွင်စေရန် အတတ်နိုင်ဆုံးဝါကျတိုင်းကို ဘာသာပြန်ထားပါသည်။ အတွေးအခေါ်ပိုင်းဆိုင်ရာပြဿနာရှိပါက အင်္ဂလိပ်ဘာသာပြန်မူရင်း Communism In Ambush နှင့်တိုက်ကြည့်နိုင်ပါသည်။

မိုဟမ္မဒ်အလီ(လဟီ)တန်ဂွန်း

# မာတိကာ

## Contents

နိဒါန်း ၁၂

အခန်း ၁
ကွန်မြူနစ်ဝါဒ စတင်ပေါ်ပေါက်လာခြင်း ၁၄

အခန်း ၂
ဘိုလ်ရှီဗစ်ပါတီ၏ ရှင်းစိုင်းရက်စက်မှုသမိုင်း ၃၀

အခန်း ၃
ငြီးငွေ့ဖွယ် ကွန်မြူနစ်လောက ၈၄

အခန်း ၄
အာရှတိုက်မှ အနီရောင်အကြမ်းဖက်မှု ၁၀၇

အခန်း ၅
ဘာသာရေးကို ကွန်မြူနစ်ဝါဒ၏ ရန်လိုမှု ၁၄၉

အခန်း ၆
ကွန်မြူနစ်ဝါဒသည် တိုက်ခိုက်ရန်ချောင်းမြောင်းနေသည် ၁၆၈

နောက်ဆက်တွဲ ၁
ရုပ်ဝါဒကို ပယ်ဖျက်လိုက်သည့်
အရေးကြီးသောအမှန်တရား ၁၈၂

နောက်ဆက်တွဲ ၂
အီဗိုလူးရှင်း လိမ်လည်လှည့်ဖြားမှု ၁၉၄

ဘာသာပြန်သူ၏ ဖြည့်စွက်ချက်
ဗကပ ဗဟိုကော်မီတီဝင် ရဲဘော်ဌေး၏သား ဖိုးတူးက
သူ၏ဖခင်ကိုစွဲချက်တင်ပုံ ၂၂၀

# နိဒါန်း (Introduction)


ကွန်မြူနစ်ဝါဒသည်၊ ၂၀ ရာစုနှစ်ကို အနိဋ္ဌာရုံအစွန်းအထင်းများဖြင့် ညစ်ညမ်းပေကျန်စေခဲ့သည်။ ထိုအစွန်းအထင်းများသည်၊ ကျူးကျော်ခြင်းနှင့် ရက်စက်ကြမ်းကြုတ်ခြင်း၊ သွေးချောင်းစီးခြင်းနှင့်မျက်ရည်အိုင်ထွန်းစေခြင်းများဖြစ်၏။ ရုရှားတော်လှန်ရေးမှစတင်၍ ၎င်းအတွေးအခေါ်ကြောင့် လူ့အသက်ပေါင်းသန်း ၁၂၀–ကျော် ဆုံးရှုံးစေခဲ့သည်ဟု သမိုင်းပါရဂူများက ခန့်မှန်းကြပေသည်။ ထိုသေကျေပျက်စီးအသက်ဆုံးရှုံးသူများတွင်၊ စစ်မြေပြင်တွင်ကျဆုံးသူ စစ်သားများသာမဟုတ်ဘဲ သူတို့၏အစိုးရများက သတ်ဖြတ်လိုက်သည့် အရပ်သားများပါဝင်ပေသည်။ ကွန်မြူနစ်ခေါင်းဆောင်တို့က သနားကျင်နာမှုကင်းမဲ့စွာ သတ်ဖြတ်ကြသည်ကို တကမ္ဘာလုံးက တွေ့မြင်ခဲ့ကြသည်။ သွေးအေးအေးနှင့်ရိုင်းစိုင်းသည့် ဤအတွေးအခေါ်ကြောင့် ယောကျ်ားမိန်းမ၊ ဇရာအိုနှင့်လူမမယ်ကလေးငယ်များအပါအဝင် လူဦးရေပေါင်း သန်းပေါင်းတစ်ရာကျော်တို့ အသက်ဆုံးရှုံးခဲ့ကြလေသည်။ ကွန်မြူနစ်အစိုးရတို့က၊ ပြည်သူတို့ကို သူတို့၏နေအိမ်များမှနှင်ထုတ်ခြင်း၊ စနစ်တကျ ဖန်တီးသောငတ်မွတ်ခေါင်းပါးမှု၊ အလုပ်စခန်းနှင့်အကျဉ်းထောင်များ၌ကျွန်ပြုခြင်း စသည့်လုပ်ရပ်များဖြင့် သန်းပေါင်းများစွာသောပြည်သူတို့၏လူ့အခြေခံအခွင့်အရေးနှင့် လွတ်လပ်မှုကို ဆုံးရှုံးစေသည်။ သန်းပေါင်းများစွာသော ပြည်သူတို့သည်၊ ကွန်မြူနစ်ပြောက်ကျားတပ်ဖွဲ့များနှင့်အကြမ်းဖက်အဖွဲ့အစည်းများ၏ ခြောင်းမြောင်းပစ်ခတ်မည့်ကျည်ဆံအန္တရာယ်ကို ကြီးလန့်စာစားကြောက်လန့်နေကြရသည်။

ဤအတွေးအခေါ်၏ဇစ်မြစ်က ဘာတွေဖြစ်သနည်း။ ကွန်မြူနစ်ဝါဒ ဘယ်မှာမွေးဖွားလာခဲ့သနည်း။ ဤမျှရက်စက်ကြမ်းကြုတ်၍ သွေးဆာသည့်ကမ္ဘာ့အမြင်သည် မည်သို့ကမ္ဘာအနှံ့အပြားတွင် ထောက်ခံအားပေးသူများရရှိ၍ မည်သို့အမြစ်တွယ်ရာနေရာများ ရရှိခဲ့သနည်း။ အဘယ့်ကြောင့် အာဏာရလာပြီးအကြီးအကျယ်ရှင်သန်၍ အရေအတွက်သန်းနှင့်ချီသောလူထုကို ဆွဲခေါ်နိုင်ခဲ့သနည်း။ ဆိုဗီယက်ပြည်ထောင်စုပြိုကွဲသွားခြင်းနှင့်အတူ အဘယ့်ကြောင့် နိဂုံးချုပ်သွားခဲ့သနည်း။ သို့မဟုတ် တကယ်ဘဲ နိဂုံးချုပ်ရပ်တန့်သွားပြီလော။ သို့မဟုတ် ကမ္ဘာမြေပေါ်ရှိ နိုင်ငံတိုင်းကို ခြိမ်းခြောက်နေသေးသလား။

ဤမေးခွန်းများကို ဤစာအုပ်က အဖြေပေး၍၊ ဤအတွေးအခေါ် ကမ္ဘာကြီးကို ဆက်လက်ခြိမ်းခြောက်နေသေးသည်ဟူသော အရေးကြီးဆုံးအချက်ကိုသိရှိရန် ကျွန်ုပ်တို့ကို သတိပေးထားပါသည်။ ဟုတ်ကဲ့၊ အင်မတန်ဝမ်းနည်းကြေကွဲဖွယ်ကောင်းလှပါသည်။ ကွန်မြူနစ်ဝါဒသည် ခြုံခိုတိုက်ခိုက်ရန် ချောင်းမြောင်းစောင့်ဆိုင်းနေပါသေးသည်။

လူ့အသက်ဇီဝိန်ပေါင်း သန်း ၁၂၀–ကို ဝါးမျိုခဲ့သည့်သွေးအိုင်ကြီးမှာ မခန်းခြောက်သေးပါ။ ရှိနေပါသေးသည်။ ကွန်မြူနစ်ဝါဒက ထိုသွေးအိုင်ကြီး၏ထိပ်ဝကိုဖုံးထားပါသည်။ ၎င်း၏ မသိမသာစိမ့်ဝင်ကူးစက်တတ်သောလှုပ်ရှားမှုများကို အသာအယာသိုဝှက်ထားသည်။ ၎င်း၏ ပတ်ဝန်းကျင်ကို ရုပ်ဖျောက်ထား၍၊ သတိမထားမိသူ အမှုမဲ့အမှတ်မဲ့နေတတ်သူကို ဖမ်းရန် ထောင်ခြောက်ထောင်ထားသည်။ ၎င်း၏ပြင်ပသဏ္ဌာန်များသည်လည်း ပြောင်းလဲနေလိမ့်မည်။ သူသုံးစွဲသောအမည်များသည်လည်း ကွဲပြားနေလိမ့်မည်။ သို့သော်လည်း လွန်ခဲ့သည့်အချိန်ကာလတွင် လူ့လောကကို နာကြည်းဖွယ်ဖျက်စီးစေခဲ့သလို ထပ်မံဖျက်ဆီးရန် ချောင်းနေပါသည်။ ဤစာအုပ်၏ အဓိကရည်ရွယ်ချက်မှာ၊ ဆိုခဲ့သည့်မသိမသာစိမ့်ဝင်ကူးစက်တတ်သောအဆိပ်အတောက်ခြိမ်းခြောက်မှုမျက်နှာဖုံးကို ခွာချပြီး လူ့လောကကြီးကို အကြီးအကျယ်ဒုက္ခပေးခဲ့ဘူးသောအတွေးအခေါ်၏ ရုပ်လုံးမှန်ကို ကွင်းကွင်းကွက်ကွက်မြင်နိုင်အောင် ဖေါ်ထုတ်ပြရန်ဖြစ်ပါသည်။

# အခန်း ၁


Charles Darwin
ချားလ်စ် ဒါဝင်
Leon Trotsky
လီယွန်ထရော့စကီ
Friedrich Engels
ဖရက်ဒရစ်အင်ဂျဲလ်
Karl Marx
ကားလ်မားကွ်

# ကွန်မြူနစ်ဝါဒ စတင်ပေါ်ပေါက်လာခြင်း
## How Communism Began




ကွန်မြူနစ်ဝါဒ စတင်ပေါ်ပေါက်မွေးဖွားလာခြင်းနှင့်ပတ်သက်၍ နားလည် သဘောပေါက်ရန်အတွက်၊ ၁၈–ရာစုနှစ်နှင့် ၁၉–ရာစုနှစ်အတွင်း ဥရောပသမိုင်းကို ဆန်းစစ်ရန်လိုအပ်ပေသည်။ ခရစ်သက္ကရာဇ် ဒုတိယရာစုနှစ်ပိုင်း ဘုရင်ဧက္ကရာဇ်ကွန်စတင်တိုင်မှစတင်၍ ခရစ်ယာန်သာသနာကို လက်ခံလာခဲ့ကြလေသည်။ ခရစ်ယာန်သာသနာသည်၊ ဥရောပတိုက်တစ်ဝှမ်းလုံးတွင်၊ ပညာအလင်းပွင့်ခြင်းအဖွဲ့ (The Enlightenment)ခေတ်မတိုင်မီအထိ ကျော်ကြားပြန့်ပွားခဲ့၏။ ထို့နောက်ပိုင်းတွင်ကား အနုပညာသည်နှင့် အတွေးအခေါ်ရှင်အတော်များများက ဂရိနှင့်ရိုမန်ယဉ်ကျေးမှုတို့၏ ဘုရားမဲ့မိစ္ဆာဒိဋ္ဌိအယူဝါဒကို လက်ခံယုံကြည်ကြသည်နှင့်အမျှ ဘာသာသာသနာ၏ပညတ်ချက်များကို ပစ်ပယ်ကြလေသည်။ ပညာအလင်းပွင့်ခြင်းအဖွဲ့၏ နိုင်ငံရေးဆိုင်ရာရလာဒ်အကျိုးဆက်တစ်ရပ်မှာ ပြင်သစ်တော်လှန်ရေး ဖြစ်သည်။ ထိုတော်လှန်ရေးသည်ခေတ်ဟောင်းအုပ်ချုပ်ရေးအာဏာကို ပုန်ကန်တော်လှန်ခြင်းသာမဟုတ်ဘဲ၊ တစ်ချိန်တည်းတွင် ဘာသာရေးကိုလည်း တော်လှန်ပစ်ခြင်း ဖြစ်ပေသည်။

ပြင်သစ်တော်လှန်ရေး၏ အခြေခံသည် ဘုရားတရားမယုံကြည်သော မိစ္ဆာဒိဋ္ဌိအတွေးအခေါ်ရှင်များဖြစ်ကြသည့် ဗိုလတေ၊ ဒစ်ဒါရွတ်နှင့် မွန်တက်ကြူတို့၏ ဩဇာလွှမ်းမိုးမှုအောက်တွင် ပျိုးထောင်ခဲ့ပေသည်။ ခရစ်သက္ကရာဇ် ၁၇၈၉–ခုနှစ်မှစ၍ ပညာအလင်းပွင့်ခြင်းအဖွဲ့၏ ဘာသာအယူဝါဒဆန့်ကျင်ရေးနှင့်မိစ္ဆာဒိဋ္ဌိဟန်မူရာများ ထင်ရှားလာခဲ့သည်။ အပြင်းအထန်ဝါဒဖြန့်ပြီးနောက်၊ အခြေခိုင်လျက်ရှိသော ကာသောလိတ်ခရစ်ယာန်သာသနာကိုဆန့်ကျင်သည့် တော်လှန်ရေးကို ဂျက်ကိုဘင်အဖွဲ့သားတို့ကဦးဆောင်ကြသည်။ သာသနာအသစ်ကိုပင် ထူထောင်နိုင်ကြလေသည်။ ၁၇၉၀–ခုနှစ် ဇူလိုင်လ ၁၄–ရက်နေ့တွင်ကျင်းပသော ပြည်လုံးဆိုင်ရာအသင်းများ၏ညီလာခံစားသောက်ပွဲတွင်၊ ထိုတော်လှန်ရေး၏ သာသနာသစ်ပူဇော်ပသမှုကို တွေ့ရပေသည်။ သွေးချောင်းစီးသည့်တော်လှန်ရေးခေါင်းဆောင်တစ်ဦးဖြစ်သူ ရိုဘက်စပိုင်ယာက အစီရင်ခံစာတစ်စောင်တွင် သူတို့၏ဘာသာအယူဝါဒသစ်၏ စည်းမျဉ်းစည်းကမ်းများကို ဖေါ်ပြထားပေသည်။ ထိုအယူဝါဒသစ်ကို "အမြင့်မားဆုံးနတ်ဘုရားကို ကိုးကွယ်ဆည်းကပ်ခြင်း" ဟု ခေါ်ထားသည်။ ပါရီမြို့တော်ကြီးရှိ နော်တာဒေးမ်ဘုရားရှိခိုးကျောင်းကို "ကျိုးကြောင်းဆင်ခြင်ခြင်းဘုရားကျောင်း" ဟုအမည်ပေးပြီး သူတို့၏ ဘာသာသစ်ဘုရားကျောင်းအဖြစ် ပြောင်းလဲလိုက်လေသည်။ ခရစ်ယာန်သူတော်စင် "စိန့်" တို့၏ရုပ်ပုံရုပ်ထုများကို ဖြုတ်ဖျက်လိုက်ကြပြီး "ဆင်ခြင်ခြင်း၏နတ်သမီး" (Goddess of Reason) ရုပ်ထုကို အစားထိုးထား

သည်။ ပြင်သစ်တော်လှန်ရေးကာလအတွင်း ခရစ်ယာန်ဘုရင်ဂျီဘုန်းကြီးနှင့်သီလရှင်အများအပြားအသတ်ခံခဲ့ရသည်။ ဘုန်းကြီးကျောင်းများနှင့်ခရစ်ယာန်ဘုရားရှိခိုးကျောင်းများကို လုယက်ဖျက်ဆီးပစ်ကြ၏။

တစ်ချိန်တည်းတွင် ရုပ်ဝါဒအတွေးအခေါ်ပြန်လည်ရှင်သန်နိုးကြွလာပြီး ဥရောပတိုက်တခွင်လုံးတွင် စတင်ပြန့်နှံ့လေသည်။ အချို့သောရှေးဟောင်းဂရိအတွေးအခေါ်ရှင်များက ဤအတွေးအခေါ်ကို တင်ပြခဲ့ကြဘူးသည်။ သူတို့၏တင်ပြချက်အရ၊ ဒြပ်ပစ္စည်းသာလျှင် ပရမတ်ဖြစ်၍၊ သက်ရှိပစ္စည်းဟူသမျှ–လူသားတို့၏အသိတရားအပါအဝင်–တို့သည် "ဒြပ်ပစ္စည်း၏ လှုပ်ရှားမှု"သာလျှင်ဖြစ်သည်ဟု ဆို၏။ ၁၈–ရာစုနှစ်အတွင်း ပြင်သစ်တော်လှန်ရေး၌ နာမည်ထင်ရှားသောပုဂ္ဂိုလ်နှစ်ဦးဖြစ်သည့် ဒဲနစ်ဒစ်ဒါရွတ်နှင့် သူ၏ယောင်းယင်း ဘေရွန်ဒီဟိုးလ်ဘက်တို့က ဤအတွေးအခေါ်ကိုလက်ခံယူပြီး လူအများအပေါ်အတင်းအဓမ္မရိုက်သွင်းကြသည်။ ၁၇၇၀–ခုနှစ်တွင်ပုံနှိပ်ထုတ်ဝေသော *သဘာဝ၏စနစ်* အမည်ရှိစာအုပ်တွင်၊ ဘေရွန် ဒီဟိုးလ်ဘက်က "သိပ္ပံနည်းကျ"စိတ်ကူးမှန်းဆချက်ဟုခေါ်သည့်အဆိုတစ်ခုကို တင်ပြ၏။ ၎င်းတင်ပြချက်တွင်၊ ဒြပ်ဝတ္ထုပစ္စည်းနှင့်စွမ်းအင်သာတည်ရှိသည်ဟု ဆိုထားသည်။ တစ်ယူသန် မိစ္ဆာဒိဋ္ဌိ ဒီဟိုးလ်ဘက်သည်၊ လူသားတို့ ကိုယ်ကျင့်တရားရှိခြင်းကိုဆန့်ကျင်၍၊ လူသားသည် မိမိ၏ပျော်ရွှင်မှုကိုရယူသင့်သည်ဟု ဆို၏။ ထိုပျော်ရွှင်မှုရရှိရန်အတွက် မိမိလုပ်နိုင်စွမ်းရှိသမျှ အားလုံးလုပ်ဆောင်သင့်သည်ဟု ဆိုသည်။




**ကွန်မြူနစ်ဝါဒ၏ဇစ်မြစ်သည် "ဆင်ခြင်ခြင်း၏နတ်သမီး"ဖြင့် သရုပ်ဖော်ထားသော၊ ဘာသာရေးကိုရန်လိုပုန်ကန်သည့်ပြင်သစ်တော်လှန်ရေးမှ အစပြုခဲ့၏။ လက်ဝဲတွင်ပြထားသည့် ပုံကဲ့သို့ နောက်ပိုင်းတွင် ကွန်မြူနစ်ပိုစတာများတွင် ယင်းနတ်သမီးပုံကို တွေ့ရသည်။**

၁၈–ရာစုနှစ်တွင်အချို့သောအတွေးအခေါ်ရှင်တို့က လက်ခံကြ၍၊ ၁၉–ရာစုနှစ်တွင် ပြင်သစ်နိုင်ငံနယ်နမိတ်ကို ကျော်လွန်၍ အခြားဥရောပနိုင်ငံများသို့ ထပ်မံကျယ်ပြန့်ကူးစက်လာခဲ့ပေသည်။ ၂၀–ရာစုနှစ်အစဦးပိုင်းတွင်၊ ဂျာမနီနိုင်ငံ၌ အရေးပါသည့်ရုပ်ဝါဒီအတွေးအခေါ်ရှင်နှစ်ဦးပေါ်ပေါက်လာသည်။လူဒ်ဝိဂ်ဘွတ်ချ်နာနှင့် ကာလ်ဗော့ဂ်တို့ဖြစ်သည်။ ဗော့ဂ်က လူသား၏ဆင်ခြင်တုံတရားနှင့်စဉ်းစားချင့်ချိန်ခြင်းကို သာဓကပြခြင်းဖြင့်ရှင်းပြသည်။ "အသည်းကသည်းခြေရည်ထုတ်လုပ်သကဲ့သို့ ဦးနှောက်သည်လည်း စဉ်းစားဉာဏ်ထုတ်လုပ်သည်"ဟုဆိုသည်။ အဓိပ္ပါယ်ကင်းမဲ့သော ဗော့ဂ် ၏နှိုင်းယှဉ်ချက်ကို သူ၏ခေတ်မှ ရုပ်ဝါဒီတို့ပင် လက်မခံကြချေ။

ထိုသို့သော အဓိပ္ပါယ်ကင်းမဲ့သည့် တင်ပြချက်များကို ပေးလင့်ကစား၊ ဘာသာရေးကိုဆန့်ကျင်လိုသည့်အင်အားစုက ရုပ်ဝါဒကို ထွေးပိုက်ကြပြီး ဥရောပလူ့အဖွဲ့အစည်းသို့ အတင်းအဓမ္မရိုက်သွင်းကြလေသည်။ ရုပ်ဝါဒသည် ဆင်ခြင်သုံးသပ်ခြင်းနှင့်သိပ္ပံပညာတို့၏ အခြေခံအုတ်မြစ်ဖြစ်သည်ဟု ဝါဒဖြန့်ကြသည်။ ယင်းလိမ်လည်လှည့်ဖြားမှုက ပညာအလင်းပွင့်ခြင်းအသင်းသားများအကြားတွင် လျှင်မြန်စွာပြန့်နှံ့သွားလေသည်။ ပထမ ပြင်သစ်ပြည်မှ ဂျာမနီနိုင်ငံသို့ပြန့်သွား၍၊ တဖြေးဖြေးဥရောပတခွင်လုံး ပျံ့နှံ့သွားလေသည်။ ဤသို့ပျံ့နှံ့သွားခြင်း

တွင် ဖရီးမေဆွန်အဖွဲ့သည် အရေးကြီးသည့်မဟာမိတ်ဖြစ်ပေသည်။ မေဆွန်တို့သည် ၁၉–ရာစုနှစ်တွင် ရုပ်ဝါဒကို သူတို့၏သာသနာအဖြစ်လက်ခံယုံကြည်ကြ၍၊ ပညာအလင်းပွင့်ခြင်းအဖွဲ့ဝင်အမြောက်အမြားတို့သည်လည်းဖရီးမေဆွန်အဖွဲ့ဝင်ဖြစ်သွားကြလေသည်။

ဤရေးဟောင်းတစ်ယူသန်ယုံကြည်မှုပြန့်ပွားသွားသည်နှင့်အမျှ၊ သိပ္ပံပညာဘာသာရပ်အမြောက်အမြားတွင်လည်း၊ ရုပ်ဝါဒနှင့်ကိုက်ညီအောင် ဆွဲသွင်းညှိယူကြလေသည်။

၁။ သဘာဝဆိုင်ရာသိပ္ပံပညာဘာသာရပ်တွင် အင်္ဂလိပ်လူမျိုးသိပ္ပံပညာရှင် ချားလ်စ် ဒါဝင်က အသုံးပြု၏။

၂။ လူမှုရေးသိပ္ပံဘာသာရပ်တွင် ဂျာမန်အတွေးအခေါ်ရှင် ကာလ်မားက်စ်နှင့် ဖရက်ဒရစ် အင်ဂျဲလ်တို့က အသုံးပြုကြသည်။

ဒါဝင်၏ ဆီလျော်အောင်ပြုပြင်ယူသည့်အတွေးအခေါ်ကို အီဗိုလူးရှင်းသီအိုရီဟု တွင် ခေါ်၍၊ မားက်စ်နှင့်အင်ဂျဲလ်တို့ ဆီလျော်အောင်ပြုပြင်သုံးခြင်းကို ကွန်မြူနစ်ဝါဒဟု ခေါ်၏။

## မားက်စ်နှင့်ဒါဝင် (Marx and Darwin)


ဒါဝင်၏သီအိုရီတွင် မားက်စ်နှင့်အင်ဂျဲလ်တို့၏အတွေးအခေါ်များပါဝင်နေပြီးသားဖြစ်သည်ဟု ဆိုနိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော်၊ ကွန်မြူနစ်ဝါဒသည်လည်း သမိုင်းနှင့်လူမှုရေးဘာသာရပ်အတွက် "အီဗိုလူးရှင်း"(အလိုအလျောက်တစ်စတစ်စပြောင်းလဲခြင်း)ကို အလိုက်သင့်အောင် ပြုပြင်ယူခြင်းသာဖြစ်ပေသည်။ အလွန်ကျော်ကြားလူသိများသော ဒါဝင်ဝါဒီ–မားက်စ်ဝါဒီအတွေးအခေါ်ရှင်တစ်ဦးဖြစ်သူ အန်တွန် ပင်နီကုတ်က ၂၀–ရာစုနှစ်အစဦးပိုင်းတွင် ပုံနှိပ်ထုတ်ဝေသော သူ၏စာအုပ်တွင် အောက်ပါအတိုင်း ရေးသားထားပေသည်။

> မားက်စ်ဝါဒနှင့်ဒါဝင်ဝါဒတို့၏ သိပ္ပံနည်းအရ အရေးကြီးသောအချက်မှာ ဝါဒနှစ်မျိုးစလုံးသည် အီဗိုလူးရှင်းသီအိုရီကိုလိုက်နာခံယူခြင်း ပါရှိနေသည့်အချက်ပင်ဖြစ်ပေသည်။ တစ်မျိုးမှာ သက်ရှိသြဂဲနစ်လောကနှင့်ပတ်သက်၍၊ အခြားတစ်ခုမှာ လူ့အဖွဲ့အစည်းနယ်ပယ်နှင့်ပတ်သက်ပေသည်။--- ထို့ကြောင့်၊ ဒါဝင်နှင့်မားက်စ်တို့၏သွန်သင်ချက်နှစ်မျိုးစလုံးသည်၊ တစ်ခုက သက်ရှိဇီဝလောက(သြဂဲနစ်လောက)နှင့်ပတ်သက်၍ အခြားတစ်ခုမှာ လူ့အဖွဲ့အစည်းနှင့်ပတ်သက်နေသဖြင့်၊ အီဗိုလူးရှင်းသီအိုရီကို ခိုင်မာမှန်ကန်သောသိပ္ပံပညာအဆင့်သို့ မြှင့်တင်ပေးလေသည်။ ဤသို့ပြုခြင်းဖြင့်၊ လူအများက အီဗိုလူးရှင်းသီအိုရီကို လူမှုရေးသိပ္ပံနှင့်ဇီဝဗေဒဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုအတွက် အခြေခံ ခံယူချက်အဖြစ် လက်ခံစေ၏။[၁]

ဒါဝင်ဝါဒနှင့်မားက်စ်ဝါဒတို့သည် အချက်နှစ်ချက်တွင် အံဝင်ခွင်ကျ၍ အပြည့်အဝလိုက်ဖက်အသုံးပြုနိုင်ပေသည်။

၁။ ဒါဝင်ဝါဒက ရှိရှိသမျှအရာခပ်သိမ်းသည် "လှုပ်ရှားရွေ့လျားနေသောဒြပ်ဝတ္ထု" သာပါဝင်ဖွဲ့စည်းထားသည်ဟုတင်ပြ၏။ ဘုရားသခင်(အလ္လာဟ်အရှင်မြတ်)က ဒြပ်ဝတ္ထုပစ္စည်းကို ဖန်ဆင်းထားခြင်းမဟုတ်သည့်အပြင် အမိန့်ပေးနိုင်ခြင်း၊ ထိန်းကွပ်ခြင်းမရှိ၊ သက်ရှိအရာအားလုံးသည် မတော်တဆကြုံကြိုက်ခြင်းဖြင့် သူ့အလိုလိုဖြစ်ပေါ်လာသည်ဟု ဆိုသည်။ လူသားသည် တိရစ္ဆာန်၏မျိုးကွဲတစ်မျိုးသာဖြစ်၍၊ တိရစ္ဆာန်မှဆင်းသက်လာခြင်းဖြစ်သည်။ ထို့ကြောင့် တိရစ္ဆာန်မကျတကျ သတ္တဝါဖြစ်၏။ သို့သော်လည်း ဤအဆိုမှားယွင်းကြောင်း နောက်ပိုင်းသိပ္ပံပညာတွေ့ရှိချက်များက သက်သေထူထားပြီးဖြစ်သည်။ ဒါဝင်၏သီအိုရီသည် ဒြပ်ဝတ္ထုသာလျှင် ပရမတ်အဖြစ်တည်ရှိသည်ဟု ယုံကြည်သည့်အပြင်၊ လူ့သမိုင်းတစ်ခုလုံးကိုလည်း ရုပ်ဝါဒဖြင့် ရှင်းပြ၍ရနိုင်သည်ဟု ယုံကြည်သောမားက်စ်နှင့်အင်ဂျဲလ်တို့၏အမြင်နှင့် သဟဇာတဖြစ်လျက်ရှိနေသည်။ (အသေးစိတ်အချက်အလက်များကို *Dawinism Refuted: How the Theory of Evolution Breaks Down in the Light of Modern Science* by Harun Yahya, Goodword Books, 2002 နှင့် *The Evolution Deceit* by Harun Yahya, Ta-Ha Publishers, 2002 တို့တွင်ကြည့်ပါ။)

၂။ သက်ရှိသတ္တဝါများတွင်၊ “ပဋိပက္ခ”ဖြစ်ခြင်းသည် တိုးတက်ဖွံ့ဖြိုးမှုအတွက် လှုံ့ဆော်မှုတွန်းအားဖြစ်သည်ဟု တင်ပြသည်။ ကမ္ဘာမြေကြီး၏သဘာဝသယံဇာတပစ္စည်းများသည် သက်ရှိသတ္တဝါများကိုထောက်ပံ့ရန်မလုံလောက်ဟု ဆို၏။ ထို့ကြောင့် သက်ရှိပစ္စည်းများသည် အဆက်မပြတ်ရုန်းကန်နေကြရသဖြင့် အချင်းချင်းတိုက်ခိုက်ကြရ၏။ ထိုတိုက်ခိုက်မှုနှင့်ရုန်းကန်လှုပ်ရှားမှုတို့က တစ်စတစ်ပြောင်းလဲမှုဖြစ်စဉ်–အီဗိုလူးရှင်းပေါ်ပေါက်စေသည်ဟု တင်ပြထားသည်။ မားက်စ့်နှင့်အင်ဂျဲလ်တို့ ခံယူသောယုတ္တိဗေဒနည်းကျ ကျိုးကြောင်းဆင်ခြင်၍ အမှန်တရားကိုရှာဖွေခြင်း၊ တစ်နည်းအနုပဋိလောမ(ဒိုင်အာလက်တစ်)နည်းသည်လည်း ဒါဝင်တင်ပြထားသောခံယူချက်နှင့်အတူတူဖြစ်သည်။ ဒိုင်အာလက်တစ်အဆိုအရ၊ စကြာဝဠာကမ္ဘာလောကတွင် တိုးတက်ဖွံ့ဖြိုးမှုဖြစ်ပေါ်စေရန် ဆန့်ကျင်ဘက်အုပ်စုတို့အကြား ပဋိပက္ခမှုဖြစ်ပေါ်စေသည့် ငုတ်လျှိုးနေသောလှုံ့ဆော်မှုတွန်းအားသည် တစ်ခုတည်းသောအင်အားဖြစ်၏။ လူ့သမိုင်းတွင် တိုးတက်မှုရှိလာခဲ့ခြင်းသည်လည်း ဤပဋိပက္ခကြောင့်ဖြစ်၏။ လူ့လောကကြီးသည်လည်း ထိုသို့သောနည်းဖြင့်သာလျှင် တိုးတက်ကြီးထွားလာခဲ့သည်ဟု အနုပဋိလောမ ဒိုင်အာလက်တစ် အတွေးအခေါ်က ဆိုထားသည်။




အင်ဂျဲလ်(လက်ျာ)က ဒါဝင်နှင့်မားက်စ့်(လက်ဝဲ)တို့သည် ကွန်မြူနစ်သီအိုရီအရ တန်းတူဖြစ်ကြသည်ဟု မြင်၏။ အင်ဂျဲလ်၏အမြင်အရ၊ မားက်စ့်က ရုပ်ဝါဒကို လူမှုရေးသိပ္ပံတွင်အသုံးပြု၍၊ ဒါဝင်က ဇီဝဗေဒတွင် အသုံးပြု၏။

အမှန်မှာ၊ **ကားလ်မားက်စ့်**က ဒါဝင်၏ ရုပ်ဝါဒအတွက်အရေးပါသောဆောင်ရွက်ချက်ကို ပထမဆုံးသတိထားမိ၍ အသိအမှတ်ပြုသူဖြစ်သည်။ ၁၈၅၉–ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသော ဒါဝင်၏ *မျိုးစုများဖြစ်ပေါ်လာခြင်း* စာအုပ်ကို ဖတ်ရှုပြီးနောက်၊ မားက်စ့်က သူ၏သီအိုရီကို အကြီးအကျယ်အထောက်အကူပေးနေကြောင်းကို တွေ့ရှိလေသည်။ ၁၈၉၆–ခုနှစ် ဒီဇင်ဘာလ ၁၉–ရက်နေ့စွဲပါအင်ဂျဲလ်ထံသို့ရေးသောစာတစ်စောင်တွင်၊ ဒါဝင်၏စာအုပ်တွင် **“ကျွန်ုပ်တို့၏သဘာဝသမိုင်းအမြင်အတွက် အခြေခံသဘောတရား ပါရှိနေသည်”**[၂]ဟု ရေးသားခဲ့သည်။ ၁၈၆၁–ခုနှစ် ဇန္နဝါရီလ ၁၆–ရက်နေ့စွဲပါ လာဆေးလေထံသို့ရေးသောစာတစ်စောင်တွင်၊ မားက်စ့်က **“ဒါဝင်၏စာအုပ်သည် ကျွန်ုပ်ရေးသားနေသော လူတန်းစားလှုပ်ရှားမှုသမိုင်းအတွက် အရေးပါသော သဘာဝသိပ္ပံအခြေခံကို ပေးဆောင်ပါသည်။“**[၃]ဟု ဆိုထားသည်။

မားက့်စ်၏ *ဒါးစ်ကဲပီတာလ်* စာအုပ်တွင် ရေးသားထားသော ဒါဝင်၏ ကြီးကျယ်သောအတွေးအခေါ်ဆိုင်ရာဆောင်ရွက်ချက်အတွက် ရည်ညွှန်းစကားများက သူတို့နှစ်ဦး၏ တူညီသောအတွေးအခေါ်စိတ်ဓါတ်ကို ပြဆိုလျက်ရှိပေသည်။ ဂျာမန်ဘာသာဖြင့် ပုံနှိပ်ထုတ်ဝေသော အထက်ပါစာအုပ်တွင် "ချားလ် ဒါဝင်ထံသို့– အမှန်တကယ်ချီးကျူးလျက်ရှိသူ ကားလ်မားက့်စ်ထံမှ" ဟု မားက့်စ်ကိုယ်တိုင်၏ လက်ရေးဖြင့် ရည်ညွှန်းစကားရေးသား၍ ဒါဝင်ထံသို့ ပို့ခဲ့၏။

အင်ဂဲလ်ကလည်း ဒါဝင်ကို ချီးကျူးသည်။ "သဘာဝသည် ဒိုင်အာလက်တစ်၏ စမ်းသပ်ချက်ဖြစ်သည်။ နောက်ဆုံးတွင်၊ သဘာဝသည် ဒိုင်အာလက်တစ်အတိုင်း ဖြစ်ပျက်၍၊ သဘာဝလွှန်အင်အားဖြင့် ဖြစ်ပျက်ခြင်းမရှိဟု နိဂုံးချုပ်ရမည်။––ဤကိစ္စတွင် ဒါဝင်ကို အားလုံးထက် ဦးစွာ အသိအမှတ်ပြုရပေမည်။"[၄] အခြားတစ်နေရာတွင်လည်း၊ "ဒါဝင်က သက်ရှိသဘာဝ၏ အီဗိုလူးရှင်းနိယာမကို တွေ့ရှိသလို၊ မားက့်စ်ကလည်း လူ့သမိုင်း၏ အီဗိုလူးရှင်းကို တွေ့ရှိခဲ့၏။[၅]



ရုရှားလူမျိုး ကွန်မြူနစ်ခေါင်းဆောင်တစ်ဦးဖြစ်သူ ပလေခါနော့က၊ မားက့်စ်ဝါဒသည် "လူမှုရေးသိပ္ပံတွင်အသုံးပြုထားသော ဒါဝင်ဝါဒဖြစ်သည်" ဟု ဆို၏။

နိုင်ငံတကာမားက့်စ်ဝါဒစာပေများကို ဒိုင်ခံဦးစီးပြုစုသဖြင့် လီနင်၏ချီးကျူးခြင်းခံရသူ ရုရှားကွန်မြူနစ်ခေါင်းဆောင်တစ်ဦးဖြစ်သည့် ဂျိုဂျီ ဗာလင်တီနိုဗိချ် ပလေခါနော့က မားက့်စ်ဝါဒသည် **"လူမှုရေးသိပ္ပံတွင်အသုံးပြုထားသော ဒါဝင်ဝါဒဖြစ်သည်။"**[၆] ဟု ခပ်ပြတ်ပြတ် အတိုချုံးထားသည်။

ဗက်တီကင်မြို့တော်ကြီးမှ ပုပ်ရဟန်းမင်းကြီးသမ္မာကျမ်းစာသင်တက္ကသိုလ်မှ ပါမောက္ခ မာလာချီ မာတင်က မားက့်စ်နှင့် ဒါဝင်တို့အကြား ဆက်စပ်မှုကို အောက်ပါအတိုင်း ဖော်ပြထားသည်။

> ချားလ်စ်ဒါဝင်က အီဗိုလူးရှင်းသီအိုရီကို ပုံနှိပ်ထုတ်ဝေလိုက်သည့်အချိန်တွင်၊ မားက့်စ်က သီအိုရီတစ်ခုအဖြစ်ထက်ပို၍ လက်ခံလိုက်သည်။ ဘုရားသခင်၏ကောင်းကင်ဘုံမရှိ၊ ဒြပ်ဝတ္ထုပစ္စည်းလောကသာရှိသည် ဟူသောသူ၏ယုံကြည်ချက်အတွက် "သိပ္ပံနည်းကျ" သက်သေခံအဖြစ် ကောက်ယူလိုက်သည်။ မားက့်စ်က ဟေဂဲလ်၏ ပဓါနဝါဒကိုငြင်းပယ်ရာတွင် စိတ်စနိုးစနောင့်မဖြစ်ဘဲ ကင်းရှင်းလိပ်ပြာသန့်သွားအောင် ဒါဝင်ကသက်သေထူပေးလိုက်လေသည်။ ဒါဝင်၏အီဗိုလူးရှင်းသည် သီအိုရီအတွေးအခေါ်သာဖြစ်နေသေးသည်ကို မေ့ထားလိုက်၏။ ––မားက့်စ်က၊ ဒါဝင်၏အီဗိုလူးရှင်းအတွေးအခေါ်ကို၊ သူ၏ခေတ်ရှိ လူမှုရေးအတန်းစားနှင့်ပတ်သက်သည့်အတွေးအခေါ်တွင် အသုံးချလိုက်သည်။ ––ဒါဝင်၏သီအိုရီအတိုင်း မားက့်စ်ကလည်း ဒြပ်ဝတ္ထုကဲ့သို့ လူတန်းစားများသည် ဆက်လက်ရှင်သန်ရေးနှင့် ဩဇာလွှမ်းမိုးချယ်လှယ်နိုင်ရေးအတွက် အစဉ်သဖြင့်ရုန်းကန်တိုက်ခိုက်ကြရသည်ဟု သုံးသပ်၏။[၇]

မျက်မှောက်ခေတ်မှ အီဗိုလူးရှင်းဝါဒီတို့ကလည်း ဒါဝင်ဝါဒနှင့် မားက့်စ်ဝါဒတို့အကြားတွင် ခိုင်မာသောဆက်စပ်မှုနှောင်ကြိုးရှိသည်ဟု မှတ်ချက်ချကြသည်။ လက်ရှိခေတ်မှ အီဗိုလူးရှင်းသီအိုရီကို ထောက်ခံအားပေးရာ၌ အကျော်ကြားဆုံးတစ်ဦးဖြစ်သူ ဇီဝဗေဒပညာရှင် ဒေါက်လပ်စ် ဖူတူယာမာက၊ **"မားက့်စ်၏သမိုင်းနှင့်လူ့အဖွဲ့အစည်းဆိုင်ရာ ရုပ်ဝါဒသီအိုရီအပါအဝင် –––(အီဗိုလူးရှင်း)ယန္တရားနှင့်ရုပ်ဝါဒဇာတ်ခုံ၏ ပျဉ်ချပ်များကို ဒါဝင်က အချောသပ်ပေးလိုက်သည်။"**[၈] ဟု သူ၏ *အီဗိုလူးရှင်းဆိုင်ရာဇီဝဗေဒ* *Evolutionary Biology* အမည်ရှိစာ အုပ်စကား

ချီးတွင် ရေးသားထားပေသည်။ နာမည်ကျော်ကျောက်ဖြစ်ရုပ်ကျွင်းပညာရှင် စတီဖင် ဂျေဂေါလ်ကလည်း၊ “ဒါဝင်သည် သဘာဝကိုရှင်းပြရာ၌ ကိုက်ညီသောရုပ်ဝါဒအတွေးအခေါ် ကိုအသုံးချပေးသည်။[၉]ဟု ဆို၏။ လီနင်နှင့်အတူ ရုရှားတော်လှန်ရေးပိသုကာတစ်ဦးဖြစ်သူ လီယွန်ထရော့စကီက၊ ဒါဝင်၏တွေ့ရှိချက်ကို **“သက်ရှိပစ္စည်းဩဂဲနစ်လောကတစ်ခုလုံးနှင့်ပတ်သက်သော အနုပဋိလောမ–ဒိုင်အာလက်တစ်ဆိုင်ရာ အမြင့်မားဆုံးအောင်မြင်မှုဖြစ်သည်”** ဟု ဆို၏။[၁၀]

ဤအချက်တို့သည် ဒါဝင်ဝါဒနှင့်မားက့်စ်ဝါဒအကြားရှိ ကြီးကျယ်ခိုင်မာသောဆက်စပ်မှုနွယ်ကြိုးကို ပြဆိုလျက်ရှိသည်။ ဒါဝင်၏ဩဇာလွှမ်းမိုးမှုမရှိခဲ့ပါက မားက့်စ်သီအိုရီသည်လည်းပေါ်ပေါက်လာခဲ့မည်မဟုတ်ပေ။ ထို့အပြင် ဒါဝင်ဝါဒ မမှန်ကန် တရားမဝင်ပါက မားက့်စ်ဝါဒသည်လည်း တရားမဝင် မမှန်ကန်ဟု သဘောပေါက်ရပေမည်။ ထိုနည်းတူ ဒါဝင်ဝါဒကိုကျယ်ကျယ်ပြန့်ပြန့်လက်ခံသည့် လူ့အဖွဲ့အစည်းတိုင်းတွင် မားက့်စ်ဝါဒသည်လည်း မလွဲမရှောင်သာ ကြီးထွားလာပေသည်။

ထို့ကြောင့်၊ ဒါဝင်ဝါဒသည် သိပ္ပံလောကတွင်သော်လည်းကောင်း၊ လူမှုရေးသိပ္ပံနယ်ပယ်တွင်လည်းကောင်း၊ တရားမဝင်ခြင်းကို နားလည်သဘောပေါက်ရန် အလွန်အရေးကြီးပေသည်။ ဤသို့နားလည်သဘောပေါက်ခြင်းသည်၊ ၎င်းမှအရင်းခံလာ၍ တစ်ကြော့ပြန်လည်ထကြွလာရန် စောင့်ဆိုင်းနေသည့်မားက့်စ်ဝါဒ ပြန်လည်ရှင်သန်လာခြင်းမရှိအောင် ကာကွယ်နိုင်မည်ဖြစ်သည်။ ၎င်းပြင် လွန်ခဲ့သည့်ရာစုနှစ်အတွင်း လူ့လောကကြီး ခံစားခဲ့ရသည့်နာကြည်းမှုထပ်မံမဖြစ်လာရန်လည်း ဟန့်တားနိုင်မည် ဖြစ်၏။ သမိုင်းကိုက ဒါဝင်ဝါဒမရှိလျှင် မားက့်စ်ဝါဒလည်းမရှိနိုင်ကြောင်း ပြခဲ့လေပြီ။



ဘုရားသခင်ကို ငြင်းပယ်ရာ၌ ဒါဝင်သည် ကွန်မြူနစ်ဝါဒကို၊ သူတို့အဆိုအရ သိပ္ပံနည်းကျသည်ဟုဆိုသည့် အခြေခံကိုပေး၏။ ထို့ကြောင့် ဘိုလရှီဗစ်တော်လှန်ရေး၏ ဆိုးရွားရက်စက်သည့်ခေါင်းဆောင်တစ်ဦးဖြစ်သူ ထရော့စကီက၊ ဒါဝင်သည် သဘာဝသိပ္ပံလောကအတွက် အနုပဋိလောမ–ဒိုင်အာလက်တစ်ရုပ်ဝါဒတွင် ထောက်ခံအားပေးသူဖြစ်သည်ဟု ဆိုသည်။

## ဒါဝင်ဝါဒပျံ့နှံ့မှုနှင့် ကွန်မြူနစ်ဝါဒနှင့်အရင်းရှင်ဝါဒတို့အကြား ဆက်စပ်မှု
## **Dawinism's Spread and The Relationship Between Communism and Capitalism**

ဒါဝင်ဝါဒ၏ နိုင်ငံရေးသြဇာလွှမ်းမိုးမှုကို ကျွန်ုပ်တို့လေ့လာသည့်အခါ၊ ဤသီအိုရီသည် အတွေးအခေါ်တစ်ခုတည်းနှင့်ဆက်စပ်နေခြင်းမဟုတ်ဘဲ ကွဲပြားခြားနားသယောင်ရှိသော အတွေးအခေါ်များစွာနှင့် ဆက်စပ်နေသည်ကို သတိထားရမည်။ ကွန်မြူနစ်ဝါဒအပြင်၊ ဒါဝင်ဝါဒတွင်အခြေခံသောအတွေးအခေါ်များသည် နယ်ပယ်အားဖြင့်ကျယ်ဝန်း၍၊ လူမျိုးရေးဝါဒ၊ နယ်ချဲ့ဝါဒ၊ အရင်းရှင်ဝါဒနှင့် ဖက်ဆစ်ဝါဒ၊ ကွန်မြူနစ်ဝါဒများပါဝင်ပေသည်။ ဤအတွေးအခေါ်ဝါဒများသည် တစ်ခုနှင့်တစ်ခု သီးခြားမှုရှိသည့်အပြင် အချို့မှာ ဆန့်ကျင်ဘက်ပင်ဖြစ်ကြသော်လည်း၊ တစ်ပါးတည်းသောဖန်ဆင်းရှင် ထာဝရဘုရားသခင်(အလ္လာဟ်အရှင်မြတ်)ကိုယုံကြည်သည့်ဘာသာအယူဝါဒတို့၏ တရားဒေသနာနှင့် ကိုယ်ကျင့်တရားသွန်သင်ချက်များကို ဆန့်ကျင်ပုန်ကန်သည့်အချက်တွင် အားလုံးတူညီကြသည်။

၎င်းအတွေးအခေါ်များ၏ဦးစီးခေါင်းဆောင်တို့သည် ဘာသာအယူဝါဒယုံကြည်ချက်နှင့်တန်ဖိုးများကို အဟာန့်အတားများအဖြစ်မြင်ကြ၍ ဘာသာရေးကို တိုက်ခိုက်ဖျက်ဆီးပစ်ရန် ဒါဝင်ဝါဒကို လက်နက်အဖြစ်အသုံးပြုကြသည်။ ရယ်ဘွယ်ကောင်းသည့်အချက်တစ်ချက်မှာ သူတို့၏အတွေးအခေါ်ကို အင်အားကောင်းစေမည့်နည်းလမ်းရှာရင်း ၎င်းနည်းအားလုံးတို့သည် အပြိုင်အတွေးအခေါ်များကို ပိုမိုအားကောင်းစေခြင်းသာ ဖြစ်နေပေသည်။ ဥပမာ၊ အရင်းရှင်တို့က၊ လွတ်လပ်သောဈေး(ဖရီးမားကက်)တွင် ကြမ်းတမ်းရက်စက်သော “အသက်ရှင်ရေးအတွက် ရုန်းကန်တိုက်ခိုက်ခြင်း”ကို တရားဝင်စေရန် ဒါဝင်၏အမြင်လိုအပ်သည်ဟု ဆိုသည်။ ဤသို့ဖြင့် သူတို့ဆန့်ကျင်လျက်ရှိသော ကွန်မြူနစ်ဝါဒကို အားပေးလျက်ရှိနေသည်။

အန်တွန် ပန်နီကုတ်၏ *မားက့်စ်ဝါဒနှင့်ဒါဝင်ဝါဒ* ဟူသောစာအုပ်တွင် ၎င်းဝိရောဓိ(တစ်ခုနှင့်တစ်ခု ခြားနားသည့်အသွင်ဆောင်သော်လည်း အနှစ်သာရအားဖြင့်တစ်မျိုးတည်းဖြစ်နေခြင်း)နှင့်ပတ်သက်၍ ထုတ်ဖေါ်ပြောပြထားပေသည်။ ဘူဇွာ(ဥရောပတိုက်မှ ချမ်းသာကြွယ်ဝသောအရင်းရှင်)တို့က ဒါဝင်ဝါဒကို အားပေးထောက်ခံသည့်အကြောင်းကို အောက်ပါအတိုင်း ဖေါ်ပြထား၏။

> မားက့်စ်ဝါဒသည် ပစ္စည်းမဲ့လူတန်းစားလှုပ်ရှားမှုအတွင်း အရေးကြီးသောကဏ္ဍတွင် ပါဝင်ကြောင်း အားလုံးသိထားပြီးဖြစ်သည်။--သို့သော်လည်း ဒါဝင်ဝါဒသည်လည်း မားက့်စ်ဝါဒအတိုင်း တွေ့ကြုံခဲ့ရသည်ကို ကွင်းကွင်းကွက်ကွက်မြင်နိုင်ရန် ခက်ခဲပေလိမ့်မည်။ ဒါဝင်ဝါဒသည် သိပ္ပံပညာလောကတွင် ဓမ္မဒိဋ္ဌာန်ကျကျ ဆွေးနွေးစစ်ဆေး၍ လက်ခံသည့် စိတ်ကူးယဉ်အတွေးအခေါ်ယူဆချက် သီအိုရီတစ်ခု မဟုတ်ပေ။ ဒါဝင်ဝါဒပေါ်ပေါက်လာလာချင်း စိတ်အားထက်သန်စွာ ထောက်ခံအားပေးသူ ရှိသကဲ့သို့၊ အပြင်းအထန်ဆန့်ကျင်ကြသူများလည်း ရှိခဲ့သည်။ ဒါဝင်ဝါဒ၏ အဆိုပါပါဝင်မှုကဏ္ဍကြောင့် ကွန်မြူနစ်ဝါဒသည်လည်း လျင်မြန်သောနှုန်းဖြင့် ပျံ့နှံ့သွားကာ စိတ်အားထက်သန်စွာ ထောက်ခံအားပေးသူနှင့် အာဃာတထားသည့်ဆန့်ကျင်သူတို့လည်း ပေါ်ပေါက်လာခြင်းဖြစ်သည်။
>
> ပဒေသရာဇ်လူတန်းစား၊ မင်းစိုးရာဇာအသိုင်းအဝိုင်း၊ ဘုန်းတော်ကြီးများ၏ရပိုင်ခွင့်များနှင့် ပဒေသရာဇ်အရှင်သခင်များကို ဆန့်ကျင်ပုန်ကန်ရာတွင်၊ ဒါဝင်ဝါဒသည် ဘူဇွာတို့အတွက် အကောင်းဆုံးလက်နက် ဖြစ်ခဲ့၏။ ဘူဇွာတို့က သူတို့ရှေ့တွင် ကာဆီးအုပ်စိုးနေသောအာဏာကို ဖြုတ်ချဖျောက်ဖျက်ပစ်လိုခြင်း ဖြစ်သည်။--ဘာသာရေး၏အကူအညီဖြင့် ဘုန်းတော်ကြီးများက ကြီးမားသောလူထုကို သြဇာသက်ရောက်နိုင်သဖြင့် ဘူဇွာတို့၏တောင်းဆိုချက်များကို ဆန့်ကျင်ရန် အဆင်သင့်ရှိနေကြသည်။--ဘာသာအယူဝါဒနှင့် မိရိုးဖလာထုံးစံများကို ဆန့်ကျင်တိုက်ဖျက်ရန်အတွက် သဘာဝသိပ္ပံသည် အကောင်းဆုံးလက်နက်ဖြစ်ပေသည်။ သိပ္ပံပညာနှင့် အသစ်စက်စက်တွေ့ရှိဖေါ်ထုတ်သော သဘာဝနိယာမဥပဒေသများကို ရှေ့တန်းမှ တင်ပြကြပေသည်။ ဤလက်နက်များဖြင့် ဘူဇွာတို့က တိုက်ပွဲဝင်ခဲ့ကြလေသည်။--ဒါဝင်ဝါဒသည်လည်း အချိန်ကောင်းတွင် အံကိုက်ပေါ်ထွက်လာခဲ့ပေသည်။ လူသားသည် အဆင့်နိမ့်သော တိရစ္ဆာန်မှ မွေးဖွားပြောင်းလဲဆင်းသက်လာသည်ဟူသော


> သီအိုရီက၊ ခရစ်ယာန်သာသနာ၏ အခြေခံယုံကြည်ချက်ကို ဖျက်ဆီးပစ်လေသည်။ ဤအကြောင်းရင်းကြောင့် ဘူဇွာတို့က ဒါဝင်ဝါဒပေါ်ထွက်လာလာချင်း စိတ်အားထက်သန်စွာဖြင့် ဖက်လဲတကင်းထွေးပိုက်ယူလိုက်ကြခြင်းဖြစ်သည်။––ဤသို့သောအခြေအနေတွင်၊ လူတန်းစားလှုပ်ရှားမှုနှင့် ပတ်သက်၍ သိပ္ပံဆွေးနွေးပွဲများကိုလည်းအရူးအမူး စိတ်အားထက်သန်စွာ ကျင်းပ၍ ငြင်းခုံကြသည်။ ထို့ကြောင့် သိပ္ပံစာရေးဆရာများပင် ဖြစ်ကြသော်လည်း ဒါဝင်နှင့်ပတ်သက်၍ အကျိုးအပြစ်သုံးသပ်သည့် စာပေရေးသားမှုများ ပလူပျံနေအောင် ရေးသားခေတ်စား ခဲ့ကြသည်။[၁၁]

ဒါဝင်ဝါဒသည် အမှန်တကယ် ဤနည်းအတိုင်း ပျံ့နှံ့ခဲ့ပေသည်။ ဥရောပတိုက်တွင် စိုးမိုးကြီးစိုးနေသည့် အင်အားစုသည်လည်း သူတို့၏တိုင်းပြည်များတွင် တည်ထောင်အခြေစိုက်ထားသည့်အရင်းရှင်စနစ်နှင့် တကမ္ဘာလုံးတွင် တည်ထောင်ထားသောနယ်ချဲ့စနစ်တို့ကို တရားဝင်စေရန်အတွက် ဒါဝင်ဝါဒကို ရှားပါးလှသည့်အခွင့်အရေးအဖြစ် မြင်ကြပေသည်။ (အသေးစိတ်ကို၊ ဟာရွန်ယဟ်ယာ၏ *လူ့လောကသို့ဘေးဒုက္ခအပေါင်းစုံ ယူဆောင်ခဲ့သော ဒါဝင်ဝါဒ* တွင် ကြည့်ပါ။) ဒါဝင်ဝါဒ၏ သိပ္ပံပညာအရရှေ့နောက်မညီညွတ်ခြင်း၊ စိတ်ကူးယဉ်သက်သက်ဖြစ်သောယူဆချက်များနှင့် အဓိပ္ပါယ်ကင်းမဲ့သောအဆိုပြုချက်များကို မသိကျိုးကျွန်ပြုကြပေသည်။ ဘာသာရေးနှင့် ကိုယ်ကျင့်တရားကို ဆန့်ကျင်မည့်လက်နက်အဖြစ် အသုံးချလိုသူတို့သည်၊ ဒါဝင်ဝါဒကို အတွေးအခေါ်ဝါဒရေးရာအတွက်သက်သက် ဖြန့်ဖြူးကြလေသည်။

သို့သော်လည်း၊ ဒါဝင်ဝါဒကို ဖြန့်ဖြူးသည့် အရင်းရှင်လူတန်းစား ဘူဇွာတို့သည်၊ ဤသီအိုရီကိုအထောက်အကူပြုသည့်အတွက်ကြောင့် သူတို့၏ပြိုင်ဘက်တို့ကိုလည်း အလိုလိုအထောက်အကူ ပေးခဲ့ကြပေသည်။ အဘယ့်ကြောင့်နည်း?။ ဒါဝင်ဝါဒကို ဖြန့်ဖြူးခြင်းကြောင့် ဘာသာရေးကို ဖျက်ဆီးခြင်းသည် သူတို့၏အရင်းရှင်စနစ်အတွက် အကျိုးရှိသလောက်၊ မားက့်စ်ဝါဒအတွက်လည်း အကျိုးသက်ရောက်ပေသည်။ ဘာသာရေးသည် အလွန်အကျွံမဖြစ်အောင် ချင့်ချိန်တတ်ခြင်း၊ သင့်တင့်လျောက်ပတ်အောင် နေထိုင်ဆက်ဆံခြင်း၊ ညီရင်းအစ်ကို မောင်ရင်းနှမစိတ်ဓါတ်ထားရှိ၍ ချစ်ခင်ကြင်နာတတ်စေခြင်း၊ ကိုယ်ကျိုးစွန့်တတ်ခြင်း၊ သနားကြင်နာတတ်ခြင်း၊ စသည်တို့ကို သင်ကြားပေး၏။ ဤအချင်းအရာများကို ပယ်ဖျက်လိုက်သည်နှင့်တပြိုင်တည်း၊ လူ့အဖွဲ့အစည်းသည်လည်း ရက်စက်ကြမ်းကြုတ်သည့် စစ်တလင်းကြီးဖြစ်သွားတော့သည်။ အရင်းရှင်တို့သည် "အသက်ရှင်ရေးအတွက် တိုက်ခိုက်ရုန်းကန်"ကြသလောက်၊ အရင်းရှင်နှင့် ကွန်မြူနစ်တို့အကြားတွင်လည်း လူတန်းစားတိုက်ပွဲ အကြိတ်အနယ်ဆင်နွဲကြတော့သည်။

၁၈၇၁–ခုနှစ်ကုန်ပိုင်းတွင်၊ ဥရောပတိုက်မှ သဘာဝသိပ္ပံပညာရှင်များ အပြည်ပြည်ဆိုင်ရာကွန်ဂရက်ညီလာခံကျင်းပကြသည်။ ထိုကွန်ဂရက်တွင် မိန့်ခွန်းပြောသူများအနက် တစ်ဦးဖြစ်သူ ဂျာမနီနိုင်ငံမှသဘာဝလောကပညာရှင်လည်းဖြစ်၊ အဓိကရနိုင်ငံရေးသမားတစ်ဦးလည်းဖြစ်သူ ရူးဒေါ့ဖ် ဗာချိုက၊ "ဒီသီအိုရီကို သတိထားကြပါ၊ ဒီသီအိုရီက ကျုပ်တို့ရဲ့အိမ်နီးနားချင်းနိုင်ငံတစ်နိုင်ငံမှာ ထိတ်လန့်ကြောက်မက်ဖွယ်ကောင်းအောင် ဆိုးဝါးသည့်အဖြစ်ကို ဖန်တီးပေးတဲ့သီအိုရီနဲ့ ဆက်စပ်နေတယ်။[၁၂] ဟု မိန့်ခွန်းတွင် ထည့်ပြောခဲ့၏။ သူဆိုလိုသောနိုင်ငံမှာ ပြင်သစ်နိုင်ငံဖြစ်၍ သူဆိုလိုသည့် သီအိုရီမှာ ပြင်သစ်ကွန်မြူနစ်ဝါဒ ဖြစ်သည်။ ပြင်သစ်ကွန်မြူနစ်ပါတီက ထိုနှစ်တွင် ပါရီကွန်မြူးန် (ပါရီမြို့တော်ဘုံအဖွဲ့)ကို တည်ထောင်ခဲ့သည်။ (ထိုကွန်မြူးန်သည် ပြင်သစ်နိုင်ငံက ပြင်သစ်ပရပ်ရှန်စစ်ကြောင့် အင်အားချိနဲ့သွားချိန်တွင် ကွန်မြူနစ်တို့က တော်လှန်ပုန်ကန်၍ မြို့တော်တစ်ခုလုံးကို လပေါင်းများစွာအုပ်ချုပ်ခဲ့ကြသည်။ ဘာသာရေးဆိုင်ရာဌာနများနှင့် သာသနာ့ခေါင်းဆောင်များကို တိုက်ခိုက်သတ်ဖြတ်ကြသည်။)

နောက်ဆုံးတွင်၊ သူတို့အကြားရှိ မတူညီခြားနားမှုများရှိနေသော်လည်း၊ အရင်းရှင်နှင့်ကွန်မြူနစ်နှစ်မျိုးစလုံးသည်၊ ဘာသာရေးကို ဆန့်ကျင်မည့် ဘုံအခြေခံကို တွေ့ရှိကြသည်။ ထိုသို့ဖြင့် ဘာသာရေးကို ဆန့်ကျင်ရန်အတွက် ဒါဝင်ဝါဒကို ဝိုင်းဝန်းအားပေးထောက်ခံကြ၏။ ထို့ကြောင့်၊ လူ့အဖွဲ့အစည်းတစ်ရပ်လုံးသည်၊ တော်လှန်ရေးစတင်ခြင်းမပြုမီ ဦးစွာအရင်းရှင်ဖြစ်ရမည်ဟု ကွန်မြူနစ်တို့က ယုံကြည်ကြပေသည်။ ဤအတွေးအခေါ်အရ၊ အရင်းရှင်ကိုယ်ကျင့်တရားကို ယေဘုယျအားဖြင့်အများကလက်ခံသော(ဒါဝင်ဝါဒ ဝါဒဖြန့်မှုသည်အဓိကရ



ဘာသာရေးကို တိုက်ခိုက်ရန်မူခြင်းနှင့်ပတ်သက်၍ ကွန်မြူနစ်နှင့် ဘူဇွာတို့သည် တစ်မျိုးတည်းဖြစ်ကြသည်ဟု လီနင်က ရေးသားခဲ့ပေသည်။ ကွန်မြူနစ်ဝါဒနှင့် အရင်းရှင်ဝါဒတို့အကြားရှိ ပဋိပက္ခသည် အမှန်စင်စစ် "အတွင်းပြဿနာ"သာဖြစ်၍၊ ယင်းရုပ်ဝါဒအတွေးအခေါ်နှစ်မျိုးစလုံး၏ ဘုံရန်သူမှာ ဘာသာရေးဖြစ်သည်ဟု လီနင်က ရှင်းပြထားပေသည်။

ကဏ္ဍတွင်ပါဝင်နေသော)လူ့အဖွဲ့အစည်းသည် ကွန်မြူနစ်ဝါဒရှင်သန်မှုမဖြစ်မီ ဘာသာရေးယုံကြည်မှုကို ဦးစွာစွန့်ပစ်ရမည်။ *"အလုပ်သမားပါတီ၏ ဘာသာရေးအပေါ်သဘောထား"* ဟူသောခေါင်းစဉ်ပါ ၁၉၀၉–ခုနှစ်တွင်ရေးသားသည့် လီနင်၏ဆောင်းပါးတစ်ပုဒ်၌၊ ဘာသာရေးကိုဆန့်ကျင်သည့် အရင်းရှင်ဘူဇွာတို့၏ပါဝင်မှုကဏ္ဍနှင့်ပတ်သက်၍ ကွန်မြူနစ်ခေါင်းဆောင်ကြီးက အောက်ပါအတိုင်း ရေးသားထားပေသည်။

> ---ဘာသာရေးကို တိုက်ဖျက်ခြင်းသည် တော်လှန်ရေးသမားဘူဇွာတို့၏ သမိုင်းပေးတာဝန် ဖြစ်၏။ အနောက်နိုင်ငံ၌၊ သမိုင်းသစ်ကဏ္ဍဖွင့်ခဲ့သော အလယ်ခေတ်ပဒေသရာဇ်စနစ်ကိုပုန်ကန်သည့် တော်လှန်ရေးများတွင် ဤတာဝန်ကို ဘူဇွာဒီမိုကရေစီက အများဆုံးဆောင်ရွက်ခဲ့သည်။ ပြင်သစ်နိုင်ငံနှင့် ဂျာမနီနိုင်ငံနှစ်နိုင်ငံစလုံးသည်၊ ဆိုရှယ်လစ်ဝါဒအလျင် နှစ်ပေါင်းများစွာကတည်းကစ၍၊ ဘူဇွာတို့က ဘာသာရေးကိုစစ်ခင်းသည့်အစဉ်အလာရှိခဲ့ပေသည်။ ရုရှားနိုင်ငံတွင်၊ ကျွန်ုပ်တို့၏ ဘူဇွာဒီမိုကရေစီတော်လှန်ရေးအခြေအနေကြောင့်၊ ဤတော်လှန်ရေးတာဝန်သည်လည်း အလုပ်သမားလူတန်းစား၏ပုခုန်းပေါ်သို့ အပြည့်အဝ ကျရောက်လာခြင်းဖြစ်သည်။[၁၃]



ဘာသာရေးခေါင်းဆောင်များ၊ ဆရာတော်များကို သေဒဏ်ပေးရန်အတွက် ပါရီကွန်မြူနစ် အာဏာသားများ၏ရှေ့တွင် တန်းစီထားစဉ်။

အရင်းရှင်တို့သည် ဥရောပတိုက်မှာကဲ့သို့ ဘာသာရေးကို တိုက်ခိုက်ချေမှုန်းရန်တာဝန်ရှိသည်၊ သို့သော်လည်း ရုရှားနိုင်ငံတွင် အရင်းရှင်လူတန်းစား မရှိသဖြင့် သူနှင့်အတူ သူ၏ကွန်မြူနစ်ပါတီက ဤတာဝန်ကိုယူရမည်ဟု လီနင်ကဆိုလိုခြင်းဖြစ်သည်။ လီနင်ပြောသောစကားများက ကွန်မြူနစ်နှင့် အရင်းရှင်တို့အကြား ဆန့်ကျင်ခြင်းသည် "အတွင်းရေးပဋိပက္ခ"သာဖြစ်သည်ဟု အဓိပ္ပါယ်သက်ရောက်ပေသည်။ အမှန်မှာ ဤအင်အားစုနှစ်ခုစလုံး၏ ဘုံရန်သူမှာ ဘာသာရေးဖြစ်၏။

ကွန်မြူနစ်ဝါဒီတို့သည်၊ လူ့အဖွဲ့အစည်းများကို ဆုတ်ယုတ်သွားစေရန် ကြိုးပမ်းနေကြကြောင်း ထင်ရှားပေသည်။ သူတို့၏ဘာသာတရားမရှိသောစနစ်ကို လက်ခံစေရန် လူတို့ကို အမှန်တရားမှကင်းကွာစေ၍ ကိုယ်ကျင့်တရားနှင့်လူ့ကျင့်ဝတ်တန်ဖိုးများကို အားပျော့စေရန် ကြိုးပမ်းကြသည်။ သို့သော်လည်း ဤတိုက်စစ်များသည် တစ်ခုမှအောင်မြင်ခြင်းမရှိချေ။ လွန်လေပြီးသောခေတ်ကာလအဆက်ဆက်တွင် အမြောက်အမြားသောလူတို့က ဘာသာယုံကြည်မှုကို တိုက်ဖျက်ခဲ့ကြလေပြီ။ အလ္လာဟ်အရှင်မြတ်၏တမန်တော်များကို နာခံခြင်းမရှိ၊ အရှင်မြတ်၏ကျမ်းဂန်များကို ကျောခိုင်းခဲ့ကြလေသည်။ အရှင်မြတ်၏သာသနာတော်ကို ဆန့်ကျင်တိုက်ခိုက်အနှောက်အရှက်ပေးသူတို့ကို ဤကမ္ဘာပေါ်ဝယ် ပြစ်ဒဏ်အမျိုးမျိုးပေးခဲ့၏။ အချို့ကိုမူကား နောင်တမလွန်ဘဝ နောက်ဆုံးတရားစီရင်မည့်နေ့အထိ ဒုက္ခဆင်းရဲခြင်းခံစားရန် စောင့်ဆိုင်းစေသည်။ ကုရ်အာန်ကျမ်းတော်မြတ်(၄၀း၄–၆)တွင်၊ အောက်ပါအတိုင်း မိန့်ဆိုထားတော်မူ၏။

> အလ္လာဟ်အရှင်မြတ်၏ အာယသ်အမိန့်တော်များနှင့်စပ်လျဉ်း၍ "ကာဖိရ်"သွေဖည်ငြင်းပယ်သောသူတို့သည်သာလျှင် အငြင်းအခုံ ပြုလေ့ရှိကြကုန်၏။ သို့ဖြစ်ပေရာ တိုင်းပြည်နိုင်ငံများတွင် ၎င်းတို့၏လှည့်ပတ်သွားလာလှုပ်ရှားမှုသည် အသင့်အား ဖြားယောင်းခြင်း မရှိစေရ။ ဤသူတို့အလျှင် (နဗီတမန်တော်)"နူးဟ်"၏အမျိုးသားတို့သည်လည်းကောင်း၊ ထို"နူးဟ်"၏အမျိုးသားတို့၏နောက်တွင် (ပေါက်ဖွားခဲ့သော) အုပ်စုများသည်လည်းကောင်း၊ (ရစူလ်တမန်တော်များအား)မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြပေသည်။ ထို့ပြင် အုပ်စုတိုင်းသည် မိမိတို့(ထံ ပွင့်ရောက်ခဲ့သော)ရစူလ်တမန်တော်အား ဖမ်းဆီးရန် ကြံရွယ်ခဲ့ကြသည့်ပြင် ၎င်းတို့သည် အမှားကို လက်ကိုင်ထား၍ အမှန်ကို တိမ်းပါးစေအံ့သောငှာ (ရစူလ်တမန်တော်များနှင့်) အငြင်းအခုံ ပြုခဲ့ကြလေသည်။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ၎င်းတို့အား ဖမ်းဆီးကွပ်မျက်ခဲ့ပေ

သည်။ ထို့နောက် ငါအရှင်မြတ်၏ အပြစ်ဒဏ်သည် မည်သို့ရှိခဲ့သနည်း။ စင်စစ်သော်ကား ဤနည်းအတိုင်းပင် "ကာဖိရ်"သွေးဖည့်ပြင်းပယ်သူတို့နှင့်ပတ်သက်၍ "ဧကန်အမှန် ၎င်းတို့သည် ငရဲသားများ ဖြစ်ကြသည်" ဟူသောအသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ် (မိန့်ကြားတော်မူသော) အမိန့်တော်သည် အတည်ဖြစ်ခဲ့ချေပြီတကား။

## ဖက်ဆစ်ဝါဒနှင့်ကွန်မြူနစ်ဝါဒတို့ အရူးအမူးယုံကြည်သည့် – ဒါဝင်ဝါဒဆိုင်ရာ ပဋိပက္ခ

## THE COMMON DELIRIUM OF FACISM AND COMMUNISM: DAWINIST CONFLICT

ကွန်မြူနစ်ဝါဒကို တည်ထောင်ခဲ့သောမားက့်စ်[၁]က၊ သမိုင်းတွင် တိုးတက်ဖွံ့ဖြိုးမှု ဖြစ်ပေါ်လာရန်အတွက် ပဋိပက္ခဖြစ်ခြင်းသည်၊ တစ်ခုတည်းသောနည်းလမ်းဖြစ်သည်ဟု ဆို၏။ လူ့အဖွဲ့အစည်းနှင့် စိတ်ကူး–အတွေးအခေါ်တို့သည် စစ်ဖြစ်ခြင်းနှင့်တော်လှန်ရေးဆင်နွှဲခြင်းဖြင့်သာလျှင် တိုးတက်နိုင်သည်ဟု သူကယုံကြည်သည်။ တစ်ဆင့်တက်၍ အစစအရာရာသည်၊ ထိုသို့တိုက်ခိုက်ရန်းကန်ခြင်းမရှိပါက ပြောင်းလဲခြင်းမရှိဘဲ တည်ငြိမ်နေလိမ့်မည်ဟု ဆို၏။ ကားလ်မားက့်စ်သည်၊ "အင်အားသုံးခြင်းသည် အသစ်အဆန်းတည်းဟူသောကိုယ်ဝန်ဆောင်ကို မွေးထုတ်ပေးမည့်လက်သည် ဖြစ်သည်၊"ဟု ပြော၍ သန်းပေါင်းမြောက်မြားစွာသော လူတို့ကို စစ်မြေပြင်သို့ သွေးချောင်းစီးနေအောင် သတ်ဖြတ်ကြရန် ဖိတ်ခေါ်ခဲ့ပေသည်။

မားက့်စ်၏ ၎င်းအတွေးအခေါ်သည် နောင်နှစ်ပေါင်းအနည်းငယ်အတွင်း လူအမြောက်အမြား၏ ထောက်ခံအားပေးမှုကို လက်ခံရရှိခဲ့ပေသည်။ ကမ္ဘာလောကတွင် ရက်စက်ကြမ်းကြုတ်ဆုံး သတ်ဖြတ်မှုကို ဦးဆောင်ခဲ့သူ ကွန်မြူနစ်ခေါင်းဆောင်လီနင်က "ဖွံ့ဖြိုးတိုးတက်မှုသည် ဆန့်ကျင်သူတို့အကြား တိုက်ခိုက်ရုန်းကန်ခြင်းဖြစ်သည်"[၂] ဟု ယုံကြည်ခဲ့ပေသည်။ ထို့အပြင် ယင်းရုန်းကန်ခြင်းသည်လည်း သွေးချောင်းစီးခြင်း ဖြစ်ပေါ်ရမည်ဟု ယုံကြည်သည်။

ကွန်မြူနစ်ခေါင်းဆောင်များကဲ့သို့ ဖက်ဆစ်ဝါဒီခေါင်းဆောင်တို့သည်လည်း အကြမ်းဖက်ခြင်း၊ တော်လှန်ပုန်ကန်ခြင်းနှင့် စစ်ပွဲခင်းကျင်းခြင်းသည်သာလျှင် တိုးတက်မှုအတွက် တစ်ခုတည်းသောနည်းလမ်းဖြစ်သည်ဟု ယုံကြည်ကြသည်။ ဟစ်တလာ၏ အတွေးအခေါ် ပေါ်ထွန်းလာရေး၌ အရေးကြီးဆုံး သြဇာသက်ရောက်သူ လူမျိုးခွဲခြားရေးသမိုင်းပါရဂူ ဟိန်းရိချ် ဗွန် ထရစ်ချ်ကီက "တိုင်းနိုင်ငံတို့သည် ပြင်းထန်စွာပြိုင်ဆိုင်ခြင်းမရှိပါက တိုးတက်ဖွံ့ဖြိုးခြင်း မရှိနိုင်ဟု ဆို၏။"[၃] မိုဆိုလီနီသည်လည်း၊ အကြမ်းဖက်ခြင်းသည် လူ့သမိုင်း၏စေ့ဆော်မှုတွန်းအားဖြစ်၍ ရုန်းကန်ခြင်းသည် တော်လှန်ပုန်ကန်ခြင်းကို ပေးဆောင်သည်ဟု ယုံကြည်သော နောက်ထပ်ဖက်ဆစ်ခေါင်းဆောင်တဦးဖြစ်သည်။ သူ့အတွက်၊ "အင်္ဂလန်နိုင်ငံက စစ်ခင်းရန်တွန့်ဆုတ်နေခြင်းသည် အီဗိုလူးရှင်းသီအိုရီအရ ဗြိတိသျှအင်ပါယာဆွေးမြေ့ဆုတ်ယုတ်နေခြင်းကို ပြဆိုသည့်သက်သေခံဖြစ်သည်။"[၄]

ဤအတွေးအခေါ်ဝါဒတို့သည်၊ ဒါဝင်၏ သဘာဝရှိ အသက်ရှင်ရေးအတွက်ရုန်းကန်တိုက်ခိုက်ရခြင်းအဆိုတွင် အခြေခံအားဖြင့်ထောက်ခံအားပေးမှု ယူထားခြင်းဖြစ်သည်။ မားက့်စ်၏ဒိုင်အာလက်တစ် အနုပဋိလောမရုပ်ဝါဒအတွေးအခေါ်နှင့် ဖက်ဆစ်ဝါဒ၏ပဋိပက္ခသည် စေ့ဆော်မှုတွန်းအားဖြစ်သည်ဟူသောယုံကြည်ချက်တို့သည်၊ ဒါဝင်၏အီဗိုလူးရှင်းသီအိုရီကို လူမှုရေးသိပ္ပံများတွင် အသုံးပြုခြင်းပင် ဖြစ်သည်။

ဤအတွေးအခေါ်ဝါဒတို့သည် ရလာဒ်နှစ်မျိုးကို မွေးထုတ်ပေး၏။ ၎င်းရလာဒ်တို့မှာ၊ မပြတ်မစဲသောပဋိပက္ခ လိုအပ်သည်ဟုဆိုခြင်းနှင့် လူ့လောကကို ပျက်သုဉ်းသွားစေမည့် မပြတ်မစဲသောသွေးထွက်သံယိုမှုအတွက် အဆင့်များဖြစ်သည်။ ဤဝါဒအတွေးအခေါ်တို့ကို လက်ခံယုံကြည်သူသည်၊ အခြားသူများနှင့် အစဉ်အမြဲပဋိပက္ခဖြစ်ခြင်း၊ တိုးတက်ကြီးထွားဖွံ့ဖြိုးမှုအမည်ဖြင့် အခြားသူအပေါ်ရက်စက်ကြမ်းကြုတ်ခြင်း၊ စသည်တို့ကို ရှောင်လွှဲ၍မရနိုင်ချေ။ လူတို့၏ ငြိမ်းချမ်းသာယာမှုနှင့်ချမ်းသာသုခကို ဖျက်ဆီးကြ၏။ ဘုရား

သခင်အလ္လာဟ်အရှင်မြတ်က အမိန့်ပေးညွှန်ကြားထားသော၊ ချစ်ခြင်းမေတ္တာ၊ ရိုသေလေးစားမှု၊ ကိုယ်ကျိုးစွန့်လွှတ်မှု၊ မျှတစွာခွဲဝေမှု စသည်တို့ကိုလည်း ဖျက်ဆီးကြ၏။ ဤဝါဒအတွေးအခေါ်တို့ကြောင့်၊ လွန်ခဲ့သည်ရာစုနှစ်သည်၊ နာကြည်းဖွယ်ဒုက္ခဆင်းရဲပေါင်းစုံ ပင်လယ်ဝေသောကာလ ဖြစ်ခဲ့သည်။

အမှန်မှာ အကြမ်းဖက်ခြင်းနှင့် သတ်ဖြတ်ခြင်းသည် မလိုအပ်ချေ။ သဘာဝအလျောက် နေရာတကာတွင် ဆန့်ကျင်သောပိုစွန်းနှစ်ဖက် ရှိစမြဲဖြစ်သည်။ နေ့နှင့်ည၊ အလင်းနှင့်အမှောင်၊ အနုတ်နှင့်အပေါင်း၊ ပူခြင်းနှင့်အေးခြင်း၊ ကောင်းခြင်းနှင့်ဆိုးခြင်း၊ စသည်ဖြင့် ဖြစ်၏။ သို့သော်လည်း ဤဆန့်ကျင်ဖက် အချင်းအရာများသည် ဖန်ဆင်းထားသောအရာများဖြစ်၍၊ လူပခြင်းကို တန်ဆာဆင်ရန်အတွက် အလေးထားရင်းသည်းခံခြင်း၊ ခွင့်လွှတ်တတ်ခြင်းနှင့်ငြိမ်းချမ်းခြင်း စသည့်ကိုယ်ကျင့်တရားများကို ဆောင်ကျဉ်းရန် ဖြစ်ပေသည်။

ထိုအချင်းအရာများသည် အတွေးအခေါ်လောကနှင့်လည်း သက်ဆိုင်ပေသည်။ လူတစ်ဦးချင်း အမြင်မတူကွဲပြားကြခြင်းအတွက် အချင်းချင်းသတ်ဖြတ်ကြရန် အကြောင်းမဟုတ်ပေ။ ဘုရားသခင် အလ္လာဟ်အရှင်မြတ်သည် လူသားတို့အား မိမိ၏ရန်သူကိုပင် ကောင်းမွန်စွာဆက်ဆံရန်နှင့် လူတို့အား ကောင်းမွန်ရည်မွန်သောစကား ပီယဝါစာဖြင့် ပြောဆိုဆက်ဆံရန် မိန့်ဆိုသင်ကြားပေသည်။

> **အမှန်စင်စစ်သော်ကား ကောင်းမှုနှင့် မကောင်းမှုတို့မှာ တူကြသည်မဟုတ်ပေ။ (သို့ဖြစ်ပေရာ) အသင်သည် (မကောင်းမှုကို) ကောင်းမှုဖြင့် ခုခံတွန်းလှန်ပါလေ။ သို့ဖြစ်လျှင် အကြင်သူနှင့် အသင်၏အကြား၌ ရန်ငြိုးရှိ၏။ ထိုသူသည် မိတ်ဆွေအရင်းကဲ့သို့ဖြစ်လာပေမည်။** (စူရာ ၄၁း၃၄)

ကုရ်အာန်ကျမ်းတော်မြတ်တွင် မိန့်ဆိုထားသည့်အတိုင်း၊ သတိတရားရှိ၍ ဉာဏ်ကောင်းသူတို့သည်၊ အခြေအတင်ငြင်းခုံမှုအခြေအနေတိုင်းကို အေးချမ်းယုံကြည်စွာနှင့် သည်းခံခြင်းဖြင့် ဖြေရှင်းကြပေသည်။ ဤသြဝါဒကို သဘောမပေါက်ဘဲ၊ ဒိုင်အာလက်တစ်အနုပဋိလောမရုပ်ဝါဒ၏လှည့်ဖြားမှုကို ယုံကြည်သူတို့သည် တစ်ဦးနှင့်တစ်ဦး နှစ်ပေါင်းများစွာတိုက်ခိုက်ကြခြင်း၊ တောရိုင်းတိရစ္ဆာန်များကဲ့သို့ လုံးထွေးသတ်ဖြတ်ကြခြင်းကြောင့် နောက်ဆုံးတွင် တိုင်းနိုင်ငံတစ်နိုင်ငံ၏အင်အားကုန်ခန်းသွားလေသည်။ ဤအမှန်တရားနှင့်ပတ်သက်၍ အလ္လာဟ်အရှင်မြတ်က ကုရ်အာန်ကျမ်းတော်မြတ် စူရာ ၈း၄၆ တွင် မိန့်ဆိုထားတော်မူ၏။

> **ထိုမှတပါး အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်များကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ရစူလ်တမန်တော်၏အမိန့်များကိုလည်းကောင်း၊ လိုက်နာကြလေကုန်။ ထို့ပြင်အသင်တို့သည် အချင်းချင်း အငြင်းမပွားကြကုန်လင့်။ သို့အငြင်းပွားခဲ့ကြလျှင် အသင်တို့သည် စိတ်ဓါတ်ကျဆုံးကြပေမည်။ အသင်တို့၏အင်အားသည်လည်း ဆုတ်ယုတ်သွားချေမည်။ ၎င်းပြင် အသင်တို့သည် သည်းခံကြလေကုန်။ ဧကန်မလွဲ အလ္လာအရှင်မြတ်သည် သည်းခံသူတို့နှင့် အတူရှိတော်မူပေသတည်း။**

ဤအာယသ်တော်အရ၊ လူတို့သည် အလ္လာဟ်အရှင်မြတ်၏နဗီတမန်တော်များက သွန်သင်ပေးသောအလ္လာ့ဟ်လမ်းစဉ်မှ ရှောင်ခွာသွေဖည်သွားကြပေသည်။ ငြိမ်းချမ်းသာယာသောကမ္ဘာလောကအဖြစ်တည်ဆောက်မည့်အစား၊ ကမ္ဘာမြေကြီးကို ရက်စက်ကြမ်းကြုတ်ခြင်းပေါင်းစုံမွေးထုတ်ရာဒေသအဖြစ်သို့ ပြောင်းလဲထားကြပေသည်။ ထို့ကြောင့် သူတို့တွင်ရှိသော အာဏာနှင့်စွမ်းပကားများကို ဆုံးရှုံးလက်လွှတ်ကြရပြီး ပျက်စီးခြင်းအဖြစ်သို့ရောက်ခဲ့ကြလေသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် သွန်သင်သြဝါဒပေးထားသည့်ကိုယ်ကျင့်တရားများဖြစ်သည့် ကြင်နာသနားမေတ္တာဂရုဏာတရားရှိခြင်း၊ သက်ညှာခွင့်လွှတ်ခြင်း၊ ကိုယ်ကျိုးစွန့်တတ်ခြင်း၊ သည်းခံခြင်းခန္တီတရားထားရှိခြင်း၊ တရားမျှတခြင်း၊ စသည်တို့သာလျှင် လူသားတို့နှင့်အတူ တိုင်းနိုင်ငံများအတွက်ပါ အင်အားအရင်းအမြစ် အမှန်ဖြစ်သည်ကို မမေ့သင့်ပေ။ ဘာသာအယူဝါဒဆန့်ကျင်ရေး မိုက်မဲမှုမှပေါက်ဖွားလာသည့် အနုပဋိလောမ–ဒိုင်အာလက်တစ်ရုပ်ဝါဒကဲ့သို့သော အဓိပ္ပါယ်ကင်းမဲ့သည့် အတွေးအခေါ်များသည်၊ ပျက်စီးယိုယွင်းခြင်းနှင့်နာကြည်းဖွယ်ဒုက္ခဆင်းရဲခြင်းကိုသာ ပေးဆောင်၏။ ဤကမ္ဘာမြေကြီးပေါ်ဝယ် လူသားတို့ ကယ်တင်ခြင်းကိုခံရ၍ ချမ်းသာသုခရှိရှိ လုံခြုံစွာဖြင့် နေထိုင်ပေါက်ဖွားနိုင်ရန် တစ်ခုတည်းသောနည်းလမ်းသည် ကုရ်အာန်ကျမ်းတော်မြတ်တွင်ပေးထားသော အလ္လာဟ်အရှင်မြတ်၏အမိန့်တော်များအတိုင်း နေထိုင်ရန်သာ ဖြစ်ပေသည်။

1- *Das Capital*, Vol. I, 1955, p. 603
2- V. I. Lenin, "On the Question of Dialectics," *Collected Works*, Volume 38, p. 359
3- L. Poliakov, *Le Mythe Aryen*, Editions Complexe, Calmann-Lévy, Bruxelles, 1987, p. 343
4- Robert E. D. Clark, *Darwin: Before and After*, London, Paternoster Press, 1948, p. 115

## ဒါဝင်ဝါဒ၏ သွေးချောင်းစီးစေသော အနုပဋိလောမ

## **Dawinism's Bloody Dialectic**

ဤအထိ ကမ္ဘာတစ်ဝှမ်းလုံးတွင် ကွန်မြူနစ်ဝါဒပြန့်ပွားခဲ့ခြင်းအကြောင်း အကြမ်းဖျင်း ဖော်ပြခဲ့ကြပြီ။ တိုင်းပြည်တိုင်းလိုလိုတွင် အရင်းရှင်စနစ်သို့မဟုတ် ဖက်ဆစ်ဝါဒအတွက် အခြားရွေးစရာအတွေးအခေါ်အဖြစ် ပြန့်ပွားခဲ့ပေသည်။ ကွန်မြူနစ်ဝါဒနှင့်ဖက်ဆစ်ဝါဒတို့သည် အရင်းရှင်ဝါဒနှင့် တိုက်ရိုက်ဆန့်ကျင်ဘက်ဖြစ်ပုံပေါ်သော်လည်း၊ ဒါဝင်ဝါဒသည် ၎င်းတို့အားလုံး၏အခြေခံရာလှုံ့ဆော်မှုဖြစ်နေသည်။ အရင်းရှင်ဝါဒနှင့်ဖက်ဆစ်ဝါဒတို့သည် ဒါဝင်ဝါဒ၏ လက်ျာဘက်တောင်ပံဖြစ်၍၊ ကွန်မြူနစ်ဝါဒသည် လက်ဝဲဘက်တောင်ပံဖြစ်ပေသည်။ တိုင်းပြည်တိုင်းတွင်၊ ဒါဝင်ဝါဒခေတ်စားလာသည်နှင့်တပြိုင်တည်း၊ ထိုတောင်ပံနှစ်ခုစလုံးက ချက်ချင်းပေါ်ပေါက်လာစမြဲဖြစ်၏။ ထို့ကြောင့်၊ ဖက်ဆစ်ဝါဒနှင့် အရင်းရှင်ဝါဒတို့ကို ထောက်ခံအားပေးသူသည် ကွန်မြူနစ်ဝါဒကိုလည်း အလိုလိုထောက်ခံအားပေးရာ သက်ရောက်ပေသည်။

ဒါဝင်ဝါဒီတို့၏ ဘုရားမဲ့ဝါဒအမြင်အရ၊ လက်ဝဲနှင့်လက်ျာတို့သည်တစ်ခုအတွက်တစ်ခုပေါက်ဖွားပေါ်ထွန်းလာသည့်အပြင်၊ တစ်ခုနှင့်တစ်ခု အကြွေးအမွေးပြု အင်အားဖြည့်တင်းပေးလျက်ရှိ၏။ တစ်ဘက်သည် အခြားတစ်ဘက်နှင့် အစဉ်မပြတ်ပဋိပက္ခရှိနေမြဲဖြစ်သည်။ ဒါဝင်ဝါဒက ဤသို့သောရင်ဆိုင်နေခြင်းသည် သင့်တော်မှုရှိ၍ လူ့အဖွဲ့အစည်းများအတွက် လိုအပ်ချက်ပင် ဖြစ်သည်ဟု ဆိုသည်။

ဤယေဘုယျအကြမ်းဖျဉ်းဖော်ပြချက်ကိုကြည့်ခြင်းဖြင့်၊ ဒါဝင်ဝါဒသည် နိုင်ငံရေးအဆင့် ဒိုင်အာလက်တစ်(ယုတ္တိဗေဒနည်းကျ ကျိုးကြောင်းဆင်ခြင်ခြင်းဖြင့် အမှန်တရားကို ရှာဖွေခြင်း–အနုပဋိလောမ)ကို တီထွင်ဖော်ထုတ်သည်ဟု ကျွန်ုပ်တို့ ဆိုနိုင်ပေသည်။ ဂျာမန်လူမျိုး ပါမောက္ခ ဟေဂဲလ်က တင်ပြ၍၊ နောက်ပိုင်းတွင် မားက်စ်နှင့် အင်ဂဲလ်တို့က လက်ခံအသုံးပြုသော ဒိုင်အာလက်တစ်မှာ၊ စကြာဝဠာတစ်ခုလုံးတွင် ဖွံ့ဖြိုးတိုးတက်မှုမှန်သမျှသည် ပဋိပက္ခမှဖြစ်ပေါ်လာခြင်း ဖြစ်သည်ဟု ဆို၏။ အခြေအနေတိုင်း သို့မဟုတ် အကြံဉာဏ်အတွေးအခေါ်တိုင်းသည် “လေ့လာတင်ပြချက်”ဖြစ်၍ ၎င်းနှင့် ပဋိပက္ခဖြစ်သော “ဆန့်ကျင်ဘက်အခြေအနေသို့မဟုတ်တင်ပြချက်”လိုက်လာစမြဲဖြစ်၏။ နောက်ဆုံးတွင် စုပေါင်းညှိနှိုင်းခြင်းတွင်ဆုံးဖြတ်ချက် ချရပေသည်။ အချိန်အတန်ကြာသောအခါ၊ ထိုညှိနှိုင်းဆုံးဖြတ်ချက်ကပင် လေ့လာတင်ပြချက် ဖြစ်လာပြန်ပြီး၊ နောက်ထပ်ဆန့်ကျင်ဘက် တင်ပြချက်တစ်ခုက ပဋိပက္ခအဖြစ် ထပ်မံပေါ်ပေါက်လာသည်။ ဒိုင်အာလက်တစ်အတွေးအခေါ်အရ ပဋိပက္ခသည် ဤနည်းအတိုင်း ဆုံးခန်းတိုင်ခြင်းမရှိဘဲ ဆက်လက်ဖြစ်ပျက်နေလိမ့်မည်။

ဒါဝင်ဝါဒသည်၊ လူ့လောကကို ဘုရားသခင်အလ္လာဟ်အရှင်မြတ်ဖန်ဆင်းထားသည် ဟူသောအချက်ကိုငြင်းပယ်၍ လူသားများသည် တိရစ္ဆာန်တစ်မျိုးဖြစ်သည် ဟူသောအတွေးအခေါ်ကို လှုံ့ဆော်မြှင့်တင်၍ ဒိုင်အာလက်တစ်အတွေးအခေါ်အတွက် စစ်မြေပြင်အဖြစ် ဖန်တီးထားပေသည်။ ကမ္ဘာ့နိုင်ငံအမြောက်အမြား၊ အထူးသဖြင့်ဥရောပတိုက်တွင်၊ လက်ျာသမားဒါဝင်ဝါဒီတို့ ဩဇာညောင်းစိုးမိုးကြသည်။ ဘာသာရေးကိုဖျက်ဆီးပစ်ခြင်း၊ တစ်နည်းအားဖြင့် ကိုယ်ကျင့်တရားတန်ဖိုးများကို ဖျက်ဆီးပစ်ခြင်းဖြင့်၊ ဂရုဏာတရားကင်းမဲ့သောအရင်းရှင်စနစ်ကို ဖော်ထုတ်၍ ၎င်းမှတစ်ဆင့် ဖက်ဆစ်ဝါဒကို ဖော်ထုတ်ခဲ့ကြပေသည်။ ဤအုပ်စုကိုဆန့်ကျင်၍၊ လက်ဝဲသမားကွန်မြူနစ်တို့က စုပေါင်းစည်းလုံးကာ၊ နှစ်ဖက်စလုံးသည်လည်း အဆုံးမသတ်နိုင်သည့်ပဋိပက္ခအခြေအနေသို့ ခြေစုံပစ်ဝင်ကြပေသည်။ ဤဒါဝင်ဝါဒဒိုင်အာလက်တစ်အတွေးအခေါ်၏ ညှိနှိုင်းဖြေရှင်းသည့်ရလာဒ်မှာ၊ အစဉ်သဖြင့် နေရာတကာ အတူတူပင်ဖြစ်ပေသည်။ ၎င်းရလာဒ်မှာ နှိပ်စက်ခြင်း၊ နာကျင်ခြင်း၊ သွေးချောင်းစီးခြင်း၊ စစ်မြေပြင်ဖြစ်ခြင်း၊ မျက်ရည်အိုင်ထွန်းခြင်း၊–––စသည့်အနိဋ္ဌာရုံများသာလျှင် ဖြစ်ပေသည်။

ကျွန်ုပ်တို့၏ အခြားစာအုပ်များတွင်၊ လက်ျာသမား ဒါဝင်ဝါဒီဒိုင်အာလက်တစ် အတွေးအခေါ်သမားများဖြစ်သည့် ဖက်ဆစ်ဝါဒီတို့၏ရက်စက်ပုံများကို ဖော်ပြထားပါသည်။ ဤစာ

အုပ်တွင်မှုကား ကွန်မြူနစ်တို့၏ ထိတ်လန့်ကြောက်မက်ဖွယ်သောရိုင်းစိုင်းမှုနှင့် ရက်စက်မှုများကို စစ်ဆေးကြပါမည်။

## မိမိနှင့်ဆန့်ကျင်သည့်အတွေးအခေါ်များကို "ဒိုင်အာလက်တစ်ပဋိပက္ခ" ဖြင့် တိတ်ဆိတ်သွားအောင် လုပ်လိုသူတို့သည် ခေတ်တိုင်းတွင် အရှုံးပေးကြရစမြဲ ဖြစ်၏

## THOSE WHO WISH TO SILENCE OPPOSING IDEAS WITH A "CONFLICT OF DIALECTIC" ARE DEFEATED IN EVERY AGE

ဒိုင်အာလက်တစ်ရုပ်ဝါဒသည်၊ ဒါဝင်သီအိုရီတွင်အခြေခံ၍ သမိုင်းသည် ဆန့်ကျင်ဘက်ဖြစ်သောအတွေးအခေါ်များအကြား သနားကြင်နာမှုကင်းမဲ့စွာ တိုက်ခိုက် ရုန်းကန်ကြရသည့်အဖြစ်အပျက်များသာဖြစ်သည်ဟု ခံယူထား၏။ ၂၀–ရာစုနှစ်အတွင်း ကွန်မြူနစ်ဝါဒီတို့က ဖက်ဆစ်ဝါဒီတို့နှင့် ထိပ်တိုက်တွေ့ကြရင်း နှစ်ဖက်သောတိုင်းသူပြည်သားတို့ကို ဆန့်ကျင်တိုက်ခိုက်ကြစေခြင်းဖြင့် ကမ္ဘာကြီးကို သွေးအိုင်အဖြစ် ဖန်တီးခဲ့ကြသည်။ ဝါဒတစ်ခုချင်းကလည်း မိမိ၏အတွေးအခေါ်ဝါဒကသာ အနိုင်ရရှိလိမ့်မည်ဟု ယုံကြည်ကြသည်။ သို့သော်လည်း၊ ကွန်မြူနစ်ဝါဒီတို့က အောင်နိုင်သူအဖြစ် ပေါ်ထွန်းလာခဲ့ခြင်းမရှိသည့်အပြင်၊ ဒိုင်အာလက်တစ်ရုပ်ဝါဒ၏ အတွေးအခေါ်ဖြစ်သော သမိုင်းဆိုင်ရာ ဒိုင်အာလက်တစ်(အနုပဋိလောမ)သည်လည်း ပျက်သုဉ်းသွားခဲ့ပေသည်။

လူ့သမိုင်းတလျှောက်လုံးတွင်၊ တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက်ဖြစ်သော အကောင်းနှင့်အဆိုးတို့သည်၊ အတွေးအခေါ်လောကတွင်ပင် အစဉ်အမြဲရှိလာခဲ့ပေသည်။ ကောင်းမှုသည် အစဉ်အမြဲ အနိုင်ရရှိ၏။ အဘယ့်ကြောင့်ဆိုသော်၊ ကုရ်အာန်ကျမ်းတော်မြတ်တွင် အလ္လာဟ်အရှင်မြတ် ပေးထားတော်မူသောအမိန့်ဩဝါဒများသည် ငြိမ်းချမ်းခြင်းကိုယူဆောင်လာရန်၊ တစ်ဦးနှင့်တစ်ဦးယုံကြည်မှုရှိရှိ အဆွေခင်ပွန်းဖြစ်စေရန်၊ တစ်ဦးနှင့်တစ်ဦးမုန်းတီး၍ ရန်သူဖြစ်နေခြင်းကို ပျက်ပျယ်သွားရန် အကွက်ချစီစဉ်ထားသောကြောင့်ဖြစ်၏။

ဥပမာ၊ အလ္လာဟ်အရှင်မြတ်က နဗီတမန်တော်မူစာအား ဖါရိုးဘုရင်လမ်းမှန်သို့ ရောက်လာအောင် တရားဒေသနာဖြင့်ဖိတ်ခေါ်ရန် ခိုင်းစေတော်မူ၏။ နဗီမူစာ(အလိုင်ဟေ့ဆလာမ်)နှင့် ဖါရိုးဘုရင်တို့၏ရည်ရွယ်ချက်မှာ တစ်မျိုးစီတစ်ခြားစီဖြစ်နေပေသည်။ သို့သော်လည်း ထိုဆန့်ကျင်ဘက်နှစ်ဖက်စလုံးကို မျက်နှာဆုံညီတွေ့စေတော်မူ၏။ အလ္လာဟ်အရှင်မြတ်က နဗီတမန်တော်မူစာ(မောရှယ်)နှင့် သူ၏ညီတော်ဟာရွန်(အာရွန်)တို့အား၊ **"အသင်တို့နှစ်ဦးသည် ဖစ်ရ်အောင်န်ထံသို့သွားကြလေကုန်။ ဧကန်မလွဲ ယင်းဖစ်ရ်အောင်န်သည် လွန်စွာမောက်မာလျက်ရှိနေချေပြီ။ ထို့နောက် အသင်တို့နှစ်ဦးသည် ၎င်းအား နူးညံ့သိမ်မွေ့သောစကားကို ပြောဆိုကြလေကုန်။ ယင်းဖိရ်အောင်န်သည် တရားရကောင်းရရှိပေလိမ့်မည်။ သို့တည်းမဟုတ်၎င်းသည်**(အလ္လာဟ်အရှင်မြတ်အား)**ကြောက်ရွံ့ကောင်း ကြောက်ရွံ့ပေလိမ့်မည်။** (စူရာတွာဟာ ၂၀း၄၃–၄၄)။

အလ္လာဟ်အရှင်မြတ်၏အမိန့်တော်အတိုင်း နဗီတမန်တော်မူစာနှင့်ဟာရွန်တို့က ဖါရိုးဘုရင်ထံသို့သွားကြပြီး နည်းမျိုးစုံဖြင့်သိမ်မွေ့သောစကားများအသုံးပြု၍ အလ္လာဟ်အရှင်မြတ်၏ ကောင်းမွန်ဖြောင့်မတ်သောအမိန့်တော်များကို ရှင်းပြလမ်းညွှန်ကြလေသည်။ အဆုံးတွင် ဖါရိုးဘုရင်သည် အမှန်တရားကို မမြင်နိုင်ဘဲ ဆက်လက်၍ ဖိနှိပ်ချုပ်ချယ်နေပေသည်။ နောက်ဆုံး ဖါရိုးဘုရင်သည် ရေနစ်သေဆုံးသွား၍၊ နဗီတမန်တော်မူစာတို့မှာ လွတ်မြောက်သွားကြလေသည်။ ဤဥပမာသည် လူ့သမိုင်း၏ အကျဉ်းချုပ်ပင်ဖြစ်၏။ တိုက်ခိုက်ခြင်းနှင့်သွေးထွက်သံယိုမှုဖြင့် မည်သူကမှ အောင်နိုင်ခြင်းမရှိချေ။ ပဋိပက္ခဖြစ်ခြင်းနှင့် အကြမ်းဖက်ခြင်းဖြင့် တက်လာသူတို့သည်ပင်၊ သက်တောင့်သက်သာ ငြိမ်းချမ်းသာယာသောဘဝဖြင့် အဆုံးမသတ်နိုင်ကြချေ။ သူတို့သည် အချိန်သမယတိုင်းတွင် ရုပ်ဝတ္ထုရေးရာနှင့်စိတ်ဓါတ်ဆိုင်ရာတွင် ညစ်ညူးနွမ်းနယ်၍သာ အသက်ရှင်ကြရသည်။ အလ္လာဟ်အရှင်မြတ်ကို အီမာန်သက်ဝင် ယုံကြည်သူတို့မှုကား အစဉ်အမြဲ လူတို့အား ငြိမ်းချမ်းသာယာမှုနှင့် ယုံကြည်မှုအပြည့်အဝဖြင့် စဉ်းစားဝေဖန်သုံးသပ်ရန် တိုက်တွန်းနှိုးဆော်အားပေးလျက်ရှိကြသည်။




အထပ်ပါပုံတွင် အီဂျစ်လူမျိုး ဖါရိုးဘုရင်က သူ့ကိုဆန့်ကျင်သူတို့၏ ဦးခေါင်းကို ရိုက်ခွဲနေပုံ သရုပ်ဖေါ်ထားသည်။ ဖါရိုးဘုရင်သည် သူ၏ရက်စက်ကြမ်းကြုတ်မှုနှင့် ဖိနှိပ်ချုပ်ချယ်မှုများကို အထူးတလည် ဂုဏ်ယူ၏။ သို့သော်လည်း သူသည် ဝမ်းနည်းကြေကွဲဘွယ်နိဂုံးချုပ်ရပေသည်။

# အခန်း ၂



အသက်ပေါင်း သန်း ၄၀ကိုသတ်
ဖြတ်ခဲ့သည့် လူသတ်သမား
ဂျိုးဇက်စတာလင်

# ဘိုလ်ရှီဗစ်ပါတီ၏ ရိုင်းစိုင်းရက်စက်မှုသမိုင်း
## The History of Bolshevik Savagery



**နှစ်**ဆယ်ရာစုနှစ်သည် လူ့သမိုင်းတွင် ယှဉ်ကမကြားဘူးသော ကမ္ဘာစစ်ကြီးများ၊ လူမျိုးဖြုတ်သတ်ဖြတ်မှုများ၊ အကျဉ်းစခန်းများ၊ နူးကလီယားနှင့်ဓါတုဗေဒလက်နက်များကိုထုတ်လုပ်ခြင်း၊ ဘုံးကြဲခြင်း၊ ပြောက်ကျားတိုက်ပွဲများ၊ အကြမ်းဖက်မှုများနှင့် ပြည့်နေသည့် အကြီးကျယ်ဆုံးသောသွေးချောင်းစီးသည့် ခေတ်ကာလဖြစ်ပေသည်။ ဤရက်စက်ကြမ်းကြုတ်မှုများကြောင့် လူ့အသက်ပေါင်း သန်းပေါင်းရာချီ၍ ဆုံးရှုံးခဲ့သည်။

အဘယ့်ကြောင့် လွန်ခဲ့သည့်ရာစုနှစ်သည် ထိုမျှအထိ သွေးချောင်းစီးသောကာလ ဖြစ်ခဲ့သနည်း။ ပထမဆုံးအချက်မှာ၊ တိုးတက်သည့်တက်နိုလိုဂျီနည်းပညာများက ယှဉ်ကထက် ပိုမိုအင်အားကြီးမား၍ အုပ်စုလိုက်သေကြေပျက်စီးစေနိုင်သောစစ်လက်နက်ကိရိယာများကို ထုတ်လုပ်နိုင်အောင် ဖွံ့ဖြိုးစေခြင်း ဖြစ်သည်။ သို့သော်လည်း၊ ဒုတိယအရေးကြီးဆုံးအချက်မှာ၊ ၎င်းစစ်လက်နက်များကို ကမ်းကုန်အောင် ရက်ရက်စက်စက် အသုံးပြုစေသည့် အတွေးအခေါ်များကြောင့် ဖြစ်သည်။ ၂၀–ရာစုနှစ်သည် ၁၉–ရာစုနှစ်တွင် အခြေခံအုတ်မြစ်ချ၍ ပျိုးခင်းကြဲခဲ့သော "အစ်ဇင်းမ်–ဝါဒရေး"အမျိုးမျိုးတို့၏ ရက်စက်ကြမ်းကြုတ် ခါးသက်သည့် အဆိပ်သီးနှံများကို ရိတ်သိမ်းသည့်နှစ်ဟု ဆိုရပေမည်။

ယင်း "အစ်ဇင်းမ်–ဝါဒရေး"များအနက် ကွန်မြူနစ်ဝါဒသည်အကျယ်ပြန့်ဆုံးဝါဒဖြစ်၍ အရက်စက်ကြမ်းကြုတ်ဆုံးနှင့် သွေးချောင်းစီးခြင်းအများဆုံးဖြစ်ပေါ်စေသောဝါဒဖြစ်သည်။ လွန်ခဲ့သည့် နှစ်တစ်ရာအတွင်း ကွန်မြူနစ်အစိုးရနှင့် ကွန်မြူနစ်အဖွဲ့အစည်းများကသတ်ဖြတ်၍ သေကြေပျက်စီးစေခဲ့သောလူဦးရေမှာ အကြမ်းအားဖြင့် သန်းပေါင်း ၁၂၀–ခန့်ရှိခဲ့၏။ ဝါဒရေးရာတစ်ခုတည်းကြောင့် ထိုသူတို့သည်၊ မိမိတို့၏နေအိမ်များမှနှင်ထုတ်ခံရခြင်း၊ အလုပ်စခန်းနှင့် အကျဉ်းစခန်းများတွင် သေဆုံးခြင်း၊ ဆိုင်ဘေးရီးယားမြက်ခင်းလွင်ပြင်များတွင် သေကြေကုန်အောင် နှင်ထုတ်ခံရခြင်း၊ ကြောက်မက်ဖွယ်အကောင်းဆုံးအကျဉ်းစခန်းများတွင် နှိပ်စက်ခံရခြင်း၊ ကွန်မြူနစ်ဦးနှောက်ဆေး ပညာပေးသူအကြမ်းဖက်သမားတို့၏လက်ချက်ဖြင့် သတ်ဖြတ်ခံကြရခြင်း၊ လည်မျိုကိုညှစ်သတ်ခံရခြင်း၊ လည်လှီးသတ်ခံရခြင်း၊ တမင်တကာအစာရေစာငတ်မွတ်ခေါင်းပါးစေခြင်းဖြင့် ငတ်မွတ်၍သေစေခြင်း၊ စသည်ဖြင့်အသက်ဆုံးရှုံးခဲ့ကြသည်။

ဤအလံနီရိုင်းစိုင်းအကြမ်းဖက်မှုသည် ၁၉၁၇–ခုနှစ်တွင် ရုရှားနိုင်ငံ၌ပေါ်ပေါက်သော ဘိုလ်ရှီဗစ်တော်လှန်ရေးမှ စတင်ခဲ့၏။ အသစ်စက်စက်တည်ထောင်ခါစ ဆိုဗီယက်ပြည်ထောင်စုတစ်ဝှမ်းပျံ့နှံ့သွား၍၊ ထိုမှတစ်ဆင့် အရှေ့ဥရောပနိုင်ငံများ၊ တရုတ်နိုင်ငံ၊ ကိုးရီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာတင်အမေရိကနိုင်ငံအချို့၊ ကြူဘားနိုင်ငံနှင့် အာဖရိကတိုက်နိုင်ငံအမြောက်အမြားတို့သို့ ပျံ့နှံ့သွားခဲ့သည်။

## လီနင်၏ သွေးချောင်းစီးသည့်တော်လှန်ရေး

## **Lenin's Bloody Revolution**

ကားလ်မားက့်စ်က မည်သည့်နိုင်ငံရေးပါတီကိုမျှ ဦးစီးဦးဆောင်မလုပ်ခဲ့ချေ။ သူသည် လူ့သမိုင်းကို ဒိုင်အာလက်တစ်(အနုပဋိလောမ)ရုပ်ဝါဒစည်းမျဉ်းအတွင်းတွင် ပြွတ်သိပ်သွတ်သွင်းထားသူ သီအိုရီဖေါ်ထုတ်သူအတွေးအခေါ်ရှင်တစ်ဦးဖြစ်သည်။ ဤရှုထောင့်အရ၊ သူသည် အတိတ်ကိုအဓိပ္ပါယ်ဖွင့်ဆို၍ အနာဂတ်ကို ခန့်မှန်းခဲ့ပေသည်။ ထိုခန့်မှန်းချက်တွင် အကြီးကျယ်ဆုံးမှာ တကမ္ဘာလုံးတွင် တော်လှန်ရေးဖြစ်ပေါ်လာလိမ့်မည် ဟူသောအချက်ဖြစ်သည်။ အလုပ်သမားများက အရင်းရှင်စနစ်ကို ဖျက်သိမ်းပစ်ပြီးနောက် လူတန်းစားမဲ့ လူ့အဖွဲ့အစည်း ပေါ်ထွန်းလာလိမ့်မည်ဟု ကတိပြုခဲ့သည်။

၁၈၈၃–ခုနှစ်တွင် ကားလ်မားက့်စ်ကွယ်လွန်ပြီးနောက် ၁၀ နှစ်တိုင်တိုင် မည်သည့်တော်လှန်ရေးမှ မပေါ်ပေါက်ခဲ့ချေ။ ဥရောပတိုက်ရှိ အရင်းရှင်စနစ်တိုင်းပြည်များတွင် အလုပ်သမားများ၏ နေထိုင်ရေးနှင့်အလုပ်ခွင်အခြေအနေ ပိုမိုကောင်းမွန်လာသည်။ ဘူဇွာအရင်းရှင်များနှင့် အလုပ်သမားများအကြား တင်းမာမှုသည်လည်း အလိုက်သင့် လျှော့ပါးသွားပေသည်။ တော်လှန်ရေး မပေါ်ပေါက်လာခဲ့ချေ။ ပေါ်ပေါက်မည့် အလားအလာလည်းမရှိပေ။

၁၉၀၀–ခုနှစ်ဦးပိုင်းတွင် ရုရှားနိုင်ငံ၌ အရေးကြီးသည့် နောက်ထပ်အမည်တစ်ခု ပေါ်ပေါက်လာသည်။ ရုရှားနိုင်ငံတွင် မားက့်စ်ဝါဒီတို့ တည်ထောင်ထားခဲ့သော ဆိုရှယ်ဒီမိုကရက်တစ်ပါတီ၌ ဗလာဒီမီရ် အီလိချ် လီနင်အမည်ရှိသူတစ်ဦးသည် ထင်ရှားလာပေသည်။ လီနင်က မားက့်စ်ဝါဒကို အမြင်သစ်ဖြင့် အဓိပ္ပါယ်ဖွင့်ဆိုသည်။ သူ၏အမြင်အရ၊ တော်လှန်ရေးသည် နေရာတကာပြိုင်တူဖြစ်ပေါ်လာနိုင်ခြင်းမရှိဟု ဆို၏။ အဘယ့်ကြောင့်ဆိုသော် ဥရောပတိုက် အလုပ်သမားလူတန်းစားသည် ဘူဇွာတို့၏ ငြိမ်ဆေးတိုက်ကျွေးခြင်းကြောင့် မေ့မြောနေကြသည်။ အခြားနိုင်ငံများ၌လည်း အလုပ်သမားအင်အားစုမှာ ပြောပလောက်သော ဦးရေမရှိ ဟုဆိုသည်။ ဤပြဿနာကို လီနင်က အကြမ်းဖက်လက်နက်သုံးနည်းဖြင့် ဖြေရှင်းရန် အဆိုပြုသည်။ အလုပ်သမား(မားက့်စ်ဝါဒစာပေများတွင် ပစ္စည်းမဲ့လူတန်းစား)တို့က တော်လှန်ရေးကို စတင်ကြမည်မဟုတ်ဘဲ၊ စစ်သင်တန်းတက်ပြီး စစ်ပညာကျွမ်းကျင်သူတို့က အလုပ်သမားလူတန်းစား၏ ကိုယ်စား တော်လှန်ရေးဆင်နွှဲပေးလိမ့်မည်ဟု လီနင်က ခန့်မှန်းဟောကိန်းထုတ်၏။ လက်နက်အသုံးပြု၍ ဝါဒဖြန့်ခြင်းဖြင့် "ကွန်မြူနစ်ပါတီ"က နိုင်ငံရေးရာတော်လှန်ရေး ဆောင်ကျဉ်းပေးလိမ့်မည်ဟု ဆိုသည်။ သူဟောကိန်းထုတ်သည့်အတိုင်း၊ အာဏာရရချင်း လီနင်၏အခေါ် "ပစ္စည်းမဲ့လူတန်းစားအာဏာရှင်စနစ်"ကို တည်ထောင်လေသည်။ ၎င်းစနစ်သည်၊ ဆန့်ကျင်သူတို့ကို ဖယ်ရှားသုတ်သင်ပစ်၍ ပုဂ္ဂလိကပိုင်ပစ္စည်းများကို ဖျက်ဆီးပစ်ကာ လူ့အဖွဲ့အစည်းသည် ကွန်မြူနစ်လမ်းစဉ်အတိုင်း တိုးတက်ဖွံ့ဖြိုးမှု ရရှိပေမည်။

လီနင်၏သီအိုရီအရ၊ ကွန်မြူနစ်ဝါဒသည် လက်နက်ကိုင်အကြမ်းဖက်သမားတစ်စု၏ အတွေးအခေါ်ဖြစ်သွားတော့သည်။ သူ၏နောက်ပိုင်း ကွန်မြူနစ်ပါတီ(သို့မဟုတ် သွေးချောင်းစီးခြင်းကိုသာ လိုလိုလားလားအာရုံစိုက်သော တော်လှန်ရေးအလုပ်သမားပါတီ)ပေါင်း ရာနှင့်ချီ၍ တကမ္ဘာလုံးပြန့်သွားလေသည်။

ကွန်မြူနစ်ပါတီက ၎င်း၏တော်လှန်ရေးတွင် မည်သည့်နည်းများကို အသုံးပြုရန် ရည်ရွယ်ခဲ့သနည်း။ လီနင်က ဤမေးခွန်းကို စာပေရေးသားခြင်းဖြင့်လည်းကောင်း၊ လက်တွေ့အကောင်အထည်ပြခြင်းဖြင့်လည်းကောင်း၊ အဖြေပေးခဲ့ပေသည်။ ကွန်မြူနစ်ပါတီသည် အတတ်နိုင်ဆုံး သွေးအများဆုံးထွက်သည့်နည်းကို အသုံးပြုပေမည်။ ၁၉၀၆–ခုနှစ်၊ ဘိုလ်ရှီဗစ်တော်လှန်ရေးမတိုင်မီအလျင် တစ်ဆယ့်တစ်နှစ်တွင် *ပစ္စည်းမဲ့* မဂ္ဂဇင်းတွင် အောက်ပါအတိုင်း ရေးသားခဲ့၏။








မားက့်စ်ကွယ်လွန်ပြီးနောက် လီနင်က မားက့်စ်၏အတွေးအခေါ်ကို အဓိပ္ပါယ်ဖွင့်ဆို၍ မားက့်စ်ကချန်ထားခဲ့သော မသေခြာမရေရာသည့်အချက်များကို ကြိုးစားဖြည့်စွက်ခဲ့၏။ ထိုသို့ပြုစဉ်အတွင်း၊ လီနင်က လက်နက်သုံးအကြမ်းဖက်၍ ကွန်မြူနစ်အာဏာတည်ဆောက်နိုင်မည့် ပုံသေနည်းကို ဖေါ်ထုတ်ခဲ့ပေသည်။ အပေါ်ပုံသည် ၁၈၉၇–ခုနှစ်တွင် လီနင်(အလယ်)နှင့် အခြားကွန်မြူနစ်လူကြမ်းများနှင့်အတူ စိန့်ပီတာ(စ်)ဘားဂ်တွင် ရိုက်ထားသောပုံဖြစ်သည်။ လက်ျာပုံမှာ မားက့်စ်၏ ဒါးစ်ကဲပီတာလ်စာအုပ်ကို ရုရှားဘာသာစကားဖြင့် ပြန်ဆိုထားသောစာအုပ်ဖြစ်သည်။



၁၉၁၉ခုနှစ်တွင် ယင်ပြင်နီ၌ လီနင်လူထုရှေ့မိန့်ခွန်းပြောနေစဉ်။



၁၉၁၇ခုနှစ် နိုဝင်ဘာလ၌
ဘိုလ်ရှီဗစ်တော်လှန်ရေး
ရဲဘော်များကို လက်နက်
အပြည့်အစုံနှင့်အတူတွေ့ရပုံ။

> ကျွန်ုပ်တို့စိတ်ဝင်စားသောဖြစ်ရပ်မှာ လက်နက်ကိုင်တိုက်ပွဲဝင်လှုပ်ရှားခြင်းဖြစ်သည်။ တစ်ဦးချင်းရော အုပ်စုငယ်အလိုက်ပါဖြင့် လုပ်ဆောင်ကြရမည်။ အချို့က တော်လှန်ရေးအဖွဲ့အစည်းတွေမှာ ပါဝင်ကြပြီး အချို့(ရုရှားနိုင်ငံ၏အချို့သောဒေသများမှ အများစုတို့)မှာ မည်သည့်အဖွဲ့အစည်းတွင်မှ ပါဝင်ခြင်းမရှိ။ လက်နက်ကိုင်တိုက်ခိုက်ရန်းကန်ခြင်းတွင်၊ ရည်ရွယ်ချက်နှစ်ခု ပါဝင်သည်။ ၎င်းရည်ရွယ်ချက်များကို ပြတ်ပြတ်သားသားခွဲခြားနိုင်ရမည်။ ပထမရည်ရွယ်ချက်မှာ၊ ဤလက်နက်ကိုင်လှုပ်ရှားမှုသည် အုပ်ချုပ်ရေးခေါင်းဆောင်များနှင့် စစ်တပ်နှင့်ရဲအဖွဲ့တွင်အမှုထမ်းလျက်ရှိသော ၎င်းတို့၏တပည့်များ၊ ပုဂ္ဂိုလ်တစ်ဦးချင်းကို သတ်ဖြတ်ရန်ဖြစ်သည်။ ဒုတိယရည်ရွယ်ချက်မှာ၊ အစိုးရနှင့် ပုဂ္ဂလိကပိုင် ငွေကြေးများကို ရံပုံငွေအတွက် တိုက်ခိုက် သိမ်းယူရန်ဖြစ်သည်။ သိမ်းယူရရှိသောငွေကြေးများမှ တစ်ပိုင်းကို ပါတီရံပုံငွေအဖြစ်ခွဲဝေပေး၍၊ အခြားတစ်ပိုင်းကို လက်နက်ကိုင်ထကြွပုန်ကန်ရန် လက်နက်စုဆောင်းရန်အတွက် ခွဲဝေပေးရမည်။ နောက်ဆုံးတစ်ပိုင်းကို ဤလုပ်ငန်းတွင် တိုက်ရိုက်ပါဝင်သူတို့၏ နေရေးထိုင်ရေးစားသောက်ရေးအတွက် ဖြစ်သည်။ ကြီးမားသည့် (ဥပမာ ကောကေဆပ်တွင် ရူဘယ်လ် ၂၀၀၀၀၀ ကျော်နှင့် မော်စကိုမြို့ကြီးတွင် ရူဘယ် ၈၇၅၀၀၀)အလုံးအရင်းသိမ်းယူရရှိငွေများတွင် ပထမဆုံး တော်လှန်ရေးပါတီများသို့ခွဲဝေပေး၍၊ သေးဖွဲသော သိမ်းယူရရှိငွေများကို "သွားရောက်သိမ်းယူသူ"တို့ကို အများစု သို့မဟုတ် အားလုံးပေးအပ်လိုက် သည်။[၁၄]

၁၉၀၀–ခုနှစ်ဦးပိုင်းတွင်၊ ရုရှားဒီမိုကရက်တစ်ပါတီ၌ အတွေးအခေါ်ကွဲလွဲမှုဖြစ်ပေါ်ခဲ့သည်။ လီနင်ဦးဆောင်သောအုပ်စုက လက်နက်ကိုင်အကြမ်းဖက်တော်လှန်ရေးကို ထောက်ခံ၍၊ ကျန်အုပ်စုသည် မားက်စ့်ဝါဒကို ရုရှားနိုင်ငံသို့ ပို၍ဒီမိုကရေစီဆန်သောနည်းဖြင့် ယူဆောင်သွတ်သွင်းလိုပေသည်။ လီနင်၏နောက်လိုက်သားများက၊ လူနည်းစုဖြစ်သော်လည်း၊ နည်းမျိုးစုံသုံး၍ အများစုဖြစ်လာအောင် ဖိအားပေးစုဆောင်းကြသည်။ ထို့ကြောင့် နောင်ပါတီဝင်လူများစု၏ ထောက်ခံမှုရရှိသောအခါ သူတို့၏အုပ်စုကို ရုရှားဘာသာစကားအရ "အများစု"ဟုအဓိပ္ပါယ်ရသောအမည် ***ဘိုလ်ရှီဗစ်***ဟု ခေါ်တွင်လေသည်။ အခြားအုပ်စုကိုမူ "လူနည်းစု"ဟု အဓိပ္ပါယ်ရသော ***မင်ရှီဗစ်***ဟု ခေါ်တွင်လေသည်။

ဘိုလ်ရှီဗစ်တို့သည် လီနင်လမ်းခင်းပေးသည့်အတိုင်း စည်းရုံးရေးဆင်း၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အစိုးရဘဏ္ဍာငွေများကိုတိုက်ခိုက်သိမ်းပိုက်ခြင်း၊ အာဏာပိုင်တို့၏လုပ်ငန်းဌာနများကို ခါးပြတိုက်ခြင်း စသည်တို့ကို စတင်ဆောင်ရွက်ကြလေသည်။ ပြည်နှင်ဒဏ်ခံရသဖြင့် နှစ်ပေါင်းများစွာ ပျောက်နေကြရာမှ၊ ၁၉၁၇–ခုနှစ်တွင် ဘိုလ်ရှီဗစ်တို့က ရုရှားတော်လှန်ရေးကို စတင်ကြလေသည်။ အမှန်မှာ၊ ထိုနှစ်တွင် သီးခြားစီဖြစ်သည့်တော်လှန်ရေးနှစ်ခုဖြစ်ပေါ်ခဲ့သည်။ ပထမတစ်ခုမှာ၊ ဖေဖော်ဝါရီလတွင်ဖြစ်၍၊ ဇာဘုရင်ဒုတိယနိကိုလပ်စ်ကို နန်းချကာ သူ၏အိမ်ထောင်စုတစ်ခုလုံးနှင့်အတူ အကျဉ်းချကြပြီး ဒီမိုကရေစီအစိုးရတည်ထောင်ကြသည်။ သို့သော်လည်း ဘိုလ်ရှီဗစ်တို့က ဒီမိုကရေစီကို မလိုလားကြချေ။ သူတို့က ပစ္စည်းမဲ့အာဏာရှင်စနစ်ကို တည်ထောင်ရန်သာ စိတ်အားသန်ကြလေသည်။

၁၉၁၇–ခုနှစ်၊ အောက်တိုဘာလတွင် သူတို့စောင့်မျှော်ခဲ့ကြသောတော်လှန်ရေးကို အကောင်အထည်ဖော်ကြသည်။ လီနင်နှင့်သူ၏ပထမလက်ထောက် ထရော့စကီတို့ဦးစီးသော ကွန်မြူနစ်လက်နက်ကိုင်အကြမ်းဖက်သမားတို့က မြို့တော်ဟောင်း ပီတြိုဂရက်နှင့် မော့စကိုမြို့ကို သိမ်းပိုက်လိုက်ကြသည်။ ဤမြို့တော်ကြီးနှစ်ခုတွင် ဖြစ်ခဲ့သောတိုက်ပွဲတို့က ကမ္ဘာ့ပထမဦးဆုံးသော ကွန်မြူနစ်အစိုးရကို တည်ထောင်ပေးခဲ့သည်။

အောက်တိုဘာတော်လှန်ရေး၏နောက်ပိုင်းတွင်၊ ရုရှားနိုင်ငံသည် သုံးနှစ်တိုင်တိုင် ဇာဘုရင်၏ဗိုလ်ချုပ်တို့စည်းရုံးဦးစီးသောတပ်ဖြူနှင့် ထရော့စကီဦးစီးသော တပ်နီတို့တိုက်ခိုက်သည့် ပြည်တွင်းစစ်ကို အလူးအလဲခံရလေသည်။ ၁၉၁၈–ခုနှစ် ဇူလိုင်လတွင် ဇာဘုရင်ဒုတိယနိကိုလပ်စ်နှင့် သူ၏သားသမီးသုံးပါးအပါအဝင် အိမ်ထောင်စုတစ်ခုလုံးကို ကွပ်မျက်ရန် လီနင်က ဘိုလ်ရှီဗစ်တို့အား အမိန့်ပေးခဲ့သည်။ ထိုပြည်တွင်းစစ်အတွင်း၊ ဘိုလ်ရှီဗစ်တို့သည် အဆိုးရွားဆုံးသောရာဇဝတ်မှု၊ သတ်ဖြတ်မှုများကို ကျူးလွန်ကြ၍ သူတို့အားဆန့်ကျင်သူတို့ကို နည်းမျိုးစုံဖြင့် နှိပ်စက်ရန် ဝန်မလေး မတွန့်ဆုတ်ခဲ့ကြချေ။



<u>အပေါ်ပုံ။</u> ၁၉၁၈ခုနှစ်တွင် လီနင်ကို ဘိုလ်ရှီဗစ်အကြမ်းဖက်သမားတစ်စုနှင့်အတူ တွေ့ရပုံ။ လူထုကအစဉ်ကြောက်လန့်ခြောက်ခြားနေရန်အတွက် လီနင်က ကွန်မြူနစ်အကြမ်းဖက်သမားများ ထံသို့ သံကြိုးစာဖြင့် အဆက်မပြတ်အမိန့်ပေးခဲ့လေသည်။

တော်လှန်ရေးကို ဆန့်ကျင်သည့် ရုရှားလူ့အဖွဲ့အစည်းအားလုံးကို တပ်နီနှင့် လီနင်ဖွဲ့စည်းသော ချက်ကာခေါ်စစ်ပုလိပ်အဖွဲ့က၊ အကြမ်းဖက်ခြိမ်းခြောက်ကြသည်။ ပါမောက္ခတစ်စုက ဝိုင်းဝန်းရေးသားပြုစု၍ ဟားဗတ်တက္ကသိုလ်မှ ပုံနှိပ်ထုတ်ဝေသော ကွန်မြူနစ်ဝါဒ၏ စာအုပ်မဲ *(The Black Book of Communism)*အမည်ရှိစာအုပ်တွင် ကွန်မြူနစ်တို့၏ တကမ္ဘာလုံးအတိုင်းအတာနှင့် အလွန့်အလွန်ရက်စက်ယုတ်မာသောလုပ်ရပ်များအကြောင်းရေးသားရာ၌ ဘိုလ်ရှီဗစ်တို့၏ ကြောက်မက်ထိန့်လန့်ဖွယ်လုပ်ရပ်များကိုလည်း အောက်ပါအတိုင်း ထည့်သွင်းဖေါ်ပြထားပေသည်။

> ဘိုလ်ရှီဗစ်တို့သည်၊ သူတို့ကို သို့မဟုတ်တော်လှန်ရေးနှင့်အာဏာကို ဆန့်ကျင်သူနှင့်သဘောမတူသူတို့အား၊ ဥပဒေအရရော ကာယကံမြောက်အရပါ ဖျောက်ဖျက်ပစ်ရန် ဆုံးဖြတ်ချက်ချထားကြသည်။ သူတို့၏လုပ်နည်းလုပ်ဟန်မှာ၊ နိုင်ငံရေးအမြင်အရ သူတို့နှင့်ဆန့်ကျင်သည့်အုပ်စုများနှင့်အတူ အထက်တန်းလွှာပဒေသရာဇ်မျိုးနွယ်များ၊ အလယ်အလတ်လူတန်းစားများ၊ ပညာရှင်များ၊ ဆေးဆရာဝန်အင်ဂျင်နီယာစသည့်အသက်မွေးဝမ်းကျောင်းကျွမ်းကျင်သူများ၊ စစ်သားပုလိပ်အရာရှိများနှင့် ဘာသာရေးဆရာဘုန်းကြီးများကို ဖယ်ရှားပစ်ကြသည်။ တစ်ချို့အပိုင်းတွင် ဘိုလ်ရှီဗစ်တို့က မျိုးဖြုတ်သတ်ဖြတ်ခြင်း လုပ်ဆောင်ကြသည်။ ၁၉၂၀–ခုနှစ်တွင်စတင်သည့် “ကောဆက်လူမျိုးရှင်းလင်းရေး”အစီအစဉ်သည် ကျွန်ုပ်တို့ပြောသည့်လူမျိုးဖြုတ်သတ်ဖြတ်ခြင်းအတွက် အကောင်းဆုံး ဥပမာဖြစ်၏။ နေရာဒေသတစ်ခုတွင် အတည်တကျအခြေစိုက်နေထိုင်သော ကော့ဆက်လူမျိုးစုတစ်ခုလုံးကို ကုန်ခန်းလုနီး သတ်ဖြတ်ပစ်ကြသည်။ ယောကျ်ားများကို ပစ်သတ်လိုက်ကြသည်။ မိန်းမ၊ ကလေးသူငယ်နှင့် ဇရာအိုတို့ကိုမူ ပြည်နှင်ဒဏ်ပေးကြ၏။ ရွာများကိုမီးတင်ရှို့ပစ်ခြင်း သို့မဟုတ် ကော့ဆက်လူမျိုးမဟုတ်သူတို့ကို ပေးနေသည်။ လီနင်က ကော့ဆက်လူမျိုးများကို ၁၇၉၅–ခုနှစ်၌ ခေတ်သစ်ကွန်မြူနစ်ဝါဒကို ပထမဦးဆုံးတီထွင်သူ ဂရက်ချူစ်ဘာဘုစ်က “လူဦးရေ လျှော့ပေါ့ရေး”ဟုခေါ်သော ပြင်သစ်တော်လှန်ရေးခေတ်အစီအစဉ်မှ ဗင်ဒီတို့နှင့်နှိုင်းယှဉ်လေသည်။[၁၅]

ဘိုလ်ရှီဗစ်တို့ ဝင်ရောက်သည့်မြို့တိုင်းတွင် သူတို့၏အတွေးအခေါ်ကို လက်မခံသူများကို သတ်ဖြတ်ပစ်ကြသည်။ လူထုက သူတို့အား ကြောက်ရွံ့စေရန် အလွန်ရိုင်းစိုင်းယုတ်မာ

သောအကြမ်းဖက်မှုများကို ကြုံးလွှန်ကြသည်။ *ကွန်မြူနစ်ဝါဒ၏စာအုပ်မဲ*တွင် ခရီးမီယားၣ် ကြုံးလွန်သောရက်စက်မှုများကို ဖော်ပြထားပေသည်။

> ဘိုလ်ရှီဗစ်တို့သည်၊ ခရီးမီယားမြို့ကြီးနှင့်အတူ ဆီဗတ်စ်တိုပိုလ်၊ ယောလ်တာ၊ အလူရှာနှင့် ဆီမ်ဖါ ရိုပိုလ် စသည့်မြို့များတွင် အလားတူအကြမ်းဖက်မှုများကို ကြုံးလွန်ကြပေသည်။ ၁၉၁၈–ခုနှစ် ဧပြီလနှင့် မေလအတွင်း သူတို့ကို တော်လှန်ပုန်ကန်နေသော ကော့ဆက်မြို့ကြီးတွင်လည်း အလား တူရက်စက်ကြမ်းကြုတ်သည့်အကြမ်းဖက်မှုများကို ကြုံးလွန်ကြပေသည်။ အင်မတန်တိကျလှသော ဒင်နီကင်ကော်မီရှင်၏ မှတ်တမ်းတွင် "လူသေအလောင်းများသည်၊ လက်များဖြတ်ထားခြင်း၊ အရိုးများကြိုးနေခြင်း၊ ဦးခေါင်းများကို ဆုတ်ဖြဲထားခြင်း၊ မေးရိုးများကြိုးနေခြင်းနှင့် လိင်တန်ဆာ များလှီးဖြတ်ထားခြင်း၊ စသည်တို့ဖြင့် ပြည့်နက်နေပေသည်။[၁၆]

ဆိုရှယ်လစ်ဝါဒီရုရှားလူမျိုးသမိုင်းပါရဂူဖြစ်သူ အက်စ်ပီ မဲလ်ဂူနော့ဗ်၏ *ရုရှားနိုင်ငံမှ အနီရောင်ရက်စက်အကြမ်းဖက်မှုများ*(The Red Terror in Russia) ဟူသောစာအုပ်တွင်၊ မျက် မြင်သက်သေများကို ဖြောက်ဖျက်ရှင်းလင်းရေးတိုက်ပွဲကြောင့် ဆီဗတ်စ်တိုပိုလ်မြို့ကို **"ကြိုးဆွဲ ချမြို့"**အဖြစ် ပြောင်းလဲပစ်ကြသည်ဟု ရေးသားထားသည်။

> နာခီမော့ဗ်စကီမှစ၍ လမ်းတွင်ဖမ်းဆီးရရှိခဲ့သည့် အရာရှိများ၊ စစ်သားများနှင့် အရပ်သားများ၏အ လောင်းများကို လမ်းဘေးတစ်လျှောက် တွဲလောင်းဆွဲထားသည်ကို တွေ့ရသည်။ မြို့တစ်ခုလုံးသည် သေနေသောမြို့ဖြစ်နေသည်။ အသက်ရှင်ကျန်နေသူတို့သည်လည်း မြင်းဇောင်းထပ်ခိုးနှင့် မြေ အောက်ခန်းများတွင် ပုန်းအောင်းနေကြသည်။ နံရံတွေ၊ ဆိုင်ရှေ့တွေနှင့် ကြေးနန်းတိုင်များတွင် "သစ္စာဖေါက်တို့ကို သတ်ပစ်" ဟူသောပိုစတာများဖြင့် ပြည့်နက်လျက်ရှိသည်။ သူတို့က လူတွေ ကို အပျော်တန်း သတ်ဖြတ်နေကြသည်။[၁၇]

ဘိုလ်ရှီဗစ်တို့သည်၊ သူတို့သတ်ဖြတ်လိုသောလူများကို အမျိုးအစားခွဲထားကြသည်။ ဥ ပမာ၊ (ဆိုရှယ်လစ်ဝါဒကို ဘိုလ်ရှီဗစ်တို့ နားလည်သဘောပေါက်ခြင်းတွင် ခြားနားသည့် "မင် ရှီဗစ်"ခေါ်)ဘူဇွာတို့သည် အစိုးရသစ်၏ အဓိကရန်သူ ဖြစ်သည်။ လူဦးရေအများဆုံးပါဝင်သော **"ကူလပ်"**ကို အထူးတလည်ထား၍ သုတ်သင်ရှင်းလင်းကြသည်။ ရုရှားဘာသာစကားတွင် ကူ လပ်သည် ကြွယ်ဝချမ်းသာသော မြေပိုင်ရှင်တို့ကို ခေါ်သောအမည်ဖြစ်သည်။ တော်လှန်ရေးကာ လအတွင်း ကူလပ်တို့အပေါ်သို့ သနားကြင်နာမှုကင်းမဲ့သည့်အကြမ်းဖက်မှုများဖြင့် ကံဆိုးမိုး မှောင်ကျရောက်စေသည့် ရာပေါင်းများစွာသောအမိန့်စာများကို လီနင်ကိုယ်တိုင် ထုတ်ပြန်ခဲ့ပေ သည်။ ဥပမာ၊ **ပင်ဇာဆိုဗီယက်မှ ဗဟိုအလုပ်အမှုဆောင်ကော်မီတီသို့ပေးပို့သောကြေးနန်း စာတစ်စောင်တွင်၊**

> "ရဲဘော်တို့၊ သင်တို့၏ငါးခရိုင်တွင် ဖြစ်ပေါ်သည့် ကူလပ်ထကြွမှုကို သနားကြင်နာခြင်းကင်းမဲ့စွာ နှိမ်နင်း ပစ်ရမယ်။ တော်လှန်ရေးတစ်ခုလုံးရဲ့အကျိုးအတွက် ယင်းဆောင်ရွက်ချက်လိုအပ်တယ်။ ကူလပ်တို့နဲ့ နောက်ဆုံးပြိုင်ဆိုင်တိုက်ခိုက်ခြင်း ယခုအချိန်ကနေ စတင်နေပြီ။ ဒီလူတွေနဲ့ သင်တို့နမူ နာပြကြပါ။ ကြိုးဆွဲချသတ်ပါ။ (ကျွန်ုပ်ဆိုလိုရင်းက၊ အများလူထုမြင်အောင် လူထုရှေ့မှာ ကြိုးဆွဲ သတ်ကြပါ။) အနည်းဆုံးတစ်ခရိုင်မှာ ကြွယ်ဝချမ်းသာတဲ့ခွေးမသား သွေးစုတ်ကောင် ကူလပ် ၁၀၀ စီ သတ်ပါ။ သူတို့ရဲ့နာမည်တွေကို စာရင်းပြုစုပြီး ကြော်ငြာအဖြစ် ဝေငှပါ။ သူတို့ရဲ့ ဆန်စပါးအား လုံးသိမ်းယူပါ။ ပတ်ဝန်းကျင်မိုင်ပေါင်းများစွာကလူ တွေ တွေ့အောင်၊ သဘောပေါက်ကြအောင်၊ တုန်လှုပ် ခြောက်ခြားအောင် ကျွန်ုပ်အမိန့်ပေးတဲ့အတိုင်းလုပ်ကြ ပါ။ သင်တို့၏––လီနင်။[၁၈]

လီနင်သည် ဤသို့သောအမိန့်စာ အမြောက် အမြားထုတ်ပြန်ခဲ့သည်။ ဘိုလ်ရှီဗစ်အကြမ်းဖက်သမား တို့ကလည်း သူ၏အမိန့်ကို ဝမ်းပန်းတသာ လိုက်နာ ဆောင်ရွက်ကြသည်။ အချို့က သူတို့စိတ်ကူးရသည့် ရက်စက်နည်းများကို ထပ်မံကွန့်ကြသေးသည်။ အလွန်ကျော်ကြားသောစာရေးဆရာ မက်ဇင်မ်ဂေါ်ကီက



မက်ဇင်မ်ဂေါ်ကီ Maxim Gorky

ငင်းနည်းအချို့ကို သက်သေခံ၍ရေးသားခဲ့ပေသည်။

တမ်ဘော့ဗ်တိုင်းတွင် ကွန်မြူနစ်များက လူတွေကို လက်ဝါးကပ်တိုင်တွင် လက်တစ်ဖက်နှင့် ခြေတစ်ဖက်ကို သံမှိုရိုက်၍ မြေပြင်မှ တစ်မီတာခန့်အမြင့်တွင်ကိုးရိုးကားယား ကားစင်တင်ထားသည်ကို လူထုအား ဝိုင်းကြည့်စေသည်။ အကျဉ်းသား၏ဝမ်းပိုက်ကိုခွဲ၍ အူသိမ်အစပိုင်းကို သစ်ပင်၊ ငုတ်တိုင် သို့မဟုတ် ကြေးနန်းတိုင်၌ချည်ထားပြီး ထိုအကျဉ်းသားကို ရိုက်နှက်၍ထွက်ပြေးခိုင်းလေရာ အူသိမ်သည်လည်း ဝမ်းတွင်းအခွေမှ တသီတတန်းကြီး ပြေထွက်လာသည်ကို လူထုအား ကြည့်ခိုင်း၏။ အစိုးရအရာရှိများကို ဖမ်းဆီး၍ ကိုယ်လုံးတီးချွတ်ပြီး ပုခုန်းမှသားရေကို စလွယ်သိုင်းကြိုးကဲ့သို့ ခွာထားသည်ကိုလည်း ပြသကြသည်။---[၁၉]







ဘိုလ်ရှီဗစ်စစ်ဦးစီးချုပ်ဖြစ်၍ လီနင်၏
နောက်ဒုတိယအရေးကြီးဆုံးပုဂ္ဂိုလ်
လီယွန် ထရော့စကီး၏ပုံ ဖြစ်သည်။
တပ်နီစစ်ဦးစီးအဖြစ်ဖြင့် ရုရှားနိုင်ငံတစ်ခု
လုံးကို သွေးချောင်းစီးသည့် ပြည်တွင်းစစ်
မြေပြင်အဖြစ် ပြောင်းလဲခဲ့သူဖြစ်သည်။
အပေါ်ဆုံးပုံမှာ၊ ဤပြည်တွင်းစစ်တွင်
သိန်းပေါင်းများစွာသော အပြစ်မဲ့သူတို့
အသက်ခံရကြသည့်ပုံဖြစ်၏။




ဝါဒဖြန့်ပိုစတာတစ်ခုတွင် ထရော့စကီးကို
စစ်သူရဲခေါင်းအဖြစ် ပြထားသည်။

ထရော့စကီး၏ သွေးထိုးလှုံ့ဆော်မှုကြောင့် ဇာဘုရင်အားတော်လှန်ရာ၌ အားပေးထောက်ခံ
ပုန်ကန်ထကြွကြသည့် ရုရှားတပ်သားများကို ၁၉၁၇ခုနှစ် စိန့်ပီတာစဘာ့ဂ်တွင် တွေ့ရပုံ။



ကွန်မြူနစ်ဝါဒကို လက်မခံသူ မလိုက်နာသူတို့ကို ဖျောက်ဖျက်ပစ်ရာ၌ ဘိုလ်ရှီဗစ်တို့က တာဝန်ယူကြသည်။ လူပေါင်းသိန်းနှင့်ချီ၍ ခုံရုံးတင်စစ်ဆေးခြင်းမရှိဘဲ သတ်ဖြတ်ပစ်ကြသည်။ ကွန်မြူနစ်ဆန့်ကျင်သူအမြောက်အမြားတို့အား "ကူလပ်"ဟုခေါ်သောနိုင်ငံရေးအကျဉ်းစခန်းသို့ ပို့ကြသည်။ ထိုစခန်းများ၌ အင်မတန်ကြမ်းတမ်းသောအလုပ်များကို လုပ်ကြရသဖြင့် ဆင်းရဲဒုက္ခကြီးစွာဖြင့် သေဆုံးကြရသည်။ အများအားဖြင့် ထိုစခန်းမှအသက်ရှင်၍ ပြန်လာခဲ့ခြင်း မရှိကြချေ။ ၁၉၁၈–ခုနှစ်မှစ၍ ၁၉၂၂–ခုနှစ်အထိ ကွန်မြူနစ်အစိုးရကို ဆန့်ကျင်သည့် ရွာသားများနှင့် အလုပ်သမားပေါင်း သိန်းပေါင်းများစွာကို သတ်ဖြတ်ခဲ့ကြသည်။

*ဟားဗတ်တက္ကသိုလ်မှ* သမိုင်းပါရဂူ ရစ်ချာဒ်ပိုက်စ်က သူ၏ *အများမသိသောလီနင်*ခေါ် စာအုပ်အတွက် ဆိုဗီယက်ရုရှား၏လျှို့ဝှက်မော်ကွန်းစာရွက်စာတမ်းများကို ရှာဖွေသုတေသနပြုခဲ့သည်။ လီနင်က လူအမြောက်အမြားကို နှိပ်စက်သတ်ဖြတ်သည့်အမိန့်စာပေါင်းမရေမတွက်နိုင်လောက်အောင် ထုတ်ပြန်ခဲ့သည်ဟု ဖော်ထုတ်ခဲ့ပေသည်။ နောက်ဆုံးတွင် သူ၏စာအုပ်တွင် အောက်ပါအတိုင်း ချင့်တွက်ထားပေသည်။

> ယခုအချိန်အထိရရှိသော သက်သေအထောက်အထားများအရ၊ လီနင်သည် စံနမူနာထားထိုက်သူတစ်ဦးမဟုတ်ဘဲ တစ်စုံတစ်ခုသောပြဿနာအမှန်ဘဲဖြစ်ဖြစ် စိတ်ကူးယဉ်ဘဲဖြစ်ဖြစ်၊ ယင်းပြဿနာများကို ဖြေရှင်းသည့်အကောင်းဆုံးနည်းလမ်းမှာ ထိုပြဿနာကိုစတင်ဖန်တီးသူကို သတ်ပြစ်ခြင်းဖြစ်သည်ဟု ယုံကြည်သူ၊ အစုလိုက်အပြုံလိုက်သတ်ဖြတ်သူ လူသတ်သမားဖြစ်သည် ဟူသောအဆိုကို ငြင်းဆန်ရန် ခက်ခဲပေသည်။ သူသည်၊ ၂၀–ရာစုနှစ်အတွင်း အသက်ဇီဝိန်သန်းပေါင်းရာချီ၍ ဆုံးရှုံးစေသည့်နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာမျိုးဖြုတ်သတ်ဖြတ်မှုအလေ့အထကို စတင်ခဲ့သူဖြစ်သည်။[၂၀]

## ပါဗ်လော့ဗ်၏ခွေးများနှင့် လူသားအီဗိုလူးရှင်းအတွက် လီနင်၏စီမံကိန်း

## Pavlov's Dogs and Lenin's Plans for Human Evolution

လီနင်၏အကြမ်းဖက်မှုနှင့်နောက်ထပ်လိုက်ပါလာသောကွန်မြူနစ်ရက်စက်မှုတို့၏ နောက်ကွယ်ရှိ အကြောင်းရင်းများကို သဘောပေါက်ရန် အရေးကြီးပေသည်။ စတာလင်၊ မော်နှင့်ပွန်ပွတ်အစရှိသည့်ကွန်မြူနစ်ခေါင်းဆောင်တို့သည် အဘယ့်ကြောင့်အသိတရားကင်းမဲ့သကဲ့သို့ ထိန်းမနိုင်သိမ်းမရသော လူသတ်သမားများ ဖြစ်ခဲ့ကြသည်ကို ကျွန်ုပ်တို့ဆန်းစစ်ကြပါမည်။

အဓိကကြောင်းရင်းမှာ၊ သူတို့ခံယူလက်ကိုင်ထားသော ရုပ်ဝါဒနှင့် လူသားများအပေါ်ထားရှိသောအမြင်ကြောင့်ဖြစ်ပေသည်။ ကျွန်ုပ်တို့ အစဦးပိုင်းတွင်ဖော်ပြခဲ့သည့်အတိုင်း၊ ကွန်မြူနစ်ဝါဒသည် အခြေခံအားဖြင့် ရုပ်ဝါဒအတွေးအခေါ်ကို သမိုင်းတွင်အသုံးပြုထား၍၊ ရုပ်ဝါဒကို သဘာဝလောကကိုလေ့လာရာ၌ လက်နက်အဖြစ်အသုံးပြုသည့်ဒါဝင်၏သီအိုရီနှင့် သဟဇာတသင့်သည် ဟူသောအတွေးအခေါ်ဖြစ်သည်။ ကတ်သီးကတ်သတ်ကကြိကကြောင်နိုင်သော ဤအတွေးအခေါ်၏ အဓိကအချက်များကို အောက်ပါအတိုင်း ဖော်ပြနိုင်ပေသည်။

၁။ လူသားသည်၊ ဒြပ်ဝတ္ထုဖြင့်ဖွဲ့စည်းထားသောအရာသာဖြစ်၍၊ ဝိညာဉ်ပါဝင်နေခြင်းမရှိ။


၂။ လူသားသည်၊ အမြင့်ဆုံးဖွံ့ဖြိုးပြီးဖြစ်သော တိရစ္ဆာန်မျိုးစိတ်တစ်မျိုးဖြစ်သည်။ လူသားနှင့်တိရစ္ဆာန်အကြားတွင် အဓိကရကွာခြားမှုမရှိချေ။ လူသားသည် အခြားတိရစ္ဆာန်များ အကြားရှိ တစ်ခုတည်းသောကွာခြားနေမှုမှာ၊ သူ၏ပတ်ဝန်းကျင်က သူ့အားယဉ်ပါးစေခြင်းသာဖြစ်ပေသည်။

၃။ သဘာဝနှင့် လူ့အဖွဲ့အစည်းတွင် မပြောင်းမလွဲနိုင်သည့်တစ်ခုတည်းသောဥပဒေသမှာ ပဋိပက္ခဖြစ်၏။ ကိုယ်ကျိုးတွင် ရုန်းကန်တိုက်ခိုက်ပြိုင်ဆိုင်ခြင်းတည်းဟူသော ပဋိပက္ခဖြစ်ခြင်း ပေါ်ပေါက်လာသည်။ နောက်ဆုံးတွင် သဘာဝအလျောက်သော်လည်းကောင်း၊ လိုအပ်ချက်ကြောင့်သော်လည်းကောင်း၊ တစ်ဖက်ဖက်ကရှုံးနိမ့်ခြင်း၊ ဒုက္ခခံရခြင်းနှင့် သေကြေပျက်စီးခြင်းဖြင့် နိဂုံးချုပ်ရသည်။

၄။ ထို့ကြောင့်၊ ကွန်မြူနစ်အမြင်အရ၊ ဖွံ့ဖြိုးတိုးတက်မှုတစ်ခုခုအတွက်၊ ဥပမာ–"တော်လှန်ရေး" အောင်မြင်ရန်အတွက် လူပေါင်းမြောက်မြားစွာ ဒုက္ခခံရခြင်း၊ နှိပ်စက်ခံရခြင်း၊ သေကြေပျက်စီးကြရခြင်း စသည်တို့ဖြစ်ပေါ်လာ၏။ တစ်ခါတစ်ရံ ထိုသို့ဖြစ်ရန်ပင် လိုအပ်၏။

၅။ ကွန်မြူနစ်ဝါဒနှင့်အတူ ရုပ်ဝါဒအတွေးအခေါ်ကိုလက်ခံသော အခြားနိုင်ငံရေးအတွေးအခေါ်အားလုံးတို့သည်၊ ဤ(အထက်တွင်ဆိုခဲ့ပြီးသော)ခံယူချက်များကို တရားဝင်ဖြစ်စေရန်အတွက် လူ့အဖွဲ့အစည်း၏ ဘုရားသခင်(အလ္လာဟ်အရှင်မြတ်)၌ ယုံကြည်မှုကို တိုက်ဖျက်ကြပေသည်။ အမှန်မှာ ရုပ်ဝါဒ၏ရည်ရွယ်ချက်မှာ လူ့အဖွဲ့အစည်း၏ အလ္လာဟ်အရှင်မြတ်အား သက်ဝင်ယုံကြည်ခြင်းကို ပပျောက်စေ၍ ဘာသာတရားနှင့်ကိုယ်ကျင့်တရားတန်ဖိုးများကို ပစ်ပယ်စေရန်ဖြစ်သည်။ ၎င်းနောက် အများလူသားတို့ကို မိမိကိုယ်ကိုဝိညာဉ်ကင်းမဲ့သောတိရစ္ဆာန်ဖြစ်သည်ဟု ထင်မြင်ယုံကြည်သွားစေရန် ဖြစ်သည်။ ဤနည်းဖြင့် ဤနိုင်ငံရေးအတွေးအခေါ်ရှင်နှင့် ထောက်ခံအားပေးသူတို့သည်၊ အများလူထုကို ထိန်းချုပ်နိုင်ပြီး သူတို့၏သြဇာအာဏာတည်ဆောက်၍ သူတို့ကျူးလွန်လိုသည့် ကိုယ်ကျင့်တရားကင်းမဲ့သော ရက်စက်ကြမ်းကြုတ်မှုများအတွက် တရားဝင်သည့်အခြေခံမူဝါဒအုတ်မြစ်ကို ချမှတ်တည်ဆောက်နိုင်မည်ဟု ယုံကြည်ကြ၏။


ကွန်မြူနစ်ဝါဒသည် လူသားကို ဤသို့သောအမြင်ဖြင့် ကြည့်သည့်နောက်ပိုင်း၊ သူတို့လုပ်လိုသည့်လုပ်ငန်းပိုင်းများက ဆက်လက်၍ လိုက်ပါလာပေသည်။ လူတို့ကို "တိရစ္ဆာန်စိတ်ဓါတ်" သွတ်သွင်း၍၊ တောရိုင်းတိရစ္ဆာန်များကို ဆက်ဆံသကဲ့သို့ "ရိုက်နှက်" ခြင်း၊ နာကျင်စေခြင်းဖြင့် ကြောက်ရွံ့အောင်လုပ်ခြင်း၊ အကယ်၍ လိုအပ်ပါက သူတို့၏ လည်ချောင်းကို ဓါးဖြင့်လှီးဖြတ်ခြင်းများ ပြုလုပ်ကြပေသည်။



လေ့ကျင့်ပေးထားသည့်အတိုင်း တုံ့ပြန်လုပ်ဆောင်စေသည့်ဆေးကို အသုံးပြု၍ တိရစ္ဆာန်များကို လေ့ကျင့်ပေးရာတွင် နာမည်ကျော်ကြားသော အိုင်ဗင် ပါဗ်လော့ဗ်

လီနင်သည်၊ လူသားများကို တိရစ္ဆာန်အဖြစ်မြင်သည့် ရုပ်ဝါဒ–ဒါဝင်ဝါဒီအတွေးအခေါ် အမြင်ကို ခံယူကြောင်း ထင်ရှားပေသည်။ လေ့ကျင့်ပေးထားသည့်အတိုင်း တုံ့ပြန်လုပ်ဆောင်စေသည့်ဆေးကို တိရစ္ဆာန်များအား အပ်ဖြင့်ထိုးခြင်း တိုက်ကျွေးခြင်းပြုသည့်စမ်းသပ်ချက်ဖြင့်နာမည်ကျော်ကြားသော ရုရှားလူမျိုးသိပ္ပံပါရဂူ အိုင်ဗင် ပက်တြိုဗစ် ပါဗ်လော့ဗ်နှင့် လျှို့ဝှက်တွေ့ဆုံပြီးနောက် ရုရှားလူ့အဖွဲ့အစည်းတွင် ၎င်းဆေးနည်းကို အသုံးချရန်ကြိုးစားခဲ့သည်။ စာရေးဆရာ အိုလန်ဒို ဖီဂျက် ရေးသားသော *အမျိုးသားတစ်ခု၏ကြေကွဲဖွယ်အဖြစ်–ရုရှားတော်လှန်ရေးသမိုင်း* ဟူသောစာအုပ်တွင် လီနင်က ရုရှားလူမျိုးတို့အား တိရစ္ဆာန်များကိုလေ့ကျင့်ပေးသည့် နည်းအတိုင်း "လေ့ကျင့်သင်တန်း" ပေးရန်ဆန္ဒရှိကြောင်းနှင့် ထိုကဲ့သို့သောရည်ရွယ်ချက်ဆန္ဒ၏အရင်းအမြစ်သည် ဒါဝင်ဝါဒတွင် မည်သို့အခြေခံသည်ကို ဖေါ်ပြထားပေသည်။

အကျော်ဇေယျအပြောအရ လီနင်သည် ဇီဝကမ္မဗေဒ ပညာရှင် အိုင်ပီပါဗ်လော့ဗ်၏ဓါတ်ခွဲခန်းသို့ လျှို့ဝှက်စွာ သွားရောက်၍ လေ့ကျင့်ပေးထားသည့်အတိုင်း တုံ့ပြန်လုပ်ဆောင်စေသည့် ဆေးနည်းကို အသုံးပြု၍ ရုရှားလူမျိုးများအား ဘိုလ်ရှီဗစ်တို့က လိုသလိုသင်တန်းပေးလေ့ကျင့်ပြီး ခိုင်းနိုင်ရန်အတွက် စစ်ဆေးမေးမြန်းခဲ့၏။ "ကျုပ်က ရုရှားလူမျိုးတို့ ကွန်မြူနစ်ပုံစံကို လိုက်နာကျင့်သုံးတုံ့ပြန်စေချင်တယ်။"––ဟု လီနင်က ရှင်းပြ၏။ ပါဗ်လော့ဗ်က ထိတ်လန့်တကြား အံ့အားသင့်သွားလေသည်။ သူ့အနေနှင့် ခွေးများကို လေ့ကျင့်ရာတွင် အသုံးပြုသည့်ဆေးကို လူသားများတွင် အသုံးပြုရန်ရည်ရွယ်ကြောင်း ချက်ချင်းသိလိုက်သည်။ "ရုရှားလူမျိုးအားလုံးကို တစ်ပုံစံထည်းဖြစ်



အောင် လုပ်မယ်လို့ဆိုလိုပါသလား။ သူတို့အားလုံးကို တစ်ပုံစံထည်းကျင့်ကြံပြုမူစေမယ်လို့ ပြောတာလား။ ”ဟု ပါဗ်လော့ဗ်က လီနင်ကိုမေးရာ၊ “အဲဒီအတိုင်းပါဘဲ။ ”ဟု လီနင်ကပြန်ဖြေသည်။ လူသားဟာပြုပြင်လို့ရတယ်။ လူသားကို ကျုပ်တို့က ဖြစ်စေချင်သလိုဖြစ်အောင် လုပ်နိုင်တယ်။”
---ကွန် မြူနစ်စနစ်ရဲ့ အစွန်းဆုံးရည်ရွယ်ချက်က လူသားရဲ့သဘာဝကို ပြောင်းလဲပစ်ဖို့ဖြစ်သည်။ ထိုခေတ်တွင် အချင်းချင်းတိုက်ခိုက်နေကြသော အခြားအာဏာရှင်အစိုးရများကလည်း ဤရည်ရွယ်ချက်ပုံစံအတိုင်း ရှိကြသည်။ ၁၉၂၀-ခုနှစ်တွင် စတင်ခဲ့သည့် ဂျာမာန်နာဇီတို့၏ ရှေ့ပြေးလှုပ်ရှားမှုဖြစ်သော လူမျိုးသန့်စင်ရေးစနစ်သည် လူသားနှင့်ပတ်သက်သည့် ခံယူချက်ပြောင်းလဲသွားကြောင်း

> ကျွန်ုပ်တို့မျက်မြင်ကိုယ်တွေ့ ဖြစ်ခဲ့ပေသည်။ --အများလူထုကို အသိဉာဏ်ပွင့်လင်းစေခြင်းဖြင့် ပုံစံသစ်လူသားများကို ပျိုးထောင်ထုတ်လုပ်ရေးသည် ၁၉-ရာစုနှစ်မှ ရုရှားလူမျိုးပညာရှင်တို့၏ ကယ်တင်ရှင့်တာဝန်အဖြစ် ယူဆထားသောသဘောထားမှ ဘိုလ်ရှီဗစ်တို့ပေါ်ထွက်လာခဲ့ပေသည်။ မားကွ်စ်ဝါဒအတွေးအခေါ်သည်လည်း၊ လူသား၏သဘာဝသည် သမိုင်းဖွံ့ဖြိုးမှုမှ ပေါ်ထွန်းလာခြင်းဖြစ်သောကြောင့်၊ တော်လှန်ရေးဖြင့် ပြောင်းလဲပေးနိုင်သည်ဟု သွန်သင်ထားပေသည်။ လီနင်ငယ်ရွယ်စဉ်အချိန်က ရုရှားလူမျိုးပညာရှင်တို့အတွက် ဘာသာသာသနာနှင့်တန်းတူအဆင့် ထားခြင်းခံရသော သိပ္ပံနည်းကျသည့် ဒါဝင်နှင့်ဟပ်စ်လေတို့၏ရုပ်ဝါဒအမြင်ကလည်း သူတို့အသက်ရှင်နေသော ဤကမ္ဘာလောကကို သတ်မှတ်ပေးခဲ့သည်။ ထို့ကြောင့်၊ ဘိုလ်ရှီဗစ်တို့က သူတို့၏တော်လှန်ရေးသည် သိပ္ပံပညာ၏အကူအညီဖြင့် ပုံစံအသစ်ဖြစ်သောလူသားများကို ဖန်တီးနိုင်လိမ့်မည်ဟု သုံးသပ်ကောက်ချက်ချစေခြင်း ဖြစ်ပေသည်။---
>
> ---ပါဗ်လော့ဗ်သည် တော်လှန်ရေးကို ပြောင်တိုက်၍ဝေဖန်သူဖြစ်၍၊ နိုင်ငံခြားသို့မောင်းထုတ်ပစ်မည်ဟု မကြာခဏခြိမ်းခြောက်ခံရသော်လည်း၊ ဘိုလ်ရှီဗစ်တို့က သူ၏ဖေါက်သည်ဖြစ်နေသည်။ နှစ်နှစ်ခန့် သူကိုယ်တိုင်ခြံတွင် ဟင်းသီးဟင်းရွက် မုံလာဥနီစိုက်ပျိုးစားသောက်နေရာမှ၊ ပါဗ်လော့က ရာရှင်ကောင်းကောင်းနှင့် မော်စကိုမြို့ကြီးအတွင်း ကျယ်ဝန်းသောတိုက်ခန်းတို့ဖြင့် ဆုချခြင်းခံရလေသည်။---လီနင်က ပါဗ်လော့ဗ်၏ဆောင်ရွက်ချက်သည် တော်လှန်ရေးအတွက် အကြီးအကျယ် အကျိုးပြုသည်ဟု ချီးကျူးပြောဆိုပေသည်။ ဘူခါရင်က ၎င်းဆောင်ရွက်ချက်ကို ရုပ်ဝါဒ၏သံလက်နက်တိုက်မှ လက်နက်တစ်ခုဟု အမည်ပေးလေသည်။[၂၁]

ကွန်မြူနစ်အတွေးအခေါ်၏ သဘောတရားရေးရာပညာရှင်တစ်ဦးဖြစ်သည့်အပြင်၊ လီနင်ပြီးလျှင်ဒုတိယအရေးကြီးဆုံးပုဂ္ဂိုလ်ဖြစ်သူ ထရော့စကီကလည်း ဒါဝင်ဝါဒတွင်အခြေခံသော လီနင်၏ "လူသားသဘာဝကို ပြုပြင်ပြောင်းလဲရေး" အမြင်ကို သဘောတူခဲ့ပေသည်။ ထရော့စကီက အောက်ပါအတိုင်း ရေးသားထားပေသည်။

> လူသားဟူသည်အဘယ်နည်း။ လူသားဟူသည် ပြီးပြည့်စုံ၍ အစဉ်သဖြင့်သဟဇာတသင့်သောဝေနေယျမဟုတ်ပေ။ သူသည် အလွန်အမင်းကသိကအောင့်အချိုးမကျသေးသော သတ္တဝါဖြစ်နေသေးသည်။ လူသားသည်၊ တိရစ္ဆာန်တစ်မျိုးဖြစ်၍ စီမံကိန်းအစီအစဉ်ကျကျ တစ်ပြိုင်တည်းပြောင်းလဲပေါ်ပေါက်လာခဲ့ခြင်းမဟုတ်သောကြောင့်၊ မညီမညွတ်အမြီးအမောက်မတည့်ခြင်းမျိုးစုံကို စုဆောင်းလာခဲ့ပေသည်။ အရေးကြီးသည့်အချက်က မည်သို့ပညာသင်ကြားပေး၍ထိန်းကြောင်းရမည်၊ မည်သို့လူ့ကိုယ်ကာယနှင့်စိတ်ဓါတ်တည်ဆောက်မှုပြီးပြည့်စုံအောင်အပြင် တိုးတက်ကောင်းမွန်လာအောင် မွန်းမံရမည်၊ ဆိုသည့်အချက်ကအလွန်ကြီးမားသောပြဿနာဖြစ်ပေသည်။ ယင်းပြဿနာကို ဆိုရှယ်လစ်ဝါဒအခြေခံဖြင့်သာလျှင် သဘောပေါက်နိုင်ပေသည်။ ကျွန်ုပ်တို့သည် ဆဟာရာသဲကန္တာရကိုဖြတ်၍ မီးရထားလမ်းဆောက်လုပ်နိုင်ကြ၏။ အီဖီလ်မျှော်စင်ကြီးကိုလည်း ဆောက်လုပ်နိုင်ကြ၏။ နယူးယောက်မြို့နှင့်လည်း တိုက်ရိုက်စကားပြောနိုင်ကြ၏။ သို့သော်လည်း၊ လူသားကို ပိုမိုကောင်းမွန်အောင် မပြုပြင်နိုင်ကြပါ။ တကယ်တန်းတော့ လုပ်နိုင်ပါသည်။ ပုံစံသစ်မူသစ်လူသားထုတ်လုပ်ဘို့က--ကွန်မြူနစ်ဝါဒ၏နောင်အနာဂတ်တာဝန်ဖြစ်သည်။--လူသားသည် မိမိကိုယ်ကိုကုန်စိမ်းတစ်ခုအဖြစ် ကြည့်မြင်ရမည်။ အညှာတာဆုံးအနေနဲ့ မပြီးစီးသေးသည့်တစ်ဝက်တစ်ပြတ်ထုတ်လုပ်ထားသော ထုတ်ကုန်အဖြစ်ကြည့်ပြီး၊ "ချစ်လှစွာသော*ဟိုမိုဆေပီယံ*ရေ--ငါတော့မင်းကို ပြုပြင်ရေးလုပ်တော့မယ်။" ဟု ပြောရပါမည်။[၂၂]

လီနင်နှင့်ထရော့စကီတို့နှင့်အတူ၊ အခြားဘိုလ်ရှီဗစ်တို့ကလည်း လူသားကို တိရစ္ဆာန်အမျိုးအစားတစ်မျိုးအဖြစ်သာမြင်ကြ၍၊ ဒြပ်ပစ္စည်းများစုရုံးပေါင်းစည်းနေခြင်းသာ ဖြစ်သည်ဟု ယုံကြည်ကြပေသည်။ သူတို့က လူ့ဘဝသက်တန်း၏တန်ဖိုးလုံးဝမရှိဟုမြင်ကြသဖြင့်၊ တော်လှန်ရေးအတွက် လူဦးရေပေါင်းသန်းပေါင်းများစွာ၏အသက်ကို စတေးနိုင်ခဲ့ကြပေသည်။ ရစ်ချာဒ်ပိုက်စ်၏ "*လူအများမသိသောလီနင်*" *(The Unknown Lenin)* စာအုပ်အရ **"လီနင်အတွက် လူသားလောကတစ်ခုလုံးသည် အထင်သေးစရာချည်းဖြစ်၏။ စာရွက်စာတမ်းများက လီနင်အတွက် လူသားတစ်ဦးချင်းသည် ဘာတန်ဖိုးမှ မရှိချေ။ အလုပ်သမားလူတန်းစားကိုမူ သံထည်အလုပ်သမားတစ်ယောက်က သံသတ္တုရိုင်းကိုမြင်သကဲ့သို့သာ မြင်ပေသည်။"** ဟူသော ဂေါ်ကီ၏အဆိုကို အတည်ပြုထောက်ခံလျက်ရှိပေသည်။[၂၃]

## တမင်တကာငတ်မွတ်ခေါင်းပါးစေသော လီနင်၏ပေါ်လီစီ

## Lenin's Policy of Deliberate Starvation

၂၀–ရာစုနှစ်အတွင်းမှ ကွန်မြူနစ်အစိုးရအားလုံးလိုလို ပြည်သူလူထုအား ငတ်မွတ်ခေါင်းပါးစေခဲ့ကြသည်။ လီနင်၏ခေတ်တွင် ငတ်မွတ်ခေါင်းပါးခြင်းကြောင့် လူဦးရေ ငါးသန်းသေဆုံးခဲ့လေသည်။ ၁၉၃၂–နှစ်မှ ၁၉၃၃–ခုနှစ်အထိ၊ စတာလင်၏ခေတ်တွင် ၎င်းနည်းအတိုင်း ငတ်မွတ်ခေါင်းပါးမှုထပ်မံဖြစ်ပေါ်၏။ ဤတစ်ကြိမ်တွင်မူ ပိုမိုကျယ်ပြန့်ပြီး လူဦးရေ ခြောက်သန်း သေဆုံးခဲ့သည်။ ရှေ့တွင်လာမည့်စာမျက်နှာများတွင် မော်စီတုံး၏တရုပ်နီနှင့် ပွန်ပွတ်၏ကမ္ဘောဒီယားနိုင်ငံတို့တွင် လူဦးရေသန်းပေါင်းမြောက်မြားစွာ ငတ်မွတ်ခြင်းပြဿနာကြောင့် သေဆုံးခဲ့ကြသည်ကို ဖတ်ရှုရပါမည်။

ယနေ့အချိန်တွင်၊ စူပါမားကက်များ၊ မုန့်ဖိုများ၊ အဆာသွတ်ကိတ်မုန့်ဆိုင်များ၊ စားသောက်ဆိုင်များ စသည်တို့က ကျွန်ုပ်တို့ကို ပတ်လည်ဝိုင်းလျက်ရှိသည်။ အငတ်ပြဿနာဆိုသည်မှာ အခြားကမ္ဘာမှ ကြားဘူးနားဝပြဿနာတစ်ခုအဖြစ်သာ ထင်ကြပေသည်။ အငတ်ပြဿနာဆိုသည်ကို ကျွန်ုပ်တို့ကြားရသောအခါ ခဏတဖြုတ်ထမင်းငတ်သည့်အဖြစ်ကိုသာတွေးထင်လေ့ရှိကြ၏။ သို့သော်လည်း ရုရှားနိုင်ငံ၊ တရုတ်နီနိုင်ငံနှင့် ကမ္ဘောဒီယားနိုင်ငံတို့တွင် ဖြစ်ခဲ့သည့်အငတ်ပြဿနာမှာ အချိန်အားဖြင့် လပေါင်းများစွာကြာမြင့်၍၊ အချို့ဒေသများတွင် နှစ်ချီ၍ကြာမြင့်ခဲ့ပေသည်။ တောင်သူလယ်သမား ရွာသူရွာသားတို့မှာ သူတို့ကိုယ်တိုင် စိုက်ပျိုး၍ရရှိနိုင်သော ဆန်စပါးအချို့ကလွဲ၍ ကျန်အစားအစာအားလုံးကို လုယက်ယူသွားခြင်းခံကြရသည်။ စားသောက်စရာအခြားအစာဟူ၍ လုံးဝမရှိတော့ချေ။ ပြည်သူလူထုတောင်သူလယ်သမားများက ရောင်းချကြသည့် သီးနှံသစ်သီးဝလံများကို စားသုံးကြရသည်။ ရောင်းချရန်မွေးမြူထားသောတိရစ္ဆာန်များအားလုံးကိုလည်းသတ်ဖြတ်စားသုံးလိုက်ကြရ၏။ ထိုအစားအစာများကုန်ခန်းသွားသည်နှင့်တပြိုင်တည်း မြက်များ သစ်ရွက်များနှင့် သစ်ခေါက်များကို ချက်ပြုတ်စားသောကြရပြန်သည်။ သီတင်းအပါတ်ပေါင်းများစွာ အစာငတ်ပြတ်၍ ဆာလောင်မွတ်သိတ်သောအခါ သူတို့၏ ကိုယ်ခန္ဓာသည်လည်း ပိန်ချုံးချိနဲ့သွားကြတော့သည်။ အချို့က ခွေးလေခွေးလွင့်များ၊ ကြောင်များကြွက်များကို ဖမ်းသတ်စား၍၊ အချို့ကလည်း ရနိုင်သည့် ပိုးကောင်မျိုးစုံကို ဖမ်းယူစားသောက်ကြလေသည်။ နောက်ဆုံးတော့ လူတွေလည်း တစ်ယောက်ပြီးတစ်ယောက် အသက်ထွက် သေဆုံးကြလေသည်။ လူသေအလောင်းများကို မြှပ်နှံမည့်သူလည်း မရှိတော့ချေ။ အစာငတ်မွတ်ခေါင်းပါးခြင်း၏ အဆိုးဆုံးအစွန်းရောက်ချိန်တွင် ပထမပိုင်းတွင် လူသေအလောင်းများကို စားသောက်ကြသည့် အခြေအနေရောက်လေသည်။ နောက်ပိုင်းတွင်မူ တွေ့ရာလူကို တိုက်ခိုက်သတ်ဖြတ်ခြင်း၊ ကလေးသူငယ်များကို ဖမ်းယူသွားခြင်းပြု၍ အငမ်းမရစားသောက်ကြလေသည်။ ကွန်မြူနစ်အတွေးအခေါ်အရ လူတို့ကို တိရစ္ဆာန်စစ်စစ်အဖြစ်ပြောင်းလဲပေးလိုက်သည်။ လူထုမှာ လူသားများမဟုတ်ကြတော့သလို၊ ထိုအခြေအနေကို တမင်တကာဖန်တီးသူတို့သည်လည်း လူသားမဟုတ်ကြတော့ပေ။

ဤကား ကွန်မြူနစ်အစိုးရ၏ ပန်းတိုင်ပင်ဖြစ်ပေသည်။ မယုံနိုင်လောက်သောအဖြစ်အပျက် ဖြစ်သော်လည်း ၂၀–ရာစုနှစ်အတွင်း လီနင်ခေါင်းဆောင်သောဘိုလ်ရှီဗစ်လက်ထက်တွင် ရုရှားနိုင်ငံ၌ အမှန်တကယ်ဖြစ်ခဲ့သည်။

၁၉၁၈–ခုနှစ်တွင်၊ ဘိုလ်ရှီဗစ်တို့အာဏာရပြီးမကြာမီအတွင်း၊ လီနင်က ပုဂ္ဂလိက ပစ္စည်းပိုင်ဆိုင်မှုကို ဖျက်သိမ်းပစ်လိုက်သည်။ သူ၏ဆုံးဖြတ်ချက်တွင် အရေးကြီးဆုံးအချက်မှာ၊ တောင်သူလယ်သမားများပိုင်ဆိုင်သောမြေယာကို သိမ်းခြင်းဖြစ်သည်။ ဘိုလ်ရှီဗစ်ပါတီဝင်အကြမ်းဖက်သမားများ၊ ချက်ကာပုလိပ်သူလျှိုများနှင့် တပ်နီရဲဘော်များက၊ ရုရှားတနိုင်ငံလုံးရှိ လယ်ယာမြေများသို့တပ်ဖြန့်၍ လက်နက်ဖြင့်ခြိမ်းခြောက်ကာ၊ တောင်သူလယ်သမားများ ခက်ခဲစွာ နေထိုင်အသက်ရှင်နေသောအခြေအနေကြားထဲမှ ရှိသမျှအစားအစာနှင့် သီးနှံထုတ်လုပ်နိုင်

သည့် အရာအားလုံးကို သိမ်းယူလိုက်ကြလေသည်။ တောင်သူလယ်သမားများအား ဘိုလ်ရှီဗစ်တို့ကို ပေးအပ်ရမည့်သီးနှံခွဲတမ်းကိုတာ ချပေးလေသည်။ ယင်းခွဲတမ်းကိုတာကို ဖြည့်နိုင်ရန်




ဒါဝင်ဝါဒတွင်သစ္စာဆို၍ဘဝတစ်ခုလုံးကိုမြှုပ်နှံထားသူဖြစ်သည်နှင့်အညီ၊ လီနင်သည် လူသားများကို တိရစ္ဆာန်တစ်အုပ်အဖြစ်သာယူဆထားသဖြင့်၊ လူအများအပေါ် ရက်စက်ကြမ်းကြုတ်ဆုံးနည်းများကို အသုံးပြုရန် ဝန်မလေးပေ၊

တောင်သူလယ်သမားတို့က ရိတ်သိမ်း၍ရသမျှသောသီးနှံများကို အပ်လိုက်ရသည်။ ငြင်းဆန်သူရွာသားများကို အကြမ်းဆုံးနည်းဖြင့် အသံတိတ်သွားအောင် လုပ်ကြသည်။

အချို့ရွာသားများက သီးနှံအားလုံးအပ်လိုက်ရမည်ကို နှမြောသဖြင့် အချို့အဝက်ကို သိုဝှက်ထားကြသည်။ ထိုသို့သောလုပ်ရပ်သည် တော်လှန်ရေးကို ဆန့်ကျင်သောလုပ်ရပ်ဖြစ်သည်ဟု စွပ်စွဲကာ မယုံကြည်နိုင်လောက်သော ရိုင်းစိုင်းရက်စက်သောနည်းဖြင့် ဒဏ်ခတ်ကြသည်။ ၁၉၂၂–ခုနှစ် ဖေဖေါ်ဝါရီလ ၁၄–ရက်နေ့တွင် အုံးမ်ဒေသသို့ သွားရောက်စစ်ဆေးခဲ့သော အရာရှိတစ်ဦးတွေ့ခဲ့သောအဖြစ်ကို အောက်ပါအတိုင်း ဖေါ်ပြထားပေသည်။

> ယခုအချိန်တွင် ချော့ဆွဲတပ်၏ ရာထူးကိုမှီခို၍ ပြုကျင့်သောလုပ်ရပ်များသည်၊ ဘွင်းဘွင်းပြောရလျှင်၊ မယုံကြည်နိုင်လောက်သောအဆင့်သို့ ရောက်နေပါပြီ။ ဖမ်းထားသောတောင်သူလယ်သမားများကို၊ ကြိုတင်စီစဉ်ထားသည့်အတိုင်း၊ အပူအနွေးမပေးထားသော ကြီးမားသည့်စပါးကျီတွင် ချုပ်နှောင်ထားကြ၏။ ထို့နောက် သူတို့ကို ကြိမ်ဒဏ်ပေးပြီး သေဒဏ်ပေးမည်ဟု ခြိမ်းခြောက်ကြသည်။ သတ်မှတ်ထားသည့် ကိုတာကို အပြည့်မပေးနိုင်သူတို့ကို ကြိုးချည်ပြီး အဝတ်တုံးလုံးချွတ်၍ ရွာလယ်ခေါင်တွင်ပြေးခိုင်းသည်။ ထို့နောက် အပူအနွေးမပေးထားသော လေယာဉ်သိုလှောင်သောအိမ်များတွင် ချည်နှောင်ထားကြသည်။ မိန်းမအတော်များများကို သတိလစ်မေ့မျောသွားသည်အထိ ရိုက်နှက်၍ နှင်းတောထဲတွင် တူးထားသောကျင်း၌ ကိုယ်လုံးတီးချွတ်ပြီးပစ်ထည့်ကြသည်။--[၂၄]

ချမှတ်ထားသောကိုတာမဖြည့်နိုင်သည့်ရွာသားများ၏စာရင်းကို တွေ့သောအခါ လီနင်က ဒေါသချောင်းချောင်းထွက်လေသည်။ ၁၉၂၀–ခုနှစ်တွင်၊ အချို့ဒေသမှ သီးနှံကိုတာ(ခွဲတမ်း) ချခြင်းကိုဆန့်ကျင်သည့်ရွာများကို အလွန်ပြင်းထန်စွာ ဒဏ်ခတ်သည့်အမိန့်ထုတ်၏။ ထိုရွာများမှသီးနှံအားလုံးကို သိမ်းယူသည့်အပြင် မျိုးစေ့များကိုပါသိမ်းယူလိုက်လေသည်။ နောင်နှစ်တွင် ထပ်မံစိုက်ပျိုးစားသောက်ရန် မဖြစ်နိုင်တော့ချေ။ မလွဲမသွေ ငတ်ပြတ်၍သေကျေကြပေမည်။ ၁၉၂၁–ခုနှစ်မှ ၁၉၂၂–ခုနှစ်အထိ ထိုသို့သော ပြစ်ဒဏ်ခတ်ခြင်းကို ရုရှားလူမျိုး ၂၉–သန်းက ခံကြရ၍ ဦးရေပေါင်း ၅–သန်းမှာ ငတ်မွတ်ခြင်းဒဏ်ကြောင့် သေဆုံးခဲ့ကြလေသည်။

အနောက်နိုင်ငံများသို့ ထိုငတ်မွတ်ခြင်းပြဿနာသတင်း ရောက်သွားသောအခါ၊ လူထု၏အတိဒုက္ခများကို သက်သာစေရန် ကူညီကယ်ဆယ်ရေးလုပ်ငန်းစတင်ကြသည်။ အောင်မြင်လုနီးနီးဖြစ်သော်လည်း ဘိုလ်ရှီဗစ်တို့က ယင်းသတင်းကို ငြင်းဆို၍ နောက်ထပ်သတင်းမပြန့်ရန် သတင်းဌာနများကို ပိတ်ပင်ကြတော့သည်။ ရစ်ချာဒ်ပိုက်ရေးသားသော *ရုရှားနိုင်ငံတော်လှန်ရေးသမိုင်းအကျဉ်းချုပ်* ဟူသောစာအုပ်တွင် အောက်ပါအတိုင်းရေးသားထားပေသည်။

> ၁၉၂၁–ခုနှစ် နွေဦးပိုင်းတွင်၊ အစားအစာငတ်မွတ်ခေါင်းပါးသောအရပ်ဒေသမှလူများသည် မြက်ပင်များ၊ သစ်ခေါက်များနှင့် ကြွက်များကို စားသုံးကြသည်။--လူသားကိုလည်း စားသုံးကြကြောင်း ခိုင်လုံသော သတင်းရရှိ၏။ ဒုက္ခသည် သန်းပေါင်းများစွာတို့သည်၊ သူတို့၏ရွာများကို ပစ်ထားခဲ့ပြီး အစားအစာရှိသည်ဟုသတင်းရရှိသောအရပ်သို့ သွားရန်မျှော်လင့်ချက်ဖြင့် အနီးဆုံးမီးရထားဘူတာရုံသို့ ကြိုးစား၍ အရောက်သွားကြသည်။ ၁၉၂၁–ခုနှစ် ဇူလိုင်လအထိ မော်စကိုအစိုးရက ငတ်မွတ်ခြင်းပြဿနာဒုက္ခဆင်းရဲခြင်းဖြစ်ပေါ်မှုကို ငြင်းဆန်ထားသောကြောင့်၊ ရွာသားများကို မီးရထားဖြင့် ခရီးသွားခွင့်မပြုပေ။ ထို့ကြောင့် ဘူတာရုံများသည်လည်း လူတွေနှင့် ပြည့်ကျပ်လျက်ရှိ၏။ ထိုအချိန်တွင် ဘူတာရုံ၌ ဒုက္ခခံခဲ့ရသူ၏အပြောအရ၊ "လူတွေက မလာမည့်မီးရထားကို စောင့်မျှော်နေကြသည်။ သို့သော်လည်း သူတို့ထံသို့ သေမင်းကား မလွဲမသွေရောက်ရှိလာခဲ့သည်။" ခရီးသွားသူတို့သည် ရွာတစ်ရွာပြီးတစ်ရွာ ဖြတ်သန်းလာခဲ့သော်လည်း သက်ရှိဟူ၍ တစ်စုံတစ်ရာကိုမျှ မတွေ့ကြချေ။ ရွာသူရွာသားများသည် အသက်သေဆုံးသွားသည်လည်းရှိ၍ မသေသေးသူတို့မှာလည်း ရွေ့လျားနိုင်မည့်အားအင်မရှိတော့သဖြင့် မှောက်ရက်လဲနေကြ၏။ လမ်းတလျှောက်တွင်မူကား လူသေအလောင်းများဖြင့် ပြည့်နက်လျက်ရှိ၏။--[၂၅]

ဤပေါ်လီစီတွင် မည်သည့်ရည်ရွယ်ချက်များ ပါရှိနေပါသနည်း။ လီနင်သည် ပုဂ္ဂလိကပိုင်ဆိုင်မှုကို ဖျက်သိမ်းကာ ရွာသူရွာသားတို့၏ ထုတ်ကုန်များကို သိမ်းပိုက်၍ ဘိုလ်ရှီဗစ်အစိုးရ၏ စီးပွားရေးကို တောင့်တင်းအောင်လုပ်လို၏။ သို့သော်လည်း သူ၏သွေးချင်းသားချင်းဖြစ်သည့် ရုရှားလူမျိုးများကို အငတ်ပြဿနာနှင့် ကြုံစေခြင်းတွင် အခြားရည်ရွယ်ချက်တစ်ခုလည်း ရှိနေသေးသည်။ အစာငတ်ပြတ်ခြင်းသည်၊ လူတို့ကို အကြီးအကျယ် စိတ်ဓါတ်ကျ စိတ်အားပြော့စေသည်ကို သူကောင်းကောင်းသိထား၏။ လူထု၏ဘုရားသခင်ကို ယုံကြည်သည့်စိတ်အား တိုက်ဖျက်ပစ်ရန် ငတ်မွတ်ခြင်းပြဿနာကိုလက်နက်အဖြစ်အသုံးပြုလိုခြင်းဖြစ်သည်။ ထိုမှတဆင့် ဘာသာရေးအင်အားစုကို တိုက်ဖျက်ရန် လှုံ့ဆော်ရန်အကြံဖြစ်လေသည်။ *ကွန်မြူနစ်ဝါဒ၏ စာအုပ်မဲ*တွင် လီနင်၏စိတ်အခြေအနေကို ဖေါ်ပြထားပေသည်။



**ဖမ်းယူခဲ့သည့်ကလေးများကို သတ်စားနေသည့်လူသားစားနှစ်ဦး**

လီနင်က "အကျိုးရှိသည်" ဟုသောအငတ်ပြဿနာကာလအတွင်း၊ လူသားစားကြသည်ကို တွေ့ရ၏။ ဤပုံကို ၁၉၂၁ခုနှစ်တွင် ဗိုလဂါဒေသရှိ ရုရှားရွာတစ်ရွာတွင် ရိုက်ကူးခဲ့သည်။ မိန်းမယောက်ျားနှစ်ယောက်သည် ဖမ်းဆီးခဲ့သောကလေးများကို သတ်စားနေကြပုံဖြစ်သည်။ ကွန်မြူနစ်ဝါဒက ဖန်တီးလိုသောပုံစံမှာ ဤကဲ့သို့သောရိုင်းစိုင်းယုတ်ပတ်သည့်ပုံစံမျိုးပင်ဖြစ်၏။

ဗလာဒီမီရ် အီလစ်ချ် အုလ်ယာနော့ဗ် အမည်ရှိလူငယ်ရှေ့နေတစ်ဦးသည် ငတ်မွတ်ခေါင်းပါးခြင်း ပြဿနာ အကြီးကျယ်ဆုံးကျရောက်သောဒေသဆိုင်ရာမြို့တော်ဖြစ်သည့် ဆမာရာမြို့တွင် မွေးဖွား၍ ထိုမြို့တွင်ပင် အခြေစိုက်နေထိုင်သူဖြစ်သည်။ ဒေသခံပညာတတ်များအနက် သူသည်ဆာလောင်မွတ်သိတ်သူတို့အတွက် ကယ်ဆယ်ရေးလုပ်ငန်းတွင်ပါဝင်ရန် တစ်ဦးတည်းသောငြင်းဆန်သူ ဖြစ်သည့်ပြင် အများရှေ့တွင် လူသိရှင်ကြားဆန့်ကျင်သူဖြစ်၏။ "ဗလာဒီမီရ် အီလစ်ချ် အုလ်ယာနော့ဗ်က၊ အငတ်ပြဿနာမှ ကောင်းသောအချက်အမြောက်အမြား ရရှိလာလိမ့်မည်ဟု ပြောထွက်ဝန့်သူဖြစ်သည်။ ဘူဇွာများထံမှ စီးပွားရေးလက်ပြောင်းလွဲယူကြမည့် စက်မှုလက်မှုပစ္စည်းမဲ့လူတန်းစား ပေါ်ထွက်လာရေးအတွက် အထူးအကျိုးရှိသည်။--အငတ်ပြဿနာသည်၊ ရေးကျနေပြီဖြစ်သော တောင်သူလယ်သမားစီးပွားရေးကို ဖျက်ဆီးပစ်၍၊ နောက်ထပ်အဆင့်တစ်ဆင့်သို့ ပိုမိုလျင်မြန်စွာ တက်လှမ်းနိုင်အောင် ဖေးမပေးလိမ့်မည်။ နောက်ဆုံးတွင် အရင်းရှင်စနစ်ကို အစားထိုးမည့် ဆိုရှယ်လစ်စနစ်သို့ ဦးဆောင်သွားလိမ့်မည်။ အငတ်ပြဿနာသည်၊ ဇာဘုရင်ကိုယုံကြည်ကိုးစားခြင်းကို တိုက်ဖျက်ပစ်မည်သာမဟုတ်၊ ဘုရားသခင်အား ယုံကြည်ခြင်းကိုလည်း ဖျက်သိမ်းပေးလိမ့်မည်ဟု အများရှေ့တွင် ရဲရဲဝင့်ဝင့်ပြောဆိုခဲ့ကြောင်း၊ သူ၏သူငယ်ချင်းများက ပြန်ပြောပြပါသည်။"

နောင် နှစ်ပေါင်း ၃၀ ကြာပြီးနောက်၊ ထို "လူငယ်ရှေ့နေ" က ဘိုလ်ရှီဗစ်အစိုးရခေါင်းဆောင်တစ်ဦး ဖြစ်လာသည်အချိန်တွင်၊ သူ၏အတွေးအခေါ်သည်လည်း မပြောင်းလဲသေးပေ။ အငတ်ပြဿနာသည် "ရန်သူကို နလံမထူနိုင်လောက်အောင် နှက်ပေးလိုက်နိုင်ခဲ့သည်။" ထိုသို့လည်း ပြင်းပြင်းထန်ထန် နှက်ပေးသင့်ပေသည်။ ထိုရန်သူသည်ကား၊ ရှေးရိုးခရစ်ယာန်အသင်းတော် (Christian Orthodox Church)ပင် ဖြစ်ပေသည်။[၂၆]



၁၉၂၁ခုနှစ်မှ ၁၉၂၂ခုနှစ်အထိ လီနင်က တမင်တကာဖန်တီးသော အငတ်ပြဿနာကြောင့်၊ ဆိုဗီယက်ပြည်ထောင်စုနယ်မြေဒေသများမှ လူထု ၂၅သန်းတို့ ဒုက္ခရောက်ကြ၏။ ၎င်းအနက်မှ လူဦးရေ ၅သန်းထက်မနည်း ငတ်ပြတ်၍ သေကျေကြသည်။

ပေါ်လစ်ဗြူရိုအဖွဲ့ဝင်များထံ လီနင်ပေးပို့ခဲ့သော ၁၉၂၂–ခုနှစ် မတ်လ ၁၉–ရက်နေ့စွဲပါစာတွင်၊ လူထုနှင့်ဘာသာရေးအကြားရှိနှောင်ကြိုးကို ဖြတ်တောက်ပစ်ရန် အငတ်ပြဿနာကို လက်နက်တစ်ခုအဖြစ်အသုံးပြုရန်လိုလားကြောင်း ပြဆိုလျက်ရှိ၏။ ဘာသာရေးဆိုင်ရာဌာနများကို တိုက်ခိုက်ဖျက်ဆီးရန်စီမံကိန်းအတွက် လူထုထံမှတန်ပြန်မည့်ရန်ကို အငတ်ပြဿနာဖြင့် ထုံထိုင်းသွားစေခြင်းဖြစ်သည်။

> အမှန်မှာ လက်ရှိအခြေအနေသည်၊ သူတို့ကိုထက် ကျုပ်တို့ကို ပိုပြီးအသာပေးနေသည်။ သူတို့(ကျုပ်တို့၏ရန်သူများ)ကို နလံမထူနိုင်လောက်အောင် နှက်ပေးပြီး နောင်လာမည့်နှစ်ပေါင်းများစွာအတွက် ဗဟိုအာဏာကို ချုပ်ကိုင်နိုင်ရန် ၉၉–ရာခိုင်နှုန်းနီးပါး သေချာနေပါသည်။ သူတို့အချင်းချင်းသတ်စားနေကြသည့်အပြင် သန်းနှင့်ချီ၍သေနေကြသည့် ငတ်ပြတ်နေကြသောလူတွေ၏အကူအညီဖြင့် ကျုပ်တို့ကျန်ရှိနေသေးသည့်ရက်စက်နိုင်သည့်အင်အားအားလုံးကိုအသုံးပြု၍ ခရစ်ယာန်သာသနာပိုင်ပစ္စည်းများကို သိမ်းပိုက်လိုက်ကြရန် ဤအချိန်သည် နောက်ထပ်ရှာမရသော တစ်ကြိမ်တည်းသောအခွင့်အရေးဖြစ်သည်။––အခြေအနေအားလုံးက ဤအချိန်သည် ကျွန်ုပ်တို့အတွက် နောက်ထပ်ရှာ၍ စောင့်ဆိုင်း၍မရနိုင်သောအချိန်ဖြစ်ကြောင်း သက်သေခံနေပါသည်။ အဘယ့်ကြောင့်ဆိုသော် လူတွေကို ငတ်ပြတ်အောင်လုပ်လိုက်ခြင်းဖြင့် သူတို့၏မျှော်လင့်ချက်များ ကုန်ဆုံးကြပြီးဖြစ်သောကြောင့်၊ ကျွန်ုပ်တို့ကို အလေးပေးကြလိမ့်မည်။ သို့မဟုတ်လည်း အနည်းဆုံး မနှစ်မြို့သည့်အကြည့်ဖြင့်သာ ကြည့်နိုင်ကြလိမ့်မည်။[၂၇]

## တောင်သူလယ်သမားတို့ အငတ်ဘေးဖြင့်

## သေကြေကုန်နေကြစဉ်---



၁၉၂၀ခုနှစ်ဦးပိုင်းတွင် ဘိုလရှီဗစ်တို့တောင်သူလယ်သမားတို့၏ ဆန်စပါးများကို လုယူသိမ်းပိုက်ခြင်းကြောင့် အငတ်ပြဿနာ ပေါ်ပေါက်ခဲ့၏။ ထိုအငတ်ပြဿနာတွင် ကလေးသူငယ်ပေါင်း သိန်းပေါင်းများစွာအပါအဝင် လူပေါင်းသန်းပေါင်းများစွာသေကြေခဲ့၏။ လီနင်က ဤအငတ်ပြဿနာသည်၊ "ဘုရားသခင်အား ယုံကြည်ခြင်းကို ပျက်ပျယ်စေလိမ့်မည်"ဖြစ်သဖြင့် အလွန်အကျိုးရှိသည်ဟု သူ၏ရဲဘော်ရဲဘက်များကို ပြော၏။





## ...တပ်နီသည်၊ သူတို့၏ ဆန်စပါးတွေကို

## အတင်းအဓမ္မလုယက်သိမ်းယူနေကြသည်။



အစာငတ်မွတ်ခြင်းကြောင့် ကလေးများမှာ အရိုးပေါ်အရေသာတင်နေကြသော်လည်း၊ ဘိုလရှီဗစ်တို့က တောင်သူလယ်သမားတို့၏ ဆန်စပါးများကို ဆက်လက်လုယူသိမ်းပိုက်ကြသည်။ ကွန်မြူနစ်တပ်သားများက တောင်သူလယ်သမားများ မြေအောက်၌ဝှက်ထားသော စပါးအိတ်များကိုတွေ့၍ ဆွဲထုတ်သယ်ယူနေကြသည်။ ထိုသို့ဝှက်ထားသောတောင်သူလယ်သမားများကို နှိပ်စက်သတ်ဖြတ်လိုက်ကြ၏။



၁၉၃၀ခုနှစ်တွင် ကုရိုဂန်နယ်၌၊ ဂျုံစပါးအိတ်ပေါင်းမြောက်မြားစွာကို ကွန်မြူနစ်တပ်နီအား ကျွေးမွေးရန်အတွက် လူထုထံမှလုယက်သိမ်းယူကြသည်။

လီနင်၏ရက်စက်နည်းသည် ကွန်မြူနစ်တို့၏ ပထမဆုံးသော ရိုင်းစိုင်းယုတ်ပတ်မှုဖြစ်၏။ သူ့နောက်လာသော ကွန်မြူနစ်အာဏာရှင် စတာလင်နှင့် မော်တို့က ထိုကြောက်မက်ဖွယ်လုပ်ရပ်များကို ထပ်မံ၍တိုးပွားစေခဲ့သည်။




လီနင်ကို မသေမီစပ်ကြား တွေ့ရပုံ။

လီနင်၏ နောက်ဆုံးနေ့များကလည်း၊ အများ သံဝေဂရအောင် ဖေါက်သည်ချထိုက်သည့်အဖြစ်အပျက်တစ်ခု ဖြစ်ပေသည်။ ၁၉၂၂–ခုနှစ် မေလတွင် ပထမဦးစွာ လေသင်တုန်းဖြတ်၍၊ ၁၉၂၂–ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် နောက်ထပ်တခါ ခံရပြန်သည်။ ကိုယ်တစ်ပိုင်းသေသွား၍ ကုတင်ပေါ်မှာသာ လဲလျောင်းနေရသည့်အခြေအနေရောက်လေသည်။ ၁၉၂၃–ခုနှစ် မတ်လတွင် သူ၏ရောဂါ ပိုဆိုးလာသဖြင့် နောက်ဆုံး စကားမပြောနိုင်တော့ချေ။ အကြီးအကျယ်ခေါင်းကိုက်သဖြင့် ၁၉၂၃–ခုနှစ် တစ်နှစ်လုံးတွင် ဘီးတပ်ကုလားထိုင်ပေါ်၌သာ အချိန်ကုန်လေတော့သည်။ သူသေခါနီး နောက်ဆုံးလပိုင်းများတွင်၊ အရူးတစ်ပိုင်းဖြစ်နေသည့် သူ့မျက်နှာကို မြင်သူတိုင်း ထိတ်လန့်တကြား ဖြစ်ကုန်ကြ၏။ ဦးနှောက်တွင်း သွေးယို၍ ၁၉၂၄–ခုနှစ် ဇန္နဝါရီလ ၂၁–ရက်နေ့တွင် သေဆုံးသွားလေသည်။

ဘိုလရှီဗစ်တို့သည်၊ သူ၏အလောင်းကိုယ်ခန္ဓာပိုင်းကို ရုပ်လုံးသွင်းထား၍၊ ဦးနှောက်ကိုလည်း အင်မတန်အဖိုးတန်သည်ဟုဆိုပြီး ဆေးရည်စိမ်ထားကြသည်။ သူ၏ကိုယ်ခန္ဓာကို မော်စကိုမြို့ကြီးရှိ ယင်ပြင်နီကြီးတွင် ဂရိဘုရားကျောင်းပုံစံအဆောင် ဆောက်လုပ်၍ ပြသထားသည်။ လူအမြောက်အမြားလည်း သွားရောက်ကြည့်ရှုကြပေသည်။ တန်းစီနေသည့်လူတို့ကလည်း အလောင်းကောင်ကို ကြောက်ရွံ့ထိတ်လန့်စွာ ကြည့်ရှုကြပေသည်။

သူတို့၏ ကြောက်ရွံ့ထိတ်လန့်ခြင်းသည်၊ နောင်လာမည့်နှစ်များတွင် ဆထက်တံပိုးတိုးလာခဲ့တော့သည်။ လီနင်၏ဦးဆောင်မှုကိုဆက်ခံသော ဂျိုးဇက်စတာလင်သည်၊ ပိုမိုရက်စက်ကြမ်းကြုတ်၍ လူသတ်ခြင်း၌ ပိုမိုပျော်မွေ့ကြည်နူးသူဖြစ်၏။ အချိန်အနည်းငယ်အတွင်း ခေတ်သစ်သမိုင်းတွင်၊ အကြီးကျယ်ဆုံးသော "ကြောက်မက်ဖွယ်ကြမ်းကြုတ်သည့်အာဏာစက်"ကို တည်ထောင်လိုက်လေသည်။



ကျွန်ုပ်တို့အတွက်သင်ခန်းစာ–လီနင်၏ နောက်ဆုံးနေ့များ
လီနင်မသေဆုံးမီရှူးသွတ်သွား၏။ သူမသေမီရက်အနည်းငယ်တွင် ရိုက်ထားသောဤပုံသည်၊ အာဏာတရားကင်းမဲ့သူတို့ကို ဤကမ္ဘာတွင်အလွှာတ်အရှင်ဖြတ်မည်သို့ခံစားသည်ကို ကျွန်ုပ်တို့အား ပြသား၏။ ဤသို့သောအဝနိဂုံးနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ် အာယတ်တော် ၃၀း၁၀ တွင်– "ထို့နောက် ဆိုးယုတ်သောအမှုကိုစွာ ပြုမူသူများခဲ့ကြကုန်သောသူတို့၏ နောက်ဆုံးအကျိုးမှာ အဆိုးဆုံးပင်ဖြစ်ခဲ့လေ၏။ အကြောင်းသော်ကား ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ သက်သေလက္ခဏာများကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသည်သာမက ယင်းသက်များကိုပင် ပြက်ချော်ပြောင်လှောင်သူ ဖြစ်ခဲ့သောသည်။" ဟုမိန့်တော်မူထား၏။



လီနင်၏အလောင်းကောင်ကို ဖါရိုးဘုရင်များကိုကဲ့သို့ ရုပ်လုံးသွင်းပြီး၊ ဂရိလူမျိုးတို့၏ဘုရားကျောင်းနှင့် ဆင်တူသည့် ဂူတွင် ပြသထားကြသည်။

## စတာလင် မည်သို့ကွန်မြူနစ်ဖြစ်ခဲ့သနည်း

## How Did Stalin Become Communist?

အိုင်အိုဆိဖ် ဗစ်စာရီအိုနိုဗစ် ဇူဂါရှ်ဗီလီသည် ဂျော်ဂျီယာနယ် ဘီလီစီမြို့အနီးရှိ ဂိုရီမြို့ငယ်မှ ဆင်းရဲနွမ်းပါးသောအိမ်ထောင်စုတွင် ၁၈၇၉–ခုနှစ်၌ မွေးဖွားခဲ့၏။ ရုရှားဘာသာစကားအရ "သံမဏိယောကျ်ား"ဟုအဓိပ္ပါယ်ရသော စတာလင်ဟူသည့်အမည်ကို ၁၉၁၃–ခုနှစ်မှစတင်၍ အသုံးပြုခဲ့လေသည်။

သူ၏မိခင်သည်၊ ဘာသာရေးကိုင်းရှိုင်းသောအမျိုးသမီးတစ်ဦးဖြစ်၏။ သူမ၏သားကို ဘာသာရေးဘုန်းတော်ကြီးဖြစ်စေရန် သူမ၏အင်အားရှိသမျှအသုံးပြု၍ ပြုစုပျိုးထောင်ခဲ့ပေသည်။ ထို့ကြောင့် ဂိုရီမြို့ရှိ ခရစ်ယာန်စာသင်ကျောင်းတွင် ကျောင်းထားခဲ့၏။ ငါးနှစ်အကြာတွင် ထိုကျောင်းမှအောင်ခဲ့၍၊ ဘီလီစီမြို့ရှိ ခရစ်ယာန်သာသနာကျမ်းစာသင်ကျောင်းတွင် ဝင်ရောက်ဆည်းပူးကာ ဂျော်ဂျီယန်အော်သိုဒေါ့ခရစ်ယာန်အသင်းတော်တွင် ဘုန်းကြီးရာထူးဖြင့် အမှုစတင်ထမ်းဆောင်လေသည်။

ဤကာလအတွင်း၊ စတာလင်သည် စာအုပ်အချို့ကိုဖတ်ရှု၍ သူ၏ကမ္ဘာ့အမြင်သည်လည်း ပြောင်းလဲလာခဲ့လေသည်။ ဤအချိန်အထိ၊ သူသည် ဘာသာရေးကိုင်းရှိုင်းသည့်မိခင်ကို သစ္စာရှိနေသေးသော်လည်း၊ ဒါဝင်၏*မျိုးစုတို့စတင်ဖြစ်ပေါ်ခြင်း*စာအုပ်ကို ဖတ်ရှုပြီးသည့်နောက် ဘုရားမဲ့ဝါဒီတစ်ဦးဖြစ်လာခဲ့လေသည်။

အောက်စဖို့ဒ်တက္ကသိုလ် သမိုင်းပါရဂူတစ်ဦးဖြစ်သည့် အလက်စ် ဒီ ဂျောင်းက သူ၏ *စတာလင်နှင့်ဆိုဗီယက်ပြည်ထောင်စုကို ပုံစံသွင်းခြင်း* ဟူသောစာအုပ်တွင်၊ စတာလင်၏ ငယ်ရွယ်စဉ်ဘဝပုံစံသွင်းရာတွင် ဒါဝင်၏ပါဝင်မှုကဏ္ဍအကြောင်းရေးသားထားပေသည်။ ဂျောင်း၏ အဆိုအရ၊ စတာလင်သည်၊ **"ဘာသာတရားတွင်ယုံကြည်မှုပျက်ပြားသွားသော ကျမ်းစာသင်ကျောင်းသားဖြစ်၍၊ ထိုသို့ယုံကြည်မှုပျက်ပြားသွားရာ၌ ဒါဝင်သည် အဓိကတာဝန်ရှိသည်ဟု စတာလင်က ယူဆ၏။"**[၂၈] စတာလင်က နောင်မကြာမီအတွင်း ကွန်မြူနစ်ဝါဒကိုလည်း ထပ်မံမွေးစားလိုက်လေသည်။ စတာလင်က အလာပသလာပစကားဝိုင်းတိုင်းလိုလိုတွင် ဤအချက်ကို အထူးပြု၍ ထုတ်ဖေါ်ပြောဆိုလေ့ရှိသည်ဟု ဂျောင်းကဆိုသည်။

အင်္ဂလိပ်လူမျိုးသမိုင်းပါရဂူ အလန်ဘူးလောက်က သူရေးသားသော *ဟစ်တလာနှင့်စတာလင်–ဘဝတူများ* ဟူသောစာအုပ်တွင်၊ ထိုပုဂ္ဂိုလ်နှစ်ဦးကို နှိုင်းယှဉ်ထားရာ၌၊ စတာလင်သည် ငယ်ရွယ်စဉ်အတွင်း ရုရှားဘာသာပြန်ထားသော ကားလ်မားက့်စ်နှင့်ဩဂတ်စ်တေကော်မ်တေတို့၏စာအုပ်များကို ဖတ်ရှု၍ သူ့အပေါ်အလွန်အမင်း ဩဇာလွှမ်းမိုးခဲ့သည်ဟု ဆိုထားပေသည်။[၂၉]



စတာလင်သည် ခရစ်ယာန်ဘုန်းတော်ကြီးဖြစ်သည်အထိ ကြီးထွားလာခဲ့၏။ သို့သော်လည်း ငယ်ရွယ်စဉ်အချိန်တွင် သူဖတ်သောစာအုပ်အချို့က သူ့အားဘုရားမဲ့ဝါဒီအဖြစ်သို့ ဆွဲဆောင်သွားခဲ့သည်။ ဩဇာအသက်ရောက်ဆုံးစာအုပ်မှာ ဒါဝင်၏ မျိုးစုများဖြစ်ပေါ်လာပုံ စာအုပ်ဖြစ်၏။

အမှန်မှာ၊ ဤလှည့်ဖြားမှုသည် စတာလင်တစ်ဦးတည်းခံခဲ့ရသည်မဟုတ်ချေ။ သူနှင့်တစ်ခေတ်တည်း ရုရှားကျောင်းသားအများစုနှင့် အခြားလူငယ်အမြောက်အမြားတို့လည်း ပါဝင်ခဲ့၏။ ဒါဝင်၊ ဟပ်စလေနှင့် လာမက်တို့၏သိပ္ပံဝတ်ရုံခြုံထားသော တင်ပြချက်ကြောင့် ရုရှားလူမျိုးလူငယ်အမြောက်အမြား ဘာသာမဲ့ဖြစ်ကုန်ကြသည်။ *လူမျိုးတစ်မျိုး၏ကြေကွဲဖွယ်အဖြစ်–ရုရှားတော်လှန်ရေးသမိုင်း* ဟူသောစာအုပ်တွင် သမိုင်းပါရဂူ အိုလန်ဒို ဖိုင်ဂျဲစ်က **"သိပ္ပံပညာဆန်အောင်ပြုပြင်ဖော်ပြထားသည့် ဒါဝင်နှင့်ဟပ်စလေတို့၏ ရုပ်ဝါဒသည်၊–––လီနင်ငယ်ရွယ်စဉ်အချိန်၌ ရုရှားလူမျိုးပညာတတ်လူတန်းစားတို့အတွက် ဘာသာအယူဝါဒတစ်ခုအဆင့်အထိ ရှိခဲ့၏။"**[၃၀] ဟု ရေးသားထားပေသည်။ ဖိုင်ဂျဲစ်က အီဗိုလူးရှင်းဝါဒဖြန့်မှုကြောင့် နောင်တွင် ဘိုလရှီဗစ်အဖွဲ့ဝင်ဖြစ်သွားသောလူငယ်အလုပ်သမားတစ်ဦးဖြစ်သူ၊ ဆီမင် ကာနတ်ချီကော့ဗ် ဘာသာသာသနာကို မည်သို့ပစ်ပယ်သွားသည့်အကြောင်း ဖော်ပြထားပေသည်။

> လူငယ်အလုပ်သမားတစ်ယောက်က လူသားကို ဘုရားသခင်ဖန်ဆင်းထားခြင်းမဟုတ်ကြောင်း ဘူးတစ်ဘူးတွင် မြေကြီးအပြည့်ထည့်၍ နွေးထွေးအောင်ထားလျှင် မကြာမီရက်အတွင်း ပိုးမွှားများဖြစ်ပေါ်လာသည်ကို သက်သေသာဓကအဖြစ် သူ့အားပြခဲ့သည်။ ဤကဲ့သို့သော ဒါဝင်မတိုင်မီအချိန်က အောက်တန်းကျသည့်သိပ္ပံပညာများကို ထိုအချိန်ကလက်ဝဲသမားတို့၏ လက်ကမ်းစာစောင်များတွင် ဝေဝေဆာဆာ တွေ့ရ၏။ ကာနတ်ချီကော့ဗ်ကဲ့သို့သော လူငယ်အလုပ်သမားများကို အလွန်အမင်းဩဇာလွှမ်းမိုးဆွဲဆောင်နိုင်ပေသည်။––– "ယခုအချိန်တွင် ကျွန်ုပ်၏အခြေအမြစ်မရှိသောအစွဲအလမ်းမှလွတ်မြောက်ပြီးနောက်၊ ရှေ့သို့အရှိန်အဟုန်ပြင်းစွာဖြင့် ချီတက်လျက်ရှိပါသည်။ ဘုရင်ကျီဘုန်းတော်ကြီးထံတွင် အပြစ်ဖွင့်ဆိုဝန်ခံခြင်းမလုပ်တော့ပါ။ ဘုရားရှိခိုးကျောင်းသို့လည်း မသွားပါ၊ တားမြစ်ထားသည့်အစားအစာများကိုလည်း စတင်စားသောက်နေပါပြီ။" ဟု ရေး သားထားပေသည်။[၃၁]

အလွှာဟ်အရှင်မြတ်က အသက်ရှိခြင်းကို ဖမ်းဆင်းထားခြင်းမဟုတ်ကြောင်းနှင့် အသက်သည် မတော်တဆဖြစ်ပေါ်လာခြင်းဖြစ်သည်ဟူသောအဆိုကို အထောက်အကူပြုစေမည့် အထက်တွင်ညွှန်းခဲ့သည့်ဥပမာမျိုးသည် မှန်ကန်ခြင်းမရှိ အတုအယောင်သာလျှင်ဖြစ်ပေသည်။ တီကောင်ပိုးကောင်များသည် အလယ်ခေတ်တွင် ယုံကြည်ခဲ့ကြသည့်အတိုင်း ဘာမှမရှိရာမှ သူ့အလိုလိုမတော်တဆဖြစ်ပေါ်လာခြင်းမဟုတ်ပေ။ မြေကြီးတွင်း၌ ဉချထားသောပိုးကောင်တီကောင်တို့၏ ဉများမှပေါက်ထွက်လာခြင်းဖြစ်ပေသည်။ သို့သော်လည်း ထိုခေတ်က သိပ္ပံလောကသည်၊ သက်မဲ့ပစ္စည်းများမှ သက်ရှိပစ္စည်းဖြစ်ပေါ်လာနိုင်ခြင်းမရှိကြောင်းကို မသိရှိသေးသဖြင့်၊ ထိုကဲ့သို့သောဒဏ္ဍာရီများက ရေလွှမ်းမိုးသကဲ့သို့ ပြန့်လာနိုင်သောကြောင့်၊ ပညာမစုံမလျင်သောရုရှားလူငယ်များကို ဘုရားတရားမဲ့အယူဝါဒတွင် နစ်မွန်းသွားစေခဲ့၏။



စတာလင် ကွန်မြူနစ်ပါတီသို့ ဝင်ပြီးနောက် ဇာဘုရင်အစိုးရ၏ဖမ်းဆီးခြင်းကို အကြိမ်ပေါင်းများစွာ ခံခဲ့ရ၏။ လက်ဝဲဘက်တွင် ထိုကဲ့သို့ဖမ်းဆီးခံခဲ့ရသော မှတ်တမ်းများကို တွေ့ရ၏။

ရုရှားနိုင်ငံတွင် ၁၉–ရာစုနှစ်အတွင်း ကြီးထွားများပြားလာခဲ့သောဘုရားတရားမဲ့ဝါဒီတို့သည်၊ ၂၀–ရာစုနှစ်တွင် သစ္စာရှိကွန်မြူနစ်များဖြစ်လာခဲ့ကြလေသည်။ ၎င်းတို့အနက် စတာလင်လည်း တစ်ဦးအပါအဝင်ဖြစ်၏။ စတာလင်သည် ၁၈၉၈–ခုနှစ်တွင် ကွန်မြူနစ်အဖွဲ့သို့ဝင်ခဲ့ပြီး၊ ၁၉၀၁–ခုနှစ်မှစ၍ **ဘရဒ်ဇိုလာ**(ရုန်းကန်ခြင်း)ခေါ်လျှို့ဝှက်ကွန်မြူနစ်စာစောင်တွင် ဆောင်းပါးများ စတင်ရေးခဲ့လေသည်။ ၁၉၁၇–ခုနှစ်တွင် သူသည်လီနင်ဦးဆောင်သောကွန်မြူနစ်လှုပ်ရှားမှုတွင် ကိုယ်တိုင်ရာရောက်ပါဝင်ဆောင်ရွက်သော ကွန်မြူနစ်အကြမ်းဖက်သမားတစ်ဦး ဖြစ်လာခဲ့လေသည်။ ၁၉၁၇–ခုနှစ် အောက်တိုဘာတော်လှန်ရေးနောက်ပိုင်းတွင်၊ သူသည် ကွန်မြူနစ်ပါတီတွင် အမြင့်ဆုံးအဆင့်ဖြစ်သော ပိုလစ်ဗျူရိုအဖွဲ့ဝင်ဖြစ်လာခဲ့လေသည်။ ၁၉၂၃–ခုနှစ်တွင် လီနင်နာဖျားမကျန်းဖြစ်သည်နှင့်တပြိုင်တည်း စတာလင်၏အာဏာစက်သည်လည်း ပိုမိုကြီးထွားလာလေသည်။ နောက်ဆုံးတွင် လီနင်ကွယ်လွန်သွားချိန်တွင် သူသည် အမြင့်ဆုံးအာဏာကို လက်ခံရရှိ၍ အာဏာရှင်ဖြစ်လာလေသည်။ စတာလင်သည် ၁၉၂၄–ခုနှစ်မှ ၁၉၂၉–ခုနှစ်အတွင်း သူ၏အတိုက်အခံများကို လုပ်ကြံသတ်ဖြတ်ခြင်း၊ သေဒဏ်ပေးခြင်း၊ ပြည်နှင်ဒဏ်ပေးခြင်းနှင့် ပြည်ပသို့ထွက်ပြေးသွားစေခြင်းများဖြင့် ရှင်းလင်းသုတ်သင်ပစ်လေသည်။ အောက်တိုဘာတော်လှန်ရေး၏ပိသုကာ ထရော့စကီသည်ပင်လျှင် စတာလင်၏ ဒေါသမုန်တိုင်းမှမလွတ်နိုင်ဘဲ ဆိုဗီယက်ပြည်ထောင်စုမှ နှင်ထုတ်ခြင်းခံရလေသည်။

သူ၏အာဏာတည်မြဲသည်နှင့်တပြိုင်တည်း၊ သူ၏သံမဏိလက်သီးဆုပ်သည် ပြည်သူပြည်သားလူ့အဖွဲ့အစည်းသို့ လှည့်လာတော့၏။ လီနင်က စိုက်ပျိုးမြေယာအားလုံးကို ပြည်သူပိုင်သိမ်းရန် ကြိုးစားခဲ့သော်လည်း၊ ၁၉၂၁–၁၉၂၂–ခုနှစ်ငတ်မွတ်ခြင်းပြဿနာကြီးကြောင့် ၎င်းအစီအစဉ်ကို ရွှေ့ဆိုင်းထားခဲ့ရသည်။ စတာလင်သည် ဤအစီအစဉ်ကို အဆုံးသတ်လိုသဖြင့်၊ "စုပေါင်းစီမံကိန်း" ဟူသောအမည်ဖြင့် စတင်လေသည်။ အဓိကရည်ရွယ်ချက်မှာ တောင်သူလယ်သမား ရွာသားတို့၏ ပစ္စည်းအားလုံးကို သိမ်းရန်ဖြစ်သည်။ သူတို့၏ထုတ်ကုန်များကို သိမ်းယူ၍ ပြည်ပသို့ထုတ်ရောင်းရန်ဖြစ်သည်။ ရရှိသည့်ငွေကို ဆိုဗီယက်စက်မှုလက်မှုတွင် ရင်းနှီးမြှုပ်နှံ၍ စစ်တပ်အင်အားကြီးထွားရေးအတွက် အသုံးပြုရန်ဖြစ်သည်။


စတာလင်သည် သူ၏စီမံကိန်းကို ဖမ်းဆီးနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းနှင့် ငတ်မွတ်ခေါင်းပါးခြင်းပြဿနာဖန်တီးခြင်းဖြင့် အကောင်အထည်ဖော်၏။ သူက ဆန်စပါး(ဂျုံ)တန်ချိန်ပေါင်း သိန်းသန်းချီ၍ နိုင်ငံခြားသို့တင်ပို့ရောင်းချစဉ် ရုရှားလူထု ဖသန်းတို့သည် ငတ်မွတ်၍ သေဆုံးခဲ့ကြသည်။ လူသားလောကသည် တိရစ္ဆာန်မျိုးစုတစ်ခုသာဖြစ်သဖြင့်၊ နာကျင်မှုဖြင့်

ပြုပြင်ဆုံးမရမည် ဟူသောရုပ်ဝါဒ–ဒါဝင်ဝါဒအတွေးအခေါ်ကို စတာလင်က တဖန်ထပ်မံ၍ လက်တွေ့ အကောင်အထည်ဖော်ကာ သမိုင်းမှတ်တမ်းတင်ထားခဲ့လေသည်။

## စုပေါင်းစနစ်၏ ရက်စက်မှုများ

## The Savagery of Collectivization

စတာလင်၏ဤပေါ်လီစီသည် ၁၉၂၉–ခုနှစ်တွင်စတင်၏။ သူ၏စီမံကိန်းအရ ပုဂ္ဂလိကပိုင် အားလုံးကို ပယ်ဖျက်ပစ်ရန်ဖြစ်သည်။ ရွာသားတိုင်းသည် နိုင်ငံတော်အစိုးရကို သူ၏ထုတ်လုပ်မှုမှ သတ်မှတ်ထားသော ကိုတာခွဲတမ်းအတိုင်း ဆက်သရ၏။ သူတို့၏ထုတ်ကုန်များကို ရောင်းချခွင့်ပိတ်ပင်လိုက်သည်။ သတ်မှတ်ထားသော ကိုတာခွဲတမ်းမှာမြင့်လွန်းသဖြင့် အများအားဖြင့် သူတို့ရှိသမျှ ပေးအပ်လိုက်ရကြ၏။ ၁၉၂၀–ခုနှစ်တွင် လီနင်စတင်ခဲ့သော ရက်စက်မှုသည် တစ်ကြော့ထပ်မံရောက်လာတော့သည်။



စတာလင်သည် နောက်ပိုင်းတွင် လီနင်နှင့်ပူးပူးကပ်ကပ် ပေါင်းသင်း၍ ပါတီအတွင်း သူ၏တက်လမ်းအတွက် ကြိုးပမ်းခဲ့၏။ လီနင်ကွယ်လွန်ပြီးနောက်၊ စတာလင်သည် သူ၏ပြိုင်ဘက်များကို အနိုင်ယူ၍ ဆိုဗီယက်ပြည်ထောင်စု၏ တစ်ဦးတည်းအုပ်စိုးသည့် အာဏာရှင်ဖြစ်လာခဲ့သည်။

စုပေါင်းစီမံကိန်းကို အကောင်အထည်ဖော်ရန်အတွက် စတာလင်သည် အရက်စက်ဆုံးနည်းများကို အသုံးပြု၏။ ငြင်းဆန်သူတို့ကို သတ်ဖြတ်လိုက်၏။ ဆိုက်ဘေးရီယားနယ်သို့ (နှစ်ရှည်သတ်ဖြတ်ခြင်းအဖြစ်)လည်း ပို့လိုက်သည်။ သို့မဟုတ် အစာငတ်အောင် ပစ်ထားခြင်းဖြင့် တဖြေးဖြေးချင်းသေသွားစေသည်။ ကွန်မြူနစ်စနစ်၏ စုပေါင်းစီမံကိန်းကို ဆန့်ကျင်သူများနှင့် ကူလပ်ခေါ် ကြွယ်ဝချမ်းသာသည့် မြေပိုင်ရှင်တို့ကို တိုင်းပြည်တစ်ခုလုံးအနှံ့အပြား လိုက်လံရှာဖွေ၍ ဖမ်းဆီးသတ်ဖြတ်လိုက်သည်။ ဤပေါ်လီနှင့်ပတ်သက်၍ ***ကွန်မြူနစ်စနစ်၏စာအုပ်မဲ*** တွင် အောက်ပါအတိုင်း ရေးထား၏။

> စုပေါင်းစနစ်ကို ဆန့်ကျင်သည့်ကူလပ်တို့အား ဖမ်းဆီးပစ်သတ်လိုက်ကြသည်။ အချို့ကိုမူ သူတို့၏ဇနီးသားသမီးများနှင့်အတူ ပြည်နှင်ဒဏ်ပေးလိုက်သည်။ ကူလပ်အားလုံးကို တိုက်ရိုက်ဖျောက်ဖျက်လိုက်ခြင်းမလုပ်သော်လည်း၊ အလွန်ဝေးကွာသောမြောက်ပိုင်းအရပ်ဒေသနှင့် ဆိုက်ဘေးရီယားနယ်များသို့ အလုပ်ကြမ်းပြစ်ဒဏ်ပေးခြင်းနှင့် ပို့ထားလိုက်ခြင်းဖြင့်၊ အသက်ရှင်ကျန်ရစ်ရန်အခွင့်အလမ်း အင်မတန်နည်းပါးလှပေသည်။ တစ်ဦးတလေသာအသက်ရှင်ခဲ့လေသည်။ လူပေါင်းသောင်းပေါင်းများစွာ ယင်းဒေသများ၌ အသက်ဆုံးရှုံးခဲ့ကြ၏။ သေဆုံးသွားသူတို့၏စာရင်းအတိအကျကို မည်သူကမှ မသိနိုင်ပေ။ ၁၉၃၂–၃၃–ခုနှစ်များတွင် အတင်းအကြပ်ခိုင်းစေသော စုပေါင်းစီမံကိန်းကို လူထုကဆန့်ကျင်သဖြင့် ယူကရိန်းပြည်နယ်၌ ဖြစ်ပေါ်သော လပေါင်းများစွာကြာညောင်းသည့် ငတ်မွတ်ခြင်းပြတ်သနာတွင် လူဦးရေပေါင်း ၆သန်း ထက်မနည်း သေဆုံးခဲ့ကြလေသည်။[၃၂]



၁၉၂၉ခုနှစ်တွင် ယူကရိန်းနယ်၌ စုပေါင်းစနစ် အကြောင်းဝါဒဖြန့်ခြင်းကို နားဆင်နေကြစဉ်။ စုပေါင်းစနစ်ကို စိုက်ပျိုးရေးသီးနှံထွက်တိုးပွားမှု ပုံစံဖြင့် တင်ပြကြသော်လည်း၊ လက်တွေ့တွင်မူ အကြီးအကျယ်ငတ်မွတ်ခြင်း ဖြစ်ပေါ်စေခဲ့၏။

ရက်စက်မှုအပေါင်းတွင် ကူလပ်တို့အပေါ်၌ အကြမ်းကြုတ်ဆုံးနည်းများဖြင့် ကျရောက်ခဲ့ပေသည်။ ၁၉၃၃–ခုနှစ်ဧပြီလတွင် စတာလင်ထံသို့ စာရေးဆရာ မီခေး ရှိုလိုခေါ့ဖ် ရေးသားပေးပို့သောစာတစ်စောင်တွင် အောက်ပါအတိုင်းဖေါ်ပြထားပေသည်။

ဆိုဗီယက်ပြည်ထောင်စုတွင်ပါဝင်သော နာပိုလော့ဗ်စကီ *ခိုလ်ခို့ဇ်*တွင်၊ ပလော့ကင်အမည်ရှိ ခရိုင်ကော်မီတီအာဏာပိုင်တစ်ဦးသည် ဖမ်းလာခဲ့သော လူများကို လေယာဉ်ရုံတစ်ခု၌ နီရဲနေအောင် အပူပေးထားသောမီးဖိုတွင်မီးလုံစေပြီး၊ မီးငြိမ်းလိုက်ကာ ကိုယ်လုံးတီးပိတ်ထားခဲ့၏။[၃၃]

စတာလင်ကလည်း၊ လီနင်ကဲ့သို့ပင် "ကူလပ်"ဟုခေါ်သော စိတ်ကူးယဉ်ရန်သူကို တီထွင်သည်။ သူတို့ဖျောက်ဖျက်လိုသူတိုင်းကို ဤအမည်တပ်ပေးလိုက်ကြသည်။ ကွန်မြူနစ်တို့အတွက်၊ သူတို့မလိုလားသူတို့ကို ဤအမည်တပ်၍ခွဲခြားကာ ၎င်းတို့ကို ဖမ်းဆီးသုတ်သင်ပစ်ရန် မြို့တိုင်းသို့အမိန့်ထုတ်လိုက်သည်။ ဤအကြောင်းနှင့်ပတ်သက်၍ *ကွန်မြူနစ်ဝါဒ၏ စာအုပ်မဲ* တွင် အောက်ပါအတိုင်း ဖေါ်ပြထားပေသည်။

> အချို့သောခရိုင်များတွင်၊ ကူလပ်ရှင်းလင်းရေးတွင် ၈၀ မှ ၉၀–ရာခိုင်နှုန်းသည် *ဆေရက်ညာက်*ခေါ် အလယ်အလတ်ဝင်ငွေရှိသည့် တောင်သူလယ်သမားများ ဖြစ်ကြသည်။ ဒေသခံတပ်တို့သည် ချမှတ်ထားသောခွဲတမ်းပြည့်အောင် ပို့ဆောင်ကြရသည်။ အကယ်၍ ဖြစ်နိုင်ပါက ပိုမိုပို့ရန် တိုက်တွန်းထား၏။ ၁၉၂၅–ခုနှစ်နှင့် ၁၉၂၆–ခုနှစ်များတွင်၊ မိမိတို့၏ သီးနှံထွက်ကုန်များကို ရောင်းထုတ်သူ၊ သီးနှံရိတ်သိမ်းရန်အလုပ်သမားရှိသူနှင့် ရေနွေးတည်သည့် ရုရှားခရားအိုးနှစ်လုံးရှိသူ စသည့်တောင်သူလယ်သမားတို့ကို ဖမ်းဆီး၍ ပြည်နှင်ဒဏ်ပေးလိုက်ကြသည်။ ၁၉၂၉–ခုနှစ် စက် တင်ဘာလတွင် မိမိပိုင်ဝက်တစ်ကောင်ကို "သတ်စားသည့်အတွက်" ဆိုရှယ်လစ်စီးပွားရေးစနစ်ကာကွယ်ထိန်းသိမ်းသည့်အနေဖြင့် ပြည်နှင်ဒဏ်ပေးလိုက်သည်။ တောင်သူလယ်သမားတို့ သူတို့ရှိသည့်ပစ္စည်းများကို ရောင်းချသဖြင့် "စီးပွားရေးလုပ်သည်"ဟုစွပ်စွဲပြီး သတ်လိုက်ကြသည်။ တောင်သူ လယ်သမားတစ်ယောက်မှာ သူ၏ဦးလေးတစ်ယောက်သည် ဇာဘုရင်၏အစိုးရအဖွဲ့တွင် အရာရှိတစ်ဦးဖြစ်သောကြောင့် ပြည်နှင်ဒဏ်ပေးခံရသည်။ နောက်တစ်ယောက်ကိုမူ "ဘုရားရှိခိုးကျောင်းသို့ မကြာခဏသွားသောကြောင့် "ကူလပ်"တစ်ယောက်ဖြစ်သည်ဟု စွပ်စွဲခံရသည်။ စုပေါင်းစနစ်ကို ဆန့်ကျင်သူတိုင်းအား ကူလပ်ဖြစ်သည်ဟု စွပ်စွဲလိုက်ကြသည်။ အချိန်ကြာမြင့်လာသည်နှင့်အမျှ ကူလပ်ရှင်းလင်းရေးသည်လည်း ရှုပ်ထွေးလာတော့သည်။ *ဆေရက်ညာက်* တစ်ယောက်သည်လည်း သူကိုယ်တိုင်ကူလပ်ရှင်းလင်းရေးတပ်ဖွဲ့တွင် ပါဝင်အမှုထမ်းနေလျက်နှင့် မြို့၏အခြားတစ် ဘက်တွင် တာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့က ဖမ်းဆီးသည်ကို ခံရလေသည်။[၃၄]

ကူလပ်များဟု စွပ်စွဲခြင်းခံရသည့်အမည်စာရင်းတွင်၊ ဘာသာရေးဝန်ထမ်းများနှင့် ခရစ်ယာန်ဘုန်းတော်ကြီးများ ထိပ်ဆုံးက ပါဝင်သည်။ ၁၉၃၀–ခုနှစ်တွင် ဘုန်းတော်ကြီးပေါင်း ၁၃,၀၀၀ တို့သည်၊ ကူလပ်ရှင်းလင်းရေးတွင် ပါသွားလေသည်။ ရွာနှင့်မြို့များတွင် စုပေါင်းစနစ်ကို စတင်သည်နှင့်တပြိုင်တည်း ခရစ်ယာန်ဘုရားရှိခိုးကျောင်းများကို ပိတ်ပစ်၍ ဘာသာရေးခေါင်းဆောင်များကို ရှင်းလင်းပစ်ကြသည်။[၃၅]

စုပေါင်းစနစ်မှ ရလာဒ်နှစ်ခုမှာ ငတ်မွတ်ခြင်းပြဿနာနှင့် ပြည်နှင်ဒဏ်ပေးခြင်းဖြစ်၏။



## စတာလင်ယူဆောင်လာခဲ့သော ငတ်မွတ်ခေါင်းပါးခြင်းပြဿနာ


**Famine Brought About by Stalin**

သူ၏အလျင်လီနင်ကဲ့သို့၊ စတာလင်သည်လည်း စုပေါင်းစနစ်ကို လူ့အဖွဲ့အစည်းအား ခြိမ်းခြောက်သည့် လက်နက်အဖြစ် အသုံးပြုရန် ကြံစည်ခဲ့သည်။ တိုင်းပြည်အတွင်း သူအလိုရှိသည့်ဒေသမှ ဆန်စပါးများကိုသိမ်းယူခြင်းဖြင့် ထိုဒေသတွင် ငတ်မွတ်ခြင်းပြဿနာ ဖြစ်ပေါ်စေသည်။ ယူကရိန်းပြည်နယ်က ကွန်မြူနစ်ဝါဒကို ဆန့်ကျင်သောကြောင့် စုပေါင်းစနစ်၏ ပစ်မှတ်ဖြစ်ခဲ့သည်။ သမိုင်းတွင် လူကဖန်တီးသောငတ်မွတ်ခေါင်းပါးခြင်းကပ်ဆိုးကို ယူကရိန်းပြည်နယ်က အကြီးကျယ်ဆုံးအလူးအလဲခံရ၍၊ ငတ်ပြတ်ခြင်းကြောင့် လူဦးရေ လေးသန်းကျော်သေဆုံးခဲ့လေသည်။

မည်သို့မည်ပုံဖြစ်လာခဲ့သည်မှာ ထင်ရှားလှ၏။ ၁၉၃၁–ခုနှစ်တွင် စုပေါင်းရေးပေါ်လီစီအရ ယူကရိန်းပြည်နယ်မှ ဂျုံစေ့တန်ချိန်ပေါင်း ၇သန်း ၇သိန်း ခွဲတမ်းချတောင်းဆိုခဲ့၏။ စုပေါင်းရေးတပ်ဖွဲ့မှ ဂျုံတန်ချိန်ပေါင်း ၁၈သန်း သိမ်းဆည်းခဲ့လေသည်။ နကိုကတည်းက တောင်သူလယ်သမားရွာသားတို့ ငတ်ပြတ်လုနီးနီး မနိုင်မနင်းဖြစ်နေသည့်ခွဲတမ်းကြောင့် ယူကရိန်းနယ်သားတို့က စတာလင်၏တပ်များကို ဆန့်ကျင်ကြလေသည်။ ထို့ကြောင့် စတာလင်က ပိုမိုဒေါသချောင်းချောင်းထွက်၍ သနားကြင်နာခြင်း ပိုမိုကင်းသွားလေတော့သည်။ ၁၉၃၂–ခုနှစ် ဇူလိုင်လတွင် နကိုချမှတ်သော ကိုတာခွဲတမ်းအပေါ်တွင် နောက်ထပ်တန်ချိန် ၇ သန်း ၇သိန်း ထပ်မံချ၍ ဗဟိုအစိုးရကို ဆက်သရန် တောင်းဆိုလိုက်လေသည်။ လူပေါင်း သန်းပေါင်းများစွာကို ငတ်မွတ်၍ သေစေသည်။ ဤပေါ်လီစီနှင့်ပတ်သက်၍ ဘရိုင်းယန် မွယ်နာဟန် ၏ *ရုရှားနိုင်ငံ–လွန်ခဲ့သည့်နှစ်တစ်ရာသမိုင်း*တွင် အောက်ပါအတိုင်း ဖော်ပြထားပေသည်။

> ကွန်မြူနစ်လှုပ်ရှားမှုချောဆွဲဂိုဏ်းများသည်၊ ဆယ်ပေလောက်ရှည်လျားသောသံမဏိချောင်းများကို ကိုင်ဆောင်၍ ယူကရိန်းပြည်နယ်သို့ စုပြုံရောက်လာကြလေသည်။ အိမ်တွင်းအိမ်ပြင်၊ ကြပ်ခိုးများ၊ တဲကုတ်များ၊ စပါးကျီများ၊ ဝက်ခြံ၊ ကောက်ရိုးပုံ စသည်တို့အားလုံးကို နှံ့နေအောင် ရှာဖွေကြသည်ဟု အရှာခံရသောရွာသားတစ်ဦးက ပြောပြ၏။ လယ်ကွင်းတွင် ယာယီမျှော်စင်များဆောက်လုပ်၍ ခြောင်းမြောင်းပစ်ခတ်မည့်ရန်ကို စောင့်ကြပ်ကြည့်ရှုကြသည်။ ထိုမျှော်စင်တွင် ကင်းစောင့်သူတို့သည် နှစ်လုံးပြူးသေနတ်များ ကိုင်ဆောင်ကြသည်။ ဆာလောင်မွတ်သိပ်လွန်းသူတို့မှာ ပြောင်းဖူးနှံများကို ကပ်ကြေးဖြင့် ဖြတ်ယူစားကြသည်။ ဖမ်းမိသူများအနက် အချို့မှာ ဥပဒေအရ ၇–၈ နှစ်

ထောင်ကျ၍၊ အချို့မှာမူ ပစ်သတ်ခံကြရသည်။ ခါရ်ကော့ဗ်တရားရုံးတစ်ခုတွင် တစ်လအတွင်း အမှုပေါင်း တစ်ထောင့်ငါးရာစစ်ဆေးထောင်ချ၏။ မိန်းမတစ်ယောက်ကို မိမိစိုက်ထားသော ပြောင်းဖူး အဖူး ၁၀၀ ခုတ်ယူသည့်အမှုကြောင့် ထောင် ၁၀ နှစ်ချလိုက်၏။ နောက်နှစ်ပါတ်တွင် သူ၏လင်ယောကျ်ားမှာ အငတ်ဘေးကြောင့်သေဆုံးသွားရှာသည်။ ကြက်နှင့်ဝက်များကိုမူ ၁၉၃၂–ခု





ရုရှားလူမျိုးများ ငတ်ပြတ်၍ သေနေကြစဉ် ကွန်မြူနစ်ပါတီ စပါးကျီများတွင် ဂျုံစေ့ ပြည့်လျက်ရှိ၏။ ဆောပို့၌ ၁၉၃၀ ခုနှစ်များတွင် စပေါင်း စနစ်ကို အကောင်အထည် ဖော်စဉ် ခရစ်ယာန်ဘုရားရှိခိုးကျောင်းတစ်ခုကို ဂိုဒေါင် အဖြစ် အသုံးပြုထားသည်။

နှစ် ဆောင်းဦးပိုင်းတွင် သတ်စားကုန်လေပြီ။ ၎င်းနောက် ခွေးနှင့်ကြောင်များကို ဆက်လက်၍သတ်စားသည်။ ဗာဆာလီ ဂရော့စ်မာန်က 'ဖမ်းဖို့တော်တော်ခက်တယ်'ဟုရေးသည်။ 'တိရစ္ဆာန်တွေက လူတွေကိုကြောက်ပြီး ရိုင်းကုန်ကြတယ်။ လူတွေက သူတို့ကိုပြုတ်စားကြတယ်။–' –၁၉၃၂–ခုနှစ် ကုန်တွင် တန်ချိန်ပေါင်း ၄ သန်း ၇ သိန်းသာ ဆက်သနိုင်ခဲ့သည်။ ခွဲတမ်းသစ်ထပ်မံကြေငြာသည်။ မိုးလေဝသအရာရှိများက သီးနှံများပျက်စီးအောင် မိုးလေဝသမှားယွင်းစွာခန့်မှန်းသည့်အတွက် အဖမ်းခံရကြသည်။ တိရစ္ဆာန်ဆရာဝန်များကို၊ မွေးမြူရေးပျက်လိုပျက်စီးလုပ်သည့်အတွက် ပစ်သတ်လိုက်ကြသည်။ သီးနှံစိုက်ပျိုးရေးသမားများကို ကူလပ်ဖြစ်သည်ဟုစွပ်စွဲ၍ ဆိုက်ဘေးရီးယားသို့ ပို့လိုက်ကြသည်။––၁၉၃၃–ခုနှစ် မတ်လတွင် နှင်းအရည်ပျော်သည့်အချိန်ကစ၍ ပြည်သူလူထုကြီး တစ်ခုလုံး ငတ်ပြတ်ကြလေသည်။ လူတို့က ကြွက်များ၊ ပုရွက်ဆိတ်များနှင့် တီကောင်များကိုပင် ဖမ်းယူစားသောက်ကြသည်။ ရာသီအလိုက်ပွင့်သည့်ပန်းများနှင့် ဖက်ယားပင်များကိုပြုတ်၍ စားသောက်ကြ၏။ *နယူးယောက်ညနေဂျာနယ်*မှ သတင်းထောက်တစ်ဦး ကီဗ်မြို့နှင့် မိုင်၂၀ ဝေးသော ရွာတစ်ရွာသို့ သွားရောက်ခဲ့ရာ 'တဲတစ်လုံးတွင် အမည်မပေးတတ်သော စွပ်ပြုတ်အိုး မီးပေါ်တည်ထားသည်ကို တွေ့ခဲ့ရသည်'ဟု ရေး၏။ 'အိုးထဲတွင် အရိုးများ၊ အရေပြားများပါဝင်၍ ဘွတ်ဘိနပ်အစက အိုးထိပ်ဆုံးတွင် ပေါ်နေသည်'–––

လူတွေက သူတို့၏ရွာများကို ပစ်ထားခဲ့ကြသည်။ မီးရထားလမ်းဘေးများတွင် မီးရထားပြတင်းပေါက်များမှ အစာအကြွင်းအကျန်များပစ်ချပေးမည်ကို စောင့်မျှော်ကြသည်။ စစ်တပ်များရွှေ့ပြောင်းသည့်အရပ်ဘက်သို့ လိုက်ကြသည်။ မြို့အတွင်း လေးဘက်တွားကြသည်။ ကီဗ်မြို့တွင် နံနက်တိုင်း လက်တွန်းလှည်းများဖြင့် ယွခင်ညတွင်သေသွားသောအလောင်းများကို လိုက်ကောက်ကြ၏။ ကလေးများ၏ ပိန်ချုံး၍ ရှည်မျောနေသောမျက်နှာများသည်လည်း ငှက်နှင့်ပင် တူတော့သည်။



အပေါ်ပုံတွင် မိခင်တယောက်နှင့် ကလေး ငတ်ပြတ်၍ သေခါနီးကို တွေ့ရပုံ၊ အောက်ပုံ၊ အငတ်ပြသနာကြောင့် ကလေးငယ်များ သေကုန်ကြ၏။ ယူကရိန်းနယ်သား ၄သန်း သေဆုံးခဲ့သည်၊







စတာလင်၏မုသား——

——နှင့် စတာလင် အစစ်

ဖွံ့ဖြိုးမှုစီမံကိန်းတွင် နေရာအကျအနတွေ့ရသည့်သေဘာအကြောင်းမှာ အခိုးရုကျကလေးများစင်ဆုတ်လှုပ်ဖြစ်နိုင် ဖြစ်သည့်မှုသေဘာကို အဘက်ကိုဖြင့်ပြခဲ့သည်။ ရိုးမဲ့ယက်ပြည်ထောင်စုတွင် စတာလင်လုပ်ကြံ မနိုင်သောအခါ ပြသနေကြောင်း လူများကိုသနားသေဆုံးသွား [illegible] သိန်းပေါင်းများစွာ သောကလေးငယ်များ၏ အသက်ကို ရည်ရွယ်ခဲ့သည်။ ဤပုံသည် စတာလင်ခေတ် ရုရှား ကလေးများ၏ "နေထိုင်မှုအခြေ" ကို ပြသလျက်ရှိ၏။ သို့သော်လည်း ဝါဒဖြန့်ပုံတွင်မူ စတာလင်ကို ကြင်နာတတ်သူအဖြစ်သရုပ်ဆောင်ထားပြီး ပျော်ရွှင်သည့်ကလေးများ [illegible] သက်စောင်းများကို ထုတ်ပြနေပုံပြထားသည်။

သို့သော်လည်း၊ ကွန်မြူနစ်လှုပ်ရှားမှုချောဆွဲဂိုဏ်းသားများသည်၊ ဆန်စပါးများကို ဆက်လက်၍သာ ရှာဖွေနေကြ၏။ အာလူးတူးနေသည့်မိခင်များကိုတွေ့လျှင် ပစ်သတ်လိုက်ကြသည်။ မျက်နှာဖေါယောင်နေခြင်းသည် ငတ်ပြတ်မှု၏လက္ခဏာဖြစ်သည်။ ထိုသို့ဖေါယောင်နေခြင်းမရှိသူများကို သူတို့ဝှက်ထားသည့်အစာများကို ပြရန် ရိုက်နှက်ကြသည်။ 'ကျွန်ုပ်တို့သည် သမိုင်း၏လိုအပ်ချက်ကို ဖေါ်ထုတ်နေကြသည်'ဟု လဲဗ် ကိုပိုလဲဗ်က ရေးသားထား၏။ 'ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏တော်လှန်ရေးတာဝန်ကို ထမ်းဆောင်နေကြခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အမိအဖဆိုရှယ်လစ်မြေအတွက် ဆန်စပါးစုဆောင်းနေကြခြင်းဖြစ်သည်။-- မိန်းမနှင့်ကလေးများ၏ ပူဖေါင်းနေသောဝမ်းပိုက်များ၊ သွေးမရှိသဖြင့်အပြာရောင်သန်းနေသည့်မျက်နှာ၊ ဟာလာဟင်းလင်းအသက်ကင်းနေသည့်မျက်လုံးများကို တွေ့မြင်နေကြသည်။ စုတ်ပြတ်နေသည့် သိုးသားရေခြုံထားသောလူသေအလောင်းများ၊ ဈေးပေါ်၍ပြိုနေပြီဖြစ်သောဘွတ်ဖိနပ်များစွပ်ထားသည့် လူသေအလောင်းများကို ခြိလယ်တဲတွေ၊ နှင်းတောတွေနှင့် ခါရိုကော့ဗ်တံတားပေါ်တွေမှာ၊ နေရာတကာ တွေ့ရ၏--။'

--အနောက်နိုင်ငံများသို့ အငတ်ပြဿနာသတင်းရောက်လာသည်။--ဗီယင်နာဘိရှော့ဘုန်းတော်ကြီး၏ဦးဆောင်မှုအောက်တွင် အပြည်ပြည်ဆိုင်ရာ ကယ်ဆယ်ရေးကော်မီတီဖွဲ့စည်းလိုက်သည်။ သို့သော်လည်း ဆိုဗီယက်အစိုးရက မည်သည့်အငတ်ပြဿနာမှ မဖြစ်ဟု ငြင်းဆိုလိုက်သောကြောင့် ဘာမှမလုပ်နိုင်။[၃၆]

ဤရှုခင်းများက မီခေးလ် ရှိုလိုခေါ့ဗ်ကို စတာလင်ဆီသို့ ဤမျှရက်စက်ကြမ်းကြုတ်သည့်လုပ်ရပ်များကို ချက်ချင်းရပ်တန့်ရန် တောင်းဆိုသည့်စာ ရေးစေ၏။ သို့သော်လည်း စတာလင်က တမင်တကာဖန်တီးသော ဖြစ်ရပ်များသာ ဖြစ်နေသည်။

၁၉၃၃-ခုနှစ် ဧပြီလတွင် စာရေးဆရာ မီခေးလ် ရှိုလိုခေါ့ဗ် ကူဘန်မြို့အနီးဖြတ်သွားရာ၊ စုပေါင်းလယ်ယာအလုပ်သမားများကို ဒေသခံအရာရှိများကနှိပ်စက်၍ သူတို့၏သီးနှံအားလုံးကို အပ်ရန် အတင်းခိုင်းစေနေသည်ကို တွေ့သဖြင့် စတာလင်ထံသို့ စာနှစ်စောင်ရေးသားပေးပို့ခဲ့လေသည်။ ထိုစာများတွင် အတွင်းရေးမှူးချုပ်မှ အစားအစာအမြန်ဆုံးပို့ရန်တောင်းဆို၏။---

မေလ ၆ ရက်နေ့စွဲဖြင့် ရေးသောပြန်စာတွင် စတာလင်သည် ဟန်ဆောင်၍ပင် သနားကြင်နာမှုကို မပြသခဲ့ချေ။--၁၉၃၃-ခုနှစ်တွင် လူပေါင်းသန်းနှင့်ချီ၍ ငတ်ပြတ်၍သေကြေနေကြစဉ်၊ ဆိုဗီယက်အစိုးရက ဆန်စပါး အလေးချိန်ဟန္ဒြတ် ၁၈သန်းကို "စက်မှုလက်မှုကူးပြောင်းရေးအတွက်" နိုင်ငံခြားသို့ တင်ပို့ရောင်းချခဲ့လေသည်။[၃၇]

အငတ်ပြဿနာကြောင့် ယောကျ်ားမိန်းမ၊ ကလေးသူငယ်များ၊ ဇရာအိုများ ဦးရေခြောက်သန်းကျော် သေဆုံးခဲ့၏။ ဆိုဗီယက်နိုင်ငံက အစာရေစာထုတ်လုပ်မှုမလောက်သောကြောင့်မဟုတ်။ ကွန်မြူနစ်ပါတီက လူလုပ်သောအငတ်ပြဿနာကို တမင်တကာဖန်တီးခြင်းကြောင့်ဖြစ်သည်။ တစ်နည်းအားဖြင့် လူထုအမြောက်အမြားကို သတ်ဖြတ်ခြင်းဖြစ်၏။ စတာလင်က အနောက်နိုင်ငံများ ထိုဖြစ်ရပ်ကို သိသွားမည်ကို အင်မတန်စိုးရိမ်ခဲ့လေသည်။ အဘယ့်ကြောင့်ဆိုသော်၊ သူ့ရည်ရွယ်ချက်ကြီးစွာဖြင့် ယူကရိန်းပြည်နယ်ကို ဆုံးမဒဏ်ခတ်ခြင်းအားပျော့သွားမည်ကို စိုးရိမ်သောကြောင့် ဖြစ်သည်။ သမိုင်းပါရဂူ ဒါနာ ဒလ်ရင်မ်ပလ်က၊ အောက်ပါအတိုင်း ဝေဖန်ထားပေသည်။

ဆိုဗီယက်ပြည်ထောင်စုသည် အငတ်ပြဿနာပေါ်ပေါက်ခဲ့သည်ဟု တရားဝင် ဘယ်သောအခါမှ ဝန်ခံခြင်း မပြုခဲ့ချေ။ အမေရိကန်နှင့်အင်္ဂလိပ်တို့ ဆိုဗီယက်ပြည်ထောင်စုနှင့်ပတ်သက်၍ ယူကရိန်းပြည်နယ်တွင် ပေါ်ပေါက်ခဲ့သောအငတ်ပြဿနာအကြောင်း တစ်ခါတစ်ရံ ထည့်ပြောလေ့ရှိကြသော်လည်း အတိအကျအသေးစိတ်ဖေါ်ပြခြင်းမပြုကြပေ။ သို့သော်လည်း ဆိုဗီယက်ပြည်ထောင်စုတွင် ဖြစ်ပျက်ခဲ့သော အငတ်ပြဿနာနှင့်ပတ်သက်၍ အခြားနိုင်ငံများတွင် အသေးစိတ်မှတ်တမ်းတင်ထားသည်ကို တွေ့ရှိရပေသည်။ အဘယ့်ကြောင့် ဤသို့ကွာခြားသနည်း။ အဖြေမှာ ၁၉၃၂-၃၄-ခုနှစ် အငတ်ပြဿနာသည်၊ နောင်ဆက်၍ဖြစ်ပွားသောအငတ်ပြဿနာနှင့်မတူဘဲ လူလုပ်သည့်အငတ်ပြဿနာဖြစ်သောကြောင့်တည်း။[၃၈]

စုပေါင်းစနစ်ကြောင့်၊ ယူကရိန်းပြည်နယ်မှ တောင်သူလယ်သမားတို့အများဆုံး ထိခိုက်နစ်နာဆုံးရှုံးခဲ့ကြ၏။ အသက်ပေါင်း ၄ သန်းသေကြေခဲ့သည်။ ကာဇက်စတန်တွင် လူတစ်သန်း စုပေါင်းစနစ်ကြောင့် ငတ်ပြတ်ခဲ့ကြသည်။ ကော့ကေဆပ်မြောက်ပိုင်းနှင့် မြေနက်ဒေသပိုင်းတွင်

အသက်ပေါင်း တစ်သန်းသေကြေခဲ့၏။ စတာလင်၏ တစ်ခုတည်းသောအမိန့်ဖြင့် လူပေါင်း ခြောက်သန်း သေကြေပျက်စီးခဲ့လေသည်။[၃၉]

## ပြည်နှင်ဒဏ်ခံရသူများနှင့် အလုပ်စခန်းများ

## Exiles and Work Camps

စတာလင်က ကွန်မြူနစ်စနစ်ကို ဆန့်ကျင်သူ သန်းပေါင်းများစွာအား "ပြည်နှင်ဒဏ်" ပေးခြင်းဖြင့် သတ်ဖြတ်ခဲ့၏။ ဆိုဗီယက်ပြည်ထောင်စုအစိုးရသည်၊ ခရိမီယံတူရကီလူမျိုးများ အပါအဝင် လူနည်းစုအမြောက်အမြားကို ရွေးထုတ်၍၊ ညဥ့်အချိန်တွင် သူတို့၏အိမ်မှ မောင်း ထုတ်ကာ ကီလိုမီတာထောင်နှင့်ချီ၍ဝေးလံသောအရပ်များသို့ အလိုလိုသေကြေပျက်စီးကုန် အောင်ပို့လိုက်ကြသည်။ ခရီးလမ်းကြားတွင် ဦးရေပေါင်းသိန်းနှင့်ချီ၍ သေကြေကုန်၏။

ဆိုက်ဘေးရီယားအနောက်ဘက် နာရင်မ်တွင်တာဝန်ယူရသော ပါတီကော်မီတီဝင်တစ် ဦးက ရုရှားနိုင်ငံ၏ ပြည်နှင်ဒဏ်ဟူသည် "အစုလိုက်သတ်ဖြတ်ခြင်းသာဖြစ်သည်"ဟု အောက် ပါအတိုင်း သူ၏ကိုယ်ပိုင်မှတ်တမ်းတွင်ရေးသားထား၏။

> ၁၉၃၃–ခုနှစ် ဧပြီလ၂၉ နှင့် ၃၀ ရက်နေ့များတွင် "ခေတ်မမီဟောင်းနွမ်းသောပစ္စည်း"များကို မော့စကိုနှင့်လီနင်ဂရက်တို့မှ သယ်ယူလာသည့် မီးရထားတွဲကွန်ဗွယ်များ ကျွန်ုပ်တို့ထံသို့ရောက် ရှိလာသည်။ တောင်းမ်ဘူတာသို့ရောက်လျှင်ရောက်ချင်း တွဲများကိုရေဆိပ်သို့ပို့၍ တံခါးများကို ဖွင့်လိုက်သည်။ မေလ ၁၈ ရက်နေ့နှင့် ၂၆ ရက် နေ့များတွင် နာဇီရိုမြစ်နှင့် အော့ဘ်မြစ်ဆုံ အထက် ရှိ နာဇီရိုအရပ်သို့ပို့လိုက်သည်။ ပထမ ကွန်ဗွယ်တွင် လူပေါင်း ၅၀၇၀ ပါလာ၍ ဒုတိယတွင် ၁၀၄၄ ယောက်ပါလာသည်။ စုစုပေါင်း ၆၁၁၄–ယောက် ရှိသည်။ ပို့ဆောင်ရေးအခြေအနေသည် ဆိုးရွားလှ ၏။ ပါလာသည့်အစာအနည်းငယ်မှာ စား၍မရချေ။ ခရီးသည်များကို လေဝင်ပေါက်မရှိသ လောက်သောနေရာတွင် ပြွတ်သိပ်ထည့်ထားသည်။––နေ့စဉ်လူပေါင်း ၃၅ ယောက်မှ ၄၀ နှုန်းအထိ သေဆုံးကြသည်။ နာဇီရိုကျွန်းတွင် သူတို့အား စောင့်နေသောအခြေအနေနှင့်နှိုင်းယှဉ်လျှင် ဤအခြေ အနေသည် ဇိမ်ခံသည့်အခြေအနေဟုပင် ဆိုရပါမည်။ (ထိုနေရာမှတစ်ဆင့် နာဇီရိုမြစ်အထက် အသစ်ချဲ့ခဲ့သောနယ်မြေသို့ အချို့ကို ခွဲ၍ပို့ရမည်ဖြစ်သည်။) နာဇီရိုကျွန်းသည် လူနေအိမ်ခြေ ကင်းမဲ့သောအရပ်ဖြစ်သည်။ ဒါးပေါက်တူးပေါက်ပြားစသည့်ကိရိယာလက်နက် တစ်ခုမှမရှိချေ။ ဆန်စပါး အစားအစာဟူ၍ဗလာနတ္ထိ။ အမိုးအကာမရှိသည့်နေရာတွင် ပစ်ထားလိုက်ကြသည်။ အအေးဒဏ်ကိုကာကွယ်ရန် မီးမွေးနိုင်ခြင်းပင်မရှိကြချေ။ ပထမနေ့တွင် လူသေအလောင်းပေါင်း ၂၉၅–ကို မြှုပ်နှံလိုက်ရသည်။ ထိုကျွန်းသို့ လူများရောက်ရှိလာပြီးနောက် ၄–၅ ရက်ကြာမှ ဂျုံမှုန့်အနည်းငယ်ရောက်ရှိလာသည်။ တစ်ဦးလျှင် ပေါင်ချိန်အနည်းငယ်စီဝေမျှပေးရ၏။ သူတို့ကို ဝေငှပေးသည့်ရာရှင်ကို လက်ခံရရှိသည်နှင့်တပြိုင်တည်း ဆာလောင်လွန်းသဖြင့် မိမိတို့တွင်ပါသော ဦးထုပ် ဘောင်းဘီ ဂျက်ကက်များတွင် ဂျုံမှုန့်ကို ရေဖြင့်နယ်၍ စားကြသည်။ အချို့မှာ ရေနှင့်မနယ်နိုင်တော့ဘဲ ဂျုံမှုန့်ကိုပါးစပ်ထဲသို့သွပ်ထည့်လိုက်ပြီး ရေသောက်ချလိုက်ရာ လည် ချောင်းတွင်တစ်၍ ဆို့သေသွားသူလည်း ရှိ၏။ ထိုပြည်နှင်ဒဏ်ပေးခံရသူတို့က ဤကျွန်းတွင် လာရောက်ပို့ထားသည့်နေ့မှစ၍ တစ်ချိန်လုံးရရှိသောအစာမှာ ဤမျှသာဖြစ်၏။ အချို့ကလည်း ပါလာသောအစာများဖြင့် ကိတ်မုန့်ဖုတ်ရန်နယ်ထားသည့် ဂျုံကိုစားကြသည်။ ဖုတ်ရန်မီးမရှိ၊ အခြားရောစရာလည်းဘာမျှမရှိ။ မကြာမီအတွင်းမှာတော့ အချင်းချင်းသတ်စားသဖြင့် လူသား စားစနစ်ပေါ်လာတော့၏။[၄၀]

စတင်းဖို့ဒ်တက္ကသိုလ်မှ သုတေသနပညာရှင် ရောဘတ်ကောင်ကွက်၏ *ကြေကွဲဖွယ် ကောက်သင်းရိတ်သိမ်းခြင်း* ဟူသောစာအုပ်တွင် စတာလင်ခေတ်မှ ပြည်နှင်ဒဏ်ပေးခံရသူများ အကြောင်း အောက်ပါအတိုင်း ရေးသားထားပေသည်။

> ၁၉၄၀–ခုနှစ်တွင် တစ်ဖန်ဖြစ်ပေါ်သည့် လူနည်းစုများကို အစုလိုက်အပြုံလိုက်ပြည်နှင်ဒဏ်ပေးသူ များကို သယ်ပို့စဉ်လမ်းခရီးကြား၌ ၁၅ မှ၂၀ ရာခိုင်နှုန်းအထိ၊ အများအားဖြင့်ကလေးသူငယ်များ၊ သေဆုံးကုန်၏။ ပြည်နှင်ဒဏ်ပေးခံရသူများတွင် ကျန်းမာရေးအခြေအနေအမျိုးမျိုးပါဝင်သည်။ အချို့မိန်းမများသည် ကိုယ်ဝန်ဆောင်များဖြစ်ကြသည်။ ကော့ဆက်အမျိုးသမီးတစ်ဦးက မီးရထား



## ဂူလာဂ်၏ သေမင်းစခန်းများ

ဤပုံများသည် ဂူလာဂ်၏ သေမင်းစခန်းများ ဖြစ်ပြီး၊ ...







ဆိုက်ဘေးရီးယားနယ် မာဂါဒန်ဒေသရှိ ကျသပ်အကျဉ်းထောင်ဖြစ်သည်။ ဤနေရာတွင် သန်းပေါင်းများစွာသော သူတို့ ... သေဆုံးသွားကြ၏။



ပေါ်ကလေးမွေးလေရာ ကလေးမှာ သန်သန်မာမာပကတိအတိုင်း ဖြစ်သော်လည်း၊ မကြာမီအတွင်း သေဆုံးသွား၏။ အစောင့်စစ်သား နှစ်ယောက်က ထိုကလေးအလောင်းကို မီးရထားခုတ်မောင်းနေစဉ် တံခါးမှအောက်သို့ ပစ်ချလိုက်သည်။ ပြည်နှင်ဒဏ်ပေးခံရသူအမြောက်အမြားသည်လည်း သူတို့၏ဘဝနောက်ဆုံးခရီးသို့ တိုက်ရိုက်ပို့ဆောင်ခြင်း ခံကြရသည်။ အချို့လည်း လမ်းကြားမှ မြို့ငယ်များတွင် နေကျန်ခဲ့ကြသည်။--အာရ်ချန်ဂဲလ်တွင် ဘုရားရှိခိုးကျောင်းအားလုံး ပိတ်ထားသည်။ ဘုရားရှိခိုးကျောင်းများကို အကျဉ်းသားများအတွက် လမ်းခရီးကြား တည်းခိုရာနေရာအဖြစ် ပြောင်းလဲထားသည်။ အိပ်ယာဆင့်များကို အထပ်ထပ်ဆောက်ထားသည်။ ဖမ်းဆီးလာခဲ့သော တောင်သူလယ်သမားများသည် ကိုယ်လက်ဆေးကြောနိုင်ခြင်းမရှိ၊ အနာများအနံ့အပြား ပေါက်လျက်ရှိသည်။ မြို့တွင်းတွင် လှည့်လည်တောင်းရမ်းကြသည်။ အကူအညီတောင်းကြသည်။ သို့သော်လည်း ပြည်နှင်ဒဏ်ပေးခံရသည့် အကျဉ်းသားများကို ဒေသခံများမှ မည်သည့်အကူအညီမျှ မပေးရန် ပြင်းထန်စွာတားမြစ်ထား၏။ သေသွားသည့်အလောင်းကိုပင် ကောက်ယူမြှုပ်နှံခွင့်မရှိပေ။ ဒေသခံလူတို့သည်လည်း သူတို့ကိုယ်တိုင်က အလွန်အမင်း ကြောက်ရွံ့ထိတ်လန့်နေကြရသည်။ ဗိုလုတ်ဒါမြို့ကြီးတွင်လည်း ဘုရားရှိခိုးကျောင်း လေးဆယ့်ခုနစ်ကျောင်းသိမ်းယူပြီး ပြည်နှင်ဒဏ်ပေးခံရသူ များနှင့် ပြည့်နှက်လျက်ရှိ၏။[၄၁]






(အပေါ်ပုံ) စတာလင်ခေတ်တွင် သန်းနှင့်ချီသောရုရှားပြည်သူများကို မီးရထားပေါ်တင်၍ သယ်ဆောင်သွားကြ၏။

(လက်ျာ)ဆိုဗီယက်ပြည်ထောင်စုတွင် စက်မှုလက်မှုစီမံကိန်းများကို လုပ်အားပေးဟုခေါ်သော အကျဉ်းသားများကို အတင်းအကျပ်ခိုင်းစေ၍ လုပ်ဆောင်ကြ၏။ ဤပုံတွင် ဖရ်ဂူနာလိုင်ခေါင်းတူးခြင်း အစီ အဘက်ကုလေးသူငယ်များကို ဆိုးသွမ်းသောလုပ်ငန်းအခြေအနေ၌ အလုပ်လုပ်နေကြသည်ကို တွေ့ရ၏။

ပြည်နှင်ဒဏ်ပေးခံရသူတို့ကို အစုလိုက်အပြုံလိုက်သတ်ဖြတ်သည့် နောက်ထပ်နည်းတစ်နည်းမှာ၊ အလုပ်စခန်းများဖြစ်သည်။ ၁၉၂၈-မှ ၁၉၅၃-ခုနှစ်(စတာလင်သေဆုံးသည့်နှစ်) အထိ၊ ခန့်မှန်းခြေအားဖြင့် ဆိုဗီယက်အုပ်ချုပ်ရေးအတွေးအခေါ်နှင့်မတူသူ သန်းပေါင်း ၃၀-ကို ဖမ်းဆီး၍ နေထိုင်အသက်ရှင်၍မဖြစ်နိုင်သည့် ဆိုက်ဘေးရီးယားနယ်များတွင် သတ်မှတ်တည်

ဆောက်ထားသောဂူလပ်ခေါ်အလုပ်စခန်းများသို့ ပို့လိုက်၏။ ဤစခန်းများတွင် သုံးပုံနှစ်ပုံ ထက်မနည်း–အနည်းဆုံး သန်းပေါင်း ၂၀–သေဆုံးခဲ့ကြသည်။ အစားအစာ ငတ်ပြတ်မှုကြောင့် သေလုနီးပါးဖြစ်နေသည့်အကျဉ်းသားများသည် တစ်နေ့လျှင် ၁၄ နာရီမှ ၁၆ နာရီအထိ အလုပ် လုပ်ကြရ၏။ အကျဉ်းသားအမြားအပြားတို့ကို အစောင့်စစ်သားတို့က ခိုင်လုံသောအကြောင်းပြ



စတာလင်ယုံကြည်သော ရုပ်ဝါဒအတွေးအခေါ်က သူ့အားဤမျှရက်စက်ကြမ်းကြုတ်သူအဖြစ် ပြောင်းလဲ လိုက်၏။ အပြုံးမပါသောမားက်စ်၏ဓါတ်ပုံကို သိန်းပေါင်းများစွာကို သတ်ဖြတ်ပစ်ရန် သေဒဏ်အမိန့်စာ လက်မှတ်ထိုးသောစတာလင်၏ရုံးတွင် ချိတ်ဆွဲထား၏။

ချက်မရှိဘဲ သတ်လိုက်ကြသည်။ အချို့အကျဉ်းသားများကို တမင်တကာ အစာအငတ်ထား၍ သေစေသည်။ နေထိုင်သည့်အခြေအနေဆိုးရွားမှုနှင့် အစာအဟာရမလုံလောက်မှုကြောင့်လည်း ကျန်အကျဉ်းသားအမြောက်အမြားသေဆုံးကုန်ကြသည်။ အကျဉ်းသားအမြောက်အမြားတို့ကို ပါးလွှာသောအဝတ်ဖြင့်သာ အလုပ်လုပ်စေသဖြင့်၊ ဆိုင်ဘေးရီယာနယ်၏ အအေးဒဏ်ကို မခံနိုင်၍ တောင့်တင်းခဲ၍သေသွားကြလေသည်။ အကျဉ်းသားတို့လက်ချောင်းခြေချောင်းများ ပထမဆုံး ခဲ၍ကြွေကျသွားသည်။ နောက်တော့ နားရွက်နှာခေါင်းများ **"ကြွေကျ"** သွားလေသည်။ ဤနည်းဖြင့် လူပေါင်းသိန်းပေါင်းများစွာသေကြေပျက်စီးကုန်ကြသည်။ နာမည်ကျော် ရုရှားလူမျိုးစာရေးဆရာ အလက်ဇန္ဒာ ဆိုလ်ဇင်နစ်ဆင်က သူ၏ *၁၉၁၈–၁၉၅၆ ဂူလပ်သုဏ္ဍန်း* ဟူသော စာအုပ်တွင် ၎င်းကြောက်မက်ဖွယ်ရာအဖြစ်အပျက်နှင့်ပတ်သက်သော နောက်ထပ်သက်သေသာဓကများကို ရေးသားဖော်ပြထားပေသည်။

## အရှေ့နိုင်ငံများအုပ်စုမှ အနီရောင်ထိတ်လန့်ကြောက်ရွံ့ဖွယ်များ

## Red Terror in the Eastern Block

၁၉၅၃–ခုနှစ်တွင် စတာလင်ကွယ်လွန်သွားသည်။ လီနင်စတင်ဖော်ထုတ်ခဲ့သော ထိတ်လန့်ကြောက်ရွံ့ဖွယ်လုပ်ရပ်များကို စတာလင်က ထပ်မံချဲ့ထွင်ခဲ့သဖြင့်၊ လူပေါင်း သန်းချီ၍ သေဆုံးကြရကာ၊ မြောက်မြားစွာသော လူနည်းစုတို့က နှိပ်စက်ခံရသည့်ဒုက္ခငရဲကို ကြုံတွေ့ခဲ့ကြရ၏။ လီနင်–စတာလင်ခေတ်မှ ကွန်မြူနစ်ရိုင်းစိုင်းရက်စက်မှုများကို *ကွန်မြူနစ်ဝါဒ၏ အနက်ရောင်* စာအုပ်တွင် အကျယ်တဝင့် ဖော်ပြထားပေသည်။

> ၁၉၁၈ မှ ၁၉၂၂–ခုနှစ်အတွင်း အကျဉ်းသားပေါင်း သိန်းပေါင်းများစွာနှင့် သူတို့ကို တော်လှန်ပုန်ကန်သော အလုပ်သမားနှင့်တောင်သူလယ်သမား သိန်းပေါင်းများစွာတို့အား တရားစီရင်ခြင်းမရှိဘဲ သတ်ဖြတ်ပစ်ခြင်း။
>
> ၁၉၂၂–ခုနှစ်တွင် ဖြစ်ပွားစေသော ငတ်မွတ်ခေါင်းပါးခြင်းပြဿနာဖန်တီးခြင်းကြောင့် အသက်ပေါင်း ၅–သန်း သေဆုံးသွားခြင်း။
>
> ၁၉၂၀–ခုနှစ်တွင် ဒွန်ကော့ဆက်လူမျိုးတို့ကို ပြည်နှင်ဒဏ်ပေး၍ အပျောက်ရှင်းပစ်ခြင်း။
>
> ၁၉၁၈ မှ ၁၉၃၀–ခုနှစ်အထိ အကျဉ်းစခန်းတွင် သိန်းပေါင်းများစွာကို သတ်ဖြတ်ခြင်း။
>
> ၁၉၃၇–၃၈–ခုနှစ်တွင်ဖြစ်ပွားသော အာဏာလုပွဲတွင် လူပေါင်း ၆၉၀၀၀၀ သတ်ခြင်း။
>
> ၁၉၃၀–၁၉၃၂–ခုနှစ်အတွင်း ကူလပ်(နှင့်ကူလပ်ဟု စွပ်စွဲခံရသူ)ပေါင်း ၂–သန်းကို ပြည်နှင်ဒဏ်ပေးခြင်း။
>
> ၁၉၃၂–၃၃–ခုနှစ်များတွင် သေချာစနစ်ကျကျ စီစဉ်ခဲ့သော ငတ်မွတ်ဘေးများကြောင့် ယူကရိန်းပြည်နယ်သား ၄ သန်းနှင့်အတူ အခြားလူမျိုးများ ၂ သန်း သေကြေပျက်စီးစေခြင်း။
>
> ၁၉၃၉–ခုနှစ်မှ ၁၉၄၁–ခုနှစ်အထိနှင့် နောက်ထပ် ၁၉၄၄–၄၅–ခုနှစ်များတွင်၊ ပိုလ်လူမျိုးများ၊ ယူကရိန်းလူမျိုးများ၊ ဘော့လူမျိုးများ၊ မိုလဒိုဗန်လူမျိုးများနှင့် ဘေဆာရာဘီယံလူမျိုးများ သိန်းပေါင်းများစွာကို ပြည်နှင်ဒဏ်ပေးခြင်း။
>
> ၁၉၄၁–ခုနှစ်တွင် ဗိုလဂါဂျာမန်လူမျိုးများကို ပြည်နှင်ဒဏ်ပေးခြင်း။
>
> ၁၉၄၃–ခုနှစ်တွင် ခရိမီယံတာတာလူမျိုးများကို အစုအပြုံလိုက် ပြည်နှင်ဒဏ်ပေးခြင်း။
>
> ၁၉၄၄–ခုနှစ်တွင် ချချင်လူမျိုးများကို အစုအပြုံလိုက် ပြည်နှင်ဒဏ်ပေးခြင်း၊
>
> ၁၉၄၄–ခုနှစ်တွင် အင်ဂွတ်ချ် လူမျိုးများကို အစုအပြုံလိုက် ပြည်နှင်ဒဏ်ပေးခြင်း။[၄၂]

စတာလင်သေဆုံးပြီးနောက် ဆိုဗီယက်အစိုးရသည်၊ အကန့်အသတ်အားဖြင့် ပျော့ပြောင်းသွားခဲ့သည်။ သို့သော်လည်း၊ ကြောက်ရွံ့ထိတ်လန့်မှုဖြင့် တည်ဆောက်လာခဲ့သော အုပ်ချုပ်မှုက လူ့အဖွဲ့အစည်းကို လွှမ်းမိုးဆဲ ဖြစ်သည်။ နောက်လာမည့် အပိုင်းတွင်၊ ဆိုဗီယက်ပြည်ထောင်စုနှင့် အခြားကွန်မြူနစ်လူ့အဖွဲ့အစည်းများတွင် ကြောက်ရွံ့ခြင်း မည်သို့လွှမ်းမိုး၍ မည်သို့စည်းရုံးကြသည်ကို စစ်ဆေးကြပါမည်။

ဆိုဗီယက်တို့သည် သူတို့၏ခြောက်လှန့်ခြိမ်းခြောက်မှုကို သူတို့၏လူထုအပေါ်၌သာ ကန့်သတ်ထားခြင်းမဟုတ်ချေ။ ဒုတိယကမ္ဘာစစ်ဖြစ်ပွားခြင်းက ဆိုဗီယက်ပြည်ထောင်စု၏ ဩဇာအာဏာသည် အရှေ့ဥရောပတိုင်းပြည်များသို့ ရောက်ရှိလာစေတော့သည်။ ကမ္ဘာစစ်ပြီးသည်နှင့် များစွာသောတိုင်းပြည်တို့က ဆိုဗီယက်ဩဇာအောက် ရောက်သွားလေသည်။ နိုင်ငံရေးလုပ်ကြံမှုနှင့် လှုပ်ရှားမှုနည်းမျိုးစုံအသုံးပြု၍ နှစ်များမကြာမီအတွင်း တိုင်းပြည်အမြောက်အမြားတို့က မော့စကို၏ အာဏာစက်အောက် ရောက်သွားလေသည်။ ပိုလန်နိုင်ငံ၊ ဟန်ဂေရီနိုင်ငံ၊ ချက်ကိုစလိုဗေးနီယားနိုင်ငံ၊ ရိုမေနီယားနိုင်ငံ၊ ဘူလဂေးရီယားနိုင်ငံ၊ အလ်ဘေးနီယားနိုင်ငံနှင့် အရှေ့ဂျာမနီနိုင်ငံတို့က စတာလင်၏သွေးစွန်းသောလက်သီးဆုပ်တွင်းသို့ ကျရောက်သွားကြ၏။

အနီရောင်ရိုင်းစိုင်းရက်စက်မှုဖြင့် ဤနိုင်ငံများတွင် ငရဲဘုံသဖွယ်သောဒုက္ခဆင်းရဲခြင်းဘဝသို့ရောက်သွားစေသည်။ အစိုးရကို ဆန့်ကျင်သူတို့ကို ဖမ်းဆီးနှိပ်စက်ကာ သတ်ဖြတ်ကြသည်။ မကြာမီအတွင်း ထိတ်လန့်ကြောက်ရွံ့ခြင်းသည် ယင်းနိုင်ငံတို့၏ လူ့အဖွဲ့အစည်းများတွင် လွှမ်းမိုးသွားလေသည်။ ၁၉၉၀–ခုနှစ်၊ ဘူလဂေးရီယားကွန်မြူနစ်အစိုးရပြုတ်သွားပြီးနောက်၊ အမျိုးသမီးတစ်ဦးက၊ ၁၉၄၄–ခုနှစ်တွင် သူမအပေါ်ကျရောက်ခဲ့သော အဖြစ်အပျက်ကို ဘူလဂေးရီယားရုပ်ရှင်မှတ်တမ်းရိုက်ရာတွင် ဖွင့်ဆိုခဲ့၏။

> ကျမ၏ဖခင်ကိုဖမ်းသွားပြီးနောက်တစ်နေ့တွင်၊ အခြားပုလိပ်ရဲတစ်ယောက် ရောက်လာပြီး၊ ထိုနေ့ ၅–နာရီအချိန်တွင် ရဲဌာနာအမှတ် ၁၀ သို့ သွားရောက်ရန် မှာကြားသွားတယ်။ ကျမ၏မိခင်မှာ လှပ၍ သဘောကောင်းသောအမျိုးသမီးတစ်ဦးဖြစ်ပါတယ်။ အဝတ်အစားလဲပြီးထွက်သွားတယ်။ ကျမနှင့်အတူ မောင်နှမသုံးယောက်က အိမ်တွင်စောင့်နေခဲ့ကြပါတယ်။ အမေက နံနက်တစ်နာရီခွဲအချိန်မှာ ပြန်လာပါတယ်။ မျက်နှာဖြူဖတ်ဖြူယော်ဖြစ်၍ အဝတ်တွေလည်း စုတ်ပြတ်ပေတေနေပါတယ်။ သူဝင်လာလာချင်း မီးဖိုသို့သွားကာ အဝတ်အားလုံးချွတ်၍မီးရှို့လိုက်ပါတယ်။ ပြီးနောက်ရေချိုးပြီးမှ ကျမတို့ကိုပွေ့ပါတယ်။ နောက်နေ့မှာ သူ့ကိုယ်သူသတ်သေဖို့ကြိုးစားတယ်။ နောက်ထပ်သုံးခါသေကြောင်းကြံခဲ့ပါတယ်။ နောက်ဆုံးအခေါက်မှာ အဆိပ်သောက်သေဖို့ ကြိုးစားပါတယ်။ သူခုထိ အသက်ရှင်နေပါသေးတယ်။ ကျမဘဲ သူ့ကိုပြုစုပါတယ်။ စိတ်မနှံ့တော့ဘူး။ သူတို့တတွေ သူ့ကို ဘာလုပ်ခဲ့တယ် ဆိုတာကို ဘယ်သောအခါမှ မသိနိုင်ခဲ့ပါဘူးရှင်။[၄၃]

အကျဉ်းသမားများသည် အလွန်ပင်အတိဒုက္ခရောက်ကြသည်။ *ကွန်မြူနစ်ဝါဒ၏ စာအုပ်မဲ* တွင် နိကိုလ် ရှုဆက်စကူ၏ ရိုမေးနီယားအစိုးရက ပြုကျင့်ခဲ့သော လုပ်ဆောင်ချက်များကို အောက်ပါအတိုင်း ဖေါ်ပြထားပေသည်။


> ရိုမေနီယားသည် အာရှကွန်မြူနစ်တို့အသုံးပြုသည့် ဦးနှောက်ဆေးခြင်းနည်းကို ဥရောပတိုက်နိုင်ငံများတွင်အသုံးပြုသည့် ပထမဦးဆုံးနိုင်ငံဖြစ်နိုင်သည်။ အမှန်မှာ အာရှနိုင်ငံများတွင် ဤနည်းများကို အကျယ်တဝင့် အသုံးမပြုမီ ရိုမေးနီယားနိုင်ငံတွင် ပထမဦးစွာ ပြီးပြည့်စုံအောင် စမ်းသပ်ပြင်ဆင်ခဲ့ခြင်း ဖြစ်သည်။ ၎င်းတီထွင်ကြံဆမှု၏ယုတ်ပတ်ဆိုးသွမ်းသည့်ပန်းတိုင်မှာ၊ အကျဉ်းသားအချင်းချင်းနှိပ်စက်ကြအောင် ဖန်တီးပေးခြင်းဖြစ်သည်။ ဤစမ်းသပ်ချက်သည် ၁၉၄၉–ခုနှစ် ဒီဇင်ဘာလတွင်စတင်၍ သုံးနှစ်ကြာမှ အဆုံးသပ်ခဲ့လေသည်။––ဤအဖွဲ့၏ပန်းတိုင်မှာ နိုင်ငံရေးအကျဉ်းသားများအား ကိုယ်ကာယနှင့်စိတ်ဓါတ်အရ နှိပ်စက်၍ ကွန်မြူနစ်ဝါဒယုံကြည်ချက်များကို သွတ်သွင်းပေးခြင်းဖြစ်သည်။[၄၄]

အကျဉ်းသားတို့၏ ဘာသာရေးယုံကြည်ချက်များကို ဖျက်ဆီးပစ်၍ နောက်ဆုံးတွင် ဘုရားသခင်ကို ငြင်းပယ်သွားလိမ့်မည်ဟု မျှော်လင့်ထားကြသည်။

ဆီကူရီတိတ်ခေါ် ရိုမေနီယားလျှို့ဝှက်ပုလိပ်က၊ မေးမြန်းစစ်ဆေးနေစဉ်အတွင်း ရှေးဟောင်းနှိပ်စက်နည်းအားလုံးကို အသုံးပြုကြသည်။ ရိုက်နှက်ခြင်း၊ ခြေဖနောင့်ကို ပိတ်ကန်ခြင်း၊ ပြောင်းပြန်ချည်၍ တွဲလောင်းဆွဲထားခြင်း၊ စသည်ဖြစ်၏။ သို့သော်လည်း ဘူချာရက်စ်မြို့မှ ကီလိုမီတာ ၁၁၀ ဝေးကွာ




သော ပီတက်စတီအရပ်တွင် ၁၉၃၀–ခုနှစ်များတွင် ဆောက်လုပ်သည့် အကျဉ်းထောင်တွင် ထိုနှိပ်စက်နည်း မျိုးထက်မြောက်များစွာ ပိုမိုရက်စက်သောနည်းများကို အသုံးပြုကြသည်။ အတွေးအခေါ်ရှင် ဗရ်ဂျိလ် အီရန်ကာ၏အပြောအရ၊ "ပီတက်စတီတွင် စိတ်ကူးပေါက်နိုင်သမျှ ယုတ်ပတ်ဆိုးသွမ်းဆုံးသော နှိပ်စက်နည်းများကို အသုံးပြုကြသည်။ အကျဉ်းသား၏ တစ်ကိုယ်လုံးကို စီးကရက်ဖြင့် မီးရှို့ထားသည်။ သူတို့၏တင်ပါးများမှ စတင်ပုတ်ပွလာလေသည်။ သူတို့လဲလျောင်းသောအခါ



**လူ့အဖွဲ့အစည်းသို့ ခြောက်လှန့်သည့်မှာကြားချက်– အစုလိုက်သတ်ဖြတ်ခြင်း**

စတာလင်၏လက်ထက်တွင်၊ လူထုအားခြောက်လှန့်သည့်မှာကြားချက်အဖြစ် အကျဉ်းသားများ အား လူထုရှေ့တွင် သတ်ဖြတ်ကြသည်။ ဤပုံတွင် လျှို့ဝှက်ပုလိပ်တို့က အစိုးရကို ဆန့်ကျင်သူ တို့အား အများမြင်ကွင်းတွင် ကြိုးပေးသတ်ကြသည်။



သူတို့၏သားရေခွံများသည် အနာကြီးရောဂါဖြစ်သကဲ့သို့ ကွာကျလာသည်။ အချို့အား မစင်ကို ဇွန်းဖြင့်ခပ်၍စားစေသည်။ အကယ်၍ မစားဘဲစွန့်ပစ်သည်ကို တွေ့လျှင်၊ သူတို့၏အံဖတ်ကို စား ခိုင်းသည်။

––ဗရ်ဂျိလ် အီရန်ကာ၏ အဆိုအရ၊ ပြန်လည်ပညာပေးနည်း အဆင့်လေးဆင့်ရှိသည်။ ပထမအဆင့် ကို "ပြင်ပမျက်နှာဖုံးခွာချခြင်း"ဟုခေါ်သည်။ အကျဉ်းသားကို ပထမစွပ်စွဲစဉ်က ဖုံးဖိထားသည့် အချက်များကို ဖေါ်ထုတ်ဝန်ခံခိုင်းခြင်းဖြင့် သူ၏သစ္စာရှိခြင်းကို သက်သေပြစေသည်။ အထူးသဖြင့် ပြင်ပရှိ မိတ်ဆွေအဆက်အသွယ်များကို ဖေါ်ထုတ်ခြင်းဖြစ်သည်။ ဒုတိယအဆင့်မှာ၊ "အတွင်းစိတ် ဓါတ်မျက်နှာဖုံးခွာခြင်း"ဟုခေါ်သည်။ ၎င်းမှာ၊ အကျဉ်းစခန်းတွင်ရောက်စဉ် စခန်းအတွင်း၌ သူ့ကို ကူညီပေးသူတို့ကို ဖေါ်ထုတ်ခိုင်းသည်။ တတိယအဆင့်မှာ၊ "လူထုရှေ့ စိတ်ဓါတ်မျက်နှာဖုံးခွာ ခြင်း"ဟု ခေါ်သည်။ တရားခံဖြစ်သူအထွတ်အမြတ်တန်ဖိုးထားသည့်အရာအားလုံး၊ မိတ်ဆွေ သင်္ဂဟ၊ အိမ်ထောင်စု ဇနီးသို့မဟုတ် ချစ်သူတို့ကို ဆဲဆိုကြိမ်ဆဲပစ်ပယ်လိုက်ရသည်။ အကယ်၍ ဘာသာအယူဝါဒကို ယုံကြည်သူဖြစ်လျှင် ဘုရားသခင်ကိုလည်း ကြိမ်ဆဲရသည်။ စတုတ္ထအဆင့်မှာ၊

ကွန်မြူနစ်ဝါဒကို ယုံကြည်သောအကျဉ်းသားအဖွဲ့ (Organization of Prisoners with Communist Beliefs-0PCB)သို့ဝင်၍၊ သူတို့၏ အရင်းနှီးဆုံးမိတ်ဆွေသူငယ်ချင်းတို့ကို နှိပ်စက်ခြင်းဖြင့် သူတို့ကိုယ်တိုင် လူသတ်သမား အာဏာသားတွေဖြစ်သွားရန် ဖြစ်သည်။



ဆိုဗီယက်ပြည်ထောင်စုသည်၊ ဝင်ရောက်သိမ်းပိုက်သောအရှေ့ဥရောပနိုင်ငံများသို့ ကွန်မြူနစ်ဝါဒကို ရက်စက်ကြမ်းကြုတ်စွာအကြမ်းဖက်ခြင်းဖြင့်ယူဆောင်ခဲ့သည်။ မော့စကိုနှင့်ဆန့်ကျင်သည့် မည်သည့်လှုပ်ရှားမှုကိုမဆို သွေးချောင်းစီးသောဂလုံ့စားချေခြင်းဖြင့်သာ နှိမ်နင်း၏။ ၁၉၆၈–ခုနှစ် နွေဦးပိုင်းတွင် ချက်ကိုဆလိုဗေးကီးယားတွင်ပေါ်ပေါက်သော လွတ်လပ်ရေးလှုပ်ရှားမှုနောက်ပိုင်း တပ်နီတို့ ဝင်ရောက်သိမ်းပိုက်လိုက်သည်။ (အထက်ပါ)ပုံတွင် ၁၉၆၈–ခုနှစ် ဩဂုတ်လတွင် ဝင်ရောက်သိမ်းပိုက်စဉ် ဆိုဗီယက်တင့်ကားများကို တွေ့ရစဉ်။

––(OPCD)သည် နိုင်ငံရေးအကျဉ်းသားများကို ပြန်လည်ပညာပေးခြင်းနှင့် ကွန်မြူနစ်ဝါဒတစ်ယူသန် ယုံကြည်ချက်စာအုပ်များနှင့်အတူ စိတ်ဓါတ်ရောကိုယ်ခန္ဓာပါ နှိပ်စက်ရသည့်လုပ်ငန်းဖြစ်ရာ (အကြီးအကဲတစ်ယောက်ဖြစ်သူ) ယူဂျင်တာကာနူက ဘာသာရေးဝန်ထမ်းတို့ကို အတင်းအကြပ်ယုံကြည်ချက်ရှုတ်ချစေသည့် အလွန်ဆိုးယုတ်သောနည်းကို တီထွင်၏။ ဘာသာရေးသမားအကျဉ်းသားများကို သေးရေနှင့်မစင်ရောနှောထားသောရေပုံးတွင် မိမိတို့၏ခေါင်းကို အကြိမ်ကြိမ်အခါခါနှစ်နေစဉ် အစောင့်က နှစ်ခြင်းမင်္ဂလာနှင့်ဆိုင်သည့် ဓမ္မတေးသီချင်းကို ဆိုပေးသည်။[၄၅]

ဥရောပအရှေ့ပိုင်းနိုင်ငံတိုင်းသည် စိတ်ကူးပေါက်သလိုအရူးထသည့် ကြောက်မက်ဖွယ်သောကွန်မြူနစ်ဝါဒ၏ လက်အောက်ခံအဖြစ်သွတ်သွင်းခြင်းခံရ၍၊ ဘာသာရေးကိုလည်း ပြင်းပြင်း ထန်ထန်မုန်းတီးအောင် ဖန်တီးပေးလေသည်။ ဒါဝင်ဝါဒီ–ရုပ်ဝါဒီအတွေးအခေါ်သည် လူသားများကို တိရစ္ဆာန်တစ်မျိုးအဖြစ်သတ်မှတ်ထားသည့်နည်းတူ၊ ယင်း "တိရစ္ဆာန်" တို့အားယဉ်ပါးစေရန် အစဉ်တစိုက်ကြမ်းတမ်းခက်ထန်သောနှိပ်စက်မှုနှင့် ကြောက်ရွံ့မှုလိုအပ်သည်ဟု ယုံကြည်ထားသည်။ ထို့ကြောင့်၊ ကွန်မြူနစ်အကျဉ်းထောင်များတွင် ကြောက်မက်ဖွယ်စိုးမိုးမှုကို ယူဆောင်လာကြခြင်းဖြစ်ပေသည်။

ထို့ကြောင့်၊ ဒါဝင်ဝါဒသည် အန္တရာယ်မရှိဟုဆိုသူ၊ သို့မဟုတ် ဒါဝင်သီအိုရီမှပွားလာသောသီအိုရီများသည်လည်း အန္တရာယ်မရှိဟု ထင်မြင်ကြသူတို့သည်၊ ဤစာအုပ်ကို သေသေချာချာဖတ်ရှုရန် လိုအပ်ပါသည်။ ဒါဝင်ဝါဒီ–ကွန်မြူနစ်အတွေးအခေါ်တို့၏ နောက်ဆုံးရည်ရွယ်ချက်သည်၊ လူတို့ကို အချင်းချင်းရန်တိုက်ပေးခြင်း၊ ကိုယ်ကျင့်တရားနှင့်မြင့်မြတ်သောစိတ်ထားများကို ပစ်ပယ်၍ "တိရစ္ဆာန်အုပ်" တစ်အုပ်ကဲ့သို့ဖြစ်သွားစေခြင်းဖြင့်၊ လွယ်ကူစွာထိန်းကျောင်းယဉ်ပါးစေကာ လွယ်ကူစွာအုပ်ချုပ်နိုင်ရန် ဖြစ်သည်။ မည်သည့်အတွေးအခေါ်

အဖြစ် ရုပ်ဖျက်ထားစေကာမူ၊ သူတို့၏ရည်ရွယ်ချက်သည်ကား ပြောင်းလဲခြင်းမရှိသည်ကို သမိုင်းက သက်သေခံခဲ့လေပြီ။

## ကြူးဘားနိုင်ငံမှအမှောင်ခေတ်

## Darkness in Cuba

စစ်အေးကာလအတွင်း၊ ဆိုဗီယက်ပြည်ထောင်စုက ဖီဒဲလ်ကာစ်တြို၏ ကြူးဘားနိုင်ငံ ကွန်မြူနစ်အစိုးရကို ထောက်ပံ့ခဲ့၏။ ကာစ်တြို၏ ပြောက်ကျားလှုပ်ရှားမှုကို အာဂျင်တီနာ ပြောက်ကျားတပ်ခေါင်းဆောင် အာနက်စ်တို "ချီ"ဂွီဗာရာ၏ ကူညီမှုဖြင့် ၁၉၅၉–ခုနှစ်တွင် အာဏာသိမ်းခဲ့၏။ ကာစ်တြိုသည် သူ၏အစိုးရကို ဆိုဗီယက်ပြည်ထောင်စု၏နိုင်ငံရေးစစ်ရေး နှစ်မျိုးစလုံးကူညီထောက်ပံ့မှုဖြင့် ကာကွယ်ထားနိုင်ခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စု အစိတ်စိတ်အမွှာမွှာ ကွဲသွားသည့်အချိန်တွင်ပင် ကာစ်တြိုက ဆက်လက်အသက်ရှင်နိုင်သေးသည်။



ကာစ်တြိုနှင့်ချီဂွီဗာရာတို့ တည်ထောင် ဦးဆောင်လာခဲ့သော ကြူးဘားကွန်မြူနစ် တော်လှန်ရေးကို၊ သူရဲ ကောင်းများသမိုင်းတွင် သူရဲကောင်းတို့၏ဘဝဇာတ်လမ်း အဖြစ် တင်ပြလေ့ရှိကြပေသည်။ သို့သော် လည်း ကွန်မြူနစ်ဝါဒသည် ကြူးဘားနိုင်ငံ အား ဒုက္ခဆင်းရဲပေါင်းစုံနှင့် ရက်စက်စွာဖိနှိပ်ချုပ်ချယ်မှုသာလျှင် ပေးဆောင်ခဲ့၏။

Cuba's Communist revolution, brought about by the combined efforts of Fidel Castro and Che Guevara, is usually presented as a romantic episode in a heroic legend. But Communism brought only misery and torture to Cuba.

ကြူးဘားနိုင်ငံနှင့် ယေဘုယျအားဖြင့် လက်တင်အမေရိကတိုက်မှ ကွန်မြူနစ်လှုပ်ရှားမှု များကို ကြည်နူးဖွယ်ရာအဖြစ်အပျက်များအဖြစ် မြင်လေ့ရှိကြသည်။ အထူးသဖြင့် ချီဂွီဗားရား၏ပြောက်ကျားတပ်လှုပ်ရှားမှုများကို "သူရဲကောင်းတစ်ဦး၏ဇာတ်လမ်း"အဖြစ် တင်ပြလေ့ရှိကြသည်။ လူငယ်အမြောက်အမြားက ချီ၏ကွန်မြူနစ်ဝါဒအတွက် ကြိုးပမ်းမှုပိုစတာများကို

ချိတ်ဆွဲထားၿပီး လက်တင်အမေရိကကွန်မြူနစ်သီချင်းများကို ဝိုင်းဆိုကြသည်။ အပေါ်ယံအားဖြင့် ကြူးဘားတော်လှန်ရေးသည် ပြည်သူလူထုအား ကြူးဘားအာဏာရှင် ဘာတစ်စတာ၏ ဖိနှိပ်ချုပ်ချယ်ရက်စက်မှုများမှ ကယ်တင်သည့် "လွတ်မြောက်ရေးတိုက်ပွဲ"အဖြစ် မြင်ကြသည်။

သို့သော်လည်း၊ စင်စစ်အားဖြင့် ၎င်းအတိုင်းအားလုံးမှန်သည်ဟု မဆိုနိုင်ပေ။ *ကွန်မြူနစ်ဝါဒ၏ စာအုပ်မဲ*တွင် ကြူးဘားကွန်မြူနစ်နိုင်ငံ၏ အလုပ်စခန်းနှင့်အကျဉ်းစခန်းများအကြောင်း ဖေါ်ပြထားပေသည်။

> အလုပ်ခွင်အခြေအနေမှာ ကြမ်းတမ်းခက်ခဲမှု အစွန်းရောက်ပေသည်။ အကျဉ်းသားများသည် ကိုယ်လုံးတီးလုနီးနီး အတွင်းခံဘောင်းဘီသာသာလောက်သာ ဝတ်ဆင်ကြရသည်။ "လူရုပ်လူမိုက်များ" ကို ဒဏ်ခတ်သည့်အနေဖြင့် မြက်များကိုသွားနှင့်ကိုက်ဖြတ်ခိုင်းသည်။ သို့မဟုတ် ဆီးသွားသောတွင်းများတွင် တစ်ကြိမ်လျှင် နာရီပေါင်းများစွာ ထိုင်ခိုင်းထားသည်။
>
> အကျဉ်းထောင်တွင်း ရက်စက်ကြမ်းကြုတ်မှုသည် သာမာန်ရာဇဝတ်မှုအကျဉ်းသားများနှင့် နိုင်ငံရေးအကျဉ်းသားများအားလုံး တစ်မျိုးတစ်စားတည်း ခံစားကြရသည်။ ရက်စက်ကြမ်းကြုတ်မှုမှာ Departmento Tecnico Investigaciones (DTI-ဒီတီအိုင်) စစ်ဆေးရေးနည်းပညာဌာနမှစစ်ဆေးမေးမြန်းချိန်မှ စတင်သည်။ ဒီတီအိုင်တို့သည်၊ အကျဉ်းသားများကို သီးသန့်တစ်ယောက်ထည်းလှောင်၍ စစ်ဆေးလေ့ရှိသည်။ မိန်းမတစ်ဦးမှာ ပိုးမွှားများကို ကြောက်တတ်ရာ၊ ပိုးဟပ်များ ပြည့်ကြပ်နေသောအခန်းတွင် တစ်ယောက်ထည်း လှောင်ထား၏။ ဒီတီအိုင်တို့သည် ကာယကံမြောက်လည်း နှိပ်စက်ကြသည်။ အကျဉ်းသားများကို ခဲအလေးများအပြည့်ထည့်ထားသောဘွတ်ဘိနပ်ကိုစီးစေ၍ လေ့ကားတက်ခိုင်းသည်။ လေ့ကားထိပ်ရောက်သည်နှင့် လေ့ကားအောက်ထစ်ဆုံးရောက်အောင် ကန်ချလိုက်ကြပြန်သည်။ စိတ်ပိုင်းဆိုင်ရာနှိပ်စက်မှုကိုလည်း၊ ဆေးလုပ်သားတစ်စုဖြင့် ဆောင်ရွက်ကြ၏။ အကျဉ်းသားကို အိပ်မငိုက်အောင် ဆိုဒီယမ်ပင်တာသောလ်ဆေးတိုက်ထားကြသည်။ မတ်ဇိုရာဆေးရုံတွင် ဆေးပိုင်းဆိုင်ရာကြီးကြပ်မှုမပါဘဲ၊ ဒဏ်ခတ်သည့်အနေဖြင့် အစဉ်သဖြင့် လျှပ်စစ်ဓါတ်ဖြင့်ကျင်အောင် တို့လေ့ရှိသည်။ အစောင့်များက ခွေးဆိုးများကိုလည်းအသုံးပြုကြသည်။ သေဒဏ်ပေးခြင်းအတုလည်း လုပ်ကြသည်။ စည်းကမ်းချိုးဖေါက်သူများကို ဆုံးမသည့်အကျဉ်းခန်းများတွင် ရေနှင့်လျှပ်စစ်ဓါတ်အားမပေးထားချေ။ အချို့အကျဉ်းသားများကို လုံးဝအလုံပိတ်ထားခြင်းလည်း လုပ်ကြသည်။--
>
> --ဆွေမျိုးများလာရောက်လည်ပတ်ခြင်းသည်လည်း၊ အကျဉ်းသားများကို သိက္ခာချရန် အခွင့်အလမ်းတစ်မျိုး ဖြစ်သွားသည်။ လာကာဘာနာအကျဉ်းစခန်းမှအကျဉ်းသားများကို သူတို့၏အိမ်ထောင်ဆွေမျိုးများရှေ့တွင် ကိုယ်လုံးတီးအဝတ်မပါဗလာကျင်း၍ တွေ့ဆုံစေသည်။ မိန်းမအကျဉ်းသမများကို သူတို့၏လင်ယောက်ျားရှေ့တွင် မဖွယ်မရာ ကိုင်တွယ်ရှာဖွေပြကြသည်။
>
> ကြူးဘားအကျဉ်းထောင်များတွင် အမျိုးသမီးအကျဉ်းသမများအတွက် အစောင့်တို့၏ ညှင်းပန်းခြင်းဖြင့် ကာမဆန္ဒသာယာမှုယူခြင်းနှင့် ကြုံရပေသည်။ ၁၉၅၉-ခုနှစ်မှစ၍ အမျိုးသမီးပေါင်း ၁၁၀၀ ထက်မနည်း နိုင်ငံရေးအကျဉ်းသားအဖြစ် ထောင်ကျကြသည်။ ၁၉၆၃-ခုနှစ်တွင် သူတို့ကို ငွါနာဂျေအကျဉ်းထောင်၌ ချထားကြသည်။ သူတို့ကို ရိုက်နှက်ခြင်းနှင့် နှိပ်စက်ကလူပြုခြင်းအမျိုးမျိုးလုပ်သည်ကို မျက်မြင်သက်သေများက ထွက်ဆိုကြသည်။ ဥပမာ၊ ရေမချိုးမီ အကျဉ်းသမတို့ကို အစောင့်များရှေ့၌ တစ်ကိုယ်လုံးချွတ်ပြခိုင်း၍ ရိုက်နှက်ကြသည်။[၄၆]

၁၉၅၉-ခုနှစ် တော်လှန်ရေးနောက်ပိုင်းတွင်၊ လူပေါင်း တစ်သောင်းကျော်ကို သေဒဏ်ပေး သတ်ဖြတ်ခဲ့သည်။ ဦးရေပေါင်းသုံးသောင်းထက်မနည်းသောလူများကို အထက်ဖေါ်ပြပါအခြေအနေမျိုးဖြင့် အကျဉ်းချထားခဲ့ကြသည်။ အခြားကွန်မြူနစ်အစိုးရ စိုးမိုးအုပ်ချုပ်သောနိုင်ငံများမှာကဲ့သို့ပင် နာကြည်းဖွယ် နှိပ်စက်ခြင်းနှင့် ကြောက်ရွံ့ထိတ်လန့်ဖွယ်များကို ဖန်တီးကြ၏။ တစ်ချိန်တည်းတွင်ဆိုဗီယက်တို့ထံမှလက်ခံရရှိသော ကြီးမားသည့်ငွေကြေးအကူအညီထောက်ပံ့မှုအလုံးအရင်းကြားတွင် ကြူးဘားလူထုသည်လည်း တဖြေးဖြေးဆင်းရဲနွမ်းပါးလာကြသည်။

# အဖ်ဂါနီစတန်တွင် ဆိုဗီယက်တို့၏သတ်ဖြတ်မှု

## Soviet Massacres in Afghanistan

မားက့်စ်ဝါဒီ–လီနင်ဝါဒီဘိုလရှီဗစ်တို့၏ အတွေးအခေါ်နှင့် ၎င်း၏ရိုင်းစိုင်းရက်စက်မှု မှတ်တမ်းကို အပြည့်အစုံစစ်ဆေးနိုင်ရန်အတွက်၊ ဆိုဗီယက်ပြည်ထောင်စုက ဝင်ရောက်သိမ်းပိုက်သော နိုင်ငံများကိုလည်း ကြည့်ရပေမည်။ အဖ်ဂါနီစတန်သည် အရက်စက်ကြမ်းကြုတ်ဆုံး ခံစားရသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။



၁၉၇၉–ခုနှစ်တွင်၊ တပ်နီကြီးသည် အဖ်ဂါနီစတန်နိုင်ငံကို ဝင်ရောက်သိမ်းပိုက်၍၊ မိန်းမကလေးမရွေးကို မျိုးဖြုတ်သတ်ဖြတ်ခြင်း ပြုကြ၏။ အထက်ပါပုံသည် ၁၉၈၄–ခုနှစ်တွင် မော်စကိုမြို့တွင်ကျင်းပသော၊ သူတို့အဆို အောင်ပွဲ စစ်ရေးပြခြင်းဖြစ်သည်။

၁၉၇၈–ခုနှစ်တွင်၊ ကွန်မြူနစ်စစ်ဗိုလ်ချုပ်များနှင့် အရပ်သားကွန်မြူနစ်အချို့တို့ပူးပေါင်း၍ အဖ်ဂါနီစတန်၌ အာဏာသိမ်းလိုက်ကြပြီး၊ ကွန်မြူနစ်အစိုးရက ဆက်လက်၍ အုပ်ချုပ်သွားမည်ဖြစ်ကြောင်း ကြေငြာလိုက်လေသည်။ ဘာသာရေးကို ဆန့်ကျင်သည့်စစ်ကိုလည်း အကြမ်းတမ်းဆုံး ခင်းကြသည်။ ဤပေါ်လီစီနှင့်ပတ်သက်၍ *ကွန်မြူနစ်စနစ်၏ စာအုပ်မဲ* တွင် အောက် ပါအတိုင်း ဖော်ပြထားပေသည်။

> မကြာမီအတွင်း၊ အစိုးရက ဘာသာရေးဆန့်ကျင်သည့်ကရူးဆိတ်စစ်ပွဲကို ခင်းကြလေသည်။ အများလူထုရှေ့တွင် ကုရ်အာန်ကို မီးရှို့ကြသည်။ အီမာမ်နှင့်ဘာသာရေးခေါင်းဆောင်တို့ကို ဖမ်းဆီး၍ ကွပ်မျက်ကြသည်။ ၁၉၇၉–ခုနှစ် ဇန္နဝါရီလ ၆ ရက်နေ့ ညဥ့်အချိန်တွင် မိုဂျဒ်ဒီဒီမျိုးနွယ်မှ ရှီအာခေါင်းဆောင်ပေါင်း ၁၃၀–ယောက်ကို သတ်ဖြတ်လိုက်သည်။ ဘာသာရေးဝတ်ပြုခြင်း အားလုံးကို တားမြစ်လိုက်၏။––[၆၇]

အဖ်ဂါန်ကွန်မြူနစ်တို့၏လစာကို ဆိုဗီယက်ပြည်ထောင်စုမှ ပေး၍၊ သူတို့၏လူမျိုးများကို မော်စကိုမှ “အကြံပေးအရာရှိ”တို့၏ညွှန်ကြားချက်အတိုင်း အုပ်စုလိုက်သတ်ဖြတ်ခြင်း ပြုကြသည်။ သူတို့အာဏာရရှိပြီးနောက်မကြာမီအတွင်း အကြီးအကျယ်ထိတ်လန့်မှု သက်ရောက်စေသည်။ အဖ်ဂါနီစတန်ဆိုင်ရာ ကျွမ်းကျင်သူပါရဂူ မိုက်ကယ် ဘာရီက ထိုသို့သောအဖြစ်အပျက်တစ်ခုကို ထုတ်ဖော်ထားပေသည်။

> ၁၉၇၉–ခုနှစ် မတ်လတွင်–ကေရာလာရွာမှ လူအားလုံးတစ်ယောက်မကျန် ကလေးလူကြီးစုစုပေါင်း **၁၇၀၀–တို့ကို၊ မြို့လယ်ခေါင်ယင်ပြင်တွင်စုရုံးထား၍ စက်သေနတ်ဖြင့် အနီးကပ်ပစ်သတ်လိုက်ကြသည်**။ သေပြီးသူများနှင့် သေလုနီးသူများအားလုံးကို ကျင်းသုံးကျင်းတွင် စုပြုံပစ်ချ၍ ဘိုဒိုဇာနှင့် မြေဖို့လိုက်ကြ၏။ ကျင်းအနီးတွင် ကြည့်နေသည့် မိန်းမအချို့က၊ အတွင်းမှ မသေသေးသူတို့ ထွက်လာနိုင်အောင် ကြိုးစားနေခြင်းကြောင့် ဖို့ထားသောမြေကြီးသည် အတန်ကြာသည်အထိ လှုပ်ရှားနေသည်ကို တွေ့ခဲ့ကြသည်။ သို့သော်လည်း မကြာမီအတွင်း ငြိမ်သက်သွားသည်။ မိန်းမတွေအားလုံးလည်း ပါကစ္စတန်သို့ ထွက်ပြေးသွားကြ၏။[၄၈]

တစ်ချိန်တည်းတွင်၊ ကာဘူလ်မြို့တော်ကြီး၌လည်း ကြောက်မက်ဖွယ် ထိတ်လန့်ခြောက်ခြားနေလေပြီ။ မြို့တော်ကြီး၏အရှေ့ဖက်မြို့ပြင်ရှိ ပိုလ်–အေ–ကျရ်ကီထောင်ကြီးသည်လည်း စုပေါင်းအကျဉ်းစခန်းဖြစ်သွားလေတော့သည်။ ဤအကျဉ်းထောင်တွင် ဖြစ်ပျက်ပုံများကို *ကွန်မြူနစ်စနစ်၏ စာအုပ်မဲ* ၌ အောက်ပါအတိုင်း ဖော်ပြထားပေသည်။

> အကျဉ်းထောင်၏ညွှန်ကြားရေးမှူးဖြစ်သူ ဆာယဒ်အဗ်ဒူလာက အကျဉ်းသားများကို "မင်းတို့ဟာ အမှိုက်ပုံတစ်ပုံဖြစ်သွားဖို့ ဒီနေရာကိုရောက်လာကြတာဖြစ်တယ်။"ဟု ရှင်းပြ၏။ နှိပ်စက်ခြင်းသည် လုပ်ရိုးလုပ်စဉ်အလုပ်တစ်ခုသာဖြစ်သည်။ အဆိုးဆုံးမှာ အကျဉ်းသားများကို အရှင်လတ်လတ် အိမ်သာတွင်းများတွင် မြှုပ်လိုက်ခြင်းဖြစ်သည်။ ညတိုင်းအကျဉ်းသားရာပေါင်းများစွာကို သတ်ဖြတ်ကြသည်။ လူသေအလောင်းနှင့် သေလုနီးပါးလူများကို စုပြုံ၍ ကျင်းထဲသို့ပစ်ထည့်ပြီး ဘိုဒိုဇာနှင့် မြေဖို့လိုက်ကြသည်။ စတာလင်၏ပြစ်ဒဏ်ပေးနည်းအတိုင်း၊ အချို့သောသူတို့၏လုပ်ရပ်ပြစ်မှုကြောင့် လူမျိုးစုတစ်ခုလုံးကို ဒဏ်ခတ်ကြ၏။ ၁၉၇၉–ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် ဟာဇာရာလူမျိုးစုအချို့ကို တော်လှန်ရေးကိုထောက်ခံသည်ဟု မသင်္ကာသဖြင့် လူပေါင်း ၃၀၀ ကိုဖမ်းဆီးလိုက်သည်။ **"လူ ၁၅၀ ကို အရှင်လတ်လတ် ဘိုဒိုဇာနှင့် မြေဖို့သတ်လိုက်ကြ၏။ ကျန်လူများကိုမူ ဓါတ်ဆီလောင်း၍ အရှင်လတ်လတ်မီးရှို့သတ်လိုက်ကြသည်။"** ၁၉၇၉–ခုနှစ် စက်တင်ဘာလတွင် အကျဉ်းထောင်အာဏာပိုင်တို့က လူဦးရေပေါင်း ၁၂၀၀၀–ကို သတ်ဖြတ်ရှင်းလင်းပစ်ပြီးဖြစ်ကြောင်း ဝန်ခံကြသည်။ ပိုလ်–အေ–ကျရ်ကီအကျဉ်းထောင်ညွှန်ကြားရေးမှူးက နားထောင်သူတို့ကို ဤသို့ ရှင်းပြ၏။ **"ကျုပ်တို့က အဖ်ဂန်လူဦးရေ ၁–သန်းကိုဘဲ အသက်ရှင်လျက်ထားမယ်။ ဆိုရှယ်လစ်စနစ်ကို တည်ထောင်ဖို့ ကျုပ်တို့အဲသလောက်ဘဲလိုတယ်။"**[၄၉]

ဤလုပ်ရပ်များအားလုံးကို မော်စကိုမှ ညွှန်ကြားခြင်းဖြစ်သည်။ အမှန်မှာ၊ အဖ်ဂါန်နီစတန်နိုင်ငံ၏ ပြည်တွင်းရှုပ်ထွေးမှုအားလုံးကို ဆိုဗီယက်တို့က ကြိုတင်စီမံကိန်းချပြီးဖြစ်သည်။ အဖ်ဂါန်ကွန်မြူနစ်တို့ကို အာဏာသိမ်းရန်ဦးစွာဆွပေး၍၊ ၎င်းကိုအကြောင်းပြုယမယ်ရာပြီး သူတို့အဆိုအရ "ဒီမိုကရေစီ"အစိုးရကို အထောက်အကူပေးသည်ဟု အကြောင်းပြကာ အဖ်ဂါန်နီစတန်နိုင်ငံကို ကျူးကျော်တိုက်ခိုက်သိမ်းယူခဲ့လေသည်။ နိုင်ငံရေးသမိုင်းပါရဂူအများစုတို့က၊ မော်စကို၏ယင်းစီမံကိန်းနောက်ကွယ်ရှိအကြောင်းရင်းမှာ အစ္စလာမ်သာသနာကို ကွန်မြူနစ်ဝါဒအတွက် အန္တရာယ်ရှိသည်ဟု ယူဆထားခြင်းဖြစ်သည်ဟု လက်ခံကြသည်။

၁၉၇၉–ခုနှစ် ဒီဇင်ဘာလ ၂၇ရက်နေ့တွင် ဆိုဗီယက်တပ်နီကြီးသည် အဖ်ဂါန်ကွန်မြူနစ်အစိုးရက မွတ်စလင်မ်"အတိုက်အခံ"များကိုတိုက်ခိုက်ရာ၌ ကူညီထောက်ပံ့ရန်ဟုအကြောင်းပြ၍၊ အဖ်ဂါန်စတန်နိုင်ငံကို ဝင်ရောက်သိမ်းပိုက်ခဲ့သည်။ ဤသို့ဖြင့် အဖ်ဂါန်လူမျိုးများအပေါ်၌ ပိုမိုကြီးလေးသောရက်စက်ကြမ်းကြုတ်မှု ကျရောက်လေတော့သည်။ တပ်နီကြီးသည် အဖ်ဂါန်နိုင်ငံတွင် ဆယ်နှစ်အခြေစိုက်ခဲ့၏။ ထိုကာလအတွင်း၊ အတိုက်အခံအုပ်စုများက တန်ပြန်တော်လှန်ခြင်းကို သနားကြင်နာခြင်းကင်းမဲ့သော ရက်စက်ကြမ်းကြုတ်ဆုံးနည်းများဖြင့် ဖျက်ဆီးကြလေသည်။ အဖ်ဂါန်နီအတိုက်အခံအဖွဲ့ဝင်တစ်ဦးက ဤရက်စက်နည်းများကို ဖော်ပြခဲ့၏။

> ဆိုဗီယက်တို့သည် အိမ်တိုင်းကို ဝင်ရောက်တိုက်ခိုက်၍၊ လုယက်ခြင်းနှင့် အမျိုးသမီးတို့ကို မုဒိန်းကျင့်ခြင်းများ ပြုကြသည်။ သူတို့၏ရိုင်းစိုင်းမှုသည် ဗီဇထက်ပိုမိုလွန်ကဲ၏။ ကြိုတင်စီမံကိန်းချ၍ လုပ်ဆောင်သည်ဟု ယုံကြည်နိုင်ပေသည်။ ထိုသို့ပြုကျင့်ခြင်းဖြင့် ကျွန်ုပ်တို့၏ လူ့အဖွဲ့အစည်း၏အခြေခံမှုကို ဖျက်ဆီးပစ်ခြင်းဖြစ်သည်ကို ကောင်းစွာ သိထားကြသည်။[၅၀]

အဖ်ဂါနိမွတ်စလင်မ်များအပေါ်တွင် ဆိုဗီယက်တပ်နီက အခြေခံအကျဆုံးသောနည်းကို အသုံးပြုပေသည်။ မိုင်းဗုံးများကို ကလေးကစားစရာအသွင် ပြုလုပ်ထားသဖြင့် ကလေးငယ်တို့ ကောက်ယူကစားရင်း သေကြေပျက်စီးကြအောင် လုပ်ကြသည်။ အတိုက်အခံအုပ်စုတို့ကို ဖမ်းဆီး၍ ရက်စက်ဆုံးနည်းများဖြင့် ညှင်းပန်းနှိပ်စက်ကြသည်။ အရပ်သားများကို ဗုံးကြဲရန်လည်း ဝန်မလေးကြချေ။ ဆယ်နှစ်ကြာသော ဆိုဗီယက်တပ်စွဲခြင်းက သိန်းပေါင်းများစွာသော အသက် သေကြေပျက်စီးသည့်အပြင် သိန်းပေါင်းများစွာသော ဒုက္ခိတများကို ချန်ထားခဲ့၏။ ထို့ကြောင့် အဖ်ဂါနိလူငယ်အများအားဖြင့် လက်ပြတ်ခြေပြတ်တွေ ဖြစ်ကုန်ကြသည်။ ကမ္ဘာပေါ်တွင် အဖ်ဂါနိနိုင်ငံသည် ခြေတုလက်တု အများဆုံးထုတ်လုပ်သည့်နိုင်ငံ ဖြစ်လာပေသည်။ သို့သော်လည်း၊ ဆိုဗီယက်တပ် ဆုတ်ခွာသွားသည့်အချိန်တွင်၊ အာဏာကွက်လပ် ကျန်ရစ်ခဲ့၍ ပြည်တွင်းစစ်ဆက်လက်ဖြစ်ပွားလေသည်။ အတိုချုံး၍ပြောရမည်ဆိုလျှင်၊ ၁၉၇၀–ခုနှစ်တွင် ဆိုဗီယက်က စတင်ဖန်တီးမီးရှို့ခဲ့သည့် ရိုင်းစိုင်းရက်စက်မှုများသည်၊ အဖ်ဂါနီစတန်နိုင်ငံကို ရာစုနှစ်–ထက်ဝက်ကျော် လောင်ကျွမ်းနာကြည်းစေ၏။

အထက်ကဆိုခဲ့သည့်အတိုင်း၊ ကွန်မြူနစ်ရုရှားနိုင်ငံသည် အစ္စလာမ်သာသနာပြန့်ပွားခြင်းကို အန္တရာယ်တစ်ခုအဖြစ်မြင်၍၊ ယင်းပြန့်ပွားမှုကိုကာကွယ်သည့်အနေဖြင့် ရက်စက်ကြမ်းကြုတ်ခြင်းကို သက်ရောက်စေခဲ့၏။ အဖ်ဂါနီလူမျိုးတို့ကို ဆွလာတ်ဝတ်ပြုခြင်း၌ တားမြစ်ခဲ့ကြသည်။ ကုရ်အာန်ကျမ်းတော်မြတ်အုပ်ရေပေါင်းများစွာကို မီရှို့ပစ်၍ အစ္စလာမ်သာသနာ့တာဝန်ကိုဆောင်ရွက်ကျင့်သုံးသူတို့ကို သတ်ဖြတ်ပစ်ကြသည်။ သို့သော်လည်း၊ ကျူးကျော်သူတို့က အရေးကြီးသည့်အချက်တစ်ချက်ကို ထည့်တွက်ခြင်းမပြုခဲ့ကြချေ။ ယုံကြည်မှုမရှိသူတို့သည် သက်ဝင်ယုံကြည်သူမုအ်မင်န်တို့နှင့် အလ္လာဟ်အရှင်မြတ်အကြားရှိ ခိုင်မြဲသောဆက်စပ်မှုကို သဘောမပေါက်နိုင်ကြပေ။ ကျမ်းတော်မြတ်စာအုပ်များကို ဖျက်ဆီးပစ်ခြင်းဖြင့် ယုံကြည်မှုပျောက်ကွယ်သွားလိမ့်မည်ဟု ထင်ကြသည်။ သို့သော်လည်း ယုံကြည်မှုသည် အသည်းနှလုံးတွင်ရှိ၏။ အီမာန်ယုံကြည်မှု ခိုင်မြဲသူတို့သည်၊ သူတို့ခံစားနေကြရသော ဒုက္ခသုခအားလုံးတို့သည် အလ္လာဟ်အရှင်မြတ်ထံတော်မှလာသော စမ်းသပ်မှုဖြစ်သည်ကို သိကြ၏။ ထို့ကြောင့် သူတို့သည်၊ ထိုဒုက္ခများကို သည်းခံကြ၏။

ကုရ်အာန်ကျမ်းတော်မြတ် စူရာအလ်ဘကရာ ၂း၁၅၅–၁၅၇တွင်၊

**ထို့ပြင်တဝ မချွတ်ဧကန် ငါအရှင်မြတ်သည် အသင်တို့ကို တစ်စုံတစ်ခုသော ကြောက်ရွံ့စိုးရိမ်စေခြင်းဖြင့်သော်လည်းကောင်း၊ ငတ်မွတ်စေခြင်းအားဖြင့်သော်လည်းကောင်း၊ ဥစ္စာပစ္စည်းများ ဆုံးပါးစေခြင်းဖြင့်သော်လည်းကောင်း၊ အသက်သေကြေပျက်စီးစေခြင်းဖြင့်သော်လည်းကောင်း၊ ကောက်ပဲသီးနှံပျက်ပြားစေခြင်းဖြင့်သော်လည်းကောင်း၊ သားသမီးများသေဆုံးစေခြင်းဖြင့်သော်လည်းကောင်း၊ စမ်းသပ်တော်မူလတ္တံ့။ သို့ရာတွင် ခန္တီတရားဖြင့် သည်းခံသူအပေါင်းအား ဝမ်းမြောက်ဖွယ်ရာ ကောင်းခြင်းမင်္ဂလာသတင်းကို အသင်သည် ပြောကြားပါလေ။**

**ထိုသူတို့သည် မိမိတို့အပေါ်၌ ဘေးဥပဒ်အန္တရာယ်တစုံတရာဆိုက်ရောက်လာသောအခါ ဧကန်အမှန် အကျွန်ုပ်တို့သည် အလ္လာဟ် အရှင်မြတ်၏ အဘို့အရာသာဖြစ်၍ မုချဧကန် ထိုအရှင်မြတ်၏ အထံတော်သို့သာ ပြန်လည် သွားကြရမည့်သူများ ဖြစ်ကြပါသည်ဟု ဆိုလေ့ရှိကြကုန်၏။**

**ဤသူတို့အပေါ်၌သာလျှင် ယင်းသူတို့အား မွေးမြူတော်မူထသောအလ္လာဟ်အရှင်မြတ်အထံတော်မှ ကောင်းချီးမင်္ဂလာများနှင့် မေတ္တာဂရုဏာတော် သက်ရောက်ပေမည်။ ၎င်းပြင်ထိုသူတို့သာလျှင် ဖြောင့်မတ်မှန်ကန်သောတရားကိုရရှိသူများ ဖြစ်ကြကုန်သတည်း။**

ဤကုရ်အာန်အာယတ်တော်များတွင် မိန့်ဆိုထားသည့်အတိုင်း၊ မုအ်မင်န်တို့သည် ဤကမ္ဘာလောကတွင် အမျိုးမျိုးစမ်းသပ်ခံကြရ၏။ သို့သော်လည်း မည်သည့်အခက်အခဲတွင်မဆိုသူတို့သည် အလ္လာဟ်အရှင်ထံတော်သို့မျက်နှာလှည့်၍ အကူအညီတောင်းကြပေသည်။ ထို့ကြောင့် မည်သည့်မွတ်စလင်မ်ကမှ သူတွေ့ကြုံရသည့်အခက်အခဲများအတွက် စိတ်ပျက်လက်

လျှော့ခြင်း၊ မျှော်လင့်ချက်ကုန်ခမ်းခြင်းမရှိချေ။ သူသည် အလ္လာဟ်အရှင်မြတ်က ကုရ်အာန်ကျမ်းတော်မြတ်တွင် ကတိပေးထားသည့်အတိုင်း နောင်တမလွန်ဘဝတွင် ဝမ်းမြောက်ဝမ်းသာခြင်းအပေါင်း အပယ်လျှံလိမ့်မည်ကို သိထားသဖြင့် ဝမ်းမြောက်ဝမ်းသာလျက်သာရှိပေသည်။

## ကွန်မြူနစ်ရိုင်းစိုင်းရက်စက်မှု၏နောက်ကွယ်မှ အတွေးအခေါ်– လူသားများကို တိရစ္ဆာန်အဖြစ် သတ်မှတ်ခြင်း

## The Philosophy behind Communist Savagery: The Bestialization of Humam Beings


ရုပ်ဝါဒအတွေးအခေါ်ရှင်များဖြစ်ကြသော မားကစ်နှင့်အင်ဂျဲလ်တို့ တင်ပြသော ၂၀–ရာစုနှစ်မှ ကွန်မြူနစ်လိမ်လည်မှုသည်၊ သွေးဆာလောင်ခြင်းတွင် ဝအီခြင်းမရှိနိုင်သည့် လူသတ်စက်ယန္တရားကြီး ဖြစ်ပေသည်။ ကွန်မြူနစ်စနစ်သည် ကြီးကျယ်သော ရာဇဝတ်မှုများကို ကြူးလွန်ထား၏။ လူသားတို့အား လူမှုရေးဖိနှိပ်မှု၊ ကြောက်ရွံ့ထိတ်လန့်ခြင်း၊ ပြည်နှင်ဒဏ်ပေးခြင်း၊ နှိပ်စက်ခြင်း၊ အလုပ်အကျဉ်းစခန်းများ၊ ငတ်မွတ်ခေါင်းပါးမှုနှင့် သတ်ဖြတ်မှုများကိုသာ ပေးဆောင်၏။ သို့သော်လည်း၊ ဤယုတ်မာရိုင်းစိုင်းမှုဒဏ်ကို နောင်အနာဂတ်တွင် နောက်ထပ် မခံစားကြရအောင်၊ ၎င်း၏အရင်းအမြစ်အကြောင်းအချက်ကို ဝေဖန်သုံးသပ်ရပါမည်။ လီနင်နှင့် စတာလင်ကဲ့သို့သော အာဏာရှင်တို့၏ ရက်စက်မိုက်မဲမှုနှင့် ပုဂ္ဂလိကပြင်းပြသောဆန္ဒများသာဖြစ်သလော? သို့မဟုတ် ဒါဝင်ဝါဒတွင်အခြေခံသည့် ကွန်မြူနစ်အတွေးအခေါ်ကို လက်တွေ့အသုံးချကျင့်သုံးခြင်း ဖြစ်သလော?

ဒုတိယအချက်သည်သာလျှင် အဖြေမှန်ဖြစ်သည်ကို တွေ့ရပါမည်။ ယုတ်ပတ်ရိုင်းစိုင်းမှုရှိသည်ကား အမှန်ဖြစ်၏။ လူသားသည်၊ တိရစ္ဆာန်အမျိုးစားတစ်မျိုးသာဖြစ်သည်ဟူသော ကွန်မြူနစ်အတွေးအခေါ်၏ရလာဒ်သည် ဤသို့သာဖြစ်မည်မှာ သဘာဝပင်ဖြစ်၏။ မားကစ်ကလည်း ကွန်မြူနစ်ဝါဒသည် ဒါဝင်၏အီဗိုလူးရှင်းသီအိုရီတွင် အခြေခံသည်ဟု မမောမပန်း အထပ်ထပ်အခါခါ ညွှန်ပြထားသည်။ ဒါဝင်၏အီဗိုလူးရှင်းသီအိုရီသည်၊ လူသားသည် ဖွံ့ဖြိုးပြီးဖြစ်သော တိရစ္ဆာန်ဖြစ်၍၊ လူသားအချင်းချင်း ပြိုင်ဆိုင်ခြင်း၊ ပဋိပက္ခဖြစ်ခြင်း၊ ဖိနှိပ်ချုပ်ချယ်ခြင်း၊ ရိုင်းစိုင်းကြမ်းတမ်းခြင်း၊ အင်အားကိုအသုံးပြု၍ အကြမ်းဖက်ခြင်း စသည်တို့သည် သဘာဝအင်္ဂါရပ်သာဖြစ်သဖြင့် တရားဝင်သည်ဟု တင်ပြထား၏။ အကယ်၍ ဤအတွေးအခေါ်ကို လက်ခံယုံကြည်သူတစ်ဦးတစ်ယောက်သည် လုံလောက်သောအာဏာနှင့် လုပ်နိုင်ခွင့် ပြည့်စုံပါက၊ သူတွေးနိုင်သမျှသော ရက်စက်ကြမ်းကြုတ်မှုများကို ကျင့်ကြံလုပ်ဆောင်လိမ့်မည်သာ ဖြစ်သည်။ ဤအချက်နှင့်ပတ်သက်၍ *ကွန်မြူနစ်ဝါဒ၏ စာအုပ်မဲ* တွင် ဤသို့ဆိုထား၏။

> လူတို့ကို သတ်ဖြတ်ခြင်းကိစ္စနှင့်ပတ်သက်၍ အတော်အတန်လေ့လာရန် လိုအပ်ပေသည်။ လူသားအချင်းချင်း သတ်ဖြတ်လိုစိတ်ရှိသူများသည် နှိုင်းယှဉ်ချက်အရ အင်မတန်နည်းပါးပေသည်။ ထို့ကြောင့် ဤကိစ္စအတွက် နည်းလမ်းတစ်ခုခုကို ရှာရန်လိုအပ်ပေသည်။ **အထိရောက်ဆုံးနည်းလမ်းမှာ စတေးခံရသူ၏ လူသားအဆင့်ကိုငြင်းပယ်၍ လူမဟုတ်သောသားကောင်အဖြစ်သို့ရောက်အောင် လုပ်ခြင်းဖြစ်သည်။** အေလိန်း ဘရော့ဆတ်က “အရိုင်းအစိုင်းတို့၏ပူဇော်ပသမှုတွင် ရွေးချယ်ခြင်းဓလေ့နှင့် လူမျိုးရှင်းလင်းရေးယန္တရားတို့သည်၊ အခြားသူ၊ ရန်သူအစစ်အမှန် သို့မဟုတ် စိတ်ကူးရန်သူတစ်ဦးဦးကို တိရစ္ဆာန်အဖြစ်မျိုးရောက်အောင် ဖိစီးနှိပ်စက်မှုနှင့် များစွာဆက်စပ်လျက်ရှိပေသည်။”ဟု မှတ်ချက်ချထား၏။ ဥရောပတိုက်သားများ၏ ရှီဗာရီနှင့်ကာနီဗာလ်ပွဲတော်များသည် အခြားသူကို တိရစ္ဆာန်အဆင့်အထိသတ်မှတ်စေသည့် ရှေးရိုးထုံးဓလေ့ဖြစ်၍၊ ၁၈–ရာစုနှစ်တွင် နိုင်ငံရေးရုပ်ပြောင်များအဖြစ် ပြန်လည်ပေါ်ပေါက်လာခဲ့သည်။ ဤပူဇော်ပွဲ အခန်းအနားတွင် ဖုံးကွယ်ထားသောပဋိပက္ခအားလုံးကိုအစားထိုးထုတ်ဖော်ကြသည်။ ၁၉၃၀–ခုနှစ် မော့စကိုမြို့တွင် အစားထိုးဖော်ထုတ်ခြင်းမျိုးမဟုတ်တော့ပေ။ တိရစ္ဆာန်အဖြစ်သတ်မှတ်သူ ရန်သူပြိုင်ဘက်များကို သားကောင်အဖြစ် ဦးခေါင်းတွင် သေနတ်ဖြင့်မပစ်သတ်မီ လိုက်လံဖမ်းဆီးကြသည်။ စတာလင်က ဤရှေးရိုးဓလေ့ကို စနစ်တကျမွမ်းမံ၍ အကျယ်တဝင့် အသုံးပြုလိုက်လေရာ၊ နောင်တွင် ကမ္ဘော

ဒီယားနိုင်ငံ၊ တရုတ်နိုင်ငံနှင့် အခြားဒေသအမြောက်အမြားတွင် အမွေဆက်ခံကြလေသည်။ အမှန်မှာ စတာလင်က ဤနည်းလမ်းများကို တီထွင်ခဲ့သူ မဟုတ်ပေ။ လီနင်ကိုသာ အပြစ်တင်ထိုက်ပါသည်။ **သူအာဏာရပြီးနောက်၊ သူ၏ရန်သူများကို "အန္တရာယ်ပိုးကောင်များ"၊ "လေးကောင်များ၊" "ကင်းမြီးကောက်များ၊""သွေးစုတ်ကောင်များ"စသည်ဖြင့် ခေါ်ဝေါ်သမုတ်လေ့ရှိ၏။**[၅၁]

မားကွ်စ၊ အင်ဂျဲလ်နှင့် လီနင်တို့က ကွန်မြူနစ်ရိုင်းစိုင်းရက်စက်မှုသည် ဒါဝင်၏ လူသားကို တိရစ္ဆာန်အဖြစ်သတ်မှတ်သော အမြင်ကို လက်တွေ့အသုံးချခြင်းသာဖြစ်သည်ဟု အကြိမ်အခါများစွာ အလေးအနက်ထား၍ ပြောခဲ့လေပြီ။



ကွန်မြူနစ်သမိုင်းကျွမ်းကျင်သူ ပြင်သစ်နိုင်ငံ၊ အမျိုးသားသိပ္ပံသုတေသနစင်တာမှ သုတေသနညွှန်ကြားရေးမှူး စတီ ဖိန်း ကော်တွယ်၏အဆိုအရ၊



တပ်နီကြီး၏အကျဉ်းသားများကို တိရစ္ဆာန်များကိုကဲ့သို့ သံလှောင်အိမ်တွင် ထည့်ထားကြသည်။

> ကွန်မြူနစ်ဝါဒတွင်၊ လူမှုရေး/နိုင်ငံရေးဆိုင်ရာ လူမျိုးသန့်စင်ရေးအစီအစဉ်ရှိသည်။ လူမှုရေးဒါဝင်ဝါဒတစ်မျိုးဖြစ်သည်။ ဒိုမီနစ် ကိုလတ်စ်က "လူမှုရေးမျိုးစုဆိုင်ရာ အီဗိုလူးရှင်းပညာ၏ အရှင်သခင်ဖြစ်သူ လီနင်သည်၊ မည်သူ့ကို သမိုင်း၏အမှိုက်ပုန်းထဲသို့ထည့်၍ ရှုတ်ချခြင်းဖြင့် ဖျောက်ဖျက်ပစ်ရမည်ဟူသော အချက်ကို လီနင်ကဆုံးဖြတ်၏။" ဟု ဆို၏။ (နိုင်ငံရေးနှင့် သမိုင်းရေးရာအတွေးအခေါ်အပြင် မားက့်စ်–လီနင် ဝါဒတို့တွင်အခြေခံ၍) ဘူဇွာတို့သည် လူသားလောက၏ အဆင့်တစ်ဆင့်ကို ကျော်လွှားခဲ့ကြပြီဖြစ်သဖြင့်၊ အတန်းစားတစ်ခုအဖြစ်သော်လည်းကောင်း၊ ထိုအတန်းအစားတွင် အမှန်တကယ်ပါဝင်သူနှင့် ပါဝင်သည်ဟု ထင်ရသူ တစ်ဦးချင်းကိုသော်လည်းကောင်း၊ ဖျောက်ဖျက်ပစ်ခြင်းကို သိပ္ပံနည်းကျသောအခြေခံခြင်းဖြစ်သည်ဟု ဆုံးဖြတ်ချက်ချခြင်းသည် ဆုံးဖြတ်ချက်ချချိန်မှစ၍ တရားဝင်သည် ဟုရှင်းပြ၏။[၇၂]
>
> သူ၏ဝေဖန်ချက်နောက်ဆုံးပိုင်းတွင်၊
>
> မားက့်စ်–လီနင်ဝါဒ၏ အခြေအမြစ်ကို မားက့်စ်၏ရေးသားချက်များတွင် လုံးဝရှာတွေ့နိုင်မည်မဟုတ်။ သို့သော်လည်း ဒါဝင်ဝါဒမှ ကိုင်းနွယ်လာသောပုံစံကို လူမှုရေးကိစ္စများအတွက်အသုံးပြု၍ အမှားများပေါ်ပေါက်လာသလို၊ လူမျိုးရေးကိစ္စများတွင် ထပ်မံအသုံးချသည့်အခါ၊ ထိုကဲ့သို့သော ပျက်စီးခြင်း ပေါ်ပေါက်လာပေသည်။[၇၃]

စင်စစ်အားဖြင့် ဆက်စပ်မှုရှိပေသည်။ ကွန်မြူနစ်ဝါဒသည် ဒါဝင်ဝါဒတွင်အသေအချာအခြေခံပေသည်။ ဒါဝင်ဝါဒမှ ကိုင်းနွယ်လာသောပုံစံမဟုတ်ပါ။ ဒါဝင်ဝါဒတွင် အခြေခံသည်ဟု အတိအကျပြောနိုင်ပါသည်။ လူသားများသည် တိရစ္ဆာန်မျိုးစုတစ်ခုဖြစ်သည်၊ သဘာဝအလျောက်နှင့်မလွဲမရှောင်သာသောပဋိပက္ခဖြစ်ခြင်းကြောင့် သမိုင်းဖွံ့ဖြိုးတိုးတက်လာခြင်းဖြစ်သည်၊ မည်သူ့အပေါ်တွင်မှ တာဝန်မရှိ၊ ဟူသောအတွေးအခေါ်တို့သည် ချားလ်စ်ဒါဝင်၏အတွေးအခေါ်များဖြစ်သည်။ ဒါဝင်က သီအိုရီအဖြစ် တင်ပြခဲ့၏။ ကွန်မြူနစ်တို့က လက်တွေ့ကျင့်သုံးသည်။ ၂၀–ရာစုနှစ်အတွင်း ကွန်မြူနစ်တို့ပြုကျင့်ခဲ့သောသွေးထွက်သံယိုမှုအားလုံး

သည်၊ "သိပ္ပံပညာ"ကိုအရေခြုံထားသည့် အဓိပ္ပါယ်ကင်းမဲ့သောအနုပဋ္ဋိလောမ(ဒိုင်အာလက်တစ်) ရုပ်ဝါဒကို ဖေါ်ထုတ်ပြခြင်းဖြစ်၍၊ အမှန်စင်စစ်မှာ အသုံးချဒါဝင်ဝါဒသာလျှင် ဖြစ်သည်။

# အခန်း ၃



# ငြီးငွေ့ဖွယ် ကွန်မြူနစ်လောက
## The Dull World of Communism



ကွန်မြူနစ်အတွေးအခေါ်သည် သိသိသာသာကြီး ရေးရိုးဆန်၍ မာကျောတင်းကျပ်ကာ အရောင်အဆင်းကင်းမဲ့သောလူ့အဖွဲ့အစည်းကို ဖေါ်ထုတ်ပေးသည်။ ဤအချက်ကို သဘောပေါက်ရန် ကွန်မြူနစ်တို့ သူတို့၏ ပြည်သူများအပေါ်ထားရှိသော သဘောထားကို ပြန်လည်သုံးသပ်ရုံဖြင့် လုံလောက်ပေသည်။ အထက်က ဆိုခဲ့သည့်အတိုင်း၊ ကွန်မြူနစ်ဝါဒ အခြေခံသောရုပ်ဝါဒသည်၊ လူသားကို ဒြပ်ပစ္စည်းများစုပေါင်းပါဝင်နေသော သက်ရှိပစ္စည်းတစ်မျိုးအဖြစ်သာ မြင်သည်။ လူသားတွင် ဝိညာဉ်ရှိခြင်းကို ငြင်းပယ်ထား၏။ ရုပ်ဝါဒ၏အဆိုအရ လူသားတို့၏အသိဉာဏ်နှင့်အသိတရားသည် "ဒြပ်ဝတ္ထုပစ္စည်းရွေ့လျားမှု"မှဖြစ်ပေါ်လာခြင်းသာဖြစ်သည်။ ထို့ကြောင့် ရုပ်ဝါဒီတို့အတွက် လူသားတို့သည် တိုးတက်ဆုံးသော စက်ယန္တရားများသာ ဖြစ်ပေသည်။ လူတို့၏စဉ်းစားဉာဏ်နှင့် ခံစားချက်များအားလုံးသည်၊ ထိုစက်ယန္တရားအတွင်းရှိ ဓါတ်ပစ္စည်းများအချင်းချင်း ဓါတ်ပြုခြင်းမှ ဖြစ်ပေါ်လာခြင်းဖြစ်သည်ဟုဆို၏။

တစ်နည်းအားဖြင့်၊ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာအတွင်း၌ တည်ဆောက်ပါဝင်နေသော ဆဲလ်နှင့်အတမ်အဏုမြူတို့သည် အသိတရား၊ စဉ်းစားဆင်ခြင်နိုင်စွမ်း၊ တွေ့မြင်ကြားနာနိုင်စွမ်း၊ လှပခြင်းကို နှစ်သက်တတ်ခြင်း၊ ဆိုးရွားမှုနှင့်ကြုံတွေ့သောအခါ ဝမ်းနည်းတတ်ခြင်း ရှိကြသည်ဟု ရုပ်ဝါဒီတို့က ယုံကြည်ကြ၏။ ဤပုဂ္ဂိုလ်တို့ကို အဏုမြူအတမ်တစ်လုံးသည် စဉ်းစားဆင်ခြင်နိုင်စွမ်းရှိပါသလားဟု မေးလျှင်၊ မရှိဟုဖြေကြလိမ့်မည်။ သို့သော်လည်း အဏုမြူအတမ်အချို့ လာရောက်စုပေါင်း၍ ဦးနှောက်ဖြစ်လာသည့်အခါ စဉ်းစားဆင်ခြင်နိုင်စွမ်းရှိလာသည်ဟု ယူဆကြသည်။

ထို့ထက်မက၊ မားက့်စ်ဝါဒအတွေးအခေါ်တွင် လူသားတို့၏ယဉ်ကျေးမှုနှင့် အသိတရားအားလုံးတို့သည် ရုပ်ဝတ္ထုပစ္စည်းတွင်သာ အခြေခံသည်ဟု ဆိုသည်။ ကွန်မြူနစ်ဝါဒအတွေးအခေါ်အရ၊ ကျွန်ုပ်တို့၏ပတ်လည်ရှိရုပ်လောကအပြင် လွတ်လပ်သောအသိတရားမရှိချေ။ လူသားတို့၏ အသိတရားသည် ရုပ်လောကအတွင်း၌သာ အပြည့်အစုံဖြစ်ပေါ်ခံစားလာခြင်း ဖြစ်သည်ဟု ယုံကြည်ကြ၏။ မားက့်စ်က၊ **"လူသားတို့၏အသိတရားက လူ့သားတို့တည်ရှိနေခြင်းကို သတ်မှတ် ပေးခြင်းမဟုတ်၊ သူတို့၏ လူမှုရေးအဆင့်တည်ရှိခြင်းက သူတို့၏အသိတရားကို သတ်မှတ်ပေးသည်။**[၅၄]ဟု ဆို၏။ ကျော်ကြားသော မားက့်စ်ဝါဒအတွေးအခေါ်ရှင်တစ်ဦးဖြစ်သူ လွှဒ်ဝိက် ဖြူအာဘက် က၊ အဓိပ္ပါယ်ကင်းမဲ့သော ရုပ်ဝါဒလောဂျစ်ကို အတိုချုံးထား၏ – **"လူတစ်ဦးသည် သူစားသောအစာဖြစ်၏"**ဟုသတတ်။



လီနင်၊ အင်ဂျဲလ်နှင့်မားက့်စ်တို့၏ အေးစက်သောမျက်နှာတို့သည် ကွန်မြူနစ်အစိုးရတိုင်း၏ အရေးပါသော ဌာနများတွင် ဆင်ယင်ထားကြသည်။

သူတို့၏မှန်းဆဆုပ်ကိုင်ထားသောရုပ်ဝါဒအစွဲအလမ်းကြောင့်၊ မားက့်စ်ဝါဒီတို့သည် လူ့အဖွဲ့အစည်းကို ရုပ်ဝတ္ထုအနေအထားဖြင့်သာ ကြည့်ကြပေသည်။ သူတို့သည် ရုပ်ဝါဒခံယူချက်ဖြစ်သော "လူတန်းစား" ကိစ္စကို အများဆုံးအဓိကထား အာရုံစိုက်ကြသည်။ လူတန်းစားဆိုသည်မှာ လူ့အဖွဲ့အစည်းရှိ စီးပွားရေးအဆင့်အမျိုးမျိုးနှင့်သက်ဆိုင်သည်။ မားက့်စ်ဝါဒီတို့အတွက် ၎င်းသည်သာလျှင် တစ်ခုတည်းသောအရေးကြီးဆုံး အရေးဖြစ်သည်။ ဥပမာ၊ မားက့်စ်ဝါဒီတို့က အလုပ်သမားအားလုံးကို "ပစ္စည်းမဲ့လူတန်းစား" ဟုခေါ်သော တစ်ခုတည်းသောလူတန်းစားတွင် စုပုံထားလိုက်သည်။ အရင်းရှင်တို့သည် "ဘူဇွာ" လူတန်းစားတွင် ပါဝင်ကြသည်။ အလုပ်သမားအားလုံးသည် မသင့်မြတ်သောအခြေအနေတွင်နေထိုင်ကြရသောကြောင့် သူတို့အားလုံး "ပစ္စည်းမဲ့လူတန်းစား" အသိတရားသာရှိကြရမည်။ ထိုနည်းတူ၊ အရင်းရှင်အားလုံးတို့သည်လည်း၊ ဥစ္စာဓနတစ်ခုတည်းကို ဝိုင်းဝန်းပိုင်ဆိုင်ကြသဖြင့် "ဘူဇွာ" လူတန်းစားအသိတရားသာရှိကြမည်။ မားက့်စ်ဝါဒီတို့သည်၊ အလုပ်သမားတစ်ယောက် သို့မဟုတ် စက်ရုံပိုင်ရှင်တစ်ယောက်သည်၊ လွတ်လပ်သောကြံအင်လက္ခဏာအင်္ဂါရပ် သို့မဟုတ်ကမ္ဘာ့အမြင်မှ လုံးဝခြားနားသော အသိတရားရှိနိုင်သည် ဟူသောအချက်ကို လက်မခံချေ။ ၅၅

ဤအမြင်၏ရလာဒ်မှာ၊ လူတို့ကို သီးခြားရုပ်ဝတ္ထုအမျိုးအစားများအဖြစ်ခွဲခြား၍ ချင့်တွက် တန်ဖိုးဖြတ်ထားခြင်းသာ မလွဲမသွေဖြစ်၏။ မားက့်စ်ဝါဒီတို့က လူတို့ကို ဘူဇွာများ၊ အသေးစားဘူဇွာများ၊ ပစ္စည်းမဲ့များ၊ နယ်ချဲ့သမားများနှင့် ကွန်ပရာဒိုများ– စသဖြင့် ခွဲခြားသတ်မှတ်ထားခြင်းသည် လုံးဝရုပ်ဝါဒအခြေခံခြင်းဖြစ်သည်။ အကယ်၍ စက်ရုံအလုပ်သမားတစ်ယောက်သည် သူ၏လက်ဖြင့် အလုပ်လုပ်လျှင်၊ သူ၏အသက်ရှင်တည်ရှိရေးကို သူလုပ်သောအလုပ်ဖြင့် သတ်မှတ်ထားသည်။ အကယ်၍ ရွာသားတစ်ယောက်သည် လယ်တောယာတောတွင် ရွာသားတစ်ယောက်၏ အသိတရားသာလျှင် ရှိလိမ့်မည်။

ဤအမြင်မျိုးကြောင့်၊ မားက့်စ်ဝါဒီတို့က သမိုင်းဖြစ်စဉ်တလျှောက်လုံး၏ အဆုံးအဖြတ်ပေးသောအရာသည် "ကုန်ထုတ်လုပ်မှုနည်းလမ်း" သာလျှင်ဖြစ်သည်ဟု အခိုင်အမာပြောကြ

သည်။ မားက့်စ်၏ အင်မတန်ကျော်ကြားသော *ဒါးစ်ကဲပီတယ်* တွင် သမိုင်းကို ကုန်ထုတ်လုပ်မှု နည်းလမ်းဖြင့် ကြိုးစားရှင်းပြထားပေသည်။ မားက့်စ်အနေနှင့် "သမိုင်းဦးလူ့အဖွဲ့အစည်း" သည် တောလိုက်စုဆောင်းနေထိုင်စားသောက်ကြသော လူတစ်စုသာလျှင် ဖြစ်သည်။ စိုက်ပျိုးရေး ပေါ်ပေါက်လာသည်နှင့် "မြေကျွန်" ခေါ်လူ့အဖွဲ့အစည်းတစ်မျိုး ပေါ်ပေါက်လာလေသည်။ နောင်တွင် ထုတ်ကုန်နည်းလမ်းနှင့်အမျိုးအစားအသစ်အသစ်ပြောင်းလဲလာသည်နှင့်အမျှ "ပဒေသရာဇ်လူ့အဖွဲ့အစည်း" ဆက်၍ဖြစ်ပေါ်လာသည်။ စက်ယန္တရားများကို တီထွင်လိုက်သည်နှင့် စက်မှုလက်မှုဟုခေါ်သော ကုန်ထုတ်လုပ်မှုအသစ် ထပ်မံဖြစ်ပေါ်လာသည်။ ယင်းနှင့်အတူ "အရင်းရှင်လူ့အဖွဲ့အစည်း" ပေါ်ပေါက်လာလေသည်။ မားက့်စ်၏အဆိုအရ၊ ဘာသာရေး၊ နိုင်ငံနှင့်နိုင်ငံအစိုးရ၊ ဥပဒေ၊ အိမ်ထောင်နှင့်ကိုယ်ကျင့်တရားတို့သည် ကုန်ထုတ်လုပ်မှု မတူညီကွာခြားမှုများမှ ပေါ်ပေါက်လာခြင်းဖြစ်သည်။

မားက့်စ်ဝါဒ၏ကျဉ်းမြောင်းသောသမိုင်းအမြင် မမှန်ကန်ကြောင်း ခိုင်မာသည့်အတွေ့အကြုံများကိုမပြောကြတော့ဘဲ အသာထားလိုက်ပါတော့မည်။ အတွေးအခေါ်ရှင် အမြောက်အမြားတို့က ရှင်းပြထားကြသည်မှာလည်း များပြားလှပါပြီ။ ထို့ကြောင့်၊ ဤနေရာတွင် ထိုသို့သော မမှန်ကြောင်းအချက်များကို ထပ်မံသက်သေထူနေစရာမလိုအပ်တော့ပါ။ ရုပ်ဝါဒီတို့တီထွင်ဖန်တီးထားသော ရေးရိုးဆန်ခြင်း၊ ငြီးငွေ့ဖွယ်မာကျောတင်းကျပ်ခြင်း၊ အရောင်အဆင်းကင်းမဲ့ခြင်းများဖြင့်ပြည့်နက်နေသောလူ့အဖွဲ့အစည်းဖြစ်ကြောင်းကိုသာအဓိကထားအာရုံစိုက်ပါမည်။

မားက့်စ်ဝါဒယုံကြည်ချက်နှင့် မတူညီသည့်အချက်မှာ၊ လူသားတို့၏ဝိညာဉ်သည် ရုပ်ဝတ္ထုပစ္စည်းမှ ပေါ်ထွက်လာခြင်းမဟုတ်ပေ။ အမှန်မှာ၊ ကျွန်ုပ်တို့က ဒြပ်ဝတ္ထုပစ္စည်းဟုခေါ်သည့်အရာကို ဝိညာဉ်က မြင်ခြင်း၊ ကြားခြင်းနှင့် ထိတွေ့ခံစားခြင်း ဖြစ်သည်။ ထို့ကြောင့် ဝိညာဉ်က တွေ့မြင်ခံစားရသည့် ဝတ္ထုပစ္စည်းများ၏သဘောတရားဖြင့် ဝိညာဉ်(ရှုပ်)ကို ဖော်ပြ၍ မဖြစ်နိုင်ချေ။ အလ္လာဟ်အရှင်မြတ်သည်ဝိညာဉ်ကို ဉာဏ်ပညာထက်မြက်မှု၊ စိတ်ကူးယဉ်မှု၊ ခံစားမှုနှင့် လိုအင်ဆန္ဒရှိမှု စသည့်သွင်ပြင်လက္ခဏာနှင့် ယိမ်းယိုင်မှုအမျိုးမျိုးရှိအောင် ဖန်ဆင်းထားသည်။ လူသားသည် မည်သည့်အခြေအနေတွင်ဘဲရှိနေသည်ဖြစ်စေ၊ ထိုယိမ်းယိုင်မှုနှင့်သွင်ပြင်လက္ခဏာများသည် ပပျောက်ပြောင်းလဲခြင်းမရှိချေ။ ၎င်းတို့ကို ထုတ်ဖော်ပြသမှုသာလျှင် ကွာခြားပေသည်။

အလ္လာဟ်အရှင်မြတ်သည် ပထမဦးဆုံးသောလူသားကိုဖန်ဆင်းခဲ့စဉ်က ယနေ့ရှိလူသားများတွင်ရှိသည့်အရည်အချင်းများနှင့်ကျွမ်းကျင်မှုများကိုပါ တပါတည်းပြည့်စုံအောင် ဖန်ဆင်းခဲ့လေသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏အသိတရားအဆင့်သည် ကျွန်ုပ်တို့နေထိုင်ပေါက်ဖွားသည့်နေရာနှင့်အချိန်ပေါ်မူတည်၍ ခြားနားခြင်းမရှိပေ။ လူ့သမိုင်းမှ ပထမဦးဆုံးလူသား၏စိတ္တာဓိပတိခေါ်စိတ်စွမ်းအားနှင့် ဆန္ဒ၊ စိတ်တွင်းခံစားမှုများ၊ စိတ်ကူးစိတ်သန်းများနှင့် စိတ်အာရုံတို့သည် ယနေ့ကမ္ဘာပေါ်တွင်အသက်ရှင်နေသည့် လူသားတိုင်းနှင့် အတူတူပင် ဖြစ်ပေသည်။ ခြားနားချက်မှာ၊ ၎င်းတို့ကို ဖော်ပြထုတ်ဖော်ရာ၌ သူအသုံးပြုသောနည်းနိသျှများသာလျှင် ခြားနားမည်ဖြစ်၏။ လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အသိတရားများသည်၊ သူ၏စိတ်ကူးစိတ်သန်း ဉာဏ်စွမ်းဉာဏ်စများကို မည်သို့အသုံးပြုသည်၊ မည်သည့်ဉာဏ်စွမ်းအဆင့်အထိသူ့ကိုပေးထားသည်၊ သူ၏အသိတရားက မည်မျှအထိတောင့်တသည်၊ ဟူသည့်အချက်များအပေါ်မူတည်၍ ခြားနားကြပေသည်။ ဤအချက်ကို သိသောမွတ်စလင်မ်တို့ကို၊ နေရာဒေသ၊ ပတ်ဝန်းကျင် သို့မဟုတ် အတွေးအခေါ်များ၏ ကန့်သတ်ထားခြင်းမရှိချေ။ အလ္လာဟ်အရှင်မြတ်က ကုရ်အာန်ကျမ်းတော်မြတ်တွင် မိန့်ဆိုထားသည့်အတိုင်း၊ သူတို့တွင်ဖြစ်လာသမျှကိစ္စအဝဝကို စဉ်းစားဆင်ခြင်တုံတရားဖြင့် ၎င်း၏သိမ်မွေ့နူးညံ့နက်နဲမှုကိုစဉ်းစားဝေဖန်ကာ ၎င်း၏အလှကို ထိုးထွင်းကြည့်မြင်တတ်ကြသည်။ ကုရ်အာန်ကျမ်းတော်မြတ် စူရာအလ်ဘက္ကရာ ၂း၁၆၄တွင်၊ ဤသို့မိန့်ဆိုထားတော်မူ၏။

**မိုးကောင်းကင်များနှင့် ပထဝီမြေပြင်ကို ဖန်ဆင်းတော်မူခြင်း၌လည်းကောင်း၊ နေ့နှင့်ညဥ့် ပြောင်းလဲသွားလာခြင်း၌လည်းကောင်း၊ လူသားတို့အား အကျိုးဖြစ်ထွန်းစေသောဝတ္ထု**

**ပစ္စည်းများကို တင်ဆောင်၍ ပင်လယ်သမုဒ္ဒရာများတွင် စုံဆန်သွားလာနေသော ရေယာဉ်များ၌လည်းကောင်း၊ မြေသေမြေဟောင်း မြေသရောင်းကို ပြန်လည်ရှင်စေပြီး** (မြေသြဇာဖြစ်စေ၍ သစ်ပင်ဝါးပင်အမျိုးမျိုးပေါက်ရောက်စေရန် အလို့ငှါ) **မိုးကောင်းကင်မှ အလ္လာဟ်အရှင်မြတ်ရွာသွန်းစေတော်မူသောမိုးရေ၌လည်းကောင်း၊ ထိုမြေပြင်၌ပေါက်ပွားပြန့်နှံ့စေတော်မူသော တိရစ္ဆာန်အမျိုးမျိုး၌လည်းကောင်း၊ မိုးနှင့်မြေကြားဝယ်**(အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ကို) **နာခံလျက်ရှိသော မိုးတိမ် များ၌လည်းကောင်း၊ နိသမ္မဥာဏ်အရင်းခံ၍ စဉ်းစားဆင်ခြင် သိမြင်နားလည်ကြကုန်သော လူများအဘို့ မုချဧကန် သက်သေလက္ခဏာများ ရှိပေသတည်း။**

ထို့ကြောင့်၊ အလ္လာဟ်အရှင်မြတ်ကို သက်ဝင်ယုံကြည်သူတို့သည် ပိုမို၍ ကျယ်ပြန့်စွာတွေးတတ် မြင်တတ်၏။ အစဉ်အမြဲ လွတ်လပ်စွာတွေးတော၏။ အဖက်ဖက်သောအနုပညာ၌ ပြင်လျာတင့်မောမှုဆိုင်ရာအလှရသခံစားမှုကို အဆုံးမရှိ အကန့်အသတ်မရှိ ရှုမြင်တတ်ကြ၏။

ဤအမှန်တရားကို တွေးတောနိုင်စွမ်းမရှိသည့် မားက့်စ်နှင့် သူ၏နောက်လိုက်တို့သည်၊ လူ့အသိတရားကို အင်မတန်ကျဉ်းမြောင်း၍ သူတို့က ကြံဖန်ပုံစံသွင်းထားသည့် “လူတန်းစား–အသိတရား”တွင် ပွတ်သိပ်ထည့်လိုက်ကြသည်။ သူတို့သြဇာညောင်းနိုင်သူတိုင်းကို ဤစိတ်ကူးယဉ်ဝေါဟာရအတွင်း၌သာ အသက်ရှင်နေထိုင်စေသည်။ မားက့်စ်ဝါဒကြီးစိုးအမြစ်တွယ်မိသည့် နိုင်ငံတိုင်းတွင် လူပေါင်းသန်းပေါင်းများစွာကို နှမြောတသခြင်း၊ သနားကြင်နာခြင်း၊ နောင်တရခြင်းလုံးဝမရှိဘဲ သတ်ဖြတ်လိုက်ကြသလို၊ လူသားတို့၏ အနုပညာရသဖေါ်ထုတ်ခြင်း၊ ပြင်လျာတင့်မောမှုဆိုင်ရာအလှရသခံစားမှုနှင့် လူသားတို့၏ အခြားစိတ်ခါတ်စိတ်ကူးစိတ်သန်းများကို ဟန့်တားရပ်တန့်စေသည်။

## အသက်မပါသော “ကွန်မြူနစ်အနုပညာ”

## The Lifelessness Of "Communist Art"

၁၉၁၇–ခုနှစ် ဘိုလ်ရှီဗစ်တော်လှန်ရေးဖြင့် ရုရှားနိုင်ငံတွင် ကမ္ဘာ့ပထမဦးဆုံးသော မားက့်စ်ဝါဒအစိုးရကို တည်ထောင်ခဲ့သည်။ ပထမ လီနင်၊ ထို့နောက်စတာလင်၏သံမဏိလက်သီးဆုပ်အောက်တွင်၊ ကွန်မြူနစ်အတွေးအခေါ်က တစ်နိုင်ငံလုံးကို ပြန်လည်စီစဉ်ပုံစံသွင်းခဲ့၏။ ၎င်း၏သြဇာတိကမကို အရေးကြီးသောယဉ်ကျေးမှုဆိုင်ရာအနုပညာ၊ အလှရသခံစားမှုနှင့် ပိသုကာလက်ရာများတွင် တွေ့ရှိရ၏။

တော်လှန်ရေးပြီးပြီးချင်း၊ “ပစ္စည်းမဲ့လူတန်းစားအနုပညာ”ထွက်ပေါ်လာသည်။ *Iskus - stvo Kommunu* ခေါ် “ဘုံစနစ်အနုပညာ” မဂ္ဂဇင်းတွင် ကွန်မြူနစ်အနုပညာသည်တို့က ပစ္စည်းမဲ့လူတန်းစားယဉ်ကျေးမှုကို အကျိုးဆောင်သည့် အနုပညာလက်ရာများဖေါ်ထုတ်မည်ဟု ကြေညာလေသည်။ အလားတူစိတ်ကူးအကြံအစည်ကို *Proletkult* (ပစ္စည်းမဲ့ယဉ်ကျေးမှု)စာစောင်တွင်ထုတ်ဖေါ်ထားသည်။

သူတို့က **“ပစ္စည်းမဲ့အနုပညာ”**၏အဓိပ္ပါယ်ကိုလည်း စတင်ဆွေးနွေးကြသည်။ ၁၉၂၀–ခုနှစ် နှစ်ဦးပိုင်းမှစ၍၊ ဗလာဒီမီရ် ယဲဗ်ဂရာဖိုဗိချ် တတ်လင်နှင့် အလက်ဆန် မီခေးလိုဗိချ် ရိုဒ်ချင်ကို အစရှိသည့်ကျော်ကြားသောရုရှားအနုပညာသည်တို့က **အနုပညာသည်တစ်ဦး၏စိတ်ကူးအတွေးအခေါ်သည် ပစ္စည်းမဲ့လူတန်းစား၏ပြဿနာများကို လက်တွေ့ ဖြေရှင်းပေးသည့် နည်းပညာသည်တစ်ယောက်ဖြစ်ရမည်**ဟု ကာကွယ်ပြောဆိုကြသည်။ လီနင်က ဤအတွေးအခေါ်ကို ထောက်ခံအားပေး၍၊ အနုပညာနယ်ပယ်အမြောက်အမြားကို ပစ္စည်းမဲ့လူတန်းစားအမြင်အရ အကျိုးမရှိဟုယူဆသဖြင့် ချုပ်ချယ်ပိတ်ပင်ခဲ့လေသည်။ ဥပမာ၊ တတ်လင်နှင့်ရိုဒ်ချင်ကိုတို့က အနုပညာဆန်သည့်ဖေါ်ပြချက်များသည် အလုပ်သမားတစ်ယောက်၏ နေ့စဉ်ဘဝအတွက် အသုံးမဝင်သောကြောင့်၊ ပန်းချီပုံဆွဲခြင်းသည် တရားမဝင်သောအနုပညာတစ်မျိုးဖြစ်သည်ဟု သတ်မှတ်ကြသည်။

၁၉၂၁–ခုနှစ်တွင်၊ "အပြုသဘော"ဟုခေါ်သည့် ဤအနုပညာသဘောတရားအသစ်သည်၊ ဆိုဗီယက်ရုရှား၏ တရားဝင် အနုပညာပေါ်လီစီဖြစ်လာခဲ့လေသည်။ တတ်လင်သည်၊ ဤသို့သောအတွေးအခေါ်၏ရှေ့တန်းတွင်ရပ်တည်၍၊ အသုံးမကျသည့်ပန်းချီပုံများကို ရေးဆွဲမည့်အစား၊ အိမ်နှင့်ပရိဘောဂကဲ့သို့ "အသုံးကျ"သောဒီဇိုင်းပုံများကို ရေးဆွဲရန်လိုအပ်သည်ဟု အတွေးပေါက်လေသည်။ ပစ္စည်းမဲ့လူတန်းစား၏ဘဝကို အလုပ်အကြွေးပြုသည့်အနေဖြင့်၊ သူတို့အတွက် အချိန်ကြာကြာအလုပ်လုပ်နေစဉ် ဝတ်ဆင်နိုင်မည့် အမြင့်ဆုံးနွေးထွေးမှုကိုပေး၍ အလုပ်လုပ်ရာတွင် လှုပ်ရှားမှုအဆင်ပြေဆုံးပေးနိုင်ကာ ပေါ့ပါးဆုံးဖြစ်ပြီး ၎င်း၏ကုန်စိမ်းဈေးနှုန်းအနည်းဆုံးဖြစ်မည့် အဝတ်ပုံစံဒီဇိုင်းကို ရေးဆွဲပေး၏။ သူက၊ အပူရှိန်အမြင့်မားဆုံးပေး၍ လောင်စာအနည်းဆုံးအသုံးပြုသည့် မီးဖိုတစ်မျိုးဒီဇိုင်းပုံစံကိုလည်း ရေးဆွဲပေးခဲ့သည်။

အနုပညာသည်ပန်းချီဆရာအားလုံးက တတ်လင်ကဲ့သို့ "အင်ဂျင်နီယာ"မဖြစ်ခဲ့ကြပေ။ သို့သော်လည်း "ပစ္စည်းမဲ့လူတန်းစားအနုပညာ"အတွေးအခေါ်ကို လက်ခံကြပြီး၊ သူတို့၏အစွမ်းအစအားလုံးကိုအသုံးပြု၍ ကွန်မြူနစ်အတွေးအခေါ်ကို အလုပ်အကြွေးပြုခဲ့ကြရသည်။ ထိုခေတ်က ဆိုဗီယက်ပန်းချီဆရာအားလုံးနီးပါးတို့သည် အလုပ်သမားကလပ်နှင့် "ဆိုဗီယက်တွေ"ဟုခေါ်သော အုပ်စုငယ်များအတွက် ပိုစတာများ၊ ဆိုင်းဘုတ်များ၊ ကြွေးကြော်ရေးစာတမ်းမှပုံများကို ရေးဆွဲပေးခဲ့ကြသည်။ အားလုံးကလည်း လက်မောင်းကြွက်သားဖေါင်းဖေါင်းကြွကြွနှင့် အင်တိုက်အားတိုက်အလုပ်ကြိုးပမ်းနေသော တူကိုင်သည့်အလုပ်သမားပုံနှင့် တံဇင်ကိုင်ထားသောရွာသားပုံ၊ ဒေါသတချောင်းချောင်းထွက်နေသောပစ္စည်းမဲ့လူတန်းစားတို့က မတ်တပ်ရပ်နေရာ၌ သူတို့ကို ချည်နှောင်ထားသော သံကြိုးများကိုဆွဲဖြတ်ပစ်နေပုံ၊ လီနင်၏ခေါင်းဆောင်မှုနှင့်အောင်လံတံခွန်အောက်တွင် ကြွားကြွားဝင့်ဝင့်ချီတက်နေကြသည့် စစ်သားတို့၏ပုံ၊––စသည်တို့ကိုသာ တညီတညာတပြေးညီ ဝိုင်းဆွဲကြ၏။

"ဆိုရှယ်လစ် ယထာဘူတအမြင်"
ခေါင်းဆောင် ရှိဒ်ချင်ကို၏ပုံ





ဤသို့သော အနုပညာသဘောတရားသစ်တွင်၊ "ပြင်လျာတင့်မော အလှရသသဘော" များ ကင်းမဲ့လျက်ရှိ၏။ ၎င်းကို အန္တရာယ်ရှိသောဘူဇွာအစွဲအလမ်းဖြစ်သည်ဟုပင် ယူဆကြ၏။ လှပခြင်းသဘောတွင် စံနမူနာဖြစ်သောပန်းချီပုံများ၊ ရုပ်လုံးများ၊ ပိုစတာများ၊ အဆောင်တွင်းဆင်ယင်မှုများနှင့် ပိသုကာလက်ရာဒီဇိုင်းများကို ဖျက်ဆီးဖြုတ်ပစ်ကြသည်။ *ဗီတာနီကာ စွယ်စုံကျမ်း*တွင် ဤကိစ္စနှင့်ပတ်သက်၍၊ **"လှပခြင်းသဘောကိုဆန့်ကျင်ရေး"**သည် ကွန်မြူနစ်အနုပညာလောကကို ကြီးစိုးသွားသဖြင့်၊ လိုအပ်သည်ထက်ပိုသောခက်ထန်ခြင်း၊ ငြီးငွေ့ဖွယ်ထုံထိုင်းခြင်းနှင့် ချောမောပြေပြစ်ခြင်းမရှိကြမ်းတမ်းသည့် သွင်ပြင်များအဖြစ်သို့ ကူးပြောင်းသွားပေသည်ဟု ဆိုထားသည်။

စတာလင်၏ခေတ်တွင်၊ အနုပညာနှင့်ပတ်သက်သည့် ဤသို့သောသဘောပေါက်ခြင်းသည် ပိုမို၍ရှေးရိုးဆန်သည့် **"ဆိုရှယ်လစ်ယထာဘူတအမြင်"**(Socialist Realism)ခေါ်သော ပေါ်လီစီကိုတရားဝင်ပင် ချမှတ်လေသည်။ ဤပေါ်လီစီ၏သဘောတရားမှာ အနုပညာသည်၊ ဆိုဗီယက်တော်လှန်ရေး (ကွန်မြူနစ်အတွေးအခေါ်)မှ ပစ္စည်းမဲ့လူတန်းစား၏နေ့စဉ်ဘဝအတွက် ထားရှိသောအခြေခံမှု၏ **"ယထာဘူတကျခြင်း"**ကို ပေါ်လွင်အောင်တင်ပြခြင်းဖြစ်သည်ဟု ဆို၏။ ဆိုရှယ်လစ်ယထာဘူတပေါ်လီစီအရ ဝတ္ထုဇာတ်လမ်းများတွင် ကွန်မြူနစ်လူကြမ်းများကို၊ ဆုံးဖြတ်ရဲသူများ၊ သတ္တိပြောင်သူများနှင့် ကိုယ်ကျိုးစွန့်သူများအဖြစ် သရုပ်ဖော်သင့်သည်။ သူတို့၏ကြိုးပမ်းချက်များကို အတုယူထိုက်သည့်ပုံစံပေါ်လွင်ရမည်။ ဇာတ်လမ်းအဆုံးပိုင်းတွင် ရပ်သူရွာသားများနှင့် အလုပ်သမားများသည် တော်လှန်ရေးကြောင့် မည်သို့ပျော်ရွှင်နေကြသည် ဟူသောအချက်များ ပါဝင်ရမည်။



၁၉၂၇–ခုနှစ်တွင် ရုရှားလူမျိုးပန်းချီဆရာ အလက်ဆန္ဒား ရိုဒ်ချင်ကို ရေးဆွဲသော "ပက်တြိုဂရက်ကာကွယ်ရေး" အမည်ရှိ ပန်းချီကား

ဆိုရှယ်လစ်ယထာဘူတကျသောအနုပညာသည်တို့သည်၊ တော်လှန်ရေးက လူထုထံ ပျော်ရွှင်မှုပေးဆောင်ခြင်းမရှိဘဲ၊ အစာငတ်ပြတ်ခြင်း၊ ဖိနှပ်ချုပ်ချယ်ခြင်းနှင့် သေကြေပျက်စီး ခြင်းကိုသာပေးဆောင်သည့် အမှန်တရားနှင့် တိုက်ရိုက် ဆန့်ကျင်ဘက်ဖြစ်သောသရုပ်ဆောင် ခြင်းအတွက် စိတ်မသိုးမသန့်မဖြစ်ကြချေ။ အမှန်မှာ၊ ဆိုရှယ်လစ်ယထာဘူတသည် ယထာဘူ တမကျပေ။ စိတ်ကူးယဉ်ဇာတ်လမ်းသာလျှင် ဖြစ်၏။ *ဗြိတာနီကာ စွယ်စုံကျမ်း*၏အဆိုအရ၊ **"ဆိုရှယ်လစ်ယထာဘူတသည်၊ အများလူထု၏ အသိတရားကို ပုံစံသွင်းနိုင်ရန်အတွက် သူရဲ ကောင်းတစ်ဦးဦးနှင့်အဖြစ်အပျက်တစ်ခုခုကို စံနမူနာအဖြစ်ထား၍ မြှောက်ပင့်ဝါဒဖြန့်ပေး သည့် စိတ်ကူးယဉ်ဇာတ်လမ်းထွင်ခြင်းသို့ တစ်ကြော့ပြန်လှည့်သွားခြင်းနှင့် တူပေသည်။"** ဟု ရေးသားထားပေသည်။

ဆိုရှယ်လစ်ယထာဘူတကို ၁၉၃၂–ခုနှစ် သွေးမြေအများဆုံးကျသည့် စတာလင်အစိုးရ ခေတ်တွင်ဖေါ်ထုတ်သတ်မှတ်ထားခဲ့ခြင်းဖြစ်ရာ၊ ၁၉၈၀–ခုနှစ်များအထိ ဆိုဗီယက်ပြည်ထောင်စု ၏တရားဝင်နိုင်ငံတော်အနုပညာဆိုင်ရာပေါ်လစီ ဖြစ်ခဲ့သည်။ ထိုကာလတလျှောက်လုံးအတွင်း ကွန်မြူနစ်ဝါဒ၏ စိတ်ကြည်လင်ဖွယ်ကင်းမဲ့၍ အေးတိအေးစက်နိုင်ကာ မပြောင်းမလဲထုံထိုင်း မှုတို့သည် ဆိုဗီယက်အနုပညာလောကကို လွှမ်းမိုးထားပေသည်။ အပြည်ပြည်ဆိုင်ရာအသိအ မှတ်ပြုခြင်းခံရရန်အတွက်၊ ဆိုဗီယက်အစိုးရက အနုပညာသည်များကို အနုပညာလက်ရာသစ် များ တီထွင်ထုတ်လုပ်ရန်အရေးကြီးကြောင်း လှုံ့ဆော်အားပေးပြန်သည်။ သို့သော်လည်း၊ ဆို ရှယ်လစ်ယထာဘူတ တရားသေဝါဒ၏ကိုင်တွယ်နည်းကြောင့် အနုပညာလက်ရာများသည် ကျဉ်းမြောင်း၍ စိတ်ကြည်လင်ဖွယ်ကင်းမဲ့ကာ ရုပ်ဆိုးပန်းဆိုးလွန်းသောပုံစံတွင်သာ ဖိနှိပ်ချုပ် ချယ်ထားခြင်းခံရခဲ့သည်။ ၁၉၄၉–ခုနှစ်မှစတင်၍ ဆိုရှယ်လစ်ယထာဘူတသည်လည်း ကွန်မြူ နစ်အစိုးရ အာဏာရသွားပြီဖြစ်သော တရုတ်နိုင်ငံသို့ ကူးစက်သွားလေတော့သည်။ အလားတူ ထိုင်းမှိုင်း ကြမ်းတမ်းသည့်အနုပညာသဘောက တရုတ်နိုင်ငံကို စိုးမိုးသွားလေသည်။





**Under Communism, art lost all esthetic meaning and turned into a mechanical means of propaganda. These drawings purport to depict the model person—a**

ကွန်မြူနစ်ဝါဒလက်အောက်တွင်၊ အနုပညာသည် ၎င်း၏ပြင်လျာတင့်မောသောအလှသဘောတွေ ပျောက်ကွယ် ကုန်ပြီး၊ ဝါဒဖြန့် စက်ရုပ်ပုံစံထုတ်လုပ်မှုအဖြစ်သို့ ပြောင်းလဲသွား၏။ ဤပန်းချီပုံတို့သည်ခေတ်သစ်လူများကို သရုပ်ဆောင်ထားသည်။ ကြမ်းတမ်းခက်ထန်၍၊ ခွန်အားနှင့်ပြည့်စုံကာ မှုံမှိုင်းသည့်အလုပ်သမား သို့မဟုတ် အ ထက်ကချပေးသည့်စနစ်ကိုသာလိုက်နာတတ်သည့် တောင်သူလယ်သမားပုံများသာဖြစ်သည်။




၁၉၂၀–ခုနှစ်များက ဆိုဗီယက်ဝါဒဖြန့်ပိုစတာများ–"ပစ္စည်းမဲ့လူတန်းစား၏ ပညတ်တော်ဆယ်ပါး"နှင့် "အပြည်ပြည်ဆိုင်ရာ နယ်ချဲ့တို့၏မှသား။"

တော်လှန်ရေးမတိုင်မီကာလတွင်၊ ရုရှားလူ့အဖွဲ့အစည်းက အင်မတန်ကောင်းမွန်လှပသည့်အနုပညာလက်ရာများနှင့် ကြီးကျယ်ခန်းနားသည့်ပိသုကာလက်ရာများကို ထုတ်လုပ်ခဲ့သည်။ စိန့်ပီတာစဘက်မှ ကမ္ဘာကျော်ဟာမီတက်ပြတိုက်တွင် ထင်ရှားကြီးကျယ်သည့် အနုပညာလက်ရာများကို စုဆောင်းထားပေသည်။ အများအားဖြင့် ဥရောပတိုက် အနုပညာသည်တို့၏လက်ရာများဖြစ်သည်။ သို့သော်လည်း ကွန်မြူနစ်ဝါဒက ၁၉၁၇–ခုနှစ်တွင် ရုရှားအနုပညာကို ရပ်တန့်ပစ်သည့်အပြင်၊ ယင်းတိုးတက်ဖွံ့ဖြိုးမှုများကိုပင် နောက်သို့ဆုတ်ခွာသွားစေခဲ့၏။

ရုပ်ဝါဒအတွေးအခေါ်မှ စိတ်ကြည်လင်ဖွယ်ကင်းမဲ့သော ကွန်မြူနစ်အနုပညာက ကွန်မြူနစ်လောက၏ ကမ္ဘာ့အမြင်ကို သတ်မှတ်ပေး၏။ ရုပ်ဝါဒအတွေးအခေါ်သည်၊ လူသားကို ဒြပ်ဝတ္ထုများစုပေါင်းစုစည်းနေသောအရာအဖြစ် ပြင်ပအပေါ်ရံကိုသာကြည့်မြင်သဖြင့်၊ အရာခပ်သိမ်းကို ရုပ်ဝတ္ထုအဖြစ်သို့သာ လျှော့ချလိုက်ပေသည်။ ရုပ်ဝါဒအတွေးအခေါ်ကို အနုပညာ၌ အသုံးချခြင်းသည်၊ အခြားသောလုပ်ငန်းပိုင်းတွင်ကဲ့သို့ အရှုံးကြီးဖြင့်သာကြုံရပေသည်။

အနုပညာအစစ်မှာ၊ လူသားများသည် အလ္လာဟ်အရှင်မြတ်က ပေးသနားတော်မူသော ပြင်လျာတင့်မော လှပခြင်းသဘောတွင် ကြည်နူး၍ ချစ်ခြင်းမေတ္တာနှင့်အခြားခံစားချက်စိတ်လှုပ်ရှားမှုများကို ထုတ်ဖော်နိုင်ကြခြင်း ဖြစ်ပေသည်။ အနုပညာလက်ရာများကို ထုတ်လုပ်နိုင်ရန်အတွက်၊ လူသား၏ဝိညာဉ်သည် မွေးရာပါအတွင်းသဘောကို အတတ်နိုင်ဆုံးလွတ်လပ်စွာ ထုတ်ဖော်ပြသနိုင်ခွင့် ရှိရပါမည်။ ဆိုဗီယက်ပြည်ထောင်စုတွင် စတင်အုတ်မြစ်ချတည်ဆောက်ခဲ့သော –နောင်တွင် တရုတ်အစိုးရ၊ ဥရောပအရှေ့ပိုင်းနိုင်ငံများအုပ်စု၊ အင်ဒိုချိုင်းနားနှင့် ကြူးဘားနိုင်ငံတို့တွင် ပုံတူကူးချခဲ့သည့်– ကွန်မြူနစ်အာဏာရှင်စနစ်သည်၊ ဤလွတ်လပ်၍သက်တောင့်သက်သာရှိသည့်ပတ်ဝန်းကျင်အခြေအနေကို အပြီးပိုင်ချေဖျက်ပစ်ကြသည်။ သူတို့၏ ပြည်သူများကို အစဉ်တစိုက်ဖိနှိပ်ချုပ်ချယ်ခြင်းဖြင့် အနုပညာကို ကွပ်မျက်သတ်ဖြတ်လိုက်ကြသည်။









ကွန်မြူနစ်ခေါင်းဆောင်တို့ကို အစဉ်သဖြင့် အေးစက်တင်းမာ၍ သနားကြင်နာခြင်းကင်းမဲ့သည့် မျက်နှာထားမျိုးဖြင့် သရုပ်ဆောင်ထားလေ့ရှိသည်။ ဆိုဗီယက်ပန်းချီဆရာတို့ရေးဆွဲသော ဤလီနင်၏ ပုံများက ကွန်မြူနစ်ဝါဒ၏ မှောင်မိုက်သောစိတ်ဓါတ်ကို ထုတ်ဖေါ်ပြသလျက်ရှိ၏။

သူတို့ကို ဘာသာရေးမှဖြတ်တောက်ကင်းကွာစေသဖြင့်၊ ကွန်မြူနစ်ဝါဒသည် အနုပညာကို နောက်ထပ်တစ်မျိုး ထိုးနှက်လိုက်ပြန်သည်။ အနုပညာကို ပထမဦးစွာဖြစ်ပေါ်နိုးကြွလာစေခြင်းသည် ဘာသာရေးမှရရှိသော စိတ်ဓါတ်ရေးရာကြည်နူးမှုဖြစ်သည်။ သမိုင်းတွင် အကျော်ကြားဆုံးသော အနုပညာသည်တို့က တီထွင်ခဲ့သောပန်းပုရုပ်လုံးများနှင့် ပိသုကာလက်ရာများသည်၊ သူတို့၏ဘာသာရေးယုံကြည်မှုမှရရှိသော စိတ်ဓါတ်ရေးရာနိုးကြွမှုအင်အားဖြင့် ဘာသာရေးအာဘော်များတွင်အခြေခံသော လက်ရာများပင် ဖြစ်ပေသည်။ သူတို့သည်၊ လူသားများကို

၁၉၂၀ခုနှစ်တွင် ဆိုဗီယက်ပန်းချီ ဆရာ ဗလာဒီမီရ် တတ်လင်ရေးဆွဲ သည့် ကွန်မြူနစ် အနုပညာ၏ "လုပ်ခြင်းသဘော ကိုဆန့်ကျင်ရေး" ဥဒါဟရဏ်တစ်ခု ဖြစ်သည်။



နောက်ထပ် ကွန်မြူနစ်တို့၏ "လုပ်ခြင်းသဘောကိုဆန့်ကျင် ရေး" ဥဒါဟရဏ်တစ်ခုဖြစ်သည်။ ထိုခေတ်က ဆိုဗီယက်ပန်းချီ ဆရာတစ်ဦး၏ ပစ္စည်းမဲ့လူတန်း စားကို သရုပ်ဆောင်သောပုံ ဖြစ်သည်။






ဆိုဗီယက်ပြည်ထောင်စုက ကမကထပြု၍ကျင်းပခဲ့သော တတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကွန်မြူနစ်ညီလာခံ၏ ဝါဒဖြန့်ပိုစတာတစ်ခုဖြစ်သည်။ အေးစက်မှုန်မှိုင်းသောကွန်မြူနစ်လောကကို အလံကိုင်ထားသည့် လူကြမ်းကြီး၏မျက်နှာတွင် ထင်ဟပ်လျက်ရှိ၏။

သေခြင်းဖြင့်ပျောက်ပျက်သွားမည့် တိရစ္ဆာန်မျိုးစုတစ်ခုအဖြစ်မမြင်ကြဘဲ၊ အလ္လာဟ်အရှင်မြတ်က ဝိညာဉ်သွင်းပေးထားသော သက်ရှိဝေနေယျအဖြစ် မြင်ကြသည်။ သူတို့က လူ့လောကကို ချစ်ခင်၍ အထူးတလည်အမွှမ်းတင်ချီးကြူးကာ သူတို့၏အနုပညာလက်ရာများတွင် အလ္လာဟ်အရှင်မြတ်၏ဖန်ဆင်းခြင်းအနုပညာကို ထင်ဟပ်စေသည်။ ဘာသာယုံကြည်မှုမရှိသည့် လူ့အဖွဲ့အစည်းတွင်မူကား၊ လူတို့သည် ဤသို့သောစိတ်အားထက်သန်မှုနှင့်ကြည်နူးမှု ဆုံးရှုံးသွားကြ၍၊ စိတ်ဓါတ်ဝိညာဉ်ရေးအရ အသုံးဝင်အရာရောက်ခြင်းကင်းမဲ့မှုများဖြင့် ပတ်လည်ဝိုင်းထားခြင်း ခံနေကြသည်။ ဤအတွေ့အကြုံမျိုးကို ကွန်မြူနစ်အစိုးရတိုင်းတွင် တွေ့ရှိရပေသည်။ ဘာသာအယူဝါဒမရှိခြင်းနှင့် လူသားသည် တိရစ္ဆာန်မျိုးစုတစ်ခုသာဖြစ်သည် ဟူသောအတွေးအခေါ်တို့ကြောင့် လူ့ဘဝလူ့အသက်သည် တန်ဖိုးမရှိတော့ဘဲ၊ လူတစ်ဦးချင်း၏ တည်ရှိခြင်းသည် သူ၏ကိုယ်ခန္ဓာသေဆုံးသွားချိန်တွင်ကုန်ဆုံးသွားပေသည်။ **ထိုသို့သောလူ့ အဖွဲ့အစည်းတွင် အဆိုးမြင်ဝါဒ၊ ကြည်နူးမှုကင်းမဲ့ခြင်းနှင့်အဓိပ္ပါယ်ကင်းမဲ့ခြင်းတို့ လွှမ်းမိုးလာတော့သည်။**

မော်စီတုံး၏ တရုတ်နီနိုင်ငံသည်၊ ကွန်မြူနစ်ဝါဒ၏ ရေးရိုးဆန်ခြင်းနှင့် သဘောထားကျဉ်းမြောင်းခြင်းတို့က နောက်ထပ်ထင်ရှားသောဥဒါဟရုဏ်များအဖြစ် ပြဆိုခဲ့ပေသည်။ (ဤအကြောင်းကို ရှေ့လာမည့်အခန်းများတွင် ဆက်လက်ဆန်းစစ်ကြပါမည်)။ ယဉ်ကျေးမှုတော်လှန်ရေးကာလအတွင်း လူတိုင်းသည် အဝတ်တစ်မျိုးတည်းဝတ်ဆင်ရ၏။ အိမ်တွင်းအလှမွေးသောတိရစ္ဆာန်များကို တားမြစ်ခဲ့သည်။

# အဓိပ္ပါယ်ကင်းမဲ့သော “ကွန်မြူနစ် သိပ္ပံပညာ”

## The Nonsense of "Communist Science"

သိပ္ပံပညာသည်လည်း ကွန်မြူနစ်၏ပြင်းထန်သောလက်သီးထုထောင်းခြင်းခံရသည့် အပိုင်းတစ်ပိုင်းဖြစ်သည်။ စတာလင်အစိုးရက **“ပစ္စည်းမဲ့လူတန်းစားအနုပညာ”**နှင့်အတူ **“ပစ္စည်းမဲ့လူတန်းစားသိပ္ပံပညာ”**ကိုလည်း တင်ပြခဲ့၏။ ဤသီအိုရီအရ၊ ဘူဇွာသိပ္ပံပညာနှင့် ပစ္စည်းမဲ့လူတန်းစားသိပ္ပံပညာဟူ၍ နှစ်မျိုးရှိသည် ဟူ၏။ ခြားနားသောသိပ္ပံပညာနှစ်မျိုးက ခြားနားသောရလာဒ်များကို ရစေသည်။ ဤအချက်ကို နာဇီပါတီ၏ဂျာမနီနိုင်ငံက ဂျူးလူမျိုးသိပ္ပံပညာရှင်အိုင်စတိုင်း၏ တွေ့ရှိချက်ကို ပစ်ပယ်သည့်အဖြစ်နှင့် နှိုင်းယှဉ်ရပါမည်။

**ပစ္စည်းမဲ့လူတန်းစားသိပ္ပံပညာသည် ရှိရင်းစွဲသိပ္ပံပညာကို ရုပ်ဝါဒအတွေးအခေါ်နှင့် ကိုက်ညီအောင် အရေးပေါ်ပြုပြင်ပြောင်းလဲထားခြင်း ဖြစ်သည်။** စတာလင်၏ဆိုဗီယက်အာဏာရှင်စနစ်အစိုးရအတွက် အမှတ်တရဖြစ်စေသော **“လိုင်ဆင်ကို အဖြစ်အပျက်”**သည် ထင်ရှားသောသက်သေသာဓကတစ်ခု ဖြစ်ပေသည်။

ထရိုဖင် ဒင်နီဆိုဗစ် လိုင်ဆင်ကိုသည် ဆိုဗီယက်ပြည်ထောင်စုမှ စိုက်ပျိုးရေးကျောင်းများတွင် ပညာသင်ကြားအောင်မြင်ခဲ့သူဖြစ်သည်။ ၁၉၄၀–ခုနှစ်များတွင် စတာလင်၏စိတ်ဝင်စားမှုကို လက်ခံရရှိ၍ ဆိုဗီယက်စိုက်ပျိုးရေးနှင့်ဇီဝဗေဒပေါ်လီစီအာဏာကို တစ်ဦးတည်းပိုင်စိုးမိုးလာခဲ့လေသည်။ အရေးကြီးဆုံးမှာ၊ လိုင်ဆင်ကိုက သြစတြီယံလူမျိုး ရုက္ခဗေဒပညာရှင် ခရစ်ယာန်ဘုန်းတော်ကြီး ဂရီဂို မင်းဒဲလ်၏ ၁၉–ရာစုနှစ်အတွင်း တွေ့ရှိခဲ့၍ ၂၀–ရာစုနှစ်တွင် နောက်ထပ်လက်တွေ့စမ်းသပ်ချက်များဖြင့် သက်သေပြခဲ့သော မျိုးဗီဇဗေဒကို ပစ်ပယ်ခြင်း ဖြစ်သည်။ လိုင်ဆင်ကိုက မင်းဒဲလ်၏နိယာမများကို “ဘူဇွာသိပ္ပံပညာ”ဖြစ်သည်ဟုဆိုကာ ပယ်ချပစ်၍၊ ၁၈–ရာစုနှစ်မှ ပြင်သစ်ဇီဝဗေပညာရှင် လာမက်၏ “လေ့ကျင့်ယူခြင်းဖြင့်ရရှိသောအရည်အချင်းကို ဗီဇအမွေခံခြင်း”စာတမ်းကို ထောက်ခံခဲ့သည်။

လိုင်ဆင်ကို၏ အတွေးအခေါ်သည် မည်သည့်သိပ္ပံပညာဆိုင်ရာ သက်သေပြချက်ပေါ်တွင်မှ အခြေခံခြင်းမဟုတ်ချေ။ ၁၉၃၀–ခုနှစ်များတွင် ဆိုဗီယက်ပြည်ထောင်စုက ကြီးကျယ်သည့် စိုက်ပျိုးရေးပြဿနာနှင့် ကြုံတွေ့ရခြင်းကြောင့်၊ လိုင်ဆင်ကိုအား စိတ်ဝင်စားခဲ့ခြင်းဖြစ်သည်။ သူ၏သီအိုရီကို အသုံးပြုခြင်းဖြင့် ဇီဝဗေဒပညာရှင်တို့ယုံကြည်ကြသည့်နည်းထက် ဆန်နှင့်ဂျုံစပါးထွက်နှုန်းပိုမိုကောင်းမွန်လာလိမ့်မည်ဟု ကတိပေးခဲ့သည်။ ဥပမာ၊ အကယ်၍ သင့်တော်သည့်အခြေအနေပေး၍စိုက်ပျိုးပါက ဂျုံစပါးသည် ရိုင်းစပါးစေ့အဖြစ်သို့အလိုလိုပြောင်းလဲ ထွက်လာလိမ့်မည်ဟု အခိုင်အမာအဆိုပြု၏။ သူ့အဆိုအတိုင်း အောင်မြင်ရန် ပြင်ဆင်၏။ (ဤအဆိုမှာ အကယ်၍ ခွေးများ တောနက်ထဲတွင်ကျက်စားပါက မြေခွေးကလေးအမြဲလိုက်မွေးထုတ်ပေးလိမ့်မည် ဟုဆိုသည်နှင့်အလားတူ၏။ ယင်းအဆိုသည် သိပ္ပံပညာနှင့် လုံးလုံးကြီးဆန့်ကျင်နေသည်။ ထိုကဲ့သို့သောအဖြစ်အပျက်ကို ဘယ်သောအခါကမှ မတွေ့ဘူးခဲ့ကြချေ။) ၁၉၄၀–ခုနှစ်တွင်၊ စတာလင်က လိုင်ဆင်ကိုအား ဆိုဗီယက်ဆိုရှယ်လစ်ပြည်ထောင်စုသမတနိုင်ငံ၏ သိပ္ပံပညာအကယ်ဒမီမှ မျိုးဗီဇဗေဒဌာနအကြီးအကဲအဖြစ်ခန့်အပ်လိုက်လေသည်။ ဤတက္ကသိုလ်သည် ဆိုဗီယက်ပြည်ထောင်စု၏ အကြီးကျယ်ဆုံးသော တက္ကသိုလ်ဖြစ်ပေသည်။ လိုင်ဆင်ကိုကလည်း ဤရာထူးကို နှစ်ဆယ့်ငါးနှစ်တိုင် ယူထား၏။

၁၉၄၈–ခုနှစ်တွင် သမရိုးကျမျိုးဗီဇဗေဒ သင်ကြားပို့ချခြင်းကို တားမြစ်လိုက်သည်။ လိုင်ဆင်ကို၏ အီဗိုလူးရှင်းဝါဒီစာတမ်းကို ဝိုင်းပယ်၍ မင်းဒဲလ်၏ မျိုးဗီဇသီအိုရီကို ထောက်ခံသော မျိုးဗီဇပညာရှင်တို့ကို လျှို့ဝှက်ဖမ်းဆီးပြီး ကွပ်မျက်ပစ်လိုက်သည်။

ထိုအချိန်အတောအတွင်း၊ လိုင်ဆင်ကို၏ စိုက်ပျိုးရေးပေါ်လီစီက သီးနှံထွက်နှုန်းကျဆုံးခြင်း အကျယ်တဝင့် ဖြစ်ပေါ်စေသည်။ ဥပမာ၊ အကယ်၍ မျိုးစေ့များကို အေးစက်နေသော ရေခဲရေတွင် အချိန်အတန်ကြာအောင် စိမ်ထားပြီးနောက် ထုတ်ယူ၍စိုက်ပါက အေးမြသောရာသီကို

ခံနိုင်လိမ့်မည်ဟု အခိုင်အမာအဆိုပြုသည်။ သူ၏ယူဆချက်ကိုစမ်းသပ်ရန် တန်ချိန်များစွာသော မျိုးစေ့များကို ရေခဲရေတွင်စိမ်၍ ဆိုက်ဘေးရီယားမြက်ခင်းပြင်တွင် ကြဲစေခဲ့သည်။ မျိုးစေ့များမှာ အညှောက်မထွက်လာပေ။ အလားတူ စမ်းသပ်ချက်များအားလုံးသည်လည်း အောင်မြင်မှုမရှိခဲ့ချေ။ သို့သော်လည်း ဤဆုံးရှုံးမှုများနှင့်ပတ်သက်၍ ၁၉၆၀–ခုနှစ်အထိ ဖေါ်ထုတ်ခြင်းမရှိဘဲ ဝှက်ထားခဲ့ကြလေသည်။ နောက်ဆုံး ၁၉၆၄–ခုနှစ်တွင်ကျမှ လိုင်ဆင်ကို၏သီအိုရီမှားယွင်းကြောင်း ဝန်ခံကြလေသည်။ မင်းဒဲလ်၏မျိုးဗီဇတွေ့ရှိချက်ကို အကျယ်တဝင့်သင်ကြားရန် စီမံကိန်းချ၍ အသုံးချကြရပေသည်။ ရုရှားနိုင်ငံသည် အမေရိကန်စိုက်ပျိုးရေးမှ မျိုးစပ်ခြင်းနှင့် နောက်ချေးမြေဆွေးအသုံးပြု၍ စိုက်ပျိုးမြေများကို ပြန်လည်ပြုပြင်သည့်နည်းသို့ ကူးပြောင်းရလေသည်။ သူတို့၏အဓိပ္ပါယ်မရှိသောစာတမ်းက ရုရှားနိုင်ငံစိုက်ပျိုးရေးကို အကြီးအကျယ်ပျက်စီးစေခဲ့သော်လည်း၊ လိုင်ဆင်ကိုနှင့်အပေါင်းပါတို့သည် သူတို့၏စိတ်ကူးများကို မပစ်ပယ်ကြသေးချေ။ ဆိုဗီယက်သိပ္ပံပညာလောကတွင် သူတို့၏ရာထူးအဆင့်များကို ထိန်းထားနိုင်ခဲ့ကြသေးသည်။



လိုင်ဆင်ကိုက အီဗိုလူးရှင်းသီအိုရီအတွက် မျိုးဗီဇဗေဒကိုငြင်းပယ်ထားသဖြင့်၊ ဆိုဗီယက်စိုက်ပျိုးရေးသည် နှစ်ပေါင်းများစွာ ခေတ်နောက်ကျ ကျန်ရစ်ခဲ့လေသည်။



လိုင်ဆင်ကိုလက်ျာဘက်လူက ဆိုဗီယက်ကျွမ်းကျင်သူများအား "ပစ္စည်းမဲ့လူတန်းစားသိပ္ပံပညာ"အကြောင်း ရှင်းပြနေပုံ။

ယေဘုယျအားဖြင့်၊ ခေတ်သစ်အီဗိုလူးရှင်းသီအိုရီသမားတို့သည်၊ အီဗိုလူးရှင်းသီအိုရီတွင် မျက်စိမှိတ်တွယ်ကပ်ယုံကြည်ခြင်းကြောင့် ကြီးကျယ်သည့်ပျက်စီးခြင်းကို ပေးဆောင်သည့် လိုင်ဆင်ကိုကိစ္စနှင့်ပတ်သက်၍ ဖွင့်ဟပြောဆိုခြင်းမပြုကြပေ။ လိုင်ဆင်ကို၏ အတွေးအခေါ်အကြောင်းပြောလျှင် လာမက်ဝါဒတစ်ယူသန်ပုံစံဖြစ်သည်ဟု စွပ်စွဲ၍ စကားဖြတ်ပစ်လေ့ရှိကြသည်။ သို့သော်လည်း လိုင်ဆင်ကိုနှင့်အပေါင်းပါတို့သည် လာမက်ဝါဒီများသာမဟုတ်ကြချေ။ သူတို့သည် ဒါဝင်သီအိုရီဝါဒီများဖြစ်သည့်အပြင်၊ လာမက်နှင့်ဒါဝင်တို့နှစ်ဦးစလုံးသည် တစ်ဦးနှင့်တစ်ဦးအပြန်အလှန်ဖြည့်စွက်မှုပေးကြသည့် အီဗိုလူးရှင်းသီအိုရီအတွေးအခေါ်ရှင်များဖြစ်ကြသည်ဟု ယုံကြည်ကြပေသည်။

လာမက်၏ "လေ့ကျင့်၍ရရှိသောအရည်အချင်းကို အမွေခံခြင်း"သီအိုရီကို အခြေအမြစ်မရှိဟု ပစ်ပယ်လိုက်သောအချိန်တွင်၊ ဒါဝင်၏သီအိုရီသည်လည်း အခြေခံမရှိတော့ကြောင်းကို သူတို့သတိရကြပေသည်။ ထို့ကြောင့် သူတို့က လာမက်၏သီအိုရီကို မျက်စိမှိတ်၍ ဆက်လက် ထောက်ခံခဲ့ကြသည်။

မားက့်စ်ဝါဒီ–ဒါဝင်ဝါဒီအတွေးအခေါ်ရှင် ရောဘတ် အဲမ် ယန်းက သူရေးသောဆောင်းပါးတစ်ပုဒ်တွင် အောက်ပါအတိုင်း ဝေဖန်ထားသည်။



ဤပုံတွင်၊ လိုင်ဆင်ကို၏ အဓိပ္ပါယ်ကင်းမဲ့သောသီအိုရီကို ရုရှားတောင်သူလယ်သမားများအား အတင်းအကျပ်လိုက်နာကျင့်သုံးစေရန် အသေးစိတ်ရှင်းပြနေသည်။ ရလာဒ်မှာ ကြီးမားသောဆုံးရှုံးမှုသာ ဖြစ်၏။

> ကျွန်ုပ်တို့၏လက်ရှိခေတ်သို့ရောက်လာခါနီးအချိန်တွင်၊ လူ့အဖွဲ့အစည်းနှင့်သဘာဝတို့သည် အီဗိုလူးရှင်းသီအိုရီနှင့် ကွန်မြူနစ်ဝါဒနှစ်မျိုးစလုံးကို လိုက်နာသည်ဟူသော လိုဆင်ကိုအတွေးအခေါ်ကို ယုံကြည်ခြင်းကြောင့် အကြီးကျယ်ဆုံးသော ပျက်စီးယိုယွင်းမှုနှင့် ကြုံခဲ့ကြရ၏။ သဘာဝနိယာမသည် ဒိုင်အာလက်တစ်(ယုတ္တိဗေဒနည်းကျ ဆင်ခြင်သုံးသပ်ခြင်းဖြင့်အမှန်တရားကိုရှာဖွေခြင်း–အနုပဋိလောမ)ကျသည်ဟု ဆို၏။ ဤအတိုင်းမယုံကြည်သည့် ဇီဝဗေဒပညာရှင်သည် အလုပ်ဖြုတ်ခံရ၏။ ရံဖန်ရံခါ သူ၏လွတ်လပ်မှုလည်း ဆုံးရှုံးကြရ၏။ တစ်ချို့လည်း အသက်ပါဆုံးရှုံးကြရ၏။ လိုင်ဆင်ကိုအတွေးအခေါ်သည်၊ အီဗိုလူးရှင်းဝါဒဖြစ်၍ ကမ္ဘာကြီး၏ကျန်အပိုင်းတွင် စိတ်ဝင်စားဖွယ်သော မျိုးဗီဇဗေဒဆိုင်ရာဖွံ့ဖြိုးမှုကို လျစ်လျူရှုထားခြင်းဖြစ်သည်။ ဒါ၀င်ဝါဒ အမည်ဖြင့်သာ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။---[၅၆]

လိုင်ဆင်ကို၏ခေတ်တွင် ဆိုဗီယက်အုပ်ချုပ်ရေးအာဏာပိုင်တို့က မျိုးဗီဇဗေဒကို ဆန့်ကျင်ကြခြင်းသည် ရုပ်ဝါဒီတို့၏ အယူသန်ခြင်းကို ပြသည့်ဥပမာတစ်ခုဖြစ်ပေသည်။ ထိုနည်းတူ၊ လိုင်ဆင်ကိုနှင့် သူ့ကိုထောက်ခံသောအပေါင်းပါတို့က မျိုးဗီဇဗေဒနိယာမများကို လက်ခံရန်ငြင်းပယ်ခဲ့ကြသကဲ့သို့၊ ယနေ့လက်ရှိခေတ် ရုပ်ဝါဒီအမြောက်အမြားတို့သည်လည်း သက်ရှိအရာအားလုံးတွင် တိကျသည့်ပုံစံ "ဒီဇိုင်း"(ဝါ–ရည်ရွယ်ချက်အပြည့်ရှိသောဖန်ဆင်းခြင်း)ရှိကြောင်း သိပ္ပံပညာကတွေ့ရှိဖေါ်ထုတ်ထားသည်ကို သူတို့၏ အတွေးအခေါ်ဘက်လိုက်မှုကြောင့် မျက်စိမှိတ်ထားကြသည်။ ဤအချက်ကို ဆန့်ကျင်နိုင်သည့်သီအိုရီတစ်ခုခုရရှိရန်ဒေါ်လာ သန်းပေါင်းများစွာအကုန်ခံဖြုန်းတီး၍ နှစ်ပေါင်းများစွာ အပင်ပန်းခံကြသော်လည်း သူတို့၏သုတေသနများမှာ အချည်းနှီး ငွေကုန်လူပန်းသာ ဖြစ်နေပေသည်။

## ကွန်မြူနစ်ဝါဒ၏ လူမှုရေးတွင် ထိခိုက်မှု

### Communist Ideology's Effect on Social Life

၂၀–ရာစုနှစ်တွင်၊ ကွန်မြူနစ်တစ်ယူသန်တို့၏ဩဇာသည် သူတို့စိုးမိုးသောတိုင်းပြည်များ၏ လူမှုရေးအပိုင်းတွင် အနူတ်သဘောထိခိုက်ခိုက်မှုရှိခဲ့သည်။ ယင်းနိုင်ငံတို့မှ ပြည်သူပြည်သားများကို သနားကြင်နာခြင်းစိတ်ဓါတ်ကင်းမဲ့၍ ငရဲဘုံတွင်ရောက်နေသကဲ့သို့သော



ကွန်မြူနစ်အစိုးရသည် ကြောက်လန့်ရသည့်အစိုးရဖြစ်သည်။ လူထုကို မာကြောခက်ထန်သောမျက်နှာထားဖြင့် အထက်မှကြည့်နေသည့် ယူနီဖေါင်းဝတ်အရာရှိတို့က အစဉ်ခြိမ်းခြောက်နေပေသည်။

ဆင်းရဲခြင်းဘဝသို့ အတင်းအကျပ်ပို့ဆောင်ခဲ့ကြ၏။ အလ္လာဟ်အရှင်မြတ်တည်ရှိခြင်းကို ငြင်းပယ်စေ၏။ လူတို့ကို ဘာသာရေးမှကင်းကွာစေပြီး ဘာသာရေးအသိတရားစိတ်ဓါတ်များနှင့် ကိုယ်ကျင့်တရားများကို အတင်းအကျပ် ဖျောက်ဖျက်ကြ၏။ လူ့အဖွဲ့အစည်းကို လူသားများသည် ဒြပ်ဝတ္ထုပစ္စည်းတို့သာစုဝေးပေါင်းစည်းထားသည့်အတုံးအတစ်ဖြစ်၍ ထိုအတုံးအတစ်ကြီးသည် သေဆုံးသွားသည်နှင့် ပျောက်ပျက်သွားမည်ဟူသောအမြင်ကို အတင်းရိုက်သွင်းသည့်လူ့သမိုင်းတွင် လူမဆန်ဆုံးကျင့်စဉ်ထုံးဓလေ့ကို တည်ဆောက်ခဲ့ကြပေသည်။ ဆိုဗီယက်ပြည်ထောင်စု၊ ဥရောပတိုက်အရှေ့ပိုင်းအုပ်စုနှင့် တရုတ်နီနိုင်ငံများတွင် ကျွန်ုပ်တို့တွေ့မြင်ခဲ့ကြသည့်အဖြစ်အပျက်များအရ၊ ကွန်မြူနစ်ဝါဒသည်၊ သူတို့၏ပြည်သူပြည်သားများကို တိရစ္ဆာန်အုပ်တစ်အုပ်အဖြစ်သာမြင်သည့်လူ့အဖွဲ့အစည်းပုံစံကို တည်ထောင်ရန်ကြိုးပမ်းကြသည်ဟု ဆိုနိုင်ပါသည်။ ၎င်းမှာ၊ ဒါဝင်၏သီအိုရီမှ ရည်ရွယ်ချက်အတိုင်းပင် ဖြစ်သည်။

- ဒါဝင်၏အီဗိုလူးရှင်းသီအိုရီနှင့် အင်ဂျဲလ်၏ "သဘာဝဆိုင်ရာအနုပဋိလောမ (ဒိုင်အာလက်တစ်)"တို့သည်၊ လူသားများကို တိုးတက်ဖွံ့ဖြိုးပြီးသော တိရစ္ဆာန်တစ်မျိုးဖြစ်သည်ဟု ယူဆထားသည်။ ထို့ကြောင့် လူ့အဖွဲ့အစည်းသည် တိရစ္ဆာန်အုပ်ကြီးတစ်အုပ်သာဖြစ်သည်ဟူသောယူဆချက်ကို အဆင့်တိုင်းတွင် ဖော်ပြကြသည်။ ကွန်မြူနစ်အစိုးရတို့သည်၊ စိတ်မကြည်မလင်ဖြင့် စိတ်ဓါတ်ပြင်းပြခြင်းလဲမရှိ၊ အသက်လည်းမပါသကဲ့သို့သော တိရစ္ဆာန်လည်းမက စက်ရုပ်လည်းမကျ ထိုနှစ်မျိုးကြားရှိလူသားမျိုးကို ပျိုးထောင်ကြသည်။

- ကွန်မြူနစ်စံနစ်သည် လူပုဂ္ဂိုလ်တစ်ဦးချင်းကို တန်ဘိုးမထားပေ။ အုပ်ကြီးတွင် ဦးရေအားဖြင့် များပြားသည့်အတွက် တစ်ဦးတစ်လေကို ဆုံးရှုံးလိုက်ရခြင်းသည် အရေးမကြီးချေ။ မစွမ်းမသန်သူ အလုပ်မလုပ်နိုင်သူဒုက္ခိတတို့ကို အုပ်ကြီးမှဖယ်ထုတ်ပစ်၍ ငတ်ပြတ်သေသွားအောင် ပစ်ထားကြသည်။ မကျန်းမာသူရောဂါသည်တို့ကို အန္တရာယ်ပေးနိုင်သူအဖြစ် သတ်မှတ်ကြသည်။ ခွင့်လွှတ်ခြင်း၊ သနားကြင်နာကရုဏာတရားထားရှိခြင်း၊ သစ္စာရှိခြင်း စသည်တို့သည် ကွန်မြူနစ်လောကတွင်မရှိသောကြောင့်၊ လူတိုင်းသည် အိုမင်းခြင်းနှင့်သေဆုံးခြင်းကို ကြောက်ရွံ့ကြသည်။ ဇရာအိုများသည် မည်သည့်ပြုစုမှုကိုမှ မခံစားကြရချေ။ "သေရန်အတွက်သင်္ချိုင်းသို့ဦးတည်သွားနေသည့် ဆင်တစ်ကောင်"ကိုမည်သူကမှ လေးစားခြင်းမပြုကြတော့သကဲ့သို့ဖြစ်၏။

- တိရစ္ဆာန်အုပ်တွင်ကဲ့သို့ လူ့အဖွဲ့အစည်းသည် တစ်မျိုးတစ်စားတည်းသော လူသာလျှင် ပါဝင်ဖွဲ့စည်း၏။ အဝတ်၊ မော်တော်ကားနှင့် အိမ်များသည် တစ်ပုံစံတည်းဖြစ်သည်။ လူ့အဖွဲ့အစည်းတစ်ခုလုံးသည်၊ ငြီးငွေ့ဖွယ်ရိုးအီနေအောင် ထပ်တလဲလဲဖြစ်ခြင်း၊ ပြင်လျာတင့်မောမှုအလှရသ သဘောကင်းမဲ့ခြင်းများ စိုးမိုးလျက်ရှိ၏။ အားကစားသမားများ၊ အနုပညာသည်များ၊ ပညာရှင်များနှင့် အလုပ်သမားများအားလုံးတို့သည် ဘဝပုံစံတစ်မျိုးတည်းဖြင့် နေထိုင်အသက်ရှင်ကြသည်။ အိမ်များသည်လည်း၊ မွေးမြူရေးတိရစ္ဆာန်တို့အတွက် ဆောက်လုပ်ထားသောတင်းကုတ်များနှင့်တူ၏။ အဝတ်အထည်များကိုလည်း အနောက်နိုင်ငံများမှအိမ်အလှမွေးသည့်တိရစ္ဆာန်များကို အအေးဒဏ်ကာကွယ်ရန်ချုပ်ပေးသောအဝတ်ကဲ့သို့ တစ်ပုံစံတစ်ရောင်တည်းချုပ်ဝတ်ကြရသည်။

- ဤစနစ်သည် ရုပ်ဝါဒတွင် လုံးဝအခြေခံထားသော "အလုပ်နှင့်ကုန်ထုတ်လုပ်ခြင်း "စနစ်ဖြစ်သည်။ အရေးကြီးဆုံးမှာ ပြည်သူလူထုပုဂ္ဂိုလ်တစ်ဦးချင်း၏ အရည်အချင်းမဟုတ်ဘဲ၊ သူကလူ့အဖွဲ့အစည်းအတွက် ဆောင်ရွက်ပေးနိုင်ခြင်းသာ အဓိကဖြစ်၏။ စံပြပုဂ္ဂိုလ်မှာ၊ အလုပ်ကြိုးစားသည့်အလုပ်သမား သို့မဟုတ် သီးနှံထွက်အများဆုံးစိုက်ပျိုးထုတ်လုပ်ပေးနိုင်သည့် တောင်သူလယ်သမား ဖြစ်၏။ လူသား

တို့၏ ကိုယ်ကျင့်တရားတန်ဖိုး၊ ရည်ရွယ်ချက်များနှင့် စိတ်ဓါတ်အခြေအနေများကို ဂရုစိုက်ခြင်း မရှိချေ။



The special Djzhemsky Unit, used to suppress public demonstrations in the Soviet Union.

ဆိုဗီယက်ပြည်ထောင်စု၌၊ လူထုဆန္ဒပြခြင်းကို နှိမ်နင်းရာတွင်အသုံးပြုသည့် ဒဇင်မ်စကီအထူးတပ်ဖွဲ့။

- လူ့ဘဝသည် အသက်ရှင်နေရေးအတွက် လုံးပန်းလှုပ်ရှားနေရခြင်းဖြစ်သည်ဟု မြင်ထားသည့်အတိုင်း၊ ဤအတွေးအခေါ်မျိုးသည် အားနည်းချိနဲ့သူတို့ကို ဖယ်ရှားပစ်ရာ၌ ပြဿနာမရှိချေ။ ထို့ထက်မက ဤသို့ပြုလုပ်ခြင်းသည် လိုအပ်ချက်ဖြစ်သည်ဟု ယူဆပေသည်။ တိရစ္ဆာန်များအကြားတွင်၊ အသက်ရှင်နေရေးအတွက် တိုက်ခိုက်လုံးပန်းကြရသလို၊ လူတိုင်းသည် သူ့အတွက်ပထမဖြစ်ရမည်ဟု စဉ်းစားကြ၏။ ထို့ကြောင့် တိုးတက်မှုမရှိချေ။ လူတို့သည် ကြင်နာသနားခြင်းကရုဏာတရားကင်းမဲ့ခြင်းကြောင့်၊ လူ့အဖွဲ့အစည်းသည် ငြိမ်းချမ်းခြင်းနှင့် သာယာဝပြောမှု မရရှိနိုင်ချေ။ ကြင်နာခြင်းကရုဏာတရားကင်းမဲ့ခြင်း အပေါ်တွင် အနာဂတ်အတွက် စိုးရိမ်ကြောင့်ကျခြင်းက ထပ်မံဖြည့်စွက်လိုက်ခြင်းကြောင့်၊ မျှော်လင့်ချက်ကင်းမဲ့ခြင်းနှင့် အဆိုးဘက်ကိုသာမြင်ခြင်းစိုးမိုးလာပေသည်။
- “တိရစ္ဆာန်အုပ်စိတ်ဓါတ်”ကြောင့်၊ အနိမ့်ဆုံးမှအမြင့်ဆုံးအဆင့်ရှိလူအားလုံးတို့သည်၊ အစဉ်သဖြင့် ကြောက်ရွံ့ထိတ်လန့်နေကြသဖြင့်၊ ကိစ္စတိုင်းကို ကြောက်လန့်တကြား ပြန်လည်တုံ့ပြန်ကြသည်။ ကုတ်အင်္ကျီရှည်ဝတ်ထားသူ အိမ်ရှေ့တွင်လာရပ်လျှင် ဒူးတုန်အောင် ကြောက်နေကြသည်။ အစိုးရအာဏာပိုင်အရာရှိများက ဆင့်ခေါ်မည်ကို ကြောက်လန့်နေကြသည်။ သို့သော်လည်း သူတို့က ဘာကိုကြောက်နေသည်၊ ဘာ့ကြောင့်ကြောက်နေသည်ဟူသောအကြောင်းရင်းမှာ ထင်ရှားခြင်းမရှိချေ။ ဘယ်သူကမှလည်း အတိအကျ သတ်မှတ်ဖော်ပြနိုင်ခြင်း မရှိချေ။



ဘာလင်တံတိုင်းကြီးကို မဖြိုဖျက်ပစ်မီ တွေ့ရပုံ။ သံဆူးကြိုးများ၊ မိုင်းဘုံးများနှင့် တင့်ကားများက ကွန်မြူနစ် အာဏာရှင်စနစ်၏လက္ခဏာကို ဖော်ပြလျက်ရှိ၏။

- အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရမည့်နေရာတွင်၊ အခြားကြောက်ရွံ့ရမည့် "ဌာန"အများအပြားရှိ၏။ ဥပမာ၊ ဆိုဗီယက်ပြည်ထောင်စုတွင်၊ (ယွှင် ချက်ကာနှင့် အင်ကေဗီဒီကဲ့သို့သော လျှို့ဝှက်တပ်ဖွဲ့ဖြစ်သည့်) ကေဂျီဘီက လူ့အဖွဲ့အစည်းတစ်ခုလုံးကို သေလုခမန်းထိတ်လန့်ကြောက်ရွံ့နေအောင် ကြိုးစားသွတ်သွင်းမွေးမြူပေးသည်။ လူသန်းပေါင်းများစွာကို ရုံးတင်စစ်ဆေးခြင်းမရှိ၊ မိမိကိုယ်ကို ကာကွယ်ထုချေခွင့်မရှိဘဲ သေမင်းစခန်းသို့ပို့လိုက်ကြသည်။ ဤအဖွဲ့အစည်းတို့က စီရင်ချက်ချခဲ့သည့်အဖြစ်အပျက်များက ကြားရသူမြင်ရသူတို့နှင့် ပြည်သူလူထုတစ်ခုလုံး၏စိတ်ကို စိုးမိုးခြောက်ခြားစေပေသည်။ ဤအဖွဲ့အစည်းတို့သည်၊ တောရိုင်းအလေ့အထပေါ်အခြေခံ၍ စနစ်တကျရွေးချယ်သုတ်သင် ရှင်းလင်းကြသည်။
- ထာဝရဘုရားသခင်အား ကြောက်ရွံ့အားကိုးခြင်းကို စနစ်တကျဖျက်ဆီးပစ်လိုက်သဖြင့်၊ ပုဂ္ဂိုလ်တစ်ဦးချင်းတို့သည် ထိုစနစ်ကိုကြောက်ရင်း သူတို့၏အတွင်းစိတ်သဘောထားအသိတရားအားလုံးကိုနှိပ်ကွပ် သိုဝှက်ထားလိုက်ကြ၏။ ထို့ကြောင့် စနစ်က အနှံ့ခံနိုင်ခြင်းသို့မဟုတ် ပြစ်ဒဏ်ခပ်နိုင်ခြင်းမရှိပါက ခိုးဝှက်ခြင်း၊ လာဘ်ပေးလာဘ်ယူခြစားခြင်း၊ အလွဲသုံးစားလုပ်ခြင်း စသဖြင့် ကြံ့သမျှသောဥပဒေဆန့်ကျင်ရေးလုပ်ရပ်များကို ရှောင်ရှားခြင်းမရှိကြတော့ချေ။

- ကျီးလန့်စာစားကြောက်ရွံ့ထိတ်လန့်နေရခြင်း၊ ကြောက်စိတ်မွှန်နေခြင်းတို့ဖြင့် ပြည့်နက်နေသောပတ်ဝန်းကျင်တွင်နေထိုင်ရသဖြင့် လူတို့သည် စိတ်သောကဖိစီးနေကြပေသည်။ နေ့ရောညဥ့်ပါ အချိန်တိုင်းတွင် အိပ်မပျော်နိုင်ကြချေ။ အစစအရာရာသည် သူတို့အတွက် ကြောက်ရွံ့ဖွယ်ရာချည်းဖြစ်နေပေသည်။ သူတို့၏ ကိုယ်ခန္ဓာသည် လျင်မြန်စွာအင်အားချိနဲ့သွားကြ၏။ စိတ်ဖိစီးမှု များလွန်းအားကြီးသဖြင့် မိန်းမယောက်ျားတို့သည် နွမ်းနယ်အားပျော့သွားကြပြီး အရွယ်ကောင်းနေတုန်းပင် သေဆုံးသွားကြသည်။ မျှော်လင့်ချက် ကင်းမဲ့ခြင်းကြောင့်၊ သူတို့၏ဘဝတွင် ကောင်းသောအရာများကို သုံးစွဲစံစား၍ သာယာပျော်ရွှင်စွာ နေထိုင်အသက်ရှင်နိုင်ခြင်းမရှိသည့်အတွက်၊ သူတို့၏ဘဝဒုက္ခပင်လယ်ကို မေ့ပြောက်နိုင်ရန် အရက်သေစာမူးယစ်ခြင်းဖြင့် ခေတ္တမေ့ပျောက်စေကြသည်။
- အသက်သေဆုံးပြီးနောက် သူတို့၏ဘဝသည် ပျက်စီးပျက်သုဉ်းသွားလိမ့်မည်ဟု ယုံကြည်ကြသဖြင့်၊ သူတို့၏ဘဝအသက်ရှင်ရေးအတွက် ဖွဲနဘဲကြီးစွာဖြင့် ကျားကုတ်ကျားခဲ တွယ်တာကြပေသည်။ သူတို့အသက်ရှင်ရေးအတွက် ရုန်းကန်ကြရာတွင် လူတိုင်းကို ပြိုင်ဘက်အဖြစ်သာ မြင်ကြ၏။ သူတို့အနည်းငယ်မျှလောက်အလိုမကျသည့် အမှုအရာကိုလည်း ဒေါသချောင်းချောင်းထွက်ကြ၏။ ဆိုရှယ်လစ်စနစ်၏ ဝါဒရေးရာအခြေခံရေသောက်မြစ်ဖြစ်သည့် "အပြန်အလှန်ကူညီရေး" နှင့် "ထောက်ပံ့ရေး" သည် ဝါဒဖြန့်မှုကြွေးကြော်သံသာဖြစ်သည်ကို လက်တွေ့ကိုယ်တွေ့ခံစားကြပေသည်။ အမှန်မှာ ကွန်မြူနစ်လောကမှ လူတိုင်းသည် အခြားသူတို့ကို သံသယဖြင့်သာကြည့်မြင်ကြသောကြောင့်၊ မိမိတို့ကိုယ်ကို အထီးကျန်ဘဝအဖြစ်သို့ပို့ဆောင်ထား၍ ကြိတ်မှိတ်ခံစားနေကြပေသည်။
- ပုဂ္ဂိုလ်တစ်ဦးချင်းသည် အလ္လာဟ်အရှင်မြတ်အား သက်ဝင်ယုံကြည်ခြင်းမရှိသောကြောင့်၊ မိမိကိုယ်ကို အခြားမည်သူတစ်ဦးတစ်ယောက်ကိုမှ အဓိပ္ပါယ်ရှိသည့်နှောင်ကြိုးဆက်စပ်မှုနှင့် ယုံကြည်စိတ်ချမှု မရှိပေ။ ဒါဝင်ဝါဒီကွန်မြူနစ်ဝါဒီတို့သည် ပုဂ္ဂလိကအရေးကို ဖျောက်ဖျက်ပစ်ရသည်။ တစ်ဦးနှင့်တစ်ဦး ရန်လိုကြသည်။ တစ်ဦးဦးက မည်သည့်အချိန်တွင်မဆို သူရှိသမျှအားလုံးကို သိမ်းယူသွားနိုင်ပေသည်။ ကွန်မြူနစ်တိုင်းပြည်တွင် မိမိကိုယ်သာလျှင် သူစိတ်အချရဆုံးပုဂ္ဂိုလ်ဖြစ်သည်။ သို့သော်လည်း၊ သူကိုယ်တိုင်ကလည်း အားနည်းသူဖြစ်ကြောင်း သူကသိထားသဖြင့်၊ သူ့ကိုယ်ကိုလည်း မယုံကြည်နိုင်တော့ပေ။ သူသည် မျှော်လင့်ချက်ကင်းမှုကို အပြင်းအထန်ခံစားနေရပေသည်။ ထို့ကြောင့်၊ သူ့ဘဝကိုသူ အစဉ်မကြေမနပ်ဖြစ်နေသော်လည်း မည်သို့မှ ပြောင်းလဲနိုင်စွမ်းမရှိချေ။
- ကွန်မြူနစ်လူ့အဖွဲ့အစည်းတွင်၊ လူတို့၏စိတ်ကို ပိတ်ပင်ထားခြင်းဖြင့် ပြည့်နက်နေသဖြင့်၊ ကျောင်းတွင်ဖြစ်စေ အိမ်တွင်ဖြစ်စေ ဖျော်ဖြေမှုဌာနများတွင်ဖြစ်စေ သူတို့၏ဘဝ နေရာတကာ အရာရာတိုင်းတွင် ချို့ယွင်းချက်များရှိနေပေသည်။ သူတို့ကို သင်ကြားညွှန်ကြားထားသည့်အတိုင်းသာလျှင် လုပ်ဆောင်နိုင်ကြပေသည်။ ထို့ကြောင့် ပြဿနာအသစ်အဆန်းတစ်ခုခုနှင့် ရင်ဆိုင်သောအခါတွင် ဖြေရှင်းနိုင်သည့် ပင်ကိုဉာဏ်အစွမ်းအစမရှိကြချေ။ အကယ်၍ ယင်းပြဿနာကို ရင်ဆိုင်ဖြေရှင်းပါကလည်း ပြင်းထန်ကြမ်းတမ်းစွာသာလျှင် တုန့်ပြန်တတ်ကြ၏။
- စဉ်းစားဆင်ခြင်တုံတရားမရှိသည့် လူတို့သည်၊ စနစ်တကျ စီစဉ်နိုင်စွမ်းသော စိတ်ဓါတ်မရှိကြသဖြင့် သယံဇာတများကို ကောင်းကျိုးသက်ရောက်တိုးတက်အောင် အသုံးမချတတ်ကြပေ။ သယံဇာတပစ္စည်းများကို လိုင်ဆင်ကိုကိစ္စမှာကဲ့သို့ စိတ်ကူးယဉ်လောကတွင် သုံးဖြုန်းပစ်ကြလေသည်။
- ကွန်မြူနစ်ဝါဒသည် လူ့အဖွဲ့အစည်း၏ အခြေခံယူနစ်ဖြစ်သော အိမ်ထောင်စုကို ဖျက်စီးပစ်သည်။ ထိမ်းမြားခြင်းတွင် ၎င်း၏နက်နဲသောသဘောအဓိပ္ပါယ်မပါပေ။ ကာမဆက်ဆံခြင်းနှင့် သားမွေးခြင်းဖြင့် လုပ်အားထုတ်လုပ်မှုသာ ဖြစ်ပေသည်။ ထိမ်းမြားခြင်းသည် ကိုယ်ကျင့်တရားအတွက် မဟုတ်ချေ။ အဓိကရည်ရွယ်ချက်မှာ မျိုးသုဉ်းခြင်းမဖြစ်အောင် ထိန်းထားခြင်းသာ ဖြစ်ပေသည်။ အိမ်ထောင်စုများသည်၊ သူတို့၏သားသမီးများကို စောင့်

ရှောက်ပြုစုပျိုးထောင်ခြင်းမလုပ်ကြရပေ။ အစိုးရ၊ တစ်နည်းအားဖြင့် အစိုးရကခန့်အပ်ထားသူများက တာဝန်ယူရသည်။ ကလေးတစ်ယောက်ကို လူသားအုပ်ကြီးအတွက် ဦးရေတိုးလာခြင်းသာဖြစ်၍၊ သူပါဝင်နေသောလူသားအုပ်ကို ကာကွယ်ရန်အတွက်သာ သင်တန်းပေးကြသည်။ မိခင်က သူ၏အိမ်ထောင်စုကို တွယ်တာခြင်းမရှိဘဲ မုန်းတီးခြင်းကြောင့်၊ သူ၏ခက်ထန်မှုကို သားသမီးများသို့တစ်ဆင့် လွှဲပေးလိုက်၏။ အိမ်ထောင်စုချစ်ခင်မှုကင်းမဲ့သည့်ဘဝတွင် ကြီးပြင်းလာသောကလေးများသည် အဆိုးမြင်သူနှင့်မောက်မာသူများ ဖြစ်လာကြသည်။ အိမ်ထောင်စုအတွင်းရှိသည့် ချစ်ခြင်းမေတ္တာနှင့် လေးစားမှုအစား ရန်လိုမှုက ဖုံးလွှမ်းနေသည်။ ထိုကလေးသည် မည်သူ့ကိုမှ ယုံကြည်စိတ်ချခြင်းမရှိချေ။

- ထိမ်းမြားမင်္ဂလာပြုခြင်းအယူအဆမရှိသောလူ့အဖွဲ့အစည်းတွင်၊ မဖေါက်ပြန် သစ္စာရှိခြင်း၊ အပျိုလူပျိုစစ်ခြင်းကို တန်ဖိုးထားခြင်း စသည်တို့မရှိပေ။ ၎င်းအစား ကာမဆက်ဆံမိတ်လိုက်ခြင်းစိတ်ဓါတ်နှင့် ပြည့်တန်ဆာလုပ်ငန်းများသာ ပျံ့နှံ့လျက်ရှိ၏။
- ပုလိပ်ရဲတပ်ဖွဲ့ကို လက်ကိုင်တုတ်လုပ်၍ ဖိနှိပ်ချုပ်ချယ်သည့် ကွန်မြူနစ်လူ့အဖွဲ့အစည်းတွင်၊ အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ခြင်းအသိတရားမရှိနိုင်ချေ။ ထို့ကြောင့်၊ ရာဇဝတ်မှုတိုးပွားလာ၏။ ခိုးဝှက်လုယက်ခြင်းသည် နေရာတကာတွင် အလျှံပယ်များပြား၏။ စက်ရုံအလုပ်ရုံ၊ လယ်ယာခြံနှင့်သမဝါယမများတွင် စုပေါင်းခိုးဝှက်ခြင်းက အစဉ်အမြဲ ဖြစ်သည့်သဘာဝအလေ့အထတစ်ခုသာဖြစ်ပေသည်။
- ကွန်မြူနစ်အတွေးအခေါ်က တစ်မျိုးတစ်ဖုံအတည်တကျဆိုထားသော်လည်း၊ ကွန်မြူနစ်လူ့အဖွဲ့အစည်းတွင်၊ လူမျိုးခွဲခြားရေးသည် အလွန်ပျံ့နှံ့ပေသည်။ ဆိုဗီယက်ပြည်ထောင်စုတွင် ရုရှားလူမျိုးမဟုတ်သူတို့ကို၊ အထူးသဖြင့်မွတ်စလင်မ်တို့ကို၊ မုန်းတီးဆန့်ကျင်ကြ၏။ ဒါဝင်သီအိုရီကို တိုးတိုးတိတ်တိတ် လက်ခံထားသော ရုရှားလူမျိုးတို့သည် မွတ်စလင်မ်လူနည်းစုများနှင့် အခြားလူနည်းစုများကို "ပြည့်စုံပြည့်ဝစွာပြောင်းလဲမှုအဆင့် မရောက်သေးသူများ" ဟုယူဆ၍ ပြည်နှင်ဒဏ်ပေးခြင်းဖြင့် အစုလိုက်အပြုံလိုက်သတ်ဖြတ်လိုက်ကြ၏။ ကွန်မြူနစ်ဝါဒအတွေးအခေါ်တွင် "လူသတ်မှု" သည် အီဗိုလူးရှင်းဖြစ်စဉ်တွင် သဘာဝအလျောက် ပါဝင်သော "သဘာဝဒိုင်အာလက်တစ်"(အနုပဋိလောမသဘာဝ)အဖြစ်အပျက်ဟုယူဆထား၏။
- ကွန်မြူနစ်ဝါဒသည်၊ လူသားများကို ကုန်ထုတ်လုပ်မှုစွမ်းဆောင်နိုင်သည့် တိရစ္ဆာန်တစ်မျိုးအဖြစ်သာ မြင်၏။ ၎င်းအတွေးအခေါ်က ကျေးလက်တောရွာနေလူထုကို အထူးတလည်မုန်းတီးစက်ဆုပ်ရွံရှာခြင်း ဖြစ်စေ၏။ မားက့်စ်က ကျေးလက်တောရွာသားများသည် ညံ့ဖြင်းသော "အာလူးအိတ်များ" ဟု အမည်ပေးထားသည်။ အထက်တွင် ကျွန်ုပ်တို့တွေ့ခဲ့ကြသည့်အတိုင်း လီနင်နှင့် စတာလင်တို့က သန်းနှင့်ချီသော တောသူရွာသားများကို တမင်တကာအတော်ထား၍ သတ်ဖြတ်ခဲ့ကြ၏။ သူတို့၏အမြင်တွင် တောသူရွာသားများသည် ဆန်စပါးနှင့် ဝါဂွမ်းထုတ်လုပ်ပေးသည့် တိရစ္ဆာန်အုပ်သာ ဖြစ်၏။ (စုပေါင်းစနစ်အမည်ဖြင့်) သူတို့ရှိသမျှဆန်စပါး စားကုန်သောက်ကုန်ပစ္စည်းအားလုံး၊ ပျားရည်နှင့်ပျားအုံများမကျန် သိမ်းယူလိုက်ခြင်းသည် ကျိုးကြောင်းဆီလျော်၍ တရားဝင်သည်ဟု မြင်ကြသည်။

ဤယေဘုယျသုံးသပ်ချက်များသည် ဘာသာအယူဝါဒသာသနာမရှိသောလူ့အဖွဲ့အစည်းမှအဖြစ်များကို ချုံငုံ၍အကြမ်းဖြင်းဖေါ်ပြခြင်းဖြစ်ပါသည်။ ဘုရားသခင်အလ္လာဟ်အရှင်မြတ်အားယုံကြည်မှုမရှိသည့်နိုင်ငံများတွင် ဤသို့သောဘဝနေထိုင်မှုသည် မလွဲမရှောင်သာပျံ့နှံ့မည်သာဖြစ်၏။ အလ္လာဟ်အရှင်မြတ်က ဝိညာဉ်သွင်း၍ဖန်ဆင်းထားသောတန်ဘိုးရှိသည့် သက်ရှိဝေနေယျအဖြစ် လေးစားခြင်းမရှိကြပေ။ မိမိတို့သည် အသက်သေဆုံးသည်နှင့် ပျက်စီးသွားကြမည့်ဖွံ့ဖြိုးပြီးသောတိရစ္ဆာန်များအဖြစ် ယူဆထားကြသဖြင့်၊ လူ့အဖွဲ့အစည်းသည် သာယာဝပြောခြင်းသုခ၊ ငြိမ်းချမ်းခြင်းသုခ၊ လုံခြုံခြင်းသုခ၊ ကူညီယိုင်းပင်းကြခြင်းနှင့် ညီရင်းအစ်ကိုမောင်ရင်းနှမစိတ်ဓါတ်ရှိခြင်း စသည်တို့ကို တွေ့ကြုံခံစားရခြင်း မရှိချေ။ မည်သူကမှ အခြားမည်သူ့

ဒါဝင်ဝါဒ–ကွန်မြူနစ်အစိုးရသည်၊ လူသားများကို တိရစ္ဆာန်တစ်မျိုးအဖြစ်သတ်မှတ်သောကြောင့်၊ ပြည်သူပြည်သားများကို လေးစားခြင်းမရှိသည့်အပြင် ယုံကြည်ခြင်းလည်း မရှိပေ။ ထို့ကြောင့်၊ ထိန်းကွပ်ရန်အတွက်၊ ကြောက်ရွံ့ထိတ်လန့်ခြင်း၊ ဖိနှိပ်ချုပ်ချယ်ခြင်း၊ လုပ်ကြံသတ်ဖြတ်သည့်အန္တရာယ်နှင့်အကြမ်းဖက်မှုများဖြင့် ခြိမ်းခြောက်ခြင်း၊ စသည်တို့ကို ဖန်တီးကြ၏။ အစိုးရသည်၊ လူတိုင်းကို အမှားကျူးလွန်ထားသူအဖြစ်နှင့် သစ္စာဖေါက်မည့်သူအဖြစ် မယုံမသင်္ကာသောအမြင်ဖြင့်သာ ကြည့်၏။ ထိုသို့သောနိုင်ငံတွင် လူတစ်ယောက်ကို ဒဏ်ခတ်ရန်၊ ရက်စက်စွာရိုက်နှက်ရန် သို့မဟုတ် သတ်ပစ်ရန်အတွက် ထိုသူက ရာဇဝတ်မှုတစ်ခုခုကို အမှန်တကယ်ကျူးလွန်နေရန်ပင် မလိုအပ်ပေ၊ ထိုသူ့ကို မသင်္ကာရုံဖြင့် လုံလောက်ပေသည်။




အလွန်ကျော်ကြားသော သမိုင်းပါရဂူဇဗေတန်တိုဒိုရော့ဗ်က ဤသို့သောအတွေးအခေါ်ကို လက်ကိုင်ကျင့်သုံးသည့် နိုင်ငံအစိုးရတို့က သူတို့၏ ပြည်သူကို မည်သို့ပြုကျင့်သည့် အကြောင်းကို ဖေါ်ပြထားပေသည်။––

ရန်သူဟုသတ်မှတ်ခြင်းသည် အကြမ်းဖက်မှုအတွက် အကောင်းဆုံးအကြောင်းပြ ကာကွယ်နည်းဖြစ်၏။ တစ်ပါတီအာဏာရှင်စနစ်နိုင်ငံတော်အစိုးရတို့ သက်ဆိုးရှည်နေရေးအတွက် ရန်သူအမြဲရှိနေရန်လိုအပ်သည်။ အကယ်၍ မရှိဘဲပျောက်သွားပါက၊ ဖန်တီးယူကြသည်။ ရန်သူဟု ဖေါ်ထုတ်ခံရသူသည် သနားကြင်နာခြင်းကင်းမဲ့စွာနှိပ်စက်ခြင်းခံရတော့သည်။––ရန်သူဖြစ်ခြင်းသည် ဖျောက်ဖျက်၍မရနိုင်သော အမွေခံအစွန်းထင်ခြင်းဖြစ်သည်။––ကွန်မြူနစ်ဝါဒသည်လည်း ထူးမခြားနား တစ်ပုံစံတည်းပင်ဖြစ်၏။ ဖိနှိပ်ချုပ်ချယ် မှုသည် လိုအပ်ချက်ဖြစ်၏။ (သို့မဟုတ် အရေးအခင်းကာလတွင်မှု သုတ်သင်ရှင်းလင်းပစ်၏။) ဘူဇွာကိုလည်း လူတန်းစားတစ်ခုလုံးကို သုတ်သင်ရှင်းလင်းကြသည်။ လူတန်းစားတွင် ပါဝင်ခြင်းကပင်လုံလောက်သောအကြောင်းပြချက်ဖြစ်ပေသည်။ အခြားမည်သည့်ပြစ်မှုကိုမှ ကျူးလွန်ရန် မလိုအပ်တော့ပေ။[၁]

လီနင်၏ ဤစကားများသည် ကွန်မြူနစ်အစိုးရက ပြည်သူအပေါ်ထားသောသဘောထားကို သဘောအရေးကြီးသောစကားများ ဖြစ်ပေသည်။

အမှန်မှာ၊ နိုင်ငံတော်အစိုးရသည် လူတန်းစားတစ်မျိုးက နောက်ထပ်လူတန်းစားတစ်မျိုးကို နှိပ်ကွပ်ဖိနှိပ်သည့် ယန္တရားတစ်မျိုးသာလျှင် ဖြစ်သည်။ အာဏာရှင်စနစ်သည် အင်အားကိုတိုက်ရိုက်အခြေခံသည့် စည်းစနစ်ဖြစ်၍ မည်သည့်ဥပဒေကမှ ၎င်းအပေါ်ကန့်သတ်မှုမရှိပေ။ ပစ္စည်းမဲ့လူတန်းစား၏ တော်လှန်ရေးအာဏာရှင်စနစ်သည် ပစ္စည်းမဲ့လူတန်းစားက ဘူဇွာတို့အပေါ်တွင် အကြမ်းဖက်ခြင်းဖြင့် အောင်မြင်ခဲ့သည့် အုပ်ချုပ်မှုဖြစ်၍ ဆက်လက်ထိမ်းသိမ်းထားမည့်အုပ်ချုပ်မှုစနစ် ဖြစ်သည့်အပြင် မည်သည့်ဥပဒေကမှ ကန့်သတ်ထားခြင်းမရှိသည့် အုပ်ချုပ်မှုစနစ်ဖြစ်သည်။[၂]

လီနင်ပြောသည့်အတိုင်း၊ ဒါဝင်ဝါဒီ–ဆိုဗီယက်ကွန်မြူနစ်အစိုးရသည် ၎င်း၏ပြည်သူတို့ကို ယုံကြည်မှု မရှိသည့်အပြင် တန်ဘိုးမရှိသည့် တိရစ္ဆာန်များအဖြစ် သတ်မှတ်ထားခဲ့၏။ ထို့ကြောင့်၊ သန်းပေါင်းမြောက် မြားစွာသော ပြည်သူတို့အား နှိပ်စက်ညှင်းပန်းသတ်ဖြတ်သည့်အပြင် ငတ်ပြတ်ရင်းသေကြေကြအောင်လုပ် ၍၊ တိုင်းပြည်ကို နှစ်ပေါင်းများစွာကြာမြင့်အောင် ကြောက်မက်ဖွယ်သော အမှောင်တွင်းသို့ ပို့ခဲ့ကြပေ သည်။ ယနေ့လက်ရှိရုရှားပြည်သူတို့သည်လည်း ထိုဝေဒနာကို မချိတင်ကဲခံစား

ရုရှားနိုင်ငံတွင် ၂၀၀၀–ခုနှစ်တွင် ဖြစ်ပျက်ခဲ့သည့်အဖြစ်အပျက်တစ်ခုက ဤအချက်နှင့်ပတ်သက်သေခံချက်တစ်ခုဖြစ်၍၊ ဆိုဗီယက်ခေတ်မှ အမွေခံခဲ့သော ဒါဝင်ဝါဒီ–ကွန်မြူနစ် စိတ်နေသဘောထား၏ မှောင်မိုက်သောအပိုင်းကို ဖော်ပြလျက်ရှိပေသည်။ ရုရှားရေငုတ်သင်္ဘော ရေနစ်နေစဉ်၊ မော်စကိုမှ အချိန်ကြာမြင့်စွာ ကယ်ဆယ်ရေးအစီအစဉ်မလုပ်ခဲ့ကြပေ။ "အမျိုးသားလုံခြုံရေး"အကြောင်းပြချက်ဖြင့် ကယ်ဆယ်ရေးအကူအညီ အလျင်အမြန်ပေးနိုင်သည့် အနောက်နိုင်ငံများသို့ ဒုက္ခရောက်ပြီး ရက်ပေါင်းများစွာကြာပြီးမှ အသိပေးကြေညာခဲ့၏။ ရုရှားအစိုးရသည် သိလျက်နှင့် သူတို့၏သင်္ဘောသားများကို သေကုန်သည်အထိ ပစ်ထားခဲ့၏။




ဤအကြောင်းကို တန်ပြန်ပြောဆိုသည့်ရုရှားလူမျိုးမိခင်တစ်ဦးကို လုံခြုံရေးတပ်ဖွဲ့မှ စိတ်ငြိမ်ဆေးထိုးပေးလိုက်လေသည်။ ဤအဖြစ်အပျက်က ရုရှားအစိုးရအာဏာပိုင်တို့တွင် စတာလင်ဝါဒသဘောထား စိုးမိုးနေကြောင်း ဖော်ပြလျက်ရှိပေသည်။

သက်သာချောင်ချိရေး၊ ကျန်းမာရေး သို့မဟုတ် သာယာဝပြောရေးသုခအတွက် စဉ်းစားပေးခြင်း မရှိချေ။ ထို့ထက်မက ထိုသို့သောဘာသာအယူဝါဒကင်းမဲ့သည့်လူ့အဖွဲ့အစည်းတွင်၊ အများကိုယ်စား သမာသမတ်ဆောင်ရွက်ပေးမည့်သူကို ရှာတွေ့နိုင်ရန် မဖြစ်နိုင်ပေ။ လူတိုင်းသည် မိမိကိုယ်ကျိုးကိုသာကြည့်၍ မိမိတတ်နိုင်သမျှ အမြတ်ထုတ်ရန်သာ ကြိုးစားပေသည်။

ကုရ်အာန်ကျမ်းတော်မြတ်က သွန်သင်သောကိုယ်ကျင့်တရားကို လိုက်နာကျင့်သုံးသည့် လူ့အဖွဲ့အစည်းတွင်မူ၊ လူတိုင်းကို အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်များအဖြစ်အသိအမှတ်ပြုကာ အချင်းချင်းတန်ဘိုးထားကြပေသည်။ မိမိလုပ်လိုက်သောကောင်းကျိုးအတွက် ပြန်လည်ပေးဆပ်ခြင်းကို မည်သူကမှမျှော်လင့်ခြင်းမပြုကြပေ။ သူတို့သည် မိမိတို့၏ကောင်းမှုကုသိုလ်လုပ်ဆောင်ချက်များကို ဆက်လက်၍သာလုပ်ဆောင်ကြပြီး၊ အလ္လာဟ်အရှင်မြတ်၏သဘောတူနှစ်သက်တော်မူခြင်းကို ရယူရန်သာ ကြိုးပမ်းကြသည်။ နောင်တမလွန်ဘဝတွင် ကောင်းမွန်သောဘဝရရှိရန် မျှော်လင့်ကြသည်။ သူတို့သည်၊ "**အမှန်စင်စစ် မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ နှစ်သက်မှုကို ရယူခြင်းငှာ၊ ထိုကဲ့သို့**(ပေးကမ်းစွန့်ကြဲမှုကိုၓင်း၊ ကောင်းမှုကိုၓင်း၊ လူခပင်းတို့ စပ်ကြားဝယ်၊ စေ့စပ်ခြင်းကိုၓင်း၊) **ပြုမူအံ့၊ သို့ဖြစ်လျှင် မကြာမီ ငါအရှင်မြတ်သည် ထိုသူအား ကြီးကျယ်လှစွာသောအကျိုးကို ချီးမြှင့်ပေးသနားတော်မူအံ့။**"ဟု ကုရ်အာန်ကျမ်းတော်မြတ် စူရာအန်နီဆာ ၄း၁၁၄ တွင် မိန့်ဆိုထားသည်ကို စိတ်ချယုံကြည်ကြပေသည်။ သူတို့သည် အခြားသူများထံမှ အကျိုးအမြတ်ရယူခြင်းအတွက်မျှော်ကိုး၍ ထိုသို့ကောင်းမှုပြုခြင်းမဟုတ်ဘဲ၊ အလ္လာဟ်ထံတော်မှ ရရှိမည့်ဆုလာဘ်အတွက်သာ ပြုကြခြင်း ဖြစ်သည်။

ကုရ်အာန်ကျမ်းတော်မြတ် စူရာအလ်ဒဟ်ရ် ၇၆း၈–၁၀ တွင်၊ စံနမူနာထားထိုက်သည့် စိတ်ထားကိုယ်ကျင့်တရားရှိခြင်းကို အလ္လာဟ်အရှင်မြတ်က မိန့်ဆိုထားတော်မူ၏။

**ထိုမှတပါး ထိုသူတို့သည် အစားအစာကို ခုံမင်စုံမက်ကြလျက်နှင့်ပင် ထိုအရှင်မြတ်အား ချစ်ကြည်မြတ်နိုးသောကြောင့် သူဆင်းရဲတို့အားလည်းကောင်း၊ ဘမဲ့ကလေးသူငယ်တို့အားလည်းကောင်း၊ သုံ့ပန်းတို့အားလည်းကောင်း၊ ကျွေးမွေးကြကုန်၏။**

**ကျွန်ုပ်တို့သည် အသင်တို့အား အလ္လာဟ်အရှင်မြတ်အား ရည်စူး၍သာလျှင်ကျွေးမွေးကြ၏။ ကျွန်ုပ်တို့သည် အသင်တို့ထံမှ မည်သည့်အကျိုးကျေးဇူးကိုမျှလည်းကောင်း၊ မည်သည့် ကျေးဇူးတင်ခြင်းကိုလည်းကောင်း၊ ရည်စူးကြသည်မဟုတ်ပေ။**

**ဧကေန်မလွဲ ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အထံတော်မှ ကြမ်းကြုတ်ခက်ထန်စွာသောနေ့ကို ကြောက်ရွံ့စိုးရိမ်ကြကုန်၏။** (ဟုပြောပြကြကုန်၏။)

စိတ်အစွဲအလမ်းသည် လူ့အဖွဲ့အစည်းတစ်ခု၏အနုပညာနှင့် သိပ္ပံပညာတိုးတက်ဖွံ့ဖြိုးရေးတွင် အဓိကအဟန့်အတားဖြစ်ပေသည်။ အကယ်၍ နိုင်ငံတစ်နိုင်ငံသည် ကျဉ်းမြောင်းသော စဉ်းစားဆင်ခြင်ခြင်းနည်းလမ်းတစ်ခုခုအတွင်းသတ်မှတ်ချုပ်ချယ်ထားခြင်းခံရပါက၊ ၎င်း၏အနုပညာနှင့်သိပ္ပံပညာသည် ရပ်တန့်သွားလိမ့်မည်။ အနုပညာနှင့်သိပ္ပံပညာတိုးတက်ဖွံ့ဖြိုးစေရန်အတွက်၊ လူတို့တွင် သဘောထားကြီးခြင်းနှင့် ကမ္ဘာကိုကျယ်ကျယ်ပြန့်ပြန့်ကြည့်မြင်နိုင်ခြင်း ရှိရမည်။

အချို့က၊ အနုပညာနှင့်သိပ္ပံပညာတွင် အဟန့်အတားဖြစ်စေသည့် ရှေးရိုးဆန်စိတ်အစွဲအလမ်းသည် ဘာသာရေးအတွက် အကျိုးရှိသည်ဟု ရှင်းပြကြပေသည်။ သို့သော်လည်း၊ ကုရ်အာန်ကျမ်းတော်မြတ်က သွန်သင်ပေးသောစစ်မှန်သည့်ဘာသာအယူဝါဒသည်၊ ရှေးရိုး(မိရိုးဖလာ)အစွဲအလမ်းကို ဆန့်ကျင်၍ လွတ်လပ်ဆုံးအမြင်နှင့်အတွေးအခေါ်ကို ပေးဆောင်၏။ အလ္လာဟ်အရှင်မြတ်ကိုကြောက်ရွံ့ခြင်းဖြင့် အခြားကြောက်ရွံ့စိုးရိမ်ကြောင့်ကျမှုမှန်သမျှအားလုံးမှ လွတ်မြောက်စေ၏။ ကုရ်အာန်ကျမ်းတော်မြတ်တွင် တိုက်တွန်းနှိုးဆော်ထားချက်များကို နက်နဲစွာ တွေးတောဆင်ခြင်သူတို့သည်၊ သူတို့၏ဉာဏ်အစွမ်းကိုအသုံးပြုကာ စကြာဝဠာနှင့်သဘာဝမှအတွေ့အကြုံများကို တွေးဆဆန်းစစ်ခြင်းဖြင့်၊ အနုပညာ၊ သိပ္ပံပညာနှင့်စဉ်းစားဉာဏ်တို့တွင် အမြင့်မားဆုံးအဆင့်အထိ ဖွံ့ဖြိုးစေနိုင်ပေသည်။


ထို့ထက်မက၊ ဘာသာရေးသည် အလ္လာဟ်အရှင်မြတ်ကို ဝတ်ပြုခြင်းနှင့်ပတ်သက်၍ သဘောပေါက်စေခြင်းဖြင့်၊ လူတို့ကို စိတ်ချမ်းသာမှုပေးဆောင်၏။ စိတ်အားထက်သန်ခြင်းနှင့် အနုပညာလက်ရာများကို ဖေါ်ထုတ်ရန်စိတ်ကူးပေါက်လိုလားခြင်းဖြစ်ပေါ်စေသည်။ ထိုမှတစ်ဆင့် အတွေးအခေါ်များနှင့်စိတ်ကူးစိတ်သန်းပေါ်ထွန်းလာစေသည်။ ထို့ကြောင့်၊ အစ္စလာမ့်နိုင်ငံတော် ပထမဆုံးရာစုနှစ်သည်၊ အမှန်တကယ်ကြီးကျယ်သောခေတ်တစ်ခေတ်ဖြစ်ခဲ့ပေသည်။

သို့သော်လည်း၊ ကွန်မြူနစ်ဝါဒသည်၊ တင်းကျပ်သောနိုင်ငံရေးနှင့်လူမှုရေးစနစ်ကို တည်ဆောက်၍၊ လူတို့၏ ထာဝရဘုရားသခင်(အလ္လာဟ်အရှင်မြတ်)တွင် သက်ဝင်ယုံကြည်မှုကို ဖျက်ဆီးပစ်သဖြင့်၊ အဓိပ္ပါယ်ရှိရှိအသက်ရှင်သည့် သာယာပျော်ရွှင်သောသူတို့၏ဘဝကိုပါ ဖျက်ဆီးပစ်လေသည်။ မားက့်စ်ဝါဒ၏ဖိနှိပ်ကန့်သတ်ချုပ်ချယ်ခြင်းက အနုပညာ၊ သိပ္ပံပညာနှင့် ဆန်းစစ်လိုသည့်စိတ်ဓါတ်စိတ်ကူးများကို ချေမှုန်းဖျက်ဆီးပစ်ခဲ့၏။

အာရှတိုက်အရှေ့ဖြားတွင် ကွန်မြူနစ်ဝါဒ၏လက်ရာများကို ပိုမိုထင်ရှားသည့်ပုံစံများဖြင့် ကျွန်ုပ်တို့ကို ပြထားခဲ့၏။

# အခန်း ၄

# အာရှတိုက်မှ အနီရောင်အကြမ်းဖက်မှုများ



မော်၏ ပြောက်ကျားတပ်
လက်ချက်မှ သန်းပေါင်းများ
စွာအနက် တစ်ယောက်



ဥရောပတိုက်တွင် မွေးဖွားခဲ့သောကွန်မြူနစ်ဝါဒ၏ ပထမဦးဆုံးသော တော်လှန်ရေးသည် ရုရှားနိုင်ငံ၏အရှေ့စွန်းဆုံးဒေသတွင်ဖြစ်ပေါ်ခဲ့သည်။ ၂၀–ရာစုနှစ် ပထမပိုင်းတွင် အရှေ့ဘက်သို့ဆက်လက်ရွေ့လျားသွားခဲ့ရာ ကမ္ဘာပေါ်တွင် လူဦးရေအများဆုံးဖြစ်သော တရုတ်နိုင်ငံသည်လည်း ၁၉၄၉–ခုနှစ်တွင် မော်စီတုံးခေါင်းဆောင်သည့်ပြောက်ကျားတပ်လက်ထဲသို့ ကျရောက်သွားခဲ့၏။ နောက်ဆယ်နှစ်တိုင်အောင် မော်၏တပ်များသည် တရုတ်နိုင်ငံကို ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံးကွန်မြူနစ်တော်လှန်ရေးအဖြစ်သို့ပြောင်းလဲပစ်ရန် အစိုးရတပ်များကို တနိုင်ငံလုံးအနှံ့အပြားလိုက်လံတိုက်ခိုက်လေသည်။ ဤဒုတိယတော်လှန်ရေးသည်၊ ဘိုလ်ရှီဗစ်တော်လှန်ရေးပုံစံအတိုင်း–ရာဇဝတ်သားများကဲ့သို့အရမ်းကာရောတိုက်ခိုက်ခြင်း၊ အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်း၊ နှိပ်စက်ညှင်းပန်းခြင်း၊ ငတ်ပြတ်စေခြင်း၊ ဆင်းရဲမွဲတေစေခြင်း၊ သိက္ခာချခြင်း စသည့်လုပ်ရပ်များဖြင့် အစဉ်ကြောက်ရွံ့ထိတ်လန့်နေရ၍ စိတ်ဆင်းရဲညှိုးငယ်နေရကာ သီးခြားဘာသိဘာသာရပ်တည်နေရသည့်လူ့အဖွဲ့အစည်းကို ဖန်တီးထားသည်။

လီနင်၏နောက်ပိုင်း မော်သည် ကွန်မြူနစ်သီအိုရီတွင် ဒုတိယအကြိမ်အဖြစ် အရေးကြီးသည့် ပြောင်းလဲမှုပြုလုပ်၍ မားက့်စ်ဝါဒကို အရေးကြီးသည့်အချက်သုံးချက်ကို ပြုပြင်ခဲ့၏။

၁။ မားက့်စ်နှင့်ကွန်မြူနစ်သဘောတရားရေးပါရဂူတို့က **"အလုပ်သမား"** ပစ္စည်းမဲ့လူတန်းစားအတွေးအခေါ်ကို အင်မတန်အရေးတယူ ချမှတ်ခဲ့ကြပေသည်။ သို့သော်လည်း မော်က တောင်သူလယ်သမားလူတန်းစားသည် တော်လှန်ရေး၏စစ်မှန်သည့်ရှေ့ဆောင်များဖြစ်သည်ဟု ယုံကြည်သဖြင့်၊ "တောင်သူလယ်သမားဆိုရှယ်လစ်စနစ်" အတွေးအခေါ်ကို တင်ပြခဲ့၏။

၂။ လီနင်၏အတွေးအခေါ်အတိုင်း ကွန်မြူနစ်ပါတီကို မြို့ကြီးများတွင်အခြေခံ၍ တော်လှန်ရေးကို ပြင်ဆင်သည့်နည်းကိုမသုံးဘဲ၊ **"ပြောက်ကျားစစ်ဆင်ရေး"** နှင့် ကျေးရွာတောင်တန်းဒေသများတွင် အခြေခံသောကွန်မြူနစ်ပါတီကို တည်ထောင်၏။

၃။ မားက့်စ်ဝါဒ၏အခြေခံဖြစ်သည့် လီနင်အသုံးပြုခဲ့သော နိုင်ငံတကာသို့ရှေ့ရှုသည့် လှုပ်ရှားမှုအစား၊ မော်က အမျိုးသားရေးကိုဦးစားပေး၍ **"အမျိုးသားဆိုရှယ်လစ်ဝါဒ"** အတွေးအခေါ်ကို တည်ထွင်ခဲ့သည်။

ဤကဲ့သို့သော ကွဲပြားခြားနားသည့်ချည်းကပ်နည်းသုံးမျိုး၏နောက်ကွယ်ရှိ အကြောင်းရင်းမှာ သူကိုယ်တိုင်ရောက်နေသည့်အခြေအနေများကို မော်ကတွေ့ရှိခြင်းပင်ဖြစ်ပေသည်။ တရုတ်နိုင်ငံတွင်၊ တနိုင်ငံလုံးနည်းပါး ရေးရိုးမိရိုးဖလာဆံသည့် တောင်သူလယ်သမားများသာဖြစ်နေသောကြောင့်၊ မော်က "အမျိုးသားတောင်သူလယ်သမားဆိုရှယ်လစ်ဝါဒ" ကို မတည်ထောင်ဘဲ အခြားရွေးစရာမရှိဖြစ်နေသည်။ မော်က မလွဲသာမရှောင်သာ တောင်သူလယ်သမားများကို ဦးစားပေးကာ၊ တောင်သူလယ်သမားများကိုစည်းရုံး၍ "တောရပ်ပြောက်ကျားစစ်" ပုံစံကို အသုံးချခဲ့လေသည်။

ဤအချက်က မော်ဝါဒသည် လီနင်ဝါဒနှင့်ခြားနားကြောင်းကို ပြဆိုသည်သာမက၊ အဘယ့်ကြောင့် ပိုမို၍ရှိင်းစိုင်းရက်စက်ကြမ်းကြုတ်၍ တင်းကျပ်သောအတွေးအခေါ်ဖြစ်သည် ဟူသောအချက်ကိုပါ ရှင်းပြပေသည်။ မော်ဝါဒပေါ်ထွက်လာခြင်းသည်၊ နကိုကတည်းက သနားကြင်နာခြင်းကင်းမဲ့၍ သွေးဆာသောကွန်မြူနစ်ဝါဒတွင်၊ ပိုမို၍အယူသန်ခြင်း၊ ဆင်ခြင်တုံတရားကင်းမဲ့သည့်အမျိုးသားရေးနှင့် ယဉ်ကျေးမှုကိုရန်လိုခြင်း စသည်တို့ကို ထပ်မံဖြည့်စွက်လိုက်ပေသည်။ မော်၏ကွန်မြူနစ်ဝါဒသည် အဆိုးရွားဆုံးစနစ်ဖြစ်၍၊ အဆိုးတကာ့အဆိုးဆုံးဟုပင် ခေါ်နိုင်ပေသည်။



**တရုတ်ကွန်မြူနစ်ဝါဒသည်၊ စတာလင်၏ထောက်ပံ့မှုဖြင့် ကြီးထွားတိုးတက်လာခဲ့၍ အာဏာရလာခဲ့၏။ သို့သော်လည်း တရုတ်နီ၏ ရက်စက်ကြမ်းကြုတ်မှုသည် စတာလင်ထက်ဆိုးသွမ်းပေသည်။**

မော်၏ကွန်မြူနစ်ဝါဒသည် တရုတ်နိုင်ငံတွင်သာ ဩဇာညောင်းခဲ့သည်မဟုတ်၊ နောင်တွင် (ခမာနီလက်ထက်) ကမ္ဘောဒီယား၊ မြောက်ကိုးရီးယားနှင့် အလ်ဘေးနီးယားနိုင်ငံများသို့ပင် ပျံ့နှံ့ခဲ့လေသည်။ မော်စီတုံးအတွေးအခေါ်သည် စတာလင်၏ထောက်ပံ့ကူညီမှုဖြင့် အာဏာကြီးထွားခဲ့၍၊ စတာလင်၏ခေတ်တွင် ဆိုဗီယက်–တရုတ်ဆက်ဆံရေးသည်လည်း အင်မတန်အဆင်ပြေခဲ့ပေသည်။ သို့သော်လည်း ၁၉၆၀–ခုနှစ်တွင် ဤဆက်ဆံရေးပျက်ပြားသွားကာ နှစ်နိုင်ငံသည် ရန်သူဖြစ်လာခဲ့၏။ တရုတ်–ဆိုဗီယက်ယှဉ်ပြိုင်မှုသည်လည်း ကမ္ဘာ့ကွန်မြူနစ်လောကကို နှစ်ပိုင်းခွဲပစ်လေသည်။ တရုတ်၏မဟာမိတ်ကွန်မြူနစ်နိုင်ငံနှင့် ဆိုဗီယက်ပြည်ထောင်စု၏မဟာမိတ်ကွန်မြူနစ်နိုင်ငံဟူ၍ နှစ်ပိုင်း ကွဲသွားသည်။

မော်အတွေးအခေါ်က တရုတ်နိုင်ငံနှင့်အတူ တရုတ်နိုင်ငံနောက်သို့လိုက်သောတိုင်းပြည်များသို့ ပေးဆောင်ခဲ့သောအခြေအနေတို့သည်၊ လီနင်နှင့်စတာလင်တို့က ရုရှားနိုင်ငံသို့ ယူဆောင်ခဲ့သလောက် မှောင်မိုက်၍သွေးချောင်းစီးခဲ့ပေသည်။ သို့သော်လည်း မော်စီတုံးအတွေးအခေါ်က "အဆိုးတကာ့အဆိုးဆုံး" အစိုးရများကို ဖန်တီးပေးခဲ့ပေသည်။

ရှေ့လာမည့်စာမျက်နှာများတွင်၊ အာရှတိုက်ကို လွှမ်းခြုံခဲ့သော အနီရောင်ရိုင်းစိုင်းရက်စက်မှုများကို ဆန်းစစ်ကြပါမည်။

## တရုတ်ပြည်သို့ ဒါဝင်ရောက်လာခြင်း

## Darwin's Visit to China

ကွန်မြူနစ်ဝါဒသည် အမှန်စင်စစ် ဥရောပတိုက်သားများ၏အတွေးအခေါ်ဖြစ်သည်။ ဥရောပတိုက်သားအတွေးအခေါ်ရှင်တို့က စတင် တင်ပြထား၍ ပထမဦးဆုံးဥရောပတိုက်သား နိုင်ငံရေးနိုးကြားလှုံ့ဆော်ရေးသမားများက လက်တွေ့ကျင့်သုံးခဲ့ကြသည်။ဘာသာအယူဝါဒကို ရန်လိုဆန့်ကျင်သည့် ဥရောပတိုက်တွင်အမြစ်တွယ်ခဲ့သောရုပ်ဝါဒ ဖြစ်သည်။ ဤအတွေးအခေါ်က၊ အစစအရာရာတွင် ဥရောပတိုက်နှင့် ခြားနားသော၊ တသီးတခြားရပ်တည်နေသည့် တရုတ်နိုင်ငံသို့ ရောက်လာခြင်းမှာ ထူးခြားလှပေသည်။ သို့သော်လည်း၊ တရုတ်နိုင်ငံ၏ မကြာသေးမီက သမိုင်းကိုကြည့်ပါက၊ ပုံစံတစ်မျိုးတည်းထွက်လာပေသည်။ တရုတ်နိုင်ငံသို့ ကွန်မြူနစ်ဝါဒ ရောက်လာခြင်းသည်၊ ဒါဝင်ဝါဒက တရုတ်နိုင်ငံတွင် ဘုရားမဲ့မိစ္ဆာဒိဋ္ဌိဝါဒ အမြစ်တွယ်လာစေသောကြောင့် ဖြစ်ပေသည်။

၁၈–ရာစုနှစ်ကုန်ပိုင်းမတိုင်မီ၊ တရုတ်ပြည်သည် မိမိတို့အကြောင်းကိုသာစိတ်ဝင်စား၍ အနောက်နိုင်ငံယဉ်ကျေးမှုမှ ကင်းကွာနေခဲ့သည်။ ၁၉–ရာစုနှစ်အတွင်း အင်္ဂလိပ်လူမျိုးကုန်သည်များရောက်လာခဲ့ခြင်းဖြင့်၊ တရုတ်နိုင်ငံကို ပြောင်းလဲမှုအမြောက်အမြားဖြစ်ပေါ်စေ၏။ သူတို့နှင့်အတူ ဤကုန်သည်တို့က တရုတ်ပြည်တွင် ယခင်ကမသိဘူးမကြားဘူးသောဘိန်းဟုခေါ်သည့်ပစ္စည်းတစ်မျိုးကို ယူဆောင်လာခဲ့ကြသည်။ ဘိန်းစားသုံးခြင်းသည် တရုတ်လူ့အဖွဲ့အစည်းတွင် ကူးစက်တတ်သောရောဂါကပ်ဆိုက်သကဲ့သို့ ပြန့်ပွားသွားခဲ့ရာ၊ ယင်းအကြောင်းကြောင့် အင်္ဂလိပ်–တရုတ်စစ်ပွဲ နှစ်ကြိမ်တိုင်တိုင် ဖြစ်ခဲ့သည်။ ဟောင်ကောင်နှင့်အတူ အခြားအရေးကြီးသည့် တရုတ်မြို့ကြီးများလည်း အင်္ဂလိပ်၏ဩဇာအောက်သို့ ကျရောက်သွားလေသည်။

ဤသို့ဖြင့်၊ တရုတ်ပြည်သို့ အင်္ဂလိပ်နယ်ချဲ့စနစ်ဝင်ရောက်လာခဲ့ရာ ဒါဝင်သီအိုရီကလည်း နယ်ချဲ့စနစ်ကိုသိပ္ပံနည်းကျကျ ထောက်ခံသောအတွေးအခေါ်အဖြစ် ပါလာခဲ့လေသည်။ ၁၉–ရာနှစ်တွင် ဥရောပတိုက်တွင် ပျံ့နှံ့ခေတ်စားနေသောရုပ်ဝါဒနှင့်ဒါဝင်အတွေးအခေါ်သည် တရုတ်ပညာရှိအသိုင်းအဝိုင်းတွင် လျင်မြန်စွာပျံ့နှံ့သွားလေသည်။ *အီဗိုလူးရှင်းစွယ်စုံကျမ်း*တွင် ရစ်ချာဒ်မိလ်နာက အောက်ပါအတိုင်း ရေးသားထားပေသည်။


> ၁၉–ရာစုနှစ်အတွင်း၊ အနောက်နိုင်ငံသားတို့က တရုတ်ပြည်ကို ပြည်ပနှင့်အဆက်အသွယ်ပြတ်နေ၍ ရှေးဟောင်းရိုးရာဓလေ့ညွှံတောတွင် နစ်နေသော အိပ်ပျော်နေသည့်နဂါးကြီးအဖြစ် သတ်မှတ်ကြပေသည်။ တရုတ်ပညာရှိအသိုင်းအဝိုင်းသည် ဒါဝင်၏အီဗိုလူးရှင်းအတွေးအခေါ်ကို တိုးတက်မှုနှင့်ပြောင်းလဲမှုအတွက် တွန်းအားဖြစ်နိုင်သည်ဟု စိတ်အားထက်သန်စွာ ဖမ်းဆုပ်လိုက်ကြသည်ကို အနည်းငယ်သောဥရောပတိုက်သားတို့ကသာ သတိထားမိခဲ့ကြပေသည်။ တရုတ်စာရေးဆရာ ဟူရှိ (*အသက်ရှင်နေသောအတွေးအခေါ်များ၊* ၁၉၃၁)၏အဆိုအရ၊ သောမတ် ဟပ်စလေ၏ *အီဗိုလူးရှင်းနှင့်လူ့ကျင့်ဝတ်တရား*စာအုပ်ကို ၁၈၉၈–ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေချိန်၌၊ တရုတ်ပညာရှင်တို့က ချက်ချင်းလက်ခံသြဘာပေးကြလေသည်။ ကြွယ်ဝချမ်းသာသူတို့က ဈေးသက်သာသော တရုတ်ဘာသာပြန်ကို ရိုက်ထုတ်ဖြန့်ဝေရန် ငွေကြေးထောက်ပံ့ကြသဖြင့်၊ လူထုကြားတွင် ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့သွားစေသည်။[၅၃]

အော်တိုမန်ခေတ်အဆုံးလောက်တွင် ယန်းတာက်(Young Turks)တို့ကို အနောက်နိုင်ငံရုပ်ဝါဒက ညှို့ယူဖမ်းစားခဲ့သကဲ့သို့သော အတွေးအခေါ်ရေးရာစာပေများကို ရေးသားသည့် ရုပ်ဝါဒနှင့်ဒါဝင်အတွေးအခေါ်ကို လက်ခံသူတို့၏စာပေများ တရုတ်နိုင်ငံတွင်လည်း ပေါ်ပေါက်လာပေသည်။ နောက်ဆုံးရလာဒ်မှာ၊ နှစ်ပေါင်းထောင်ချီ၍ တည်တံ့ခဲ့သောတရုတ်နိုင်ငံတော်ဧကရာဇ်ဘုရင်အုပ်ချုပ်ရေးစနစ်သည် ၁၉၁၁–ခုနှစ်တွင် ဖျက်သိမ်းခံရ၍ တရုတ်သမတနိုင်ငံတော်အစိုးရကို အစားထိုးလိုက်ပေသည်။ ထိုသမတနိုင်ငံတော်ကို တည်ထောင်သူတို့သည်၊ အနောက်နိုင်ငံကိုဆန့်ကျင်သည့် အပြောနှင့်ပေါ်လစီများကို မည်မျှပင်ပြောဆိုချမှတ်ကြပေသော်

လည်း၊ အနောက်နိုင်ငံများ၏နယ်ချဲ့စနစ်ကို တရားဝင်စေသည့် လူမျိုးစွဲနှင့်လူမှုရေးဒါဝင်ဝါဒကိုသာလျှင် ကူးယူကျင့်သုံးကြပေသည်။ *သမတနိုင်ငံသစ်* (The New Republic) ဟူသော အမေရိကန်မဂ္ဂဇင်းတစ်စောင်၏ အယ်ဒီတာ ဂျက်ကော့ဘ် ဟီလ်ဘန်းက အောက်ပါအတိုင်း ရေးသားခဲ့ပေသည်။

> ထိုခေတ်ကာလတွင်၊ အနောက်နိုင်ငံတို့၏အတွေးအခေါ်နှင့်တီထွင်မှုများဖြင့် တန်ပြန်အသုံးပြုမည့်အကြံသည် အထွတ်အထိပ်သို့ရောက်နေအောင် ခေတ်စားခဲ့လေသည်။ ပီကင်းမြို့ကြီးတွင် ၁၉၁၉–ခုနှစ် မေလ ၄–ရက်နေ့တွင် ဖြစ်ပေါ်သည့် ဆန္ဒပြပွဲတွင်၊ ခေတ်သစ်ပြောင်းလဲရေးနှင့် ညီညွတ်ရေးကို တောင်းဆိုခဲ့ကြသည်။ ပညာတတ်အသိုင်းအဝိုင်းတွင် သိပ္ပံပညာနှင့်ဒီမိုကရေစီ ခေတ်စားလျက်ရှိ၏။––(တရုတ်သမိုင်းနှင့်အတွေးအခေါ်များဆိုင်ရာ ပါမောက္ခ) တူဝေမင်က "အမှန်မှာ သိပ္ပံပညာသော်လည်းကောင်း၊ ဒီမိုကရေစီသော်လည်းကောင်း၊ တစ်ခုမှမဟုတ်ချေ။ သိပ္ပံပညာဆန်ခြင်းနှင့် သာမန်လူထု၏အကျိုးကို ရည်မျှော်သည်ဟုဆိုသောဝါဒများသာလျှင် နောက်ကွယ်တွင် ပုန်းလျှိုနေပေသည်ဟု ၁၉၉၆–ခုနှစ် ဆောင်းရာသီထုတ် *ဒေးဒါလပ်စ်*စာစောင်တွင် ဖော်ပြထားပေသည်။ ––မေလ ၄–ရက်နေ့နောက်ပိုင်းကာလတွင်၊ အဓိကကျသည့်ဆင်ခြင်တုံတရားနှင့် ဂျေကိုဘင်အဖွဲ့ (ပြင်သစ်တော်လှန်ရေးဖေါ်ထုတ်သောအဖွဲ့)ကဲ့သို့ စုပေါင်းစနစ်တို့က တရုတ်ပညာတတ်လောက၏ အတွေးအခေါ်အခြေခံပိုင်းကို ပြန်လည်ပြင်ဆင်ပြောင်းလဲပစ်ခဲ့၏။" လျှို့ဝှက်ဂျာနယ်ကို တည်းဖြတ်သူ၏၊ ဒါဝင်နှင့်စပင်ဆာတို့၏ စာပေများကို တစ်ဝက်တစ်ပြတ်လျှော့ပေါ့ထားသောစာပေများက၊ လျန်ကီချုကဲ့သို့သောပြုပြင်ပြောင်းလဲရေးသမားတို့အပေါ်တွင် ဩဇာညောင်းနေခဲ့ပေသည်။ သူတို့က ပြိုင်ဆိုင်ခြင်းစစ်သည် တိုးတက်ဖွံ့ဖြိုးရေး၏သော့ချက်ဖြစ်သည်ဟု ယုံကြည်ကြလေသည်။[၅၈]


အထက်တွင် ကိုးကားခဲ့သည့် လူမျိုးရေးသမားအတွေးအခေါ်ရှင် စပင်ဆာသည်၊ ဒါဝင်နှင့် တခေတ်တည်းဖြစ်၍ ဒါဝင်၏သီအိုရီကို လူမှုရေးသိပ္ပံတွင် အသုံးချသူဖြစ်သည်။ ကြမ်းတမ်းရက်စက်မှုနှင့် မတရားမှုအတွေးအခေါ်များအပြင်၊ ဥရောပတိုက်သားများကအဆင့်ပိုမြင့်ခြင်းနှင့် နိုင်ငံအသီးသီးရှိလူမျိုးအသီးသီးတို့နှင့် အဆက်မပြတ်ပဋိပက္ခဖြစ်နေရန် လိုအပ်ကြောင်း၊ လူ့အဖွဲ့အစည်းတွင် အားနည်းချိနဲ့သူတို့နှင့် ဆင်းရဲနွမ်းပါးသူတို့ ပါဝင်ဖွဲ့စည်းနေခြင်း မရှိသင့်ကြောင်းကို အဆိုပြုတင်ပြသူ ဖြစ်သည်။



ဒါဝင်၊ ဟပ်စလေနှင့် ဂေါလတန် တို့သည်၊ တရုတ်ပညာရှင်အချို့ကို ဖက်ဆစ်ဝါဒနှင့်ကွန်မြူနစ်ဝါဒ သို့ သွေးဆောင်သွတ်သွင်းခဲ့သူ အီဗိုလူးရှင်းဝါဒီသုံးဦးဖြစ်သည်။

ဒါဝင်နှင့်စပင်ဆာတို့ ဩဇာညောင်းသော တရုတ်ပညာရှင်များအနက်၊ **ယင်ဖူ** နှင့် **တင်ဝင်ချိုင်**တို့နှစ်ဦး၏အတွေးအခေါ်သည် ခေတ်သစ်တရုတ်နိုင်ငံ၏အခြေခံမူတွင် ဩဇာအများဆုံးသက်ရောက်ပေသည်။ အမေရိကန်လူမျိုးသမိုင်းပါရဂူ ဘင်ဂျမင်ရှဝါတ်ဇ်က၊ *တရုတ်ကွန်မြူနစ်ဝါဒနှင့် မော်၏တက်လမ်း* ဟူသောစာအုပ်တွင် ယင်ဖူနှင့် သူ၏ဒါဝင်အတွေးအခေါ်ကို ပေါ်လွင်

ထင်ရှားစွာ ဖော်ပြထားပေသည်။ ရှဝါတ်ဇ်၏အဆိုအရ၊ ယင်ဖူသည် စပင်ဆာနှင့်အခြားအနောက်နိုင်ငံသားတို့၏ရေးသားချက်များကို ဖတ်ရှုပြီး အနောက်နိုင်ငံအတွေးအခေါ်သီအိုရီများသည် လူ့အဖွဲ့အစည်းကို ပြောင်းလဲပေးနိုင်၍ ချမ်းသာကြွယ်ဝခြင်းနှင့် အာဏာအင်အားကြီးထွားစေနိုင်သော ဆေးအညွှန်းအဖြစ်မြင်လေသည်။[၅၉] **ဒါဝင်၏သီအိုရီများသည်၊ အမှန်တရားကို ဖော်ပြထားခြင်းသာမဟုတ်ဘဲ၊ လုပ်ဆောင်ချက်နည်းလမ်းနှင့်တန်ဘိုးများအတွက် အညွှန်းဖြစ်သည်**[၆၀] ဟု ယုံကြည်ကြကြောင်း ထုတ်ဖော်ထားပေသည်။



ဒါဝင်ဝါဒ (တစ်နည်းအားဖြင့် ဒါဝင်အတွေးအခေါ်)သည် တရုတ်ပြည်၏ကွန်မြူနစ်ဝါဒနှင့် ဖက်ဆစ်ဝါဒတို့ကို မွေးစားခဲ့၏။ ဖက်ဆစ်ခေါင်းဆောင် ချန်ကေရှိတ်ကို ဒါဝင်အတွေးအခေါ်က ဩဇာညောင်းခဲ့ပေသည်။

**တင်ဝင်ချိုင် (Ting Wen-chiang)**သည်လည်း အရေးကြီးသည့် တရုတ်လူမျိုးအတွေးအခေါ်ရှင်တစ်ဦးဖြစ်၍ ကွန်မြူနစ်ခေါင်းဆောင်လည်းဖြစ်၏။ သူ၏အမြင်များသည်လည်း ဒါဝင်အတွေးအခေါ်တွင် အခြေခံခဲ့ပေသည်။ "တင်"သည် တရုတ်ပြည်၌ ၁၉၁၀–ခုနှစ်များနှင့် ၁၉၂၀–ခုနှစ်များတွင် ဖြစ်ပေါ်သည့် **"ယဉ်ကျေးမှုသစ်"**လှုပ်ရှားမှု၏ အရေးကြီးဆုံးသောကိုယ်စားလှယ်ဖြစ်သည်။ ဤလှုပ်ရှားမှု၏အရေးကြီးဆုံးအင်္ဂါရပ်မှာ တရုတ်လူမျိုးတို့၏ ဘာသာအယူဝါဒဖြစ်သည့် ကွန်ဖူးရှပ်အတွေးအခေါ်ကို ဆန့်ကျင်၍၊ ရုပ်ဝါဒအမြင်ကို အစားထိုးရန် နည်းလမ်းရှာခြင်းပင်ဖြစ်သည်။ (ယဉ်ကျေးမှုသစ်လှုပ်ရှားမှုသည် မော်၏ကွန်မြူနစ်ဝါဒနှင့် ၎င်း၏ရန်ဘက် ချန်ကေရှိတ်၏ ဖက်ဆစ်ဝါဒ နှစ်မျိုးစလုံး၏ အခြေခံရာရေသောက်မြစ်ဖြစ်ခြင်းက ရယ်စရာကောင်းသောအချက်တစ်ချက် ဖြစ်နေပေသည်)။

*တင်ဝင်ချိုင်–သိပ္ပံပညာနှင့်တရုတ်နိုင်ငံ၏ယဉ်ကျေးမှုသစ်* ဟူသောစာအုပ်တွင်၊ အမေရိကန်လူမျိုး ချားလော့ ဖါးတ်က ယဉ်ကျေးမှုသစ်လှုပ်ရှားမှု၏ အကြီးအကဲဖြစ်သူ တင်ဝင်ချိုင်ကို အတော်အတန်အသေးစိတ်အောင် လေ့လာဆန်းစစ်ထားပေသည်။

ချားလော့ဖါတ်၏အဆိုအရ၊ ဝင်ချိုင်သည် အီဗိုလူးရှင်းအတွေးအခေါ်ရှင်များဖြစ်ကြသည့် ဒါဝင်၊ ဟပ်စလေနှင့် စပင်ဆာတို့၏စာပေများကို တရုတ်ဘာသာသို့ပြန်ဆိုခြင်းသာပြုခဲ့၏။ ထို့ကြောင့်၊ ဖါးတ်က တင်ဝင်ချိုင်ကို **"တရုတ်ပြည်၏ ဟပ်စလေ"**[၆၁] ဟုခေါ်ထားသည်။ (ဒါဝင်၏အကြီးကျယ်ဆုံးထောက်ခံအားပေးသူ ဟပ်စလေကို သူ၏ခေတ်လူများက သူ့ကို **"ဒါဝင်၏အိမ်စောင့်ခွေး"**ဟု ခေါ်ကြ၏။)

တင်ဝင်ချိုင်သည် ဇီဝဗေဒနှင့် ဘူမိဗေဒဘာသာကို စကော့တလန်ပြည်နယ်၊ ဂလတ်စကိုတက္ကသိုလ်တွင် ဆည်းပူးခဲ့၏။ ၁၉၁၁–ခုနှစ်တွင် တရုတ်ပြည်သို့ပြန်လာခဲ့၍၊ အသစ်စက်စက် တည်ထောင်ထားသောတရုတ်သမတနိုင်ငံတော်တွင် ရုပ်ဝါဒနှင့် ဒါဝင်အတွေးအခေါ်ကို ဖြန့်ဖြူးရန် အင်တိုက်အားတိုက်ကြိုးပန်းခဲ့သည်။ **ဒါဝင်၏ညီဝမ်းကွဲ ဖရန်းစစ် ဂေါ်လ်တန်၏ လူမျိုးသန့်စင်ရေး(ယူဂျီနစ်)သီအိုရီ**[၆၂] ကိုပင် ဖြန့်ဖြူး၏။

(လူမျိုးသန့်စင်ရေးသီအိုရီသည်၊ လူမျိုးတစ်မျိုးအတွင်း ကျန်းမာသန်စွမ်းမှုမရှိသူများနှင့်ဒုက္ခိတများကို ရှင်းလင်းပစ်ခြင်းဖြင့်၊ ကျန်းမာသန်းစွမ်းသောလူသားများသာလျှင် "မိတ်လိုက်"ကြကာ တကမ္ဘာလုံးတွင် ကျန်းမာသန်စွမ်းသည့်လူသားများသာ တိုးပွားဖွံ့ဖြိုးလာမည်ဟု တင်ပြထားပေသည်။ ဤသီအိုရီကို နာဇီဂျာမနီနိုင်ငံတွင် အကျယ်တဝင့်လက်တွေ့ကျင့်သုံးခဲ့၏။)

ဟားဗတ်တက္ကသိုလ်မှ သမိုင်းပါမောက္ခဖြစ်ပြီး ယဉ်ကျေးမှုသစ်လှုပ်ရှားမှုနှင့်ပတ်သက်၍ အရေးပါသောဝေဖန်သူတစ်ဦးက၊ အောက်ပါအတိုင်း ဆိုထားသည်။

> ယဉ်ကျေးမှုသစ်လှုပ်ရှားမှု၏ကြွေးကြော်သံများသည် ယခင်က ဒါဝင်ကထောက်ခံခဲ့သောကြွေးကြော်သံတွေချည်းဖြစ်၏။ ယခုလည်း ယခင်ကအတိုင်း ထပ်မံထောက်ခံအားပေး၏။ ဒါဝင်သည် ယဉ်ကျေးမှုသစ်လှုပ်ရှားမှုကို ကာကွယ်စောင့်ရှောက်မှုပေးနေသည့်သူတော်စင် ဖြစ်သွားတော့သည်။––သူ၏သီအိုရီက "ပစ္စုပ္ပန်က အတိတ်ထက်သာလွန်ထူးကဲ၍၊ အနာဂတ်သည် ပစ္စုပ္ပန်ထက် သာလွန်ထူးကဲသည်" ဟူသောအဆို မှန်ကန်ကြောင်းကို "သက်သေခံ"နေသည်ဟု ယဉ်ကျေးမှုသစ်လှုပ်ရှားမှုခေါင်းဆောင်တို့က မလျှော့တမ်း အခိုင်အမာပြောဆိုနေကြသေးသည်။ ဤယုံကြည်ချက်သည်၊ *စွန်ချင်ပိုကု* (ပစ္စုပ္ပန်ကို လေးစား၍ အတိတ်ကို အထင်သေးရန်) ဘုရားမဲ့ဝါဒ၏နောက်ကွယ်ရှိ စီရင်ချက်အမိန့် ဖြစ်ပေသည်။ ကွန်မြူနစ်တို့၏ နောက်ပိုင်းစီရင်ထုံးမှာ *ဟောင်ချင်ပိုကု* (ပစ္စုပ္ပန်ကိုအမွှန်းတင်၍ အတိတ်ကို အထင်သေးပါ) ဖြစ်၏။[၆၃]

တရုတ်ပြည်တွင် ဒါဝင်အတွေးအခေါ်ပြန့်ပွားသွားသည်နှင့်အမျှ၊ ၂၀–ရာစုနှစ်ဦးပိုင်းတွင် ယင်းအတွေးအခေါ်ကိုထောက်ခံအားပေးသည့် ဤတရုတ်အတွေးအခေါ်ရှင်များက၊ ပထမအဆင့်အဖြစ် ဖက်ဆစ်ဝါဒသို့ယိုင်သော တရုတ်အမျိုးသားကူမင်တန်ပါတီကို မွေးထုတ်လိုက်ပြီး နောက်တဖန် တရုတ်ကွန်မြူနစ်ဝါဒကို မွေးထုတ်ခဲ့ပြန်သည်။ ကနေဒါနိုင်ငံသားအတွေးအခေါ်ပညာရှင် မိုက်ကယ် ရှူးစ်က *New Scientist (သိပ္ပံပညာရှင်သစ်)*စာစောင်တွင် အောက်ပါအတိုင်း ရေးသားခဲ့သည်။

> ဤအတွေးအခေါ်များက (တရုတ်ပြည်တွင်)ချက်ချင်းအမြစ်တွယ်ခဲ့လေသည်။ အဘယ့်ကြောင့်ဆိုသော်၊ တရုတ်ပြည်တွင် အနောက်နိုင်ငံများတွင်ရှိသကဲ့သို့ အီဗိုလူးရှင်းအတွေးအခေါ်ကို ဆန့်ကျင်မည့်ပင်ရင်းအတွေးအခေါ်နှင့် ဘာသာရေးအတားအဆီးမရှိပေ။ အမှန်မှာ ဒါဝင်ကိုက တရုတ်ဆန်သည်ဟုပင် ဆိုနိုင်ပေသည်။––တောဝ်အတွေးအခေါ်နှင့် ကွန်ဖူးရှပ်သစ်အတွေးအခေါ်တို့က လူသားကို ဝတ္ထုပစ္စည်းအဖြစ် မကြာခဏပုံနှိုင်းထားခြင်း ရှိသည်။ ကျွန်ုပ်တို့ တစ်ကြိမ်သောအခါက တိရစ္ဆာန်ဖြစ်ခဲ့ဘူးသည်ဟူသောအတွေးအခေါ်သည်လည်း ကြီးကျယ်သည့်ထိတ်လန့်ဖွယ်ရာအကြောင်းမဟုတ်ချေ။––ယနေ့လက်ရှိ တရားဝင်အတွေးအခေါ်သည် မားက့်စ်–လီနင်ဝါဒဖြစ်၍၊ လူသားသည် တိရစ္ဆာန်တစ်မျိုးဖြစ်သည်ဟူသော အတွေးအခေါ်တစ်မျိုးတည်းသာ ဖြစ်ပေသည်။ သို့သော်လည်း ဒါဝင်အတွေးအခေါ်ကို လောကီရေးသီးသန့်ရုပ်ဝါဒနည်းလမ်းဖြင့် ရှင်းလင်းခြင်း(ဆိုလိုရင်းမှာ၊ ကျယ်ပြန့်သော လူမှုရေးအတွေးအခေါ်)မရှိပါက၊ အခြေခံမြေသည်လည်း မော်၏တော်လှန်ရေးမျိုးစေ့ကို ကျဲနိုင်ခြင်းနှင့် အသီးအပွင့်တို့ကို ရိတ်သိမ်းနိုင်ခြင်း ရှိစေမည်မဟုတ်ပေ။[၆၄]

## "တရုတ်ပြည်က ချားလ်စ်ဒါဝင်ကို တွေ့ပြီ"

## "China find Charles Darwin"

၂၀–ရာစုနှစ်အတွင်း၌၊ တရုတ်ပြည်အပေါ် ဒါဝင်၏အတွေးအခေါ်ဩဇာလွှမ်းမိုးခြင်းသည်၊ အင်မတန်ကြီးကျယ်အားကောင်းလှသဖြင့်၊ အလွန်ကျော်ကြားသည့် ဟားဗတ်တက္ကသိုလ်သမိုင်းပါရဂူ ဂျိမ်းစ်ရီဗ်ပူဆီက၊ *တရုတ်ပြည်နှင့် ချားလ်စ်ဒါဝင်*ဟူသောစာအုပ်ကို ဤအကြောင်းတစ်ခုတည်းနှင့်ပတ်သက်၍ သီးခြားစာအုပ်ရေးသားခဲ့ပေသည်။ အင်္ဂလန်နိုင်ငံတွင်ပုံနှိပ်ထုတ်ဝေသော ဒါဝင်၏ *မျိုးစုများစတင်ဖြစ်ပေါ်လာခြင်း* စာအုပ်ကို ၃၆–နှစ်အကြာ ၁၈၉၅–ခုနှစ်တွင် ဘာသာပြန်ထုတ်ဝေလိုက်ရာ၊ တရုတ်ပညာရှိတို့အကြားတွင် အင်မတန်တို တောင်းသည့်အချိန်အတွင်း လျင်မြန်စွာပျံ့နှံ့သွားခဲ့၍၊ လူမှုရေးနှင့်နိုင်ငံရေးအရ ကြီးကျယ်သော အကျိုးဆက် သက်ရောက်မှုရှိခဲ့လေသည်ဟု ၎င်းစာအုပ်တွင်ရေးသားထား၏။ သူ၏စာအုပ်စကားချီးတွင်၊ ပူဆီကအောက်ပါအတိုင်း ရေးသားထား၏။

> "အားနည်းသူသည် အင်အားကြီးသူရှေ့တွင် ငုံ့ရ၏" – ၁၈၉၅–ခုနှစ်နောက်ပိုင်းတွင် လူတိုင်းသိသည့် စပင်ဆာ၏ "အကြံ့ခိုင်ဆုံးသူက ဆက်၍ အသက်ရှင်၏" ဟူသောကြွေးကျော်သံကို ဂျပန်စကား–တရုတ်စကားဘာသာပြန်က၊ *ယူရှင်လီယာပိုင်* (သာလွန်သူအနိုင်၊ ညံ့သူအရှုံး)ဟု ပြန်ကြသည်။––ဤစကားတို့က ဆောင်းပါးပေါင်းထောင်ချီ၍ ရေသားစေပြီး၊ တရုတ်စာစောင်မဂ္ဂဇင်း

သတင်းစာ အယ်ဒီများ၏စိတ်ကူးစိတ်သန်းများကို နှစ်အတန်ကြာသည်အထိ စိုးမိုးထားခဲ့၍၊ လုပ်ရပ်ဆောင်ရွက်ချက်တိုင်းကို ဤသဘောတရားဖြင့် သုံးသပ်ငြင်းခုံခဲ့ကြသည်။[၆၅]

*တရုတ်ပြည်နှင့် ချားလ်စ်ဒါဝင်* ဟူသောစာအုပ်တွင်၊ ဟားဗတ်တက္ကသိုလ်သမိုင်းပါရဂူ ဂျိမ်းစ်ရီဗ် ပူဆီက၊ ဒါဝင်အတွေးအခေါ်သည် တရုတ်ပြည်ကို အကြီးအကျယ်သြဇာညောင်း၍ ကွန်မြူနစ်နှင့် ဖက်ဆစ်အတွေးအခေါ်နှစ်မျိုးစလုံး၏ အခြေခံမှုများကို ပြင်ဆင်ပေးခဲ့၏–ဟု ရေးသားထား၏။



၎င်းစာအုပ်တွင်၊ ပူဆီက ၂၀–ရာစုနှစ်ပထမပိုင်း၌ တရုတ်ပြည်တွင်ခေတ်စားနေသည့် အတွေးအခေါ်များကိုဆန်းစစ်၍ မော်ဝါဒ မည်ကဲ့သို့အခြေခံအုတ်မြစ်ချလာခဲ့သည်ကို ကျွန်ုပ်တို့အား ပြောပြထားပေသည်။ သူဆန်းစစ်သည့်ပုဂ္ဂိုလ်များအနက် ထိုခေတ်၌နာမည်ကျော်ကြား၍ ဒါဝင်၏အတွေးအခေါ်နှင့် ရုပ်ဝါဒအတွေးအခေါ်တို့၏ ညှို့ခါတ်မှိုင်းမိခဲ့သောစာရေးဆရာ လျန်ချီချောင်လည်း တစ်ဦးအပါအဝင်ဖြစ်သည်။

> သူ(လျန်ချီချောင်)က စိတ်ကူးယဉ်အတွေးအမြင်ပဓါနဝါဒနှင့် ရုပ်ဝါဒအတွေးအခေါ်များအကြောင်းကို ၁၉၀၂–ခုနှစ် အောက်တိုဘာလ ၁၆–ရက်ထုတ်လောက်စောစောကတည်းကပင် *ဆင်မင်စုန့်ပေါင်*ခေါ် တရုတ်ဘာသာဂျာနယ်တစ်စောင်တွင် ထုတ်ဖေါ်ရေးသားခဲ့လေပြီ။ အခြားနေရာများတွင်လည်း ဖေါ်ပြခဲ့ဘူးပေမည်ဟု ထင်ရပေသည်။ အဘယ့်ကြောင့်ဆိုသော် ထိုစာစောင်တွင် အသေးစိတ်အဓိပ္ပါယ်များကို ရှင်းပြထားခြင်းမရှိဘဲ ရုပ်ဝါဒသည် ပိုမိုကောင်းမွန်၍ ဒါဝင်ကြောင့် စိတ်ကူးယဉ်အတွေးအမြင်ပဓါနဝါဒ (idealism)ကို ကျော်လွန်လွှမ်းမိုးသွားနေပြီဖြစ်ကြောင်း ဖေါ်ပြထားပေသည်။ "လွန်ခဲ့သည့် နှစ်ဆယ့်လေးနှစ်မှစ၍ ကမ္ဘာကြီးသည် အီဗိုလူးရှင်းသီအိုရီကြောင့် ကျွန်ုပ်တို့မျှော်နေခဲ့သည့် ကြီးကျယ်ခန်းနားမှု ရရှိနေပြီ။ ရုပ်ဝါဒပေါ်ထွန်းမြင့်တက်လာသည်နှင့်အမျှ၊ အတွေးအမြင်ပဓါနဝါဒသည်လည်း ချောက်ကပ်သွားလေပြီ။"[၆၆]

*တရုတ်ပြည်နှင့်ဒါဝင်* စာအုပ်တွင်၊ အငြင်းပွားဖွယ်မဆုံးနိုင်သည့် တရုတ်ပြည်၏တော်လှန်ရေးဖြစ်စဉ်နှင့် မော်ဝါဒကို အာဏာရလာအောင် မည်မျှကြီးကျယ်အောင် သြဇာညောင်းခဲ့သည့်အကြောင်း ရေးသားထားပေသည်။

> ဒါဝင်က တရုတ်အတွေးအခေါ်ပြန်လည်ခေတ်စားလာခြင်းကို စေ့ဆော်နှိုးကြွပေးခဲ့၏။ အထူးသဖြင့် အများက အမြတ်တနိုးထားသည့် ရိုးရာအတွေးအခေါ်အချို့ကို တုပြိုင်ခြင်းနှင့် သြဇာတိကမရှိသည့် ရှေးရိုးထုံးတမ်းစဉ်လာမိရိုးဖလာ အားလုံးကို ရှုတ်ချပစ်ခြင်းတွင် အများဆုံးစေ့ဆော်မှုပေးခဲ့သည်။ ––သို့သော်လည်း အချိန်ကာလအားဖြင့် တိုတောင်းလှပေသည်။ မော်စီတုံးအတွေးအခေါ် ဟုခေါ်သည့် ရိုးရိုးစင်းစင်းထုံးစံသစ်ကို လိုက်နာရန်အတင်းအကြပ်ချမှတ်ခြင်းက တိုတောင်းသည့်ကာလအတွင်း ဖြတ်တောက်ပစ်လေသည်။
>
> ထို "အတင်းအကြပ် ချမှတ်ခြင်း"ကလည်း၊ ဒါဝင်အတွေးအခေါ်တွင် အများဆုံးမှီခိုခဲ့ရပေသည်။ ဒါဝင်က အကြမ်းဖက်သောပြောင်းလဲခြင်းနှင့်တော်လှန်ရေးကို တရားဝင်စေခြင်းကြောင့်ဖြစ်သည်။ ဤကား တရုတ်ပြည်အတွက် ဒါဝင်၏အရေးပါဆုံးနှင့်အလေးနက်ဆုံးသောပေးဆောင်ချက်ပင် ဖြစ်

> ပေသည်။ မည်သို့ဘဲဖြစ်ဖြစ်၊ တရုတ်ပြည်သည် တော်လှန်ပုန်ကန်မှုဖြစ်ပေါ်ရန် လိုအပ်သည်ဟုယုံကြည်သူတို့အတွက်၊ တရားဝင်သည်ဟုအကြောင်းပြနိုင်သည့်သီအိုရီတစ်ခုခုကို အရှူးအမူးအသေအလဲ လိုအပ်နေပေသည်။ အဘယ့်ကြောင့်ဆိုသော်၊ မိုးကျအမိန့်မရှိဘဲ နှစ်ပေါင်းသုံးထောင်ကြာမြင့်သည်အထိ စိုးမိုးခဲ့သောဘုရင်ဧကရာဇ်စနစ်ကို တော်လှန်ပုန်ကန်ခြင်းသည် အကြီးလေးဆုံးသော င ရဲအပြစ်ဒဏ်နှစ်ခုအနက် တစ်ခုဖြစ်နေပေသည်။ (အခြားတစ်ခုမှာ သားသမီးတို့၏ မိဘတို့ကို ကိုးကွယ်မှုပျက်ကွက်ခြင်း ဖြစ်သည်။) ဤကဲ့သို့သော အင်အားကြီးသည့်ငရဲပြစ်ဒဏ်အသိတရားကို စိမ်ခေါ်ရန် မော်စီတုံး၊ ဂုချီဟွီ၊ ဆွန်ယက်ဆင်နှင့် လျန်ချီချောင်တို့က ဒါ၀င်အတွေးအခေါ်ကြေညာချက်ဖြင့် တော်လှန်ပုန်ကန်ခြင်းသည် တရားဝင်သည်ဟူသောယုံကြည်ချက်ရှိလာရန် အင်တိုက်အားတိုက် ပင်ပန်းကြီးစွာ တိုက်ဖျက်ကြရခြင်း ဖြစ်သည်။ နောက်ဆုံးတွင် မော်စီတုံးက မားက့်စ်ဝါဒ–လီနင်ဝါဒ နှစ်မျိုးစလုံးကို *စောင်ဖန်ယူလီ* “တော်လှန်ပုန်ကန်ခြင်းသည် တရားဝင်သည်။” ဟူသောဝါကျတစ်ခုတည်းတွင် စုပေါင်းထားနိုင်သည်ဟု ကြေညာခဲ့ပေသည်။––ဤအဆိုသည်၊ ပုန်ကန်ခြင်းသည် သဘာဝနိယာမဖြစ်သည်ဟု ဆိုလို၏။ ယင်းသင်ခန်းစာကို မော်စီတုံးအား မားက့်စ်ကသော်လည်းကောင်း၊ ဆွန်ယက်ဆင်ကသော်လည်းကောင်း၊ လျန်ချီချောင်ကသော်လည်းကောင်း သင်ပေးခြင်းမဟုတ်ပေ။ မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ၊ ဒါ၀င်ထံမှတိုက်ရိုက် ရယူခြင်းဖြစ်သည်။
>
> ဒါ၀င်၏သီအိုရီက တော်လှန်ရေးကို တရားဝင်စေပြီး နောက်တစ်ဆင့် လျန်ချီချောင်၊ ဟူရှီနှင့်မော်စီတုံး(အပြင် အခြားအမြောက်အမြား)တို့၏ ယဉ်ကျေးမှုတော်လှန်ရေးကိုပါ ထပ်မံတရားဝင်စေခဲ့သည်။ ထို့အပြင်၊ ဆွန်ယက်ဆင်၊ ချန်ကိုင်ရှိတ်နှင့် မော်စီတုံးတို့၏ နိုင်ငံရေးတော်လှန်ရေးကိုလည်း တရားဝင်စေသည်။––
>
> မားက့်စ်ဝါဒီတို့က၊ ကျွန်ုပ်အထင်၊ ဤဆန်းစစ်ချက်ကို ကြိုက်နှစ်သက်ကြမည်မဟုတ်ပေ။ ဆိုရှယ်ဒါဝင်ဝါဒီတို့ကြောင့် သူတို့အောင်မြင်မှုရရှိခဲ့ကြခြင်းမဟုတ်ဟု ပြောကြပေလိမ့်မည်။––ကွန်မြူနစ်တော်လှန်ရေးအဆုံးပိုင်းတွင် မြေပိုင်ရှင်များ၏ဖိနှိပ်မှု၊ အရင်းရှင်တို့၏ ခေါင်းပုံဖြတ်မှုနှင့် နယ်ချဲ့(အနည်းဆုံး ဂျပန်)တို့၏ကျူးကျော်မှုတို့က မီးမွှေးပေး လိုက်သော“လူထုအင်အား”ပါဝင်ခဲ့သည်ကား မှန်၏။ သို့သော်လည်း အခြားအင်အားစုများကလည်း ဖေါ်ထုတ်နိုင်ပေသည်။ (အမျိုးသားဝါဒီတို့လည်း ဖေါ်ထုတ်နိုင်သည်။)
>
> မားက့်စ်ဝါဒီတို့က ထိုသို့ဖေါ်ထုတ်နိုင်သည့်မားက့်စ်ဝါဒီတို့ အဆင်သင့်ရှိနေခဲ့ပြီဖြစ်သောကြောင့် ဖေါ်ထုတ်ခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း ထိုမားက့်စ်ဝါဒီတို့က ပညာရှင်များဖြစ်ကြ၏။––မားက့်စ်ဝါဒက ပညာရှင်များကို မားက့်စ်ဝါဒီများအဖြစ် ပြောင်းလဲပေးခဲ့၏––ထိုပညာရှင်တို့သည် ဒါ၀င်ဝါဒီဖြစ်နေကြပြီးသူများသာ ဖြစ်ကြသည်။ အကယ်၍သာ မားက့်စ်ဝါဒီပညာရှင်တို့က “ရှေ့ရေးကိုမြော်မြင်နိုင်သူ”များဖြစ်၍၊ လူထုကို နိုးကြွစေခဲ့သူများဖြစ်ပါက၊ တရုတ်ပြည်၏ စောစောပိုင်း လူမှုရေး(ဆိုရှယ်)ဒါ၀င်ဝါဒီများဖြစ်သည့် ယင်ဖူ၊ လျန်ချီချောင်၊ ဆွန်ယက်ဆင်၊ လီရှီစင်၊ ဂုချီဟွီတို့သည် မားက့်စ်ဝါဒီတို့ကို နှိုးဆွပေးခဲ့သည့် ထို“ရှေ့ရေးကို မြော်မြင်နိုင်သူ”များ ဖြစ်ကြ၏။––
>
> မေးခွန်းတစ်ခု ကျန်နေသေးသည်။ “တရုတ်ပြည်ကို မားက့်စ်ဝါဒနှင့် မော်စီတုံးအတွေးအခေါ်များတွင် အံဝင်ဂွင်ကျဖြစ်အောင် ဒါ၀င်က တရုတ်ပြည်အတွက် ဘာလုပ်ပေးသနည်း။” ဤမေးခွန်းကို မမေးဘဲ နေ၍မရပေ။[၆၇]

သူ၏ဆန်းစစ်ချက်သည် ဒါ၀င်အတွေးအခေါ်က တရုတ်ကွန်မြူနစ်ဝါဒ၏ အခြေခံဖြစ်ကြောင်းကို ရှင်းလင်းစွာ ပြထားပေသည်။ တရုတ်ပြည်သည် နှစ်ပေါင်းထောင်နှင့်ချီ၍ တသီးတခြားအဆက်ပြတ်နေခဲ့သည့် အင်ပါယာကြီးဖြစ်သည်။ ဆယ်နှစ်အတွင်း တရုတ်နီတိုင်းပြည်အဖြစ် ပြောင်းလဲသွား၏။ ဤပြောင်းလဲမှု၏နောက်ကွယ်ရှိ အတွေးအခေါ်သည် ဒါ၀င်ဝါဒ (ဒါ၀င်အတွေးအခေါ်)ပင် ဖြစ်ပေသည်။

သို့သော်၊ ဒါ၀င်အတွေးအခေါ်က မော်စီတုံးအတွေးအခေါ်အတွက် တရုတ်ပြည်ကို မည်သို့ ပြင်ဆင်ပေးခဲ့သနည်း။

## မော်စီတုံး ကွန်မြူနစ်မည်သို့ဖြစ်လာခဲ့သနည်း။

## How Did Mao Become a Communist?

ဤအချိန်အထိ၊ ကျွန်ုပ်တို့က တရုတ်ပြည်ကို မော်စီတုံးကအတွေးအခေါ်သို့ပြောင်းလဲပေးခဲ့ပုံကို ဆန်းစစ်ခဲ့ကြပြီ။ သို့သော်လည်း၊ မော်ကိုယ်တိုင်၏ ကိုယ်ရေးကိုယ်တာအကြောင်းကိုလည်း ဆန်းစစ်သင့်ပါသည်။

မော်စီတုံးသည် ၁၈၉၃–ခုနှစ်တွင် တရုတ်ပြည်တောင်ပိုင်း ကျေးရွာတစ်ခု၌ မွေးဖွားခဲ့၏။ ငယ်စဉ်တောင်ကျေးဘဝကတည်းက သူသည် ပီကင်းမြို့ကြီးသို့သွားရောက်၍ အခြေချနေထိုင်လိုခဲ့သည်။ အသက်တစ်ဆယ့်ငါးနှစ်အရွယ်တွင် မြို့တော်ကြီးရှိ ယဉ်ကျေးမှုသစ်လှုပ်ရှားမှုမှထုတ်ဝေသော *လူငယ်သစ်* စာစောင်ကို နှစ်သက်စွာဖတ်ခဲ့သည်။ ထိုမဂ္ဂဇင်းတွင် ယင်ဖူနှင့်တင်ဝင်ချိုင်စသည့်ဒါဝင်ဝါဒဖြန့်ချိရေးသမားများ၏ဆောင်းပါးများဖြင့် ပြည့်နက်လျက်ရှိသည်။

၁၉၁၈–ခုနှစ်တွင် မော်က သူအမြဲရောက်ဘူးမြင်ဘူးလိုခဲ့သည့် မြို့တော်ကြီးသို့ ရောက်ခဲ့၏။ ပီကင်းတက္ကသိုလ်မှဆရာတစ်ယောက်ဖြစ်သော ယန်ချန်စီနှင့် မိတ်ဆွေဖြစ်သွားပြီး၊ ထိုဆရာက အလားအလာရှိသည့်လူငယ်မော်စီတုံးကို တက္ကသိုလ်စာကြည့်တိုက်တွင် အလုပ်သွင်းပေးလိုက်သည်။ မော်က အလုပ်စတင်ချိန်တွင် စာအုပ်ကက်သလောက်များစီစဉ်ခြင်း၊ စာအုပ်ဖုံသုတ်ခြင်းနှင့် အခန်းသန့်ရှင်းရေးလုပ်ခြင်းစသည့်အလုပ်များကို လုပ်ရသည်။ စာကြည့်တိုက် ညွှန်ကြားရေးမှူး လီဒါစောင်နှင့် ထပ်မံခင်မင်လာပြန်သည်။ လီဒါစောင်၏ *လူငယ်သစ်* တွင် ရေးသားသောဆောင်းပါးများကို မော်ကဖတ်ခဲ့ဘူး၍ ကြိုက်နှစ်သက်ခဲ့လေသည်။ လီဒါစောင်သည် ကွန်မြူနစ်အတွေးခေါ်ရှိသူဖြစ်၏။ ထို့ကြောင့် နောင်တွင် ယင်းတက္ကသိုလ်စာကြည့်တိုက်ကို ခန်းမနီဟု တွင်ခေါ်၏။ တရုတ်ကွန်မြူနစ်သီအိုရီအတွေးအခေါ်ရှင်တို့က ထိုစာကြည့်တိုက်တွင် မကြာခဏတွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ဤနေရာတွင် မော်က မားက်စ့်၊ အင်ဂျဲလ်နှင့် လီနင်တို့၏အမည်ကို ပထမဦးဆုံး ကြားခဲ့ရ၏။

သို့သော်လည်း၊ လူငယ်မော်စီတုံးကို ကွန်မြူနစ်ဝါဒ လက်ခံယုံကြည်အောင်လုပ်သူမှာ ပီကင်းမြို့မှမဟုတ်ချေ။ ပီကင်းစာကြည့်တိုက်တွင် လအနည်းငယ်လုပ်ပြီးနောက် ရှန်ဟိုင်းမြို့သို့သွားသည်။ ရှန်ဟိုင်းတွင် လီဒါစောင်၏မိတ်ဆွေ ဂန္ထဝင်စာပေပညာရှင် ချင်ဒူစူနှင့် သိကျွမ်းပြန်သည်။ ချင်ဒူစူသည် ဒါဝင်အတွေးအခေါ်နှင့်ပတ်သက်၍ အထူးတလည်ပြု လေ့လာသူဖြစ်သည်။[၆၈] ဤကွန်မြူနစ်ခေါင်းဆောင်၏ **အထူးခြားဆုံးအင်္ဂါရပ်တစ်ခုမှာ ဒါဝင် အတွေးအခေါ်တွင် အလွန်တက်ကြွသူတစ်ဦးဖြစ်၏။ သူ့ကို တရုတ်ပြည်၏အရေးကြီးဆုံးသော ဒါဝင်အတွေးအခေါ်သွတ်သွင်းသူဟု သတ်မှတ်နိုင်ပေသည်။ မော်၏အရေးကြီးဆုံးဆရာဟုလည်း ဆိုနိုင်ပေသည်။**[၆၉]

*မော်* ဟူသောစာအုပ်တွင်၊ ဟောင်ကောင်တက္ကသိုလ်မှ သမိုင်းပါရဂူ ကလဲ ဟိုလင်းစ်ဝါသ်က **မော်အား ချင်ဒူစူ၏ ဒါဝင်အတွေးအခေါ်အမြင်များ အကြီးအကျယ်ဩဇာသက်ရောက်ခဲ့၍**၊ ၁၉၇၀–ခုနှစ်များတွင် သူငယ်ရွယ်စဉ်က လေ့လာခဲ့သော ဒါဝင်အကြောင်းကို ပြန်လည်သတိရလွမ်းဆွတ်တမ်းသခဲ့ပေသည်၊[၇၀] ဟုရေးသားထား၏။

ချင်ဒူစူက ထိုအချိန်မှ တရုတ်ခေါင်းဆောင်ဖြစ်သော ဆွန်ယက်ဆင်၏ဩဇာညောင်းနေသောမော်အား ဒါဝင်အတွေးအခေါ်၏သိပ္ပံပညာအမြင်များကို နိုင်ငံရေးအဆင့်အထိ သင်ကြားပေးခဲ့သည်။ ခေတ်သစ်တရုတ်ပြည်နှင့် ကိုမင်တန်(တရုတ်အမျိုးသားပါတီ)ကို တည်ထောင်သူ ဆွန်ယက်ဆင်သည်လည်း ဒါဝင်ဝါဒီတစ်ဦးဖြစ်သည်မှာ စိတ်ဝင်စားဖွယ်ဖြစ်ပေသည်။ *သမတနိုင်ငံသစ်* ဟူသောမဂ္ဂဇင်းတွင်ပါသည့် အမေရိကန်လူမျိုးသုတေသနပညာရှင် ဂျက်ကော့ဟေလ်ဘရန်၏ ဆောင်းပါးတစ်ပုဒ်၌ အောက်ပါအတိုင်း ရေးသားထားသည်။




တရုတ်ကွန်မြူနစ်ဝါဒဖြန့်ပိုစတာတစ်ခု

ကြီးကျယ်သော တရုတ်တော်လှန်ရေးသမား အမျိုးသားဝါဒီဆွန်ယက်ဆင်က မော်စီတုံးကို ပြတ်ပြတ်သားသားသြဇာသြောင်းခဲ့၏။ အနောက်နိုင်ငံအင်အားကို အောင်နိုင်ရန်အတွက်၊ တရုတ်လူမျိုးတို့က အမျိုးသားဝါဒကို လက်ခံယုံကြည်ရမည်ဟု ဆွန်ယက်ဆင်က အခိုင်အမာခံယူထား၍၊ ဒါဝင်၏အတွေးအခေါ် (ဒါဝင်ဝါဒ)ကို ဟောပြောခဲ့ပေသည်။ "သဘာဝအင်အား၏ဆောင်ရွက်မှုသည် နှေးကွေးသော်လည်း၊ ကြီးကျယ်သည့်လူမျိုးများကို ဖျက်ဆီးပစ်နိုင်သည်၊"ဟု ဟောကြား၏။

၁၉၂၀–ခုနှစ်စောစောပိုင်းတွင်၊ လူငယ်မော်စီတုံးသည် ဟူနန်နယ်၌ ကွန်မြူနစ်စည်းရုံးရေးလုပ်နေစဉ်၊ ကိုမင်တန် (KMT)၌ ပါတီ၏ နာယကဖြစ်သူ ဆွန်ယက်ဆင်ကို ထောက်ခံခဲ့သည်။ ဆွန်ယက်ဆင်က သူ၏အမျိုးသားပါတီနှင့် ကွန်မြူနစ်ပါတီတို့အကြား မဟာမိတ်ဖွဲ့ခဲ့သည်။ ၁၉၂၆–ခုနှစ်တွင် မော်စီတုံးကို (KMT) ဝါဒဖြန့်ရေးမှူးအဖြစ် ခေတ္တခန့်ခဲ့သေးသည်။[၇၁]

ဒါဝင်နှင့်မားက်စ်တို့၏အတွေးအခေါ်များဖြင့် ဦးနှောက်ဆေးလိုက်ပြီဖြစ်သော မော်သည်၊ ၁၉၂၀–ခုနှစ်မှစ၍ တက်ကြွပြင်းပြသောကွန်မြူနစ်တစ်ဦး ဖြစ်သွားလေသည်။ သူတွေးခေါ်သကဲ့သို့စိတ်ညီသဘောတူသည့် ရဲဘော်တစ်ဆယ့်တစ်ယောက်နှင့်အတူ၊ ၁၉၂၁–ခုနှစ်တွင် ရှန်ဟိုင်းမြို့၌ ကွန်မြူနစ်ပါတီကို ဖွဲ့စည်းတည်ထောင်ခဲ့လေသည်။ နောက်ပိုင်းတွင် အဖွဲ့အစည်းအင်အားအမျိုးမျိုးနှင့် မဟာမိတ်ဖွဲ့ခြင်း၊ ရှုန်းရင်းဆန်ခတ်ပွဲများဖန်တီးခြင်း၊ ပြောက်ကျားစစ်ဆင်ရေးတိုက်ခိုက်ခြင်းနှင့် ဝါဒဖြန့်ခြင်းများ လုပ်ဆောင်လေသည်။ မော်စီတုံး၏ခေါင်းဆောင်မှုအောက်တွင် ကွန်မြူနစ်ပါတီသည် အမျိုးသားပါတီနှင့် ပူးတွဲဆောင်ရွက်မှုများလုပ်ဆောင်ခဲ့သော်လည်း၊ ၁၉၂၀–ခုနှစ်ဒုတိယနှစ်ဝက်မှစတင်၍ တစ်ဘက်နှင့်တစ်ဘက် ပြင်းထန်သည့်ရန်ဘက်များ ဖြစ်လာခဲ့လေသည်။ မော်စီတုံးက သူ၏တပ်သားများကို တရုတ်ပြည်တောင်ပိုင်းမှ ကျန်စီပြည်နယ်သို့ ရွှေ့ပြောင်းလိုက်ပြီး၊ ဗဟိုအာဏာပိုင်များ၏ပြင်ပ "လွတ်မြောက်သောနယ်မြေ"ကို တည်ထောင်လေသည်။

နှစ်ဘက်ကြားတိုက်ခိုက်မှုများသည် နှစ်ပေါင်းအတန်ကြာခဲ့လေသည်။ ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင် ကွန်မြူနစ်တို့၏ "လွတ်မြောက်သောနယ်မြေ"သည်လည်း တရုတ်ပြည်ကိုပတ်လည်ဝိုင်းထားသည်အထိ ကြီးထွားကျယ်ပြန့်လာလေသည်။ ၁၉၄၉–ခုနှစ်တွင် မော်နှင့် သူ၏ကွန်မြူနစ်တပ်တို့သည် ပီကင်းမြို့ကြီးသို့ ဝင်ရောက်သိမ်းပိုက်ပြီး၊ "တရုတ်ပြည်သူ့သမတ





ဒါဝင်၏အတွေးအခေါ်များကို ဖတ်ရှုပြီးနောက် မော်သည် ပြင်းထန်တက်ကြွသော ကွန်မြူနစ် ဖြစ်သွား၏။
သူက ဒါဝင်၏အတွေးအခေါ်ကို ဆွန်ယက်ဆင်ထံမှ အမွေခံခဲ့သည်။

နိုင်ငံ”အဖြစ် ကြေညာခဲ့လေသည်။ ဤသို့ဖြင့်၊ ကမ္ဘာကြီးက ၁၉၁၇–ခုနှစ် ဘိုလရှီဗစ်တော်လှန်ရေး၏နောက်ပိုင်း၊ ဒုတိယကွန်မြူနစ်တော်လှန်ရေးကို မျက်မြင်သက်သေခံကြလေပြီ။ ဤဒုတိယတော်လှန်ရေးသည်လည်း ပထမတော်လှန်ရေးနည်းတူ သွေးချောင်းစီးခဲ့ပေသည်။






သွေးချောင်းစီးသည့် တော်လှန်ရေး အပြီးတွင်၊ မော်စီတုံးက တရုတ်ပြည်သူ့ သမတနိုင်ငံ တည်ထောင်ကြောင်း ကြေညာ၏။

# ရှေ့သို့မဟာခြေလှမ်းနှင့် မဟာငတ်မွတ်ခြင်းပြဿနာ

## The "Great Leap Forward" and the Great Famine

၁၉၄၉–ခုနှစ်မတိုင်မီ၊ မော်စီတုံးသည် ကျေးရွာဒေသနှင့်တောင်တန်းဒေသများတွင်အခြေစိုက်စည်းရုံး၍ မြို့ကြီးများကိုအုပ်ချုပ်နေသော ဗဟိုအစိုးရကို အချိန်ကာလကြာမြင့်သောပြောက်ကျားစစ်ဖြင့် တိုက်ခိုက်ခဲ့သည်။ ထိုသို့ပြုနိုင်ရန်အတွက် ကျေးရွာဒေသလူထုအား လွတ်လပ်မှုနှင့် လုပ်ကိုင်စားသောက်မည့် မြေယာများကို ဝေငှပေးမည်ဟု ကတိပေး၍ သင့်မြတ်အောင် ပေါင်းသင်းဆက်ဆံခဲ့၏။ ကွန်မြူနစ်အစိုးရ အာဏာရလာသောအခါ၊ သူတို့တတွေအင်မတန်ကြီးပွားချမ်းသာကြွယ်ဝကြ၍ ပျော်ရွှင်သောဘဝကို ရရှိကြမည်ဟုလည်း ကတိပေး၏။ တောင်သူလယ်သမားများသည်လည်း သူ့ကိုယုံကြည်ကြ၍ သူနှင့်သူ၏ပြောက်ကျားတပ်ကို ထောက်ခံထောက်ပံ့ခဲ့ကြသည်။

သို့သော်လည်း၊ မော်အာဏာရလာသည့်အခါ၊ အစစအရာရာပြောင်းလဲသွားတော့သည်။ တော်လှန်ရေးပြီးဆုံးပြီးပထမနှစ်များတွင် သူက တရုတ်ပြည်တစ်ခုလုံးကို သိမ်းပိုက်လို၍ နေရာဒေသတိုင်းတွင် ကွန်မြူနစ်အုပ်ချုပ်ရေးအာဏာကို ချထားလိုသည်။ တစ်ချိန်တည်းတွင်၊ လူပေါင်း ထောင်ပေါင်းများစွာကို "လူတန်းစားရန်သူ"ဟုသတ်မှတ်ပြီး လူထုရှေ့တွင် ကြိုးစင်တင် သတ်ဖြတ်လေသည်။ ၁၉၅၀–ခုနှစ်အလယ်ပိုင်းလောက်တွင် မော်စီတုံးက စတာလင်၏ စုပေါင်းစနစ်မျိုးကဲ့သို့သောစနစ်ကို ပုံစံချ၍ ၁၉၅၈–ခုနှစ်တွင် လက်တွေ့အကောင်အထည်ဖော်လေသည်။ ၎င်းစနစ်ကို **"ရှေ့သို့မဟာခြေလှမ်း"**ဟုခေါ်၍၊ ယင်းစီမံကိန်းအောင်မြင်ချက်မှာ တရုတ်လူထုကို နှိပ်စက်ခြင်းနှင့် ကြီးကျယ်သည့် ငတ်မွတ်ခြင်းဘေးကို ပေးအပ်ခြင်းသာ ဖြစ်ခဲ့လေသည်။

ထိုမဟာခြေလှမ်းကြီးကို၊ တရုတ်ပြည်၏ စိုက်ပျိုးရေးနှင့် စက်မှုလက်မှုကုန်ထုတ်လုပ်ရေးကို နှစ်ဆတိုးစေမည် ဟူသောကြွေးကြော်ချက်ဖြင့် စတင်ခဲ့သည်။ အလုပ်ချိန်များကို တိုးခဲ့သည်။ စက်ပစ္စည်းများသည်လည်း မရပ်မနား လည်ရ၏။ ထိုသို့မရပ်မနား လည်ပတ်ရသောစက်များသည် အချိန်အနည်းငယ်အတွင်း ပျက်သွားလေသည်။

စိုက်ပျိုးရေးပိုင်းတွင်လည်း ကျွမ်းကျင်မှုမရှိသည့် စီမံကိန်းဆွဲခြင်းတို့ကြောင့် ကြီးကျယ်သည့်ပျက်စီးခြင်းများနှင့် ကြုံရပြန်သည်။ "ပုဂ္ဂလိကပိုင်ဆိုင်မှုကို ဖျက်သိမ်းခြင်းဖြင့် ထုတ်ကုန်တိုးပွားစေလိမ့်မည်" ဟူသောအတွေးအခေါ်ကြောင့်၊ တောင်သူလယ်သမားများအားလုံးကို သူတို့ပိုင်ဆိုင်ထားသော လယ်မြေများကို အတင်းအကြပ် သမဝါယမဘုံစနစ်သို့ ပေးအပ်စေသည်။ စတာလင်၏ ရုရှားနိုင်ငံတွင် လယ်မြေများကို သိမ်းယူခြင်းစနစ်က တရုတ်နိုင်ငံတွင် ထပ်မံပေါ်ပေါက်တော့သည်။ အရင်ကထက်ပိုသည့်အချက်တစ်ချက်မှာ မော်စီတုံးက အချို့ဒေသတွင် တောင်သူလယ်သမားတို့ စုပေါင်းစနစ်ကို လိုလိုလားလားလက်ခံခြင်းမရှိသည့်အတွက် တိုး၍ ဒဏ်ခတ်ခြင်း ဖြစ်သည်။ သူတို့ဒဏ်ခတ်ခံရပုံမှာ ငတ်မွတ်၍အသက်သေသွားစေခြင်းဖြစ်သည်။

အချိန်အနည်းငယ်အတွင်း၊ မဟာခြေလှမ်းကြီးက ကြီးကျယ်သည့်ငတ်မွတ်ခြင်းပြဿနာအဖြစ် ပြန့်သွားလေတော့သည်။ စတာလင်က ယူကရိန်းနယ်တွင် ငတ်မွတ်ခြင်းပြဿနာဖန်တီးခဲ့သလို ဤငတ်မွတ်ခြင်းပြဿနာသည်လည်း လူလုပ်သောငတ်မွတ်ခြင်းဘေးဆိုး ဖြစ်ပေသည်။ *ကွန်မြူနစ်ဝါဒ၏စာအုပ်မဲ*တွင် မဟာခြေလှမ်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ရေးသားထားပေသည်။


> ငတ်မွတ်ခြင်းဘေးဆိုးသည် အစကတည်းက နိုင်ငံရေးအသွင်ဆောင်ခြင်းမှာ မော်ဝါဒအစွန်းရောက်ခေါင်းဆောင်တို့အုပ်ချုပ်သောနယ်မြေတွင် သေကြေနှုန်းပိုမိုမြင့်မားခြင်းကို ကြည့်ခြင်းဖြင့် ပေါ်လွင်ပေသည်။ ထိုနယ်များသည် ဆန်စပါးတင်ပို့ရောင်းချသည့်နယ်မြေများဖြစ်ကြသည်။––ဟောနန်နယ်တွင် မော်စီတုံးကိုယ်တိုင်ကရော ပါတီစည်းရုံးလှုံ့ဆော်ရေးသမားများကပါ အခက်အခဲအားလုံးသည် တောင်သူလယ်သမားများက ဆန်စပါးများကို သိုဝှက်ထားကြသောကြောင့် ပေါ်ပေါက်ခဲ့သည်ဟု ယုံကြည်ကြလေသည်။ (လူဦးရေ ၁၀–သန်းရှိ)စင်ယန်ခရိုင်တွင် တတိုင်းပြည်လုံးတွင်

ဘုံစနစ်ဦးဆုံးတည်ဆောက်သောခရိုင် ဖြစ်သည်။ ဤခရိုင်မှအတွင်းရေးမှူး၏အဆိုအရ “ပြဿနာက ဆန်စပါးမလုံလောက် ရှားပါး၍မဟုတ်ပါ။ ဆန်စပါးလုံလုံလောက်လောက်ရှိပါသည်။ သို့သော်လည်း၊ လူဦးရေ ၉၀–ရာခိုင်နှုန်းတို့သည် အတွေးအခေါ်ပိုင်း အခက်အခဲရှိနေကြသည်။”ဟုဆို၏။




**တရုတ်နီဝါဒဖြန့်ပိုစတာတစ်ခု။–ကွန်မြူနစ်အတွေးအခေါ်ကို မားက့်စ်နှင့်အင်ဂျဲလ်တို့ကစတင်ခဲ့၍၊ လီနင်နှင့်စတာလင်တို့ကဆက်ခံကျင့်သုံးခဲ့သည်။ နောက်ဆုံးတွင် မော်ကလွှဲယူလိုက်သည်။ မားက့်စ်နှင့်အင်ဂျဲလ်တို့က လီနင်၊ စတာလင်နှင့်မော်တို့အား ပေးအပ်လိုက်သည့်အရာသည် ကွန်မြူနစ်ဝါဒ၏ “သတ်ဖြတ်မှုသွေးအိုင်ကြီး”သာ ဖြစ်၏။ လီနင်နှင့်စတာလင်နှစ်ဦးပေါင်း၍ လူပေါင်းသန်းပေါင်း ၅၀ ကို သတ်ဖြတ်ခဲ့၍၊ မော်စီတုံးက သန်းပေါင်း ၆၀ကို သတ်ဖြတ်ခဲ့သည်။**

၁၉၅၉–ခုနှစ် ဆောင်းဦးပိုင်းရာသီတွင် လူတန်းစားတိုက်ပွဲကို ခေတ္တမေ့ထားလိုက်ကြပြီး တောင်သူလယ်သမားများကို စစ်အင်အားအသုံးပြု၍ ဂျပန်ကျူးကျော်ရေးကို တိုက်ခိုက်သည့် ပြောက်ကျားတိုက်ခိုက်နည်းဖြင့် တိုက်ခိုက်ခဲ့ကြသည်။ တောင်သူလယ်သမား အနည်းဆုံးတစ်သောင်းကျော် ဖမ်းချုပ်ခြင်း ခံခဲ့ကြရသည်။ ၎င်းတို့အနက် အမြောက်အမြားသည် အကျဉ်းထောင်အတွင်း ငတ်ပြတ်၍ သေဆုံးခဲ့ကြသည်။ ကျန်နေသေးသောပုဂ္ဂလိကပိုင် အိုးခွက်ပန်းကန်များအားလုံးကို ဖျက်ဆီးပစ်ရန် အမိန့်ကျလာသည်။ ဘုံစနစ်မှ အစားအစာတစ်စစီခိုးဝှက်ခဲ့သည့်အစာများကို အိမ်မှာချက်ပြုတ်စားသောက်နိုင်ခြင်းမရှိအောင် ကာကွယ်ခြင်းဖြစ်သည်။ ဆောင်းတွင်းရောက်လာသော်လည်း မီးမွှေးခြင်းမပြုရန်ပင် တားမြစ်ထားသည်။ ထောင်ပေါင်းများစွာသောအကျဉ်းသမားများကို ကြိုတင်စီမံမှုရှိရှိ နှိပ်စက်ကြသည်။ ကလေးသူငယ်များကို သတ်၍ အိုးကြီးတွင်ထည့်ပြုတ်ပြီး မြေသြဇာအဖြစ်အသုံးပြုကြသည်။ တစ်ချိန်တည်းတွင် တစ်နိုင်ငံလုံးတွင်၊ “ဟေနန်နယ်မှ လုပ်ရပ်များကို လိုက်နာကျင့်သုံး”ကြရန်၊ ဝါဒဖြန့်လှုံ့ဆော်ကြသည်။ ဟန်ဟွီနယ်တွင်၊ ရှိသမျှလူ ၉၉–ရာခိုင်နှုန်းသေကြေကုန်လျှင်ပင် အလံနီကို တဝင့်ဝင့်တလွင့်လွင့် ထူထားဦးမည်ဟု တရားဝင်အတိအလင်း ကြေညာထားပေသည်။ ကေဒါတို့သည်လည်း ရသမျှလူတို့ကို အရှင်လတ်လတ်မြှုပ်နှံခြင်း၊ နီရဲနေအောင် မီးဖုတ်ထားသောသံချောင်းများဖြင့် နှိပ်စက်ခြင်းများ ပြုကြ၏။[၇၂]




တိုင်းပြည်၏စိုက်ပျိုးရေးစနစ်ကို ဖျက်ဆီးလိုက်သည့် မော်၏ “ရှေ့သို့မဟာခြေလှမ်း”စီမံကိန်းသည် အသိတရားကင်းမဲ့မိုက်မဲရက်စက်သော စီမံကိန်းဖြစ်၏။ လူပေါင်းသန်းပေါင်း ၃၀ ငတ်ပြတ်၍ သေကြေကုန်၏။ *တရုတ်ပြည်တောင်ပိုင်းနံနက်သတင်းစဉ်*၏ ပီကင်းဗြူရိုအကြီးအကဲဖြစ်သူ ဂျက်စပါဘက်ကာက *ငတ်ပြတ်နေသောတစ္ဆေများ–မော်၏လျှို့ဝှက်အငတ်ပြဿနာ*စာအုပ်တွင် ထိုငတ်မွတ်ခြင်းဘေးဆိုး၏ အသေးစိတ်အကြောင်းရပ်များကို ဖေါ်ပြထား၏။

မော်က “တောင်သူလယ်သမားဆိုရှယ်လစ်ဝါဒ”ဟူသောကြွေးကြော်သံဖြင့် စတင်ခဲ့သည်။ အာဏာမရမီအချိန်တုံးက တရုတ်တောင်သူလယ်သမားများကို လယ်ယာမြေ၊ အစားအစာနှင့် ကာကွယ်မှုပေးမည်ဟု ကတိပေးခဲ့သည်။ သို့သော်လည်း သူအာဏာရလာသောအခါ ထိုတောင်သူလယ်သမားများကို ဤခေတ်သစ်ကမ္ဘာ့သမိုင်းတွင် တစ်ခါမှမကြုံဘူးသော ဒုက္ခဆင်းရဲခြင်းနှင့် နှိပ်စက်ခြင်းများကိုသာ ပေးဆောင်လေသည်။

ဤစည်းရုံးလှုံ့ဆော်မှုသည် တောင်သူလယ်သမားများအား စစ်ကြေညာတိုက်ခိုက်သဖွယ်ဖြစ်ပေသည်။––အချို့ကျေးရွာများတွင် လူဦးရေ ၅၀%ကျော် ငတ်ပြတ်သေကြေကုန်၏။ အချို့ကျေးရွာများတွင်မူ မိမိတို့၏ရာထူးကို အလွဲသုံးစားလုပ်သူ ကေဒါတို့သာ အသက်ရှင်ကျန်ရစ်ခဲ့သည်။ ဟေနန်နယ်တွင် လူသားစားသည့်အဖြစ်ပင် ရောက်ခဲ့၏။ (အမှုပေါင်း ၆၃–ခု တရားဝင်မှတ်တမ်းတင်ထားနိုင်ခဲ့၏။) ကလေးသူငယ်များကို အချို့နေရာများတွင် ဘုံစနစ်ကော်မီတီဆုံးဖြတ်ချက်အရ ချက်ပြုတ်စားကြသည်။[၄၃]

တစ်နိုင်ငံလုံးအတိုင်းအတာနှင့် သေစာရင်းမှာ မယုံကြည်နိုင်လောက်အောင် မြင့်မားပေသည်။

တစ်နိုင်ငံလုံးတွင် ၁၉၅၇–ခုနှစ်၌ ၁၁ ရာခိုင်နှုန်းမှ ၁၉၅၉–ခုနှစ်နှင့် ၁၉၆၁–ခုနှစ်များတွင် ၁၅ ရာခိုင်နှုန်းအထိ တက်သွား၍၊ ၁၉၆၀–ခုနှစ်တွင်မူ အမြင့်ဆုံးအဖြစ် ၂၀–ရာခိုင်နှုန်း ငတ်မွတ်၍ သေကြေကြလေသည်။ ၁၉၅၇–ခုနှစ်တွင် ခလေးမွေးနှုန်း ၃၃–ရာခိုင်နှုန်းရှိခဲ့ရာ၊ ၁၉၆၁–ခုနှစ်တွင် ၁၈–ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သည်။ ခလေးမွေးဖွားနှုန်းလျော့နည်းသွားသည့်ဦးရေခန့်မှန်းခြေ ၃၃–သန်းကို မထည့်တွက်ဘဲ၊ ငတ်မွတ်ခြင်းနှင့်ဆက်စပ်၍သေဆုံးသွားသောဦးရေမှာ ၁၉၅၉–ခုနှစ်တွင် သန်းပေါင်း ၂၀ နှင့် ၁၉၆၁–ခုနှစ်တွင် ၄၃–သန်းကျော်ရှိခဲ့သည်။––ဤစာရင်းအရ တရုတ်နိုင်ငံသမိုင်းတွင်ပင်မက၊ ကမ္ဘာ့သမိုင်းမှာလည်း ငတ်မွတ်ခေါင်းပါးခြင်းကပ်ဘေးကြောင့် သေဆုံးသည့်ဦးရေအများဆုံး အဆိုးဆုံးဖြစ်သည်။[၄၄]

မဟာခြေလှမ်းနှစ်များတွင်၊ မော်၏ရိုင်းစိုင်းရက်စက်မှုကို ဆန့်ကျင်သူအမြောက်အမြားအား သေဒဏ်ပေးခဲ့ကြ၏။ အသတ်ခံရသူ အများအားဖြင့် ဦးခေါင်းနောက်စေ့တွင် သေနတ်ဖြင့်ပစ်သတ်ခံခဲ့ကြရသည်။



မဟာခြေလှမ်းကာလအတွင်း၊ အာဏာပိုင်များက ဖမ်းဆီးရန် လိုက်နေသဖြင့် အန်ဟွီနယ်မှကျေးရွာတစ်ရွာနေ သူ၏မိသားစုထံ ထွက်ပြေးပုန်းအောင်းသည့် တစ်ဆယ့်ရှစ်နှစ်အရွယ်ရှိ တပ်နီတပ်သားတစ်ဦးက၊ မော်၏ရက်စက်ကြမ်းကြုတ်ပုံကို အောက်ပါအတိုင်း ဖော်ပြခဲ့၏။

ကျွန်တော်တို့ ရွာအနားမှဖြတ်လျှောက်သွားခဲ့ကြပါတယ်။ မြေဖြင့်လုပ်ထားသော အိမ်ဝင်းထရံကြားတွေမှာ စိမ်းလန်းနေသည့်မြက်များခြုံများဖြင့် ပြည့်နက်နေသည်မှာ အနားမှ လယ်ကွင်းပြင်နှင့် ကွာခြားမှုကို ပိုမိုထင်ပေါ်စေပေတယ်။ ဤမြင်ကွင်းများက ကျီးနှင့်ဖုတ်ဖုတ်ဖြစ်နေသော ရွာ၏ရှုခင်း ကို တစ်မျိုးတစ်ဖုံ တိုးပေးလျက်ရှိတယ်။ ခြုံပုတ်ကြားကနေကြည့်လိုက်၍ မြင်ရသည့်မြင်ကွင်းတစ်ခုကလည်း ကျွန်တော်ကြားဘူးတဲ့အဖြစ်အပျက်ကို မျက်ဝါးထင်ထင် တွေ့လိုက်ရခြင်း ဖြစ်ပါတယ်။ ထမင်းဝိုင်းဟုခေါ်ရမည့် ထမင်းမပါဘဲ မိမိတို့၏ ရင်သွေးသားငယ်များကို အခြားအိမ်ထောင်စု၏ ရင်သွေးများနှင့် လဲလှယ်၍ ကိုက်စားဝါးစားနေသည့် ရှုခင်းဖြစ်ပါတယ်။ ထိုအိမ်ထောင်စုတို့၏ မျက်နှာတွင် အခြားအိမ်ထောင်စု၏ကလေးကို ဝါးစားနေရင်း စိတ်မချမ်းသာသည့် မျက်နှာထားများသည်လည်း အထင်းသားပေါ်လွင်နေပါတယ်။ အနီးအနားမြက်ခင်းတွင် လိပ်ပျာကလေးတွေကို



ကွန်မြူနစ်ပါတီရဲဘော်တစ်ယောက် မဟာခြေလှမ်းစီမံကိန်းနှစ်များအတွင်း ဝါဒဖြန့်တရားဟောနေပုံ။

လိုက်လံဖမ်းနေကြတဲ့ ကလေးသူငယ်တို့သည်လည်း၊ သူတို့၏မိဘများက သတ်စားလိုက်ပြီးနောက် ပြန်လည်ဝင်စားနေတဲ့ ကလေးများဟုပင် ထင်ရပါတော့တယ်။ ကျွန်တော် ကလေးသူငယ်များအတွက် အင်မတန်ဝမ်းနည်းပူဆွေးမိပါတယ်။ သို့သော်လည်း သူတို့၏မိဘများအတွက် ဝမ်းနည်းခြင်းနှင့် မတူပါ။ အခြားသူတို့၏ မျက်ရည်ပေါက်ပေါက်ကျနေသည့်ကြားက အဲဒီလူသားများကို မျိုချနိုင်အောင် သူတို့ကို ဘာတွေကများ လုပ်လိုက်ပါသနည်း။ ထိုအသားများကို သူတို့ဘဝမှာ မြီးစမ်းကြည့်ရလိမ့်မည်ဟု ဘယ်သောအခါမှ စဉ်းစားမိကြမည်မဟုတ်ပါ။ အိပ်မက်ဆိုးထဲမှာပင် မက်ဘူးကြမည်မဟုတ်ပါ။ တစ်ချိန်တည်းမှာ အဲဒီလူဟာ မည်မျှယုတ်မာသည့် လူသတ်သမားဖြစ်သည်ကို ကျွန်တော်ချက်ချင်းသဘောပေါက်လိုက်ပါတယ်။ “သူနှင့်တူသည့် လူသားတစ်ဦးတစ်ယောက်ကိုမှ နှစ်ပေါင်း ရာစုပေါင်းများစွာအတွင်း တွေ့ခဲ့ကြမည်မဟုတ်ပါ။ တရုတ်ပြည်ကလည်း နှစ်ပေါင်းထောင်ပေါင်းများစွာအတွင်း မတွေ့ခဲ့ဘူးကြပါ။” သူဟာ မော်စီတုံးပါဘဲ။ မော်စီတုံးနှင့်သူ၏သစ္စာတော်ခံတို့က၊ သူတို့၏တရားမဲ့သည့်နိုင်ငံရေးစနစ်ကိုအသုံးပြုပြီး၊ မိဘများကို သူတို့၏ဆာလောက်မွတ်သိပ်မှုကို နှစ်သိမ့်စေရန် သူတို့၏ရင်သွေးသားများကိုအခြားသူတို့၏သားသမီးအသားတွေနှင့်လဲလှယ်နိုင်လောက်အောင် ရူးသွပ်သွားစေတယ်။ မော်စီတုံးဟာ ဒီမိုကရေစီစနစ်ကို သတ်ဖြတ်လိုက်တဲ့ သူ၏ရာဇဝတ်ပြစ်မှုကို ဆေးကြောပစ်ရန်အတွက်၊ ရှေ့သို့မဟာခြေလှမ်းစီမံကိန်းကို ချမှတ်လိုက်ပြီး၊ ထောင်ပေါင်းမြောက်မြားစွာသောတောင်သူလယ်သမားများကို သူတို့၏ငယ်စဉ်တောင်ကျေးမှ အတူတကွကြီးပြင်းလာခဲ့ကြတဲ့ သူငယ်ချင်းရောင်းရင်းတို့ကို ပေါက်တူးပေါက်ပြားများဖြင့် ရိုက်သတ်အမဲဖျက်စားသုံးပစ်နိုင်လောက်အောင် ငတ်မွတ်ဆာလောင်ရူးသွပ်သွားစေသည်။ သူတို့တတွေဟာ လူသတ်သမားအစစ်မဟုတ်ကြပါ။ လူသတ်သမားအစစ်မှာ မော်စီတုံးနှင့် သူ၏အပေါင်းပါတို့သာ ဖြစ်ကြပါတယ်။[၇၅]

# မော်ဖန်တီးသောငတ်မွတ်ခြင်းဘေးတွင် “အီဗိုလူးရှင်းသိပ္ပံပညာ”၏ဩဇာသက်ရောက်မှု

## The Influence of "Evolutionist Science” in Mao's famine

၁၉၅၈ မှ ၁၉၆၁–ခုနှစ်အထိ၊ မော်၏ မဟာခြေလှန်းပေါ်လီစီကြောင့်၊ ကမ္ဘာ့သမိုင်း၏ အကြီးကျယ်ဆုံးနှင့် လူ့အသက်ပေါင်းအများဆုံးသေကြေပျက်စီးသည့် ငတ်မွတ်ခေါင်းပါးမှု ဘေးဒုက္ခဖြစ်ပေါ်ခဲ့ပေသည်။ ခန့်မှန်ခြေအားဖြင့် လူသန်းပေါင်း ၄၀–ခန့် သေကြေကုန်၏။ (ဤအရေအတွက်မှာ ထိုအချိန်ကတိုင်းပြည်အမြောက်အမြား၏ တစ်တိုင်းပြည်လုံးရှိလူဦးရေထက်များပြားပေသည်။)

ဤဘေးဒုက္ခဖြစ်ပေါ်သည့် အကြောင်းရင်းက ဘာတွေဖြစ်သနည်း။ အထက်က ဆိုခဲ့သည့်အတိုင်း၊ မော်၏တပ်နီတို့က တောင်သူလယ်သမားများကို စုပေါင်းရေးစီမံကိန်းတွင် အတင်းအဓမ္မဝင်စေပြီး အိမ်ထောင်စုပေါင်း ၁၀၀ မှ ၃၀၀ အထိပါဝင်သည့် ဘုံစနစ်ကို တည်ထောင်သဖြင့် သီးနှံထွက်နှုန်းအကြီးအကျယ်ကျဆင်းသွားသောကြောင့် ဖြစ်သည်။ အချို့ဒေသများ၌ မော်ဝါဒီတို့က တောင်သူလယ်သမားများကို တမင်တကာအငတ်ထား၍ ဒဏ်ခတ်ကြသည်။

ဤဘေးဒုက္ခကပ်ဆိုက်ခြင်းတွင် နောက်ထပ်အရေးကြီးသည့်အချက်တစ်ချက်မှာ၊ မော်က တရုတ်စိုက်ပျိုးရေးအတွက် ၁၉၃၀–ခုမှ ၁၉၄၀–ခုနှစ်အထိ ရုရှားနိုင်ငံတွင်အသုံးချခဲ့သော “လိုင်ဆင်ကိုပုံစံ”ကို ကြိုးစားကူးချခြင်းဖြစ်သည်။ တောင်သူလယ်သမားများအပေါ် ဤစမ်းသပ်ချက်များကို အတင်းလိုက်နာဆောင်ရွက်စေခဲ့ရာ၊ ကြီးမားသည့် သီးနှံထွက်နှုန်း ကျဆင်းဆုံးရှုံးခြင်း ဖြစ်ခဲ့လေသည်။

ထရိုဖင် ဒင်နီဆိုဗစ် လိုင်ဆင်ကို အကြောင်းကို ကျွန်ုပ်တို့အထက်တွင် ဆန်းစစ်ခဲ့ကြလေပြီ။ စတာလင်ခေတ်မှ အသိတရားကင်းမဲ့သည့် **“ပစ္စည်းမဲ့လူတန်းစားသိပ္ပံပညာ”**ကြောင့် ဆိုဗီယက်ဇီဝဗေဒဆိုင်ရာကိစ္စအဝဝကို အီဗိုလူးရှင်းဝါဒတွင်စိတ်ပြင်းပြအယူသန်သည့် လိုင်ဆင်ကိုအား အပ်နှံထားခဲ့သည်။ လိုင်ဆင်ကိုက မျိုးဗီဇသိပ္ပံဘာသာရပ်ကို ပယ်ချ၍၊ ဒါဝင်သီအိုရီကို ရှေ့တန်းမှရပ်တည်ထောက်ခံ၍ “လေ့ကျင့်ယူခြင်းဖြင့် ရရှိလာသောအရည်အချင်းကို ဗီဇအဖြစ်အမွေဆက်ခံခြင်း”တွင် ယုံကြည်သူ လာမက်၏သီအိုရီကို ကျင့်သုံးခဲ့သည်။ လိုင်ဆင်ကို၏ စိတ်ကူးယဉ်ကို ဆိုဗီယက်စိုက်ပျိုးရေးလောက၌ အသုံးချခဲ့သည့်အဖြေမှာ ကြီးမားသောပျက်စီးခြင်းသာ ဖြစ်၏။

သို့သော်လည်း၊ မော်က စတာလင်ခေတ်မှ ဤပျက်စီးဆုံးရှုံးမှုနှင့်ပတ်သက်၍ မလေ့လာခဲ့ချေ။ သူနှင့်သူ့ကိုထောက်ခံသူတို့သည်၊ ငယ်စဉ်ကတည်းက ဒါဝင်သီအိုရီကို တစ်သဝေမတိမ်း ယုံကြည်လိုက်နာရန် သင်ယူကျက်မှတ်ခဲ့ကြရသဖြင့်၊ “ပစ္စည်းမဲ့သိပ္ပံပညာ”ကို ဆက်လက်၍ ယုံကြနေကြဆဲဖြစ်သည်။ ထို့ကြောင့်၊ မှန်ကန်သည့်သိပ္ပံပညာကို အီဗိုလူးရှင်းသီအိုရီ၏အဆိုနှင့် ကိုက်ညီအောင် လိုရာဆွဲ၍အသုံးချကြ၏။ မဟာခြေလှမ်းစီမံကိန်းတွင် လိုင်ဆင်ကိုပုံစံကို အတုယူ၍ တရုတ်တောင်သူလယ်သမားများကို “အီဗိုလူးရှင်းဝါဒနှင့်ကိုက်ညီသည့်သိပ္ပံပညာ”မှုဝါဒအတိုင်း လိုက်နာကျင့်သုံးရန် အတင်းခိုင်းစေခဲ့ကြ၏။

*တရုတ်ပြည်တောင်ပိုင်းနံနက်ခင်းသတင်းစဉ်* (*South China Morning Post*)၏ ပီကင်းဗြူရိုအကြီးအကဲဖြစ်သူ ဂျက်စပါ ဘက်ကာက *ငတ်မွတ်နေသောတစ္ဆေများ–မော်၏လျှို့ဝှက်ငတ်မွတ်ခြင်းဘေး*စာအုပ်တွင် လိုင်ဆင်ကို၏စိုက်ပျိုးရေးနည်းများကို ရှေ့သို့မဟာခြေလှမ်းစီမံကိန်းတွင် အသုံးချပုံအကြောင်း အသေးစိတ် ရေးသားထားသည်။ ဤလုပ်ဆောင်ချက်တွင် တစ်နေရာစီ၌ ဖြစ်ပေါ်သည့် ဘေးဒုက္ခများကို ခွဲခြား၍ပြထား၏။

**စိတ်စိတ်စိုက်ပျိုးနည်း။** လိုင်ဆင်ကိုက မျိုးစေ့များသည် ၎င်းတို့ပေါက်ရောက်သည့်နေရာဒေသကိုလိုက်၍ ပြောင်းလဲနိုင်သည်ဟု ယူဆသဖြင့်၊ မျိုးစေ့များကို စိတ်စိတ်ကြဲစိုက်ခြင်းဖြင့် ၎င်း



မဟာခြေလှမ်းဝါဒဖြန့်ပိုစတာတစ်ခုတွင်၊ ဥက္ကဋ္ဌကြီးမော်ကို အောင်မြင်သောစိုက်ခင်းတစ်ခု၌ စိုက်ပျိုးရေးတွင် ထူးချွန်သူ ပါရမီရှင်အဖြစ် သရုပ်ဆောင်ထား၏။ သို့သော်လည်း မော်က လိုင်ဆင်ကို၏နည်းများကို အသုံးချခြင်းကြောင့် စိုက်ပျိုးရေးဆိုင်ရာ ဘေးဒုက္ခကြီးကိုသာ ရရှိခဲ့၏။

တို့အကြားတွင် "ဆိုရှယ်လစ်ညီညွတ်ရေး" ပေါ်ပေါက်လာလိမ့်မည်ဟု ကြေညာ၏။ မော်က ဤစိတ်ကူးယဉ်ကို လက်တွေ့ကျင့်သုံးလေသည်။ ၎င်းမတိုင်မီ ယွန်ကတ တရုတ်ပြည်တောင်ပိုင်းတွင် မြေတစ်ဧကလျှင် (စပါး)မျိုးစေ့ ၁၅သန်း ကြဲခဲ့ကြသည်။ ၁၉၅၈–ခုနှစ်တွင် မြေတစ်ဧကလျှင် ၆–သန်းမှ ၇–သန်းအထိကြဲခိုင်းသည်။ ၁၉၅၉–ခုနှစ်တွင် စပါးမျိုးစေ့အရေအတွက် ၁၂–သန်းမှ နောက်ထပ် ၁၅–သန်းအထိကြဲခိုင်းသည်။ နောက်ဆုံးတော့ စပါးမျိုးစေ့အမြောက်အမြား အလဟဿဖြစ်ကုန်၍ စပါးထွက်နှုန်းလည်း မတန်တဆ လျော့နည်းသွားလေသည်။

**နက်နက်ထွန်ခြင်း။** လိုင်ဆင်ကို၏ လက်ထောက်တစ်ဦးဖြစ်သူ တေဗင်တီ မော်လဆေးဗ်က မြေကို နက်နက်ထွန်ယက်တူးဆွခြင်းဖြင့် အမြစ်များပိုမိုကောင်းမွန်စွာ တွယ်နိုင်လိမ့်မည်ဟုဆိုသည်။ တရုတ်ကွန်မြူနစ်တို့က ဤနည်းကို လက်တွေ့အသုံးချကြသည်။ မဟာခြေလှမ်းစီမံကိန်းနှစ်များအတွင်း၊ တောင်သူလယ်သမားများအား သူတို့၏လယ်ယာများကို ၃–၄ ပေအထိ နက်အောင် ပေါက်ခိုင်းထွန်ယက်ခိုင်းသည်။ ထို့ကြောင့် သန်းပေါင်းများစွာသောတောင်သူလယ်သမားတို့က လယ်ယာမြေကိုထွန်ယက်ရာ၌ လနှင့်ချီ၍ အချိန်ကုန်ကြရသည်။ သီးနှံထွက်လည်း မတန်တဆကျဆင်းသွားသဖြင့် ငတ်မွတ်ခေါင်းပါးခြင်းဘေး ကပ်ဆိုက်လေတော့သည်။

**စာကလေးဖမ်းခြင်း။** မော်စီတုံးက စိုက်ပျိုးရေးသီးနှံများကို ဖျက်ဆီးသည့်တိရစ္ဆာန်မျိုးစုံကို ဖမ်းဆီးသုတ်သင်သည့်လုပ်ငန်းကို စတင်ဆောင်ရွက်လေသည်။ ၎င်းတိရစ္ဆာန်များအနက် စပါးခင်းတွင် အုပ်လိုက်စားသောက်လေ့ရှိသော စာကလေးများကို ဖမ်းဆီးသုတ်သင်ခြင်းလုပ်ငန်းသည် အဓိကလုပ်ငန်းဖြစ်သည်။ စာကလေးများကို အထူးပြု၍ လေ့လာတီထွင်ထားသော နည်းပညာကိုအသုံးပြု၍ တနိုင်ငံလုံးတွင် စာကလေးများကိုလိုက်လံဖမ်းဆီးသတ်ဖြတ်ခဲ့သည်။ ထို့ကြောင့် ထိုစာကလေးများဖမ်းယူစားသောက်လေ့ရှိသောပိုးကောင်များက ထိန်းမနိုင်သိမ်းမရ တိုးပွားလာခဲ့သဖြင့် စာကလေးများလယ်ယာသီးနှံကို ဖျက်ဆီးသည်ထက် အဆမတန် ပျက်စီးခဲ့လေသည်။

**မြေသြဇာမသုံးသော စိုက်ပျိုးရေး။** လိုင်ဆင်ကို၏အကြံပြုထောက်ခံချက်ကို လိုက်နာ၍၊ တရုတ်ကွန်မြူနစ်တို့က၊ ဓါတ်က်မြေသြဇာအသုံးပြုခြင်းကို ရပ်တန့်လိုက်သည်။ (မျိုးစေ့များသည် မြေသြဇာကင်းမဲ့သောအခါ၊ ဓါတ်မြေသြဇာထည့်ပေးခြင်းမရှိသော်လည်း နကိုသီးနှံထွက်နှုန်း အတိုင်းရှိရန် ပတ်ဝန်းကျင်အခြေအနေသစ်နှင့် လိုက်ဖက်သင့်လျော်အောင် ၎င်းအတွင်း၌ 'အလိုလိုပြုပြင်ပြောင်းလဲမှု(အီဗိုလူးရှင်း)' ဖြစ်ပေါ်လာလိမ့်မည်ဟု ယူဆကြသည်။) ဤစမ်းသပ်ချက်သည်လည်း စိုက်ပျိုးရေးသီးနှံထွက်ဆိုင်ရာ ကြီးကျယ်သောနောက်ထပ်ဆုံးရှုံးမှုတစ်ခု ဖြစ်၏။

လိုင်ဆင်ကို၏ အီဗိုလူးရှင်းစိတ်ကူးယဉ်စိုက်ပျိုးနည်းကို အသုံးချသဖြင့် သမိုင်းတွင် အကြီးကျယ်ဆုံးသော ငတ်မွတ်ခေါင်းပါးခြင်း ကပ်ဆိုက်ခဲ့ပေသည်။ သန်းပေါင်းများစွာသော လူ့အသက်သေကြေဆုံးရှုံးခဲ့သော်လည်း၊ ထိုဘေးဒုက္ခနှင့်ပတ်သက်၍ မည်သူကမှ ဝေဖန်ဝန့်သူ မရှိခဲ့ချေ။ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ပိုင် ဒေဟွိုတစ်ဦးသာလျှင် ထိုငတ်မွတ်ခြင်းဘေးဒုက္ခနှင့်ပတ်သက်၍ မော်စီတုံးထံသို့ စာတစ်စောင် ရေးခဲ့ဘူးသည်။ နောင်တွင် သူ့ကို "လက်ျာဝါဒီ"အဖြစ်စွပ်စွဲပြီး ဖျောက်ဖျက်ပစ်လိုက်လေသည်။ ထိုငတ်မွတ်ခေါင်းပါးခြင်းကာလအတွင်း၊ **အစိုးရဌာနဆိုင်ရာတရားဝင်အစီရင်ခံစာများတွင်၊ စိုက်ပျိုးရေးသီးနှံထွက်နှုန်း အင်မတန်ကောင်းမွန်သည်ဟု လိမ်လည်ထားကြသည်။ ကမ္ဘာကိုအယုံသွင်းရန်အတွက် တရုတ်ပြည်က ဆန်စပါးအမြောက်အမြား တင်ပို့ရောင်းချခဲ့၏။** တစ်ချိန်တည်းတွင် တိုင်းပြည်၏အချို့ဒေသများတွင် ငတ်မွတ်၍ သေကြေကုန်ကြစဉ်၊ နောင်အချိန်ထပ်မံတင်ပို့ရောင်းချရန်အတွက် ဆန်စပါးနှင့် ဂျုံများကို ဂိုဒေါင်များတွင် လှောင်ထားကြသည်။[၇၆]

နောင်တွင်၊ ၎င်းစိုက်ပျိုးရေးပေါ်လီစီကို ကွန်မြူနစ်ကမ္ဘောဒီယားနိုင်ငံနှင့် မြောက်ကိုးရီယားနိုင်ငံများတွင်လည်း ဆက်လက်အသုံးချခဲ့ကြသည်။ အဖြေကား၊ သီးနှံထွက်နှုန်းအကြီးအကျယ်ကျဆင်းခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်းနှင့် အစုလိုက်အပြုံလိုက် သေကြေပျက်စီးကုန်ခြင်းသာ ဖြစ်ပေသည်။ မသိဘဲ သို့မဟုတ်အသိဉာဏ်မရှိကြဘဲ၊ ကွန်မြူနစ်တို့က လိုင်ဆင်ကိုနှင့် စတာလင်၏ "စိုက်ပျိုးရေးတွင် ကြီးကျယ်သည့်ခြေလှမ်း"ပေါ်လီစီကို မျက်စိမှိတ်၍ လိုက်နာကျင့်သုံးခြင်းသည် ရုပ်ဝါဒအတွေးအခေါ်တွင်အခြေခံသော အီဗိုလူးရှင်းသီအိုရီက တောင်းဆိုနေသောကြောင့် ဖြစ်ပေသည်။

## ဒါဝင်အတွေးအခေါ်အရ မော်၏ရက်စက်မှုများ

## Mao's Dawinist Tyranny

မော်စီတုံးက တရုတ်နိုင်ငံသို့ ယူဆောင်လာခဲ့သော ဒုက္ခဆင်းရဲခြင်းပေါင်းစုံတို့သည် အီဗိုလူရှင်းသီအိုရီနှင့် အများဆုံးဆက်စပ်လျက်ရှိ၏။ ကျွန်ုပ်တို့တွေ့ခဲ့ပြီးသည့်အတိုင်း၊ လိုင်ဆင်ကို၏ "အီဗိုလူးရှင်းသိပ္ပံပညာ"နမူနာကို အသုံးချသဖြင့် ၁၉၅၈–၆၁ ခုနှစ်များအတွင်း ကြီးကျယ်သည့် ငတ်မွတ်ခြင်းဘေးနှင့် ကြုံတွေ့ခဲ့ကြရသည်။ တစ်ချိန်တည်းတွင် တရုတ်ပြည်ကို မော်စီတုံးနှင့် ကွန်မြူနစ်အစိုးရ၏ အုပ်ချုပ်မှုသည် မယုံကြည်နိုင်လောက်အောင် ရက်စက်ကြမ်းကြုတ်၍ သနားကျင်နာခြင်းတရား ကင်းမဲ့၏။ လူတွေကို အငတ်ထား၍ လူသားစားသည့် ဖုတ်သရဲများဖြစ်သွားအောင် အတင်းအဓမ္မတမင်တကာလုပ်လိုက်နိုင်သည့် ကြောက်မက်ဖွယ်သော ပေါ်လီစီ၏နောက်ကွယ်တွင် မည်ကဲ့သို့ယုတ်မာသော အတွေးအခေါ် ရှိနေပါသနည်း။

ကွန်မြူနစ်တို့၏ လူ့သဘာဝကိုကြည့်သည့်အမြင်တစ်ခုလုံးနှင့် ဆက်စပ်နေသည်မှာ ယုံမှားသံသယဖြစ်စရာအကြောင်းမရှိပေ။ ယခင်က၊ လူသားများကို တိရစ္ဆာန်အဖြစ်သတ်မှတ်သည့် အတွေးအခေါ်သည် ဆိုဗီယက်ပြည်ထောင်စုမှ ရက်စက်ကြမ်းကြုတ်မှု၏ အခြေခံဖြစ်ခဲ့သလို၊ တရုတ်နိုင်ငံတွင်လည်း အလားတူဖြစ်ကြောင်း ကျွန်ုပ်တို့သိခဲ့ကြပေပြီ။ ဒါဝင်အတွေးအခေါ်အရ မော်ကလည်း၊ သူ့ကိုဆန့်ကျင်သူတိုကို "တိရစ္ဆာန်"အဖြစ် မြင်၏။ ထို့ကြောင့်၊ မော်၏နောက်လိုက်တို့သည် တိရစ္ဆာန်အုပ်စုအဖြစ်သတ်မှတ်သော လူတို့၏ မချိတင်ကဲနာကျည်းမှုများအတွက် စိတ်ထိခိုက်ခြင်း မရှိကြချေ။ သူတို့အတွက် သဘာဝတရား၏ ဖြစ်ရိုးဖြစ်စဉ်တစ်ခုအဖြစ်

သတ်မှတ်ကြပေသည်။ မော်စီတုံး၏ မဟာခြေလှမ်းစီမံကိန်းကြောင့် သီးနှံထွက်နှုန်းမည်မျှကျဆင်းသွားခဲ့ကြောင်း ဖေါ်ထုတ်ပြီးနောက်၊ *ကွန်မြူနစ်စနစ်၏စာအုပ်မဲ က* ဤကိစ္စနှင့်ပတ်သက်သောအမြင်ကို အောက်ပါအတိုင်းရေးသားထားပေသည်။

> မော်စီတုံးသည်၊ သူ၏ပတ်လည်တွင်ဖွဲ့စည်းထားသောပုဂ္ဂိုလ်များနှင့်ကွာခြားလျက် တရုတ်လူမျိုးခေါင်းဆောင်များ၏ရိုးရာဓလေ့ပုံဖမ်းထားသော်လည်း၊ ဤနေရာတွင် သူ့အနေနှင့် လေးလံထုံထိုင်း၍ရှေးဆန်သည်ဟုထင်သော တောင်သူလယ်သမားများအတွက် စဉ်းစားပေးခြင်းမရှိကြောင်းပြနေပေသည်။[၇၇]

ဂျိမ်းစ်ပူစီက မော်စီတုံး၏ ဒါဝင်အတွေးအခေါ်ကို၊ **"မော်စီတုံး၏အတွေးအခေါ်သည် ရှေ့နောက်မညီမညွတ်လှည့်ထား၍ ကွဲလွဲချက်အမြောက်အမြားကို ရောနှောထားသည့် ဩဇာအင်အားနှင့်ပြည့်စုံသော ဒါဝင်အတွေးအခေါ်ဖြစ်သည်။"**[၇၈] ဟု ဆိုထားသည်။ အခြားတစ်နေရာတွင်လည်း အောက်ပါအတိုင်း ရေးသားထားသည်။

> မော်စီတုံးသည်၊ ဒေါသထွက်နေသည့်အချိန်တွင်(၁၉၆၄–ခုနှစ်အထိ) "မကောင်းဆိုးဝါးတွေအားလုံးကို အပြတ်ရှင်းပစ်မည်" ဟု ကြိမ်ဆိုကြိမ်းဝါးလေ့ရှိသည်။ ထုံးစံအတိုင်းပုံကြီးချဲ့၍တစ်ပိုင်း၊ လူမှုရေးဒါဝင်အတွေးအခေါ် "လောက" အရတစ်ပိုင်း၊ သူ၏ရန်သူများကို လူမဟုတ်အောင် သမုတ်လေ့ရှိ၏။ သူသည်၊ အခြားမင်းမဲ့ဝါဒီအများအားဖြင့်ကဲ့သို့ တန်ပြန်ဖေါက်ပြန်ရေးသမားများကို အီဗိုလူးရှင်းနောက်ကြောင်းပြန်သူများဖြစ်၍ သုတ်သင်ရှင်းလင်းပစ်ရမည်ဟု မြင်သည်။ ပြည်သူ့ရန်သူတို့သည် လူသားမဟုတ်သဖြင့် သူတို့ကို လူသားအဖြစ်ဆက်ဆံရန်မထိုက်တန်ဟု မြင်၏။[၇၉]

လူသားများကို တိရစ္ဆာန်အဖြစ်မြင်သူသည်၊ ၎င်းတို့ကို စမ်းသပ်မှုများလုပ်ရန် စိတ်ထင့်ခြင်း၊ စိတ်စနောင့်စနင်းဖြစ်ခြင်း မရှိချေ။ မဟာခြေလှမ်းခေတ်တွင်၊ ငတ်မွတ်နေသူတို့ကို ကြင်နာတရားကင်းမဲ့စွာ အဟာရသစ်စမ်းသပ်မှုများ လုပ်ကြသည်။

> ငတ်မွတ်ခြင်းဘေးကုန်ဆုံးပြီး တစ်နှစ်အကြာ ၁၉၆၀–ခုနှစ်တွင်၊––အသက်ရှင်ကျန်နေသေးသူတို့က မြင်းချေးများတွင် အစာမကျေဘဲကျန်နေသေးသည့်စပါးစေ့ဂျုံစေ့များကို လိုက်လံရှာဖွေကြ၍၊ နွားချေး ကျွဲချေးပုံအတွင်းရှိ ပိုးကောင်များကိုလည်း စားသုံးရန်လိုက်လံရှာဖွေကြသည်အထိ အခြေအနေဆိုးရွားခဲ့၏။ စခန်းရှိလူများကို စမ်းသပ်ခံပုးကောင်များအဖြစ် အသုံးပြုကြသည်။ စခန်းတစ်ခုတွင် ညက်နေအောင်ကြိတ်ထားသောစက္ကူများကို အစာချေခြင်းနှင့်ပတ်သက်၍လေ့လာရန် ပေါင်မုန့်နှင့်ရော၍ ကျွေးကြသည်။ အခြားတစ်နေရာတွင်မူ ရွှံ့ညွှံတောမှ မျှော့နှင့်လေးများပါဝင်သည့်ရေကို ထမင်းရည်နှင့်ရော၍ တိုက်ကျွေးကြသည်။ ပထမစခန်းမှလူများသေကုန်ကြပြီး၊ ဒုတိယစခန်းမှ လူတို့ကလည်း ဝမ်းလျှောကာ အားပျော့၍ နောက်ဆုံးသေကြေကုန်ကြ၏။[၈၀]

"မဟာခြေလှမ်း" သည်၊ အမှန်စင်စစ်အားဖြင့် သဘာဝ၏ရွေးချယ်မှုနှင့်ပတ်သက်သော စမ်းသပ်ချက်တစ်မျိုးဖြစ်သည်။ မော်စီတုံးက အင်အားချိနဲ့သူများကို ဖျောက်ဖျက်ပစ်ရန်နှင့် ကွန်မြူနစ်ဝါဒကို ဆန့်ကျင်သူတို့ကို သုတ်သင်ရှင်းလင်းပစ်ရန် တရုတ်လူမျိုးများကို အခက်ခဲဆုံးသောအခြေအနေ ဖန်တီးပေးခြင်း ဖြစ်သည်။ တစ်ဘက်တွင်၊ တောင်သူလယ်သမားများအားသူနှင့်ကွန်မြူနစ်ပါတီကိုသာ မှီခိုအားကိုးနေကြရအောင် ငတ်မွတ်စေခြင်းဖြင့် ဦးနှောက်ဆေးခြင်း ဖြစ်သည်။ ဤလုပ်ဆောင်ချက်၏အခြေခံမှာ ဒါဝင်အတွေးအခေါ်(ဒါဝင်ဝါဒ) ဖြစ်သည်။ တစ်ချိန်တည်းတွင် မဟာခြေလှမ်းစီမံကိန်းစတင်ချိန်တွင်၊ "ပညာရေးဆိုင်ရာခြေလှမ်း" စီမံကိန်းကိုလည်း စတင်ဖေါ်ထုတ်လေသည်။ ဒိုင်အာလက်တစ်(အနုပဋိလောမ)ရုပ်ဝါဒနှင့် ဒါဝင်အတွေးအခေါ်တို့သည် ဤပညာရေးစီမံကိန်း၏အဓိကအပိုင်းတွင် ပါဝင်ခဲ့၏။ **"တရုတ် ဆိုရှယ်လစ်ဝါဒ၏ မူဝါဒအခြေခံအုတ်မြစ်သည်၊ ဒါဝင်နှင့်သူ၏အီဗိုလူးရှင်းသီအိုရီဖြစ်သည်။"**[၈၁] ဟူသော ဤ(မဟာခြေလှမ်း)ကာလအတွင်း မော်စီတုံးပေးခဲ့သောမိန့်ခွန်းများက သူ၏ရက်စက်ကြမ်းကြုတ်မှု မူဝါဒကို ဖေါ်ပြထားပေသည်။

မဟာခြေလှမ်းကြီး၏နောက်ပိုင်း ၁၉၆၂–ခုနှစ် ဇန္နဝါရီလ ၃၀ရက်နေ့တွင်ပေးသည့်မိန့်ခွန်း၌ တရုတ်ကွန်မြူနစ်ပါတီနှင့်ဒါဝင် တူညီမှုရှိကြောင်းကို ပါတီဝင်များအား ရှင်းပြခဲ့ပေသည်။

သမိုင်းမှာ သဘာဝသိပ္ပံပညာရှင်များဖြစ်တဲ့ ကော်ပါးနိကပ်စ်၊ ဂါလီလီအိုနှင့် ဒါဝင်တို့ကို အချိန်ကာလ အလွန်ကြာညောင်းသည်တိုင်အောင် အများစုက အသိအမှတ်မပြုခဲ့ကြဘဲ၊ သူတို့ကို မှားယွင်းတယ်လို့ဘဲ ယူဆခဲ့ကြတယ်။ သူတို့ခေတ်မှာ သူတို့ဟာ လူနည်းစုတွေဖြစ်ခဲ့ကြတယ်။ ကျုပ်တို့ရဲ့ပါတီကို ၁၉၂၁–ခုနှစ်မှာ လူဦးရေပေါင်းဒါဇင်အနည်းငယ်နဲ့ စတင်ဖွဲ့စည်းခဲ့ကြတယ်။ သို့သော်လည်း၊ ဒီလူနည်းစုကလေးက အမှန်တရားကို ကိုယ်စားပြုခဲ့ကြပြီး၊ တရုတ်နိုင်ငံရဲ့ ကံကြမ္မာကိုလည်း ကိုယ်စားပြုကြတယ်။[၈၂]

မော်က သူ့ပါတီ၏လုပ်ဆောင်ကြိုးပမ်းချက်များကို ဒါဝင်၏တီထွင်ကြံဆချက်နှင့် နှိုင်းယှဉ်၍၊ ဒါဝင်အား လေးစားခြင်းနှင့် ချီးကျူးကြောင်း ထုတ်ဖော်ပြောဆိုပေသည်။ ဒါဝင်၏ သီအိုရီများကို အစတွင် အနည်းငယ်သောလူတို့သာ လက်ခံခဲ့ကြသလို၊ ပထမပိုင်းတွင် ကွန်မြူနစ်ပါတီ၏အတွေးအခေါ်ကို လူအနည်းငယ်လောက်သာ လက်ခံခဲ့ကြသည်ဟု ဆိုသည်။ ထိုကဲ့သို့လက်မခံကြခြင်းက ထိုသူတို့၏ မှန်ကန်သောအတွေးအခေါ်များကို ထိခိုက်ခြင်း မရှိခဲ့ချေ။

သို့သော်လည်း၊ ဒါဝင်၏အတွေးအခေါ်များသည် စိတ်ကူးယဉ်သက်သက်သာဖြစ်ခဲ့သလို၊ မော်စီတုံး၏အတွေးအခေါ်သည်လည်း စိတ်ကူးယဉ်ခြင်းသာဖြစ်ပေသည်။

မဟာခြေလှမ်းကာလအတွင်း လူဦးရေပေါင်း သန်းပေါင်း ၃၀ မှ ၄၅ အထိ ငတ်မွတ်ခြင်းဘေးကြောင့် သေကြေပျက်စီးကုန်ကြသည်။ စီမံကိန်းကို မလိုက်နာဆန့်ကျင်သူ တောင်သူလယ်သမားအမြောက်အမြားတို့သည်လည်း နှိပ်စက်ခြင်းကြောင့် အသက်သေဆုံးခဲ့ကြသည်။ ကွန်မြူနစ်ဝါဒကို မလိုလားသည့်အရိပ်အယောင်အနည်းငယ်မျှလောက်ပြသူတို့ကို "လူတန်းစားရန်သူများ" ဟုစွပ်စွဲ၍ ဖမ်းဆီးချုပ်နှောင်နှိပ်စက်ကြသည်။ တရုတ်အကျဉ်းသားများကို တိရစ္ဆာန်ကဲ့သို့ထား၍ နောက်ဆုံးတွင် သတ်ဖြတ်လိုက်ကြသည်။

ဤအကျဉ်းထောင်များတွင်၊ တရုတ်ကွန်မြူနစ်ဝါဒ၏ ရိုင်းစိုင်းရက်စက်မှုကို အထူးသဖြင့် ထင်ရှားစေသည်။

## မော်၏ အကျဉ်းထောင်များ

## Mao's Prisons

မော်၏တရုတ်နိုင်ငံသည် ကြောက်မက်ဖွယ်သောလူ့အဖွဲ့အစည်း လုံးလုံးလျားလျားဖြစ်ခဲ့၏။ လူပေါင်းသန်းပေါင်းများစွာတို့ကို ရာဇဝတ်မှုနှင့်ပတ်သက်သော ခိုင်လုံသည့်သက်သေအထောက်အထားမရှိသော်လည်း၊ ကွန်မြူနစ်ကိုဆန့်ကျင်သူများအဖြစ် ဖမ်းဆီးချုပ်နှောင်ခဲ့ကြသည်။ ၎င်းနောက် မြို့ကြီးများရှိ အများမြင်ကွင်း ကွင်းပြင်ကျယ်ကြီးများတွင် ကြီးကျယ်သည့် အခန်းအနားဖြင့် ကွပ်မျက်ကြသည်။ ခန့်မှန်းချေအားဖြင့် လူဦးရေ ၆ သန်းမှ ၁၀ သန်းအထိ၊ မော်၏ ညွှန်ကြားချက်အရ မတရားသတ်ဖြတ်ခဲ့သည်။ လူပေါင်း သန်း၂၀–ခန့်သည် "တန်ပြန်တော်လှန်ရေးသမား" ဟုစွပ်စွဲခံရပြီး နိုင်ငံတော်၏ရန်သူအဖြစ် သူတို့၏သက်တန်းအများဆုံးအပိုင်းကို အကျဉ်းထောင်၌ နေခဲ့ကြရ၏။ သို့သော်လည်း၊ ဤအကျဉ်းထောင်များတွင် နေရခြင်းသည် အသက်သေဆုံးသွားသည်ထက် ဆိုးသည်ဟု *ကွန်မြူနစ်ဝါဒ၏စာအုပ်မဲ* ကဆိုထားသည်။

> (အကျဉ်းထောင်းတိုင်းတွင်)စတုရန်းမီတာ ၁၀၀ ရှိသည့်အကျဉ်းခန်းပေါင်း ၃၀၀ အထိရှိ၍၊ ရှန်ဟိုင်းဇဟိုအကျဉ်းထောင်တွင် ၁၈၀၀၀ အထိရှိသည်။ ငတ်မွတ်ခြင်း၊ အလွန်အကျွံအလုပ်လုပ်ရခြင်း၊ လူမဆန်သည့်စည်းကမ်းများနှင့်ကိုယ်ခန္ဓာကို (ဥပမာ၊ အကျဉ်းသားများကို၊ အထူးသဖြင့် တန်းစီ လမ်းလျှောက်နေစဉ် သူတို့၏ဦးခေါင်းများငိုက်စိုက်မနေရအောင် ရိုင်ဖယ်သေနတ်ဒင်ဖြင့် ရိုက်ခြင်း) စသဖြင့် မရပ်မနားနှိပ်စက်ကြသည်။ *လောင်ဂိုင်*တွင် ၁၉၄၉–မှ ၁၉၇၈–အထိ ပျမ်းမျှသေဆုံးနှုန်းသည် နှစ်စဉ် ၅–ရာခိုင်နှုန်းထက်မနည်း တိုး၏။ ဝွမ်စီနယ်တွင် ခြောက်လအတွင်း ၅၀–ရာခိုင်နှုန်း သေဆုံးသည်။ ရှန်စီနယ်မှ သတ္တုတွင်းတစ်တွင်းတွင် တစ်ရက်လျှင် လူပေါင်း ၃၀၀ ကျော်သေဆုံး၏။ တစ်မျိုးနှင့်တစ်မျိုးကွဲပြား၍ ယုတ်မာဆုံးသောနှိပ်စက်နည်းများသည် နေရာတကာ ကျင့်သုံးကြသည်။ ဥပမာ လက်ကောက်ဝတ်တွင် သို့မဟုတ် လက်မတွင်တုတ်နှောင်၍ တွဲလောင်းဆွဲထားခြင်း စသည်တို့ပြုကြသည်။ တရုတ်ဘုန်းကြီးတစ်ပါးကလည်း အချိန်နာရီပေါင်း

> ၁၂၀ မရပ်မနား စစ်ဆေးမေးမြန်းသဖြင့် စစ်ဆေးနေစဉ်အသက်ထွက်သွား၏။ ဤလုပ်ငန်းကို အရိုင်းစိုင်းဆုံး အကြမ်းတမ်းဆုံးလူများကို သူတို့လုပ်သမျှ အပြစ်မယူတန်းအပ်နှံထားကြသည်။ အကျဉ်းစခန်းတစ်ခု၏ စခန်းမှူးသည် အမျိုးသမီးအကျဉ်းသားများကို မုဒိန်းကျင့်သည့်အပြင် တစ်နှစ်လျှင် လူပေါင်း ၁၃၂၀ သတ်ပစ်သည်ဟူ၏။ (လက်နက်ကိုင်စစ်သားအမြောက်အမြားပါဝင်သော)အကျဉ်းသားများကို ဦးချိုးနိုင်ခြင်းမရှိသေးသောအချိန်ဖြစ်သည့်အလျောက်၊ ထောင်တွင်းပုန်ကန်ထကြွခြင်း မကြာခဏဖြစ်လေ့ရှိ၏။ ထိုကာလများတွင် အကျဉ်းသားများကို အရမ်းကာရော အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ကြသည်။ ယန်ချန်ရေနံတွင်း၌ အလုပ်ကြမ်းအကျဉ်းသား ၂၀၀၀၀ အနက် ထောင်ပေါင်းများစွာကို သတ်လိုက်ကြသည်။ ၁၉၄၉–ခုနှစ်တွင် တောတွင်းအကျဉ်းစခန်းတစ်ခုမှ အကျဉ်းသား ၅၀၀၀ အနက် ၁၀၀၀ သည် ထောင်ဖေါက်ထွက်ပြေးကြရာ၊ ဖမ်းမိသူအားလုံးကို အရှင်လတ်လတ် မြေမြှုပ်လိုက်ကြ၏။[၈၃]

ယွှင်က ရှန်ဟိုင်းအကျဉ်းထောင်တွင် ထောင်ကျခဲ့ဘူးသော ညင်ချိုင်က တရုတ်အကျဉ်းထောင်များမှ ကိုယ်လက်ထိရောက်အကြမ်းဖက်မှုများကို ဤသို့ထုတ်ဖေါ်ပြောပြ၏။

> အထူးစီမံထားသော လက်ထိတ်ကို အကျဉ်းသား၏လက်ကောက်ဝတ်တွင် တင်းကြပ်စွာခတ်ခြင်းသည် မော်စီတုံး၏တရုတ်အကျဉ်းထောင်စနစ်တွင် အသုံးပြုသည့်သမရိုးကျ လုပ်နည်းလုပ်ဟန်တစ်ခု ဖြစ်သည်။ တခါတရံ ခြေကျင်းဝတ်တွင် သံချိန်းကြိုးများကို ထပ်၍ ခတ်ပေးသည်။ အခြားအချိန်များတွင်၊ အကျဉ်းသားကို လက်ထိတ်ခြေထိတ်ခတ်ပြီး ပြတင်းပေါက်တွင် ချည်နှောင်ထားကြသည်။ အကျဉ်းသားမှာ ထမင်းစားရန်၊ ရေသောက်ရန်နှင့် အိမ်သာသို့ အပေါ့အလေးသွားရန်လည်း မလှုပ်ရှားနိုင်ချေ။ အဓိကမှာ လူတစ်ယောက်ကို စိတ်ဓါတ်ကျဆင်း၍ ဦးကျိုးသွားအောင် လုပ်ခြင်းဖြစ်သည်။––ပြည်သူ့အစိုးရက နှိပ်စက်ခြင်းမျိုးစုံကို တရားဝင် ပယ်ဖျက်တားမြစ်လိုက်ပြီးဖြစ်သဖြင့်၊ အာဏာပိုင်များက ထိုလုပ်ရပ်များကို "ဒဏ်ခတ်ခြင်း" သို့မဟုတ် "ယုံကြည်လက်ခံစေအောင် ဖြားယောင်းခြင်း"ဟု ခေါ်သည်။[၈၄]

ဤရိုင်းစိုင်းကြမ်းကြုတ်မှုသည်၊ အစိုးရကို ဆန့်ကျင်သူများအား ကြောက်စိတ်သွင်းပေးရန်ဖြစ်၍၊ အဆုံးတွင် လူ့အဖွဲ့အစည်းတစ်ခုလုံးတွင် အစိုးရအား ကြောက်ရွံ့နေသည့်စိတ် ဆက်လက်သွတ်သွင်းခြင်းဖြစ်သည်။ နောက်ထပ်ပန်းတိုင်တစ်ခုမှာ၊ ခြောက်လှန့်ခြင်းနှင့် နှိပ်စက်ခြင်းဖြင့် လူတို့၏ဂုဏ်သိက္ခာကို ချိုးနှိမ်ပစ်ပြီး၊ "တိရစ္ဆာန်ကဲ့သို့"စိတ်ထားနိမ့်ကျသွားရန် ဖြစ်သည်။ ဤနည်းများဖြင့်၊ မော်စီတုံးက တရုတ်နိုင်ငံတစ်ခုလုံးရှိ ပြည်သူအားလုံးတို့ကို၊ သူက ထိန်းကွပ်နိုင်သည့် တိရစ္ဆာန်အုပ်အဖြစ် ပြောင်းလဲလိုခြင်းဖြစ်ပေသည်။

မော်စီတုံး၏တစ်ပါတီအာဏာရှင်စနစ်ကို ပြန်လည်အသက်သွင်းပေးသည့် အရေးကြီးသည့်အလှည့်အပြောင်းမှာ တရုတ်ပြည်၏ "ယဉ်ကျေးမှုတော်လှန်ရေး"ဖြစ်၏။

## ယဉ်ကျေးမှုတော်လှန်ရေး–တရုတ်ပြည်၏မိုက်မဲသောဘုံစနစ်

## The Cultural Revolution: China's Communal Folly

မဟာခြေလှမ်းစီမံကိန်းကြီး၏ပျက်စီးခြင်းဘေးဒုက္ခနောက်ပိုင်းတွင်၊ မော်စီတုံးက သူသည် "နေ့စဉ်နိုင်ငံရေးကိစ္စ၏ အထက်တွင်ရှိသည်"ဟု ကြေညာ၏။ သူသည် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းဆောင်တာများမှ ရပ်နား၍ "ပိုမိုကြီးကျယ်အရေးကြီးသည့်ကိစ္စများ"အတွက် အာရုံစိုက်ရန် ဆုံးဖြတ်လိုက်လေသည်။ မော်၏တိတ်ဆိတ်မှုက ၁၉၆၆–ခုနှစ်တွင် ဆုံးခန်းတိုင်တော့သည်။ တရုတ်တော်လှန်ရေးသည် "ကြီးကျယ်သည့်ပွဲကိုင်"ဖြစ်သူ မော်ကိုယ်တိုင်က ပြည်သူတို့၏စိတ်တွင်း၌ လုံလောက်ပြည့်စုံအောင် သွတ်သွင်းပေးနိုင်ခြင်းမရှိသေးသဖြင့်၊ အောင်မြင်မှုပန်းတိုင်သို့မရောက်သေးဟု ကြေညာလေသည်။ နိုင်ငံတော်အစိုးရ၏အမြင့်ဆုံးအဆင့်တွင် တာဝန်ထမ်းဆောင်နေသူအချို့တို့ပင် ကွန်မြူနစ်ဝါဒကို သဘောမပေါက်ကြ သေးဟုဆို၏။ ထို့ကြောင့်၊ ယင်းအခြေအနေကိုပြုပြင်ရန် ယဉ်ကျေးမှုတော်လှန်ရေး လိုအပ်သည်ဟု ကြေညာလေသည်။

ယဉ်ကျေးမှုတော်လှန်ရေး၏ တုန်လှုပ်ခြောက်ခြားဖွယ်များက တရုတ်နိုင်ငံတစ်ခုလုံးနှင့် တရုတ်လူ့အဖွဲ့အစည်းကို ဖျက်ဆီးလိုက်ရန်သာ ဖြစ်ခဲ့လေသည်။ မော်၏အကြံပေးချက်က

ပညာမဲ့သည့်အောက်ပိုင်းအဆင့် ကွန်မြူနစ်ပါတီဝင်လူငယ်များကို အလွန်အမင်း သြဇာသက်ရောက်၍ သဘောတွေ့စေခဲ့သည်။ ထိုသူတို့သည် တပ်နီ (Red Guard) ရဲဘော်များ ဖြစ်လာကြ၍ တနိုင်ငံလုံး နေရာတကာတွင် စတင်ဖျက်ဆီးကြလေသည်။ "အရှေ့သည်နီရဲ၏" ဟူသော စစ်ချီသီချင်းကို ဆို၍၊ လမ်းမလမ်းငယ်တိုင်းတွင် ချီတက်ကြကာ၊ သူတို့၏ ကျူးကျော်စော်ကားမှုစရိုက်ကို ပြသကြလေသည်။ ကွန်မြူနစ်ဆန့်ကျင်ရေးသမားဟု ထင်သူတိုင်းကို ဖမ်းဆီးကြသည်။ ထောင်သောင်းများစွာသော ရာထူးရာခံကြီးမြင့်သည့် မြူရိုကရက်အရာရှိများ၊ တက္ကသိုလ်ပါမောက္ခများ၊ သိပ္ပံပညာရှင်များနှင့် ပညာရှင်များကို ဖမ်းဆီးချုပ်နှောင်၍၊ ပြင်းထန်ရက်စက်ကြမ်းကြုတ်စွာနှိပ်စက်အရှက်ခွဲပြီးနောက် သတ်ဖြတ်ပစ်ကြသည်။


မော်၏အရင်းနှီးဆုံးသူငယ်ချင်းဖြစ်သည့်အပြင်၊ တရုတ်ပြည်သူ့သမတနိုင်ငံ၏ သမတဟောင်း လျူရှောချီကိုပင် မော်၏အမိန့်ဖြင့် ဖမ်းဆီး၍၊ လူအများရှေ့တွင် ရိုက်နှက်နှိပ်စက်ပြီး အကျဉ်းထောင်တွင် ဆေးကုသခြင်းမရှိဘဲ ချုပ်နှောင်ထားကြသည်။ နောက်ဆုံးတွင် အနာဒဏ်ရာဒဏ်ချက်များကို မခံနိုင်ဘဲ ဒုက္ခဆင်းရဲခြင်းကြီးစွာဖြင့် သေဆုံးသွားလေသည်။ တိန်ရှောင်ပိန်သည်လည်း မော်၏အဟောင်းဆုံးရဲဘော်တစ်ဦးဖြစ်၍၊ မော်စီတုံး၏နောက်တွင် တရုတ်နိုင်ငံကို အုပ်ချုပ်မည့်သူတစ်ဦး ဖြစ်သည်။ သူ၏သား ပူဖေါင်သည်၊ ပီကင်းတက္ကသိုလ်မှ ဉာဏ်ထက်မြက်ဆုံး ရူပဗေဒကျောင်းသားတစ်ဦးဖြစ်သည်။ သူ့ကိုလည်း တပ်နီရဲဘော်တို့က စစ်ဆေးမေးမြန်းကြသည်။ ထိုသို့စစ်ဆေးစဉ်အတွင်း ဓမ္မတာနှင့်ဆန့်ကျင်သည့်ကာမဆက်ဆံခြင်းကိုလည်း ခံခဲ့ရသည်။ နောက်ဆုံးတွင် သတိလစ်မေ့မြောသွားသည်အထိ ရိုက်နှက်ပြီးနောက်အခန်းပြတင်းပေါက်မှ ပစ်ချခံရသဖြင့် ကျောရိုးကျိုးသွားကာ တစ်သက်လုံးနားပင်း၍ တွန်းလှည်းပေါ်တွင်သာ ဆက်လက်အသက်ရှင်ခဲ့ရလေသည်။[၈၅]




ယဉ်ကျေးမှုတော်လှန်ရေးသည်၊ ကွန်မြူနစ်ဝါဒကိုဆန့်ကျင်သည့်အတွေးအခေါ်တိုင်း လူတိုင်းကို ဖျောက်ဖျက်ပစ်ရန် ထိန်းမနိုင်သိမ်းမရ သွေးရူးသွေးတန်း ကြောက်မက်ဖွယ်ကောင်းအောင် စီမံရေးဆွဲထားသော စီမံကိန်းဖြစ်သည်။ လက်ျာဘက်ရှိ ဝါဒဖြန့်ပိုစတာသည် ဤသွေးချောင်းစီးခြင်းကို ခင်းကျင်းပြလျက်ရှိ၏။ ကွန်မြူနစ်ဆန့်ကျင်ရေးသမားများကို ကွန်မြူနစ်တပ်နီတို့၏ လက်သီးဖြင့် ချေမှုန်းပစ်ပုံ ဖြစ်၏။

မျက်မြင်သက်သေတစ်ဦးက တက္ကသိုလ်ပါမောက္ခတစ်ဦးအား ယဉ်ကျေးမှုတော်လှန်ရေးအတွင်း နှိပ်စက်ခဲ့ပုံကို အောက်ပါအတိုင်း ထုတ်ဖေါ်ပြောပြ၏။

> ကျနော်အတွင်းဘက်ကို ပြေးဝင်သွားတယ်။ အတွင်းဘက်ခပ်လှမ်းလှမ်းက လေးထပ်တိုက် စာသင်ခန်းရှေ့ အားကစားကွင်းမှာ တန်းစီထားတဲ့ဆရာ၊ ဆရာမတွေကို ကျနော်သွားတွေ့ပါတယ်။ အားလုံး ၄၀–၅၀ ယောက်လောက်ရှိမယ်။ "အနက်ရောင်ဂိုဏ်း"ဖြစ်သွားအောင်၊ သူတို့အားလုံးရဲ့ ဦးခေါင်းနဲ့ မျက်နှာတွေမှာ မှင်နက်တွေ လောင်းပေးထားကြတယ်။ သူတို့ရဲ့လည်ပင်းတွေမှာတော့၊ "တန်ပြန်ပညာရှင် အာဏာပိုင်၊ စသည်ဖြင့်"၊ "လူတန်းစားရန်သူ၊ စသည်ဖြင့်"၊ "အရင်းရှင်းလမ်း




ယဉ်ကျေးမှုတော်လှန်ရေး–တရုတ်နိုင်ငံကို အကြမ်းဖက်ခဲ့သောအရှုးထခြင်း။
တပ်နီတို့သည် မော်စီတုံး၏စာအုပ်နီကိုသာ သူတို့၏ လမ်းညွှန်အဖြစ် အသိအမှတ်ပြုကြသည်။ ယဉ်ကျေးမှု တော်လှန်ရေးအတွင်း တရုတ်ပြည်တစ်ခုလုံးကို သွေး ချောင်းစီးခြင်းနှင့်ကြောက်လန့်ခြောက်ခြားစေခြင်းဖြင့် လွှမ်းမိုးခဲ့ကြသည်။ ဝါဒဖြန့်ပိုစတာများကလည်း တပ်နီ၏ရိုင်းစိုင်းမှုကို သရုပ်ဖော်ထား၏။ အပေါ်ဆုံး ပိုစတာတွင် တက္ကသိုလ်ပါမောက္ခတို့ကို လူ့အဖွဲ့အ စည်းအား ဆုတ်ယုတ်ယိုယွင်းစေသည့် ကပ်ပါး ကောင်များအဖြစ် သရုပ်ဆောင်ထားသည်။






မော်၏ကွန်မြူနစ်အတွေးအခေါ်ကဦးဆောက် ဆေးထားသော တပ်နီလူငယ်များ။





တက္ကသိုလ်ပါမောက္ခတို့ကို သတ်နေစဉ်။

ယဉ်ကျေးမှုတော်လှန်ရေးတလျှောက်လုံး တပ်နီတို့က ခေါင်းဆောင်းမက သောပြည်သူတို့ကို နှိပ်စက်ကြ၏။ ခေါင်းဆောင်းများစွာသော ရာထူးရာခံကြီးမြင့်သည့် ဗျူရိုကရက်အရာရှိများ၊ တက္ကသိုလ်ပါမောက္ခများ၊ သိပ္ပံပညာရှင်များနှင့် ပညာရှင်များကို ဖမ်းဆီးချုပ်နှောင်၍ ပြင်းထန်ရက်စက်ကြမ်းကြုတ်စွာနှိပ်စက် အရှက်ခွဲပြီးနောက်၊ သူတို့ကိုမသတ်ဖြတ်ပစ်မီ လည်ပင်းတွင် ရှုတ်ချစော်ကားသော စာတမ်းများချိတ်ဆွဲပေးကြသည်။














တရုတ်ပြည်မှ နောက်ထပ်နိုင်ငံရေးကွပ်မျက်မှု။

ဝန်ရှောင်စင်အမည်ရှိ အမျိုးသမီးတစ်ဦးအား အစိုးရကိုဆန့်ကျင်မှုနှင့်ဖမ်းဆီးပြီး၊ စစ်သားများက နောက်ပြန်ကြိုးတုတ်၍ ဒူးထောက်စေကာ ကျည်ဆံတစ်လုံးတည်းဖြင့် ပစ်သတ်လိုက်သည်။ ဤသို့သောသတ်ဖြတ်မှုတွင် ထုံးစံအတိုင်း သေနတ်ကျည်ဆံဖိုးကို အသတ်ခံရသူ၏အိမ်ထောင်စုထံမှ ကောက်ယူသည်။

ပေါ်လျှောက်သူ၊ စသည်ဖြင့်”၊ သတင်းစာတွေထဲမှာ တွေ့သမျှစာတမ်းတွေကို ဆွဲပေးထားကြတယ်။ ဆရာ၊ ဆရာမတွေကို သေဒဏ်ကျလို့ သတ်ရက်စောင့်နေကြတဲ့ရာဇဝတ်ကောင်တွေပုံစံ စာတမ်းတစ်ခုစီမှာ အနီရောင်ကြက်ခြေခတ် ရေးထားတယ်။ သူတို့အားလုံးကို ဥာဏ်ထိုင်းတဲ့ကျောင်းသားတွေကို ဆောင်းပေးတဲ့ ကတော့ပုံဦးထုပ်ချွန်တွေဆောင်းပေးထားတယ်။ ဦးထုပ်တွေမှာလည်း အ

> လားတူစာတမ်းတွေ ရေးထားတယ်။ ညစ်ပတ်နေတဲ့တံမြက်စည်း၊ ဘိနပ်နဲ့သင်ပုန်းဖျက်တွေကို ကျောမှာပိုးခိုင်းထားတယ်။ ကျောက်ခဲတွေကို ရေပုံးမှာထည့်ပြီး လည်ပင်းမှာဆွဲပေးထားတယ်။ ကျောင်းအုပ်ဆရာကြီးကို ကျနော်တွေ့လိုက်တယ်။ ကျောက်ခဲက လေးလွန်းလို့ လည်ပင်းကဝိုင်ယာကြိုးက လည်ဂုတ်အသားထဲလျှဝင်နေတာနဲ့ နာလွန်းလို့ဒယိမ်းဒယိုင် လျှောက်နေတာကို တွေ့ရပါတယ်။ သူတို့အားလုံး ဘိနပ်မစီးကြရဘူး။ မောင်းပျက်တို့ ဒန်အိုးစုတ်တို့ကိုတီးပြီး “ကျုပ်ဟာ အနက်ရောင်ဂိုဏ်းဖြစ်တယ်၊ စသဖြင့်”အော်နေကြရတယ်။ နောက်ဆုံး သူတို့အားလုံး ဒူးထောက်ချပြီး၊ အမွှေးတိုင်ရှို့၊ ပြီးတော့ မော်စီတုံးကို “အပြစ်လွှတ်ပေးဖို့”တောင်းခံကြရတယ်။
>
> ကျနော်လဲ မြင်ကွင်းကြောင့် အံ့အားသင့်သွားပြီး မျက်နှာဖြူဖတ်ဖြူယော်ဖြစ်သွားတယ်လို့ ထင်ရပါတယ်။ တချို့မိန်းကလေးတွေက မူးမေ့သတိလစ်မတတ် ဖြစ်သွားကြတယ်။
>
> အဲဒီနောက်တော့၊ ဝိုင်းရိုက်တာတို့ အမျိုးမျိုးနှိပ်စက်ကြတော့တယ်။ အရင်က ဒီလိုမြင်ကွင်း ဘယ်တော့မှ မမြင်ဘူးခဲ့ဘူး။ ပိုးမွှားများနဲ့ညှိအချိန်စွန့်သည့်အညစ်အကြေးများကို စားခိုင်းခြင်း၊ လျှပ်စစ်ဖြင့် တို့ခြင်း၊ မှန်ကွဲပုလင်းကွဲများအပေါ် ဒူးထောက်ခိုင်းခြင်း၊ လက်မောင်းနှင့်ခြေထောက်ကို ချည်၍ လေယာဉ်ပျံကဲ့သို့တွဲလောင်းချည်ထားခြင်း၊ စတဲ့နှိပ်စက်နည်းတွေပါပါတယ်။[၈၆]

ယဉ်ကျေးမှုတော်လှန်ရေးမှာ၊ ယွှင် လီနင်နှင့်စတာလင်တို့ဆောင်ရွက်ခဲ့ဘူးသည့် **“လူသားကို တိရစ္ဆာန်အဖြစ်ပြောင်းခြင်း”–တစ်နည်းအားဖြင့် တိရစ္ဆာန်စိတ်ဓါတ်သွင်းခြင်းကို**လည်း အကောင်အထည်ဖေါ်ခဲ့၏။ “ပြည်သူတို့၏ တိရစ္ဆာန်များ”ဟု သမုတ်ခံရသော အတိုက်အခံဆန့်ကျင်သူတို့ကို အများလူထုရှေ့တွင် တိရစ္ဆာန်ကဲ့သို့ သရုပ်ဆောင်ခိုင်းကြသည်။ ဖမ်းဆီးထားသောအချို့ပါမောက္ခတို့ကို နောက်ပြန်ကြိုးတုတ်ပြီး၊ မြက်ခင်းပေါ် ဒူးထောက်ထိုင်ခိုင်း၍ တိရစ္ဆာန်များကဲ့သို့ မြက်ကိုသူတို့၏သွားဖြင့် ကုန်းကိုက်ဖြတ်ခြင်း ဆွဲနှုတ်ခြင်း လုပ်ခိုင်းကြသည်။ ၁၉၆၇–ခုနှစ် ဩဂုတ်လတွင်၊ ပီကင်းသတင်းဌာနမှ၊ မော်လမ်းစဉ်ကို ဆန့်ကျင်သူတို့သည် “လမ်းမပေါ်တွင် ပြေးလွှားနေသော ကြွက်များဖြစ်သဖြင့် အားလုံးကို သတ်ပစ်ရမည်ဟု ကြေညာလိုက်၏။[၈၇]



တရုတ်နီနိုင်ငံတွင် နိုင်ငံရေးအရသတ်ဖြတ်မှုသည် နေ့စဉ်အဖြစ်အပျက် ဖြစ်၏။ အမြောက်အမြားသည် “မော်၏လမ်းစဉ်”ကို မလိုက်နာသောပစ်မှုဟု အကြောင်းပြပြီး လမ်းမများအပေါ်တွင်ပင် သတ်ဖြတ်ကြသည်။

ယဉ်ကျေးမှုတော်လှန်ရေးသည်၊ လူထုအုပ်လိုက် ပါဝင်သည့် သမိုင်းတွင် မဖြစ်ဘူးမမြင်စဘူးသော မိုက်မဲမှု ဖြစ်သည်။ တပ်နီတို့သည်၊ လူပေါင်းထောင်သောင်းများစွာကို ဆုတောင်းခြင်း၊ ဘုရားဝတ်ပြုခြင်းကြောင့်၊ တေးဂီတသီချင်းနားထောင်ခြင်းကြောင့်၊ အိမ်တွင်မွေးထားသောတိရ စ္ဆာန်ကို ကျွေးမွေးသောကြောင့်၊ သတ်ဖြတ်ကြသည်။ လူတွေကိုသူတို့တွေးမိသမျှသော ရက်စက်နည်းတွေကို အသုံးပြုအောင် အိပ်မွေ့ချလိုက်သကဲ့သို့ ဖြစ်သည်။ လူများကို မတရားသတ် ဖြတ်နေသည်ကို အတိုင်းသားကြည့်မြင်နေရင်း အော်ဟစ်ဩဘာပေးကြသည်။ *ကွန်မြူနစ်ဝါဒ ၏စာအုပ်မဲ*တွင် အောက်ပါအတိုင်း ဖေါ်ပြထားပေသည်။

> “တန်ပြန်တော်လှန်ရေးသမားများ”ကို လူထုရှေ့တွင် ခုံရုံးတင်စစ်ဆေးမည့်နေရာသို့ လူတွေအားလုံးကို ဆင့်ခေါ်စုရုံးထားသည်။ ထိုသို့သောအကျဉ်းသမားတို့သည်လည်း အစဉ်သဖြင့် သေဒဏ်ပေးခြင်းကိုသာ ခံကြရ၏။ ထိုလူသတ်ပွဲတွင် လူတိုင်းပါဝင်ဆင်နွှဲကြသည်။ တရားခံကို သတ်၍ အပိုင်းပိုင်း ဖြတ်ရန်တာဝန်ယူထားသော တပ်နီရဲဘော်တို့ကို “သတ်လိုက်၊ သတ်လိုက်”ဟု ဝိုင်းအော်ဩဘာပေးကြသည်။ တခါတရံ ထိုလူသားအပိုင်းအစများကို ချက်ပြုတ်၍ စားသုံးကြသည်။ သို့မဟုတ် ထိုလူသတ်ပွဲကို လာရောက်ကြည့်နေကြရသော သေသူတရားခံ၏အိမ်သူအိမ်သားများကို အတင်း ကျွေးမွေးကြသည်။ ပရိသတ်အားလုံးကို စားသောက်ပွဲသို့ဖိတ်ခေါ်၍၊ ယွှင်ကမြေပိုင်ရှင်



နောက်ထပ် အပြစ်မဲ့တရုတ်လူမျိုး
တစ်ဦးကို သတ်ဖြတ်နေကြစဉ်။

ဖြစ်ခဲ့သော သေသူ၏အသဲနှလုံးများကို မီးကင်၍ ဝေမျှစားသုံးကြသည်။ အခန်းနားမှူးကလည်း လတ်လတ်ဆတ်ဆတ်သတ်ထားသည့် ဦးခေါင်းများကို တံကျင်လျှို၍ စီတန်းထားသည့်အနားတွင် မိန့်ခွန်းပြော၏။ ဤကဲ့သို့သော ကလဲ့စားချေသည့်လူသားစားခြင်းသည်၊ အရှေ့အာရှနယ်မြေများ တွင် ရှေးပဝေသနီကာလများ၌ စွဲမက်စွာကျင့်သုံးခဲ့ကြသည့်အလေ့အကျင့်တစ်ခုဖြစ်ပြီး၊ ရုတ်တရက် ကျရောက်လာသောကပ်ဆိုးကြီးပမာ ပြန်လည်ပေါ်ပေါက်လာလေ့ရှိ၏။ ပွန်ပွတ်အစိုးရခေတ်တွင် လည်း သာမာန်လုပ်ရိုးလုပ်စဉ်တစ်ခုအဖြစ် ကျင့်သုံးခဲ့ကြသည်။[၈၈]

တပ်နီရဲဘော်တို့အတွက် *စာအုပ်နီကလေး*သည် မော်၏စကားများပါရှိသော တစ်ခုတည်းသော လမ်းညွှန်ဖြစ်သည်။ လူတိုင်းက ဤစာအုပ်ကို အလွတ်ကျက်မှတ်ထားသည်။ အလွတ်မရသူတို့ကို "လူတန်းစားရန်သူ"ဟု ရှုတ်ချ၍ တခါတရံဝိုင်းရိုက်ပြီး ထိုနေရာတွင်ချက်ချင်း သေဒဏ်ပေးလိုက်ကြသည်။ တရားဝင်သမရိုးကျအလုပ်အကိုင်ကိုပင် "ကွန်မြူနစ်ဆန့်ကျင်ရေး"ဟု စွပ်စွဲ၍ ဒဏ်ခတ်ကြသည်။

မိမိတို့ကိုယ်ကို အလွန့်အလွန်အရေးပါသူများအဖြစ်ယူဆကြသည့် တပ်နီရဲဘော်တို့သည်၊ "တော်လှန်ရေးစွမ်းအင်ဖြုန်းတီးမှု"ကို တားမြစ်ခြင်းသည်၊ ကောင်းမွန်သောအကြံဉာဏ်ဖြစ်သည်ဟု ယူဆသဖြင့်၊ ကြောင်၊ ငှက်နှင့်ပန်းများကို တားမြစ်လိုက်ကြသည်။––ရှန်ဟိုင်းကဲ့သို့သောမြို့ကြီးများတွင်၊ အုပ်စုလိုက်လျှောက်သွားကြပြီး၊ ဆံပင်ရှည်သူနှင့် ကော်ရည်ဖြင့်ဆံပင်ပြုပြင်ထားသူတို့ကို ဖမ်းဆီး၍ ကတုံးရိပ်လိုက်ကြသည်။ ကြပ်လွန်းသည့်ဘောင်းဘီများကို ဆုတ်ဖြဲလိုက်ကြသည်။ ဒေါက်မြင့်ဘိနပ်ဒေါက်ကို ဖြတ်လိုက်ကြသည်။ ထိပ်ချွန်ဘိနပ်ထိပ်များကို ဓါးနှင့်ခွဲဖွင့်လိုက်ကြသည်။ ဆိုင်နာမည်များကို ချက်ချင်းပြောင်းခိုင်းကြသည်။ လမ်းဖြတ်လျှောက်သွားသူတို့ကို သူတို့သဘောကျသည့်(စာအုပ်နီမှ) မော်၏စကားများကို ရွတ်ဆိုခိုင်းကြသည်။ လူအများက အိမ်ပြင်ထွက်ရန်ပင် မဝန့်မရဲကြတော့ချေ။[၈၉]

ယဉ်ကျေးမှုတော်လှန်ရေးသည်၊ ရူးသွပ်မှုအဆင့် မြင့်မားလွန်းအားကြီးလေရာ နောက်ဆုံးတွင် တိုင်းပြည်ကို ပြန်လည်တည်ထောင်ရန် စစ်တပ်မှဝင်စွက်ထိန်းသိမ်းရသည့် အခြေအနေရောက်သွားခဲ့သည်။ ၁၉၇၀–ခုနှစ်များတလျှောက်လုံးတွင် တရုတ်ပြည်သည် ယဉ်ကျေးမှုတော်လှန်ရေး၏ ဒဏ်ရာဒဏ်ချက်များကို ကုစားပြုပြင်နေခဲ့ရပေသည်။ မော်သည်လည်း၊ ၁၉၇၆–ခုနှစ်တွင် အသက်သေဆုံး၍ အသိတရားဉာဏ်ပညာကင်းမဲ့သည့်အတွေးအခေါ်၏ နှိပ်စက်ခြင်းနှင့် သတ်ဖြတ်ခြင်းကြောင့်အသက်သေဆုံးကုန်ကြပြီဖြစ်သောလူပေါင်း သန်းပေါင်း ၆၀–တို့ဆီသို့ ပူးပေါင်းသွားလေတော့သည်။






ဝါဒဖြန့်ပိုစတာများတွင် မော်ကို
တရုတ်ပြည်ပေါ်၌ ထက်လာသော
အနီရောင်နေမင်းကြီးအဖြစ်
ပြထားသည်။ အမှန်မှာ၊ မော်
အတွေးအခေါ်သည် တရုတ်ပြည်တွင်၊
ဒါဝင်ဝါဒ၏ "အင်အားရှိနိုင်ဆုံးသူ
"သေစတမ်း ငတ်မွတ်ခေါင်းပါးခြင်းနှင့်
နှိပ်စက်ခြင်း ပြိုင်ကွင်းကိုသာ
ယူဆောင်ခဲ့၏။ မော်က လူပေါင်း
သန်းပေါင်း ၆၀ သတ်ဖြတ်ခဲ့၏။
လက်ဗွာဘက်တွင် သူမသေမီရက်
အနည်းငယ်အတွင်း တွေ့ရပုံဖြစ်သည်။

# သိမ်းပိုက်ထားသောတိုင်းပြည်များတွင် တရုတ်ပြည်၏ရက်စက်မှု

## China's Savagery in Occupied Countries

မော်စီတုံးအတွေးအခေါ်ဘေးဆိုးကြီးသည် တရုတ်ပြည်သူတို့ကသာ ခံရသည်မဟုတ်။ တရုတ်ပြည်ကသိမ်းပိုက်ထားသော တိုင်းပြည်များနှင့်လူထုတို့သည်လည်း၊ ကွန်မြူနစ်တို့၏ ရက်စက်ကြမ်းကြုတ်မှုကို ခံစားကြရသည်။ ၎င်းတို့အနက် တရုတ်ပြည်အနောက်ဘက်ရှိ အီဂုရ်ကိုယ်ပိုင်အုပ်ချုပ်ရေးနယ်၊ တစ်နည်းအားဖြင့် အရှေ့တာကစ္စတန်တွင် နေထိုင်ကြသော အီဂုရ် တူရကီလူမျိုးများ ဖြစ်သည်။ ဤတူရကီလူမျိုးတို့သည်၊ မွတ်စလင်မ်လူနည်းစုဖြစ်ကြသောကြောင့်၊ ၁၉၄၉–ခုနှစ်တွင် မော်စီတုံးအာဏာရသည့်အချိန်မှစ၍ ပီကင်းအုပ်ချုပ်ရေးအာဏာပိုင်တို့က စနစ်တကျလူမျိုးဖြုတ်စီမံကိန်းအတွက် ပစ်မှတ်အဖြစ် ရွေးချယ်ခဲ့ကြသည်။

အီဂုရ်လူမျိုးတို့ကို သူတို့၏သာသနာ့တာဝန်များ ထမ်းဆောင်ခွင့်မပေးခဲ့ကြချေ။ စာသင်ကျောင်းများနှင့် ဆွလာတ်ဝတ်ပြုရာနေရာများကို ပိတ်ပစ်ကြသည်။ နေရာဒေသအမြောက်အမြားတွင်၊ ဘာသာရေးခေါင်းဆောင်များကို ဖမ်းဆီးသတ်ဖြတ်ကြသည်။ ကာကွယ်မှုအစီအစဉ်လုံးဝမရှိဘဲ အီဂုရ်ကိုယ်ပိုင်အုပ်ချုပ်ရေးနယ်တွင် တရုတ်အစိုးရက နျူးကလီယားစမ်းသပ်ချက် ၄၆–ကြိမ်လုပ်ခဲ့သည်။ ထိုကြောင့် အီဂုရ်လူမျိုးတို့တွင် ကင်ဆာရောဂါ ဖြစ်ပွားနှုန်း မတန်တဆတိုးပွားလျက်ရှိ၏။ ကလေးအမြောက်အမြားသည်လည်း အင်္ဂါမစုံမလင် မစွမ်းမသန်မွေးဖွားခြင်း၊ အသေမွေးဖွားခြင်း ဖြစ်ပေါ်၏။

အီဂုရ်တူရကီလူမျိုး မွတ်စလင်တို့ကိုသတ်ဖြတ်ရန်အတွက်၊ တရုတ်တို့က နည်းမျိုးစုံအသုံးပြုကြသည်။ ၁၉၄၉ မှ ၁၉၅၂–ခုနှစ်အတွင်း၊ အီဂုရ်လူမျိုးဦးရေ ၂,၈၀၀,၀၀၀ သေဆုံးခဲ့သည်။ ၎င်းမှနောက်ထပ် ၁၉၅၇–ခုနှစ်အထိအတွင်း ၃,၅၀၉,၀၀၀၊ ၁၉၅၈ မှ ၁၉၆၀–ခုနှစ်အတွင်း အီဂုရ် ၁၃,၃၀၀,၀၀၀ ယောက်ကို သတ်ဖြတ်ခဲ့သည်။ အရှေ့တာကစ္စတန်တွင်၊ တစ်အိမ်ထောင်လျှင် ကလေးတစ်ယောက်ထက်ပို၍ မမွေးရဟု တားမြစ်ထား၏။ ဤဥပဒေအရ ကလေးတစ်ယောက် မွေးပြီးသူအမျိုးသမီးမည်သူမဆို၏ ကိုယ်ဝန်ကို ဖျက်ချလိုက်ရသည်။

ဤအစီအစဉ်များကို မော်စီတုံး၏လက်ထက်တွင်စတင်ခဲ့၍၊ ယခုတိုင် ဆက်လက်ဆောင်ရွက်နေဆဲဖြစ်သည်။ အတင်းအကျပ်ပြောင်းရွှေ့စေခြင်း၊ အိမ်ထောင်သားမွေးစီမံကိန်းနှင့် သတ်ဖြတ်ခြင်း စသည်တို့ကြောင့် အွီဂုရ်တို့သည် သူတို့၏နယ်မြေဒေသတွင် လူနည်းစု ဖြစ်သွားကြသည်။ ၁၉၄၉–ခုနှစ်မှ စတင်လာသည့် လူမျိုးဝါးမျိုသည့်ပေါ်လီစီကြောင့်၊ အွီဂုရ်ကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မှ လူဦးရေ ၇၅% ရှိသည့် မွတ်စလင်မ်အွီဂုရ်တို့သည် ၃၅% သာ ကျန်ခဲ့သည်။ ယနေ့အချိန်တွင်၊ အရှေ့တာကစ္စတန်၌ လူဦးရေ ၂၅–သန်းသော မွတ်စလင်မ်အွီဂုရ်လူမျိုးတို့သည်၊ တရုတ်ကွန်မြူနစ်အစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှုအောက်တွင် နေထိုင်လျက်ရှိကြသည်။ ထိုနယ်အတွင်း ဒေသတစ်ခုမှ ထောင်ပေါင်းများစွာသော မွတ်စလင်မ်နိုင်ငံရေးအကျဉ်းသားများ၏ သတင်းအစအနပင် မကြားမသိရတော့ပေ။



**အပြည်ပြည်ဆိုင်ရာအဖွဲ့များက အရှေ့တာကစ္စတန်တွင် သက်ရောက်သည့်ရက်စက်မှုအကြောင်းကို အသေးစိတ်အစီရင်ခံထားသည်။ အွီဂုရ်မွတ်စလင်မ်များကို တရုတ်အစိုးရက နှိပ်စက်ခြင်းနှင့် သတ်ဖြတ်ခြင်းဖြင့် မျိုးဖြုတ်ပစ်ရန် ဖြစ်သည်ဟု အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်ကော်မီရှင်က အစီရင်ခံ၏။ တမင်တကာရေးဆွဲသောအစီအစဉ်ဖြင့် အွီဂုရ်တို့၏နေရာဒေသများ၌ နျူးကလီယားလက်နက်စမ်းသပ်သောကြောင့်၊ ကလေးသူငယ်အမြောက်အမြားသည် ကိုယ်ခန္ဓာမစွမ်းမသန် ဒုက္ခိတအဖြစ် မွေးဖွားလာကြသည်။**

ကွန်မြူနစ်အစိုးရ၏ ရက်စက်ကြမ်းကြုတ်မှုအောက်သို့ ကျရောက်သွားသည့်နောက်ထပ်တိုင်းပြည်တစ်ပြည်မှာ၊ တရုတ်ပြည်တွင် ကွန်မြူနစ်အစိုးရတည်ထောင်ပြီးနောက် တစ်နှစ်အကြာမှာ ဝင်ရောက်သိမ်းပိုက်လိုက်သည့် တိဗက်နိုင်ငံဖြစ်သည်။ အရာရာကို လိုက်လျောတတ်သည့် တိဗက်လူမျိုးတို့၏စရိုက်အရ တိဗက်လူထု၏သဘောတူလက်ခံမှုဖြင့် တရုတ်ပြည်၏လက်အောက်ရှိ ကိုယ်ပိုင်အုပ်ချုပ်ရေးနယ်ဖြစ်သွားခဲ့သည်။ သို့သော်လည်း တိဗက်လူမျိုးများအပေါ် ဖိနှိပ်ချုပ်ချယ်မှုမှာ တစ်နေ့တစ်ခြား တိုးလျက်သာ ရှိလေသည်။ တရုတ်အစိုးရက တိဗက်လူမျိုးတို့၏ ထုတ်ကုန်ကို အလွန်နိမ့်သောဈေးနှုန်းဖြင့် အတင်းအကျပ်ဝယ်ယူသည်။ ပြည်နယ်ရှိအရေးကြီးသောဌာနအကြီးအကဲရာထူးများတွင် ရွှေ့ပြောင်းလာသော တရုတ်လူမျိုးများကိုသာ ခန့်ထားသည်။ အင်မတန်ပျော့ပြောင်းသည့် ဆန့်ကျင်မှုများကို သွေးထွက်သံယိုဖြစ်သည့် ရက်စက်ကြမ်းကြုတ်မှုများဖြင့်သာ တုန့်ပြန်သည်။ တိဗက်လူမျိုးများကို တော်လှန်ရေးဆင်နွှဲရန် စိတ်ဓါတ်သွင်းပေးနေသည့်ဒလိုင်လာမာက သူ၏တိဗက်လူမျိုးများအပေါ် တရုတ်ကွန်မြူနစ်အစိုးရက မည်သို့ရက်စက်ကြမ်းကြုတ်စွာ နှိပ်ကွပ်နေပုံကို ဖေါ်ထုတ်ပြောပြ၏။




ဒါဝင်အတွေးအခေါ်ကိုခံယူသည့် ကွန်မြူနစ်အစိုးရသည်၊ မိမိ၏ပြည်သူများနှင့် သွေးသားတို့ကိုဖိနှိပ်ချုပ်ချယ်၏။ သူတို့ကို အငတ်ထား၍ ဆင်းရဲနွမ်းပါးသောဘဝသို့ ခေါ်ဆောင်သွားကာ သတ်ဖြတ်ပစ်၏။ လုပ်ရပ်အားလုံးသည် သူတို့၏အကျိုးအတွက်သာ ဖြစ်သည်။ ခေတ်သစ်တွင် ဤအတွေးအခေါ်ဖြင့် အုပ်ချုပ်သည့်နမူနာတိုင်းပြည်ဖြစ်ကြသော ရုရှားနှင့်တရုတ်ပြည်တို့သည်၊ ပြည်သူတို့၏ စားဝတ်နေရေးသက်သာချောင်ချိမှုနှင့် ကြီးပွားတိုးတက်မှုကို ဂရုမစိုက်ဘဲ၊ သူတို့၏ အာဏာတည်မြဲရေးနှင့်အာဏာကြီးထွားရေးကိုသာ ဂရုစိုက်၏။

၂၀၀၀–ခုနှစ်ကုန်ပိုင်းလောက်တွင်၊ မွေးခါစကလေးကို သူ၏မိခင်ထံမှလုယူပြီး၊ အိမ်ထောင်စုသားများ၏ရှေ့တွင် လည်ပင်းညှစ်သတ်လိုက်ကြသည်။ တရုတ်သိမ်းပိုက်ထားသော အရှေ့တာကစ္စတန်နယ်မြေတွင်၊ မွတ်စလင်မ်တို့အပေါ်၌ ထိုသို့သောလူမဆန်သည့်ကျူးကျော် ရက်စက်မှုများ ပြုကျင့်လျက်ရှိ၏။ ဤလုပ်ရပ်၏ပင်ရင်းသည်၊ လူသားများကို လေးစားနေရန်မလိုအပ်သော တိရစ္ဆာန်များသာဖြစ်သည်၊ ဘဝသက်တန်းသည် ရုန်းကန်ပြိုင်ဆိုင်ခြင်းသာဖြစ်သည် ဟူသောဒါဝင်၏သီအိုရီက သင်ကြားပေးထားခြင်း ဖြစ်သည်။ ဤကြောက်မက်ဖွယ်ရာများကို ဖယ်ရှားဖျောက်ဖျက်ပစ်၍၊ လူသားလောကကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာ စွာ နေထိုင်ရှင်သန်ကြရန်အတွက်၊ ဒါဝင်အတွေးအခေါ်ကို ဖျက်ဆီးပစ်ရမည်။

တိဗက်လူမျိုးတို့ကို သေနတ်ဖြင့် ပစ်သတ်ရုံသာမကပေ။ သူတို့ကို ရိုက်သတ်သည်။ ကားစင်တင်၍သတ်သည်။ အရှင်လတ်လတ်မီးရှို့သတ်သည်။ လည်ပင်းညှစ်သတ်သည်။ ကြိုးဆွဲ၍သတ်သည်။ အရှင်လတ်လတ်မြေမြှုပ်သတ်သည်။ ရွေးထုတ်၍ သီးခြားလှောင်ထားပြီး နောက်ဆုံး ခေါင်းဖြတ်သတ်လိုက်ကြသည်။[၉၀]

# ကမ္ဘောဒီယား–ခမာနီကွန်မြူနစ်တို့ရူးသွပ်ခြင်း၏ အထွတ်အထိပ်

## Cambodia-the Pinnacle of Red Insanity

ကွန်မြူနစ်ဝါဒသည်၊ နကိုကတည်းက သနားကြင်နာမှုကင်းမဲ့ခြင်း၊ ရန်လိုခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်း၊ သွေးဆာခြင်းစသည်တို့ဖြင့်ပြည့်သော အတွေးအခေါ်ဖြစ်နေရာက အဆိုးဆုံး အစွန်းရောက်သည့် ရက်စက်မှုများကို မော်စီတုံးအတွေးအခေါ်က ဖေါ်ထုတ်လိုက်ပေသည်။ မော်စီတုံးအတွေးအခေါ်၏ကမ္ဘာ့အရှေ့ဖျားနိုင်ငံများမှ "ရိုးရာခလေ့"အရဖြစ်သောရက်စက်ကြမ်းကြုတ်မှုက ကွန်မြူနစ်ဝါဒနှင့် အဘယ့်ကြောင့်ပူးပေါင်းသွားခဲ့ရသည်ကို ပိုမိုရှင်းလင်းစွာ သဘောပေါက်ရန်အတွက်၊ နောက်ထပ်ကမ္ဘာ့အရှေ့ဖျားနိုင်ငံတစ်နိုင်ငံဖြစ်သော ခမာနီ၏ ကမ္ဘောဒီယားအစိုးရကို ဥပမာအဖြစ်ကြည့်ရပါမည်။ ခမာနီသည် တရုတ်အထောက်အကူနှင့် မော်စီတုံးအတွေးအခေါ်၏နည်းများကို လိုက်နာကျင့်သုံးရင်း အာဏာရလာခဲ့ခြင်းဖြစ်သည်။

ကမ္ဘောဒီယားနိုင်ငံသည် အိန္ဒိယနှင့်တရုတ်ပြည်ကြားရှိ အင်ဒိုချိုင်းနားဒေသမှ ဆင်းရဲနွမ်းပါးသောနိုင်ငံငယ်တစ်နိုင်ငံဖြစ်သည်။ ရာစုနှစ်ပေါင်းများစွာ ပြည်သူအများစုတို့သည် စိုက်ပျိုးရေးလုပ်ငန်းဖြင့် ချွေချွေတာတာနေထိုင်ပေါက်ဖွားလာခဲ့ကြသည်။ တနိုင်ငံလုံးစပါးကို အဓိကစိုက်ပျိုးရေးထုတ်ကုန်အဖြစ် စိုက်ပျိုးကြသည်။ ၁၉၇၅–ခုနှစ်မှ ၁၉၇၉–ခုနှစ်အတွင်း၊ ဤလယ်ကွင်းပြင်တို့သည်၊ "သတ်ဖြတ်ရေးကွင်းပြင်များ" ဖြစ်ခဲ့သည်။ လူဦးရေ ၉–သန်းရှိသော ပြည်သူတို့အနက် ၃သန်းသတ်ဖြတ်ခံခဲ့ကြရသည်။ အချို့မှာ ဦးခေါင်းတွင်သေနတ်ဖြင့် ပစ်သတ်ခံရ၍၊ အချို့မှာ ဦးခေါင်းခွံကို ပုဆိန်ဖြင့် ရိုက်ခွဲ၍ သတ်ခံကြရပြီး၊ အချို့မှာ သေသည်အထိ အငတ်ထားခံကြရသည်။ အချို့မှာလည်း ပလပ်စတစ်အိတ်ဖြင့် ဦးခေါင်းကိုစွပ်ပေးထားသဖြင့် အသက်မရှုနိုင်ဘဲ သေဆုံးသွားကြသည်။


ခမာနီခေါင်းဆောင် ပွန်ပွတ်သည် ကမ္ဘောဒီယားပြည်သူ ၃သန်းကို သတ်ဖြတ်ခဲ့၏။

အခြားနှိုင်းယှဉ်ရမည့်ရက်စက်ကြမ်းကြုတ်ခြင်းမရှိတော့သည့် ဤပြစ်မှုများကို ကျူးလွန်သူတို့သည် ခမာနီခေါ် မော်စီတုံးအတွေးအခေါ်ဝါဒီကမ္ဘောဒီယားကွန်မြူနစ်ပါတီဝင်များ ဖြစ်ကြသည်။ ခမာနီကွန်မြူနစ်ပါတီကို ပွန်ပွတ်အမည်ရှိ မော်အတွေးအခေါ်သမားတစ်ဦးက တည်ထောင်ခဲ့၏။ ခမာနီတို့သည် နှစ်ပေါင်းများစွာ တောတွင်းတွင်ပုန်းအောင်း၍ တစ်ရက်ရက်တွင် အာဏာရလာရန် မျှော်လင့်ချက်ဖြင့် စည်းရုံးရေးဆင်း၍ နေခဲ့ကြသည်။ နောက်ဆုံး ၁၉၇၅–ခုနှစ်တွင်၊ သူတို့၏အိပ်မက်သည်လည်း အကောင်အထည်ပေါ်လာခဲ့တော့သည်။ အာဏာရှင် စတာလင်၏ဆိုဗီယက်ပြည်ထောင်စုနှင့်၊ မော်၏တရုတ်ပြည်ထက်ပိုမိုဆိုးသွမ်းသော–ကွန်မြူနစ်ရူးသွပ်မှု၏ အထွတ်အထိပ်ဖြစ်သည့်အစိုးရကို တည်ထောင်ကြ၏။

တိုင်းပြည်၏အကျိုးအတွက်၊ ကွန်မြူနစ်တို့၏ အဓိကတာဝန်မှာ စပါးလယ်တောလယ်ပြင်တွင် အတတ်နိုင်ဆုံးအများဆုံး အလုပ်လုပ်ကြရမည်ဟု ပါတီမှ ဆုံးဖြတ်ချက်ချလိုက်သည်။ ကမ္ဘောဒီယားနိုင်ငံတစ်ခွင်လုံးမှ ပြည်သူတို့ကို ထိုလယ်ကွင်းတွင် အတင်းအကျပ်အလုပ်လုပ်ခိုင်းသည်။ မြို့တွင်းနေလူ ထောင်ပေါင်းသောင်းပေါင်းများစွာ–နိုင်ငံ့ခေါင်းဆောင်များ၊ ဗျူရိုကရက် ရုံးထိုင်အရာရှိကြီးများ၊ ဆရာ/ဆရာမများ၊ ပညာရှင်များကို ဘုံလယ်မြေစိုက်ပျိုးရေးစခန်းတွင် အလွန်တရာကြမ်းတမ်းခက်ခဲသောနေထိုင်မှုအခြေအနေဖြင့် အလုပ်လုပ်ကြရန် မောင်းပို့လိုက်ကြသည်။ အလုပ်ရှောင်ခြင်း၊ ဆုတောင်းခြင်း၊ ခွင့်ပြုချက်မရဘဲ အနည်းငယ်သောအစာပင်ဖြစ်စေ စားသောက်ခြင်း စသည်တို့ကို "နိုင်ငံတော်အစိုးရကို ပုန်ကန်ခြင်း" ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲကြသည်။ ဤပြစ်မှုများကြောင့် မိနစ်တိုင်းတွင် လူတွေအသတ်ခံကြရသည်။

ခမာနီတို့က သူတို့၏ပါတီကို အန်ကာဟု အမည်တပ်၍ သန်းပေါင်းမြောက်မြားစွာသော မောပန်းကြီးစွာအလုပ်လုပ်နေကြသည့်လူထုကို အန်ကာက "သူတို့ကို အစဉ်တစိုက်မပြတ်မစဲစောင့်ကြည့်နေသည်" ဟု ထင်မြင်ခံစားနေအောင် လုပ်ထားသည်။ ခမာနီတို့၏ ရက်စက်ကြမ်းကြုတ်ခြင်းမှထွက်ပြေးလွတ်မြောက်ခဲ့သူတစ်ဦးက "ဒီမိုကရေတစ်" ကမ္ဘောဒီယားဟု သမုတ်ကြသည့်ကမ္ဘောဒီယားတိုင်းပြည်တွင် နေထိုင်ခဲ့ကြသူများအကြောင်းကို အောက် ပါအတိုင်း ဖော်ပြပေသည်။

> ဒီမိုကရက်တစ်ကမ်ပူချာနိုင်ငံမှာ အကျဉ်းထောင်မရှိ၊ တရားရုံးမရှိ၊ တက္ကသိုလ်မရှိ၊ ကျောင်းမရှိ၊ ငွေမရှိ၊ လုပ်အားခရသည့်အလုပ်အကိုင်မရှိ၊ စာအုပ်မရှိ၊ အားကစားမရှိ၊ နားနေချိန်မရှိ--နှစ်ဆယ့်လေးနာရီအတွင်း ကိုယ်ပိုင်အားလပ်ချိန်ဟူ၍ မရှိပေ။ နေ့စဉ်ဘဝကို အောက်ပါအတိုင်း ခွဲတန်းချထားတယ်။–အလုပ်ကြမ်းအတွက် တစ်ဆယ့်နှစ်နာရီ၊ စားသောက်ရန်အတွက် နှစ်နာရီ၊ နားနေခြင်းနှင့်ပညာပေးအတွက် သုံးနာရီ၊ အိပ်ချိန်အတွက် ခုနစ်နာရီ ဟူ၍ ခွဲခြမ်းထားတယ်။ ကျွန်ုပ်တို့အားလုံး အင်မတန်ကြီးမားကျယ်ဝန်းတဲ့စခန်းမှာ နေရတယ်။ တရားမျှတမှုဆိုတာ မရှိဘူး။ အန်ကာက ကျွန်ုပ်တို့ရဲ့ဘဝ အချိန်သမယတိုင်းကို ထိန်းချုပ်နေတယ်။--ခမာနီတို့က သူတို့ရဲ့ ရှေ့နောက် မညီညွတ်မှုများကို နှိုင်းယှဉ်ချက်များပေးလေ့ရှိတယ်။ လူတွေကို ကျွဲနွားများနဲ့နှိုင်းယှဉ်လေ့ရှိတယ်။ "ဒီနွားသိုးကြီး ထယ်ကိုဆွဲနေတာကို ကြည့်ပါ။ သူ့ကို စားခိုင်းတဲ့အခါမှာ စားတယ်။ လယ်ကွင်းပြင်မှာ လွှတ်လိုက်ရင် တွေ့တာအားလုံးကို စားတယ်။ သူ့ကိုမြက်စိမ်းမရှိတဲ့တခြားကွင်းမှာ လွှတ်ထားရင်လဲ မကျေမနပ်နဲ့ညည်းညူတာမျိုးမရှိဘဲ ဆက်ပြီးရှာစားတယ်။ သူဟာ လွတ်လပ်မှုမရှိဘူး။ သူ့ကို အမြဲစောင့်ကြည့်နေသူ ရှိတယ်။ သူ့ကို ထယ်ဆွဲခိုင်းရင် ဆွဲတယ်။ သူ့မယားနဲ့သားသမီးတွေအကြောင်း ဘယ်တော့မှ မစဉ်းစားဘူး။---"[၉၁]

ခမာနီတို့က၊ ကွန်မြူနစ်ဝါဒ၏အခြေခံမှုဖြစ်သည့် "လူသားများကို တိရစ္ဆာန်အဖြစ်သဘောထားခြင်း" ကို လက်တွေ့အသုံးချနေကြောင်း ထင်ရှားပေသည်။ အထက်ကိုးကားချက်အရ၊ လူတွေကို လယ်ကွင်းပြင်တွင်ထယ်ဆွဲနေသည့်နွားသိုးများအဖြစ်သို့ အတင်းတွန်းပို့ခဲ့ကြ၏။ တစ်ချိန်တည်းတွင်၊ ဘာသာရေးနှင့် ကိုယ်ကျင့်တရားခံယူချက်များကို ဖျောက်ဖျက်ပစ်ရာတွင် အထူးအလေးထားကြပေသည်။ *ကွန်မြူနစ်ဝါဒ၏စာအုပ်မဲ*တွင်၊ ခမာနီတို့က အိမ်ထောင်အတွင်းရှိသည့် ချစ်ခြင်းမေတ္တာကို ဖျက်ဆီးပစ်ရန် အစီအစဉ်ချ၍ ဆောင်ရွက်ကြကြောင်း ဖော်ပြထားပေသည်။

> ခမာနီအစိုးရသည် ပုဂ္ဂိုလ်တစ်ဦးချင်း အန်ကာကိုသာ မှီခိုအားကိုးနေရအောင်၊ တစ်ပါတီအာဏာရှင်စနစ်ကို အန္တရာယ်ပေးနိုင်သည်ဟု ထင်ရသော အိမ်ထောင်စု–မိသားစုအချင်းချင်းဆက်နွယ်မှုကို ဖြတ်တောက်ဖျက်ဆီးပစ်ရန် ရသမျှနည်းမျိုးစုံကို အသုံးပြုကြသည်။ အလုပ်သမားအုပ်စုတို့သည် သူတို့ စုပေါင်းနေထိုင်သောအိမ်များရှိကြသည်။ အများအားဖြင့် ရွာအနီးရှိ တန်းလျားများသို့မဟုတ် တန်းစီအိပ်စက်သည့် ဖြာသို့မဟုတ်ကြိုးပုခက်များ ဖြစ်သည်။ ဤစခန်းစည်းရိုးအပြင်သို့ ထွက်ခွင့်ရရန် အင်မတန်ခက်ခဲ၏။ လင်မယားများသည် တနင်္ဂနွေအပါတ်ပေါင်းများစွာ ခွဲခွာ၍နေကြရသည်။ ကလေးများကို မိဘနှင့် ဆွေမျိုးများထံမှ ခွဲယူသွားသည်။ ဆယ်ကျော်သက် မီးကောင်ပေါက်များသည် ခြောက်လကျော် သူတို့၏မိဘများနှင့်မတွေ့ရကြပေ။ မိခင်များကို သူတို့၏ ကလေးများနှင့် အချိန်နည်းနိုင်သမျှနည်းနည်း နေထိုင်ရန် တိုက်တွန်းကြသည်။ စာတိုက်စနစ်သည်လည်း လုံးဝရပ်တန့်သွားသဖြင့်၊ တခါတရံ မိမိတို့၏ ဆွေမျိုးတစ်ဦးဦးသေဆုံးကြောင်းသတင်းကို လပေါင်းများစွာလွန်ပြီးမှ သိရသည်။ အထက်မှနေ၍ စံနမူနာပြသည့်အနေဖြင့် ခေါင်းဆောင်များသည်လည်း သူတို့၏ ဇနီးသို့မဟုတ်ခင်ပွန်းသည်တို့နှင့် လပေါင်းများစွာ ခွဲခွာနေကြသည်။[၉၂]

ဤအစီအစဉ်များသည် ကားလ်မားက့်စ်နှင့် ဖရက်ဒရစ်အင်ဂျဲလ်တို့၏ အိမ်ထောင်စု၏မူလဘူတအကြောင်းရှင်းပြချက်ကို လက်တွေ့အကောင်အထည်ဖေါ်ခြင်းသာ ဖြစ်ပေသည်။ မားက့်စ်နှင့်အင်ဂျဲလ်တို့က (ဒါဝင်၏အီဗိုလူးရှင်းသီအိုရီအတိုင်း) လူသားများသည် မျောက်တိရစ္ဆာန်မှတစ်ဆင့်စီပြောင်းလဲတိုးတက်ဆင်းသက်လာသဖြင့်၊ ဘာသာအယူဝါဒယုံကြည်ချက်၊ ကိုယ်ကျင့်တရားနှင့် အိမ်ထောင်စု မလိုအပ်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် လူသားများကို တိရစ္ဆာန်များအဖြစ် မြင်ကြသည်။ ၎င်းတို့သည် စီးပွားရေးဆက်ဆံမှုမှ ပေါ်ပေါက်လာသော "အထက်လွှာမှုပြဋ္ဌာန်းချက်" များဖြစ်သည်ဟု ဆိုသည်။ ကွန်မြူနစ်လူ့အဖွဲ့အစည်းက ဤခံယူချက်



ခမာနီသည် သွေးချောင်းစီးသော ပြည်တွင်းစစ်၏နောက်ပိုင်းတွင် အာဏာရလာခဲ့သည်။ ဤပုံသည် ဖနွမ်ပင်မြို့တော်ကြီးကို ခမာနီတို့ဝင်စီး၍ သွေးချောင်းစီးချိန်တွင် ရိုက်ထားသောပုံ ဖြစ်သည်။ ဤကား ကြောက်မက်ဖွယ်သော ရက်စက်ကြမ်းကြုတ်မှု၏ ရှေ့ပြေးနမိတ်ပင် ဖြစ်၏။


များကိုဖျက်ဆီးပစ်ရန် ဂတိကဝတ်ခံယူကြသည်။ ထို့ကြောင့် ခမာနီတို့၏စီမံကိန်းသည် မားက့်စ်နှင့်အင်ဂျဲလ်တို့တင်ပြသည့် အဓိပ္ပါယ်ကင်းမဲ့သည့် အဆိုသာလျှင်ဖြစ်ပေသည်။

ခမာနီတို့က ဘာသာရေးနှင့်အိမ်ထောင်စုကို ဖျက်ဆီး၍၊ လူများကို တိရစ္ဆာန်ကဲ့သို့ကျင့်ကြံကြအောင်လုပ်ပြီး "လယ်ထွန်သည့် နွားသိုးများ"ကဲ့သို့ဖြစ်ကြရန် လုပ်ကြသည်။ တချိန်က လီနင်၊ စတာလင်နှင့်မော်တို့ လုပ်ခဲ့သည့်နည်းအတိုင်း၊ လူတွေကို တမင်တကာ ငတ်မွတ်အောင် လုပ်ပြီး သူတို့၏မာန်မာနဂုဏ်သိက္ခာနှင့် စိတ်ဓါတ်တို့ကို ချိုးနှိမ်ကြပြန်သည်။ နောင်တွင် ငတ်မွတ်နေသောလူထုကို အန်ကာက ကျွေးမွေးသောအခါ လူတွေက ခမာနီကိုသာလျှင် ဘုရားအဖြစ် ကိုးကွယ်ကြမည်ဖြစ်သည်။











**ခမာနီရက်စက်မှု၏ သားကောင်များ**

ခမာနီတို့က သူတို့သတ်လိုက်မည့် လူများကိုနံပါတ်တပ်၍ ဓါတ်ပုံရိုက်ထားကြသည်။ ခမာနီတို့၏ "လူသတ်ကွင်းပြင်များ" တွင် စုပေါင်းသင်္ချိုင်းပေါင်း ထောင်ချီ၍ တွေ့ရ၏။ ပုံတွင်ပါသောအရိုးများသည် ပလပ်စတစ်အိတ်ခေါင်းစွပ်၍ သတ်လိုက်သည့် ကမ္ဘောဒီယားပြည်သူများ၏အရိုးစုများ ဖြစ်ကြသည်။

ဝ



ခမာနီတို့ အာဏာရပြီးသည်နှင့် တပြိုင်တည်း၊ ဖနွမ်ပင်မြို့တော်ကြီးမှ လူအားလုံးကို မြို့တွင်းမှ



လယ်ကွင်းပြင်တွင် အလုပ်လုပ်ရန် လူတွေကို မောင်းထုတ်လိုက်ကြ၏။



ရက်အနည်းငယ်အတွင်း မြို့တော်ကြီးသည် တစ္ဆေခြောက်သည့်မြို့ ဖြစ်သွားတော့သည်။

ကမ္ဘောဒီယားပြည်သူအမြောက်အမြားကို သေတွင်းသို့ပို့ခဲ့သည့်ငတ်မွတ်ခြင်းဘေးဆိုးကြီးကို ခမာနီအစိုးရက သူတို့အကျိုးအတွက် တမင်တကာဖန်တီးခြင်းဖြစ်သည်။ အစာငတ်နေသူတို့သည်၊ သူတို့ကိုယ်ခန္ဓာအတွင်း၌ အစာသိုလှောင်မှုနည်းလေလေ ထွက်ပြေးနိုင်မည့်အခွင့်အလမ်းနည်းလေ ဖြစ်မည်။ အကယ်၍ လူတွေက အစားအစာတွင် သဲသဲမဲမဲစွဲလမ်းကြပါက၊ ကိုယ်ပိုင်အတွေးအခေါ်၊ အငြင်းပွားနိုင်မည့်အင်အား၊ ကာမယာဂစိတ် စသည်တို့ ပျောက်ကွယ်သွားမည် ဖြစ်သည်။ အစားအစာကို အသုံးပြုသည့်အစီအစဉ်တွင် လူတွေကို ရွှေ့ပြောင်းခိုင်းရာ၌ လွယ်ကူ၏။ ဘုံစနစ်စားသောက်ခန်းအစီအစဉ်ကို လက်ခံကြမည်။ မိဘနှင့်သားသမီးများအပါအဝင် တစ်ဦးနှင့်တစ်ဦးကြားဆက်ဆံတွယ်တာမှုလည်း အားနည်းသွားလိမ့်မည်။ လူအားလုံးသည် သူတို့ကိုအစားအစာကျွေးမွေးသောလက်ကို မည်မျှပင်ရက်စက်ကြမ်းကြုတ်သောလက်ပင်ဖြစ်စေ နမ်းရှုတ်ကြမည်သာ ဖြစ်၏။[၉၃]

မျက်မြင်သက်သေ ကမ္ဘောဒီယားလူမျိုးတစ်ဦးက အောက်ပါအတိုင်း ဖွင့်ပြော၏။

ဤငတ်မွတ်ခေါင်းပါးမှုကို တမင်တကာလုပ်တာဖြစ်တယ်။ လူအမြောက်အမြား ငတ်ပြတ်လို့ သေနေကြလျက်နဲ့ စိုက်ပျိုးနိုင်တဲ့လယ်မြေ ငါးပုံတစ်ပုံကိုသာ စိုက်ပျိုးခိုင်းတယ်။[၉၄]

ခမာနီ(ခမာရူဂျ်)ခေါင်းဆောင်တို့က၊ "ကျုပ်တို့နိုင်ငံမှာ ကောင်းမွန်တဲ့တော်လှန်ရေးသမား လူတစ်သန်းသာ လိုအပ်တယ်။ အဲဒါထက်ပိုဘို့မလိုဘူး။ မိတ်ဆွေ ဆယ်ယောက်ကို သတ်ပစ်တာထက် ရန်သူတစ်ယောက်ကို အသက်ရှင်ထားတာက ပိုကောင်းတယ်။"[၉၅] ဟု ပြောလေ့ရှိကြသည်။

"ချစ်ခြင်းမေတ္တာနှင့် အနုသုခုမဒဿနခေါ်ပြင်လျာတင့်မောအလှရသသဘောဆောင်သော ယဉ်ကျေးမှု"တို့ကို ရန်မူခြင်းနှင့်ပတ်သက်၍ မော်၏ယဉ်ကျေးမှုတော်လှန်ရေးတွင် ဖေါ်ထုတ်ခဲ့၍၊ ခမာနီတို့၏ရူးသွပ်မှုတွင် အထွတ်အထိပ်ရောက်သွားသည်။ မည်သူမဆို၊ ဆံပင်

ဖီးသူ၊ အလှအနည်းငယ်ပြင်သူ၊ မျက်မှန်တပ်သူတို့ကို "ပြည်သူ့ရန်သူ"ဟု သတ်မှတ်၏။ ခမာနီအကျဉ်းစခန်းမှူးတစ်ဦး၏မိန့်ခွန်းမှ ကောက်နုတ်ချက်ကို ဖော်ပြပါသည်။

> ကြီးမြင့်မြတ်တဲ့ အန်ကာရဲ့အုပ်ချုပ်မှုအောက်မှာရှိတဲ့ ဒီမိုကရေစီကမ်ပူချာနိုင်ငံမှာ၊ ကျုပ်တို့ဟာ ရှေ့အနာဂတ်အတွက်သာ တွေးရမယ်။ အတိတ်ကိုစဉ်းစားဘို့ မလိုဘူး။ လူသစ်ဖြစ်တဲ့အသင်တို့ဟာ တော်လှန်ရေးမတိုင်မီအချိန်ကအကြောင်းကို မေ့ပစ်ရမယ်။ ကိုညက်(အရက်)ကို မေ့ပစ်ရမယ်။ လှပတဲ့ဖက်ရှင်ဆန်ဆန်အဝတ်နဲ့ဆံပင်ပုံစံတွေကို မေ့ပစ်ရမယ်။---
>
> အရင်းရှင်တို့ရဲ့ တက်နိုလိုဂျီနည်းပညာတွေကို ကျုပ်တို့မလိုအပ်ဘူး။ အဲဒါတွေတစ်ခုမှမလိုဘူး။ စနစ်သစ်အောက်မှာ ကျုပ်တို့ရဲ့ကလေးတွေကို ကျောင်းပို့ဘို့မလိုဘူး။ ကျုပ်တို့ရဲ့ကျောင်းဟာ လယ်တောလယ်ပြင်ဖြစ်တယ်။ အောင်လက်မှတ်တွေပေးဘို့ စာမေးပွဲတွေ စစ်နေဘို့မလိုဘူး။ လယ်ထွန် လယ်စိုက် မြောင်းတူးတတ်ရင် အဲဒါဟာ အောင်လက်မှတ်ဖြစ်တယ်။
>
> ကျုပ်တို့မှာ ဆရာဝန်လဲမလိုတော့ဘူး။ သူတို့ကို အသုံးချမဲ့နေရာမရှိတော့ဘူး။ တစ်ယောက်ယောက်က အူတွေကို ခွဲစိပ်ဘို့လိုရင် ကျုပ်ကိုယ်တိုင် ခွဲထုတ်ပေးမယ်။ လွယ်ပါတယ်။ ကျောင်းတက်ပြီး သင်နေစရာမလိုဘူး။
>
> အရင်းရှင်တို့ရဲ့ အသက်မွေးဝမ်းကျောင်းပညာ ကျုပ်တို့မလိုဘူး။ ဆရာဝန်တို့ အင်ဂျင်နီယာတို့ကို မလိုဘူး။ ကျုပ်တို့ကို ဟိုဟာလုပ်ပါ ဒီဟာလုပ်ပါလို့လက်ညှိုးထိုးမဲ့ ပါမောက္ခတွေကိုလဲ မလိုဘူး။ သူတို့တတွေအားလုံးဟာ ဖေါက်ပြန်တဲ့လူတွေဘဲဖြစ်တယ်။ ကျုပ်တို့က လယ်တောမှာ အလုပ်ကြိုးစားလုပ်တဲ့လူတွေကိုဘဲ လိုချင်တယ်။
>
> ဒါပေမဲ့၊ ရဲဘော်တို့-ငြင်းဆန်လိုတဲ့လူတွေနဲ့ အနှောက်အရှက်ပေးချင်တဲ့လူတွေ ရှိနေတယ်။ အလုပ်ကို လိုလိုလားလား မလုပ်ချင်ကြတဲ့အပြင်၊ ကိုယ်ကျိုးစွန့်လိုတဲ့စိတ်မရှိတာကို ဖေါ်ပြနေကြတယ်။ အဲဒီလူတွေဟာ တော်လှန်ရေးစိတ်ဓါတ် အပြည့်အဝမရှိကြဘူး။ အဲဒီလူတွေဟာ ရန်သူတွေဖြစ်တယ်။ ပြီးတော့ ရဲဘော်တို့-အဲဒီလူမျိုးတစ်ချို့ ဒီစခန်း ကျုပ်တို့ကြားမှာရှိနေတယ်။
>
> ဒီလူတွေဟာ၊ အရင်းရှင်တွေးခေါ်နည်းကို စွဲလမ်းနေကြသေးတယ်။ အရင်းရှင်းဖက်ရှင်တွေကို စွဲလမ်းနေကြတယ်။ ကျုပ်တို့ကြားမှာ မျက်မှန်တပ်တဲ့လူတွေလဲ ရှိနေသေးတယ်။ သူတို့ဘာ့ကြောင့် မျက်မှန်တပ်ကြသလဲ။ ကျုပ်ကို မမြင်ဘူးလား? ကျုပ်က မင်းကိုပါးရိုက်ဖို့လှုပ်လိုက်တာနဲ့ ရှောင်ဖို့လုပ်တယ်။ အဲဒါဆိုရင် မင်းကကောင်းကောင်းမြင်ရတာဘဲပေါ့။ တကယ်တော့ လူတွေက မျက်မှန်တပ်တာဟာ အရင်းရှင်စနစ် ဖက်ရှင်ဆန်ချင်ကြလို့ဘဲဖြစ်တယ်။ သူတို့က ဘာမှအသုံးမကျတဲ့အတွက်မျက်မှန်တပ်ကြတာဖြစ်တယ်။ ကျုပ်တို့က အဲဒီလိုလူမျိုးကို မလိုတော့ဘူး။ သူတို့ကိုယ်သူတို့ ချောတယ် လှတယ်လို့ထင်တဲ့လူတွေဟာ ငပျင်းတွေဖြစ်တယ်။ သူတို့သူများရဲ့သွေးစုတ်နေတဲ့ မျှော့တွေ ကပ်ပါးကောင်တွေ ဖြစ်ကြတယ်။[၉၆]

မော်ဝါဒီစိတ်ဝေဒနာရှင်တို့က တရုတ်နီ၏ထောက်ပံ့မှုဖြင့် ကမ္ဘောဒီယားနိုင်ငံကို သိမ်းပိုက်လိုက်ကြပြီးနောက်၊ အပြစ်မဲ့လူပေါင်း သုံးသန်းကို သတ်ဖြတ်ပစ်ကြသည်။ ပထမတွင် ထိုသေဒဏ်ပေးခံရသူတို့ကို သေနတ်ဖြင့် ပစ်သတ်ကြသည်။ သို့သော်လည်း၊ နောက်ပိုင်းတွင် "ကျည်ဆံကုန်သည်၊ ကျည်ဆံဖြုန်းခြင်းဖြစ်သည်၊"ဟု ဆုံးဖြတ်၍၊ ပိုမို၍ ရက်စက်သောနည်းများကို အသုံးပြုကြသည်။ "ကျည်ဆံချွေတာခြင်း"အပြင်၊ ခမာနီတို့က သူတို့၏ရက်စက်ကြမ်းကြုတ်သွေးဆာသည့် အာသာကို ပြေစေသောကြောင့် ဤနည်းကို ပို၍ နှစ်သက်ကြလေသည်။ အသတ်ခံရသူများ၏ ၅၃% ကို သံဒုတ်၊ ပုဆိန်ရိုးနှင့် ပေါက်တူးပေါက်ပြားရိုးများဖြင့် ဦးခေါင်းကို ရိုက်ခွဲသတ်ခဲ့ကြသည်။ ၆% မှာ ကြိုးဆွဲချ၍ သတ်ခြင်း သို့မဟုတ် ပလပ်စတစ်အိတ် ဦးခေါင်းကိုစွပ်၍ သတ်ခြင်း၊ ၅% မှာ လည်ပင်းကို ဒါးနှင့်လှီး၍သတ်ခြင်း၊ စသည်တို့လုပ်ကြသည်။[၉၇]

၁၉၇၉-ခုနှစ်တွင် ဗီယက်နမ်တပ်က ကမ္ဘောဒီယားနိုင်ငံကို ဝင်ရောက်သိမ်းပိုက်လိုက်သဖြင့် ခမာနီ(ခမာရူဂျ်)အစိုးရ ဆုံးခန်းတိုင်သွားလေသည်။ ယွင်းအစိုးရ၏ရက်စက်ကြမ်းကြုတ်မှုများကို ပြသရန်အတွက် ဗီယက်နမ်တို့က "လူသတ်ကွင်းပြင်များ"ဟုခေါ်သည့် စပါးလယ်ကွင်းများကိုတူး၍ အလောင်းများကို ဖေါ်ယူကာ ဖနုမ်ပင်မြို့တော်ကြီးရှိ ပြတိုက်တစ်ခုတွင် ပြသထားသည်။

ချားလ်စ်ဒါဝင်၏စာအုပ်တွင် "သိပ္ပံနည်းကျ"အခြေခံကို တွေ့ရှိသည့် ကွန်မြူနစ်ဝါဒသည်၊ မားက့်စ်နှင့်အင်ဂျဲလ်တို့၏အဓိပ္ပါယ်မရှိသော စာတမ်းများတွင် ပုံစံသွင်းကာ၊ လီနင်နှင့်စတာလင်တို့၏ ရက်စက်ကြမ်းကြုတ်မှုများဖြင့် ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။ ထို့နောက်၊ မော်၏ရှူးသွပ်မှုအောက်တွင် အထွတ်အထိပ်သို့ ရောက်ရှိခဲ့ပြီး၊ ကမ္ဘောဒီယားနိုင်ငံ၌ လက်တွေ့ကျင့်သုံးသည့် ရိုင်းစိုင်းမှုတို့ဖြင့် သူ၏မျက်နှာအစစ်အမှန်ကို ဖွင့်ပြလိုက်လေသည်။

## မြောက်ကိုးရီးယားနှင့် ဗီယက်နမ်

## North Korea and Vietnam

အာရှတိုက်တွင်၊ ကွန်မြူနစ်ရက်စက်မှုသည် တရုတ်နိုင်ငံနှင့် ကမ္ဘောဒီယားနိုင်ငံ နှစ်နိုင်ငံအထိသာ ကန့်သတ်ခဲ့သည်မဟုတ်။ မြောက်ကိုးရီးယားအစိုးရသည်လည်း ၎င်း၏ပြည်သူများအပေါ်တွင် ကြင်နာတရားကင်းမဲ့စွာ ဒုက္ခပေး၏။ ကင်မ်အင်ဆွန်၏ အာဏာရှင်စနစ်လက်ထက်တွင် အသက်ပေါင်း ၁ သန်း ၅သိန်း သတ်ဖြတ်ခံခဲ့ရ၏။ သိန်းပေါင်းများစွာသော ပြည်သူတို့သည်လည်း မြောက်ကိုးရီးယား၏ ကြမ်းတမ်းကြောက်မက်ဖွယ်သော အကျဉ်းထောင်များတွင် ညှင်းပန်းနှိပ်စက်ခံရကြသည်။ *ကွန်မြူနစ်ဝါဒ၏စာအုပ်မဲ*က အကျဉ်းသားများအား တိရစ္ဆာန်များကိုကဲ့သို့ ပြုမူကြကြောင်း ဖေါ်ပြထား၏။ အကျဉ်းထောင်တွင် အမျိုးသမီးအကျဉ်းသူ ၂၀၀၀ အပါအဝင် အကျဉ်းသား ၆၀၀၀ တို့သည်၊ ညှပ်ဖိနပ်များ၊ ပစ္စတိုနှင့်ခြောက်လုံးပြူးအိတ်များ၊ လက်ဆွဲအိတ်များ၊ ခါးပတ်များ၊ စနက်တံများနှင့် ပန်းအတုများကို ထုတ်လုပ်ရာ၌၊ နံနက် ၅း၃၀ နာရီမှ ညဥ့်သန်းကောင်အထိ အလုပ်လုပ်ကြရသည်။ ကိုယ်ဝန်ဆောင်သောအကျဉ်းသူကို အတင်း ကလေးဖျက်ချခိုင်းသည်။ အကျဉ်းထောင်တွင် မွေးလာသောကလေးကို အသက်မရှူနိုင်အောင် နှာခေါင်းပါးစပ်ပိတ်၍လည်းကောင်း၊ လည်လှီး၍လည်းကောင်း သတ်ပစ်ကြသည်။[၉၇]

ဆိုးလ်မြို့သို့ထွက်ပြေးလာခဲ့သော စခန်းစောင့်တစ်ဦးက၊ မြောက်ကိုးရီးယားနိုင်ငံ အကျဉ်းစခန်းများတွင် ဖြစ်ပျက်လျက်ရှိသော နှိပ်စက်ခြင်းနှင့် သတ်ဖြတ်မှုများကို အောက်ပါအတိုင်း ဖေါ်ထုတ်ခဲ့ပေသည်။

> မည်သူက အာဏာသား တာဝန်ယူရသနည်း။ စခန်းရှိ လုံခြုံရေးအရာရှိတို့၏ ရွေးချယ်ပိုင်ခွင့်မှာ မူတည်ပါသည်။ သူတို့၏လက်ကို ပေကျံခြင်းမရှိစေလိုပါက၊ သေနတ်ဖြင့် ပစ်သတ်ကြပါသည်။ သို့မဟုတ်၊ နာကျင်မှုကို ကြာကြာခံစားစေလိုလျှင်လည်း၊ ဖြေးဖြေးချင်း သတ်ကြပါသည်။ လူတွေကို ရိုက်သတ်ခြင်း၊ ကျောက်ခဲဖြင့် ပေါက်သတ်ခြင်း၊ သို့မဟုတ် ပေါက်တူးပေါက်ပြားများဖြင့် ရိုက်သတ်ခြင်း စသည်တို့ လုပ်ကြပါသည်။ တခါတရံလည်း သတ်ဖြတ်မှုက ကစားစရာတစ်မျိုးအဖြစ် ပြောင်းလဲသွားပါသည်။ ကွင်းပြင်မှာ အကျဉ်းသမားကို သေနတ်လက်တည့်စမ်းကြပါသည်။ တခါတရံ အကျဉ်းသမားများကို သေသည်အထိ တိုက်ခိုက်ခိုင်းကြပြီး သူတို့၏ လက်ဖြင့် ရှုံးသူကို ဆွဲဆုတ်ခိုင်းကြသည်။--ကျနော့မျက်စိဖြင့်မြင်ခဲ့ပါသည်။ မိန်းမများက အေးအေးချမ်းချမ်းနှင့်သေရခြင်း အလွန်နည်းပါးပါသည်။ နို့အုံများကို ဓါးဖြင့်လှီးဖြတ်ခြင်း၊ လိင်အင်္ဂါကို ပေါက်တူးရိုးဖြင့် ထိုးထည့်ခြင်း၊ လည်ဂုတ်ကို တူဖြင့်ရိုက်ချိုးခြင်း--စသဖြင့် လုပ်ကြသည်ကို တွေ့ခဲ့ပါသည်။ အကျဉ်းစခန်းတွင် သေခြင်းသည် ရိုးနေပြီဖြစ်သော နေ့စဉ်အဖြစ်အပျက် ဖြစ်ပါသည်။ နိုင်ငံရေးအကျဉ်းသားများသည်၊ သူတို့အသက်ဆက်လက်ရှင်ခွင့်ရရေးအတွက်၊ ပြောင်းစေ့အနည်းငယ် သို့မဟုတ် ဝက်ဆီအနည်းငယ်ရရန် ဘာမဆိုလုပ်ရပါသည်။ သို့သော်လည်း၊ ဤစခန်းတွင် နေ့တိုင်းလိုလို ငတ်မွတ်၍ဖြစ်စေ၊ မတော်တဆဖြစ်စေ၊ သတ်ဖြတ်ခြင်းကြောင့်ဖြစ်စေ လူ ၄–၅ ယောက် အမြဲသေရပါသည်။[၉၈]

မြောက်ကိုးရီးယားအစိုးရ၏ နောက်ထပ်အင်္ဂါရပ်တစ်ခုမှာ၊ **လူမျိုးသန့်စင်ရေးသီအိုရီ** ကို ကျင့်သုံးခြင်းဖြစ်သည်။ **၎င်းသီအိုရီသည်လည်း ဒါဝင်ဝါဒမှ ကိုင်းထွက်လာသော သီအိုရီတစ်ခုဖြစ်သည်။** အထက်တွင် ကျွန်ုပ်တို့ လေ့လာခဲ့ကြပြီးဖြစ်သည့်အတိုင်း၊ လူမျိုးသန့်စင်ရေးသီအိုရီကို ဒါဝင်၏ ဝမ်းကွဲညီ ဖရန်းစစ် ဂေါ်လ်တန်က တင်ပြပြီး ၂၀–ရာစုနှစ်အစဦးပိုင်းတွင် သိပ္ပံ

နည်းကျသော အဆိုအဖြစ် လက်ခံကျင့်သုံးခဲ့ကြသည်။ လူမျိုးသန့်စင်ရေး၏ ရည်ရွယ်ချက်မှာ၊ ကျန်းမာရေးချို့တဲ့သူ၊ ဒုက္ခိတ၊ သို့မဟုတ် လူမျိုးတစ်မျိုးတို့ကို သားကြောဖြတ်ခြင်းဖြင့် ကျန်းမာသန်စွမ်းသူတို့ကိုသာ ဆက်လက်သားမွေးစေခြင်း ဖြစ်သည်။ နောက်ဆုံးတွင် ဤသို့လုပ်ဆောင်ခြင်းသည်၊ ပိုမိုကျန်းမာသန်စွမ်းသော လူမျိုးပေါ်ထွန်းလာရန် စိတ်ကူးပေါက်ခြင်း ဖြစ်သည်။ ကမ္ဘာပေါ်တွင်၊ ဤအစီအစဉ်ကို အစိုးရ၏တရားဝင်ပေါ်လီစီအဖြစ် ပထမဦးဆုံးကျင့်သုံးသောနိုင်ငံမှာ နာဇီပါတီအုပ်ချုပ်သော ဂျာမနီနိုင်ငံဖြစ်သည်။ ပထမပိုင်းတွင်၊ ဟစ်တလာက ဝမ်းတွင်းပါရောဂါရှိသူများနှင့် ဒုက္ခိတများကို စုစည်း၍ "သားကြောဖြတ်ဌာန"သို့ပို့ခဲ့၍ နောက်ပိုင်းတွင် သူတို့အားလုံးကို သတ်လိုက်လေသည်။


မြောက်ကိုးရီယားအစိုးရက၊ "အီဗိုလူးရှင်းကို အရှိန်ရစေခြင်း" ဟူသောအကြောင်းပြချက်ဖြင့် ဤရက်စက်ကြမ်းကြုတ်မှုကို ကျင့်သုံးပေသည်။ *"ကွန်မြူနစ်ဝါဒ၏စာအုပ်မဲ"*တွင် ၎င်းလူမျိုးသန့်စင်ရေး ကိုးရီးယားစတိုင် စီမံကိန်းပုံစံနှင့်ပတ်သက်၍ အောက်ပါအတိုင်း ရေးသားထားပေသည်။

> ကိုးရီယားနိုင်ငံတွင်၊ မစွမ်းမသန်သူ ဒုက္ခိတတို့သည် လူမှုရေးအရ ပစ်ပယ်ခြင်းကို အကြီးအကျယ်ခံကြရသည်။ မစွမ်းမသန်သူ ဒုက္ခိတများကို ပြောင်ယန်မြို့တွင် နေထိုင်ရန်ခွင့်မပြုချေ။ မကြာသေးမီအချိန်အထိ၊ ဆွေမျိုးသားချင်းများ သွားရောက်လည်ပတ်တွေ့ဆုံနိုင်ရန်အလို့ငှါ၊ မြို့ပြင်မနီးမဝေး၌ သီးခြားကန့်သတ်ထားသောနေရာတွင် ထားထားသည်။ ယနေ့အချိန်တွင် သူတို့ကို အလွန်ဝေးကွာသော တရုတ်ပြည်နယ်ခြားအနီး တောတောင်ဒေသ သို့မဟုတ် ပင်လယ်ဝါအတွင်းရှိ ကျွန်းများသို့ ပို့လိုက်ကြ၏။ ထိုဒေသများအနက် နှစ်နေရာကို အတိအကျသိရှိရပေသည်။ ကိုးရီယားနိုင်ငံ၏ မြောက်ဘက် တရုတ်ပြည်နယ်ခြားအနီးရှိ ဘိုဂျွန်အရပ်နှင့် အွီဂျုအရပ်တို့ ဖြစ်သည်။ ဤပေါ်လီစီသည် ပြောင်ယန်မြို့မှ နမ်ပို၊ ကေဆောင်နှင့် ချောင်ဂျင်မြို့များသို့ မကြာသေးမီကစ၍ ကူးစက်သွားလေပြီ။




**ကွန်မြူနစ်အစိုးရအုပ်ချုပ်ရေးလက်အောက်ရှိ မြောက်ဗီယက်နမ်နိုင်ငံ – ၁၉၆၈။**

ဤကဲ့သို့ပြုမူခြင်းသည်၊ သာမန်လူများနှင့် မတူသူအားလုံးနှင့်လည်း သက်ဆိုင်ပေသည်။ ဥပမာ၊ လူပုများကို ယ္ခုအချိန်တွင် ဖမ်းဆီးပြီး စခန်းများသို့ပို့လိုက်သည့်အပြင်၊ သူတို့ကို ကလေးမွေးခြင်းတားမြစ်ထားပေသည်။ ကင်မ်အီဆွန်က "လူပုအမျိုးတွေ ပျောက်ကွယ်သွားရမယ်"ဟု အမိန့်ချခဲ့ပေသည်။[၁၀၀]



မြောက်ဗီယက်နမ်အာဏာရှင်
ဟိုချီမင်း

ဗီယက်နမ်နိုင်ငံသည်လည်း အာရှတိုက်မှ သွေးထွက်သံယိုများသော ကွန်မြူနစ်အာဏာရှင်စနစ်နိုင်ငံတစ်နိုင်ငံ ဖြစ်၏။ မြောက်ဗီယက်နမ်သည် အချိန်ကာလအလွန်ကြာရှည်သောစစ်ကို ပထမပိုင်းတွင် ပြင်သစ်နှင့်တိုက်ခဲ့ရပြီး နောက်ပိုင်းတွင် အမေရိကန်တို့နှင့် တိုက်ခဲ့ရသည်။ ၁၉၇၅–ခုနှစ်တွင် တောင်ဗီယက်နမ်ကို သိမ်းပိုက်ပြီး ကွန်မြူနစ်ပြည်ထောင်စု ဗီယက်နမ်နိုင်ငံကို တည်ထောင်ခဲ့ပေသည်။ ဟိုချီမင်းသည် ဗီယက်နမ်နိုင်ငံကို တည်ထောင်သူဖြစ်၍၊ သူ၏နောက်လိုက်သားတို့သည်၊ သူတို့၏ပြည်သူတို့ကို ပြင်းပြင်းထန်ထန် နှိပ်စက်ညှင်းပန်းရန် လက်မနှေးကြချေ။ ၁၉၇၅ နှင့် ၁၉၇၇–ခုနှစ်အကြားတွင်၊ ဗီယက်နမ်အစိုးရကို ဆန့်ကျင်သော ဗီယက်နမ်စာရေးဆရာတစ်ဦးက တိုင်းပြည်၏အခြေအနေနှင့်ပတ်သက်၍ ဖေါ်ပြထားသောစာတစ်စောင် ရေးခဲ့၏။

> အကျဉ်းထောင်တွင်းအခြေအနေများသည်၊ မစဉ်းစားဘူးသည့်အခြေအနေတွင် ရှိပါသည်။ အစိုးရ၏ တရားဝင်အကျဉ်းထောင်ဖြစ်သည့် ချီဟွါအကျဉ်းထောင်တွင် အကျဉ်းသား ၈၀၀၀ ကိုချုပ်နှောင်ထားရာ၊ ၎င်း၏အခြေအနေမှာ ဆိုးရွားလွန်းသဖြင့် တကမ္ဘာလုံးက ရှုတ်ချထားပေသည်။ ယနေ့အချိန်တွင် ၎င်းအကျဉ်းထောင်တွင် အကျဉ်းသားပေါင်း ၄၀၀၀၀ ကို ချုပ်နှောင်ထားလျက်ရှိသည်။ အကျဉ်းသားများမှာ အစာတော်မွတ်၍လည်းကောင်း၊ မိမိတို့၏လက်ဖြင့်သော်လည်းကောင်း သေကြေကုန်နေကြသည်။–––
>
> ဗီယက်နမ်တွင် အကျဉ်းထောင်နှစ်မျိုးနှစ်စား ရှိသည်။ တရားဝင်ထောင်များနှင့် အကျဉ်းစခန်းများဖြစ်သည်။ ဒုတိယအမျိုးအစားများမှာ အလွန်ဝေးကွာသော တောနက်ထဲတွင်ရှိကြ၍ အကျဉ်းသားများသည် ရာသက်ပန် အလုပ်ကြမ်းနှင့်ထောင်ဒဏ်ကျသူများဖြစ်သည်။ ရုံးတင်စစ်ဆေးခြင်းမရှိ၊ ထို့ကြောင့် မိမိကိုယ်ကို တရားဝင်ကာကွယ်ထုချေနိုင်ခွင့် မရှိချေ။[၁၀၁]

၁၉၇၅–ခုနှစ်တွင် ဗီယက်နမ်က လောနိုင်ငံကို ဝင်ရောက်ကျူးကျော်သိမ်းပိုက်ပြီး ကွန်မြူနစ်အစိုးရ တည်ထောင်လိုက်ခြင်းကြောင့်၊ အလားတူ ရက်စက်ကြမ်းကြုတ်မှုများကို ကျူးလွန်ကြပေသည်။ ပသက်လောကွန်မြူနစ်တို့က၊ အင်ဒိုချိုင်းနားနိုင်ငံများအလယ်တွင်ရှိသည့် ဆင်းရဲနွမ်းပါးသောနိုင်ငံတွင် အာဏာကြီးထွားလာသည်နှင့်အမျှ၊ သူတို့ကို ဆန့်ကျင်သူများအား နှိပ်ကွပ်သဖြင့်၊ သောင်းနှင့်ချီသောဒုက္ခသည်တို့သည် တိုင်းပြည်မှ ထွက်ပြေးကြရသည်။

## မော်ဝါဒအန္တရာယ် ဆက်လက်ရှိနေသည်

### The Maoist Danger Continues

သမိုင်းတလျှောက်လုံးတွင် အာရှအရှေ့ဖျားတိုင်းပြည်များသည်၊ ပြင်းထန်သော လက်နက်ကိုင် တိုက်ပွဲအစဉ်ဆင်နွဲခြင်း၊ သွေးကြွေးချေကြခြင်းနှင့် ရိုင်းစိုင်းရက်စက်သည့် ကလဲ့စားချေခြင်း စသည်တို့နှင့် ပြည့်နက်လျက်ရှိခဲ့ကြသည်။ အကြမ်းဖက်ခြင်းသည် တရားဝင်သည့် ပြင် လိုအပ်ချက်ပင်ဖြစ်သည်ဟု သင်ကြားပေးသော ကွန်မြူနစ်ဝါဒရောက်လာသည်နှင့်တပြိုင်တည်း၊ လိုက်လာသည့် ရလာဒ်မှာ ကြီးကျယ်သည့် ပျက်စီးဆုံးရှုံးခြင်းသာ ဖြစ်တော့သည်။ ကွန်မြူနစ်ဝါဒက စပါးစိုက်သည့်လယ်ကွင်းပြင်များကို လူသတ်ကွင်းပြင်များအဖြစ် ပြောင်းလဲပစ်၏။ ကွန်မြူနစ်ဝါဒသည် ဆင်ခြင်တုံတရားကင်းမဲ့ကာ အသိဉာဏ်ကင်း၍ မိုက်မဲခြင်းနှင့် ရုပ်ဆိုးခြင်းကို အလေးပေးရန်အတွက် ယဉ်ကျေးမှုကိုပစ်ပယ်လိုက်သော အတွေးအခေါ်ဖြစ်ပေသည်။

အဖွဲ့အစည်းအမြောက်အမြားနှင့် အတွေးအခေါ်အမြောက်အမြားတို့က ထိုမျှရက်စက်ကြမ်းကြုတ်ရိုင်းစိုင်းသည့်အတွေးအခေါ်ကို လက်ခံကျင့်သုံး၍ တကမ္ဘာလုံးသို့ ဖြန့်ဖြူးခဲ့ကြ

သည်မှာ စိတ်ဝင်စားဖွယ်ဖြစ်နေပေသည်။ ယနေ့အချိန်တွင်၊ မော်လမ်းစဉ်အကြမ်းဖက်အဖွဲ့အစည်းများနှင့် အတွေးအခေါ်အုပ်စုတို့က နိုင်ငံအတော်များများတွေမှာ လှုပ်ရှားနေကြသည်။ မော်အတွေးအခေါ်သမားတို့က ဆိုဗီယက်ပြည်ထောင်စု ကွဲသွားခြင်းသည်၊ "ကွန်မြူနစ်ဝါဒကို အဓိပ္ပါယ်ဖေါ်ရာ၌ မှားယွင်းခြင်း" ကို ဖေါ်ပြခြင်းဖြစ်၍၊ မော်ဝါဒ–မော်အတွေးအခေါ်က မှန်ကန်ကြောင်း သက်သေထူခြင်းဖြစ်သည်ဟု ကြွေးကြော်နေကြသည်။ မော်၏ရက်စက်ကြမ်းကြုတ်မှု၊ မတရားသတ်ဖြတ်မှုကျူးလွန်ခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်းကို ဖန်တီးခြင်းနှင့် ရိုင်းစိုင်းယုတ်ပတ်သော ကျင့်ကြံလုပ်ဆောင်မှုအားလုံးကို မေ့ထားလိုက်ပြီး၊ ဤအသိတရားကင်းမဲ့သော အတွေးအခေါ်ကို ကမ္ဘာ့ရှေ့ရေး၏ တစ်ခုတည်းသောရွေးစရာဖြစ်သည်ဟု ဆိုနေကြသည်။ မော်ဝါဒီတို့က ဤခေတ်မမီတော့သော သီအိုရီကို **"တတိယကမ္ဘာဝါဒ"** ဟုခေါ်၍ မဖွံ့ဖြိုးသေးသော နိုင်ငံများကို မှောင်မိုက်သောကွန်မြူနစ်ဝါဒသို့ လိမ်လည်လှည့်ဖြားခေါ်ဆောင်သွားရန် ကြိုးပမ်းနေကြသည်။

ဤမော်ဝါဒီတို့သည်၊ သန်းပေါင်းမြောက်မြားစွာသောလူတို့ကို သူတို့၏အမည်ကိုသာ အကြောင်းပြု၍ နှိပ်စက်သတ်ဖြတ်ခဲ့သည်ကို မတင်းတိမ်ကြသေးကြောင်း ထင်ရှားပေသည်။ သူတို့က နောက်ထပ်သွေးထွက်သံယိုမှုကို လိုလားနေကြသည်။ သွေးဆာခြင်းအာသာမပြေကြသေးပေ။

ဤစာအုပ်၏ နောက်ဆုံးအခန်းပိုင်းတွင်၊ နေရာတကာ မော်ဝါဒ၏ ပါးနပ်ညင့်သက်စွာ စိမ့်ဝင်ပြန့်ပွားနေခြင်းကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် အသေးစိတ်လေ့လာကြပါမည်။


# အခန်း ၅



ကွန်မြူနစ် အကြမ်းဖက်သမားများက ဂေါ်ကီမြို့ရှိ ဂျိုဂျီဗ်စကီးခရစ်ယာန်ဘုရား ရှိခိုးကျောင်းကို ဖျက်ဆီးနေကြပုံ။

**Bolshevik militants tearing down the Georgievsky church in the city of Gorky.**

# ဘာသာရေးကို ကွန်မြူနစ်ဝါဒ၏ ရန်လိုမှု
## Communism's Hostility to Religion



ဖါရိုးဘုရင်ကဲ့သို့

သမိုင်းတလျှောက်လုံးတွင်၊ အလ္လာဟ်အရှင်မြတ်နှင့် ဘာသာတရားကိုငြင်းပယ်၍ ရက်စက်ကြမ်းကြုတ်သောခေါင်းဆောင်များ ပေါ်ပေါက်ခဲ့သည်ဟု ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖေါ်ပြထားပေသည်။ ကုရ်အာန်ကျမ်းတော်မြတ် စူရာ ၂၈ အာယသ်တော် ၄၁ တွင်၊ အလ္လာဟ်အရှင်မြတ်က ၎င်းတို့ကို **"ငရဲသို့ ဖိတ်ခေါ်ကြကုန်သော ရှေ့ဆောင်ရှေ့ရပ်များ"** ဟု မှည့်ခေါ်ထားပေသည်။ နဗီတမန်တော်မူစာ(အလိုင်ဟေ့ဆလာမ်)နှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ် အာယသ်တော် အတော်များများတွင်ဖေါ်ပြရင်း၊ ဖါရိုးဘုရင်အကြောင်းကိုလည်း ဖေါ်ပြထားတော်မူ၏။ နဗီတမန်တော်အီဗရာဟင်မ်(အလိုင်ဟေ့ဆလာမ်)နှင့် (ကုရ်အာန်ကျမ်းတော်မြတ်တွင်ဖေါ်ပြသော)ဥမင်လိုဏ်ခေါင်းသို့သွားရောက်ခိုအောင်းကြရသည့်လုင်တို့ကိုဆန့်ကျင်သော ရက်စက်ကြမ်းကြုတ်သည့်အုပ်ချုပ်မင်းလုပ်သူတို့သည် လူတွေ၏ယုံကြည်ချက်တစ်ခုတည်းကြောင့် ဖါရိုးဘုရင်ကဲ့သို့ပင် သတ်ဖြတ်ခဲ့ကြသည်။ ဤကဲ့သို့သော ယုတ်ရင်းကြမ်းတမ်းသည့်ဇာတ်ကောင်များကို လူ့သမိုင်း၏ခေတ်တိုင်းတွင် တွေ့ရှိရ၏။ ၎င်းဘာသာမဲ့ခေါင်းဆောင်တို့သည်၊ လူ့အဖွဲ့အစည်းများအပေါ်၌ ရက်စက်ကြမ်းကြုတ်ကြကာ၊ သတိမမူမိသူတို့အား ဤကမ္ဘာတွင်ရော နောင်တမလွန်ဘဝတွင်ပါ ပျက်စီးခြင်းသို့ခေါ်ဆောင်သွားကြပေသည်။

လွန်ခဲ့သည့်ရာစုနှစ်အတွင်းမှ အစွန်းရောက်အခက်အခဲ၊ ဆင်းရဲဒုက္ခပေါင်းစုံ၊ ရက်စက်ကြမ်းကြုတ်ခြင်းများကို ပေးဆောင်သည့်အတွေးအခေါ်များကို တစ်ကျော့ပြန်၍လှည့်ကြည့်ပါက၊ သနားကြင်နာခြင်းကင်းမဲ့သော ဘာသာမဲ့ခေါင်းဆောင်များကို ရှေ့တန်း၌ တွေ့ရပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖေါ်ပြထားသည့် ဖါရိုးဘုရင်နှင့် အလားတူသော ဘုရားတရားမဲ့သွေးဆာသည့် ၂၀–ရာစုနှစ်မှခေါင်းဆောင်တို့သည်၊ **ဗလာဒီမီရ် လီနင်၊ ဂျိုးဇက် စတာလင်၊ မော်စီတုံး**တို့နှင့်အတူ၊ သူတို့၏ အတွေးအခေါ်ဖခင်များဖြစ်ကြသော **ကားလ်မားက့်စ်**နှင့် **ဖရက်ဒရစ် အင်ဂျဲလ်**တို့ ဖြစ်ကြသည်။ **ချားလ်စ် ဒါဝင်** သည်လည်း ဘာသာအယူဝါဒ ကင်းမဲ့ခြင်း၌ သူ၏အီဗိုလူးရှင်းသီအိုရီဖြင့် တစ်နည်းတစ်ဖုံ ခေါင်းဆောင်မှု ပေးခဲ့လေသည်။


ကွန်မြူနစ်ဝါဒ၏ ဘာသာရေးဆန့်ကျင်ခြင်းကို ငြင်းခုံနေစရာမလိုအပ်တော့ပါ။ ကွန်မြူနစ်ဝါဒကို အားပေးထောက်ခံသူတို့၏ စာပေများကိုကြည့်လျှင် ဖြောင်ပင်ပွင့်ပွင့်လင်းလင်း ဖေါ်ပြထားသည်ကို တွေ့ရပါလိမ့်မည်။ မားက့်စ်ကိုယ်တိုင်က၊ ဘာသာအယူဝါဒကို "လူတွေ၏ဘိန်း" ဖြစ်သည်ဟု ခေါ်ထားပြီး၊ အုပ်ချုပ်သူလူတန်းစားတို့က ဆင်းရဲသားလူထုကို မူးယစ်ထုံ

ထိုင်းစေအောင် တီထွင်ထားခြင်းဖြစ်သည်၊ ထို့ကြောင့် ကွန်မြူနစ်ဝါဒ တိုးတက်ကြီးထွားနိုင်ရန် အလို့ငှာ ဘာသာရေးကို ဖျက်ဆီးပစ်ရမည်ဟု အတိအလင်းကြေညာခဲ့ပေသည်။

အင်ဂျဲလ်က လူသားသည် မျောက်တိရစ္ဆာန်မှ ဆင်းသက်လာသဖြင့်၊ ဘာသာရေးသည် လူဖြစ်လာသည့် တစ်ဆင့်စီအလိုလိုပြောင်းလဲတိုးတက်လာသည့်ဖြစ်စဉ်–အီဗိုလူးရှင်းဖြစ်စဉ်၏ အဆင့်တစ်ဆင့်သာ ဖြစ်သည်ဟု ဆိုသည်။

ဘာသာရေးကို ဖျက်ဆီးရန်အတွက် မည်သည့်ပေါ်လီစီမျိုးကို အသုံးချကြသနည်း။ လီနင်က ပထမဦးဆုံး ပြည့်စုံသောအဖြေကို ပေးခဲ့၏။––၁၉၀၀–ခုနှစ်တွင်၊ ရုရှားနိုင်ငံ ဆိုရှယ်ဒီမိုကရက်တစ်အလုပ်သမားပါတီ (နောင်တွင်ကွန်မြူနစ်ပါတီဖြစ်လာသည်)၏ ခေါင်းဆောင်အဖြစ်၊ "အလုပ်သမားပါတီ၏ ဘာသာရေးအပေါ်သဘောထား"ဟူသောဆောင်ပါးတစ်ပုဒ်ကို *ပရိုလေတာရီ* မဂ္ဂဇင်းတွင် ရေးသားခဲ့၏။ ထိုဆောင်းပါးတွင်၊

> ဆိုရှယ်ဒီမိုကရေစီသည်၊ ၎င်း၏ကမ္ဘာ့အမြင်အားလုံးကို သိပ္ပံနည်းကျဆိုရှယ်လစ်ဝါဒ –တစ်နည်းအားဖြင့် မားက်စ့်ဝါဒတွင် အခြေခံသည်။ မားက်စ့်ဝါဒ၏ အတွေးအခေါ်အခြေခံသည်၊ မားက်စ့်နှင့် အင်ဂျဲလ်တို့က ထပ်ခါတလဲလဲ ကြေညာခဲ့သည့်အတိုင်း၊ အနုပဋိလောမရုပ်ဝါဒဖြစ်၍၊ ပြင်သစ်မှ တစ်ဆယ့်ရှစ်ရာစုနှစ်ရုပ်ဝါဒနှင့် ဂျာမနီနိုင်ငံသား ဖွူးဘက်ထံမှ (တစ်ဆယ့်ကိုးရာစုနှစ်ဦးပိုင်း) ရုပ်ဝါဒတို့၏သမိုင်းဝင်ထုံးဓလေ့များကို လွှဲပြောင်းယူခဲ့ခြင်းဖြစ်သည်။ ၎င်းသည် လုံးဝဥဿုံဘုရားမဲ့ဝါဒဖြစ်၍ ဘာသာအယူဝါဒအားလုံးကို ဆန့်ကျင်သည်။ မားက်စ့်က မူကြမ်းကိုဖတ်ပေးခဲ့သော အင်ဂျဲလ်၏*အင်တီဒူရင်း*ကို ပြန်လည်သတိရဖို့ လိုပါသည်။ ဒူရင်းသည်၊ ရုပ်ဝါဒနှင့်ကိုက်ညီမှုမရှိသည့်ပြင်၊ ဘာသာရေးအတွက် ဟာကွက်များပေးထားသောကြောင့်၊ ၎င်းအင်ဂျဲလ်၏စာတမ်းသည် ရုပ်ဝါဒီနှင့် ဘုရားမဲ့ဒူရင်း တို့အတွက် အခြေခံမူ လမ်းညွှန်အဖြစ် ပေးထားခြင်းဖြစ်သည်။ လူဒ်ဝိက် ဖွူးဘက်နှင့်ပတ်သက်သည့် အင်ဂျဲလ်၏ဆောင်းပါးကို ပြန်လည်သတိရသင့်ပါသည်။ လူဒ်ဝိက် ဖွူးဘက်သည်၊ ဘာသာရေးကို တိုက်ခိုက်ရာတွင် ၎င်းကိုဖျက်ဆီးပစ်ရန်အတွက်မဟုတ်ဘဲ၊ ပြင်ဆင်မွမ်းမံရန်သာဖြစ်ခဲ့ပြီး၊ "ပိုမိုမြင့်မြတ်သော"ဘာသာအယူဝါဒအသစ် တီထွင်ခြင်းသာ ဖြစ်ခဲ့သဖြင့်၊ သူ့အား အင်ဂျဲလ်က ထိုဆောင်းပါးတွင် ပြစ်တင်ဝေဖန်ခဲ့ခြင်း ဖြစ်သည်။ "ဘာသာရေးသည် ဘိန်းဖြစ်သည်"–ဟူသော မားက်စ့်၏ဤအဆိုသည်၊ ဘာသာရေးအပေါ် မားက်စ့်ဝါဒ၏အမြင်တစ်ခုလုံး၏ အုတ်မြစ်ဖြစ်သည်။[၁၀၂]



**လီနင်၏အဆိုအရ၊ ကွန်မြူနစ်တို့သည်၊ ဘာသာရေးကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ခဲ့သော ဖွူးဘက်၏စာများကို ဘာသာပြန်၍ ထုတ်ဝေကြရန် လိုအပ်၏။**

၁၉၀၅–ခုနှစ်တွင်၊ *နိုဗ်ဇာယာဇင်* မဂ္ဂဇင်းတွင် "ဆိုရှယ်လစ်ဝါဒနှင့်ဘာသာရေး" ဟုမည်သော ဆောင်းပါးတစ်ပုဒ် ရေးသားခဲ့၏။ ထိုဆောင်းပါးတွင်၊ ဘာသာရေးသည် လွှင့်စင်ဖျောက်ဖျက်ပစ်ရမည့် မြူခိုးဖြစ်သည်ဟု ရေးထားသည်။ ကွန်မြူနစ်တို့သည် ဘာသာရေးကို ဆန့်ကျင်သည့် ဝါဒဖြန့်ခြင်းများကို လုပ်ဆောင်ရမည်ဟုလည်း ရေးထား၏။

ကျွန်ုပ်တို့၏အစီအစဉ်သည်၊ သိပ္ပံနည်းကျသော ရုပ်ဝါဒကမ္ဘာ့အမြင်တွင် လုံးဝဥဿုံအခြေခံထားသည်။––ကျွန်ုပ်တို့၏ဝါဒဖြန့်လုပ်ငန်းတို့တွင် ဘုရားမဲ့ဝါဒဆိုင်ရာ ဝါဒဖြန့်ခြင်း ပါဝင်ရန်လိုအပ်သည်။ ကောင်းမွန်သင့်လျော်သည့် သိပ္ပံစာစောင်များကို၊ ပုံနှိပ်ထုတ်ဝေဖြန့်ဖြူးရမည်။ ယနေ့အချိန်အထိ အာဏာရှင်ပဒေသရာဇ်အစိုးရက ၎င်းလုပ်ငန်းကို တားမြစ်ထားသည်။ ဤလုပ်ငန်းသည်၊ ကျွန်ုပ်တို့၏ပါတီလုပ်ငန်းရပ်များတွင် လုပ်ငန်းရပ်တစ်ခုအဖြစ် ပါဝင်နေရမည်။ ယခုအချိန်တွင် ကျွန်ုပ်တို့သည်၊ အင်ဂျဲလ်က တစ်ခါတုံးက ဂျာမန်ဆိုရှယ်လစ်ဝါဒီတွေကိုပေးခဲ့သည့်အကြံဉာဏ်အတိုင်း ဆောင်ရွက်ရန်ပင် လိုအပ်ပေလိမ့်မည်။ ထိုအကြံဉာဏ်မှာ တစ်ဆယ့်ရှစ်ရာစုနှစ်များက ဘုရားမဲ့ဝါဒီ ပြင်သစ်ဉာဏ်အလင်းပွင့်ခြင်းအသင်း၏စာပေများကို ဘာသာပြန်ပြီး အကျယ်တဝင့်ဖြန့်ဖြူးရန်ဖြစ်သည်။[၁၀၃]

မားက့်စ်ဝါဒီတို့အနေဖြင့်၊ ဘာသာရေးကို တိုက်ဖျက်ရာတွင် "သိပ္ပံစာပေများ"ကို ပုံနှိပ်ထုတ်ဝေ၍၊ ၁၈–ရာစုနှစ်က ဉာဏ်အလင်းပွင့်ခြင်းအသင်း၏ စာပေများကို ဖြန့်ဖြူးရမည် ဟူသောလီနင်၏စကားကို မှတ်သားသင့်ပေသည်။ "သိပ္ပံစာပေများ"ဆိုသည်မှာ၊ သိပ္ပံအရည်ခြုံထား၍ ရုပ်ဝါဒကို အတင်းသွတ်သွင်းသောသီအိုရီများ(ဥပမာ ဒါဝင်ဝါဒ)ကို ဆိုလိုပေသည်။ "ပြင်သစ် ဉာဏ်အလင်းပွင့်သူများ"ဆိုသည်မှာ၊ မားက့်စ်၏အလျင် အကြာကြီးစော၍ ဘာသာရေးကို ဆန့်ကျင်သည့် ရုပ်ဝါဒ–ဝါဒဖြန့်စာပေများကို ရေးသားခဲ့ကြသည့် ဒစ်ဒါရွတ်နှင့် ဒီဟိုးလ်ဘက်တို့ ပါဝင်သော အဖွဲ့ဖြစ်သည်။

ကွန်မြူနစ်တို့သည်၊ လီနင်သင်ပေးခဲ့သော ဤနည်းများကို ယနေ့ထိအသုံးပြုနေကြသေးသည်။ အကယ်၍၊ ကျွန်ုပ်တို့ တကမ္ဘာလုံးရှိ စာပေပုံနှိပ်ထုတ်ဝေသည့် လုပ်ငန်းများ၊ သိပ္ပံစာစောင်များနှင့် သတင်းလောကအချို့တို့ကို ဆန်းစစ်ကြည့်ပါက၊ မားက့်စ်ဝါဒီတို့က ဒါဝင်အတွေးအခေါ်နှင့် ဉာဏ်အလင်းပွင့်သူများအတွေးအခေါ်ကို ထောက်ခံအားပေးသည့်စာပေထုတ်ဝေမှု၏ နောက်ကွယ်တွင် ရှိနေကြသည်ကို ရှင်းလင်းစွာ တွေ့မြင်နိုင်ပေသည်။


## ကွန်မြူနစ်ဝါဒ၏ သိုဝှက်ထားသော ဘာသာရေးဆန့်ကျင်ရန်လိုမှု

## Communism's Hidden Hostility to Religion

မားက့်စ်ဝါဒီတို့သည်၊ အာဏာမရရှိမီအချိန်တွင်၊ သူတို့၏တွေးခေါ်ယူဆချက်များက ဘာသာရေးကို ပွင့်ပွင့်လင်းလင်းကျူးကျော်စော်ကားသည့် ဆန့်ကျင်ရေးအတိအကျ မရှိကြချေ။ အချို့ကွန်မြူနစ်တို့က ဘာသာရေးကို လေးစားပုံနှင့် ဘာသာရေးကို ကိုင်းရှိုင်းသယောင် ပြုမူပြသကြ၏။ အဘယ့်ကြောင့် ဤကဲ့သို့သော လှည့်ပတ်မှုများကို ကျင့်သုံးကြသနည်း။

ဤမေးခွန်း၏အဖြေကို လီနင်၏စာပေများတွင် တွေ့ရှိနိုင်ပေသည်။ "အလုပ်သမားပါတီ၏ ဘာသာရေးအပေါ်သဘောထား" ဟူသောစာအုပ်တွင်၊ မားက့်စ်နှင့်အင်ဂျဲလ်ကဲ့သို့ ကျွမ်းကျင်မှုတို့၏ လက်တွေ့ကျင့်သုံးမှုများကို အဓိပ္ပါယ်ဖော်ခြင်းဖြင့် စတင်မည်ဆိုပါက၊ ဘာသာရေးကို ဘယ်သောအခါမှ ပွင့်ပွင့်လင်းလင်း စစ်ကြေညာခြင်းမပြုရပေ၊ ဟုရေးသားထား၏။ ယင်းသည်၊ မလိုအပ်သော "နိုင်ငံရေးစစ် လောင်းကစားခြင်း"ဖြစ်သည်။[၁၀၄] အခြားရုပ်ဝါဒီတို့ (ဥပမာ တစ်ပါတီအာဏာရှင်များ၊ သို့မဟုတ် "ဘုရားမဲ့ဝါဒီဘူဇွာများ")က ဘာသာရေးကို မလိုလားကြောင်းနှင့် ဘာသာရေးဆန့်ကျင်သည့်လှုံ့ဆော်ရေးအစီအစဉ်များ လုပ်ကြသည်။ လီနင်က သူတို့၏လုပ်ရပ်များသည်၊ ရိုးလွန်း နုံထိုင်းလွန်းသည်ဟု မြင်သည်။ မားက့်စ်ဝါဒီတို့ကို "လှည့်ပေါ့ခြင်းဖြစ်သည်"ဟု စွပ်စွဲခြင်းနှင့် "ရှေ့နောက်မညီညွတ်"ဟူသော စွပ်စွဲချက်များကို ငြင်းပယ်လိုက်သည်။ "မားက့်စ်ဝါဒီတို့၏ ဘာသာရေးအပေါ်ကျင့်ကြံမှုတို့သည်၊ လုံးဝရှေ့နောက်ညီညွတ်၍ မားက့်စ်နှင့်အင်ဂျဲလ်တို့က စေ့စေ့စပ်စပ်တွေးတောဆင်ခြင်ထားသောလုပ်နည်းလုပ်ဟန် ဖြစ်သည်"ဟု လီနင်ကထပ်မံပြောဆို၏။[၁၀၅]

လီနင်က ၁၉၁၇–ခုနှစ် ကွန်မြူနစ်တို့အာဏာရလာသည်အထိ ဤသို့သောလှည့်ပေါ့မှုကို ကျင့်သုံးခဲ့ပေသည်။ အာဏာရပြီးနောက်ပိုင်းတွင်၊ ၎င်းလှည့်ပေါ့မှုများသည်လည်း ပျောက်ကွယ်သွားကုန်ပြီး ဘာသာရေးနှင့် ဘာသာရေးပုဂ္ဂိုလ်များကို ဆိုဗီယက်နယ်မြေတစ်ဝှမ်းလုံးတွင် နှိပ်ကွပ်ဖိနှိပ်လေတော့သည်။ သည့်အလျှင်တွင်၊ လီနင်က ကွန်မြူနစ်တို့သည် သူတို့ကိုယ်ကို ဘုရားတရားမဲ့သူများအဖြစ် ဝန်ခံခြင်းမပြုရဘဲ ဘာသာတရားကို ယုံကြည်သူတို့ကိုပင် အောက်ခြေစစ်သည်များအဆင့်တွင် လက်ခံထားခွင့် ပေးခဲ့ပေသည်။ သို့သော်လည်း၊ သူအာဏာရသည်နှင့်တပြိုင်တည်း၊ အလွန်ကွာခြားသောလမ်းကို လိုက်လေသည်။ *ဝမ်းနည်းကြေကွဲမှုရိတ်သိမ်းခြင်း*စာအုပ်တွင် သမိုင်းပါရဂူ ရောဘတ် ကွန်ကွက်က၊ ဘိုလ်ရှီဗစ်တို့၏ အဓိကကျသောဘာသာရေးပေါ်လီစီအချို့ကို ဖော်ပြထား၏။



၁၉၁၈–ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၆၅)အရ၊ ခရစ်ယာန်ဘုန်းတော်ကြီးများနှင့် တရားဟောဆရာများကို၊ “ဘူဇွာတို့၏ကျေးကျွန်များ”အဖြစ်သတ်မှတ်၍၊ မဲပေးပိုင်ခွင့်နှင့် ခံစားခွင့်အားလုံး ရုတ်သိမ်းလိုက်လေသည်။ ထို့ကြောင့်၊ ရာရှင်ကူပွန်မရရှိဘဲ အနိမ့်ဆုံးလူတန်းစားအဖြစ်သတ်မှတ်ခြင်းခံရသည်။ သူတို့၏သားသမီးများကို မူလတန်းမှလွန်၍ ဆက်လက်ပညာသင်ယူခွင့် မပေးတော့ချေ။ ၁၉၁၈–ခုနှစ် ဇန္နဝါရီလ ၂၈–ရက်နေ့ထုတ်ပြန်သည့် အမိန့်အရ၊ ‘သီးခြားဘာသာရေးသင်တန်းများကို ကျောင်းပြင်၌သင်ကြားခွင့်’ ပေးထားသော်လည်း၊ ကျောင်းတွင် ဘာသာရေးသင်ခန်းစာသင်ကြားခွင့် ပိတ်ပင်လိုက်သည်။ ၁၉၂၂–ခုနှစ် ဇွန်လ ၁၃–ရက်နေ့ထုတ်ပြန်သည့် နောက်ထပ်

အမိန့်အရ၊ ၁၈–နှစ်အောက် လူငယ်အားလုံးကို အစုအရုံးလိုက် မည်သည့်နေရာ၌မဆို ဘာသာရေး သင်ကြားခွင့် ပိတ်ပင်လိုက်ပြန်သည်။––

––၁၉၂၉–ခုနှစ် ဧပြီလ ၈–ရက်နေ့တွင် ထုတ်ပြန်သည့် ဥပဒေတွင် ဘာသာရေးအသင်းအဖွဲ့များ အချင်းချင်းထောက်ပံ့သည့် ရံပုံငွေအဖွဲ့များကို ပိတ်ပင်လိုက်သည်။ သီးခြားဆုတောင်းဝတ်ပြုခြင်း၊ သို့မဟုတ် ကလေးငယ်များ၊ လူငယ်များနှင့်မိန်းမများကို ဘာသာရေးစုရုံးသင်ကြားခြင်း၊ ဘာသာရေးစည်းဝေးခြင်း သို့မဟုတ် ခရီးထွက်ခြင်းအတွက် အုပ်စုဖွဲ့ခြင်း၊ အသင်းအဖွဲ့သို့မဟုတ်အဖွဲ့ခွဲများ တည်ထောင်ခြင်း၊ စာဖတ်ခန်းစာကြည့်တိုက်ဖွင့်ခြင်း၊ နာတာရှည်နလံထဆေးကုခန်းနှင့်ဆေးပေးဌာနများတည်ထောင်ဖွင့်လှစ်ခြင်း၊ စသည်တို့ကို ပိတ်ပင်လိုက်သည်။ အစိုးရအရာရှိများ၏အဆိုအရ၊ ခရစ်ယာန်အသင်းတော်တစ်ခုလုံး၏လှုပ်ရှားမှုလုပ်ငန်းရပ်များကို ဘာသာရေးအကျိုးဆောင်ခြင်းအဖြစ် လျှော့ချသတ်မှတ်လိုက်ခြင်းဖြစ်သည်။

၁၉၂၉–ခုနှစ် မေလ ၂၂–ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည်။ 'ဘာသာရေးလွတ်လပ်မှုနှင့် ဘာသာရေးဆန့်ကျင်သည့်ဝါဒဖြန့်မှု' ဟူသောစာပိုဒ်ကို 'လွတ်လပ်သောဘာသာရေးဝတ်ပြုမှုနှင့် ဘာသာရေးဆန့်ကျင်သည့်ဝါဒဖြန့်မှု' ဟု ဖတ်ရမည်။ တစ်ချိန်တည်းတွင် ပညာရေးမင်းကြီးရုံးမှ ကျောင်းများတွင်သင်ကြားပေးသော ဘာသာရေးမဟုတ်သောသင်ခန်းစာများအစား ဘာသာရေးဆန့်ကျင်မှုသင်ခန်းစာများကို အစားထိုးရန် အမိန့်ထုတ်ပြန်လိုက်၏။––

––စုပေါင်းဘုံစနစ်သည်၊ 'ဒေသခံခရစ်ယာန်ဘုရားရှိခိုးကျောင်းများကို ပိတ်လိုက်ခြင်းလည်း ပါဝင်၏။' ဘာသာရေးရုပ်ပုံ၊ ရုပ်ထုနှင့်သင်္ကေတများကို သိမ်းယူပြီး အခြားဝတ်ပြုခြင်းနှင့်သက်ဆိုင်သော ပစ္စည်းများနှင့်အတူ မီးရှို့ပစ်ကြသည်။ အနောက်တိုင်းကော်မီတီမှ ပေးပို့လာသော ၁၉၃၀–ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့စွဲပါစာတွင်၊ အရက်မူးသည့်စစ်သားများနှင့် ကိုမိုဆိုလ်(ကွန်မြူနစ်လူငယ်အဖွဲ့ဝင်)တို့က၊ မည်သည့်လူထုပြင်ဆင်ရေးမျိုးမျှပင်မလုပ်ဘဲ၊ ရွာခရစ်ယာန်ဘုရားရှိခိုးကျောင်းကို ပိတ်လိုက်ပြီး၊ ဘာသာရေးဆိုင်ရာရုပ်ပုံ ရုပ်ထုနှင့် သင်္ကေတများကို ရိုက်ချိုးခြင်း၊ တောင်သူလယ်သမားများကို ခြိမ်းခြောက်ခြင်းများ ပြုကြကြောင်း ဖော်ပြထား၏။

ပိတ်လိုက်ခြင်းတွင်၊ ဘာသာအယူဝါဒအားလုံးပါဝင်၏။––

––ဘုရားရှိခိုးကျောင်းများကို ပိတ်လိုက်သည်ဟုဆိုရာ၌၊ ဘာသာရေးလုပ်ငန်းများကို ပြင်ပတွင်ဆောင်ရွက် ဝတ်ပြုခွင့်ပေးခြင်းမဟုတ်ပေ။ ခါရ်ခေါ့ဖ်တွင် အဓိကဘုရားရှိခိုးကျောင်း ကိုးကျောင်းကို ပိတ်လိုက်ပြီးနောက် 'အိမ်များတွင် ဘုရားရှိခိုးစည်းဝေးများ၊ ဆုတောင်းစည်းဝေးများ ပြုလုပ်ခြင်းကို တားမြစ်၍၊ တိကျစွာ လိုက်လံစစ်ဆေးအရေးယူကြသည်။'

လီနင်ဂရာဒ်မှ ကာဇန်ဘုရားရှိခိုးကျောင်းကြီးကို ဘာသာရေးဆန့်ကျင်ရေးပြတိုက်အဖြစ် ပြောင်းလဲလိုက်၏။––ကီဗ်မြို့မှ စိန့်ဆိုဖီယာဘုရားရှိခိုးကျောင်းကြီးနှင့် အခြားဆုတောင်းဘုရားရှိခိုးကျောင်းများကို ပြတိုက်များ သို့မဟုတ် ဘာသာရေးဆန့်ကျင်ရေးဌာနများအဖြစ် ပြောင်းလဲလိုက်ကြသည်။ စိန့်အန်ဒရီကိုမူ ရုပ်ရှင်ရုံအဖြစ် ပြောင်းလိုက်၏။ နောက်ထပ်ဘုရားရှိခိုးကျောင်း တစ်ကျောင်းကို ရေဒီယိုအသံလွှင့်ဌာနအဖြစ်သို့လည်းကောင်း၊ အခြားတစ်ခုကို စက်ပစ္စည်းသိုလှောင်ခန်းအဖြစ်လည်းကောင်း ပြောင်းလဲလိုက်ကြသည်။ ပိုလ်တာဗာတွင် ဘုရားရှိခိုးကျောင်းနှစ်ကျောင်းကို စပါးကျီအဖြစ်သို့လည်းကောင်း၊ အခြားတစ်ခုကို စက်ပစ္စည်းပြင်ဆင်သည့် ဝေါ့ရှော့အဖြစ်လည်းကောင်း၊ ပြောင်းလဲလိုက်ကြသည်။––

––ဤဆောင်ရွက်ချက်များသည် ဘာသာအယူဝါဒအားလုံးနှင့်လည်း သက်ဆိုင်ပေသည်။ ဆိုဗီယက်ပြည်ထောင်စု၏ ဥရောပတိုက်အပိုင်းများတွင်၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းနှင့် ဂျူးဘာသာဘုရားရှိခိုးကျောင်း ဆီနာဂေါ့ဟူသောစကားလုံးများကို အစိုးရအုပ်ချုပ်ရေးပိုင်းတွင် အသုံးပြုသောစကားလုံးများဖြစ်၍၊ အခြားဒေသများတွင် အစ္စလာမ်သာသနာကိုလည်း ထိုနည်းတူ တိုက်ခိုက်ဖျက်ဆီးကြသည်။––

––စုပေါင်းဘုံစနစ်တွင် ခရစ်ယာန်ဘာသာရေးတရားဟောဆရာများကို ရွာစားသောက်ရေးဘုံစနစ်မှ ထုတ်ပယ်ထားပြီး ကူလပ်စ်များဟု စွပ်စွဲရှုတ်ချကြသည်။ အများစုကို ပြည်နှင်ဒဏ် ပေးလိုက်ကြသည်။[၁၀၆]

ဘိုလ်ရှီဗစ်တော်လှန်ရေးပြီးဆုံးသည့်နောက်ပိုင်းတွင်၊ လီနင်၏ "ဘာသာရေးနှင့်ပတ်သက်သော လျှော့ပေါ့စွာပြောဆိုကိုင်တွယ်ခြင်းများ" သည် အစွန်းရောက်အယူသန်သည့် ကြမ်းကြုတ်မှုအဖြစ်သို့ ပြောင်းလဲသွားလေသည်။ အထက်တွင် ကျွန်ုပ်တို့သိခဲ့တွေ့ခဲ့ပြီးသည့်အတိုင်း၊

၁၉၂၀–၂၁ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော ငတ်မွတ်ခေါင်းပါးခြင်းဘေးကြောင့် လူ့အသက်ပေါင်း သန်းပေါင်းများစွာ သေဆုံးကုန်ခြင်းကို၊ လီနင်က လူတွေ၏ဘုရားသခင်တွင်ယုံကြည်ခြင်း ပျော့ကျသွားစေသည်ဟု ယုံကြည်၏။

ထာဝရဘုရားသခင်အလ္လာဟ်အရှင်မြတ်နှင့် ဘာသာတရားကို ဆန့်ကျင်ပုန်ကန်လိုသည့် စိတ်ဓါတ်ရှိသော လီနင်သည်၊ ဦးနှောက်ပျက်သွားပြီး အကြီးအကျယ်နာကျင်ခြင်းဒုက္ခကို ခံစားခဲ့ရလေသည်။ အလ္လာဟ်အရှင်မြတ်သည် လီနင်အား လူထုအပေါ်ရက်စက်ကြမ်းကြုတ်ခဲ့ခြင်းအတွက် ကုရ်အာန်ကျမ်းတော်မြတ် (၅၈း၅–၆)တွင် မိန့်ဆိုထားသည့်အတိုင်း၊ ဤကမ္ဘာပေါ်တွင် ကြောက်မက်ဖွယ်သောပြစ်ဒဏ်ခတ်ခြင်းပေးဆပ်ခဲ့သလို၊ နောင်တမလွန်ဘဝ နောက်ဆုံးနေ့တွင်လည်း၊ သူရက်စက်ခဲ့သည့်ပြစ်မှုများအတွက် ကြီးလေးသည့်ပြစ်ဒဏ်ကို ထပ်မံခံရဦးမည်။

**ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်အားလည်းကောင်း၊ ထိုအရှင်မြတ်၏ရစူလ်တမန်တော်မြတ်အားလည်းကောင်း၊ ကဏ္ဍကာ(ဆန့်ကျင်ခြင်း) ပြုလုပ်ကြသောသူတို့ကား မိမိတို့အလျင် ရှိခဲ့ကြသောရှေးသူဟောင်းတို့ ဂုဏ်ရည်သေးသိမ်စေခြင်း ခံခဲ့ကြရသည့်နည်းတူ ဂုဏ်ရည်သေးသိမ်စေခြင်းကို ခံကြရပေမည်။ အမှန်စင်စစ်သော်ကား ငါအရှင်မြတ်သည် ထင်ရှားလှစွာသော သက်သေလက္ခဏာတော်များကို ချပေးတော်မူခဲ့ပြီးဖြစ်၏။ ၎င်းပြင် "ကာဖိရ်"သွေဖည်ငြင်းပယ်သောသူတို့၌ ဂုဏ်ရည်ပျက်ပြားစေသော ပြစ်ဒဏ်သည် ရှိပေမည်။**

**အကြင်နေ့တွင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အားလုံးကို ရှင်ပြန်ထစေတော်မူပြီးနောက် ၎င်းတို့ကျင့်မူခဲ့သမျှတို့ကို ၎င်းတို့အား သိစေတော်မူပေမည်။ အလ္လာဟ်အရှင်မြတ်သည် ထိုအကျင့်အမူကို ရေတွက်မှတ်သား၍ ထားရှိတော်မူ၏။ သို့ရာတွင် ၎င်းတို့မှာမူကား ယင်းအကျင့်အမူကို မေ့ပျောက်ကြကုန်၏။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့အပေါ်ဝယ် မျက်မြင်သက်သေဖြစ်တော်မူ၏။**

စတာလင်အာဏာရလာသည့်အခါ၊ သူ့အလျင်လူလောက် ဘာသာရေးကို ဆန့်ကျင်ပြန်သည်။ သက်ဝင်ယုံကြည်သူ သန်းပေါင်းများစွာကို သတ်ဖြတ်ခြင်း၊ လူအများဝတ်ပြုသည့်နေရာဌာနများနှင့် ဘာသာရေးအဆောက်အအုံများကို ဖျက်ဆီးခြင်းနှင့် မဆုံးနိုင်သောဘုရားမဲ့ဝါဒဖြန့်ခြင်း စသည်ဖြင့် သူ၏ရက်စက်ကြမ်းကြုတ်မှုကို ဖေါ်ပြခဲ့သည်။ စတာလင်၏ ဘာသာရေးကို တိုက်ခိုက်သည့် အရေးကြီးဆုံးလက်နက်မှာ ဒါဝင်၏အီဗိုလူးရှင်းသီအိုရီ ဖြစ်သည်။

> ထာဝရဘုရားသခင်က ကမ္ဘာမြေကြီးကို ခြောက်ရက်အတွင်းဖန်ဆင်းထားခဲ့သည် ဟူသောခရစ်ယာန်ကျမ်းစာသင်ကျောင်းသားများ၏အစွဲကိုချွတ်ပစ်ဖို့ ကျွန်ုပ်တို့က သူတို့နှင့်အခြေအတင်ငြင်းခုံရာမှာ သက်သေသာဓကများဖြင့်ရှင်းပြနိုင်ရန်၊ ကမ္ဘာမြေကြီး စတင်ဖြစ်ပေါ်လာခြင်းဆိုင်ရာ ဘူမိဗေဒကို သိရှိထားဖို့လိုအပ်သည်။ ဒါဝင်၏သွန်သင်ချက်များကိုလည်း နောကျေနေရန် လိုအပ်သည်။[၁၀၇] ဟု စတာလင်က ရေးသားခဲ့၏။

ဖန်ဆင်းခြင်းကိုယုံကြည်သည့်သိပ္ပံပညာရှင်တစ်ဦးဖြစ်၍ ကျောက်ဖြစ်ရုပ်ကြွင်းပညာရပ်ကို တီထောင်ခဲ့သူ ကူဗီယာအား၊ *တစ်ပါတီစနစ် သို့မဟုတ် ဆိုရှယ်လစ်စနစ်?* ဟူသောစာအုပ်တွင် စတာလင်က ဒါဝင်ကိုကိုးကား၍၊ ငြင်းပယ်အံတုခဲ့သည်။ **"မားကဇ့်ဝါဒသည် ဒါဝင်တွင်အခြေခံထား၍ ဝေဖန်သုံးသပ်ခြင်းမပြုတော့ဘဲ လက်ခံထားသည်။ ဆိုလိုရင်းမှာ၊ မားကဇ့်ဝါဒီတို့သည်** *ကူဗီယာ၏ ရုတ်တရက်ဖြစ်ပေါ်ခြင်း*ခြင်း**အဆိုကို ငြင်းပယ်ကြသည်။**[၁၀၈] ဟု ရေးသားထားသည်။

# မော်ဝါဒ၏ ဘာသာရေးကိုရန်လိုမှု

## Maoism's Hostility to Religion

လီနင်နှင့်စတာလင်တို့၏ တရုတ်နိုင်ငံအတွက်ကိုယ်စားလှယ်မော်စီတုံးသည်၊ ဘာသာရေးဆန့်ကျင်သည့်ပေါ်လီစီကို ပျိုးထောင်၍ လက်တွေ့ကျင့်သုံးခဲ့၏။ သူ၏သဘောတရားကို ထုတ်ဖေါ်ပြောဆိုရာ၌၊ ဘာသာရေးကို အပြင်းအထန်မလိုလားကြောင်း ထင်ရှားပေသည်။

> တကယ်တန်းတော့၊ ဘာသာရေးဟာ အဆိပ်ဖြစ်တယ်။ သူ့မှာ ချို့ယွင်းချက်နှစ်ခုရှိတယ်။ လူမျိုးကို အထင်သေးတယ်။––(ပြီးတော့)တိုင်းပြည်ရဲ့တိုးတက်ဖွံ့ဖြိုးရေးကို နောက်ဆုတ်စေတယ်။ တိဗက်နဲ့ မွန်ဂိုလီယားနှစ်ခုစလုံးက အဲဒီအဆိပ်မိနေကြတယ်။[၁၀၉]

မော်အာဏာရသည့်အချိန်တွင်၊ ဘာသာရေးနှင့် ဘာသာရေးကို လိုက်နာကျင့်သုံးသူတို့ကို စစ်ခင်းသည့်အစီအစဉ်ချလေသည်။ သို့သော်လည်း လီနင်ကဲ့သို့ "လျှို့ဝှက်"အစီအစဉ်ဖြစ်သည်။ ကွန်မြူနစ်ပါတီက "ကိုယ်တိုင်လုပ်ရှားမှုသုံးမျိုး"ဟုခေါ်သည့်ပေါ်လီစီကို စတင်လေသည်။ ၎င်းပေါ်လီစီမှာ၊ "ကိုယ်ပိုင်ထောက်ပံ့မှု၊ ကိုယ်ပိုင်စီမံမှု၊ နှင့် ကိုယ်ပိုင်စည်းရုံးမှု" ဟူ၍ဖြစ်သည်။ ဤပေါ်လီစီကို အပေါ်ရံကြောကြည့်လျှင်၊ ဘာသာရေးလွတ်လပ်မှုပေးခြင်းတွင် အခြေခံသယောင်ရှိ၏။ သို့သော်လည်း အမှန်တကယ်လက်တွေ့မှာ၊ ဘာသာရေးကို အပြီးအပိုင်ဖျက်ဆီးပစ်ရန် စီမံကိန်းဆွဲခြင်းဖြစ်သည်။ ကွန်ဖူရှပ်နှင့် ဗုဒ္ဓဘာသာဌာနများ၊ ဗလီနှင့်ခရစ်ယာန်ဘုရားရှိခိုးကျောင်းများသည် အစိုးရထိန်းချုပ်သော စီမံခန့်ခွဲရေးအဖွဲ့လက်အောက်သို့ ရောက်သွားလေသည်။ မကြာမီကာလအတွင်း၊ ဤဘာသာရေးအဆောက်အအုံများသည် 'မော်ဝါဒဖြန့်ရေးဌာနများ'ဖြစ်ကုန်ကြလေသည်။ ဟာရီဝူအမည်ရှိတရုတ်ခရစ်ယာန်တစ်ဦးက ၂၀၀၀–ခုနှစ် မတ်လ ၁၆ရက်နေ့တွင်၊ အမေရိကန်အပြည်ပြည်ဆိုင်ရာ ဘာသာရေးလွတ်လပ်ခွင့်ကော်မီရှင်ရှေ့တွင် အောက်ပါအတိုင်း အစီရင်ခံခဲ့၏။


> မော်စီတုံးက မည်သည့်တရုတ်ပြည်သူကိုမျှ ကွန်မြူနစ်ပါတီအပြင် အခြားမည်သည့်ပြင်ပသြဇာခံခြင်းကို ခွင့်မပြုနိုင်သဖြင့်၊ မော်၏အစိုးရလက်အောက်ခံအဖွဲ့တို့သည် ဘာသာရေးလှုပ်ရှားမှုမပေးချေ။ မော်အုပ်ချုပ်ခဲ့သည့် နှစ်ပေါင်းသုံးဆယ်အတွင်းတစ်လျှောက်လုံး၊ "ကိုယ်ပိုင်လှုပ်ရှားမှုသုံးမျိုး"အဖွဲ့အစည်းတို့သည် ကွန်မြူနစ်ပါတီနှင့်လက်တွဲ၍ ဘာသာရေးကိုဖျောက်ဖျက်ပစ်ရန်နှင့် ကွန်မြူနစ်ပါတီအတွေးအခေါ်ကို မြှင့်တင်သွတ်သွင်းရန် ဆောင်ရွက်ကြသည်။ မော်ဝါဒသည် တရုတ်နိုင်ငံတွင် တစ်ခုတည်းသော ခွင့်ပြုချက်ရှိသည့်သာသနာဖြစ်ပြီး မော်၏"စာအုပ်နီ"ကလေးက ၎င်းဘာသာတရား၏ အခြေခံကျမ်း ဖြစ်သည်။[၁၁၀]

အရှေ့တာကစ္စတန်မှ အွီဂုရ်မွတ်စလင်မ်တို့နှင့် တိဗက်ဗုဒ္ဓဘာသာဝင်တို့သည်ရက်စက်စွာအများဆုံးသတ်ဖြတ်ခံရကြ၏။ တရုတ်ကွန်မြူနစ်တို့သည်၊ အွီဂုရ်မွတ်စလင်မ်နှင့်တိဗက်ဗုဒ္ဓဘာသာဝင်တို့အား သူတို့၏လူဦးရေကို လျှော့ချ၍ ဘာသာအယူဝါဒကိုပါဖျက်ဆီးပစ်ခြင်းဖြင့် သူတို့ကို နှိပ်ကွပ်ထိန်းချုပ်ရန် ကြိုးစားကြသည်။ အာရှတိုက်ရှိ အခြားကွန်မြူနစ်အစိုးရတို့သည်လည်း၊ မော်၏ဘာသာရေးအပေါ် ရန်မူကြမ်းတမ်းမှုအတိုင်း လိုက်နာကျင့်သုံးကြသည်။ ကမ္ဘောဒီယားနိုင်ငံတွင် ခမာနီတို့က သူတို့၏ပြည်သူများကို လူမျိုးဖြုတ်သတ်ဖြတ်ရာတွင် ချာမ်လူမျိုးမွတ်စလင်မ်တို့ကို အထူးပစ်မှတ်ထား၍ ရက်စက်ကြမ်းကြုတ်ကြသည်။ *ကွန်မြူနစ်ဝါဒ၏စာအုပ်မဲ*တွင် ချာမ်လူမျိုးတို့အပေါ် ပြုကျင့်သောရက်စက်မှုများကို ဖေါ်ပြထားပေသည်။

> ၁၉၇၃–ခုနှစ်တွင်၊ လွတ်မြောက်သောဒေသများ၌ ဗလီများကို ဖျက်ဆီးပစ်၍ ဝတ်ပြုခြင်းကို တားမြစ်ကြသည်။ ၁၉၇၅–ခုနှစ်နောက်ပိုင်းတွင် ထိုပြုမူမှုများက ပိုမို၍ ကျယ်ပြန့်လာခဲ့သည်။ ကုရ်အာန်ကျမ်းတော်မြတ်များကို စုဆောင်း၍ မီးရှို့ပစ်ကြသည်။ ဗလီများကို အခြားအဆောက်အအုံအဖြစ်ပြောင်းလဲခြင်း သို့မဟုတ်မီးရှို့ပစ်ခြင်း ပြုကြသည်။ ဇွန်လတွင် မွတ်စလင်မ်လူကြီးလူကောင်းပညာရှင် တစ်ဆယ့်သုံးဦးတို့ကို သတ်ဖြတ်လိုက်ကြသည်။ အချို့မှာ နိုင်ငံရေးသင်တန်းတက်မည့်အစား ဗလီသို့သွား၍ဝတ်ပြုသောကြောင့် သတ်ခံခဲ့ရသည်။ ကျန်လူတို့မှာ လက်ထပ်မင်္ဂလာအခန်းအနားကို ဘာသာရေးအရကျင်းပခွင့်တောင်းဆိုခြင်းကြောင့် သတ်လိုက်ကြသည်။––ပိုမိုပြင်းထန်သည့်အချက်မှာ၊ မက္ကာမြို့တော်သို့ ဟဂျ်ပြုခဲ့သူ ဟာဂျီ ၁၀၀၀ ကျော်ကို သတ်ဖြတ်လိုက်ကြရာ၊ ယခုအချိန်တွင် ၃၀ ယောက်သာ ကျန်ရှိခြင်းဖြစ်သည်။ အခြားကမ္ဘောဒီယားလူမျိုးများနှင့်မတူဘဲ

ချာမ်လူမျိုးတို့က မကြာခဏပြန်လှန်တော်လှန်ကြသည်။ အများစုမှာ ထိုထကြွမှုနောက်ပိုင်း ပြန်လည်လက်တုံ့ပြန်ရာ၌ အစုလိုက်သတ်ဖြတ်ခံရခြင်းဖြစ်သည်။ ၁၉၇၈–ခု နှစ်လယ်ပိုင်းမှစ၍ ခမာနီတို့က ချာမ်လူမျိုးများကို ပိုမိုစနစ်တကျ မိန်းမများနှင့်ကလေးသူငယ်များကိုပါ သတ်ဖြတ်ဖျောက်ဖျက်ကြသည်။––အားလုံးခြုံ၍ (တွက်ချက်ကြည့်ရာတွင်) အသတ်ခံခဲ့ရသည့် ချာမ်လူများသည် ၅၀ ရာခိုင်နှုန်း ရှိခဲ့၏။[၁၁၁]

အလ်ဘေးနီယားတွင်၊ နောက်ထပ်ကွန်မြူနစ်အစိုးရတစ်ခုဖြစ်သော အင်ဗာ ဟုတ်စ်ဟာ၏ အာဏာရှင်စနစ်သည်လည်း၊ မော်စီတုံးအတွေးအခေါ်၏ဘာသာရေးကိုဆန့်ကျင်ရန်မူခြင်းကို ဖေါ်ပြ၏။ အလ်ဘေးနီယားသည် ဒုတိယကမ္ဘာစစ်၏နောက်ပိုင်းတွင် ဆိုဗီယက်ပြည်ထောင်စု၏ အရံနိုင်ငံတစ်နိုင်ငံအဖြစ် ပေါ်ထွက်လာခဲ့၏။ ၁၉၆၀–ခုနှစ် ဆိုဗီယက်နှင့် တရုတ်နိုင်ငံပဋိပက္ခတွင် အလ်ဘေးနီယားက တရုတ်နိုင်ငံဘက်ပါခဲ့ရာမှအစပြု၍၊ ဥရောပတိုက်တွင် တရုတ်ပြည်မှ မော်ဝါဒ၏ကိုယ်စားလှယ် ဖြစ်လာခဲ့သည်။ အင်ဗာဟုတ်စ်ဟာက ဘာသာရေးဝတ်ပြုရာနေရာဌာနအားလုံး(ဗလီများနှင့် မြောက်ပိုင်းရှိ ကာသောလိတ်ဘုရားရှိခိုးကျောင်းများ)ကို ပိတ်ပစ်၍ လူများအား မိမိတို့၏အိမ်မှာပင် ဝတ်ပြုခွင့်မပေးခဲ့ပေ။ မည်သည့်ဘာသာအယူဝါဒကိုမ



တရုတ်ဝါဒဖြန့်ပိုစတာတစ်ခုတွင်၊ အလ်ဘေးနီယားအာဏာရှင် အင်ဗာ ဟုတ်စ်ဟာကို မော်နှင့်အတူတွေ့ရပုံ။

ဆို ယုံကြည်ခြင်းသည် ရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်သည်ဟု ကြေညာထားသဖြင့်၊ ထိုတားမြစ်ချက်ကို မလိုက်နာသူတို့အား နည်းမျိုးစုံဖြင့်နှိပ်စက်ကြလေသည်။ အင်ဗာဟုတ်စ်ဟာသည်၊ ဤနည်းဖြင့် ရှိရှိသမျှသောဘာသာအယူဝါဒတို့ကို ဖျောက်ဖျက်ပစ်နိုင်မည်ဟုယုံကြည်သဖြင့်၊ ကမ္ဘာပေါ်တွင် ဘုရားမဲ့ဝါဒနိုင်ငံစစ်စစ် တည်ထောင်နိုင်ပြီဟု ကြေညာ၏။

## ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖေါ်ပြထားသော ကွန်မြူနစ်စနစ်နှင့် ဘာသာတရားကင်းမဲ့သောစနစ်များ

## Communism and the Irreligious Systems Revealed in The Qur'an

ကွန်မြူနစ်စနစ်၏ အင်္ဂါရပ်အရင်းအမြစ်သည် ၎င်း၏ဘာသာရေးဆန့်ကျင်ခြင်း အတွေးအခေါ်ဖြစ်သည်။ ၎င်း၏ရက်စက်ကြမ်းကြုတ်မှုနှင့်ရိုင်းစိုင်းထုံမှိုင်းခြင်းသည်လည်း ဘာသာရေးကို အရှူးအမူးရန်လိုခြင်းကြောင့်ပင်ဖြစ်၏။

ဘာသာရေးသည်၊ လူ့ဘဝရှင်သန်ရေး၏ အပိုင်းတစ်ပိုင်းဖြစ်၍၊ အလ္လာဟ်အရှင်မြတ်က လူသားများကို ဖန်ဆင်းထားသဖြင့် လူသားကို ကြည့်ရှုမွေးမြူနေသည်ဟု စဉ်းစားဆင်ခြင်ခြင်းဖြစ်သည်။ ဘာသာရေးတွင်အခြေခံ၍ တည်ထောင်ထားသောစနစ်သာလျှင် ငြိမ်းချမ်းသာယာခြင်းကို ပေးဆောင်နိုင်၍၊ ဘာသာရေးကို ငြင်းပယ်သည့်စနစ်များသည် မလွဲမသွေ နာကျင်မှု၊ ထိတ်လန့်ခြောက်ခြားမှုနှင့် မလုံခြုံမှုကိုသာ ပေးဆောင်ပေသည်။ အားလုံးထက်၊ ဤစနစ်များသည် ဘာသာတရား၏သင်ကြားချက်ဖြစ်သောတရားလမ်းမှန်ကို ဆန့်ကျင်တော်လှန်ကြသဖြင့်၊ လူထုကို ၎င်းတရားလမ်းမှန်နှင့်ဆန့်ကျင်စွာ နေထိုင်ရှင်သန်ကြရန် အတင်းအဓမ္မခိုင်းစေကြ

သောကြောင့် ပို၍ပင်အန္တရာယ်ကြီးမားပေသည်။ လူ့သမိုင်းတွင် ကွန်မြူနစ်ဝါဒသည် ထိုသို့ သောစနစ်အတွက် အထင်ရှားဆုံးသော ဥပမာပုံစံတစ်ခုဖြစ်ပေသည်။

စိတ်ဝင်စားဖွယ်အကြောင်းတစ်ခုမှာ၊ ကွန်မြူနစ်ဝါဒသည် အလ္လာဟ်အရှင်မြတ်က ကုရ် အာန်ကျမ်းတော်မြတ်တွင် ဖော်ပြထားသောဘုရားတရားမဲ့စနစ်များနှင့် အရေးကြီးသည့်အချက် များ၌ တူညီနေခြင်းပင် ဖြစ်၏။ ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖော်ပြထားသော ဖါရိုးဘုရင်၏ စနစ်နှင့် ကျွန်ုပ်တို့၏ခေတ်မှ အခြားစနစ်များသည် အင်မတန်ဆင်တူနေကြောင်းကို တွေ့ရှိရပေ သည်။

## ကြီးမားသောအဆောက်အအုံကို မက်မောခြင်း

### The Passion for Big Buildings

ဘာသာတရားကင်းမဲ့သော အုပ်ချုပ်ရေးများ၏ တူညီကြသောအင်္ဂါရပ်တစ်ခုမှာ၊ ကြည့် မြင်သူတို့ ရင်သပ်ရှုမောအောင် ကြီးကျယ်ခန်းနားခြင်းကို ရှာကြံခြင်းဖြစ်၏။ သူတို့၏မောက် မာခြင်းနှင့်သူတစ်ပါးကို အရှက်ခွဲစော်ကားလိုခြင်းကို နည်းအမျိုးမျိုးဖြင့် ဖော်ပြကြပေသည်။

ဥပမာတစ်ခုအနေဖြင့်၊ အလ္လာဟ်အရှင်မြတ်က ကုရ်အာန်ကျမ်းတော်မြတ်တွင်၊ နဗီတ မန်တော်မူစာ(အလိုင်ဟေ့ဆလာမ်)၏လက်ထက် အီဂျစ်ပြည်ကိုအုပ်ချုပ်သော ဖါရိုးဘုရင်အ ကြောင်း မိန့်ဆိုဖော်ပြထားပေသည်။ ဖါရိုးဘုရင်သည် သူ၏မောက်မာမှုကြောင့် အလ္လာဟ်အရှင် မြတ်နှင့် နဗီတမန်တော်မူစာ(အလိုင်––)ကို မယုံမကြည်ငြင်းပယ်၍ သူ၏ပြည်သူတို့ကို ဖိနှိပ် ချုပ်ချယ်ညှင်းပန်း၏။ ဖါရိုးဘုရင်၏ မောက်မာမှုကို ဥပမာတစ်ခုအဖြစ်ဖြင့် "အလွန်မြင့်မား သောမျှော်စင်"တည်ဆောက်ရန် အမိန့်ပေးကြောင်း ဖော်ပြထားတော်မူ၏။ ကုရ်အာန်ကျမ်း တော်မြတ် (၂၈း၃၈) တွင် ဖါရိုးဘုရင်က သူ၏အရင်းနှီးဆုံးပုဂ္ဂိုလ် အပါးတော်မြဲဟာမန်ကိုပေး သည့် အမိန့်အကြောင်း ဖော်ပြထားပေသည်။

**ထို့ပြင် ဖစ်ရ်အောင်န်က ပြောဆိုလေ၏။ အို–မှူးမတ်တို့၊ ကျွန်ုပ်သည် မိမိအပြင် အသင်တို့၌ အခြားကိုးကွယ်ရာရှိသည်ဟူ၍မသိပေ။ သို့ဖြစ်ပေရာ အို–'ဟာမန်'၊ အသင်သည် ကျွန်ုပ်၏အဖို့ ရွှံ့မြေကို မီးဖြင့်ဖုတ်ပြီးလျှင် ကျွန်ုပ်အဖို့ မြင့်မားသောအဆောက်အအုံတစ်ခုကို ပြုလုပ်လော့။ သို့မှသာလျှင် ကျွန်ုပ်သည် မူစာ၏ကိုးကွယ်ရာအရှင်အား ကြည့်ရှုနိုင်ပေမည်။ သို့ရာတွင်ဧကန်မလွဲ ကျွန်ုပ်သည် ထိုမူစာအား မုသာဝါဒီဖြစ်သည်ဟူ၍ ထင်မှတ်ပေသည်။**

"မြင့်မားသောမျှော်စင်"ကို မက်မောလိုလားခြင်းသည် ဖါရိုး(ဖစ်ရ်အောင်န်)ဘုရင်၏မာန်မာန ကို ဖော်ပြခြင်းဖြစ်၍၊ ကွန်မြူနစ်အာဏာရှင်စနစ်၏ "ကြီးမားသောအဆောက်အအုံ"ကို မက် မောခြင်း၌ တစ်ကျော့ထပ်မံထင်ဟပ်နေပေသည်။ ဆိုဗီယက်ပြည်ထောင်စုမှစတင်၍၊ ကွန်မြူနစ် နိုင်ငံအားလုံးတို့တွင် အစိုးရ၏အင်အားနှင့် တောင့်တင်းမှုကို ပြသသည့် သင်္ကေတတစ်ခုအနေ ဖြင့် လိုအပ်သည်ထက် အမြောက်အမြားပိုမိုကြီးမားသောအဆောက်အအုံတို့ကို ဆောက်လုပ်ကြ ပေသည်။ ရိုမေနီးယားအာဏာရှင် နိကိုလေ ချူဆက်စ်ကူ၏ ဘူချာရက်မြို့တော်တွင် ဆောက် လုပ်ထားသောနန်းတော်သည် ကမ္ဘာပေါ်တွင် အကြီးဆုံးအဆောက်အအုံအဖြစ် နှစ်ပေါင်းများစွာ ကျော်ကြားခဲ့သည်။ ထိုနန်းတော်ကြီးမှာ အေးတိအေးစက်နိုင်လှသော အဆောက်အအုံကြီးသာ ဖြစ်၏။ သို့သော်လည်း ကွန်မြူနစ်အတွေးအခေါ်၏ "ဘဝင်မြင့်ခြင်းအစွဲ"ကို ဖော်ပြခြင်းအဖြစ် ကြီးမားခြင်းကိုသာ အဓိကထားခြင်းဖြစ်ပေသည်။



ကွန်မြူနစ်ဝါဒ၏ ကြီးမားသောအဆောက်အအုံများကို မက်မောသည့်ဥပမာတစ်ခုဖြစ်သည်။
မော်စကိုမြို့တော်ကြီးရှိ ဝန်ကြီးများကောင်စီရုံးအဆောက်အအုံဖြစ်သည်။

## အတင်းအကျပ် ပြောင်းရွှေ့စေခြင်း

## Forced Migration

ကုရ်အာန်ကျမ်းတော်မြတ်တွင်၊ အလ္လာဟ်အရှင်မြတ်က၊ လူတို့အား သူတို့၏မွေးရပ်မြေမှမောင်းထုတ်ခြင်းအပါအဝင်၊ သူတို့၏အိမ်ယာများကိုဖျက်ဆီးခြင်းအပြစ်ကျူးလွန်သူတို့၏အကြောင်းကိုလည်း ဖော်ပြထားပေသည်။ ဥပမာ၊ အလ္လာဟ်အရှင်မြတ်ကို ငြင်းပယ်သူတို့က သူတို့ထံသို့ ပို့ဆောင်ပေးသောနဗီတမန်တော်များအား၊ **"ကျွနုပ်တို့၏ မြို့ရွာ နယ်မြေအတွင်းမှ မုချနှင်ထုတ်ကြပေမည်။ သို့တည်းမဟုတ် အသင်တို့သည် ကျွနုပ်တို့၏သာသနာထဲသို့ မုချပြန်ဝင်ကြရလိမ့်မည်။--"** (ကုရ်အာန် ၁၄း၁၃)ဟုခြိမ်းခြောက်ကြ၏။ ကုရ်အာန်ကျမ်းတော်မြတ် အာယသ်တော် ၂၂း၄၀ တွင် **"အကြင်သူသည် ကျွနုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ကား အလ္လာဟ်အရှင်မြတ်ပင် ဖြစ်တော်မူသည်ဟု ပြောဆိုကြခြင်းမှတစ်ပါး (မည်သည့်အကြောင်းမျှမရှိဘဲ) မတရားသဖြင့် မိမိတို့နေအိမ်များမှ နှင်ထုတ်ခြင်းကို ခံခဲ့ကြရရှာလေသည်။"**ဟု ဖော်ပြထားသည့်အတိုင်း၊ ကွန်မြူနစ်တို့သည် အထူးသဖြင့် မွတ်စလင်မ်တို့ကို ရွေးချယ်၍ မောင်းထုတ်ကြသည်။

ကွန်မြူနစ်အစိုးရတို့သည် ကမ္ဘာပေါ်တွင် မိမိတို့၏ပြည်သူများကို အတင်းအကျပ်မောင်းထုတ်ပြောင်းရွှေ့ခိုင်းရာ၌ အများဆုံးပြုကျင့်သူများဖြစ်ကြသည်။ ၎င်းပြည်သူများတွင် မွတ်စလင်မ်တို့ကို အခြားသူများထက်ပို၍ ဦးတည်ကြပေသည်။ စတာလင်၏ခေတ်တွင်၊ ပထမ ခရီမီယန်တူရကီလူမျိုးများကို သူတို့၏နယ်မြေမှ အတင်းမောင်းထုတ်၍၊ နောက်ပိုင်းတွင် အခြားမွတ်စလင်မ်တို့ကိုလည်း နေ့ချင်းညချင်း မောင်းထုတ်သည်။ အများအားဖြင့်ကို အစာရေ

စာမရှိ၊ ဒုက္ခမျိုးစုံပြည့်နက်နေသည့် ဗလာကျင်းကျင်းဖြစ်သည့် ဝေးလံသောရုရှားနယ်ခြားဒေသသို့ ပို့လိုက်ကြသည်။ အပြစ်မရှိသောမွတ်စလင်မ်ကလေးလူကြီး မိန်းမမကျန် သိန်းပေါင်းများစွာတို့သည် ခရီးလမ်းတွင် သေကြေကြကုန်၏။ အသက်ရှင်ကျန်သူတို့သည်လည်း နောက်ဆုံးရောက်သည့်နယ်မြေတွင်၊ ငတ်မွတ်ခြင်း၊ ရောဂါမျိုးစုံခံစားရခြင်းနှင့် အလွန်အမင်းဧမြဲသော ရာသီဥတုဒဏ်ကြောင့် အသက်ဆုံးရှုံးကုန်ကြလေသည်။

## ယုံကြည်မှုဆိုင်ရာလွတ်လပ်မှုကို ဖျက်ဆီးခြင်း

## The Destruction of Freedom of Belief

ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖော်ပြထားသည့်အတိုင်း၊ ဖါရိုးဘုရင်၏အုပ်ချုပ်ရေး၏ အင်္ဂါရပ်တစ်ခုမှာ ယုံကြည်မှုဆိုင်ရာလွတ်လပ်မှုကို တရားမဝင်ဟု သတ်မှတ်ခြင်းဖြစ်သည်။ ထိုစနစ်သည် လူတို့က မည်သို့သောယုံကြည်မှုကို လက်ခံကျင့်သုံးရမည်ဟု သတ်မှတ်ခြင်း ဖြစ်သည်။ ဖါရိုးက နဗီတမန်တော်မူစာကို ယုံကြည်ကြသည့် သူ၏ပဉ္စလက်မှော်ဆရာများကို မေးသောမေးခွန်းများက ဤအချက်ကိုထင်ရှားစေပေသည်။ ကုရ်အာန်ကျမ်းတော်မြတ် ၇း၁၂၃ တွင် **"--ငါသည် အသင်တို့အားခွင့်မပြုမီပင် အသင်တို့သည် ထို(မူစာ)အား သက်ဝင်ယုံကြည်ခဲ့ကြချေပြီလော။--"**ဟု ဖော်ပြထား၏။ ဖါရိုးဘုရင်က သူ၏ပြည်သူများကို သူတို့လိုအပ်သည့် ယုံကြည်မှုတရားကို သင်ပေးထားပြီးဖြစ်သဖြင့်၊ သူသင်ပေးသည့်အရာများကလွဲ၍ အခြားဘာကိုမျှ ထပ်မံရှာဖွေစူးစမ်းနေရန်မလိုကြောင်းကို အမိန့်ပေးခဲ့၏။ ၎င်းနှင့်ပတ်သက်၍လည်း ကုရ်အာန်ကျမ်းတော်မြတ် အာယတ်တော် ၄၀း၂၉ တွင်၊ **"ဖစ်ရ်အောင်န်က၊ ငါသည် မိမိထင်မြင်ယူဆချက်ကိုသာ အသင်တို့အား အကြံပေးခြင်းဖြစ်သည်။ ထိုမှတစ်ပါး ငါသည် အသင်တို့အား သင့်လျော်မှန်ကန်သော နည်းလမ်းမှတစ်ပါး တခြားမည်သည်ကိုမှ ညွှန်ပြသည်မဟုတ်ဟုပြောဆိုခဲ့ပေသည်"**ဟု ဖော်ပြထားပေသည်။

ဖါရိုးဘုရင်၏ ခေတ်သစ်ကိုယ်စားလှယ်များသည်၊ ဆိုဗီယက်ပြည်ထောင်စုနှင့် ၂၀-ရာစုနှစ်အတွင်း တစ်ပါတီစနစ်ကို တည်ထောင်ရန်ကြိုးပမ်းခဲ့ကြသော ကွန်မြူနစ်အစိုးရအားလုံးတို့ဖြစ်ကြပေသည်။ တစ်ပါတီစနစ်အစိုးရလက်အောက်ရှိ နိုင်ငံတိုင်းတွင် လူ့အဖွဲ့အစည်းတစ်ခုလုံးကို နိုင်ငံတော်အစိုးရက ပုံစံချပေးသည်။ ပြည်သူလူထုကို ကာယကံအားဖြင့် အစိုးရက ဖိနှိပ်ချုပ်ချယ်၍၊ မနောကံ(စိတ်ဓါတ်)အားဖြင့် ဝါဒဖြန့်မှုများက လွှမ်းမိုးချုပ်ချယ်ထား၏။ ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖော်ပြထားသော ဖါရိုးဘုရင်၏ အာဏာရှင်စနစ်ကို ၂၀-ရာစုနှစ်များတွင် လီနင်၊ စတာလင်နှင့် မော်စီတုံးအစရှိသည့် အာဏာရှင်တို့က အမွေဆက်ခံကြသည်။ အလ်ဘေးနီးယားနိုင်ငံ အာဏာရှင် အင်ဗာဟုတ်စ်ဟာက သူ၏ပြည်သူများကို ဘာသာအယူဝါဒ ယုံကြည်ကျင့်သုံးမှု၊ ဝတ်ပြုမှု မပြုရန် တားမြစ်ထားသည်။ ဘာသာရေးအရဝတ်ပြုရာဌာနအားလုံးကို ပိတ်လိုက်ပြီး၊ "ကမ္ဘာပေါ်တွင် ပထမဦးဆုံးသောဘုရားမဲ့နိုင်ငံတော်"ကို တည်ထောင်လိုက်ပြီဖြစ်ကြောင်း ကြေညာ၏။

## ခေါင်းဆောင်များကို ကိုးကွယ်ခြင်း

## The Idolization of Leaders

ကုရ်အာန်ကျမ်းတော်မြတ် (၂၈း၃၈)တွင်၊ အလ္လာဟ်အရှင်မြတ်က ကျွန်ုပ်တို့အား ဖါရိုးဘုရင်သည် မိမိကိုယ်ကို အများပြည်သူတို့ ဘုရားအဖြစ်ကိုးကွယ်ကြအောင်၊ ဘုရားဟုထင်မြင်အောင် ပြောဆိုခဲ့ကြောင်း ဖော်ပြထားတော်မူ၏။ ဖါရိုးပြောသောစကားများတွင် ထင်ရှားလျက်ရှိသည်။ **"ထို့ပြင် ဖစ်ရ်အောင်န်က ပြောဆိုလေ၏။ အို-မှူးမတ်တို့၊ ကျွန်ုပ်သည် မိမိအပြင် အသင်တို့၌ အခြားကိုးကွယ်ရာရှိသည်ဟူ၍မသိပေ။"** အီဂျစ်သမိုင်းတွင်လည်း ဖါရိုးဘုရင်များက မိမိကိုယ်ကို "ဤကမ္ဘာမှ ဘုရားများ"ဖြစ်သည်ဟု ပြောဆိုခဲ့ကြကြောင်း တွေ့ရှိရပေသည်။

ကွန်မြူနစ်အစိုးရတို့သည်လည်း ထိုသို့သော စိတ်ဓါတ်ရှိကြပေသည်။ လီနင်၊ စတာလင်၊ မော်နှင့် မြောက်ကိုးရီးယားမှ ကင်မ်အင်ဆွန်တို့သည်လည်း သူတို့၏ပြည်သူများက

သူတို့ကို ဘုရားအဖြစ်မြင်စေရန် ဦးနှောက်ဆေးကြသည်။ ဤ"ပုဂ္ဂိုလ်စွဲ ကိုးကွယ်ဆည်းကပ်မှု" သည် "ခေါင်းဆောင်များကို ကိုးကွယ်ခြင်း"ပေါ်လစီကို ဖော်ပြခြင်းတစ်မျိုး ဖြစ်ပေသည်။

ရုပ်ဆင်းတုကိုးကွယ်ခြင်းသို့ယိမ်းယိုင်ခြင်းကို ရုရှားနိုင်ငံ ကွန်မြူနစ်တော်လှန်ရေး ခေါင်းဆောင် လီနင်၏ခေတ်တွင် စတင်ခဲ့သည်။ လီနင်ချန်ထားခဲ့သော စာပေများတွင် "ဘာသာအယူဝါဒရောင်ဝါလက္ခဏာ"များ ပါရှိနေသည်ကို သတိထားနိုင်ပေသည်။ သို့သော်လည်း ထိုဘာသာအယူဝါဒမှာ ရုပ်ဆင်းထုကိုးကွယ်သော အယူဝါဒမျိုးဖြစ်သည်။ လီနင်က ကွန်မြူနစ်ပါတီကို ဘာသာအယူဝါဒမဟုတ်သော ဂိုဏ်းအဖြစ်စည်းရုံးခဲ့၏။ သူသေဆုံးချိန်တွင်၊ ပါတီဝင်တို့က အင်မတန်ကြီးကျယ်သည့် အခန်းအနားကျင်းပပြီး ခရစ်ယာန်ဘုရားဝတ်ပြုရာ၌ ရွတ်ဖတ်သည့်စာသားမျိုးလေသံမျိုးဖြင့် လီနင်၏အလောင်းတွင် "ရဲဘော်လီနင်၊ အသင်၏အမိန့်များကို ကျွန်ုပ်တို့ဆောင်ရွက်ပါမည်။"[၁၁၂]ဟု ဝိုင်းဆိုကြသည်။ လီနင်၏အလောင်းကို ရှေးအီဂျစ်ပြည် ဖါရိုးဘုရင်များ၏အလောင်းများကိုကဲ့သို့ ရုပ်လုံးသွင်း၍ အင်မတန်ကြီးကျယ်သော အဆောက်အအုံသင်္ချိုင်းဂူတွင် သိမ်းဆည်းထားကြသည်။


စတာလင်နှင့်မော်တို့က လီနင်၏ပုံစံအတိုင်းလိုက်လုပ်ကြသည်။ သူတို့၏တိုင်းပြည်ရှိ ပြည်သူလူထု၏ "ခေါင်းဆောင်ကြီး–ဘုရား"အဖြစ် သရုပ်ပေါ်လွင်အောင် မြို့ကြီးတိုင်းလိုလိုမှာ ကြီးမားသည့် သူတို့၏ကျောက်ရုပ်ကို ဆောက်လုပ်ပြသထားကြသည်။ မော်က *စာအုပ်နီကလေး* တစ်အုပ်ရေးပြီး၊ တရုတ်ပြည်သူတိုင်းက ဤ"ကျမ်းမြတ်"ကိုဖတ်ရန်တာဝန်ရှိ၍၊ ၎င်းတွင်ပါသော ပညတ်ချက်များကို သူ၏နေ့စဉ်ဘဝတွင် လိုက်နာကျင့်သုံးရ၏။ တရုတ်လူမျိုး အမြောက်အမြားတို့သည် ယနေ့အထိ တိုင်းပြည်၏ နေရာတကာတိုင်းတွင် ဆောက်လုပ်ထားသော "ကြီးကျယ်သောဘဝပဲ့ကိုင်ကြီး" သို့မဟုတ် "ကြီးကျယ်သော ခေါင်းဆောင်ကြီး"၏ ကျောက်ရုပ်သို့ မော်၏မွေးနေ့တိုင်းတွင် သွားရောက်ဆုတောင်းဂါရဝပြုကြ၏။ အမြောက်အမြားသောသူတို့လည်း အစုလိုက် မိမိကိုယ်ကို သတ်သေကြ၏။

မြောက်ကိုးရီးယားတွင်၊ ကင်မ်အင်ဆွန်ကိုလည်း အာဏာရလာချိန်မှစ၍ သူ့အားပုဂ္ဂိုလ်စွဲကိုးကွယ်မှု ပြုကြသည်။ ပြည်သူတို့ကို အမှားမရှိဘဲ မှန်ကန်သည့်လမ်းစဉ်အတိုင်း ရှေ့ဆောင်သွားနိုင်သည့် "ပြည်သူတို့၏ နေမင်းကြီး"ဟု ခေါ်ကြ၏။ မြောက်ဗီယက်နမ်ကွန်မြူနစ်အာဏာရှင် ဟိုချီမင်းသည်လည်း ထိုနည်းအတိုင်းပင် ဖြစ်ပေသည်။



ကွန်မြူနစ်ဝါဒဖြန့်ပိုစတာများသည်၊ မော်ကို တရုတ်ပြည်သူများအပေါ် ထွန်းလင်းပေးနေသည့် နေမင်းကြီးပမာ၊ လူတိုင်းကို သာယာပျော်ရွှင်သည့်ဘဝသို့ လမ်းပြခေါ်ဆောင်သွားနိုင်သည့် "မြင့်မြတ်သောပုဂ္ဂိုလ်" အဖြစ် သရုပ်ဆောင်ထား၍ ပုဂ္ဂိုလ်စွဲကိုးကွယ်မှု ပြုကြ၏။







မြောက်ကိုးရီးယားအာဏာရှင် ကင်မ်အင်ဆွန်၏ ကျောက်ရုပ်ရှေ့တွင် အများလူထုက ဦးချရှိခိုးကြခြင်းသည်၊
ကွန်မြူနစ်ဝါဒသည် လက်ရှိခေတ်သစ်ရုပ်ထုကိုးကွယ်ခြင်းဖြစ်ကြောင်းကို ဖော်ပြလျက် ရှိ၏။



ကွန်မြူနစ်ဝါဒ – မျက်မှောက်ခေတ်မှ ပုဂ္ဂိုလ်စွဲကိုးကွယ်ခြင်းအယူဝါဒဖြစ်၏။

လူတို့က လီနင်နှင့်မော်တို့၏ အလောင်းရုပ်ကလပ်ကို တန်းစီကြည့်ရှုကြခြင်းသည်၊ ကွန်မြူနစ်ဝါဒက ခေါင်းဆောင်များကို ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖော်ပြထားသော ရှေးအီဂျစ်ပြည် ဖါရိုးဘုရင်တို့ကိုကဲ့သို့ ပုဂ္ဂိုလ်စွဲရုပ်ထုကိုးကွယ်မှုဖြစ်အောင် လုပ်ဆောင်နေကြောင်း ဖော်ပြလျက်ရှိ၏။ ဖါရိုးဘုရင်ကဲ့သို့ ရိုင်းစိုင်းရက်စက်မှုကို နှစ်သက်စွာပြုကျင့်ခဲ့ကြသည့် လီနင်နှင့်စတာလင်တို့ကို ဖါရိုးဘုရင်များကိုကဲ့သို့မမ်မီရုပ်လုံးသွင်းထားကြသည်။ လီနင်၏ဦးနှောက်ကို “မည်မျှကြီးကျယ် မြင့်မြတ်သောဉာဏ်အစွမ်း”ရှိ သည်ကို စမ်းသပ်စစ်ဆေးရန်အတွက် အထူးကာကွယ်ပြုစုသိမ်းဆည်းထားကြ၏။



ကွန်မြူနစ်ဝါဒသည်၊ ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖော်ပြထားသော ဖါရိုးဘုရင်အုပ်ချုပ်ရေးကဲ့သို့ လူနည်းစုကအာဏာချုပ်ကိုင်ထားသောစနစ် ဖြစ်သည်။ ကွန်မြူနစ်ပါတီခေါင်းဆောင်တို့သည်လူထုအား အပေါ်စီးမှကြည့်၍၊ သူတို့လိုချင်သလို ဦးဆောင်ကြသည်။

## လူနည်းစုအသိုင်းအဝိုင်းအာဏာတည်ဆောက်ပုံ

**Oligarchic Structure**

လူနည်းစုအသိုင်းအဝိုင်းအာဏာရှင်တည်ဆောက်မှုသည် "လူနည်းစုအုပ်ချုပ်ရေး" ဖြစ်၍၊ နိုင်ငံရေးအာဏာသည် အကန့်အသတ်ရှိသည့်အနည်းငယ်သောလူတစ်စု၏လက်ထဲတွင်သာ ရှိပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်အရကြည့်ပါက ဘုရားတရားမဲ့စနစ်တို့သည် အခြေခံအားဖြင့် လူနည်းစုအသိုင်းအဝိုင်းအာဏာရှင်စနစ်ဖြစ်သည်။ "တိုင်းပြည်ခေါင်းဆောင်များ" သို့မဟုတ် "ရှေ့ဆောင်ရှေ့ရပ်များ" သည် အုပ်ချုပ်ရေးအာဏာကို သူတို့၏လက်ထဲတွင် ဆုပ်ကိုင်ထား၍၊ သူတို့၏အတွေးအခေါ်အတိုင်း အုပ်ချုပ်ကြပေသည်။ ကုရ်အာန်ကျမ်းတော်မြတ် အာယတ်တော်များကို ကြည့်ခြင်းဖြင့်၊ ဖါရိုးဘုရင်၏အုပ်ချုပ်ရေးအဖွဲ့တွင် အကြံပေးအရာရှိများ၊ ပဥ္စလက်မှော်ဆရာများနှင့် စစ်သားများသာပါဝင်သော လူနည်းစုအသိုင်းအဝိုင်းအာဏာရှင်စနစ်ဖြစ်သည်ကို တွေ့ရသည်။ ပြည်သူတို့ကို ဖါရိုး၏အုပ်ချုပ်ရေးယန္တရားတွင်သာ လှောင်ထားနိုင်ရန် ပဥ္စလက်မှော်ဆရာတို့က ပြည်သူတို့၏ တွေးခေါ်မှုများကို ထိမ်းကျောင်းထားသည်။ စစ်သားများက အတင်းအဓမ္မရက်စက်ကြမ်းကြုတ်စွာကြီးကြပ်ထိန်းချုပ်ထားကြသည်။

ကွန်မြူနစ်အစိုးရတို့သည်၊ ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖေါ်ပြထားသော ဘုရားမဲ့လူနည်းစုအာဏာရှင်စနစ်၏ ခေတ်သစ်အဆင့်တူအရည်အသွေးတူအုပ်ချုပ်မှု ဖြစ်ကြသည်။ ကွန်မြူနစ်တို့က "ပြည်သူ့အာဏာ" ကို ပေးအပ်မည်ဟု အစပြုကြသော်လည်း၊ **သူတို့အာဏာရလာသောတိုင်းပြည်တိုင်းတွင်၊ အနည်းငယ်သောလူနည်းစုအသိုင်းအဝိုင်းက ချုပ်ကိုင်စိုးမိုးသောအာဏာကိုသာ တည်ဆောက်ကြပေသည်**။ တိုင်းပြည်၏ နိုင်ငံရေးအာဏာအားလုံးကို "ပစ္စည်းမဲ့လူတန်းစားပါတီ" သို့မဟုတ် "အလုပ်သမားပါတီ"စသည့်အမည်များကိုဆောင်သောပါတီသို့ ပေးအပ်လိုက်ကြသော်လည်း၊ ထိုပါတီများသည် အလုပ်သမားများနှင့်သော်လည်းကောင်း၊ ပစ္စည်းမဲ့ဆင်းရဲသားများနှင့်သော်လည်းကောင်း၊ မည်သို့မျှပတ်သက်ခြင်းမရှိချေ။ ကွန်မြူနစ်ပါတီဗဟိုကော်မီတီနှင့် ပေါ်လစ်ဗြူရိုခေါ်ဆုံးဖြတ်ချက်ချသည့်ယန္တရားသည်၊ ၎င်း၏အထွေထွေအတွင်းရေးမှူးက ထိပ်ဆုံးတွင်နေ၍ အာဏာကိုဆုပ်ကိုင်ထားကာ၊ အာဏာကို ကြင်နာတရားကင်းမဲ့စွာ အသုံးပြုပေသည်။ ကွန်မြူနစ်အစိုးရများတွင်၊ "ဒီမိုကရေစီ"ဆိုသည်မှာ၊ ရွေးကောက်ပွဲနှင့် ပါတီကွန်ဂရက်အစရှိသည့် ပြရုပ်သာလျှင် ဖြစ်ပေသည်။

## စိုက်ပျိုးသီးနှံများနှင့် မွေးမြူရေးကို ဖျက်ဆီးခြင်း။The "Destruction of Crops and Breeding Stock"

ကုရ်အာန်ကျမ်းတော်မြတ်တွင် ဘုရားတရားမဲ့သည့်အုပ်ချုပ်ရေးနှင့်ပတ်သက်၍ ဖေါ်ပြရာ၌၊ ကျွန်ုပ်တို့အား အလွန်အရေးကြီးသည့် အချက်တစ်ချက်ကို သတိထားအာရုံစိုက်ကြရန် အလ္လာဟ်အရှင်မြတ်က ပြဆိုထားတော်မူ၏။

ကုရ်အာန်ကျမ်းတော်မြတ် (၂း၂၀၅–၂၀၆)တွင်၊

**ထိုသူသည် ပြန်သွားသောအခါ မြေပြင်ဝယ် ပျက်စီးကြောင်းများကို ပြုမူရန်လည်းကောင်း၊ လယ်ယာကိုင်းကျွန်းများနှင့် (ကျွဲနွား)တိရစ္ဆာန်များကို ဖျက်ဆီးရန်လည်းကောင်း၊ ကြိုးပမ်းအားထုတ်လေသည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် (ယင်းကဲ့သို့)ဖျက်ဆီးခြင်းကို စိုးစဉ်းမျှ နှစ်သက်တော်မမူပေ။**

**ထိုမှတပါးတုံ မည်သည့်အခါမဆို ထိုသူကို အသင်သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ပါလေဟု ပြောဆိုသည်ရှိသော် ထိုသူ့အား သူ၏ဂုဏ်မာနသည် မကောင်းမှုဒုစရိုက်ဘက်သို့ ဆွဲဆောင်သွားလေသည်။ သို့ဖြစ်ရာ ထိုသူအဘို့ "ဂျဟန္နမ်"ငရဲသည် လုံလောက်၏။ အမှန်သော်ကား (ဂျဟန္နမ်ငရဲသည်) အလွန်ဆိုးရွားလှသောနေရာဌာန ဖြစ်ပေသည်။**

“မြေပြင်ဝယ် ပျက်စီးရာပျက်စီးကြောင်းများကို ပြုမူရန်လည်းကောင်း၊ လယ်ယာကိုင်းကျွန်းများနှင့် (ကျွဲနွား)တိရစ္ဆာန်များကို ဖျက်ဆီးရန်လည်းကောင်း၊ ကြိုးပမ်းအားထုတ်လေသည်။” ဟူသောအပိုဒ်ကို သတိမူရန်လိုအပ်၏။ ဤအာယသ်တော်သည်၊ ဆိုဗီယက်ပြည်ထောင်စု၊ တရုတ်နီနှင့် ကမ္ဘောဒီယားနိုင်ငံများတွင် **ကျင့်သုံးသည့် စုပေါင်း(ဘုံစနစ်)ကို အတိအကျ ဖေါ်ပြထားခြင်းဖြစ်ပေသည်။** လီနင်၊ စတာလင်၊ မော်နှင့် ပွန်ပွတ်တို့က သူတို့၏နိုင်ငံတွင် ရှုပ်ထွေးခြင်းနှင့် ကြောက်ရွံ့ထိတ်လန့်ခြင်းကို ဖန်တီးခဲ့ကြပေသည်။ အီဗိုလူးရှင်းဝါဒီလိုင်ဆင်ကို၏ အဓိပ္ပါယ်မရှိသောစိုက်ပျိုးမွေးမြူရေးကို ကျင့်သုံးစေခြင်းဖြင့်၊ စိုက်ပျိုးရေးသီးနှံအားလုံးကို ဖျက်ဆီးပစ်ကြ၍ မျိုးဆက်တစ်ခေတ်လုံးကိုပင် ပြုန်းကုန်လုနည်းအထိ အသက်ပေါင်းမြောက်မြားစွာကို သတ်ဖြတ်ခဲ့ကြသည်။ ဤအာယသ်တော်တွင်ပင် ထိုသို့ပြစ်မှုကျူးလွန်ကြသူတို့သည်၊ မောက်မာသော ဘာသာတရားကင်းမဲ့သူတို့ဖြစ်ကြကြောင်းကို ဆက်လက်ဖေါ်ပြထားပေသည်။ ဤဖေါ်ပြချက်များသည် မိမိကိုယ်ကို ဘုရားသဖွယ် ထင်မှတ်ယူဆကြသော ကွန်မြူနစ်အာဏာ ရှင်များနှင့် အံကိုက်ဖြစ်နေပေသည်။

ကမ္ဘာကြီးသည် မပြတ်မစဲတိုးတက်ဖွံ့ဖြိုးလျက်ရှိသည်၊ လွန်ခဲ့သည့်ရှေးဟောင်းလူ့အဖွဲ့အစည်းတို့သည် ကျွန်ုပ်တို့၏ခေတ်သစ်ထက်တိုးတက်ဖွံ့ဖြိုးမှုလျော့နည်းသည်ဟု ကွန်မြူနစ်တို့က ယုံကြည်ကြသည်။ ထို့ကြောင့်၊ လွန်ခဲ့သည့် နှစ်ပေါင်းထောင်ချီခဲ့သောအတိတ်ကာလတွင်ပွင့်ခဲ့သည့်နဗီတမန်တော်တို့ ယူဆောင်လာခဲ့သောကျမ်းဂန်များကို အထင်အမြင်သေးကြသည်။ သို့သော်လည်း၊ လွန်ခဲ့သည့်နှစ်ပေါင်း တစ်ထောင့်လေးရာကျော်က ကျရောက်ခဲ့သည့် ကုရ်အာန်ကျမ်းတော်မြတ်တွင်မူကား၊ သူတို့၏အတွေးအခေါ်နှင့် ပင်ကိုစိတ်နေစိတ်ထားတို့သည်၊ စဉ်းစားဆင်ခြင်ဉာဏ်ကင်းမဲ့ခြင်း၊ လိမ်လည်လှည့်ဖြားခြင်းနှင့် စာရိတ္တပျက်ပြားယုတ်မာ ခြင်းဖြစ်သည်ဟု ဖေါ်ပြထားပေသည်။ ကွန်မြူနစ်ခေါင်းဆောင်တို့က သူတို့ကိုယ်ကိုသူတို့ မည်မျှပင်တိုးတက်ဖွံ့ဖြိုးသည့်သမိုင်းအဆင့်သို့ ရောက်နေကြသည်ဟု ပြောကြပေသော်လည်း၊ နဗီတမန်တော်မူစာ၏ခေတ်မှ ဖါရိုးဘုရင်နှင့် အရာရာတွင် တူညီနေကြပေသည်။

အမှန်မှာ သမိုင်းက လူသားတို့၏ ဉာဏ်ထက်မြက်ခြင်းတိုးတက်ဖွံ့ဖြိုးမှု သို့မဟုတ်စိတ်ဓါတ်ပြုပြင်ပြောင်းလဲခြင်းစသည်တို့ကို ပြဆိုခြင်း မရှိချေ။ လွန်ခဲ့သည့် နှစ်ပေါင်းထောင်ပေါင်းများစွာက လူတွေလည်း ယနေ့မျက်မှောက်ခေတ်မှလူများ၏ အင်္ဂါရပ်များအတိုင်းသာ ရှိခဲ့ကြသည်။ ယဉ်ကျေးမှုနှင့် နည်းပညာပိုင်းတွင်၊ တိုးတက်မှုရှိခဲ့သလို နောက်ဆုတ်ခြင်းလည်းရှိပေသည်။ ဥပမာ၊ နဗီတမန်တောစူလိုင်မာန်(ဆောလမွန်)၏ခေတ်မှ နည်းပညာများနှင့် အီဂျစ်လူမျိုးတို့ ပီရမစ်ဆောက်လုပ်ခဲ့သည့်နည်းပညာများကို ယနေ့ခေတ်တွင် မသိရှိနိုင်သေးချေ။ ယနေ့ကျန်ရှိနေသေးသော အနုပညာအပိုင်းအစများက အချို့ယဉ်ကျေးမှုခေတ်များသည် အင်မတန်တိုးတက်သော ယဉ်ကျေးမှုနှင့်နည်းပညာများကို စုဆောင်းအသုံးပြုခဲ့ကြကြောင်း သိရှိရသော်လည်း၊ ထိုတိုးတက်မှုများသည် အစဉ်အမြဲ တစ်သမတ်တည်း မရှိခဲ့ချေ။

ကျွန်ုပ်တို့အထက်က ဆိုခဲ့သည့်အတိုင်း၊ အလ္လာဟ်အရှင်မြတ်သည် လူသားတို့ကို ပုံပန်းသဏ္ဍာန်ရုပ်အမျိုးမျိုးအပြင်၊ စိတ်နေစိတ်ထားစဉ်းစားဆင်ခြင်ခြင်းအမျိုးမျိုးနှင့်အတူ ဖန်ဆင်းထားတော်မူ၏။ ၎င်းတို့တွင် သမိုင်းသည် အလ္လာဟ်အရှင်မြတ် သတ်မှတ်ထားတော်မူသည့် စည်းမျဉ်းစည်းကမ်းအတိုင်း ဖွံ့ဖြိုးလာခဲ့ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ် (၃၃း၆၂)တွင် အလ္လာဟ်အရှင်မြတ်ချမှတ်ထားတော်မူသော သဘာဝနှင့်လူမှုရေးစည်းမျဉ်းစည်းကမ်းများသည် ပြောင်းလဲခြင်းမရှိကြောင်း မိန့်တော်မူထား၏။ **“ဤသည် ရှေးအထက်ကျော်ကာလ၌ လွန်လေခဲ့သောသူတို့နှင့်ပတ်သက်၍ အလ္လာဟ်အရှင်မြတ်၏ ဥပဒေစည်းကမ်းပင်။ စင်စစ် အသင်သည် အလ္လာဟ်အရှင်မြတ်၏ ဥပဒေစည်းကမ်း၌ မည်သည့်ပြောင်းလဲမှုကိုမျှပင် အလျှင်းတွေ့ရှိလိမ့်မည်မဟုတ်ပေတကား။”** ဟု ဖေါ်ပြထား၏။

ကွန်မြူနစ်ဝါဒကဲ့သို့သော ရက်စက်ကြမ်းကြုတ်ရိုင်းစိုင်းသည့် အတွေးအခေါ်ကို လက်ခံရန် ကတိကဝတ်ပြုခြင်းသည်၊ မတွေးနိုင် မတွေးဘူးသော ဒုက္ခပင်လယ်ပြင်သို့ ရောက်စေ၏။

ဒါဝင်၏ မလျော်ကန်သောအတွေးအခေါ်ကိုလက်ခံယုံကြည်၍ ဘုရားမဲ့ဝါဒကိုရွေးယူသူတို့သည်၊ သူတို့၏ဆုံးခန်းတိုင်ခြင်းကို ပြင်ဆင်ခြင်းသာ ဖြစ်ပေသည်။ ဤအချက်နှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ် (၃၀း၄၁)တွင် အောက်ပါအဓိပ္ပါယ်အတိုင်း ဖေါ်ပြထားပေသည်။

**လူတို့၏လက်များက ဆည်းပူးခဲ့ကြသော(မကောင်းမှုဒုစရိုက်တို့)ကြောင့် ကုန်းမြေ၌လည်းကောင်း၊ သမုဒ္ဒရာပင်လယ်၌လည်းကောင်း၊ ပျက်စီးမှု(ဘေးဥပါဒ်များ)သည် ဖြစ်ပေါ်၍နေချေပြီ။ နောက်ဆုံးတွင် ထိုအရှင်မြတ်သည် ၎င်းတို့ကျင့်မူခဲ့ကြသော ပြစ်မှုအချို့၏အရသာကို ၎င်းတို့အား မြည်းစမ်းစေတော်မူမည် ဖြစ်ပေသည်။ သို့မှသာလျှင် ၎င်းတို့သည် (မိမိတို့၏ပြစ်မှုများမှ) ပြန်လှည့်ကြပေမည်။**

၁၉၇၀–ခုနှစ်စာပေပညာရှင်နိုဘဲလ်ဆုရသူ၊ ကွန်မြူနစ်ဝါဒကို နှိုက်နှိုက်ချွတ်ချွတ် အားမနာတန်းဝေဖန်သူ အလက်ဇန္ဒာ အိုင် ဆိုလ်ဇင်နစ်ဆင်က ဤမိုးကျဥပဒေစည်းကမ်း၏ လူမှုရေးဆိုင်ရာ သဘာဝနှင့်ပတ်သက်၍ သူ၏စာပေများတွင် ထည့်သွင်းရေးသားထားပေသည်။ ၁၉၈၃–ခုနှစ် လန်ဒန်မြို့၌ပေးသော မိန့်ခွန်းတွင်၊ သူ၏အမျိုးသားများအပေါ် အဘယ့်ကြောင့် ထိုမျှရက်စက်ကြမ်းကြုတ်မှုများ ကျရောက်ခဲ့သည့်အကြောင်းကို ရှင်းပြခဲ့လေသည်။

> လွန်ခဲ့တဲ့နှစ်ငါးဆယ်လောက်တုံးက၊ ကျနော်ငယ်သေးတဲ့အချိန်မှာ၊ ရုရှားနိုင်ငံမှာ ကြီးကျယ်တဲ့ပျက်စီးယိုယွင်းခြင်းဖြစ်တာနဲ့ပတ်သက်ပြီး လူကြီးသူကြီးတွေက "လူတွေဟာ ဘုရားသခင်ကိုမေ့လိုက်ကြတယ်၊ ဒါ့ကြောင့် ဒီလိုဖြစ်လာတာဘဲ။" လို့ ညီးညူကြတာကို သတိရမိပါတယ်။
>
> အဲဒီအချိန်ကစပြီး၊ နှစ်ပေါင်း ၅၀–နီးပါးလောက် ကျနော်တို့ရဲ့ တော်လှန်ရေးသမိုင်းကို လေ့လာခဲ့ပါတယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး စာအုပ်ပေါင်းရာချီပြီးဖတ်ခဲ့ပါတယ်။ တစ်ဦးချင်းရဲ့ထွက်ဆိုဝန်ခံချက်ပေါင်းတွေကိုလဲ ရာချီပြီးစုဆောင်းထားခဲ့ပါတယ်။ အဲဒီ ကသောင်းကနင်းဖြောင်းဆန်မှုတွေကိုရှင်းထားရာမှာ စာအုပ်ပေါင်း ရှစ်တွဲအထိပြုစုခဲ့ပါပြီ။ လူ့အသက်ပေါင်း သန်းပေါင်း ၆၀–လောက်ကိုဝါးမြိုခဲ့တဲ့ အဖျက်တော်လှန်ရေးကြီးရဲ့အကြောင်းရင်းကို ဒီကနေ့အတိုချုံးနိုင်ဆုံး အတိကျဆုံးပြောမယ်ဆိုရင် "လူတွေဟာ ဘုရားသခင်ကို မေ့လိုက်ကြတယ်၊ ဒါ့ကြောင့် ဒီလိုဖြစ်လာတာဘဲ။" လို့ ကျနော်ထပ်ပြောရမှာပါဘဲခင်ဗျာ။[၁၁၃]

ကွန်မြူနစ်ဝါဒဖြစ်ပေါ်လာခြင်းသည် လူတို့က အလ္လာဟ်အရှင်မြတ်ကို မေ့လျော့ထားသောကြောင့် ဖြစ်၏။ ဘုရားမဲ့လူ့အဖွဲ့အစည်းသည် မည်မျှအထိ သနားကြင်နာခြင်းတရားကင်းမဲ့၍ မည်မျှအထိရက်စက်ကြမ်းကြုတ် ရိုင်းစိုင်းယုတ်မာနိုင်ကြောင်း၊ ဒါဝင်ဝါဒကဲ့သို့သော ရုပ်ဝါဒအတွေးအခေါ်များက မည်သို့သောလူ့အဖွဲ့အစည်းကို မွေးထုတ်ပေးမည် စသည်တို့ကို မျက်ဝါးထင်ထင် ပြသသောသက်သေခံဥဒါဟရုဏ်ပင် ဖြစ်ပေသည်။ ကွန်မြူနစ်ဝါဒက ပေးဆောင်ခဲ့သောဒုက္ခဆင်းရဲခြင်းတို့ကို ကြည့်ခြင်းဖြင့်၊ ဘာသာအယူဝါဒကိုယ်ကျင့်တရားရှိသော လူ့အဖွဲ့အစည်းနှင့် ဘာသာအယူဝါဒကိုယ်ကျင့်တရားမရှိသောလူ့အဖွဲ့အစည်းတို့ အကြီးအကျယ်ခြားနားကြောင်းကို တွေ့မြင်ရပေသည်။ ဤအချက်မှတစ်ဆင့် ဘာသာအယူဝါဒကိုယ်ကျင့်တရားပေါ်တွင်အခြေခံသောဘဝသာလျှင် လူသားကိုကယ်တင်နိုင်ကြောင်း ကျွန်ုပ်တို့သဘောပေါက်နိုင်ပေသည်။

လူတို့က အလ္လာဟ်အရှင်မြတ်ကိုငြင်းပယ်ထားပြီး၊ ဘာသာအယူဝါဒကသင်ကြားပို့ချပေးသော ကိုယ်ကျင့်တရားများမှဝေးကွာသည့်အတွေးအခေါ်များတွင် တဝဲလည်လည်ရှိနေသေးပါက၊ ကွန်မြူနစ်ဝါဒနှင့်အတူ အခြားဖေါက်ပြန်သောအတွေးအခေါ်များက နေရာယူနိုင်ပေလိမ့်မည်။ အထက်ပါကုရ်အာန်အာယသ်တော်တွင် ပြသထားသော "လူတို့၏လက်များက ဆည်းပူးခဲ့ကြသော(မကောင်းမှုဒုစရိုက်တို့)ကြောင့် ကုန်းမြေနှင့်သမုဒ္ဒရာပင်လယ်ပြင်၌ ပျက်စီးမှုဘေးဥပါဒ်များ" မဖြစ်စေလိုပါက၊ လူတို့သည် ၎င်းဖေါက်ပြန်သောအတွေးအခေါ်များကို ဝေးဝေးရှောင်၍ အခြားသူများကိုလည်း ရှောင်ကွင်းအောင် ဆွဲဆောင်ခေါ်ထုတ်ရန် လိုအပ်ပေသည်။ ဤအချက်တွင် အောင်မြင်နိုင်ရန်အတွက်၊ လူတို့သည် ဒါဝင်၏အတွေးအခေါ်က သိပ္ပံပညာတွင်အခြေခံသည်ဟု မှားယွင်းစွာလက်ခံခဲ့ကြသောကြောင့် လူသားလောကကို ဒုက္ခပေါင်းမျိုးစုံသက်

ရောက်စေခဲ့ခြင်းကို သိရှိပြီး၊ ဒါဝင်၏သီအိုရီသည် တရားမဝင်မှားယွင်းကြောင်း သိပ္ပံပညာက သက်သေထူထားသည့်အချက်များကို သိရှိသဘောပေါက်ရန် လိုအပ်ပါသည်။

ဤ ၂၁ ရာစုနှစ်အတွင်း၊ ဉာဏ်ပညာထက်မြက်၍ အသိတရားရှိသူ ထိုးထွင်းဉာဏ်အမြော်အမြင်ရှိသူတို့၏ အရေးကြီးသောတာဝန်မှာ၊ **“ရုပ်ဝါဒနှင့် သဘာဝအခြေပြုဝါဒ”**ကို ဆန့်ကျင်သည့် ပညာဉာဏ်ရည်အစွမ်းတိုက်ပွဲဆင်နွှဲရန် လိုအပ်ပေသည်။


အခန်း ၆

# ကွန်မြူနစ်ဝါဒသည် တိုက်ခိုက်ရန်ချောင်းမြောင်းနေသည်




အမေရိကန်နိုင်ငံမှ ဒါဝင်၏သီအိုရီနှင့်ပတ်သက်၍ပြောလျှင် ကွယ်လွန်သူ စတီဖင်ဂျေဂေါလ်၏အမည်ကို ချက်ချင်းသတိစမြဲဖြစ်၏။ သူသည် ဟားဗတ်တက္ကသိုလ် ဇီဝဗေဒနှင့် ကျောက်ဖြစ်ရုပ်ကြွင်းပညာ (နိခါတကဗေဒ)ပါမောက္ခအဖြစ် နှစ်ပေါင်းများစွာ အမှုထမ်းဆောင်ခဲ့ရာ၊ အီဗိုလူးရှင်းသီအိုရီကိုထောက်ခံသော စာအုပ်အမြောက်အမြားရေးသားခဲ့၍၊ ဤခေါင်းစဉ်နှင့်ပတ်သက်၍ သတင်းလောကသားအများနှင့်လည်း အခါအခေါက်ပေါင်းများစွာ ပြောဆိုဖြေကြားခဲ့ဘူးလေသည်။ အီဗိုလူးရှင်းနှင့်ပတ်သက်၍ အခြေအတင်ပြောဆိုတိုင်း သို့မဟုတ်အငြင်းပွားတိုင်း ကမ္ဘာကျော် *တိုင်းမ်*မဂ္ဂဇင်းနှင့် *နယူးစ်ဝိ*က်မဂ္ဂဇင်းတို့က ဂေါလ်ကို အစဉ်အမြဲကိုးကားလေ့ရှိကြ၏။ သူ၏စာအုပ်များသည်လည်း စာအုပ်ဆိုင်များမှ စာအုပ်စင်များနှင့် သဘာဝသမိုင်းပြတိုက်များတွင် အစဉ်အမြဲထင်ထင်ရှားရှား ရှိတတ်ပေသည်။

ဂေါလ်က ဒါဝင်၏ချို့ယွင်းချက်များကို အမြဲကြိုးစား၍လိုက်လံဖုံးဖိပြီး ကျောက်ဖြစ်ရုပ်ကြွင်းမှတ်တမ်းများမှ ငြင်းပယ်သည့်အချက်အလက်များကို ပြင်ဆင်လေ့ရှိ၏။ အမှန်မှာ၊ ထိုသို့လိုက်လုပ်ရာ၌ မအောင်မြင်ခဲ့ရာပေ။ ထို့ကြောင့် အီဗိုလူးရှင်းသီအိုရီကို အစဉ်အမြဲဝေဖန်လေ့ရှိသည့် ဘာကလေမှ ပါမောက္ခ ဖီးလစ်ဂျွန်ဆန်က သူ့ကို "ဒါဝင်အတွေးအခေါ်၏ ဂိုဘာချော့ဗ်" ဟု ခေါ်လေ့ရှိသည်။ ဂေါလ်ကလည်း သူ၏ကြိုးပမ်းချက်များ မအောင်မြင်ကြောင်းကို အခါပေါင်းများစွာ ဝန်ခံခဲ့ပေသည်။[၁၁၄] (အသေးစိတ်ကို *Darwinism Refuted:How the Theory of Evolution Breaks Down in the Light of Modern Science*, by Harun Yahya, Goodword Books, 2002)တွင် ဘတ်ရှုနိုင်ပါသည်။

စတီဖင် ဂျေ ဂေါလ်သည် မားက့်စ်ဝါဒနှင့် ဒါဝင်အတွေးအခေါ်ကို အင်မတန်တွယ်တာခဲ့ရာ၊ လူရှေ့သူရှေ့ပွင့်ပွင့်လင်းလင်းပင် ဝန်ခံထားပေသည်။ သူ့အတွက် မားက့်စ်ဝါဒနှင့် ဒါဝင်ဝါဒတို့သည် ဒင်္ဂါးတစ်ပြား၏ ခေါင်းပန်းနှစ်မျက်နှာနှင့်တူသည်ဟု ဆိုသည်။ ဒါဝင်က "အနုပဋိလောမသဘာဝ"ကို ရှင်းပြ၍၊ မားက့်စ်သည် "အနုပဋိလောမသမိုင်း"ကို ရှင်းပြသည်ဟု ဆို၏။ ဂေါလ်၏ မားက့်စ်ဝါဒတွင် ဤမျှတွယ်တာနေခြင်းသည်၊ သူ၏ အနုပဋိလောမရုပ် ဝါဒတွင် သက်ဝင်ယုံကြည်မှုကြောင့် ဖြစ်သည်။ သူသည် ဒါဝင်ကို အပြင်းအထန်ကာကွယ်ပြောဆိုခဲ့ပေသည်။ အဘယ့်ကြောင့်ဆိုသော် ဒါဝင်သည် သဘာဝကို ရှင်းပြရာ၌ သူ၏ရုပ်ဝါဒအတွေးအခေါ်ကို မှန်ကန်စွာ အသုံးချခြင်းကြောင့် ဖြစ်သည်ဟု ဆို၏။[၁၁၅]

၁၉၉၂–ခုနှစ်တွင် မားက့်စ်ဝါဒီ–ဒါဝင်ဝါဒီအဖြစ် ကျော်ကြားသောဤပုဂ္ဂိုလ်သည် ရုရှားနိုင်ငံသို့ သွားရောက်ခဲ့၏။ သူခရီးမထွက်မီတစ်နှစ်အလျင်တွင် အရှေ့ဥရောပနိုင်ငံတို့ ကွဲပြိုကုန်ကြပြီး ဆိုဗီယက်ပြည်ထောင်စုသည်လည်း ပျက်သွား၍ ကွန်မြူနစ်ပါတီလည်း မရှိတော့ပေ။

တကမ္ဘာလုံးက ကွန်မြူနစ်ဝါဒကျဆုံးသွားပြီဟု လက်ခံယုံကြည်ကြသော်လည်း ဂေါလ်က တစ်မျိုးအဓိပ္ပါယ်ဖေါ်ခဲ့သည်။ သတင်းထောက်များအား၊ **"ဟုတ်တယ်၊ ရုပ်ရှန်(ရုရှားလူမျိုး)တို့**



စတီဖင် ဂျေ ဂေါလ်သည် အလွန်ပြင်းပြသော မားက့်စ်ဝါဒီဖြစ်၍ ဒါဝင်ဝါဒကို ယုံကြည်လက်ခံသည့် အမေရိကန်နိုင်ငံမှ ကျော်ကြားထင်ရှားသော သိပ္ပံပညာရှင်တစ်ဦးဖြစ်၏။ ဆိုဗီယက်ဆိုရှယ်လစ်ပြည်ထောင်စု ပျက်စီးကွဲပြသွားသည့်အခါ၊ မားက့်စ်ဝါဒသည် ပို၍သာ အင်အားကြီးထွားလာသည်ဟု ကြေညာ၏။

**က မားက့်စ်ဝါဒ စီးပွားရေးစနစ်ကို နာမည်ပျက်အောင်လုပ်လိုက်တာတော့အမှန်ဘဲ၊ ဒါပေမဲ့ နောက်ထပ်ပိုမိုကြီးကျယ်တဲ့ ပြတ်တောင်းပြတ်တောင်းကြားဖြတ်ပြောင်းလဲမှုအတွက် တရားဝင်တံုးပါဘဲ"**[၁၁၆] ဟု မားက့်စ်မှန်ကန်ကြောင်းကို သက်သေထူလိုက်ခြင်းဖြစ်ကြောင်း ရှင်းပြခဲ့လေသည်။

ဂေါလ်၏အဆိုအရ မားက့်စ်ဝါဒသည် အသက်ရှင်နေပါသေးသည်။

## ကွန်မြူနစ်စနစ်လည်း ရှင်နေသေးသည်

## Communism is Alive as Well


စတီဖင် ဂျေ ဂေါလ်၏ ဒါဝင်ဝါဒတွင် သစ္စာခံ နှစ်မြှုပ်ထားသမျှသည် ထူးခြားလှသောကိစ္စမဟုတ်ပေ။ ၂၀-ရာစုနှစ်မှ အီဗိုလူးရှင်းသီအိုရီကို လက်ခံခဲ့ကြသော ကျော်ကြားထင်ရှားသည့်သိပ္ပံပညာရှင်များအနက်၊ အမြောက်အမြားတို့သည် မားက့်စ်ဝါဒီများ ဖြစ်ကြသည်။ လွန်ခဲ့သည့်ရာစုနှစ်ထက်ဝက်လောက်တုံးက၊ အလက်ဇန္ဒား အိုပါရင်နှင့် ဂျေဘီအက်စ် ဟော်လ် ဒိန်းကဲ့သို့သော အကျော်ဒေးယပုဂ္ဂိုလ်တို့သည်လည်း သစ္စာရှိမားက့်စ်ဝါဒီများဖြစ်ကြ၍ အီဗိုလူးရှင်းသီအိုရီနှင့်ပတ်သက်သည့် စမ်းသပ်ချက်အမြောက်အမြား ပြုခဲ့သူများ ဖြစ်ကြပေသည်။ အနောက်နိုင်ငံသား အီဗိုလူးရှင်းဝါဒီများဖြစ်ကြသည့် ဂျွန် မေနာဒ် စမစ်နှင့် ရစ်ချာဒ် လီဝန်တန်တို့သည်လည်း၊ မားက့်စ်ဝါဒကို အပြင်းအထန်ထောက်ခံကာကွယ်နေကြဆဲသော ပညာရှင်များဖြစ်ကြပေသည်။

ဤပုဂ္ဂိုလ်တွေအရ၊ ဒါဝင်ဝါဒနှင့် မားက့်စ်ဝါဒတို့သည် အဓိပ္ပါယ်တစ်မျိုးတည်း ဖြစ်၏။ သီအိုရီ(ဝါဒ)တစ်ခုချင်းသည်၊ တစ်ခုတည်းသောအတွေးအခေါ်-အနုပဋ္ဌိလောမရုပ်ဝါဒတွင် အခြေခံကြပေသည်။ မားက့်စ်က သမိုင်းတွင် အသုံးချ၍၊ ဒါဝင်က သဘာဝဖြစ်စဉ်တွင် အသုံးချခဲ့သည်။ ဤပုဂ္ဂိုလ်တို့၏အဆိုအရ၊ တကမ္ဘာလုံးအများယူဆနေကြသည့်-ကွန်မြူနစ်ဝါဒနှင့် ဥရောပအရှေ့အုပ်စုသည် ကျဆုံးသွားပြီဟူသောယုံကြည်ချက်သည်၊ မှား၏။ "မားက့်စ်ဝါဒကို မှားယွင်းစွာ အဓိပ္ပါယ်ဖေါ်ထုတ်ခြင်း"သာ ကျဆုံးခြင်းဖြစ်သည်။ အနုပဋ္ဌိလောမရုပ်ဝါဒ ရှိနေသမျှကာလပတ်လုံး မားက့်စ်ဝါဒီတို့၏ နိုင်ငံရေးနားလည်သဘောပေါက်မှုသည်လည်း ဆက်လက် တည်တံ့နေဦးမည်ဖြစ်သည် ဟုဆိုကြသည်။

ဤအတွေးအခေါ်ကို မားက့်စ်ဝါဒတွင် ယုံကြည်နေကြသေးသည့် လူပုဂ္ဂိုလ်အများနှင့် အဖွဲ့အစည်းအမြောက်အမြားတို့သည်လည်း လက်ခံကြသည်။ ဆိုဗီယက်ပြည်ထောင်စုနှင့် အရှေ့ဥရောပအုပ်စုတို့ ရှိနေသေးသည့်အချိန်တွင်၊ ၎င်းတို့နှင့်တစ်ခေတ်တည်းမှ ဤကွန်မြူနစ်တို့က ကွန်မြူနစ်အစိုးရများနှင့် မားက့်စ်အတွေးအခေါ်အကြားတွင် ခွဲခြားထားခဲ့ကြပေသည်။ ထိုခေတ်တွင်ရှိနေသည့်ကွန်မြူနစ်အစိုးရတို့သည် "စစ်မှန်သော"သို့မဟုတ်"ရှင်သန်လျက်ရှိသော" ဆိုရှယ်လစ်ဟု မှည့်ခေါ်ခဲ့ကြသည်။ သို့သော်လည်း ဆိုရှယ်လစ်အတွေးအခေါ်သည် ယင်းအစိုးရတို့တွင် ပြီးပြည့်စုံခြင်း မရှိသေးသဖြင့်၊ ထိုကွန်မြူနစ်အစိုးရတွေ ပြိုပျက်သွားလျှင်လည်း မားက့်စ်အတွေးအခေါ်ဆိုရှယ်လစ်ဝါဒသည် ဆက်လက်၍ တည်ရှိနေဦးမည်ဖြစ်သည်ဟု အခိုင်အမာ ပြောဆိုခဲ့ကြပေသည်။

မားက့်စ်၏အဆိုအရ၊ လူ့အဖွဲ့အစည်းသည်၊ သီးသန့်အီဗိုလူးရှင်း (တစ်စတစ်စ အလိုလို တိုးတက်ပြောင်းလဲခြင်း)ရှိရမည်။ ပထမ အရင်းရှင်ဝါဒမှ ဆိုရှယ်လစ်ဝါဒသို့ပြောင်းလဲသွားပြီး နောက်ဆုံး ကွန်မြူနစ်ဝါဒသို့ ပြောင်းလဲသွားရမည်ဖြစ်သည်။ ဤအဆိုသည် ယနေ့အထိလည်း မှန်ကန်နေသေးသည်ဟု အခိုင်အမာ ပြောနေကြသည်။ ရုရှားနိုင်ငံနှင့်အတူ အခြား ၂၀–ရာစုနှစ်မှ ကွန်မြူနစ်အစိုးရတို့သည်၊ တောင်သူလယ်သမားစိုက်ပျိုးရေးလူ့အဖွဲ့အစည်းမှ ဖြုန်းဒိုင်းဆိုသလို ဆိုရှယ်လစ်ဝါဒသို့ ပြောင်းလဲခဲ့ကြသည်။ ကြားတွင် အရင်းရှင်စနစ်အဆင့် လွတ်နေခဲ့သည်။ ထို့ကြောင့်၊ မားက့်စ်ဝါဒအရ၊ ဤအစိုးရတွေ မအောင်မြင်ခြင်း ဖြစ်၏။ ယနေ့အချိန် တွင် ဤနိုင်ငံများသည်၊ မားက့်စ်ကပြောခဲ့သော"အရင်းရှင်စနစ်အဆင့်"ကို လက်ခံကျင့်သုံးနေကြပြီ။ ဆိုရှယ်လစ်စနစ်တစ်ကျော့ပြန်ရောက်လာသည့်အချိန်တွင်၊ ပိုမိုအင်အားတောင့်တင်းပြီး ပိုမို၍ ကြန့်ကြန့်ခံနိုင်လိမ့်မည် ဟုဖွင့်ဆိုကြသည်။

မားက့်စ်ဝါဒကို ယုံကြည်နေကြသေးသည့်လူအမြောက်အမြားတို့သည်၊ ဤအဓိပ္ပါယ်ဖွင့်ဆိုချက်ကို လက်ခံနေကြသည်။ ထိုသို့လက်ခံယုံကြည်နေကြသူများထဲတွင်၊ စတီဖင် ဂျေဂေါလ်ကဲ့သို့သော ရှေ့တန်းသိပ္ပံပညာရှင်များ၊ ဥရောပကွန်မြူနစ်ပါတီဝင်များ၊ မားက့်စ်ဝါဒီပညာရှင်များ၊ သတင်းစာဆရာများနှင့် ကွန်မြူနစ်အကြမ်းဖက်အဖွဲ့အစည်းများ ပါဝင်ကြပေသည်။




ဒါဝင်ဝါဒ(ဒါဝင်အတွေးအခေါ်)အသက်ရှင်နေသမျှ၊ အနုပဋ္ဋိလောမရုပ်ဝါဒနှင့် ကွန်မြူနစ်ဝါဒသည်လည်း အသက်ရှင်နေဦးမည်။ အမေရိကန်နိုင်ငံမှ မားက့်စ်ဝါဒီ–ဒါဝင်ဝါဒီသိပ္ပံပညာရှင်တို့သည် ဤအချက်ကို သက်သေထူနေပေသည်။ လက်ဝဲဘက်ပုံသည် ပီတာဆင်းဂါး၏ *ဒါဝင်အတွေးအခေါ်တစ်ခု ကျန်နေသေးသည်* ဟူသောစာအုပ်ဖြစ်သည်။

ထို့ကြောင့်၊ ဆိုဗီယက်ပြည်ထောင်စုနှင့် အရှေ့ဥရောပအုပ်စု ပြိုပျက်သွားသဖြင့် ကွန်မြူနစ်ဝါဒသည် သမိုင်းတွင် ကျော်လွန်မြုပ်နှံခဲ့ပြီးပြီ၊ ကမ္ဘာမြေပေါ်တွင် အန္တရာယ်မပေးနိုင်တော့ပြီဟု ထင်မှတ်ခြင်းသည် မှား၏။ **ကွန်မြူနစ်ဝါဒသည် အနုပဋ္ဋိလောမရုပ်ဝါဒ၏ နိုင်ငံရေးပုံစံဖေါ်ထုတ်ခြင်းဖြစ်၍၊ ယင်းသီအိုရီ ကျန်နေသမျှကာလပတ်လုံး ကွန်မြူနစ်ဝါဒသည်လည်း ကျန်နေဦးမည်ဖြစ်သည်။** အတွေးအခေါ်တစ်ခုသည် လူ့အဖွဲ့အစည်းတစ်ခုတွင် အားကောင်းပါက သင့်တော်သောပတ်ဝန်းကျင်အခြေအနေရှိသည်နှင့်တပြိုင်တည်း၊ ထိုအတွေးအခေါ်သည် နိုင်ငံရေးဩဇာအဖြစ် လွှမ်းမိုးသွားလိမ့်မည်။ အနုပဋ္ဋိ

လောမရှုပ်ဝါဒ အားကောင်းလာပြီး ကျယ်ပြန့်သွားသည်နှင့်တပြိုင်တည်း ၎င်း၏နိုင်ငံရေးအသွင်ဖြစ်သော ကွန်မြူနစ်ဝါဒသည်လည်း ဩဇာလွှမ်းမိုးနိုင်သော အင်အားဖြစ်သွားနိုင်ပေသည်။

ယနေ့ကမ္ဘာမြေပေါ်တွင် ဒီမိုကရေစီနှင့် လွတ်လပ်သောစီးပွားရေးစနစ်တို့ကို ယေဘုယျအားဖြင့် အလွန်တရာယုံကြည်စိတ်ချကြပေသည်။ သို့သော်လည်း၊ အပြည်ပြည်ဆိုင်ရာလွတ်လပ်သောစီးပွားရေးစနစ်တွင် ပြဿနာဖြစ်ပေါ်လာပါက လူတို့၏စိတ်ဓါတ်ပြောင်းလဲသွားနိုင်သည့် အလားအလာရှိပေသည်။ ယခင်ကလည်း ဤသို့ဖြစ်ခဲ့ဘူးလေပြီ။ ၁၉၂၉–ခုနှစ် တကမ္ဘာလုံး စီးပွားရေးကပ်ဆိုက်ခဲ့ရာ၊ ဥရောပတိုက်တခွင် ကွန်မြူနစ်ဝါဒနှင့်ဖက်ဆစ်ဝါဒတို့ လျင်မြန်စွာ ပေါ်ပြူလာဖြစ် အများကြိုက်ရေပန်းစားလာခဲ့သည်။ ကွန်မြူနစ်တို့က ထိုစီးပွားရေးကပ်ဆိုက်ခြင်းကို အရင်းရှင်စနစ် "ပြိုပျက်ခြင်း"ဟု အဓိပ္ပါယ်ဖော်ခဲ့ကြပြီး၊ ၎င်းအချက်ဖြင့် လူအများကို ပိုမိုလွယ်ကူစွာ ဩဇာလွှမ်းမိုးစည်းရုံးနိုင်ခဲ့ကြသည်။

ယခုအချိန်တွင်၊ ကွန်မြူနစ်တို့ အင်အားအတော်အတန် ကောင်းနေကြသည်။ အထူးသဖြင့် ဥရောပတိုက်တွင်ဖြစ်သည်။ ပြင်သစ်နိုင်ငံနှင့် အီတလီနိုင်ငံတို့တွင် ရွေးကောက်ပွဲများ၌ အင်အားကောင်းနေကြသည်။ သူတို့ အချိုးအစားအတော်အတန်မြင့်မားသောရွေးကောက်ပွဲမဲကို ရရှိကြသည်။ အရှေ့ဥရောပအုပ်စုနိုင်ငံများတွင်လည်း ကွန်မြူနစ်ဟောင်းတို့ဦးဆောင်သော ကွန်မြူနစ်ပါတီများက လုံလောက်သောရွေးကောက်ပွဲမဲကို ရရှိနေကြသည်။ အပြည်ပြည်ဆိုင်ရာပြဿနာကြီးကြီး–အထူးသဖြင့်စီးပွားရေးကပ်–တစ်ခုခုက ဤဆိုရှယ်လစ်ပါတီတို့ကို အင်အားတောင့်တင်းလာစေနိုင်ပြီး၊ နောက်တစ်ဆင့်တက်၍ ကွန်မြူနစ်အစိုးရတည်ထောင်နိုင်ကြလိမ့်မည်။

## ရုရှားနိုင်ငံ–တစ်လှမ်းတက်၊ နှစ်လှမ်းဆုတ်

### Russia: One Forward, Two Back

ကွန်မြူနစ်ဝါဒနှင့် ဖက်ဆစ်ဝါဒတို့အကြားတွင် အင်မတန်ပါးလွှာသောမျဉ်းကြောင်းသာလျှင် ကန့်ထားပိုင်းခြားထား၏။ ဤဝါဒနှစ်မျိုးစလုံးသည် နိုင်ငံရေးယပ်တောင်တစ်ခု၏ မျက်နှာနှစ်ဖက်ဖြစ်သည်။ အတွေးအခေါ်တစ်မျိုးစီ၏ လူမှုရေးနှင့်ကိုယ်ကျင့်တရားတည်ဆောက်မှုနှင့် ခေါင်းဆောင်မှုပုံစံတို့သည် ဆင်တူကြသည်။ လူမှုရေးသိပ္ပံဘာသာရပ်တွင် နှစ်မျိုးစလုံးကို "တစ်ပါတီအာဏာရှင်စနစ်အတွေးအခေါ်များ"အဆင့်တွင် ထည့်ထားသည်။ တစ်ပါတီအာဏာရှင်စနစ်ပုံစံတွင် အစိုးရက လူ့အဖွဲ့အစည်းကို ဝါဒဖြန့်ခြင်း၊ ခြောက်လှန့်ခြင်းနှင့် ဖိနှိပ်ချုပ်ချယ်ခြင်း စသည်တို့ဖြင့် ထိန်းကျောင်းထား၍၊ ဆန့်ကျင်ဘက်သားများကို ကြင်နာတရားကင်းမဲ့ဆုံးနည်းများဖြင့် သုတ်သင်ရှင်းလင်းပစ်သည်။

၁၉၉၁–ခုနှစ်နောက်ပိုင်းတွင်၊ ရုရှားနိုင်ငံအစိုးရနှင့် နိုင်ငံရေးပုံစံတို့သည် များစွာပြောင်းလဲသွားခြင်း မရှိချေ။ ကွန်မြူနစ်ဝါဒမှ မာဖီယာဂိုဏ်းတို့စိုးမိုးထားခြင်းကိုအခြေခံသော ဖက်ဆစ်ဝါဒတစ်မျိုးသို့ လက်လွှဲပေးလိုက်ခြင်းသာ ဖြစ်သည်။ အခြေခံပြောင်းလဲမှုမှာ စီးပွားရေးနှင့် လူမှုရေးတည်ဆောက်မှုတွင် ရှိသည်။ လူအတော်များများ အချိန်အနည်းငယ်အတွင်း အလွန်အမင်းကြွယ်ဝချမ်းသာကြ၍၊ အများအားဖြင့်၏ လူနေမှုအဆင့်ကျဆင်းသွားသည်။ ကြွယ်ဝချမ်းသာသူတို့နှင့် ဆင်းရဲသားတို့အကြားတွင် ကြီးကျယ်သောကွာဟမှု ဖြစ်ပေါ်လာသဖြင့် ၁၉–ရာစုနှစ်များတွင် အင်္ဂလန်နိုင်ငံကြုံတွေ့ခဲ့သော "ရက်စက်သည့်အရင်းရှင်"တည်ဆောက်မှုနှင့် ကြုံတွေ့နေရသည်။ ပျော့ညံ့သောနိုင်ငံတော်အစိုးရအာဏာနှင့်အတူ လူဆိုးဂိုဏ်းများ ပေါ်ပေါက်လာ၍၊ "ပဒေသရာဇ်"စနစ်ပုံစံမျိုးတည်ဆောက်မှု ဖြစ်ပေါ်လာပေသည်။

ဤဖြစ်ပေါ်လာသောတည်ဆောက်မှုနှစ်မျိုးစလုံး– "ရက်စက်သောအရင်းရှင်စနစ်"နှင့် "ပဒေသရာဇ်စနစ်"–တို့သည်၊ မားက့်စ်ဝါဒအရ တော်လှန်ရေးအတွက် လိုအပ်သောအခြေအနေများဖြစ်နေခြင်းကလည်း စိတ်ဝင်စားဖွယ်ဖြစ်ပေသည်။ **မားက့်စ်ဝါဒအမြင်ဖြင့်ကြည့်ပါက၊ ရုရှားနိုင်ငံ၏ လက်ရှိတည်ဆောက်မှုသည် "ကွန်မြူနစ်အကြို"တည်ဆောက်မှုဖြစ်နေသည်။** မဲဆန္ဒ

အများဆုံးရ၍၊ အစိုးရအုပ်ချုပ်ရေးတွင် ဩဇာသက်ရောက်နေသောကွန်မြူနစ်တို့က နိုင်ငံတကာ(စီးပွားရေး)ကပ်ဆိုက်ခြင်းက ဒီမိုကရေစီနှင့် လွတ်လပ်သောစီးပွားရေးစနစ်ကို ကိုင်လှုပ်ခါချလိုက်သည့်အခြေအနေကို ကွန်မြူနစ်တို့ကလက်တွေ့အသုံးချနိုင်လိမ့်မည်ဟု တွက်ထားကြ၏။ ရုရှားနိုင်ငံသည် ကွန်မြူနစ်အစိုးရလက်ထဲသို့ တဖန် အလွယ်တကူလွှဲပြောင်းသွားနိုင်ပေသည်။

ဤတွင် ကွန်မြူနစ်ဝါဒ၏ တိတ်တခိုးလှည့်ဖြားတတ်သည့် အကြံကို သတိထားနိုင်ပေသည်။ သမိုင်းကာလအတွင်း သူတို့လုပ်ခဲ့သမျှကြောင့်ဖြစ်ပေါ်လာခဲ့သောဟာကွက် (အရင်းရှင်စနစ်မှ ကွန်မြူနစ်စနစ်သို့ကူးပြောင်းခြင်း)ကို ပြန်လည်ဖန်တီးနေကြသည်။ ထို့ကြောင့် သူတို့၏ ပြည်သူတို့ကို မာဖီယာဂိုဏ်းများ၏ လက်ထဲသို့အပ်လိုက်ပြီး၊ လာမည့်လူတန်းစားအရင်းရှင်စနစ်အခြေအနေကို ပြင်ဆင်နေကြသည်။ ပြည်သူတို့ကို သူတို့တည်ဆောက်ဖန်တီးခဲ့သောစနစ်ဖြင့် ထိုးနှက်နင်းခြေလိုက်ပြီးနောက်၊ ကွန်မြူနစ်စနစ်သာလျှင် ရွေးစရာဖြေရှင်းနည်းဖြစ်သည်ဟု ယုံကြည်ကြအောင် ကြိုးစားလုပ်ဆောင်နေကြပေသည်။

နောက်တစ်ချက်မှာ၊ ကွန်မြူနစ်ဝါဒသည် လျှို့ဝှက်စွာ ရှိနေသေးသည်။ ရုရှားအစိုးရအာဏာပိုင်များအားလုံးတို့သည် ယခင်ကွန်မြူနစ်များဖြစ်ကြ၍၊ မားက့်စ်၏ အနုပဋ္ဋိလောမရုပ်ဝါဒသင်တန်းများဖြင့် ပညာဆည်းပူးကြီးပြင်းလာခဲ့ကြသူများဖြစ်ကြသည့်အပြင်၊ ကွန်မြူနစ်နိုင်ငံတော်တည်ဆောက်နိုင်မည့်စိတ်ကူးယဉ်အိမ်မက်ကို လက်မလွှတ်ကြသေးပေ။ ကွန်မြူနစ်ဝါဒသည်၊ အရင်းရှင်စနစ်ခေတ်မှတစ်ဆင့်တက်၍ ဖွံ့ဖြိုးလာခြင်း ဖြစ်ရမည်ဟု ယုံကြည်ကြသည်။ အရင်းရှင်စနစ် ဖြစ်ပေါ်နေစဉ်တွင် စောင့်ကြည့်နေခြင်းသည်လည်း "ကွန်မြူနစ်"ဖြစ်ခြင်း၏ တာဝန်တစ်ရပ်ဖြစ်သည်။ ဤအချိန်သမယတွင်၊ သူတို့က စစ်မှန်သောကွန်မြူနစ်များဖြစ်ကြသောကြောင့် အရင်းရှင်ဝါဒကို ထောက်ခံအသုံးချကြခြင်းဖြစ်သည်ဟု ယုံကြည်ကြပေသည်။



ရုရှားနိုင်ငံ၏ အရင်းရှင်စနစ်ပုံစံသစ်ကိုဆန့်ကျင်သည့် ရုရှားပြည်သူဆန္ဒပြသူတို့က ကွန်မြူနစ်စနစ်သို့ ပြန်လှည့်ရန်ကြွေးကြော်သံများဖြင့် အော်ဟစ်တောင်းဆိုနေကြပုံ။

အနုပဋ္ဌိလောမရုပ်ဝါဒကို လက်ခံယုံကြည်ထားသောသူတို့သည်၊ နောက်ဆုံးတွင် သူတို့၏ပန်းတိုင်သို့ရောက်ရန်၊ ကွန်မြူနစ်အဖြစ် ကိုယ်ယောင်ဖြောက်ခြင်းနှင့် နောက်တစ်ခါ ဖက်ဆစ်ဝါဒီအဖြစ်ပြောင်းလဲထင်ပြခြင်းသည် လွယ်ကူလှပေသည်။ အဘယ့်ကြောင့်ဆိုသော်၊ ဖက်ဆစ်ဝါဒနှင့် ကွန်မြူနစ်ဝါဒတို့၏ ပန်းတိုင်သည်–ပြည်သူတို့ကိုဖိနှိပ်ချုပ်ချယ်ရန်–တစ်ခု တည်းသော ပန်းတိုင်ဖြစ်သောကြောင့်တည်း။ ဤအတွေးအခေါ်နှစ်မျိုး၏ကြားတွင် ပိုင်းခြား ထားသောမျဉ်းကြောင်းသည် အလွန်တရာမထင်မရှား မှေးမှိန်လှပေသည်။ တစ်ခုတည်းသော ခြားနားချက်မှာ၊ ကွန်မြူနစ်ဝါဒသည်၊ မိမိတို့၏ဖိနှိပ်ချုပ်ချယ်ခြင်းနှင့် ရက်စက်ကြမ်းကြုတ် ခြင်းများကို ဖုံးဖိရန် "လူသားဆန်ခြင်း" ကြွေးကြော်သံများဖြင့် တိုးတိုးတိတ်တိတ် လျှို့ဝှက်စွာ ဖိနှိပ်ချုပ်ချယ်ခြင်း ဖြစ်သည်။

ဤလျှို့ဝှက်မှုကန့်လန့်ကာ၏နောက်ကွယ်တွင်၊ ရုရှားနိုင်ငံ၌ ရိုးရာကွန်မြူနစ်တည် ဆောက်မှုအဖြစ် ကွန်မြူနစ်ဝါဒအာဏာတည်မြဲလျက်ရှိနေသေးသည်။ ဆိုဗီယက်ဆိုရှယ်လစ် ပြည်ထောင်စုသမတနိုင်ငံတော်အစိုးရ၏ စစ်တပ်များသည်လည်း တူရကီလူမျိုးတို့၏ပြည်နယ် များကို ထိန်းချုပ်ထားမြဲဖြစ်သည်။ သူတို့၏အရင်းရှင်စနစ်အောက်တွင်ပင်၊ သစ္စာရှိကွန်မြူ နစ်ဝါဒီတို့က ပြည်သူလူထုကို ဆက်လက်၍ဖိနှိပ်ချုပ်ချယ်နေကြသေးသည်။ သူတို့၏ ဘာသာ ရေးဆန့်ကျင်မှုနှင့် ကိုယ်ကျင့်တရားကင်းမဲ့စေသောအဆိုပြုတိုက်တွန်းချက်များဖြင့် လူ့အဖွဲ့အ စည်းကို ကိုယ်ကျင့်တရားတန်ဖိုးနှင့် အလ္လာဟ်အရှင်မြတ်ကိုပစ်ပယ်ငြင်းပယ်ရန်လည်းကြိုးပမ်း နေကြသေးသည်။ သည့်နောက်မှာတော့၊ သူတို့အတွက် ကွန်မြူနစ်ဝါဒကို ပြန်လည်လက်မခံ နိုင်စရာအကြောင်း မရှိတော့ပေ။

စတာလင်နှင့်လီနင်တို့၏ပုံပါသော ပိုစတာများကိုကိုင်ဆောင်၍ ချီတက်ဆန္ဒပြကြ သည့်ရုရှားပြည်သူကွန်မြူနစ်တို့၏ အင်အားကို အထင်သေးခြင်း လျှော့တွက်ခြင်း ပြု၍မရပေ။ လီနင်၏ *တစ်လှမ်းတက် နှစ်လှမ်းဆုတ်* ဟူသောစာအုပ်တွင်၊ နောက်ဆုံးပန်းတိုင်ရောက်ရန်အ တွက်၊ ခဏတဖြုတ်နောက်ဆုတ်ခြင်းရှိရမည်ဟု လီနင်က ရေးသားထားပေသည်။ ဤသည်က ပင် ၁၉၉၁–ခုနှစ်တွင် ဆိုဗီယက်ဆိုရှယ်လစ်ပြည်ထောင်စုသမတနိုင်ငံတော် ပြိုပျက်သွားခြင်းအ ပေါ် ကွန်မြူနစ်တို့၏ သဘောထားဖြစ်သည်။

တစ်လှမ်းတက်၊ နှစ်လှမ်းဆုတ်–––လူပုဂ္ဂိုလ်တိုင်း၏ဘဝတွင် ဤသို့ဖြစ်လေ့ရှိ၏။ နိုင်ငံများ၏သ မိုင်းနှင့် ပါတီ၏ဖွံ့ဖြိုးတိုးတက်မှုတွင်လည်း ထိုနည်းအတိုင်းဖြစ်၏။ ပစ္စည်းမဲ့လူတန်းစားအဖွဲ့နှင့် ပါတီ စည်းမျဉ်းစည်းကမ်း၏ တော်လှန်သောဒီမိုကရေစီအောင်ပွဲခံရမည့်အချက်ကို အနည်းငယ်လျှပ်တစ်ပြက်မျှ သံသယ ရှိခြင်းသည်၊ အကြီးကျယ်ဆုံးသော သတ္တိနည်းသူရဲဘောကြောင်ခြင်းရာဇဝတ်ပြစ်မှု ဖြစ်သည်။[၁၁၇] ဟု လီနင်က ရေးသားထား၏။

# မော် ရှိနေသေးသည်

## Mao Lives!

ဥရောပအရှေ့ပိုင်းနှင့် ရုရှားနိုင်ငံ၌၊ ၁၉၉၀–ခုနှစ်များတွင် ပြိုပျက်သွားသော ကွန်မြူနစ် စနစ် ပြန်လည်အသက်ရှင်လာစရာ အကြောင်းရှိ၏။ သို့သော်လည်း နောက်ထပ်ကွန်မြူနစ်ဝါဒ တစ်မျိုး မပြိုပျက်ခဲ့ပဲ၊ အရင်းရှင်စနစ်ပုံစံဖမ်း၍ နေ့စဉ်အင်အားကြီးထွားလာနေပေသည်။ ဤ ကွန်မြူနစ်ဝါဒအမျိုးအစားသည် အဆိုးဆုံးနှင့်အကြမ်းတမ်းဆုံးဖြစ်သည်။ ၎င်းမှာ မော်ဝါဒ ဖြစ်၏။

၁၉၉၁–ခုနှစ်တွင်၊ ဆိုဗီယက်ရုရှားနိုင်ငံပြိုပျက်သွားစဉ်က လီနင်နှင့် စတာလင်တို့၏ ကျောက်ရုပ်များကို ချိုးဖျက်ဖယ်လိုက်ကြသည်။ ရုရှားနိုင်ငံက ကွန်မြူနစ်ဝါဒကို ပစ်ပယ်လိုက် သည်ဟု ထင်ရသည်။ သို့သော်လည်း တရုတ်ပြည်တွင် ထိုသို့မဖြစ်ခဲ့ပေ။ ၁၉၇၆–ခုနှစ် မော် သေဆုံးပြီးနောက် ယခုထိကွန်မြူနစ်ပါတီ အုပ်စိုးလျက်ရှိသည်။ တရုတ်နိုင်ငံသည် အရင်းရှင် စနစ်စီးပွားရေးစည်းမျဉ်းစည်းကမ်းကို လက်ခံကျင့်သုံးသော်လည်း၊ နိုင်ငံရေးစနစ်မှာ ယနေ့ထိ ကွန်မြူနစ်ဝါဒကို ဆက်လက်ထိန်းသိမ်းထားပေသည်။ တရုတ်ပြည်သူတို့၏အသက်ပေါင်း

သန်းပေါင်းများစွာကို သတ်ဖြတ်ခဲ့သည့် မော်စီတုံးသည်၊ တရုတ်ပြည်အတွက် မြင့်မြတ်သော ပုဂ္ဂိုလ်အဖြစ် ကိုးကွယ်နေကြသေးသည်မှာ အံ့သြဖွယ် ဖြစ်နေပေသည်။

## အနုပဋိလောမရုပ်ဝါဒ၏ တိုက်တခိုက်နည်းပရိယာယ် – တစ်လှမ်းတက် နှစ်လှမ်းဆုတ်

လွန်ခဲ့သည့်နှစ်အနည်းငယ်လောက်က ကွန်မြူနစ်ဝါဒ ပြိုပျက်သွားပြီဟုထင်ပြီး ယနေ့အန္တရာယ်မရှိတော့ဟု ထင်ကြသူတို့သည် မှား၏။ အနုပဋိလောမရုပ်ဝါဒအရ ကွန်မြူနစ်သည် နည်းပရိယာယ်အရ နောက်ဆုတ်ခြင်းသာ ဖြစ်သည်။ လီနင်၏ *တစ်လှမ်းတက်–နှစ်လှမ်းဆုတ်* အမည်ရှိစာအုပ်အရ၊ ကွန်မြူနစ်တို့သည်၊ သူတို့၏ ပန်းတိုင်သို့ရောက်ရန် တစ်ခါတစ်ရံ နောက်ဆုတ်သွားသကဲ့သို့ နောက်သို့ခြေလှမ်းအနည်းငယ်ဆုတ်ရမည်ဟု ရေးသားထား၏။ တရုတ်ကလေးသူငယ်များကို "အနုပဋိလောမလမ်းလျှောက်နည်း"–နောက်သို့ခြေနှစ်လှမ်းဆုတ်၊ ရှေ့သို့သုံးလှမ်းတက်–လမ်းလျှောက်နည်းကို လေ့ကျင့်သင်ကြားပေးကြသည်။

ဤအချက်နှင့်ပတ်သက်၍ ခိုင်မာသောဥပမာတစ်ခုမှာ၊ ကွန်မြူနစ်တို့၏ အိမ်ထောင်စုဆိုင်ရာ အတွေးအခေါ် ဖြစ်၏။ အနုပဋိလောမရုပ်ဝါဒကိုတည်ထောင်ခဲ့သူ ကားလ်မားက့်စ်က၊ ကွန်မြူနစ်လောကသို့ရောက်ရန်၊ အိမ်ထောင်မိသားစုစနစ်ကို ဖျက်သိမ်းပစ်ရမည်။ ကွန်မြူနစ်ကြေညာစာတမ်းတွင်၊ မားက့်စ်နှင့် အင်ဂျဲလ်တို့က၊ "ကွန်မြူနစ်တို့၏ ဤအောက်ခြေမှစ၍ ဒေါသူပုန်ထစရာတင်ပြချက်ပင်ဖြစ်သော်လည်း၊ အိမ်ထောင်စုကိုဖျက်သိမ်းပစ်ရမည်။"[၁] ဟု ရေးသားထားကြ၏။ သူတို့က အဘယ့်ကြောင့် အိမ်ထောင်မိသားစု ကို ဖျက်သိမ်းပစ်ရမည့်အကြောင်း ဤသို့ဆက်လက်၍ရှင်းပြကြသည်။ "ဘူဇွာအိမ်ထောင်စု"သည် အရင်း အနှီးနှင့် ပုဂ္ဂလိကအကျိုးအမြတ်တွင် မှီခိုနေသည်။ ၎င်း(အကျိုးအမြတ်)တို့ကို(ကွန်မြူနစ်တော်လှန်ရေး နောက်ပိုင်းတွင်) ဖျက်သိမ်းပစ်ပြီးနောက်၊ အိမ်ထောင်စုသည်လည်း အလိုလိုပျောက်ကွယ်သွားမည်ဖြစ်သည်။ အိမ်ထောင်စုသည် သူ၏ဖြည့်တင်းဘက်ပျောက်ကွယ်လျှင် အလိုလိုပျောက်သွားမည် ဖြစ်သည်ဟုဆို၏။

*အိမ်ထောင်စု၏အစ၊ ပုဂ္ဂလိကပိုင်ပစ္စည်းနှင့်နိုင်ငံတော်အစိုးရ* ဟူသောစာအုပ်တွင် ဖရက်ဒရစ်အင်ဂျဲလ်က လူ့သမိုင်းပထမပိုင်းတွင် အိမ်ထောင်စုမရှိသော်လည်း ခေါင်းပုံဖြတ်ရန်အတွက် လူလုပ်တီထွင်မှုကြောင့် နောင်မှဖြစ်ပေါ်လာခဲ့သည်ဟု ရေးသားထားသည်။ အင်ဂျဲလ်၏ ဤအတွေးအခေါ်အရ၊ ကွန်မြူနစ်တော်လှန်ရေးပြီးဆုံးချိန်တွင်၊ အိမ်ထောင်စုနှင့်အတူ ပုဂ္ဂလိကပိုင်ပစ္စည်းနှင့် နိုင်ငံတော်အစိုးရပါ ပျောက်သွားလိမ့်မည်။

ဤပန်းတိုင်ရောက်ရန်အတွက် ကွန်မြူနစ်တို့က အနုပဋိလောမရုပ်ဝါဒ၏ သင်ကြားချက်များကို လိုက်နာကြပေသည်။ အိမ်ထောင်စုစနစ်ကို ဖျက်သိမ်းပစ်ရန်၊ အင်အားကောင်းသည့် အစိုးရလိုအပ်၏။ သို့သော်လည်း နိုင်ငံတော်အစိုးရ အင်အားတောင့်တင်းရန်အတွက်၊ အိမ်ထောင်စုက အလျင်ပထမအင်အားတောင့်တင်းရမည်။ ဤတွင် ကွန်မြူနစ်နိုင်ငံတော်သည် အင်အားတောင့်တင်းလာလိမ့်မည်။ ထို့နောက်တစ်ဆင့်မှာ အိမ်ထောင်စုကို ဖျက်သိမ်းပစ်ပေလိမ့်မည်။[၂] ရုရှားနိုင်ငံတွင် ကွန်မြူနစ်တို့က ပြည်သူတို့ကို ကွန်မြူနစ်စနစ်ပျက်သုဉ်းသွားဟန်ပြလိုက်သည့်နောက်၊ အိမ်ထောင်စုအတွင်းဆက်နွယ်မှု အင်အားတောင့်တင်းလာလေသည်။ ဤနည်းပရိယာယ်ကို လီနင်က *တစ်လှမ်းတက် နှစ်လှမ်းဆုတ်* ဟူသော သူ၏စာအုပ်တွင် ဖော်ပြထားပြီးဖြစ်သည်။ ကွန်မြူနစ်ဝါဒသည် ပုတ်သင်ညိုလို အရောင်အဆင်းပြောင်းသွားပြီး သင့်တော်သည့်အခြေခံအတွက် ပြင်ဆင်ရင်း စောင့်ဆိုင်းနေသည်။

ထို့ကြောင့်၊ ကွန်မြူနစ်ဝါဒ၏ အခြေခံအတွေးအခေါ်ဖြစ်သော အနုပဋိလောမရုပ်ဝါဒနှင့်အတူ၊ ၎င်း၏ "သိပ္ပံနည်းကျသည်"ဟူသော ဒါဝင်ဝါဒအတွေးအခေါ်ကို အတွေးအခေါ်ပိုင်းဆိုင်ရာပြင်းထန်သည့်တိုက်ပွဲဆင်နွှဲရန် လိုအပ်နေသည်။ သို့မဟုတ်ပါက၊ ခြုံခိုတိုက်ခိုက်ရန် စောင့်ဆိုင်းနေသောကွန်မြူနစ်ဝါဒသည်၊ ရက်စက်ကြမ်းကြုတ်သည့် သွေးချောင်းစီးသောရှေ့သို့ခြေလှမ်းများ လှမ်းလာလိမ့်ဦးမည်။

1- Karl Marx and Frederick Engels, *Manifesto of the Communist Party*, Moscow: Foreign Languages Publishing House, 1957, pp. 79-80.
2- Dr.Fred C. Schwartz, *You Can Trust the Communists to be Communists*, Prentice Hall, 1960.

၁၉၉၄–ခုနှစ် ဇန္နဝါရီလ ၁၀ရက်နေ့ထုတ် *တိုင်းမ်* မဂ္ဂဇင်းတွင်၊ မော်စီတုံးကို ထောက်ခံသော "မော်–ရှူးရှူး" လှုပ်ရှားမှုဆန္ဒပြပွဲအကြောင်းကို "မော်–ရှင်နေသေးသည်" ဟူသောဆောင်းပါးတစ်ပုဒ်ဖြင့် တင်ပြခဲ့၏။

> သာမန်တရုတ်လူမျိုးများအတွက် မော်သည် မနုဿီဟကျောက်ရုပ်ကဲ့သို့ဖြစ်နေသေးသည်။ မျက်နှာတစ်ရာလောက်ရှိသည့် နတ်ရုပ်ကဲ့သို့ သူ၏စကားလုံးများသည် မိုးကျကျမ်းဂန်ဖြစ်ပြီး ကိစ္စတိုင်းအတွက် ကိုးကားသုံးစွဲကြပေသည်။––တတိုင်းပြည်လုံးတွင် မော်၏ဩဝါဒသွင်းထားသောတိပ်ခွေများ၊ ရင်ထိုးတံဆိပ်များ၊ စာအုပ်များ၊ မော်၏ပုံပါသော စီးကရက်မီးခြစ်များ၊ ယိုယိုကစားစရာများကအစ တွေ့သည့်နေရာတိုင်းတွင် ဝယ်ယူစုဆောင်းကြသည်။ အမှတ်တရပစ္စည်းအားလုံးက အပေါစားတွေမဟုတ်ပေ။ ဒီဇင်ဘာလ ၂၆–ရက်နေ့ မော်၏မွေးနေ့အမှတ်တရထုတ်သော လက်ပတ်နာရီအလုံးပေါင်း ၅၀၀၀ သည် ရွှေနှင့်စိန်ကွပ်ထားချယ်ထား၍ ဈေးကလည်း မျက်ခုံးပင့်လောက်အောင် မင်္ဂလာရှိသည့် ရှစ်ဂဏန်းအဖြစ် ယွန်းငွေ ၈၈၈၈ တပ်ထားသည်။ ထိုဈေးမှာ အမေရိကန်ဒေါ်လာ ၁၅၃၀ လောက်ရှိသဖြင့် တရုတ်အလုပ်သမားတစ်ယောက်၏လစာဖြင့်တွက်ပါက အဆပေါင်း ၃၀ ရှိ၏။––ကြီးမြင့်မြတ်သော ဥက္ကဋ္ဌကြီးမော်၏မွေးဇာတိဖြစ်သော တရုတ်ပြည်တောင်ပိုင်း ဟူနန်ပြည်နယ် ရှောင်ဟန်မြို့တွင်၊ တစ်နေ့တစ်ခြားတိုးပွားလျက်ရှိသော ဘုရားဖူးများဖြင့် ပြည့်နက်နေ၏။ ၁၉၉၂–ခုနှစ်တစ်နှစ်တည်းတွင် ဘုရားဖူးသူပေါင်း တစ်သန်းသွားရောက်ခဲ့ကြသည်။ ထိုမြို့ကလည်း မကြာသေးမီက ၁၀–မီတာမြင့်သော သူ၏ချစ်လှစွာသော သားတော်မောင်၏ကြေးရုပ်ကို ဆောက်လုပ်ထားကြ၏။[၁၁၈]

၁၉၉၇–ခုနှစ်ထုတ် *နယူးရီပတ်ပလိဂ်* ဟူသော အမေရိကန်မဂ္ဂဇင်းတစ်စောင်တွင် "မော်သည် အလျင်ကထက်" ဟူသောဆောင်းပါးတစ်ပုဒ်ပါခဲ့ရာ ထိုဆောင်းပါးတွင် တရုတ်ပြည်၌ မော်ကို "ကိုးကွယ်" နေကြပုံကို ဖေါ်ပြထားပေသည်။

> မော်စီတုံးသည် တရုတ်နိုင်ငံရေးလောကတစ်ခုလုံးကို ဗဟိုပြုစိုးမိုးလျက်ရှိသောပုဂ္ဂိုလ်ဖြစ်နေသေးသည်။ သူ၏ဩဇာအရှိန်အဝါစိုးမိုးမှုရှိနေသေးသည်။ သူ့ကို လူတိုင်းလိုလို ကြည်ညိုနေကြသေးသည်။ ခန့်ညားတည်ငြိမ်လျက်ရှိ၏။ တရုတ်နိုင်ငံ နေရာတကာတွင် ထင်ထင်ရှားရှားတွေ့နေရသည်။ ၁၉၉၄–ခုနှစ်တွင် ၄၀ ရာခိုင်နှုန်းသော တရုတ်လူမျိုးတို့သည်၊ မော်ကို အနှစ်သက်ဆုံးခေါင်းဆောင်အဖြစ် မဲပေးကြသည်။ တိန်ရှောင်ပိန်ကို ၁၀ရာခိုင်နှုန်းခန့်သာ ပေးကြသည်။ "ယနေ့အချိန်တွင်၊ တရုတ်လူငယ်တို့က မော်၏အမှားများကို ဘွေယူခြင်း မရှိလှပေ။" ဟု ယခင်က တရုတ်လူမှုရေးသိပ္ပံအကယ်ဒမီအဖွဲ့ဝင်တစ်ဦးဖြစ်သူ ယန်ဂျာကီက *အေရှာဝိက်* အပါတ်စဉ်မဂ္ဂဇင်းကို ပြောပြ၏။ "သူတို့က သူ့ကို ကြီးကျယ်သောခေါင်းဆောင်ကြီးဟု ယူဆကြသည်။ သူတို့က တိန်ရှောင်ပိန်၏အမှားများကိုသာ သိကြသည်။ ဖူကျင်နှင့် ကွမ်တုံပြည်နယ်များတွင် မြို့ပြင်ကျေးရွာအနားတလျှောက် မော်အတွက် ကြီးမားသောဘုရားကျောင်းများကို ဆောက်လုပ်ထားကြသည်။ ဂွမ်ရှီကွန်ပြည်နယ်မှ ရှန်ဇီ၏မြောက်ဘက်တွင် နောက်ထပ်ဘုရားကျောင်းတစ်ခု ဆောက်နေကြသည်။ ထိုဘုရားကျောင်းများသို့ ကွန်မြူနစ်ပါတီအရာရှိများ မကြာခဏသွားရောက်ဘုရားဖူးကြသည်။ မော်ကနာဖျားမကျန်းဖြစ်ခြင်းကို ပျောက်ကင်းအောင်လုပ်နိုင်ရုံမက၊ သီးနှံထွက်ကောင်းအောင်လည်း လုပ်ပေးနိုင်သည်ဟု ယုံကြည်သည့် တောင်သူလယ်သမားများကလည်း အုပ်လိုက်ချီ၍ မော်ဘုရားကျောင်းသို့ သွားရောက် ဂါရဝပြုဆုတောင်းကြ၏။ ၁၉၉၃–ခုနှစ် မော်စီတုံး၏ နှစ်တစ်ရာပြည့်မွေးနေ့တွင်၊ စီချွန်နယ်ရှိ စက်ရုံတစ်ခုမှ အလုပ်သမားအမြောက်အမြားတို့ မိမိကိုယ်ကို သတ်သေကြသည်။ တမလွန်ဘဝတွင် မော်နှင့်သွားရောက်နေထိုင်နိုင်လိမ့်မည်ဟု ယုံကြည်ကြ၏။ ပီကင်းမြို့နှင့် ရှန်ဟိုင်းမြို့တို့မှ တက်စီအငှါးကားမောင်းသူတို့က နောက်ကြည့်မှန်ဖြင့် မော်၏မျက်နှာကို အမြဲမြင်နေရအောင် မော်၏ပုံကို ချိတ်ဆွဲထားကြသည်။ ပန်းချီဆရာအနုပညာသည်တို့ကလည်း မော်၏ရုပ်ပုံကားချပ်ကြီးများကို ရေးဆွဲရာ၌ လက်စွမ်းပြကြသည်။ တျန်အန်မင်ကွင်းပြင်ကိုလည်း အလွန်ကြီးမားသည့် မော်၏ရုပ်ပုံကားချပ်ကြီးက မိုးလျက်ရှိနေသည်။ အရေးကြီးဆုံးမှာ ပါတီတွင်ဖြစ်စေ၊ တက္ကသိုလ်များတွင်ဖြစ်စေ၊ ခေတ်အစားဆုံးအတွေးအခေါ်မှာ ဒီမိုကရေစီမဟုတ်ဘဲ မော်အတွေးအခေါ်သစ် ဖြစ်၏။ မော်က တစ်ခေါက်ပြန်လှည့်လာခြင်းမဟုတ်။ သူဘယ်တော့မှ တရုတ်ပြည်ကနေ ပျောက်ကွယ်မသွားခဲ့ချေ။ ဂျာမနီနှင့် ရုရှားနိုင်ငံများကဲ့သို့၊ တရုတ်ပြည်က သူတို့၏အတိတ်ကို အတိုက်အခံလုပ်ရန် မကြိုးစားကြပေ။ မော်ကိုရုတ်ချဖျောက်ဖျက်ပစ်ရန် မည်သည့်အခါမှ မလုပ်ခဲ့ကြချေ။ ၁၉၅၀–ခုနှစ်များမှ ရှေ့သို့မဟာခြေလှမ်းစီမံကိန်းတွင် တရုတ်ပြည်သူပေါင်း သန်းပေါင်း ၃၀–၄၅ အထိ အသက်သေကြေဆုံးရှုံးခဲ့သည်အထိ မော်ကဖန်တီးခဲ့သော ငတ်မွတ်ခြင်းဘေးနှင့်ပတ်သက်၍လည်းကောင်း၊ မော်၏ယဉ်ကျေးမှုတော်လှန်ရေးကြောင့်နောက်ထပ်သန်းပေါင်းမြောက်များ

စွာ သတ်ဖြတ်ခံရသည့်အကြောင်းကိုလည်းကောင်း၊ ကျောင်းသူကျောင်းသားကလေးသူငယ်များကို လူသားစားသည့်ဘဝရောက်အောင် နိုင်ငံတော်အစိုးရမှ အသိအမှတ်ပြု ခွင့်ပြုခဲ့သည့် လုပ်ဆောင်ချက်များကိုလည်းကောင်း၊ ဖေါ်ထုတ်ဆန့်ကျင်ရန် ကြိုးကြားကြိုးပမ်းမှုများကို ကွန်မြူနစ်ပါတီက ထိထိရောက်ရောက် ပိတ်ပင်နှိပ်ကွပ်လိုက်သည်။ ဤကိစ္စများနှင့်ပတ်သက်၍ အမှန်တရားကို ဖေါ်




ထုတ်ရန်ကြိုးပမ်းချက်များကို နင်းချေလိုက်ကြသည်။ ဥပမာ၊ ရှန်ဟိုင်းတက္ကသိုလ်ဂျာနယ်အသင်းက ၁၉၉၃–ခုနှစ်တွင် မော်ဖန်တီးခဲ့သောငတ်မွတ်ခြင်းဘေးတွင် လူပေါင်းသန်း ၄၀ သေကြေဆုံးရှုံးခဲ့သည်ဟု အနည်းငယ်ဖေါ်ပြလိုက်သည်ကိုပင်၊ ထိုအပါတ်ထုတ်မဂ္ဂဇင်းကို ချက်ချင်း အားလုံးပြန်လည် ရုတ်သိမ်းလိုက်စေခဲ့သည်။

တရုတ်ပြည်၏နိုင်ငံရေးဆိုင်ရာသတင်းအချက်အလက်များသည်၊ လွန်ခဲ့သည့် နှစ်ငါးဆယ်အလျှင်က နိုင်ငံရေး ဖြစ်သည်။ အမျိုးသားရေးနှင့် ကွန်မြူနစ်ဝါဒကို ရောပြွမ်းထားသည့်အတွေးအခေါ်ဖြစ်၍၊ မော်က တည်ထောင်သည့်ဖခင်ကြီးအဖြစ် တင်ပြထားသောပုံပြင်တွင် အခြေခံတည်ဆောက်ထားသည့် အတွေးအခေါ် ဖြစ်၏။[၁၁၉]

ဤသို့ဆိုလျှင်၊ မော်၏နောက်ပိုင်းမှ အရင်းရှင်ဝါဒကို မည်သို့ခေါ်မည်နည်း။ တရုတ်ပြည်တွင် မော်ဝါဒမှ ခွဲခွါနေခြင်းဖြစ်သလော။ သို့မဟုတ် မော်ဝါဒ၏ စီးပွားရေးအပိုင်းကို အင်အားဖြည့်နေခြင်း ဖြစ်ပါသလား။ ၎င်းဆောင်းပါးကပင် ဆက်လက်ရေးသားထား၏။

ယဉ်ကျေးမှုတော်လှန်ရေးကိုရှုတ်ချ၍၊ မော်၏ဇနီးနှင့် အခြားလေးဦးဂိုဏ်းဝင်တို့ကို သိက္ခာချခဲ့သော်လည်း၊ မော်ကိုယုံကြည်ကိုးကွယ်မှုသည် ဆက်လက်၍ကျန်ရှိနေ၏။ ယခုအချိန်တွင်၊ မော်ကို အမွှန်အမြတ်ထား ကြည်ညိုကိုင်းရှိုင်းမှုသည် အခိုက်အတန့်အားဖြင့် လျော့နည်းသွားသော်လည်း၊ ကွန်မြူနစ်ပါတီ၏ အတွေးအခေါ်ပိုင်းတွင် မော်အတွေးအခေါ်က လွှမ်းမိုးထားဆဲ ဖြစ်သည်။ မော်ဝါဒတွင် တင်းကျပ်သောအခြေခံသဘောတရားဝါဒီ(ဖန်ရှီပိုင်)နှင့် ၁၉၅၀–ခုနှစ်ပိုင်းမှ အချိန်ကာလကောင်းကို လွမ်းဆွတ်သည့် အတိတ်ကိုပြန်လည် သတိရရေးဝါဒီ(ဟွမ်ညွှမ်ပိုင်)ဟူ၍ အုပ်စုနှစ်စု ကွဲလာသည်။ မော်ဝါဒီပါတီက ယုံကြည်မှုကို အသက်ဆက် ထားနိုင်သော်လည်း၊ ယဉ်ကျေးမှုတော်လှန်ရေး၏ ရက်စက်ရိုင်းစိုင်းမှုက အိမ်ထောင်စုများအတွင်းရှိ ခံစားချက်များက လတ်ဆတ်လွန်းနေသေးသဖြင့်၊ အတိအလင်းပွင့်ပွင့်လင်းလင်း မြှောက်ပင့်ခြင်းမပြုရဲကြသေးပေ။ မော်၏အမျိုးသားကွန်မြူနစ်အတွေးအခေါ် တစ်ကြိမ်ထပ်မံပွင့်လန်းလာရန်အတွက်၊ တရုတ်နိုင်ငံ၏ကြီးကျယ်မှုကို လက်လွှတ်လိုက်ရလောက်အောင် အန္တရာယ်ပေးနိုင်သည်ဟု ယူဆနိုင်မည့် ပြင်ပခြိမ်းခြောက်မှုအန္တရာယ်တစ်ခုခု လိုအပ်ပေသည်။ အနောက်နိုင်ငံတို့၏ ပျက်စီးဆုံးရှုံးမှုအတွက်ဖါထေးရန်တရုတ်နိုင်ငံကို

သားကောင်အဖြစ်အသုံးပြု ခြိမ်းခြောက်မည့်အန္တရာယ်မျိုးဖြစ်သည်။ ၁၉၈၉–ခုနှစ် ဇွန်လ ၄ရက်နေ့တွင် ဆန္ဒပြသည့်ကျောင်းသားထုကို တရုတ်စစ်တပ်က သတ်ဖြတ်ရှင်းလင်းပစ်စဉ်က ဤသို့သောအဖြစ်အပျက်တစ်ကြိမ်ဖြစ်ခဲ့ဘူး၏။ တျန်အန်မင်အရေးအခင်း၏နောက်ပိုင်းတွင်၊ တရုတ်ပြည်၏အတွေးအခေါ်ပိုင်းသည် ရှုတ်ထွေးမှုနှင့် ပြိုပျက်လုဆဲအခြေအနေရောက်သွားခဲ့ရာ၊ ပါတီကလူတန်းစားလှုပ်ရှားမှုကို ပြန်လည်အသက်သွင်းရလေသည်။––ဂျန်(ဇေမင်)က၊ တရုတ်နိုင်ငံသည် စီးပွားရေးပြုပြင်ပြောင်းလဲမှုကို ဆက်လက်လုပ်ဆောင်မည်။ သို့သော်လည်း ဒီမိုကရေစီဝါဒ ဖြစ်ပေါ်လာလိမ့်မည်ဟု မည်သူကမျှယုံကြည်ခြင်း ထင်ယောင်ထင်မှားဖြစ်ခြင်း မပြုသင့်ကြောင်း ပြောဆို၏။ ကျန်ဇေမင်၏ထိန်းကွပ်မှုအောက်တွင်၊ ပါတီက ကျေးရွာဒေသများတွင် "အတွေးအခေါ် ပြန်လည်ပြုပြင်ရေး"လုပ်ငန်းကိုမြှင့်တင်၍၊ မော်၏ပညာရေးနည်းလမ်းများအတိုင်း သင်ကြားနည်းများ လုပ်ဆောင်ခဲ့သည်။ မော်အတွေးအခေါ်(မော်ဝါဒ)ကို ပြန်လည်အသက်သွင်းရန်ကြိုးပမ်းရာ၌ ပါတီမှဝါရင့်ပုဂ္ဂိုလ် ဒိုင်လီကွန်အနားတွင်ဝိုင်းနေကြသောလူငယ်ပညာရှင်တို့၏အင်အားများကြောင့် ဖြစ်မြောက်နိုင်ခဲ့၏။ ဤတင်းကျပ်သောအခြေခံမားက့်စ်ဝါဒီတို့က ဝန်ကြီးဌာန၏ *ပြည်သူ့နေ့စဉ်*နှင့် *အမှန်တရားရှာခြင်း* အစရှိသည့် ဝါဒဖြန့်ဂျာနယ်အများအပြားကို ချုပ်ကိုင်ထားကြသည်။––၁၉၉၅–ခုနှစ်နှင့် ၁၉၉၆–ခုနှစ်များတွင်၊ လူတန်းစားတိုက်ပွဲနှင့် မော်ဝါဒသို့ ပြန်လှည့်လာကြရန် ဆော်ဩတောင်းဆိုသော "စကားလုံးတစ်သောင်းစာတမ်း"ကို ထုတ်ပြန်ခဲ့ကြသည်။[၁၂၀]

တရုတ်နိုင်ငံကို မော်ဝါဒစိုးမိုးနေဆဲဖြစ်ကြောင်းမှာ ထင်ရှားလှပေသည်။ မော်၏ခေတ်မှ အိုမင်းနေကြပြီဖြစ်သော ကွန်မြူနစ်ပါတီအုပ်ချုပ်ရေးအရာရှိများမှ လက်လွှဲအမွေခံလိုက်ခြင်းသာ မဟုတ်ပေ။ မားက့်စ်ဝါဒတွင် မျက်စိမှိတ် တွယ်ကပ်နေကြသည့် ငယ်ရွယ်သောခေတ်သစ်မျိုးဆက်က အမွေဆက်ခံခြင်း ဖြစ်သည်။ တောင်သူလယ်သမားများနှင့် ပညာမဲ့သောအများပြည်သူတို့က မော်ကို မြင့်မြတ်သော နတ်ဒေဝါအဖြစ် မြင်ကြသည်။ ပညာရှင်အများစုကလည်း မားက့်စ်ဝါဒ–လီနင်ဝါဒ–မော်ဝါဒအတွေးအခေါ်ကို သတိရှိရှိ ထောက်ခံအားပေးဖြန့်ဖြူးကြသည်။ တရုတ်အရင်းရှင်စနစ်သည် မော်ဝါဒ၏ပုန်းလျှိုးကွယ်လျှိုးဖြင့် အင်အားဖြည့်တင်းနေခြင်းဖြစ်၏။

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် လူဦးရေအများဆုံးသောနိုင်ငံဖြစ်၍၊ ၎င်း၏စီးပွားရေးသည်လည်း တိုးပွားလျက်ရှိသည်။ ၎င်း၏လက်နက်ထုတ်လုပ်ရေးသည်၊ ၂၁–ရာစုနှစ်တွင် အမေရိကန်နိုင်ငံနှင့်ပြိုင်ဆိုင်နိုင်သည့် အင်အားကြီးနိုင်ငံ(စူပါပါဝါ)ဖြစ်လာလိမ့်မည်ဟု အများက ယူဆနေကြသည်။ တစ်နေ့တစ်ခြားအင်အားကြီးထွားနေသော တရုတ်နိုင်ငံသည်လည်း၊ မော်ဝါဒနိုင်ငံဖြစ်သည့်အပြင်၊ လူဦးရေသန်းပေါင်း ၁၂၀၀ အကြားတွင် "မော်စီတုံးရှူးရှူး"နေသူတို့ဖြင့် ပြည့်နက်နေသောနိုင်ငံလည်းဖြစ်၏။ ကွန်မြူနစ်ဝါဒသည် သေပျောက်သွားခြင်းမဟုတ်၊ ပုန်းအောင်းနေခြင်းသာဖြစ်သည်ကို ပြနေပါသည်။ အဆိုးဆုံးမှာ၊ ဤကွန်မြူနစ်ဝါဒသည် မော်စီတုံးအတွေးအခေါ်ကွန်မြူနစ်ဝါဒဖြစ်၏။ ကမ္ဘာပေါ်တွင် ရက်စက်ဆုံး၊ ရိုင်းစိုင်းဆုံး၊ အကြမ်းတမ်းဆုံးကွန်မြူနစ်မူဝါဒဖြစ်၏။

## တကမ္ဘာလုံးရှိ မော်ဝါဒလှုပ်ရှားမှု

### Universal Moist Movement

မော်စီတုံးသည် တရုတ်နိုင်ငံတွင်သာ ရှင်သန်နေသေးသည်မဟုတ်၊ နိုင်ငံတကာတွင်လည်း ရှင်သန်နေသေးသည်။ ဆိုဗီယက်ပြည်ထောင်စုပြိုကွဲသွားပြီးနောက်၊ နိုင်ငံတကာကွန်မြူနစ်ဝါဒ၏ဆွဲအားဗဟိုသည်လည်း မော်ဝါဒသို့ပြောင်းသွားတော့သည်။ မြောက်ဗီယက်နမ်နှင့် မြောက်ကိုးရီးယားနိုင်ငံတို့တွင် မော်အတွေးအခေါ်ကွန်မြူနစ်ဝါဒအတိုင်း အာဏာတည်မြဲနေသေးသည်။ တကမ္ဘာလုံး နေရာတကာရှိ အကြမ်းဖက်အဖွဲ့အစည်းတို့သည်လည်း၊ မော်ဝါဒကိုလက်ခံလိုက်ကြပြီး မော်ပုံစံပြောက်ကျားစစ်ဆင်ရေးဖြင့် သွေးထွက်သံယိုမှုများကို ကျူးလွန်နေကြသည်ကိုလည်း တွေ့မြင်နေရပေသည်။ တကမ္ဘာလုံးရှိ နိုင်ငံတကာမော်ဝါဒအဖွဲ့တို့သည်လည်း စုစည်းကြပြီး၊ "နိုင်ငံတကာမော်ဝါဒလှုပ်ရှားမှု"အဖွဲ့ကို ဖွဲ့စည်းလိုက်ကြသည်။ ဥရောပကွန်မြူနစ်အစည်းအရုံးတို့သည်လည်း ထောက်ခံအားပေးမှု အကြီးအကျယ် တိုးပွားလျက်ရှိပေသည်။

မြောက်ဆိုက်ပရပ်စ်တူရကီသမတနိုင်ငံ၏ အစိုးရအင်တာနက်စာမျက်နှာတွင်၊ နိုင်ငံတကာမော်ဝါဒလှုပ်ရှားမှုနှင့်ပတ်သက်၍ အောက်ပါစီစစ်ချက် ပေါ်လာသည်။

> နိုင်ငံတကာအကြမ်းဖက်ခြင်းသုတေသနဗဟိုဌာနမှစာရင်းအင်းအရ၊ များမကြာမီနှစ်များအတွင်း မားက့်စ်ဝါဒ–လီနင်ဝါဒ–မော်ဝါဒ အကြမ်းဖက်အဖွဲ့အစည်းများ ထင်ထင်ရှားရှားများပြားလာသည်ကို တွေ့ရ၏။ နိုင်ငံတကာအကြမ်းဖက်ခြင်းထောက်လှမ်းရေးမှ အစီရင်ခံချက်တွင်၊ မော်ဝါဒသည် အပြောနှင့်အလုပ်ပါတွဲဖက်သည့် လှုပ်ရှားမှုများကို ပြင်းပြင်းထန်ထန်လုပ်နေကြကြောင်း ရေးသားထား၏။ ရှေ့တန်းမှပါဝင်သော ပြင်းထန်သည့်အနောက်နိုင်ငံဆန့်ကျင်ရေးနှင့် ဒီမိုကရေစီဆန့်ကျင်ရေးတွေးခေါ်မှုရှိသောမော်ဝါဒီတို့မှာ၊ သီရိလင်္ကာနိုင်ငံမှ "တမီလ်တိုင်းဂါး"အဖွဲ့၊ ပီရူးနိုင်ငံမှ "ရှိုင်းနင်းပတ်"အဖွဲ့နှင့် ကမ္ဘောဒီးယားနိုင်ငံမှ ခမာနီ(ခမာရူဂျ်)အဖွဲ့တို့ဖြစ်၍၊ အခြားနာမည်များကိုလည်း စတင်ကြားနေရပေပြီ။ ရည်မှန်းချက်မှာ၊ မော်စီတုံး၏သွန်သင်ချက်များကို သွေးချောင်းစီးခြင်းနည်းဖြင့် ဒီမိုကရေစီဝါဒစွဲကိုင်သောအစိုးရများနေရာတွင်၊ မားက့်စ်ဝါဒီ–လီနင်ဝါဒီ–မော်ဝါဒီ အစိုးရကို လက်နက်ကိုင်တိုက်ခိုက်ခြင်းဖြင့် အစားထိုးရန်ဖြစ်သည်။ သူတို့၏အခြားအဓိကရည်ရွယ်ချက်တစ်ခုမှာ မော်ဝါဒကို တကမ္ဘာလုံးသို့ ဖြန့်ဖြူးရန် ဖြစ်ပေသည်။
>
> အရှေ့နှင့်အနောက်မှ မော်ဝါဒီအကြမ်းဖက်အဖွဲ့အစည်းတို့သည် ၁၉၉၆–ခုနှစ်တွင် အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် နှစ်ကြိမ်တိုင်တိုင် တွေ့ဆုံဆွေးနွေးခဲ့ကြပြီး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြမည့် ပေါ်လီစီကို သဘောတူဆုံးဖြတ်ခဲ့ကြသည်။ အမေရိကန်နိုင်ငံတွင် တွေ့ဆုံသည့်အစည်းအဝေးမှ အောက်ပါဆုံးဖြတ်များကို ချမှတ်ခဲ့ကြသည်။––
>
> ပါလီမန်ဒီမိုကရေစီစနစ်အသုံးပြုနေသောတိုင်းပြည်များတွင် အစိုးရတို့ကို ဖြုတ်ချပစ်ရန်။
>
> ရည်မှန်းချက်အောင်မြင်ရန်အတွက်၊ စစ်သားများ၊ ပုလိပ်ရဲအရာရှိများနှင့် အစိုးရအာဏာပိုင်များကိုသာ သတ်ဖြတ်ခြင်းမဟုတ်ဘဲ၊ အဖွဲ့သားမဟုတ်သည့် ကလေးလူကြီးဇရာအိုများနှင့်မိန်းမများကိုပါ မရွေးဘဲ သတ်ဖြတ်ပစ်ရန်။
>
> ဗဟိုပြုရာဌာနနှင့် တစ်ပါတီအုပ်ချုပ်ရေးစနစ်ကို တည်ထောင်ရန်။ လူ့အခွင့်အရေးများကို ဂရုစိုက်ရန်မလို။
>
> မားက့်စ်–လီနင်–မော် အတွေးအခေါ်ကို အခြေခံသော တော်လှန်ရေး တည်ထောင်ရန်။
>
> ဤအစည်းအဝေးများတွင် ချမှတ်ခဲ့သော နောက်ထပ်အရေးကြီးသည့် ဆုံးဖြတ်ချက်မှာ၊ "ကမ္ဘာ့တော်လှန်ရေး"အတွက် အခြေခံအုတ်မြစ်များချပေးမည့် "မော်အတွေးအခေါ်ဝါဒဖြန့်ဗဟိုဌာန" တစ်ခုဖွင့်ရန်ဖြစ်သည်။ ဤ Maoist International Movement (MIM) သည် ကနေဒါနိုင်ငံတွင် ရုံးစိုက်၍ လှုပ်ရှားရန်ဖြစ်သည်။ "နိုင်ငံတကာ မော်ဝါဒီ"တို့ ရေးဆွဲသော ဘောင်အတွင်း၌၊ ပစ်မှတ်နိုင်ငံများတွင် လူထုအား လှုံ့ဆော်ဆွပေးမည့် ဝါဒဖြန့်စာပေစာစောင်များကို ရိုက်နှိပ်၍ ဖြန့်ဖြူးနိုင်ရန် ထိုနိုင်ငံများသို့ ပို့ပေးရန်။–[၁၂၁]

ဤအချက်များကို၊ သက်သေသာဓကများနှင့်အတူ၊ တွေ့ရှိထားသဖြင့် မော်ဝါဒသည် နိုင်ငံတကာအဆင့်သို့ တက်လှမ်းလှုပ်ရှားနေကြောင်း ထင်ရှားနေပေသည်။ နိုင်ငံတကာကွန်မြူနစ်အုပ်စုသည်၊ တရုတ်နီ၏ သွေးချောင်းစီးသည့် အာဏာရှင်စနစ်သို့ တစ်ကျော့ပြန်လှည့်ရန် ကမ္ဘာကို အကြီးအကျယ် ခြိမ်းခြောက်နေပေသည်။

ဘာသာရေးသည်၊ ကွန်မြူနစ်ဝါဒအတွက် ကြီးမားသည့်အနှောက်အရှက်ဖြစ်နေသည်။ ဘာသာရေးကိုင်းရှိုင်းသည့်လူ့အဖွဲ့အစည်းကသာလျှင်၊ ကွန်မြူနစ်ဝါဒ၏ ရန်ရှာခြင်းနှင့် လှည့်ဖြားခြင်းတို့မှ မိမိကိုယ်ကို ကာကွယ်နိုင်မည် ဖြစ်၏။ ဩဇာတိကမကြီးမား၍ ကြန့်ခိုင်သော အင်္ဂါရပ်နှင့်ပြည့်စုံသည့် ခေါင်းဆောင်တို့က ၂၁–ရာစုနှစ်တွင် ရုပ်ဝါဒကိုတန်ပြန်တိုက်ခိုက်နိုင်ပေလိမ့်မည်။

# နိဂုံးချုပ်

## Conclusion

ကွန်မြူနစ်ဝါဒသည်၊ ကျွန်ုပ်တို့အကြားတွင် အသက်ရှင်နေပါသေးသည်။ ကွန်မြူနစ်သို့မဟုတ် ဆိုရှယ်လစ်ပါတီတို့သည်၊ ဥရောပအရှေ့ပိုင်းနိုင်ငံများတွင်၊ သို့မဟုတ် အနောက်ဥရောပ နိုင်ငံများတွင် အာဏာရရှိလာရန် မခက်ခဲလှပေ။ (၁၉၃၃–ခုနှစ်တွင် နာဇီပါတီက ရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်ရရှိ၍ အာဏာရခဲ့သလို) သင့်တော်သောလူမှုရေးဆိုင်ရာ အခြေအနေပေးသည်နှင့်တပြိုင်တည်း၊ ခိုင်မြဲသည့်ကွန်မြူနစ်အစိုးရတည်ဆောက်ကြပေလိမ့်မည်။ ရုရှားနိုင်ငံသည် ကွန်မြူနစ်ဝါဒမှ ဖက်ဆစ်ဝါဒသို့ဖွံ့ဖြိုးလာခဲ့ပြီး ယခုနောက်ဆုံးတွင် ရက်စက်သည့် အရင်းရှင်စနစ်သို့ထပ်မံပြောင်းလဲတိုးတက်လာသည့်အတွေ့အကြုံရှိလေပြီ။ သို့သော်လည်း၊ ထိုအတွေးအခေါ်တို့ကို ပိုင်းခြားထားသောနယ်ပယ်သည် ထင်ထင်ရှားရှားပြတ်သားမှုမရှိသဖြင့်၊ ရုရှားနိုင်ငံသည် လူမှုရေးဆိုင်ရာ လှုပ်ရှားပြောင်းလဲမှုကြောင့်၊ ကွန်မြူနစ်ဝါဒသို့ပြန်လည်ပြောင်းလဲသွားနိုင်ပေသည်။ တရုတ်နိုင်ငံတွင် မော်ဝါဒက တစ်ခုတည်းသောမှန်ကန်မှုဟု ခံယူနေကြ၍၊ ကြူးဘားနိုင်ငံ၊ မြောက်ကိုးရီးယားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ကွန်မြူနစ်သြဇာအင်အားသန်နေသေးသည်။

ယနေ့လက်ရှိကွန်မြူနစ်ဝါဒမှာ၊ လီနင်၏ညွှန်ကြားချက်အတိုင်း၊ တစ်လှမ်းတက်နှစ်လှမ်းဆုတ်နည်းပရိယာယ်ကို အသုံးချနေသည်။ နိုင်ငံတကာတွင် အမည်အမျိုးမျိုးတပ်၍ ကမ္ဘာကိုအန္တရာယ်မပေးတော့သည့်ပုံဖြင့် လှုပ်ရှားနေကြသည်။ **သို့သော်လည်း၊ အနုပဋိလောမ ရုပ်ဝါဒ၏ "ပဋိပက္ခ "ပြဿနာကိုငြင်းခုံခြင်း ဆွေးနွေးခြင်းဖြင့်၊ ကွန်မြူနစ်ဝါဒသည် သွေးချောင်းစီးခြင်းအတွက် မရပ်မနားစီးနေ ပန်းထွက်နေသော ရေပွက်ရေပန်းနှင့် တူပေသည်။** မည်သည့်အမည်ဖြင့် ကိုယ်ယောင်ပြသော်လည်း၊ အနုပဋိလောမပဋိပက္ခကို သမိုင်း၏လွဲရှောင်၍မရသော ဥပဒေသတစ်ခုဖြစ်သည်ဟု ခံယူကြပေသည်။ အမှန်မှာ ထိုပဋိပက္ခသည် လူ့လောကအတွက် မည်သည့်ကောင်းကျိုးမျှ ပေးဆောင်ခြင်းမပြုသည့်အပြင်၊ ရက်စက်ကြမ်းကြုတ်မှုနှင့် ဒုက္ခဆင်းရဲခြင်းကိုသာ ပေးဆောင်ပေသည်။

၎င်း၏အန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် အကောင်းဆုံးနည်းမှာ၊ ထိုအန္တရာယ်ကိုဖြစ်ပေါ်ထုတ်လုပ်ပေးသည့် ကွန်မြူနစ်ညွှံ့တောကြီးကို ခန်းခြောက်သွားအောင် ဆောင်ရွက်ခြင်းဖြစ်၏။ ခြင်ကောင်(ကွန်မြူနစ်တို့ကိုထောက်ခံအားပေးသူ)များအား တစ်ကောင်ချင်း လိုက်လံရှင်းလင်းနေခြင်းဖြင့် အကျိုးမရှိပေ။ ထိုညွှံ့တောကို ခန်းအောင်မလုပ်နိုင်မချင်း၊ ခြင်ကောင်များသည် တစ်နေ့တစ်ခြား လျင်မြန်သောနှုန်းဖြင့် ပိုမိုများပြားတိုးပွားလျက်သာ ရှိနေမည် ဖြစ်၏။

ဤနေရာတွင်ဥပမာဆောင်ထားသည့် "ညွှံ့တောကြီး "ကို ခန်းခြောက်သွားအောင် မည်သို့လုပ်မည်နည်း။ မားက့်စ်ဝါဒ၊ မားက့်စ်–လီနင်ဝါဒ၊ မော်ဝါဒနှင့် အခြားမည်သည့်ကွန်မြူနစ်ဝါဒပင်ဖြစ်စေ၊ အဆုံးတွင် ဖက်ဆစ်ဝါဒအပါအဝင် အားလုံးကိုဒိုင်ခံ၍ ထောက်ခံအားပေးသည့် သီအိုရီအတွေးအခေါ်မှာ ဒါဝင်၏ အီဗိုလူးရှင်းသီအိုရီဖြစ်သည်။ အထက်တွင် ကျွန်ုပ်တို့တွေ့ခဲ့သည့်အတိုင်း၊ မားက့်စ်က ဤသီအိုရီကို "သမိုင်းမှလူတန်းစားရုန်းကန်မှု၏ သဘာဝသိပ္ပံပညာအခြေခံ "ဟု ခေါ်ထားသည်။ အင်ဂျဲလ်က ဒါဝင်ကို အနုပဋိလောမရုပ်ဝါဒအမြင်အရ မားက့်စ်နှင့် တန်းတူအဆင့်တွင် ရှိသည်ဟု ဆို၏။ လီနင်နှင့်ထရော့စ်ကီအပေါ်တွင် ဒါဝင်ကသြဇာလွှမ်းမိုးခဲ့ပြီး၊ ခရစ်ယာန်ဘုန်းကြီးဖြစ်ဖို့ကြိုးစားနေသည့် လူငယ်စတာလင်သည်၊ ဒါဝင်၏ အီဗိုလူးရှင်းသီအိုရီကိုဘတ်မိပြီးနောက် ဘုရားမဲ့ဝါဒီ ဖြစ်သွားခဲ့သည်။ မော်ဝါဒ၏ ပညာရည်ပိုင်းဆိုင်ရာအခြေခံများသည် ဒါဝင်၏သီအိုရီတွင် အမြစ်တွယ်လျက်ရှိသည်။

၁၉၆၈–ခုနှစ်တွင် ကမ္ဘာကိုကိုင်လှုပ်လိုက်သည့် မားက့်စ်ဝါဒီကျောင်းသားများသည်၊ ဒါဝင်၏ "အသက်ရှင်ရေးအတွက် ရုန်းကန်ခြင်း "[၁၂၂]တွင် ခိုင်မြဲစွာခံယူယုံကြည်ထား၍ ဒါဝင်ဝါဒကို စိတ်လိုက်မာန်ပါဟောကြားဖြန့်ဖြူးနေသူ ဟားဘတ်မားကြူးစ်၏ လှုံ့ဆော်မှုကြောင့်ဖြစ် သည်။[၁၂၂] ဒါဝင်ကို လမ်းညွှန်လမ်းပြအဖြစ်လက်ခံထားသည့် ဆိုရှယ်လစ်ဝါဒီတို့၏ အမည်

စာရင်းမှာ အလွန်ရှည်လျားလှပေသည်။ ၎င်းစာရင်းတွင် ပြန်လည်သုံးသပ်ရေးမားကွ်စဝါဒီ ကားလ်ကော့စကီနှင့် အင်္ဂလိပ်လက်ဝဲသမားများ၏အရင်းအမြစ်ဖြစ်သည့် ဖေဘီယံအသင်းကို တည်ထောင်သူ အက်ဒွါဒ် ဘာန်းတိုင်းတို့လည်း ပါဝင်ပေသည်။[၁၂၃]

ဒါဝင်ဝါဒမရှိလျှင်၊ ကွန်မြူနစ်ဝါဒလည်း မရှိနိုင်ချေ။ ထို့ကြောင့်၊ ၂၀–ရာစုနှစ်များအတွင်း၊ လူ့အသက်ပေါင်း သန်းပေါင်း ၁၀၀ ကျော်ကို သတ်ဖြတ်ဆုံးရှုံးစေခဲ့၍၊ ယခုအချိန်တွင် လျှို့ဝှက်စွာပြန်လည်စည်းရုံးနေသည့် ကွန်မြူနစ်ဝါဒရောဂါကို ကုစားရန် တစ်ခုတည်းသောနည်းလမ်းမှာ၊ ဒါဝင်၏ သိပ္ပံနည်းကျသည်ဟူသော သီအိုရီနှင့်အတွေးအခေါ်ကို တိုက်ဖျက်ငြင်းပယ်ပစ်ခြင်း ဖြစ်သည်။ ဒါဝင်၏သီအိုရီသည် သိပ္ပံပညာအရ လုံးဝပြိုပျက်သွားလေပြီ။ သက်ရှိပစ္စည်းများသည် အီဗိုလူးရှင်းနည်း(တစ်စတစ်စအလိုလိုပြောင်းလဲလာခြင်း)မဟုတ်မူပဲ၊ ထာဝရဘုရားသခင်(အလ္လာဟ်အရှင်မြတ်)က ပြီးပြည့်စုံအောင် ဖန်ဆင်းထားသည့်အချက်ကို အများပြန်လည်လက်ခံလာကြအောင် ဖြန့်ဖြူးရပေမည်။ ထိုအခါ၊ မားကွ်စ၊ လီနင် သို့မဟုတ် မော်၊ သို့မဟုတ် သူတို့၏ရုပ်ပုံများကို ခေါင်းရင်းနံရံများတွင် ကပ်ထားသူ သွေးထွက်သံယိုမှုကိုသာ လိုလားကြသူတို့ ကျန်ရှိနေနိုင်တော့မည်မဟုတ်ပေ။

လိမ်လည်လှည့်ဖြားသည့်ဒါဝင်ဝါဒကို ဖျက်သိမ်းခြင်းဖြင့်၊ သွေးအိုင်ရှင် ကွန်မြူနစ်ဝါဒကို ဖျက်ဆီးပစ်လိမ့်မည်။ လူတို့သည်လည်း၊ ကျွန်ုပ်တို့၏ဖန်ဆင်းရှင် အလ္လာဟ်အရှင်မြတ်ထံတော်သို့ ပြန်လှည့်လာကြလိမ့်မည်။ ထိုအရှင်မြတ်က သွန်သင်ပို့ချထားသော ကိုယ်ကျင့်တရားအတိုင်း နေထိုင်ကြလိမ့်မည်။ ထို့နောက်၊ ကုန်အာန်ကျမ်းတော်မြတ် အာယသ်တော် ၂း၂၀၈ တွင် ပြဆိုထားသကဲ့သို့၊ လူတို့သည် လုံခြုံခြင်းနှင့် ငြိမ်းချမ်းသာယာခြင်းဖြင့် ပြည့်စုံနေပေတော့မည်။

**အို–ယုံကြည်ခြင်းသဒ္ဒါတရားရှိကြကုန်သောမုအ်မင်န်အပေါင်းတို့၊ အသင်တို့သည် အစ္စလာမ်သာသနာအတွင်းသို့ လုံးလုံးလျားလျားဝင်ကြကုန်လော့။ ၎င်းပြင် ရှိုင်တွာန်၏နောက်သို့ ဖဝါးခြေထပ်မလိုက်ကြကုန်လင့်၊ ထိုရှိုင်တွာန်သည် မုချသင်တို့အဘို့ ထင်ရှားသောရန်သူပင် ဖြစ်ပေသည်။**

# သတိ!

အသင်ရှေ့တွင် ဆက်၍ဖတ်ရှုမည့်အခန်းတွင်၊

ဘဝ၏အရေးကြီးသည့်လျှို့ဝှက်ချက်ကို ဖော်ထုတ်ထား၏။

၎င်းကို သေချာစွာအာရုံစိုက်၍ ဖတ်ရှုပါလေ။

အဘယ့်ကြောင့်ဆိုသော်၊

ဖော်ပြထားသောအကြောင်းရပ်များသည်၊

စာဖတ်သူ၏ ပြင်ပကမ္ဘာကို ကြည့်မြင်ခြင်း၌

ပြောင်းလဲမှု ရှိနိုင်ခြင်းကြောင့်ဖြစ်ပါသည်။

ဤအခန်းတွင် ဖော်ပြထားသောအကြောင်းအရာများသည်၊

ရှုထောင့်အမြင်တစ်မျိုး၊ ချဉ်းကပ်နည်းတစ်နည်း၊

သို့မဟုတ် အတွေးအခေါ်တစ်ခုသာ မဟုတ်ပါ။

အလ္လာဟ်အရှင်မြတ်ကို

သက်ဝင်ယုံကြည်သူနှင့် မယုံကြည်သူတို့အားလုံး၊

လက်ခံကြရမည့်အချက်များဖြစ်၍၊

သိပ္ပံပညာက

သက်သေပြထားပြီးသောအချက်များ

ဖြစ်ပေသည်။

# ရုပ်ဝါဒကို ပယ်ဖျက်လိုက်သည့် အရေးကြီးသော အမှန်တရား

# The Important Reality that Invalidates Materialism

၂၀–ရာစုနှစ်တလျှောက်လုံးတွင် ဖြစ်ပေါ်ခံစားခဲ့ကြရသည့် ကွန်မြူနစ်အိပ်မက်ဆိုးကြီးမှ ပြင်းပြသောဝေဒနာ၏အရင်းအမြစ်သည် ဒါဝင်အတွေးအခေါ်၏ ရုပ်ဝါဒတွင်ယုံကြည်ခြင်းဖြစ်သည်။ ကွန်မြူနစ်တို့သည်၊ ရုပ်ဝါဒကို မျက်စိမှိတ်လက်ခံယုံကြည်ကြသဖြင့်၊ အစစအရာရာသည် ဒြပ်ဝတ္ထုပစ္စည်းများသာ စုပေါင်းပါဝင်နေခြင်းဖြစ်သည်ဟု ယုံကြည်ကြပြီး၊ လူသားတို့သည် ဝိညာဉ်ရှိသည်ဟူသောအယူအဆကို ငြင်းပယ်လိုက်ကြသည်။ ထိုနည်းတူ၊ သူတို့က ဒါဝင်၏ သီအိုရီကို လက်ခံယုံကြည်သည်နှင့်အမျှ၊ လူသားတို့သည် “ဖွံ့ဖြိုးပြီးသော တိရစ္ဆာန် များ” ထက်မပိုတော့ပေ။

ဤအခန်းနှင့်အတူ ရှေ့လာမည့်အခန်းများတွင် အဘယ့်ကြောင့် ဤအတွေးအခေါ်သည် မှားယွင်းကြောင်းကို ရှင်းပြသွားပါမည်။ ပထမဦးဆုံး၊ အစစအရာရာသည် ဒြပ်ဝတ္ထုပစ္စည်းသာ စုပေါင်းပါဝင်နေသည်ဟူသော ရုပ်ဝါဒ၏ တစ်ရားသေလက်ခံထားသောယုံကြည်ချက်သည် တရားမဝင်မမှန်ကန်ကြောင်းပြဆိုပယ်ဖျက်လိုက်ခြင်းနှင့်ပတ်သက်၍ ဦးစွာဆွေးနွေးကြပါမည်။ ဒုတိယအခန်းတွင် ဒါဝင်၏သီအိုရီတရားမဝင်မမှန်ကန်ကြောင်း သိပ္ပံရှုဒေါင့်ဖြင့် ကြည့်ကြ၍၊ လူသားများသည် ကမ္ဘာမြေကြီးပေါ်တွင် တိရစ္ဆာန်နှင့်တစ်ခြားစီ လူသားများအဖြစ်သာ အသက်ရှင်ကြကြောင်း၊ ထာဝရဘုရားသခင်အလ္လာဟ်အရှင်မြတ်က ပေးသနားတော်မူသော အသိတရားနှင့်ဝိညာဉ်ရှိကြောင်း ပြဆိုချက်များကို ဆွေးနွေးဖေါ်ပြပါမည်။

ဒြပ်ဝတ္ထုကို ပရမတ်အဖြစ်လက်ခံယုံကြည်၍၊ ကျန်အရာများအားလုံးကို ငြင်းပယ်ထားသည့် အတွေးအခေါ်စနစ်ကို ပထမဦးစွာ အကျဉ်းအားဖြင့် လေ့လာကြည့်ကြပါစို့။ ထာဝရဘုရားသခင်အလ္လာဟ်အရှင်မြတ်ကိုငြင်းပယ်သည့် ရုပ်ဝါဒတို့၏ ဤချို့ယွင်းချက်ရှိနေသော ကျိုးကြောင်းဆင်ခြင်ခြင်းကြောင့်၊ အရာခပ်သိမ်းတို့သည် အလ္လာဟ်အရှင်မြတ်၏အလိုတော်ကြောင့်သာလျှင် တည်ရှိနေခြင်းကိုခံယူနိုင်စွမ်းမရှိကြပေ။ ဤချို့ယွင်းချက်မှ ရုပ်ဝါဒီတို့၏ အတွေးအခေါ် စတင်ခဲ့ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်(၂၃း၃၇)တွင် ရုပ်ဝါဒီတို့ မိမိတို့အကြောင်း ဖေါ်ထုတ်ခြင်းနှင့်ပတ်သက်၍ ဤသို့မိန့်ဆိုထားတော်မူ၏။ **“အသက်ရှင်ခြင်းဟူသည် ကျွန်ုပ် တို့၏လောကီဘဝ၌ အသက်ရှင်ခြင်းမှတပါး အခြားမရှိပြီ။ ကျွန်ုပ်တို့(အနက်အချို့)သည် သေဆုံးကြလေသည်။ ထိုနည်းတူစွာ ကျွန်ုပ်တို့(အနက်အချို့)သည် အသက်ရှင်လျက်ရှိနေကြပေသည်။ သို့ရာတွင် ကျွန်ုပ်တို့သည် ရှင်ပြန်ထကြမည့်သူများ အလျှင်းမဟုတ်ပြီ။”** နောက်ထပ်ရှေ့ဆက်၍ ကုရ်အာန်ကျမ်းတော်မြတ်အပိုဒ် (၃၀း၃၇)တွင်၊ အလ္လာဟ်အရှင်မြတ်နှင့် တမလွန်ဘဝကို ငြင်းပယ်သူတို့အတွက် ပိုမိုကြီးကျယ်သောအမှားကို ကျူးလွန်ကြကြောင်း ဤသို့မိန့်တော်မူ၏။ **“၎င်းတို့သည် လောကီဘဝ၏ အပေါ်ယံပုံပန်းကိုသာ သိရှိကြကုန်၏။ သို့ရာတွင် နောင်တမလွန်ဘဝကိုမူကား ၎င်းတို့သည် (လုံး၀)မသိကြသူများသာလျှင် ဖြစ်ကြကုန်သတည်း။”**

အဘယ့်ကြောင့် ရုပ်ဝါဒက ဤမျှားယွင်းချက်သို့ ကျရောက်သွား၍ ချို့ယွင်းသည့်ခံယူချက် ထွက်ပေါ်လာပါသနည်း။ အကြောင်းတစ်ခုက သူတို့၏ ဘဝတစ်ခုလုံးတွင် အလွန်အရေးကြီးသည့် မှန်ကန်ချက်တစ်ခုကို သတိမရကြခြင်းဖြစ်သည်။ ထို့အပြင် ၎င်းမှန်ကန်ချက်ကို မသိကြသည့်အပြင်၊ ဘဝတစ်ခုလုံးသည် ရုပ်လောကတွင်သာ ကန့်သန့်ထားသည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့်၊ သူတို့၏ဘဝနှင့် ကမ္ဘာလောကအကြားရှိ ဆက်စပ်မှုသည် ပြင်းပြသောရည်မှန်းချက်နှင့် လိုအင်ဆန္ဒများသာ စိုးမိုးလျက်ရှိနေပေသည်။ ရှေ့တွင်လာမည့် စာမျက်နှာများတွင် ဘုရားမဲ့ဝါဒီတို့ မသိကြသည့် ဤအရေးကြီးသည့်မှန်ကန်ချက်ကို ဖော်ထုတ်ကြပါမည်။

## ဒြပ်ဝတ္ထု၏ ဇာတိအစစ်

## The Real Face of Matter

ရုပ်ဝါဒအတွေးအခေါ်၏ အရင်းအမြစ်ကို ပယ်ဖျက်လိုက်သည့် အမှန်တရားများကို ဖော်ပြပါမည်။ ဤသို့ဖော်ပြရာတွင်၊ အတွေးအခေါ်အားဖြင့်မဟုတ်ဘဲ လက်တွေ့ကျသည့် နည်းပညာအရ၊ လူတိုင်းလက်မခံ၍မရသည့်အမှန်တရားဖော်ထုတ်ခြင်းဖြစ်သည့်ပြင်၊ သိပ္ပံပညာဘာသာရပ်အမြောက်အမြားက သက်သေပြထောက်ခံပြီးလည်း ဖြစ်ပါသည်။ ဘက်လိုက်ခြင်းမရှိဘဲ၊ ရိုးသားမှန်ကန်စွာ သတိရှိရှိချဉ်းကပ်လေ့လာပါက လွယ်ကူစွာသဘောပေါက်နိုင်ပါသည်။ ဤမှန်ကန်ခြင်းကို အတိုချုံး၍၊ **"ကျွန်ုပ်တို့၏ပတ်ဝန်းကျင်တွင် ရှိရှိသမျှသောရုပ်ဝတ္ထုပစ္စည်းအားလုံးတို့သည် စိတ်ကူးဖြင့်ခံယူထားခြင်းသာလျှင် ဖြစ်ပေသည်။ ဒြပ်ဟူသောခံယူချက်မှာ အိပ်မက်နှင့်တူ၏။ ကျွန်ုပ်တို့၏စိတ်ထဲ၌ ပုံရိပ်အဖြစ်သာ ခံယူခံစားရခြင်းဖြစ်၍၊ ကျွန်ုပ်တို့က ၎င်းကို တိုက်ရိုက်ဆက်ဆံနိုင်ခြင်းမရှိချေ။"** ဟု ပြောရပါမည်။

"ဒြပ်ပစ္စည်း၏နောက်ကွယ်ရှိအမှန်တရား" ကို ယခင်က မသိခဲ့ကြပေ။ မကြာသေးမီကမှ သိရှိလာကြရပေသည်။ လူ့သမိုင်းတလျှောက်လုံးတွင်၊ အလ္လာဟ်အရှင်မြတ်စေလွှတ်ခဲ့သော နဗီတမန်တော်များနှင့် စိတ်ကူးအမြော်အမြင်ရှိ၍ အမှန်တရားကိုသိမြင်သူပုဂ္ဂိုလ်တို့က ဤအမှန်တရားကို ဖော်ထုတ်ခဲ့ကြဘူးပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်အာယသ်တော်အများအပြားတွင်လည်း အရိပ်အမြွက်မျှဖော်ပြထား၍၊ အချို့သောအခြားအာယသ်တော်များ၏ အဓိပ္ပါယ်များကို ဖွင့်ဆိုသည့်သော့ချက်များပင် ဖြစ်ပေသည်။ ဤအကြောင်းနှင့်ပတ်သက်၍ ထိုပုဂ္ဂိုလ်တို့၏ ဖော်ထုတ်ချက်အပိုင်းအစအချို့မှာလည်း ယနေ့ထိ ကျွန်ုပ်တို့၏လက်သို့ရောက်လာကျန်ရှိနေသေးသည်။ အလ္လာဟ်အရှင်မြတ်က ပို့ချပေးခဲ့သော မှန်ကန်သည့်တရားဒေသနာတော်များမှ ဗျာဒိတ်တော်များကို အမျိုးမျိုးပြင်ဆင်ပြောင်းလဲခဲ့ကြသော်လည်း၊ ဤအချက်နှင့်ပတ်သက်၍မူ၊ ဆန်းကျယ်လျှို့ဝှက်သည့်ကိစ္စအဖြစ် ဆက်လက်ထိန်းသိမ်းထားခဲ့ကြသည်။

ဤအမှန်တရားနှင့်ပတ်သက်၍ ဖိုရှိအက်စထရီယန်ဘာသာ၊ ဗုဒ္ဓဘာသာ၊ တာအို (တောဝ်)ဘာသာ၊ ဂျူးဘာသာနှင့် ခရစ်ယာန်ဘာသာကျမ်းဂန်များတွင်လည်း တွေ့နိုင်ပါသည်။ ရှေးဟောင်း ဂရိလူမျိုးအတွေးခေါ်ရှင်များဖြစ်သော ပိုင်သာဂိုရပ်စ်နှင့် ပလာတို(အထူးသဖြင့် သူ၏ ကျောက်ဂူဖြင့်တင်စားခြင်းတွင်) အီလိယာတစ်အယူဝါဒဂိုဏ်းနှင့် အခြားအတွေးအခေါ်ရှင်အများအပြားတို့က ကိုယ့်နည်းကိုယ်ဟန်ဖြင့် ကြိုးစား၍အသေးစိတ်ရှင်းပြကြပေသည်။ နောင်ခေတ်ပိုင်းတွင်၊ အတွေးအခေါ်အမျိုးမျိုးနှင့် အဓိပ္ပါယ်ဖော်ခြင်းအမျိုးမျိုး၏သြဇာသက်ရောက်မှုအတွင်း အချို့အတွေးအခေါ်ရှင်တို့က အလျင်ကထက်ပိုမိုနက်နဲစွာတွေးခေါ်ခြင်းဖြင့် အမှန်တရားကို ရရှိကြပေသည်။

ဒြပ်ဝတ္ထုပစ္စည်းသည် အကြွင်းမဲ့ပရမတ်ဖြစ်သည်ဟု တင်ပြသူတို့က၊ ဤအမှန်တရားကို ကြိုးစား၍ပိတ်ပင်ဖုံးဖိထားကြပေသည်။ အိုင်ရာလန်ပြည်သားဓမ္မဆရာအတွေးအခေါ်ရှင်ဖြစ်သူ ဂျော့ဂျ် ဘာကာလေက ဤကိစ္စနှင့်ပတ်သက်၍ ၁၈–ရာစုနှစ်တွင်တစ်ခါ ထုတ်ဖော်ဆွေးနွေးခဲ့ဘူးသည်။ သူ၏တင်ပြချက်နောက်ပိုင်းတွင် အတွေးအခေါ်ပိုင်းဆိုင်ရာပြောင်းလဲမှုရှိလာခဲ့သည်။

ရုပ်ဝါဒီတို့သည်၊ (အထူးသဖြင့် ဤအသိုင်းအဝိုင်း၏ပြောရေးဆိုခွင့်ရှိသူ ဘာထရန်ရပ်စလ်သည်) ဘာကာလေကို အတွေးအခေါ်ပိုင်းအရ ငြင်းပယ်နိုင်ခြင်းမရှိသဖြင့် သူ့ကို အတင်းပြောခြင်း စော်ကားမော်ကားပြောခြင်း ပြုလုပ်ကြသည်။ ဘာထရန်ရပ်စလ်သည် ရုပ်ဝါဒအသိုင်းအဝိုင်းကို အများဆုံးကိုယ်စားပြုနိုင်ပြီး ရုပ်ဝါဒအမြင်နှင့်ပတ်သက်၍ အပြင်းထန်ဆုံးကာကွယ်ပြောဆိုသူဖြစ်သော်လည်း၊ ဤအမှန်တရားကိုမူ ပစ်ပယ်ထား၍မရနိုင်ခဲ့ချေ။ *အတွေးအခေါ်ဆိုင်ရာပြဿနာ* ဟူသောသူ၏စာအုပ်တွင် "ဘာကာလေက ရုပ်ဝတ္ထုပစ္စည်း(ဒြပ်)ရှိခြင်းကိုငြင်းဆိုလိုက်နိုင်သည့်အချက်အလက်များနှင့်အတူ၊ အကယ်၍ ကျွန်ုပ်တို့၏ပြင်ပ၌ လွတ်လပ်စွာတည်ရှိနေသည့်အရာများရှိနေပါက၊ ကျွန်ုပ်တို့တွင်ရှိနေသော အာရုံဖြင့် ခံစားလက်ခံနိုင်ခြင်းမရှိသည့်အရာသာ ဖြစ်မည်ဟု ပြောင်လှောင်၍မရနိုင်အောင် ခိုင်ခိုင်မာမာဖော်ပြနိုင်ခြင်းကိုတော့ ဂုဏ်ပြုရပေမည်။"[၁၂၄]ဟု ရေးသားဝန်ခံထားပေသည်။

ရပ်စလ်က ဤကိစ္စနှင့်ပတ်သက်၍ အများဆုံး ဆန့်ကျင်၍အရေးဆိုလေ့ရှိသော်လည်း၊ အခြေခံအားဖြင့် ယင်းအချက်၏အမှန်တရားကိုမူ ငြင်းပယ်နိုင်ခြင်းမရှိဘဲ လက်ခံရပုံကို ပွင့်ပွင့်လင်းလင်းပင် ရေးသားဖော်ပြထားပေသည်။

အမှန်စင်စစ်၊ ရပ်စလ်၏ရှုထောင့်အမြင်သာမဟုတ်ဘဲ၊ ရုပ်ဝါဒအတွေးအခေါ်တစ်ခုလုံး ပြိုပျက်သွားခြင်းပင် ဖြစ်ပေသည်။ ကျွန်ုပ်တို့ ၂၁-ရာစုနှစ်သို့ ခြေလှမ်းဝင်ရောက်လာသည်နှင့်အမျှ၊ ရူပဗေဒ၊ ကွမ်တမ်ရူပဗေဒ၊ နက္ခတ္တဗေဒ၊ စိတ်ပညာ၊ ခန္ဓာဗေဒနှင့် အခြားသိပ္ပံဘာသာရပ်အမြောက်အမြားတို့ အဘက်ဘက်မှဖွံ့ဖြိုးတိုးတက်လာပေရာ၊ ကမ္ဘာကို ရှေးဟောင်းရုပ်ဝါဒအမြင်ဖြင့်ကြည့်ခြင်းကို အားပေးထောက်ခံနေကြသူတို့အား အင်မတန်ကသိကအောင့်ဖြစ်စေပေသည်။ ကျောက်ဖြစ်ရုပ်ကြွင်းများကို မျိုးဗီဇပညာအရ လေ့လာ၍ ရရှိလာသည့်အချက်အလက်တို့က အီဗိုလူးရှင်းသီအိုရီကို ပျက်သုဉ်းပြိုပျက်သွားစေသည်။ အလင်းပညာနှင့်စိတ်ပညာဘာသာရပ်များက ကျွန်ုပ်တို့၏ အံ့ဖွယ်ကောင်းသည့်သိမြင်ခြင်းစနစ်အကြောင်းကို ကူညီဖြေရှင်းပေး၏။ တိုးတက်သည့်နက္ခတ္တဗေဒကြောင့်-စကြာဝဠာနှင့် ဒြပ်ဝတ္ထုပစ္စည်းတို့ စတင်ဖြစ်ပေါ်ခြင်းရှိကြောင်းတင်ပြသည့်-ဘစ်ဘိုင်းသီအိုရီကို အများကလက်ခံခဲ့ကြသည်။ အဏုမြူနှင့် အဏုမြူအောက်သေးငယ်သောဒြပ်(ပရမာဏုမြူ)အကြောင်းသုတေသနပြုချက်များက ရှေးဟောင်းရူပဗေဒကို ပြောင်းပြန်လှန်ပစ်ပြီး၊ အချိန်ဟူသည် နှိုင်းယှဉ်ခြင်းအရသာဖြစ်ကြောင်းတင်ပြသည့်-ရီလေတီဗီတီသီအိုရီကို သက်သေထူထောက်ခံလိုက်၏။

မရေမတွက်နိုင်အောင် များပြားသောသိပ္ပံပညာတွေ့ရှိချက်များက ထာဝရဘုရားသခင်အလ္လာဟ်အရှင်မြတ်ရှိကြောင်းနှင့် ထိုအရှင်မြတ်၏တန်ခိုးအာဏာတော်က စကြာဝဠာတစ်ဝှမ်းလုံးကို လွှမ်းမိုးလွှမ်းခြုံထားခြင်းကို အတည်ပြုထားပြီးဖြစ်သဖြင့် သူတို့၏ဆန္ဒကိုသာ ဘက်လိုက်၍ တစ်ယူသန်တွေးခေါ်ကြသည့်ရုပ်ဝါဒီတို့ အားကိုးအားထားပြုနိုင်မည့်အချက် တစ်ချက်လောက်ကိုပင် ချန်မထားကြတော့ပေ။ သူတို့၏ အားကုန်အင်ခမ်း လက်ပန်းကျခြင်းသည် ယနေ့အထိဆက်လက်ရှိနေပါသည်။ ရုပ်မြင်သံကြားအစီအစဉ်များ၊ ကျောင်းများနှင့် ဟောပြောပွဲများတွင်၊ ကျွန်ုပ်တို့သည် ပြင်ပလောကနှင့် တိုက်ရိုက်တွေ့ဆုံနိုင်စွမ်းမရှိ၍ ကျွန်ုပ်တို့၏ဦးနှောက်မှတစ်ဆင့် သိရှိရသောခံစားချက်သာဖြစ်ခြင်းအမှန်တရားကို မသိချင်ဟန်ဆောင်နေပြီး လူအများကို ထိုအမှန်တရားမဖော်ပြဘဲ ထိုအမှန်တရားမျိုးလုံးဝမရှိသလိုထိမ်ချန်ထားလျက်ရှိနေကြသောအတွေးအခေါ်ရှင်များကို တွေ့ရှိကြပေသည်။ သို့သော်လည်း၊ အမှန်တရားကို မသိကျိုးကျွန်ပြုထားခြင်းဖြင့် အဖြေရမည်မဟုတ်ပေ။ ဤအမှန်တရားကို သည့်ထက်ပိုမိုနက်နဲစွာလေ့လာကြည့်ကြပါစို့။

# ကျွန်ုပ်တို့၏ပြင်ပတွင်ရှိသည်ဟု ခံစားရသောအရာသည် အမှန်စင်စစ်ကျွန်ုပ်တို့၏အတွင်း၌ရှိ၏

## What We Perceive As Outside Is Actually Inside Ourselves

ပြင်ပကမ္ဘာလောကတွင်ရှိသည်ဟု ထင်ရသောအရာဝတ္ထုတစ်ခုမှလာသည့် အလင်းရောင်၊ အသံ၊ အနံ့အရသာနှင့်ထိတွေ့ခံစားရသောအနေအထားတို့၏နှိုးဆွမှုများကို အာရုံကြောမှတစ်ဆင့် ဦးနှောက်ရှိသက်ဆိုင်ရာအာရုံလက်ခံမည့်အခန်းသို့ သယ်ယူသွား၏။ ထိုနှိုးဆွမှုများအားလုံးတွင် လျှပ်စစ်အချက်ပြလှိုင်း(electric signals)များ ပါဝင်သည်။ မြင်ခြင်းဖြစ်ပေါ်ချိန်တွင် ပြင်ပကမ္ဘာမှလာသောအလင်းတန်း(ဖိုတွန်)သည် မျက်လုံးအနောက်ဖက်ရှိ ရက်တီနာကားချပ်ပေါ်သို့ကျရောက်၍ လျှပ်စစ်အချက်ပြလှိုင်းများအဖြစ်သို့ ပြောင်းလဲသွား၏။ ဤလျှပ်စစ်အချက်ပြလှိုင်းများသည် အာရုံကြောများမှတစ်ဆင့် ဦးနှောက်၏နောက်ပိုင်းတွင်ရှိ စက္ခုအာရုံအခန်းသို့ရောက်သွားသည်။ ကုဗစင်တီမီတာအနည်းငယ်သာရှိသောဤအခန်း၌ လင်းထင်း၍ သုံးဖက်တန်ရောင်စုံကမ္ဘာလောကတစ်ခုလုံးကို တွေ့မြင်စေပေသည်။


အလားတူဖြစ်စဉ်အတိုင်း အခြားအာရုံခံစားမှုများ ဖြစ်ပေါ်ပေသည်။ အရသာကို လျှာ၏မျက်နှာပြင်ရှိ ဆဲလ်များ၌ လျှပ်စစ်အချက်ပြလှိုင်းအဖြစ် ပြောင်းလဲလိုက်သည်။ အရာဝတ္ထုမှလာသောအနံ့သည်လည်း နှာခေါင်းတွင်းရှိအမြှေးပါး၌ အရည်ပျော်သွားသောအနံ့မော်လီကြူများကို လျှပ်စစ်အချက်ပြလှိုင်းအဖြစ်ပြောင်းလဲပြီး ဦးနှောက်ရှိအနံ့ဆိုင်ရာအခန်းသို့ ပို့လိုက်၏။ အရေပြားအောက်တွင်ရှိသောအထူးစီမံထားသည့် ထိတွေ့မှုအာရုံဖမ်းဆဲလ်များက ထိတွေ့မှု (ဥပမာ၊ မာကျောခြင်းသို့မဟုတ် နူးညံ့မှုများ)ကို လျှပ်စစ်အချက်ပြလှိုင်းများအဖြစ်ပြောင်းလဲပြီး ဦးနှောက်ရှိ ထိတွေ့မှုဆိုင်ရာအခန်းသို့ သယ်ပို့လိုက်၏။ ထိုအချက်ပြလှိုင်းများကို ဦးနှောက်ရှိ သက်ဆိုင်ရာအခန်းတွင် လက်ခံ ခံစားရပေသည်။

ဤအချက်ကို ထပ်မံရှင်းပြပါမည်။ သင်သည် ကော်ဖီခွက်တစ်ခွက်ကို ကိုင်ထားသည်ဆိုပါစို့။ သင်၏လက်မှ လက်ဖဝါးသားရေအောက်တွင် ခွက်၏မာကျောမှုနှင့်အပူရှိန်သည် လျှပ်စစ်အချက်ပြလှိုင်းအဖြစ်ပြောင်းလဲသွားကာ အာရုံကြောမှတစ်ဆင့် ဦးနှောက်သို့ပို့လိုက်သည်။ တစ်ချိန်တည်းတွင်၊ ကော်ဖီ၏မွှေးသောရနံ့နှင့်အရသာအပြင် အညိုရောင်အဆင်း စသည်တို့ကို လျှပ်စစ်အချက်ပြလှိုင်းများအဖြစ်ပြောင်းလဲပြီး ဦးနှောက်သို့ ပို့လိုက်သည်။ ကော်ဖီခွက် စားပွဲတွင်ထိသောအသံကိုလည်း နားမှတစ်ဆင့် လျှပ်စစ်အချက်ပြလှိုင်းများ ဦးနှောက်သို့ရောက်သွားမည်။ ထိုလျှပ်စစ်အချက်ပြလှိုင်းများကို လက်ခံသည့် သက်ဆိုင်ရာအာရုံခန်းများက ခံစားမှုများကို အဓိပ္ပါယ်ဖော်လိုက်၏။ ထိုသို့အဓိပ္ပါယ်ဖော်ရာ၌လည်း တစ်မျိုးနှင့်တစ်မျိုး သဟဇာတသင့်သင့် ပြေပြေပြစ်ပြစ်အဓိပ္ပါယ်ဖော်ကြသည်။ ထိုခံစားချက်အားလုံးစုပေါင်း၍ အသင့်အာရုံ၌ မွှေးကြိုင်ပူနွေးသောကော်ဖီတစ်ခွက်ကို အရသာရှိရှိသောက်ချလိုက်သည်ဟု သိရှိရ၏။

အခန်းတွင်း၌ ထိုင်နေ၍ သူ၏မိသားစုနှင့်အတူ ရုပ်မြင်သံကြားအစီအစဉ်ကို ကြည့်နေသူ မည်သူမဆို၊ သူကိုယ်တိုင်မသိသော်လည်း၊ အင်မတန်အံ့ဖွယ်ကောင်းသော အဖြစ်တွင် ရှိနေပေသည်။ အခန်း၏ပတ်လည် နံရံသည် အမှန်စင်စစ် ထိုသူ၏ဦးနှောက်တွင်း၌ ရှိနေ၏။

**ထိုသို့ဖြစ်သဖြင့်၊ အသင်သည် အခန်းတွင်း၌ ရှိနေသလော။ သို့မဟုတ်အခန်းသည် သင်၏အတွင်း၌ ရှိနေသလော။**

လူအများအားဖြင့် ဤအမှန်တရားကို မသိကြ သတိမထားကြချေ။ မိမိတို့သည် အခန်းတွင်း၌မိသားစုနှင့်အတူထိုင်နေ၍ ရုပ်မြင်သံကြားကိုကြည့်ကာ စကားစမြီပြောနေသည်ဟုသာထင်ကြ၏။ ဤအဖြစ်မှန်ကို သိမြင်သူသည်လည်း၊ ဤအံ့ဖွယ်အဖြစ်ကို မသိနားမလည်သလိုဟန်ဆောင်ကြ၏။ ဤအမှန်တရားကို ကြောက်ရွံ့နေကြသောကြောင့်ဖြစ်သည်။ သို့သော်လည်း၊ သူတို့မသိဟန်ဆောင်နေသည့် ဤအဖြစ်သည် ငြင်းဆန်၍မရသောအဖြစ် ဖြစ်နေပေသည်။ သိပ္ပံပညာကလည်း အတည်ပြုထားသောအချက်ဖြစ်သည်။ အခန်းနံရံလေးဘက်နှင့် ဌင်းတွင်ချိတ်




**သူ၏အိမ်ထောင်မိသားစုနှင့်ထိုင်နေ၍ ရုပ်မြင်သံကြားကြည့်နေသူသည်၊ အမှန်စင်စစ် အံ့ဖွယ်အဖြစ်အပျက်တွင်ရှိနေ၏။ သူတွေ့မြင်နေရသောပုံရိပ်အားလုံးသည် သူ၏ဦးနှောက်တွင်း၌သာရှိနေခြင်းဖြစ်သည်။ ထိုသူသည် အခန်းတွင်း၌ရှိနေသလော၊ သို့မဟုတ် အခန်းတစ်ခုလုံးသည် သူ၏ဦးနှောက်တွင်း၌ ရှိနေသလော။**

ဆွဲထားသောပန်းချီကားများ၊ ကော်ဇောနှင့်ပရိဘောဂများ၊ မျက်နှာကြက်ပေါ်ရှိ မီးလုံးများ အစရှိသည်တို့မှ မျက်စိသို့ရောက်လာသောနိုးဆွမှုတို့သည် ရက်တီနာကားချပ်ရှိဆဲလ်များက လျှပ်စစ်အချက်ပြလှိုင်းများအဖြစ်ပြောင်းလဲပေးပြီး လျှပ်စစ်စီးကြောင်းအဖြစ်ဖြင့် ဦးနှောက်ရှိ စက္ခုအာရုံအခန်းသို့ရောက်သွား၏။ ထိုသူသည် သူ၏ဦးနှောက်အနောက်ပိုင်းရှိ စက္ခုအာရုံခန်းတွင် အလွန်သေးငယ်သည့်နေရာအစက်ကလေးတွင် အဓိပ္ပါယ်ဖော်ပေးသောပုံရိပ်ဖြင့် သူ၏အိမ်တွင်း၌ ထိုင်နေသည်ဟု ခံစားရလေသည်။

**သူ၏ဘဝတစ်ခုလုံးတွင် ဤနေရာအစက်ကလေးမှထွက်သွားနိုင်ခြင်းမရှိချေ။ သူ၏ဦးခေါင်းတွင်း၌ဖြစ်ပေါ်သောပုံရိပ်နှင့် သူ၏ဦးနှောက်တွင်း၌ အဓိပ္ပါယ်ဖော်ပေးသောပုံရိပ်ကလွဲ၍ အခြားပုံတစ်ခုတစ်လေကိုမျှ တွေ့မြင်နိုင်ခွင့် မရှိချေ။** သူ၏ဦးနှောက်တွင်း သောတာရုံအခန်းသို့ ပို့လိုက်သည့် လျှပ်စစ်အချက်ပြလှိုင်းများကလွဲ၍ အခြားအသံကို မကြားရချေ။ လူတစ်ယောက်သည် သူ၏ဘဝတစ်ခုလုံးတွင် အရိုးခွံဝန်းရံကာထားသော သေးငယ်သည့်အခန်းကလေးတွင်သာ နေနေရပေသည်။

## မျက်စိမပါဘဲ မြင်နိုင်ကြည့်နိုင်သူသည် မည်သူဖြစ်သနည်း။
## Who Needs No Eyes To See?

ကျွန်ုပ်တို့၏ပတ်ဝန်းကျင်ရှိအရာအားလုံးကို မြင်နိုင်ခြင်းသည် လျှပ်စစ်အချက်ပြလှိုင်းများကို ဦးနှောက်တွင် ပုံရိပ်အဖြစ် အဓိပ္ပါယ်ဖော်ထားခြင်းဖြစ်သည်။ ပိုမို၍ ရှင်းလင်းစွာသဘောပေါက်ရန်အတွက်၊ ညနေစာစားပွဲတွင် တည်ခင်းထားသော သစ်သီးများဖြင့် ပြည့်နေသည့် ပန်းကန်ကို ကြည့်နေသည်ဟု စဉ်းစားပါ။ ထိုပန်းကန်မှအလင်းတန်းများ သင်၏မျက်စိသို့ ရောက်လာသောအခါ၊ လုပ်ငန်းဆောင်တာဆောင်ရွက်မှုအမြောက်အမြားပေါ်ပေါက်လာပေသည်။ လျှပ်စစ်အချက်ပြလှိုင်းများအဖြစ်ပြောင်းလဲပြီးသော အလင်းတန်းများကို အာရုံကြောများမှတစ်ဆင့်



လူတစ်ယောက်သည်၊ သူ၏တစ်သက်တာလုံးတွင် ဤနေရာကလေးမှ ထွက်ခွာသွား၍ မရနိုင်ပေ။ သူ၏ဦးနှောက်ထဲ၌ ခံစားရသည့် ထိုလျှပ်စစ်အချက်ပြလှိုင်းများကလွဲ၍ မည်သည့်ပုံရိပ်ကိုမျှ မတွေ့မြင်ရချေ။ လူတစ်ယောက်၏ ဘဝတစ်ခုလုံးသည် ဤအခန်းငယ်ကလေးတွင်သာ ဖြစ်ပေါ်နေပေသည်။



စားပွဲမှ ကျွန်ုပ်တို့၏မျက်စိထဲသို့ရောက်လာသောအလင်းတန်းများကို လျှပ်စစ်အချက်ပြလှိုင်းအဖြစ် ပြောင်းလဲသွားပြီး စက္ခုအာရုံခန်းသို့ ပို့လိုက်၏။ အမှန်မှာ ဦးနှောက်တွင်း၌ ပုံရိပ်ပေါ်ရန်ကားချပ် မရှိချေ။ စားပွဲမှလျှပ်စစ်အချက်ပြလှိုင်း ရောက်လာချိန်တွင် စက္ခုအာရုံခန်းတွင် ပုံရိပ်မပေါ်ပေ။ စားပွဲပေါ်တွင်ရှိသော သစ်သီးဝလံများကို ကျွန်ုပ်တို့တွေ့မြင်ရသည့်အချိန်သမယတွင် အမှန်စင်စစ်အားဖြင့် ဦးနှောက်တွင်း၌ ပိန်းပိတ်အောင် မှောင်မိုက်နေသောနေရာတွင် လျှပ်စစ်အချက်လှိုင်းများကို အဓိပ္ပါယ်ဖော်ယူပြီး တွေ့မြင်ကြခြင်း ဖြစ်၏။

ဦးနှောက်ရှိစက္ခုအာရုံအခန်းသို့ ရောက်သွားလေသည်။ ထိုအခါ ကျွန်ုပ်တို့က “ရောင်စုံသစ်သီးဝလံ”များကို တွေ့မြင်သည်ဟု သိရ၏။ ဤအကြောင်းအရာအသေးစိတ်ကို ဇီဝဗေဒနှင့် ဇီဝကမ္မဗေဒ (physiology) စာအုပ်တိုင်းတွင် ဖတ်ရှုနိုင်ပါသည်။ သို့သော်လည်း အံ့သြဖွယ်အကောင်းဆုံးအချက်တစ်ချက်မှာ၊ ထိုစက္ခုအာရုံအခန်းသည် ပိန်းပိတ်အောင် မှောင်မိုက်နေခြင်းပင် ဖြစ်၏။ အမှန်မှာ ဦးနှောက်တွင်း၌ ပုံရိပ်ပေါ်ရန်ကားချပ်လည်းမရှိချေ။ စားပွဲမှလျှပ်စစ်အချက်ပြလှိုင်း ရောက်လာချိန်တွင် စက္ခုအာရုံခန်းတွင် ပုံရိပ်မပေါ်ပေ။ စားပွဲပေါ်တွင်ရှိသော သစ်သီးဝလံများကို ကျွန်ုပ်တို့တွေ့မြင်ရသည့်အချိန်သမယတွင် အမှန်စင်စစ်အားဖြင့် မှောင်မိုက်နေသောနေရာတွင် လျှပ်စစ်အချက်လှိုင်းများကို အဓိပ္ပါယ်ဖော်ယူပြီး မြင်ကြခြင်းဖြစ်ပေသည်။

ဤနေရာတွင် အချက်တစ်ချက်နှင့် ပက်ပင်းဆုံရပါသည်။

ကျွန်ုပ်တို့က စက္ခုအာရုံခန်းဟုခေါ်သည့်နေရာသည်၊ အဆီ၊ ပရိုတင်းနှင့် အာရုံကြောများ စုပေါင်းထားသောအရာသာလျှင် ဖြစ်ပေသည်။ ရောက်ရှိလာသော လျှပ်စစ်အချက်ပြလှိုင်းများကို လက်ခံအဓိပ္ပါယ်ဖော်နိုင်သည့် ပင်ကိုအစွမ်းသတ္တိမရှိပေ။ သို့ဖြစ်ပါက၊ **မှောင်မိုက်နေသည့် ဦးနှောက်တွင် မျက်စိမလိုအပ်ဘဲ လျှပ်စစ်အချက်ပြလှိုင်းများကို ကြည့်သူသည် မည်သူဖြစ်ပါသနည်း။**

ဤအချက်ပင်လျှင်၊ ကိစ္စအဝဝအရာခပ်သိမ်းကို အခြေခံဒြပ်ဝတ္ထုပစ္စည်းဖြင့် ရှင်းပြရန်ကြိုးစားသည့် ရုပ်ဝါဒက ဘယ်သောအခါမှ သဘောမပေါက်နိုင်သည့်အရာ ဖြစ်ပေသည်။ ရုပ်ဝါဒီတို့အား အမှောင်တွင်းသို့ ခေါ်ဆောင်သွားသည့်အချက်သည်လည်း၊ **လူအများအားဖြင့် သဘောမပေါက်နိုင်သည့်အချက်** ဖြစ်နေပေသည်။ မှောင်မိုက်နေသော ကျွန်ုပ်တို့၏ဦးနှောက်ထဲတွင်၊ မျက်စိမလိုအပ်ဘဲ အကောင်းဆုံးရုပ်မြင်သံကြားမှန်ကားချပ်ပေါ်တွင် ပြထားသည့် ပုံထက်ပိုမိုပြတ်သားကြည်လင်၍ မူလပစ္စည်းနှင့်ခွဲခြား၍မရနိုင်လောက်အောင်တူသည့် သုံးဘက်တန်စားပွဲပုံကို တွေ့မြင်နိုင်သည့် ဝေနေယျတစ်မျိုး ရှိနေပါသည်။

ထိုဝေနေယျသည် စက္ခုအာရုံဖြင့် ကြည်လင်ပြတ်သားသောပုံရိပ်ကို တွေ့မြင်နိုင်ပေသည်။ ယင်းအရည်အချင်းသည် အလ္လာဟ်အရှင်မြတ်၏ “မှုတ်သွင်းထားသောဝိညာဉ်”၏အကျိုးရလာဒ်များအတွင်းမှ တစ်ခုဖြစ်ချေသည်။ ထို့အတူ ယင်းအရည်အချင်းသည် လူသားနှင့် တိရစ္ဆာန်အပါအဝင် အခြားသောသက်ရှိသက်မဲ့များ၏ကွဲပြားခြားနားစေသောအကြောင်းအရာများစွာအတွင်းမှ အကြောင်းတစ်ခုလည်းဖြစ်သည်။

ကုရ်အာန်ကျမ်းတော်မြတ် စူရာအလ်ဟဂျရ်(၁၅း၂၈–၃၀)တွင်၊ လူသားကို ဖန်ဆင်းချိန်၌ “ဝိညာဉ်”ကို ထည့်သွင်းပေးလိုက်ကြောင်း အောက်ပါအဓိပ္ပါယ်အတိုင်း မိန့်ဆိုထားတော်မူ၏။

**ဇင်းပြင် အခါတစ်ပါး၌ အသင့်အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် “မလာအေကာ”ကောင်းကင်တမန်တို့အား (ဤသို့)မိန့်ကြားတော်မူခဲ့လေသည်။ ဧကန်အမှန် ငါအရှင်မြတ်သည် လူသားကို ပုံသွင်းပြီးဖြစ်သော အသံမြည်သောရွှံ့ပုပ်ခြောက်ဖြင့် ဖန်ဆင်းတော်မူမည် ဖြစ်ပေသည်။**

**တစ်ဖန် ငါအရှင်မြတ်သည် (လူသား၏) ထိုမြေရုပ်ကို စနစ်တကျပြီးစီးအောင်ပြုလုပ်(ဖန်ဆင်း)တော်မူ၍ ယင်း(မြေရုပ်တွင်း)၌ မိမိအထံတော်မှ အသက်ဇီဝိန်ကို မှုတ်သွင်းတော်မူလိုက်သောအခါ အသင်တို့သည် ထိုလူသား၏ရှေ့မှောက်တွင် ပျပ်ဝပ်ဦးချကြလေကုန်။**

**သို့ဖြစ်ပေရာ “မလာအိကဟ်”ကောင်းကင်တမန်အပေါင်းတို့သည် အားလုံးပင် အသီးသီး စဂျဒဟ်ပျပ်ဝပ် ဦးချခဲ့ကြလေသည်။**

## မူလပုံစံနှင့် ကွဲပြားမှုမရှိခြင်း

### Copies Indistinguishable from the Originals

ထိုဝိညာဉ်က လက်ခံရရှိသော အချက်အလက်တို့သည် နကိုမူလနှင့်ကွဲပြားခြားနားမှုမရှိခြင်းပင်ဖြစ်ပေသည်။ မူလဒြပ်ဝတ္ထုပစ္စည်းနှင့် တိုက်ရိုက်ပတ်သက်ခြင်းမရှိဘဲ ဦးနှောက်သို့ရောက်လာသောလျှပ်စစ်အချက်ပြလှိုင်းများမှ ရောင်စုံပုံစံအမျိုးမျိုးနှင့် ပျော့ပျောင်းခြင်း မာကျောခြင်း စသည်တိုကို နကိုမူလအတိုင်းတွေ့မြင်သိရှိခြင်းပင် အလွန်ထူးဆန်းအံ့ဩဖွယ်ကောင်းသည့်အချက်ဖြစ်သည်။

ဥပမာ၊ ဧမြကြည်လင်သောပင်လယ်ပြင်တွင် ရေကူးနေသူသည် အမှန်အားဖြင့် အံ့ဖွယ်မခန်းအဖြစ်တွင် ရောက်ရှိနေပေသည်။ ထိုသူသည် ရေထဲတွင် ကူးခတ်နေသည်ဟု ထင်နေသည်။ သို့သော်လည်း သူသည်မည်သည့်အခါမှ သူ၏မှောင်မိုက်နေသောဦးနှောက်မှ ထွက်လာခြင်း မရှိပေ။ ရေထဲသို့စတင်ဝင်ရောက်သည့်အချိန်သမယမှစတင်၍၊ သူ၏ကိုယ်ခန္ဓာအရေပြားပေါ်တွင် လာရောက်ထိတွေ့သည့်လှုံ့ဆော်မှုများကို ဆဲလ်များက လျှပ်စစ်အချက်ပြလှိုင်းများအဖြစ်ပြောင်းလဲလိုက်ပြီး အာရုံကြောများမှတစ်ဆင့် ဦးနှောက်သို့ပို့လိုက်သည်။ ဝိညာဉ်သည် ရေထဲတွင် ကူးခတ်မည့်ခြေလက်များနှင့် ရေစိုခြင်းမရှိသော်လည်း၊ သူ့ကို ဧမြသောရေ ထိတွေ့နေသည်၊ သူ့အား ရေပေါ်သို့ပေါလောပေါ်စေသည်ဟု ထူးဆန်းစွာခံစားနေရသည်။

သို့သော်လည်း ထိုသူသည် ပင်လယ်ရေ၏အရောင်အဆင်း၊ အပူရှိန်၊ ရေလှိုင်းများ၏အသံ စသည်တို့နှင့် တိုက်ရိုက်ထိတွေ့ကြုံတွေ့ခြင်းမရှိချေ။ ၎င်းတို့အားလုံးသည် သူ၏ဦးနှောက်တွင် လက်ခံ ခံစားနေခြင်းသာ ဖြစ်ပေသည်။ **လူတစ်ယောက်သည်၊ သူ၏ ကိုယ်ခန္ဓာနှင့်ပင်ဆက်စပ်မှုမရှိပေ။** သို့သော်လည်း ကိုယ်ခန္ဓာတွင်းရှိ ဦးနှောက်သို့ရောက်လာသည့် လျှပ်စစ်အချက်ပြလှိုင်းများကို အဓိပ္ပါယ်ဖေါ်နေခြင်းသာ ဖြစ်ပေသည်။ ဤအံ့ဖွယ်အမှန်တရားကို ကျောင်းသုံးစာအုပ်များတွင် ရေးသားထား၍ ကျောင်းနှင့်တက္ကသိုလ်အတန်းများတွင် သင်ကြားနေကြသော်လည်း၊ လူအများအားဖြင့် သတိထားမိခြင်းမရှိကြပေ။ သတိမူမိသူတို့သည်လည်း အများအားဖြင့် နားလည်သဘောပေါက်ခြင်း မရှိကြချေ။

## ရုပ်ဝါဒီတို့က အမှန်တရားကို သဘောပေါက်ရန် ကြောက်ရွံ့ကြသည်

### The Reality that Materialists are Afraid to Understand

ထူးဆန်း၍ စိတ်လှုပ်ရှားဖွယ်ကောင်းသော သိရှိခြင်းဖြင့်၊ ဤကမ္ဘာပေါ်ရှိ ရုပ်ဝတ္ထုများဖြစ်သည့်–အိမ်၊ ပိုင်ဆိုင်ထားသည့်ပစ္စည်းများ၊ ဇနီးခင်ပွန်းသားသမီးများ၊ မိဘနှင့်မိတ်သင်္ဂဟအပေါင်းအဖေါ်များ–စသည်တို့သည် သင်၏မှောင်မိုက်လျက်ရှိသောဦးနှောက်တွင် ပုံရိပ်များအဖြစ် လက်ခံသိရှိထားခြင်းသာ ဖြစ်ပေသည်။ အသင်သည်၊ သင်၏ဦးနှောက်တွင်းသို့ လျှပ်စစ်အချက်ပြလှိုင်းများအဖြစ်ရောက်လာသောပုံရိပ်များကိုသာ သိမြင်နေရသည်၊ ပြင်ပရှိအရာများပစ္စည်းများကို တိုက်ရိုက်မမြင်ရမထိတွေ့ရ၊ ပြင်ပသို့မထွက်လာခဲ့ရဘဲ ထိုကျဉ်းမြောင်းလှသောအခန်းကလေးတွင်သာ နေနေရသည်ဟု မည်သည့်အခါများ တွေးတောမိခြင်းရှိပါသလား။

ဝိညာဉ်ရှိခြင်းကို ငြင်းဆို၍၊ ဒြပ်ဝတ္ထုသည်သာလျှင် လုံးဝဥဿုံပရမတ်ဖြစ်သည်ဟု ယုံကြည်သူ ရုပ်ဝါဒီတို့က ဤထင်ရှားပေါ်လွင်သော အမှန်တရားကို လက်ခံပါက၊ **သူတို့၏ဘဝကိုတည်ဆောက်ထားသောအခြေခံမူဝါဒနှင့်ပန်းတိုင်များကို အားဖယ်စွန့်ပစ်လိုက်ရမည်။** ဤအံ့ဖွယ်ကိစ္စကြောင့် ဒေါသချောင်းချောင်းထွက်လာသဖြင့်၊ မတတ်သာသည့်အဆုံးတွင် ထင်ရှားနေပြီးသားအမှန်တရားကို မရှုပ်ရှုပ်အောင် မဆီမလျော်သည့်တင်ပြချက်များဖြင့် တိုက်ဖျက်ရန်ကြိုးပမ်းကြလေသည်။ အချို့ရုပ်ဝါဒီတို့က ဒြပ်ဝတ္ထုပစ္စည်းသည် ခံစားမှုသာမဟုတ်ကြောင်း မိမိကိုယ်ကို အရှုံသွင်းရန်အတွက်၊ စားပွဲကိုလက်သီးဖြင့်ထုထောင်းခြင်း၊ အုတ်နံရံကိုခြေထောက်ဖြင့် ကန်ကျောက်ခြင်း ပြုကြသည်။ **အချို့ရုပ်ဝါဒီတို့က၊ တစ်ဦးတစ်ယောက်ကို ဘတ်စ်ကားတိုက်ခြင်းသည်၊ ဓမ္မဒိဋ္ဌာန်ကျကျ "မှန်ကန်သည်"** ဟု တင်ပြကြသည်။ သူတို့က ဘတ်စ်ကား

တိုက်မိခြင်းမှဆောင့်အားကြောင့် နာကျင်ခြင်းသည် ဦးနှောက်တွင်းအာရုံခံစားမှုသာဖြစ်၍ ကားတိုက်ခံရသူသည် ဘတ်စ်ကားနှင့်တိုက်ရိုက်ထိတွေ့မှုမရှိဟူသောအချက်မှရှောင်ထွက်လို့ကြသည်။ နောက်တစ်ချက်မှာ **ဘတ်စ်ကား၏ဆောင့် အားကို မှောင်မိုက်လျက်ရှိသောဦးနှောက်တွင်၊ လူသား၏ဝိညာဉ်က ခံစားခြင်းဖြစ်သည်။**



ဤကမ္ဘာပေါ်ရှိ အသင်သိရှိထားသောရုပ်ပစ္စည်းများအားလုံး–သင်၏အိမ်၊ သင်ပိုင်ပစ္စည်းများ၊ သင်၏ဇနီးခင်ပွန်းသားသမီးများ၊ သင်၏မိဘများနှင့်အပေါင်းအဖေါ်များ–တို့သည်၊ သင်၏ဦးခေါင်းတွင်းမှောက်မိုက်နေသောအခန်းရှိ ဦးနှောက်ထဲတွင် ပုံရိပ်များအဖြစ်သာ ခံစားရခြင်းဖြစ်ကြောင်း တစ်ကြိမ်တစ်ခါလောက်များ တွေးကြည့်ဘူးပါသလား။

## ရုပ်ဝါဒီတို့သည် သမိုင်း၏ထောင်ချောက်တွင်း၌ မိနေကြလေပြီ
## Materialists Have Fallen into The Trap in History

ရုပ်ဝါဒသည် လူ့သမိုင်းတစ်လျှောက်လုံးတွင် ရှိခဲ့လေသည်။ မိမိကိုယ်နှင့် မိမိတို့၏အတွေးအခေါ်တွင်ယုံကြည်စိတ်ချလျက်ရှိခဲ့ကြရင်း၊ ၎င်းတို့၏ ဖန်ဆင်းရှင်ကို ငြင်းပယ်ပုန်ကန်ခဲ့ကြလေသည်။ ဒြပ်ပစ္စည်းသည် အစမရှိအဆုံးလည်းမရှိသဖြင့် ယင်းကိုဖန်ဆင်းသူလည်းမရှိနိုင်ဟု လက်ခံယုံကြည်ထားကြသည်။ သူတို့၏မောက်မာမှုကပင် သူတို့ကိုဖန်ဆင်းပျိုးထောင်တော်မူသောအလ္လာဟ်အရှင်မြတ်ကို ငြင်းပယ်၍ ဒြပ်ပစ္စည်း “အမှန်တကယ်” ရှိသည်ဟု ဒြပ်ဝတ္ထုပစ္စည်းတွင်သာလျှင်သက်ဝင်ယုံကြည်ကိုးစားကြ၏။ မောက်မာသောစိတ်ဓါတ်ဖြင့် ဖန်ဆင်းရှင်အား ငြင်းပယ်သည့်သူတို့၏ယုံကြည်ချက်ကို ပယ်ဖျက်နိုင်လောက်သည့် ရှင်းလင်းတင်ပြချက်များ မည်သည့်အခါမျှ ပေါ်လာနိုင်မည်မဟုတ်ဟု အခိုင်အမာယုံကြည်ခဲ့ကြလေသည်။ ချက်ချင်းလက်ငင်းပင် သူတို့၏ဘဝအခြေခံထားသောအချက်ကို ဖျက်ဆီးပစ်လိုက်သဖြင့် နောက်ထပ်ဆွေးနွေးတင်ပြနေရန်အကြောင်း မရှိတော့ချေ။ သူတို့မျက်စိမှိတ်၍ စိတ်ချလက်ချယုံကြည်ထားသော ရုပ်လောကို ရုတ်သိမ်းလိုက်သည်ကို တွေ့မြင်ကြရပေသော်လည်း မည်သို့မျှမတတ်နိုင်ကြချေ။ **လူသားသည် ဒြပ်ပစ္စည်းအစစ်အမှန်ကို တိုက်ရိုက်မြင်နိုင်ခြင်းမရှိ၊ အသံများကို တိုက်ရိုက်ကြားနိုင်ခြင်းမရှိ၊ အနံ့အစစ်အမှန်များကို တိုက်ရိုက်ရှူနိုင်ခြင်းမရှိ ဖြစ်နေလျှင်၊ ကျွန်ုပ်တို့က ရုပ်ဝါဒကို မည်သို့ထပ်မံ ပြောဆိုဆွေးနွေးနေစရာ ကျန်နေပါသေးသနည်း။**

အလ္လာဟ်အရှင်မြတ်၏ဂုဏ်တော် ပင်ကိုအရည်အချင်းများအနက်၊ အရှင်မြတ်အားမယုံကြည်သူတို့ကို လျှို့ဝှက်ကြံစည်ခြင်းဖြစ်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ် စူရာ အလ်အန်

ဖါလ် ၈း၃၀ တွင်“၎င်းတို့သည် လျှို့ဝှက်ကြံစည်လျက်ရှိကြ၏။ အလ္လာဟ်အရှင်မြတ် သည်လည်း လျှို့ဝှက်ကြံစည်၏။ **စင်စစ်တမူကား အလ္လာဟ်အရှင်မြတ်သည် အကောင်းဆုံးကြံစည်နိုင်တော်မူသောအရှင်မြတ်ပင်ဖြစ်တော်မူသတည်း။**”ဟု ဖေါ်ပြထားပေသည်။

ဒြပ်ဝတ္ထုပစ္စည်းအမှန်တကယ်တည်ရှိသည်ဟု ရုပ်ဝါဒီတို့ယုံကြည်အောင် အလ္လာဟ်အရှင်မြတ်က ဖန်တီးထားကာ သွယ်ဝိုက်၍မတွေ့မမြင်ရသောဘက်မှနေ၍ ၎င်းတို့အားအရှက်ခွဲလေသည်။ ရုပ်ဝါဒီတို့သည် သူတို့ပိုင်ဆိုင်သောဥစ္စာဓနများ၊ ရာထူးရာခံများ၊ အသင်းအပင်း အသိုင်းအဝိုင်းများ၊ တကမ္ဘာလုံးနှင့်အတူ အရာခပ်သိမ်းသည် အမှန်တကယ်ရှိသောအရာများအဖြစ် ယုံကြည်ကြသဖြင့်၊ သူတို့၏မောက်မာကြွားဝါမှုများဖြင့် အလ္လာဟ်အရှင်မြတ်ကိုပုန်ကန်ကြသည်။

## “မစဉ်းစားနဲ့၊ မင်းတို့ ယုံကြည်သွားကြလိမ့်မယ်” ဟု သူ၏ရဲဘော်များကို အမိန့်ပေးခဲ့သည်။

ကျွန်ုပ်တို့နှင့်ဆက်စပ်နေသည့်ကမ္ဘာလောကသည် ဒြပ်ဝတ္ထုပစ္စည်းများသာ ပါဝင်ဖွဲ့စည်းနေသည်မဟုတ်ဘဲ၊ အာရုံခံစားမှုလည်း ပါဝင်လျက်ရှိသည်။ ဤအချက်က ရုပ်ဝါဒအတွေးအခေါ်ကို အခြေခံကစပြီးထိုးနှက်ချေဖျက်လိုက်သဖြင့်၊ ရုပ်ဝါဒီတို့မှာ နေမထိထိုင်မသာဖြစ်ကြကာ ဤအချက်ကို မစဉ်းစားရဲကြတော့သည့်အပြင်၊ သူတို့၏ရဲဘော်ရဲဘက်များကိုလည်း မစဉ်းစားရန် ပိတ်ပင်ကြသည်။ ၎င်းတို့အနက် အကြီးအကဲမှာ လီနင်ဖြစ်သည်။ လွန်ခဲ့သည့် နှစ်တစ်ရာလောက်က သူရေးသားသော *Materialism and Empirio-Criticism* ဟူသည့်စာအုပ်တွင်၊ ရုပ်ဝါဒီတို့သည် ဤအချက်နှင့်ပတ်သက်၍ မစဉ်းစားသင့်ကြောင်း၊ သို့မဟုတ်ပါက ဘာသာရေးတွင် မိနေကြလိမ့်မည်ဟု ရေးထားသည်။



> အသင်သည် ဓမ္မဒိဋ္ဌာန်ကျသော အမှန်တရားကို ငြင်းပယ်လိုက်သည်နှင့်တစ်ပြိုင်တည်း၊ ယုံကြည်မှုတွင်သာမူတည်ခြင်းကို တိုက်ခိုက်သည့်လက်နက်ဆုံးရှုံးသွားလေပြီ။ အသင်သည် သံသယရှိခြင်း (ဝါ)အသိအမြင်ဟူသမျှသည် ခံစားမှုပေါ်တွင် အခြေခံသည်ဟု ယုံကြည်သောအတွေးအမြင် (အဇ္ဈတ္တိကဝါဒ)သို့ လွဲချော်သွားလေပြီ။ ၎က်က လေးခမျာ လက်သည်းတစ်ချောင်းတည်းဖြင့် အမိဖမ်းခံရရှာပြီ။ ကျွန်ုပ်တို့၏ မာချ်ဝါဒီတို့ (ခေတ်သစ်ယထာဘူတဝါဒကို တွေးခေါ်တီထွင်သူ ဩစတြီးယားလူမျိုးအတွေးအခေါ်ရှင် မာချ်၏နောက်လိုက်သားများ)က အတွေးအမြင်ပဓါနအခြေပြုဝါဒ(ဝိဉာဏဝါဒ)တွင် မိသွားကြတယ်။ သူတို့က “စိတ်အာရုံတွင် ခံစားရခြင်း”ကို ပြင်ပကမ္ဘာ၏ပုံတူမဟုတ်ဘဲ သီးခြား“အရိပ်လက္ခဏာအင်အားစု”ဖြစ်သည်ဟု ယုံသွားကြတယ်။ ဘယ်သူ့စိတ်အာရုံမဟုတ်ဘူး၊ ဘယ်သူ့စိတ်မှမဟုတ်ဘူး၊ ဘယ်သူ့ဝိညာဉ်မှမဟုတ်ဘူး၊ ဘယ်သူ့စိတ်အင်အားမှလဲ မဟုတ်ဘူး။[၁]

ဤစာပိုဒ်က၊ ရုပ်ဝါဒီတို့အနေဖြင့် “ဒြပ်ပစ္စည်း၏သဘာဝအစစ်အမှန်”နှင့်ပတ်သက်၍၊ ဘာမှမပြောမဝေဖန်နိုင်တော့သဖြင့်၊ မစဉ်းစားဘဲ အသာဘေးဖယ်ထားလိုက်ရန်သာ တတ်နိုင်ကြတော့ကြောင်း ပြဆိုလျက်ရှိ၏။ ရုပ်ဝါဒစိတ်ကူးယဉ်သည် လူတို့၏ မိမိကိုယ်ကို လှည့်စားခြင်းမှ ဆင်းသက်လာခြင်းသာဖြစ်ကြောင်း ထင်ရှားနေပေသည်။

1. (V.I. Lenin, *Materialism and Empirio-criticism*, Progress Publications, Moscow, 1970, pp. 334-336)

သူတို့၏မောက်မာကြွားဝါမှုများဖြင့် အလ္လာဟ်အရှင်မြတ်ကိုပုန်ကန်ခြင်း၌ ဒြပ်ဝတ္ထုပစ္စည်းတွင် ယုံကြည်မှုကထပ်မံ၍ဖြည့်တင်းလိုက်ကြသည်။ ထိုသို့ပြုကျင့်ရာတွင် သူတို့သည် ဒြပ်ဝတ္ထုပစ္စည်းကိုသာလျှင် တင်းပြည့်ကျပ်ပြည့် အားကိုးအားထားပြုကြလေရာ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ဝိုင်းဝန်းလျက်ရှိနေခြင်းကို နားလည်သဘောပေါက်ခြင်းမရှိကြချေ။ ၎င်းတို့၏ခေါင်းမာမှုကပင် မယုံကြည်သူတို့၏ဘဝကို ဦးဆောင်လျက်ရှိကြောင်း ကုရ်အာန်ကျမ်းတော်မြတ် စူရာအလ်တူရ် ၅၂း၄၂ တွင်မိန့်ဆိုထားပေသည်။ **သို့တည်းမဟုတ် ၎င်းတို့သည် တစ်စုံတစ်ရာမကောင်းကြံစည်ရန် ရည်ရွယ်ကြလေသလော။ သို့ဖြစ်လျှင် 'ကာဖိရ်' သွေဖည်ငြင်းပယ်ကြကုန်သောသူတို့သည်ပင်လျှင် မကောင်းသော အကြံအစည်၌ မိနေကြကုန်၏။** ဤတစ်ကြိမ်သည်သမိုင်းတွင် သူတို့အတွက်အကြီးကျယ်ဆုံးသော ကျဆုံးမှုပင် ဖြစ်ပေလိမ့်မည်။ သူတို့၏မောက်မာမှုကြီးမားလာသည်နှင့်အမျှ အလ္လာဟ်အရှင်မြတ်ကိုဆန့်ကျင်တိုက်ခိုက်ရာတွင် ကြီးကျယ်ဆိုးရွားမှုများတီထွင်ဆောင်ကျင်းလာကြလေအောင် လှည့်ဖြားခံရရင်း ပြင်းထန်သောရှုံးနိမ့်ခြင်းနှင့် ကြုံတွေ့ကြရပေသည်။

နောက်ထပ် စူရာအန်နူးရ်(၂၄း၃၉) တွင် **"သို့ရာတွင် ကာဖိရ် မယုံမကြည်သွေဖည်ငြင်းပယ်သောသူတို့သည် ၎င်းတို့၏ပြုကျင့်မှုတို့မှာမူကား သဲသောင်ပြင်၌ရှိသော တံလျှပ်ပမာဖြစ်ပေရာ ရေမွတ်သိပ်သောသူတို့သည် ထိုလင်းလျှပ်ကိုပင် ရေဟူ၍ထင်မှတ်လေသည်။ နောက်ဆုံးတွင်၎င်းသည် ထိုတံလျှပ်အနီးသို့ရောက်လတ်သော် တစ်စုံတစ်ရာမျှမတွေ့ရချေ။"** ဟု ဖေါ်ပြထား၏။ ရုပ်ဝါဒသည်လည်း ဤအာယသ်တော်တွင်ပြဆိုထားသကဲ့သို့ ထိုပုန်ကန်သူများအတွက် (တံလှပ်)"တံလျှပ်"သာလျှင်ဖြစ်ချေတော့သည်။ သူတို့အားကိုးအားထားပြုသော ရုပ်ဝါဒသည်လည်း တံလှပ်ကဲ့သို့ စိတ်ကူးယဉ်ထဲ၌သာ ကျန်ရစ်နေတော့သည်။ အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့ကို တံလှပ်ကဲ့သို့သော အရိပ်အယောင်များဖြင့်လှည့်စားခဲ့ချေပြီ။

ဂုဏ်သရေရှိနာမည်ကျော်ပါမောက္ခများ၊ နက္ခတ္တဗေဒပညာရှင်များ၊ ဇီဝဗေဒပညာရှင်များ၊ ရူပဗေဒပညာရှင်များနှင့်အခြားအခြားသောနာမည်ကြီးများက သူတို့၏ရာထူးဌာန္တရတွေကိုပင် မအားနာတော့ဘဲ သွေးဆောင်လှည့်ဖြားခြင်းခံရင်း မရှက်မကြောက် ဒြပ်ဝတ္ထုပစ္စည်းကိုဘုရားအဖြစ်ကိုးကွယ်ဆည်းကပ်ကြသည်။ ပုံရိပ်များကို စုပေါင်း၍ ပရမတ်အဖြစ်သတ်မှတ်ကာ ယင်းတို့အပေါ်အခြေခံပြီး အတွေးအခေါ်အမျိုးမျိုး သီအိုရီအမျိုးမျိုးချမှတ်ကြသည်။ ထိုသီအိုရီများကို အကြီးအကျယ်ငြင်းခုံဆွေးနွေးကြပြန်သည်။ မိမိကိုယ်ကို ပညာဉာဏ် အင်မတန်မြင့်မားသည်ဟုထင်မှတ်ပြီး ထာဝရဘုရားသခင်(အလ္လာဟ်အရှင်မြတ်)နှင့်ပတ်သက်၍ ပညာရှင်ဆွေးနွေးငြင်းခုံခြင်းပြုကြသည်။ အလ္လာဟ်အရှင်မြတ်က ထိုသူတို့နှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ် စူရာအာလေ့အီမ်ရာန် (၃း၅၄)တွင် **"ယင်းသူတို့သည်လည်း လိမ္မာပါးနပ်စွာ ကြံစည်ခဲ့ကြ၏။ အလ္လာဟ်အရှင်မြတ်သည်လည်း ပရိယာယ်ဝေဝုစ်ဖြင့်ပင်ကြံဆောင်တော်မူခဲ့လေသည်။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် ပရိယာယ်ဝေဝုစ်ဖြင့် ကြံဆောင်သူများထက် အကောင်းဆုံးကြံဆောင်တော်မူနိုင်သော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။"** ဟု မိန့်ဆိုထားတော်မူ၏။

အချို့သောပရိယာယ်ကြံစည်မှုများမှ လွတ်မြောက်နိုင်ပါလိမ့်မည်။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်က ကာဖိရ်များနှင့်ပတ်သက်၍ ကြံစည်သောပရိယာယ်ဝေဝုစ်ကိုမူ ရှောင်တိမ်းနိုင်မည်မဟုတ်ပေ။ အလ္လာဟ်အရှင်မြတ်မှလွဲ၍ သူတို့ကမည်သူ၏ကူညီစောင်မမှုကိုမျှ ရှာတွေ့နိုင်ကြမည်မဟုတ်ပေ။ ကုရ်အာန်ကျမ်းတော်မြတ် စူရာအန်နီဆာအ် (၄း၁၇၃)တွင်၊ **"၎င်းပြင် ထိုသူတို့သည် မိမိတို့အဘို့ အလ္လာဟ်အရှင်မြတ်မှတပါး အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ အဆွေခင်ပွန်းအဖြစ်နှင့်၎င်း၊ ကူညီစောင်မမည့်သူအဖြစ်၎င်း၊ တွေ့ရှိကြရမည်မဟုတ်ချေ။"** ဟု မိန့်တော်မူထား၏။

ရုပ်ဝါဒီတို့က၊ ဤအချက်သည် သူတို့ကို အလ္လာဟ်အရှင်မြတ်၌သာ လွှတ်ထားလိုက်ပြီဖြစ်ကြောင်းသတိရလာသည့်အခါတွင် သူတို့၏ယုံကြည်ချက်အတွက် အဆိုးဆုံးအခြေအနေဖြစ်

နေကြောင်းကို သိရှိကြလေသည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်သည် သူတို့ကိုရော အရာခပ်သိမ်းကိုပါ ဝန်းရံလွှမ်းခြုံနေကြောင်း သဘောပေါက်လာကြတော့သည်။

ကုရ်အာန်ကျမ်းတော်မြတ်တွင် အလ္လာဟ်အရှင်မြတ်က ကျွန်ုပ်တို့လူသားများအားလုံးသည်၊ အရှင်မြတ်ရှေ့တော်မှောက်တွင် မည်သူ၏ကူညီစောင်မမှုကိုမျှမရှိဘဲ အထည်းတည်းဘဝတွင် ရှိနေကြကြောင်း သတိပေးထားတော်မူ၏။

(အိုး–နဗီတမန်တော်) **အသင်သည် ငါအရှင်မြတ်အားလည်းကောင်း၊ အကြင်သူအားလည်းကောင်း၊ လွှတ်ထားပါလေ။ ငါအရှင်မြတ်သည် ၎င်းအားတစ်ဦးတည်း ဖန်ဆင်းတော်မူ၏။** (စူရာအလ်မုဒတ်စိရ် ၇၄း၁၁)

ဤအကြောင်းနှင့်ပတ်သက်၍ အခြားကုရ်အာန်အာယသ်တော်အမြောက်အမြားတွင်လည်း၊ ထပ်မံဖေါ်ပြထားတော်မူသည်။

**၎င်းပြင် အသင်တို့သည် ငါအရှင်မြတ်အထံတော်သို့ ပထမမူလက ငါအရှင်မြတ် အသင်တို့အား ဖန်ဆင်းတော်မူသည့်အတိုင်းပင် တယောက်စီ၊ တယောက်စီ လာကြလေပြီ။ ၎င်းပြင် အသင်တို့သည် ငါအရှင်မြတ်က အသင်တို့အား ချီးမြှင့်ပေးသနားတော် မူခဲ့သည့် (ဥစ္စာပစ္စည်း)များကိုလည်း မိမိတို့နောက်တွင် စွန့်ထားခဲ့ကြလေပြီ။** (စူရာ အလ်မာအေ့ဒဟ် ၆း၉၄)

**စင်စစ် ၎င်းတို့အနက် အသီးသီးတို့သည် ထိုအရှင်မြတ်အထံတော်သို့ ကိယာမတ်ရှင်ပြန်ထမည့်နေ့တွင် တစ်ဦးချင်း လာရောက်ရမည့်သူများသာလျှင် ဖြစ်ကြကုန်သတည်း။** (စူရာမရ်ယာမ် ၁၉း၉၅)

နောက်တစ်နည်းအဓိပ္ပါယ်ကောက်သော်၊ ဤကုရ်အာန်အာယသ်တော်များက ဒြပ်ဝတ္ထုကို သူတို့၏ဘုရားအဖြစ်ကိုးကွယ်ယုံကြည်သူတို့သည် အလ္လာဟ်အရှင်မြတ်ထံတော်မှ လာခဲ့ကြသဖြင့် အရှင်မြတ်ထံတော်သို့သာလျှင် ပြန်သွားကြရမည်သာ ဖြစ်သည်။ သူတို့သည် မိမိတို့အလိုရှိသည်ဖြစ်စေ မရှိသည်ဘဲဖြစ်စေ အလ္လာဟ်အရှင်မြတ်ထံတော်သို့ အပ်နှင်းကြရမည်သာ ဖြစ်ပေသည်။ ယ္ခုအချိန်တွင်–သူတို့ကသဘောမပေါက်လိုကြသေးသော်လည်း–မိမိပြုကျင့်ခဲ့သမျှကို ဖြေကြားရန် သူတို့ကို ဆင့်ခေါ်မည့် ကေယာမတ်(နောက်ဆုံးတရားစီရင်မည့်)နေ့ကို စောင့်ဆိုင်းနေကြသည်။

# အီဗိုလူးရှင်း လိမ်လည်လှည့်ဖြားမှု

## The Evolution Deception

ဤစကြာဝဠာရှိ အသေးစိတ်အရာခပ်သိမ်းတို့သည် သာလွန်ကြီးကျယ်မြင့်မြတ်တော်မူသောဖန်ဆင်းရှင်ကို ညွှန်ပြလျက်ရှိသည်။ ဆန့်ကျင်ဘက်အဖြစ်၊ စကြာဝဠာသည် ဖန်ဆင်းခြင်းဖြစ်သည်ဟူသောအချက်ကို ငြင်းပယ်သည့် ရုပ်ဝါဒသည် သိပ္ပံနည်းမကျသော မှားယွင်းမှုတစ်ခုဖြစ်သည်။

ရုပ်ဝါဒသည် တရားမဝင်ပျက်ပြယ်သွားသည်နှင့်တပြိုင်တည်း၊ ၎င်းပေါ်တွင်အခြေခံသော အတွေးအခေါ်အားလုံးတို့သည်လည်း အခြေခံမှုမရှိဘဲ ပျက်ပြယ်သွားပေသည်။ ထိုအတွေးအခေါ်များအနက် ဒါဝင်ဝါဒသည် ဦးဆုံးထိပ်ဆုံးတွင် ပါဝင်ပေသည်။ အသက်ဟူသည် သက်မဲ့ဒြပ်ဝတ္ထုပစ္စည်းမှ အလိုလိုမတော်တဆဖြစ်ပေါ်လာသည်ဟူသော ဤသီအိုရီသည်၊ အလ္လာဟ်အရှင်မြတ်က စကြာဝဠာတစ်ခုလုံးကို ဖန်ဆင်းသည်ဟု အသိအမှတ်ပြုသည်နှင့်အတူ ပျက်ပြယ်သွားသည်။ နက္ခတ္တရူပဗေဒပညာရှင် အမေရိကန်လူမျိုး ဟတ်ဂ်ရော့စ်က ဤကိစ္စကို အောက်ပါအတိုင်း ရှင်းပြထား၏။

> ၁၈–ရာစုနှစ်အတွင်း ပေါ်ပေါက်လာခဲ့သည့် ဘုရားမဲ့ဝါဒ၊ ဒါဝင်ဝါဒနှင့် အခြားအလားတူ "အစ်ဇင်း–ဝါဒ"အားလုံးတို့သည်၊ စကြာဝဠာသည်အဆုံးမရှိဟူသော မှားယွင်းသောထင်မြင်ယူဆချက်အပေါ်တွင် တည်ဆောက်ခဲ့ကြခြင်း ဖြစ်သည်။ အသက်ရှင်ခြင်းအပါအဝင် သူမတူထူးခြားသောလက္ခဏာအရည်အချင်းရှိခြင်းနှင့် စကြာဝဠာတစ်ခုလုံး၏ပြင်ပအပြင်၊ စကြာဝဠာမရှိမီအချိန်က အဖြစ်များ၊ ဖြစ်စေခြင်း ဖြစ်စေသူ စသည့်အကြောင်းတရားများက ကျွန်ုပ်တို့၏ မျက်မှောက်တွင် ဘွင်းဘွင်းကြီး ဖေါ်ပြနေပေသည်။[၁၂၅]

စကြာဝဠာတစ်ခုလုံးကို အလွန်သေးငယ်သောအသေးစိတ်အထိ ပုံစံချ၍ဖန်ဆင်းသူသည် အလ္လာဟ်အရှင်မြတ်ပင်ဖြစ်သည်။ ထို့ကြောင့် အီဗိုလူးရှင်းသီအိုရီ၏အဆိုဖြစ်သည့် သက်ရှိအရာများသည် မတော်တဆကြုံကြိုက်၍ သူ့အလိုလိုဖြစ်ပေါ်လာသည်ဟူသောအဆိုမှာ မှန်ကန်ဖွယ်ရာအကြောင်း မရှိချေ။

အီဗိုလူးရှင်းသီအိုရီကို လေ့လာကြည့်သောအခါ၊ ခေတ်သစ်သိပ္ပံပညာတွေ့ရှိချက်များက မမှန်ကန်ကြောင်း လူသိရှင်ကြား စွတ်စွဲရှုတ်ချလိုက်သည်မှာ အံ့သြဖွယ်ရာမရှိပေ။ သက်ရှိပစ္စည်းတို့၏ တည်ဆောက်မှုပုံစံက အင်မတန်ရှုပ်ထွေး၍ သိသိသာသာထင်ရှားလျက်ရှိသည်။ သက်မဲ့ပစ္စည်းများတွင် အင်မတန်အထိမခံအောင် အသေးစိတ်ခြင်းကို အတမ်အနုမြူတို့၏ တည်ဆောက်မှုတွင် ဟန်နိုင်ခြင်းအခြေအနေများကို လေ့လာခြင်းဖြင့် သိရှိနိုင်ပေသည်။ ထိုအတမ်များ အချင်းချင်းပေါင်းစပ်၍ ရှုတ်ထွေးလှသော ပရိုတင်းများ၊ အင်ဇိုင်းမ်များနှင့် ဆဲလ်များကို ထုတ်လုပ် ခြင်းကိစ္စသည် အံ့မခန်းလောက်အောင် ဆန်းကျယ်လှပေသည်။

ဤအံ့မခန်းသောဆန်းကျယ်လှသည့် သက်ရှိပစ္စည်းတို့၏ပုံစံများသည်၊ ဒါဝင်၏သီအိုရီတစ်နည်းအားဖြင့် ဒါဝင်ဝါဒကို၊ တရားမဝင်ကြောင်း ၂၀–ရာစုနှစ်ကုန်ပိုင်းတွင် ပယ်ဖျက်လိုက်လေသည်။


ဤအကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ အခြားလေ့လာရေးများတွင် အတော်အတန်အသေးစိတ်၍ ဖေါ်ပြခဲ့ပေပြီ။ သို့သော်လည်း ၎င်းသီအိုရီ၏ မှားယွင်းမှုများကို နားလည်သဘော

ပေါက်ရန် အလွန်အရေးကြီးသောကြောင့်၊ ဤနေရာတွင်လည်း အတိုချုံး၍ ထပ်မံဖော်ပြသင့်သည်ဟု ယူဆပါသည်။

## သိပ္ပံပညာအရ ဒါဝင်ဝါဒ ပြိုပျက်ခြင်း

## The Scientific Collapse of Darwinism

ဤအတွေးအခေါ်သည် ရှေးဟောင်း ဂရိလူမျိုးများအထိ ရှေးကျသော အတွေးအခေါ်ဖြစ်သော်လည်း၊ အီဗိုလူးရှင်းသီအိုရီသည် ၁၉–ရာစုနှစ်ရောက်မှ အကျယ်တဝင့် ပျံ့နှံ့ခဲ့ပေသည်။ သိပ္ပံပညာလောကတွင် ကြီးထွားပြန့်သွားခြင်း၏ အရေးကြီးဆုံးအကြောင်းရင်းမှာ ၁၈၅၉–ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသော ချားလ်စ်ဒါဝင်၏ *မျိုးစုများစတင်ပေါ်ပေါက်လာပုံ* ဟူသောစာအုပ်ကြောင့်ဖြစ်သည်။ ထိုစာအုပ်တွင်၊ ဒါဝင်ကမျိုးမတူသော သက်ရှိမျိုးစုမျိုးနွယ်များကို ဘုရားသခင်အလွှာဟ်အရှင်မြတ်က ဖန်ဆင်းထားခြင်းအချက်ကို ငြင်းပယ်ထားသည်။ ဒါဝင်၏အဆိုအရ၊ သက်ရှိအရာအားလုံးတို့သည် စတင်ပေါက်ဖွားခဲ့သည့် တစ်ခုတည်းသောသက်ရှိပစ္စည်းမှ တစ်စစီအနည်းငယ်စီ ပြောင်းလဲလာခဲ့ခြင်းဖြင့် မြောက်မြားစွာသော မျိုးစုမျိုးနွယ်များ ပြန့်ပွားလာခဲ့သည်ဟု ဆိုသည်။



ချားလ်စ် ဒါဝင်

ဒါဝင်၏သီအိုရီသည်၊ ခိုင်မာသောသိပ္ပံပညာတွေ့ရှိချက်များအပေါ်တွင် အခြေခံခြင်း မဟုတ်ချေ။ သူကိုယ်တိုင်ကလည်း "ယူဆချက်" တစ်ခုသာ ဖြစ်ကြောင်း ဝန်ခံထားသည်။ သူ၏စာအုပ်မှ "သီအိုရီ၏အခက်အခဲများ" ဟူသော အခန်းတွင် အကျယ်တဝင့်ရှည်လျားစွာဖြင့် အရေးကြီးသည့်အချက်အမြောက်အမြားကို ဖြေနိုင်ခြင်းမရှိသေးကြောင်း ဝန်ခံထားသည်။

ဒါဝင်က သူ၏သီအိုရီမှန်ကန်ရေးအတွက် ရင်ဆိုင်နေရသော **"သီအိုရီ၏ အခက်အခဲများ"**ကို သိပ္ပံပညာ ပိုမိုတိုးတက်လာသောအချိန်တွင် အသစ်အသစ်သောတွေ့ရှိချက်များက ဖြေရှင်းပေးနိုင်လိမ့်မည်ဟု မျှော်လင့်ခဲ့၏။ သို့သော်လည်း၊ ဒါဝင်၏မျှော်လင့်ချက်နှင့်ဆန့်ကျင်၍၊ သိပ္ပံပညာတိုးတက်မှုတိုင်းက အီဗိုလူးရှင်းသီအိုရီ၏အခြေခံတင်ပြချက်တစ်ခုစီသည် အခြေအမြစ်မရှိကြောင်းကိုသာ ဖော်ထုတ်လျက်ရှိသဖြင့် ထိုအခက်အခဲများကို ပိုမိုကျယ်ပြန့်စေသည်။

ဒါဝင်ဝါဒ (အီဗိုလူးရှင်းသီအိုရီ)၏ သိပ္ပံပညာလောကတွင် ရှုံးနိမ့်သွားခြင်းကို ခေါင်းစဉ် သုံးခုခွဲ၍ လေ့လာနိုင်ပေသည်။

၁။ ဤသီအိုရီသည်၊ ကမ္ဘာပေါ်တွင် အသက် သို့မဟုတ် သက်ရှိပစ္စည်း ပထမဆုံး မည်သို့ပေါ်ပေါက်လာခဲ့သည်ကို မရှင်းပြနိုင်ချေ။

၂။ ဤသီအိုရီကတင်ပြသော "အီဗိုလူးရှင်းယန္တရားများ"သည်၊ အီဗိုလူးရှင်းဖြစ်စဉ်၌ မည်သို့သောသက်ရောက်မှုမျှ မရှိချေ။

၃။ ကျောက်ဖြစ်ရုပ်ကြွင်းမှတ်တမ်းများသည် ဤသီအိုရီ၏မျှော်လင့်ချက်များနှင့် လုံးဝ ဆန့်ကျင်လျက် ရှိနေပေသည်။

ဤအခန်းတွင် ဤခေါင်းစဉ်သုံးခုဖြင့် အရေးကြီးသည့်အချက်များကို အကျဉ်းချုပ်၍ ဆန်းစစ်ပါမည်။

## ကျော်လွှားရ၍မရနိုင်သောပထမဆုံးအတားအဆီး–အသက်၏အစမူလဘူတ
## The First Insurmountable Step: The Origin of Life

အီဗိုလူးရှင်းသီအိုရီက၊ သက်ရှိသတ္တဝါတို့သည် လွန်ခဲ့သည့် နှစ်သန်းပေါင်းသုံးသောင်းရှစ်ထောင်ကျော်ခဲ့သောအချိန်ကာလ၌၊ ဖြစ်ပေါ်ခဲ့သော သက်ရှိဆဲလ်တစ်ခုမှ ဆင်းသက်လာခဲ့သည်ဟု တင်ပြထားပေသည်။ ထိုတစ်ခုတည်းသောသက်ရှိဆဲလ်မှ သန်းနှင့်ချီသောသက်ရှိသတ္တဝါများ မည်ကဲ့သို့ဖြစ်ပေါ်လာခဲ့သည်၊ အကယ်၍ ထိုသို့ဖြစ်ခဲ့ပါက အဘယ့်ကြောင့်ကျောက်ဖြစ်ရုပ်ကြွင်းများ၌ ယင်းတို့တစ်ဆင့်စီဖြစ်လာခဲ့သည့်သဲလွန်စများကို မတွေ့ရှိရသည်၊ စသည့်အကြောင်းများကို အီဗိုလူးရှင်းသီအိုရီက ရှင်းပြနိုင်ခြင်းမရှိချေ။ ထို့ကြောင့် အီဗိုလူးရှင်းဖြစ်စဉ်၏ပထမအဆင့်ဖြစ်သည့် "ပထမဦးဆုံးသက်ရှိဆဲလ်"သည် မည်သို့ဖြစ်ပေါ်လာခဲ့သနည်းဟူသောမေးခွန်းကို ဦးစွာမေးရပါမည်။

အီဗိုလူးရှင်းသီအိုရီက၊ ဖန်ဆင်းခြင်းကိုငြင်းပယ်ထား၍၊ မည်သည့်သဘာဝလွန်အင်အား၏ ဝင်ရောက်စွက်ဖက်ခြင်းကိုမျှ လက်မခံသောကြောင့်၊ ထို "ပထမဦးဆုံးဆဲလ်"သည်၊ ကြိုတင်စီမံထားသော ပုံစံနှင့် စီမံကိန်းမရှိဘဲ သဘာဝနိယာမတရားအရ မတော်တဆကြုံကြိုက်၍ ဖြစ်ပေါ်လာခဲ့သည်ဟု ဆို၏။ ဤသီအိုရီအရ သက်မဲ့ဒြပ်ပစ္စည်းများက ထိုသက်ရှိဆဲလ်ကို ကြုံကြိုက်တိုက်ဆိုင်မှုဖြင့် ဖြစ်ပေါ်လာသည်ဟု ဆိုသည်။ ဤအဆိုမှာ လက်ရှိ သိရှိထားပြီးဖြစ်သော ဇီဝဗေဒနိယာမများအားလုံးနှင့် ဆန့်ကျင်ဘက်ဖြစ်နေပေသည်။

## "အသက်သည် အသက်မှသာဆင်းသက်လာ၏"

## "Life Comes from Life"

ဒါဝင်က သူ၏စာအုပ်တွင် အသက်၏မူလဘူတအကြောင်းကို ရေးသားဖော်ပြထားခြင်းမရှိချေ။ သူ၏ခေတ်တွင် ရှိခဲ့သော ရှေးကျနေသေးသည့်သိပ္ပံပညာအရ ဒါဝင်ကလည်း အသက်ရှိခြင်းသည် အလွန်ရှင်းလင်းရိုးစင်းသောကိစ္စအဖြစ် သဘောပေါက်ခဲ့ပေသည်။ အလယ်ခေတ်များမှစ၍ ယုံကြည်ခဲ့ကြသော "အလိုအလျောက်ဖြစ်ပေါ်ခြင်း"သီအိုရီအရ၊ သက်မဲ့ပစ္စည်းများ စုပေါင်းခြင်းဖြင့် သက်ရှိပစ္စည်းများမတော်တဆအလိုအလျောက်ဖြစ်ပေါ်လာနိုင်သည်ဟု ယုံကြည်ကြပေသည်။ ထိုခေတ်တွင် အစားအစာအကြွင်းအကျန်များမှ ပိုးမွှားများအလိုလိုဖြစ်ပေါ်လာ၍၊ ကြွက်များသည်လည်း ဆန်စပါးဂျုံများမှ ဖြစ်ပေါ်ပေါက်ဖွားလာသည်ဟု လူတိုင်းကယုံကြည်ခဲ့ကြသည်။ ထိုယုံကြည်ချက်ကို သက်သေထူရန် စိတ်ဝင်စားဖွယ်ကောင်းသော စမ်းသပ်ချက်များလည်း လုပ်ကြ၏။ ဂျုံစေ့အနည်းငယ်ကို အဝတ်စများတွင်ဖြန့်ကျဲထားခြင်းဖြင့် မကြာမီအတွင်း ၎င်းတို့ပေါင်းစပ်ခြင်းဖြင့် ကြွက်ကလေးများပေါ်ပေါက်လာသည်ဟု ထင်ကြသည်။

ထိုနည်းတူ၊ အသားစများမှ လောက်ကောင်များဖြစ်ပေါ်လာသည်ကိုကြည့်၍၊ အသက်ဟူသည် သက်မဲ့ပစ္စည်းများမှ အလိုလိုပေါ်ပေါက်လာသည်ဟူသောယုံကြည်ချက်ကိုထောက်ခံသည့် သက်သေသာဓကဖြစ်သည်ဟု ယူဆကြသည်။ နောင်သောအခါတွင် ထိုလောက်ကောင်များသည် အသားစများ၏မျက်နှာပြင်မှ အလိုလိုဖြစ်ပေါ်လာခြင်းမဟုတ်ကြောင်း ကျွန်ုပ်တို့၏မျက်စိဖြင့် မမြင်နိုင်သော ယင်ကောင်များဥချထားခဲ့သောဥများမှလောက်ကောင်များပေါက်ဖွားလာခြင်းဖြစ်ကြောင်း သိရှိလာကြလေသည်။

ဒါဝင်က *မျိုးစုများစတင်ဖြစ်ပေါ်လာခြင်း* စာအုပ်ကို ရေးသားသည့်အချိန်တွင်၊ ဘက်တီးရီးယားပိုးများသည် အဇီဝဝတ္ထုပစ္စည်းများမှ ဖြစ်ပေါ်လာနိုင်သည်ဟု သိပ္ပံလောကတစ်ခုလုံးက လက်ခံယုံကြည်ကြပေသည်။

ဒါဝင်၏စာအုပ်ကို ပုံနှိပ်ထုတ်ဝေပြီးနောက် ငါးနှစ်အကြာတွင် နာမည်ကျော်ကြားသည့် ဇီဝဗေဒပါရဂူ လူးဝိစ် ပါစချာက အီဗိုလူးရှင်းသီအိုရီ၏ အဓိကအခြေခံဖြစ်သော ၎င်းယုံကြည်ချက်ကို အပြီးပိုင်ဖျက်ဆီးလိုက်လေသည်။ သူ၏နှစ်ပေါင်းများစွာ သုတေသနပြုခဲ့ခြင်းမှ အဖြေကို နောက်ဆုံးစုပေါင်းလိုက်ခြင်းဖြင့် "သက်မဲ့ပစ္စည်းများမှအသက်ဖြစ်ပေါ်လာနိုင်သည်ဟူသောအဆိုပြုချက်ကို သမိုင်းတွင်အပြီးအပိုင် မြှုပ်နှံပစ်လိုက်လေပြီ။"ဟု ကြေငြာခဲ့လေသည်။ ပါစကျာက ၁၈၆၄–ခုနှစ်၌ ဆိုးဘွန်းတက္ကသိုလ်တွင်ဟောပြောခဲ့သော သူ၏မိန့်ခွန်းတွင် *"သူ၏ရိုးစင်းလှသော လက်တွေ့စမ်းသပ်ချက်ကြောင့်၊ အသက်သည် သူ့အလိုအလျောက်ဖြစ်ပေါ်လာနိုင်သည် ဟူသောအတွေးအခေါ် နောက်ထပ်နလံထူနိုင်တော့မည်မဟုတ်"*[၂၆] ဟု အောင်မြင်စွာ ကြေညာခဲ့သည်။



သူ၏လက်တွေ့စမ်းသပ်ချက်များဖြင့်၊ လူးဝိစ်ပါစကျာသည် အီဗိုလူးရှင်းသီအိုရီ၏ အခြေခံအုတ်မြစ်ဖြစ်သော "သက်မဲ့ပစ္စည်းများက အသက်ကိုဖန်တီးဖြစ်ပေါ်စေနိုင်သည်"ဟူသောအဆိုကို ပယ် ဖျက်ပစ်သည်။

အီဗိုလူးရှင်းသီအိုရီကို ကာကွယ်သူတို့က ပါစကျာ၏တွေ့ရှိချက်များကို နှစ်ပေါင်းအတန်ကြာအထိ ဆန့်ကျင်ခဲ့ကြသည်။ သို့သော်လည်း၊ သိပ္ပံပညာဆက်လက်တိုးတက်မှုများက သက်ရှိဆဲလ်၏ နက်နဲရှုပ်ထွေးသော တည်ဆောက်မှုများကိုဖေါ်ထုတ်သဖြင့် အသက်ဟူသည် သူ့အလိုလို ဖြစ်ပေါ်လာနိုင်ခြင်းအဆိုသည် မဖြစ်နိုင်ကြောင်းပိုမို ထင်ရှားလာပေသည်။

## ၂၀–ရာစုနှစ်အတွင်းမှ အကျိုးမရှိသောကြိုးပမ်းမှုများ

## Inconclusive Efforts in the Twentieth Century

၂၀–ရာစုနှစ်အတွင်း အီဗိုလူးရှင်းသီအိုရီမှ အသက်ရှင်ခြင်း၏မူလဘူတအကြောင်းကို ဦးဆုံးကိုင်တွယ်သူသည် ရုရှားလူမျိုးနာမည်ကျော်ဇီဝဗေဒပါရဂူ အလက်ဇန္ဒား အိုပါရင် ဖြစ်ပေသည်။ ၁၉၃၀–ခုနှစ်များတွင် သက်ရှိဆဲလ်သည် အလိုအလျောက်ဖြစ်ပေါ်လာကြောင်း သက်သေထူနိုင်ရန် အိုပါရင်က ကြိုးပမ်းခဲ့ပေသည်။ ထိုကြိုးပမ်းမှုများသည် အလဟဿဖြစ်ခဲ့သဖြင့် အိုပါရင်သည်လည်း နောက်ဆုံးတွင် အောက်ပါအတိုင်း ဝန်ခံရလေသည်။ "သက်ရှိဆဲလ်၏အစမူလဘူတအကြောင်းသည်၊ ရှာဖွေဖေါ်ထုတ်၍မရသေးသောအချက်အဖြစ် ကျန်နေသေးသည်မှာ ကံဆိုးသည်ဟု ဆိုရပေမည်။ အမှန်မှာ ယင်းအချက်သည် အီဗိုလူးရှင်းသီအိုရီအတွက် မှောင်မိုက်ဆုံး အချက်ပင်ဖြစ်ပေသည်။"[၁၂၇]

ပါမောက္ခအိုပါရင်၏ခြေရာနောက်ကိုလိုက်၍ အသက်ရှိခြင်း၏ မူလဘူတအကြောင်းကို ဖြေရှင်းနိုင်ရန် အီဗိုလူးရှင်းဝါဒီများက ဆက်လက်၍ ကြိုးပမ်းကြလေသည်။ လူသိအများဆုံး အမေရိကန်လူမျိုး ဓါတုဗေပါရဂူဖြစ်သူ စတင်လေမီလ္လာက ဓါတ်ငွေ့များကို စုပေါင်းခြင်းဖြင့် ဓါတ်ခွဲခန်းလက်တွေ့စမ်းသပ်ချက်ပြုလုပ်ခဲ့သည်။ စတင်လေမီလ္လာ၏အဆိုအရ ကမ္ဘာဦးလေထုအခြေအနေတွင်ရှိနိုင်သည့် သူရောစပ်ထားသောဓါတ်ငွေ့များကို စွမ်းအားပေးခြင်းဖြင့် ပရိုတင်းတည်ဆောက်မှုတွင် ပါဝင်သည့် ဇီဝအခြေခံဖြစ်သောဓါတ်ပေါင်းမော်လီကြူများ(အမိုင်နိုအက်ဆစ်များ)အချို့ကို ထုတ်လုပ်နိုင်သည်ဟု အဆိုပြုတင်ပြလေသည်။

ထိုစမ်းသပ်ချက်ကို ထိုခေတ်ကာလတွင် အီဗိုလူးရှင်းသီအိုရီ၏ အရေးကြီးသောအဆင့်တစ်ခုအဖြစ် ဩဘာပေးခဲ့ကြပေသည်။ ထိုသို့ကြေညာပြီးနောက်ပိုင်း မကြာမီအတွင်း၊ သိပ္ပံပညာရှင်အမြောက်အမြားတို့က မီလ္လာတင်ပြသောဓါတ်ရောအခြေအနေသည် ကမ္ဘာဦးလေထု

တွင် အမှန်တကယ်ရှိခဲ့သောအခြေအနေနှင့် မကိုက်ညီကြောင်း ထောက်ပြခြင်းဖြင့် ယင်းတင်ပြချက်ကို ပယ်ဖျက်လိုက်ကြလေသည်။[၁၂၈]

နှစ်ပေါင်းအတန်ကြာသည်အထိ မီလ္လာက တိတ်တဆိတ်နေခဲ့ရာမှ နောက်ဆုံးတွင် သူ၏ဓါတ်ခွဲခန်းစမ်းသပ်ချက်တွင်အသုံးပြုခဲ့သော ဓါတ်ငွေ့ဓါတ်ရောသည် ကမ္ဘာဦးလေထုတွင် အမှန်တကယ်ရှိနိုင်ခဲ့သောလေထုနှင့် မကိုက်ညီနိုင်သဖြင့်၊ သူ၏စမ်းသပ်ချက်သည်လည်း မှန်ကန်ခြင်းမရှိကြောင်း ဝန်ခံရပေသည်။[၁၂၉]

အီဗိုလူးရှင်းဝါဒီတို့က ၂၀–ရာစုနှစ်အတွင်း အီဗိုလူးရှင်းသီအိုရီနှင့် ကိုက်ညီသော အသက်၏မူလဘူတနှင့်ပတ်သက်သည့် ကြိုးပမ်းချက်များအားလုံးမှာလည်း အရှုံးနှင့်သာ နိဂုံးချုပ်ကုန်ကြလေသည်။ ဆန်းဒီယာဂိုရှိ စကရိဘ်တက္ကသိုလ်မှ ဘူမိဓါတုဗေဒပါရဂူ ဂျက်ဖရီဘာဒါသည်လည်း၊ ယင်းအမှန်တရားကို လက်ခံကြောင်း၊ ၁၉၉၈–ခုနှစ်တွင်ထုတ်ဝေသော *Earth* မဂ္ဂဇင်းတွင် ဆောင်းပါးတစ်ပုဒ်၌ အောက်ပါအတိုင်းရေးသားခဲ့ပေသည်။

> ယနေ့ ကျွန်ုပ်တို့သည် ၂၀ ရာစုနှစ်ကို ကျော်လွန်နေပါပြီ။ ၂၀ရာစုနှစ်အဝင်စတွင်ကြုံခဲ့သော အကြီးကျယ်ဆုံးပြဿနာကို ယနေ့လည်း ဖြေရှင်း၍မရကြသေးပါ။ ယင်းပြဿနာမှာ – **ကမ္ဘာမြေကြီး မည်ကဲ့သို့စတင်ခဲ့သနည်း** ဟူသောမေးခွန်းပင်ဖြစ်ပေသည်။[၁၃၀]

## အသက်ရှင်ခြင်း၏ နက်နဲရှုပ်ထွေးသောတည်ဆောက်မှု

## The Complex Structure of Life


အသက်၏မူလဘူတနှင့်ပတ်သက်၍ အီဗိုလူးရှင်းသီအိုရီအခက်အခဲနှင့်ကြုံတွေ့ ချောင်ပိတ်မိနေရသည့်အဓိကအချက်မှာ၊ အလွယ်ဆုံးအရိုးဆုံးတည်ဆောက်မှုရှိသည်ဟု ထင်ရသောသက်ရှိအရာပင်လျှင် အလွန်တရာနက်နဲရှုပ်ထွေးသည့် တည်ဆောက်မှုများရှိနေသောကြောင့်ဖြစ်ပေသည်။ သက်ရှိဆဲလ်တစ်ခုသည် လူသားတို့၏ တက်နိုလိုဂျီအတတ်ပညာများမှ ထုတ်လုပ်သော စက်ကိရိယာများထက် ပိုမို၍ခက်ခဲနက်နဲပေသည်။ ကမ္ဘာပေါ်ရှိအတိုးတက်ဆုံးခေတ်အမီဆုံးဓါတ်ခွဲခန်းတွင် အဇီဝပစ္စည်းများကိုယူဆောင်လာ၍ သက်ရှိဆဲလ်တစ်ခုကို ထုတ်လုပ်ကြမည်ဆိုလျှင်ပင် မဖြစ်နိုင်ချေ။

သက်ရှိဆဲလ်တစ်ခု ဖြစ်ပေါ်လာနိုင်မည့်လိုအပ်သည့်အခြေအနေသည်၊ သူ့အလိုလိုကြုံကြိုက်၍ဖြစ်ပေါ်လာနိုင်သည်ဟု ရှင်းပြနိုင်ခြင်းထက် ပိုမိုနက်နဲနေပေသည်။ ပျမ်းမျှအားဖြင့် အမိုင်နိုအက်စစ် ၅၀၀ ပါရှိသည့် ပရိုတင်းတစ်ခု သူ့အလိုလိုဖြစ်ပေါ်လာနိုင်ရန်အခွင့်အလမ်းသည် အပုံပေါင်း $၁၀^{၉၅၀}$ ပုံ၏ ၁ ပုံသာရှိပေသည်။ သင်္ချာဘာသာအရ အခွင့်အလမ်းပေါင်း $၁၀^{၅၀}$ ပုံ၏ ၁ ပုံသာရှိခြင်းကို သုညအခွင့်အလမ်း သို့မဟုတ် မဖြစ်နိုင်ဟု သတ်မှတ်ကြပေသည်။

သက်ရှိဆဲလ်၏ နျူးကလိယက်တွင်ပါရှိသည့် မျိုးဗီဇဆိုင်ရာအချက်အလက်များပါရှိသော ဒီအင်အေ(DNA)မော်လီကျူသည်၊ မယုံကြည်လောက်သော အချက်အလက်စုဆောင်းရာဘဏ်တိုက်ကြီးဖြစ်ပေသည်။ အကယ်၍ လူသား၏ ဒီအင်အေမျိုးဗီဇလျှို့ဝှက် အချက်အလက်များကို စာရွက်ပေါ်တွင်ရေးချပါက စာမျက်နှာပေါင်း ၅၀၀ ပါသည့် စာအုပ်စောင်ရေပေါင်း ၉၀၀ ရှိသည့် စာကြည့်တိုက်တစ်ခု ရရှိမည်ဖြစ်ပေသည်။

နောက်ထပ်စိတ်ဝင်စားဖွယ်အချက်တစ်ချက်ကို ထပ်မံဖြည့်စွက်ရပါမည်။ ဒီအင်အေသည်၊ အထူးစီမံထားသော ပရိုတင်း(အင်ဇိုင်းမ်)များ၏အကူအညီဖြင့်သာလျှင် ပုံတူကူး ပွားများနိုင်ပေသည်။ သို့သော်လည်း ထိုအင်ဇိုင်းမ်များကို ထုတ်လုပ်နိုင်မည့် အချက်အလက်များသည်လည်း၊ ဒီအင်အေတွင် ပါရှိနေပေသည်။ ထိုအရာနှစ်ခုစလုံးသည် အချင်းချင်းမှီခိုနေရသဖြင့် သူတို့နှစ်မျိုးစလုံးသည် တပြိုင်တည်း ပေါ်ပေါက်ရမည်ဖြစ်ပေသည်။ ဤအချက်ကပင် အသက်ဟူသည် သူ့အလိုလိုဖြစ်ပေါ်လာနိုင်သည် ဟူသောဇာတ်လမ်းအတွက် လမ်းပိတ်သွားလေသည်။ ဤအမှန်တရားနှင့်ပတ်သက်၍ စန်းဒီယာဂိုတက္ကသိုလ်မှ အီဗိုလူးရှင်းဝါဒီ ပါမောက္ခ

လက်စလေ အိုဂျဲလ်က ၁၉၉၄–ခုနှစ် အောက်တိုဘာလထုတ် *Scientific American (အမေရိကန် သိပ္ပံပညာ)* မဂ္ဂဇင်းတွင် အောက်ပါအတိုင်း ဝန်ခံထားပေသည်။



အီဗိုလူးရှင်းသီအိုရီကို ပျက်ပြယ်စေသောအချက်များအနက်၊ အသက်၏အင်မတန်ရှုပ်ထွေးသောတည်ဆောက်မှုဖြစ်သည်။ ဆဲလ်၏အလယ်ဗဟိုနျူးကလီယက်တွင်ရှိသည့် ဒီအင်အေမော်လီကြူသည် ထိုရှုပ်ထွေးမှုအတွက် ဥပမာတစ်ခုဖြစ်သည်။ ဒီအင်အေသည် မော်လီကြူလေးမျိုး၏ ကွဲပြားသောအစီအစဉ်များကို မှတ်သားထားသည့် အချက်အလက်စုဆောင်းထားရာ ဘဏ်တိုက်ကြီးဖြစ်သည်။ ဤအချက်အလက်စုဆောင်းထိန်းသိမ်းထားသောဘဏ်တိုက်ကြီးတွင် သက်ရှိအရာတစ်ခု၏ ရုပ်ဆင်းအင်္ဂါဆိုင်ရာ အချက်အလက်အားလုံး ပါဝင်၏။ လူသားတစ်ယောက်၏ဒီအင်အေအချက်အလက်များကို စာလုံးဖြင့် ရေးချလိုက်ပါက စာမျက်နှာ ၅၀၀ ရှိသောစာအုပ်အတွဲပေါင်း ၉၀၀–ပါဝင်သည့် ကျမ်းကြီးတစ်စောင်ကို ရရှိလိမ့်မည်။ ဤသို့သောအံ့ဖွယ်အချက်အလက်များကပင် အသက်ရှင်ခြင်းသည် မတော်တဆကြုံ၍ ဖြစ်ပေါ်လာသည်ဟူသောအချက်ကို ချေမှုန်းပစ်ပေသည်။

> တည်ဆောက်မှုနက်နဲရှုပ်ထွေးလွန်းသော ပရိုတင်းနှင့်နျူးကလီယက်အက်စစ်နှစ်မျိုးစလုံးသည်၊ တနေရာတည်း တစ်ချိန်တည်းတွင် ဖြစ်ပေါ်နိုင်မည့်အချက်သည် အလွန်တရာမသင့်တော်သော အချက်ဖြစ်ပေသည်။ တစ်ချိန်တည်းတွင်လည်း ထိုအရာနှစ်ခုတို့သည် တစ်ခုမရှိလျှင် နောက်တစ်ခုလည်း မရှိနိုင်ချေ။ ထို့ကြောင့်၊ ပထမဆုံးအချက်အနေနှင့်၊ အသက်ဟူသည် ဓါတုဗေဒနည်းအရ ပေါ်ပေါက်လာနိုင်ခြင်းမရှိဟု နိဂုံးချုပ်ရမည်သာ ဖြစ်ပေသည်။[၁၃၁]

အသက်ဟူသည် သဘာဝအလျောက် သူ့အလိုလိုပေါ်ပေါက်လာနိုင်ခြင်းမရှိပါက၊ အသက်ဟူသည် သဘာဝလွန်အဖြစ်ဖြင့် "ဖန်ဆင်းထားခြင်း"ဖြစ်ကြောင်းကို လက်ခံရမည်သာ ဖြစ်ပေသည်။ ဤအမှန်တရားက၊ အီဗိုလူးရှင်းသီအိုရီ၏ အခြေခံရည်ရွယ်ချက်သည် ဖန်ဆင်းခြင်းကို ငြင်းပယ်ရန်သာဖြစ်ကြောင်းပြဆို၍ အီဗိုလူးရှင်းသီအိုရီ တရားမဝင်ကြောင်း ပယ်ဖျက်လိုက်ပေသည်။

## အီဗိုလူးရှင်း၏စိတ်ကူးယဉ်ယန္တရားများ

### **Imaginary Mechanisms of Evolution**

ဒါဝင်၏သီအိုရီ တရားမဝင်ကြောင်းဖော်ပြပယ်ဖျက်လိုက်သည့် ဒုတိယအချက်မှာ ယင်းသီအိုရီ၏ "အီဗိုလူးရှင်း၏ယန္တရားများ"ဟု ခေါ်သောခံယူချက်နှစ်ခုတို့သည်၊ အမှန်စင်စစ်အားဖြင့် အီဗိုလူးရှင်း(တစ်စတစ်စအလိုအလျောက်ဆင့်ကဲပြောင်းလဲခြင်း)အင်အား ကင်းမဲ့ခြင်းပင် ဖြစ်ပေသည်။

ဒါဝင်က သူ၏အီဗိုလူးရှင်းသီအိုရီကို တင်ပြရာတွင် "သဘာဝအလျောက်ရွေးချယ်ခြင်း"၌သာလျှင် ဆက်စပ်ထားပေသည်။ ထိုရွေးချယ်မှုယန္တရားသည် မည်မျှအရေးကြီးသည်ကို သူ၏စာအုပ်မှ *The Origin of Species, By Means of Natural Selection*...ဟူသောခေါင်းစဉ်တွင် တွေ့ရှိနိုင်ပေသည်။

အသက်ရှင်ရေးအတွက် ရုန်းကန်ကြရာတွင် သဘာဝအခြေအနေများနှင့် လိုက်ဖက်သင့်လျော်အောင်နေနိုင်သည့် အင်အားကြီးသူသာလျှင် ဆက်လက်၍အသက်ရှင်နိုင်သည်ဟု ဆို၏။ ဥပမာ၊ သမင်ဒရယ်အုပ်တစ်ခုကို သားရဲတိရစ္ဆာန်များက လိုက်လံဖမ်းစားသဖြင့် ထွက်ပြေးကြရ၏။ အပြေးသန်သောအကောင်သာလျှင် အသက်ချမ်းသာရာရ၍ ဆက်လက်အသက်ရှင်နိုင်ပေသည်။ ထို့ကြောင့် ထိုသမင်ဒရယ်အုပ်တွင် အပြေးအသန်ဆုံးအကောင်များသာ ကျန်ရစ်၍ ဆက်လက်အသက်ရှင်ကြပေမည်။ သို့သော်လည်း ထိုသမင်ဒရယ်ကောင်များသည် မည်သို့မျှ တစ်စတစ်စပြောင်းလဲလာခြင်းမရှိနိုင်ချေ။ အခြားတိရစ္ဆာန်အမျိုး၊ ဥပမာ မြင်းအဖြစ်၊ ပြောင်းလဲသွားခြင်းမရှိနိုင်ချေ။

ထို့ကြောင့်၊ သဘာဝအလျောက်ရွေးချယ်မှုဟုခေါ်သော ယန္တရားသည် အီဗိုလူးရှင်းပြောင်းလဲမှုအင်အားမရှိချေ။ ဒါဝင်ကိုယ်တိုင်က ဤအချက်ကို သိထားပြီးဖြစ်သဖြင့်၊ သူ၏ *မျိုးစုများစတင်ဖြစ်ပေါ်ခြင်း* ဟူသောစာအုပ်တွင် အောက်ပါအတိုင်း ရေးသားထားပေသည်။

> သဘာဝအလျောက်ရွေးချယ်မှုသည်၊ သင့်တော်သော ကွဲပြားမှုအခွင့်အလမ်းဖြစ်ပေါ်လာခြင်းမရှိမချင်း မည်သို့မျှ ပါဝင်ဆောင်ရွက်နိုင်ခြင်း မရှိချေ။[၁၃၂]

## လာမက်၏သြဇာညောင်းခြင်း

## Lamarck's Impact

ထို "သင့်တော်သည့်ကွဲပြားမှု"မည်သို့ဖြစ်ပေါ်လာပါသနည်း။ ဤမေးခွန်းနှင့်ပတ်သက်၍၊ ဒါဝင်သည် သူ၏ခေတ်ရှိ ရှေးကျနေသေးသောသိပ္ပံပညာအမြင်ဖြင့် လာမက်၏အဆိုတွင် ကြိုးစားအခြေခံခဲ့လေသည်။ ဒါဝင်၏အလျင် ပေါ်ပေါက်ခဲ့သောပြင်သစ်လူမျိုး ဇီဝဗေဒပညာရှင် လာမက်က၊ သက်ရှိသတ္တဝါများသည် သူတို့အသက်ရှင်နေစဉ်အတွင်း ရရှိထားသော ရုပ်ပိုင်းဆိုင်ရာပြောင်းလဲမှုများကို နောင်လာနောက်သားမျိုးဆက်များသို့ လက်ဆင့်ကမ်းဆက်ခံမှုဖြစ်စေ၍၊ နောက်မျိုးဆက်များတွင် အသစ်အသစ်သော မျိုးစုများထပ်မံပေါ်ပေါက်လာပေသည်ဟုဆိုသည်။ ဥပမာ၊ လာမက်၏အမြင်တွင်၊ သမင်များသည် မြင့်မားသောအပင်များမှ အရွက်များကိုစားသောက်ရန်ကြိုးစားကြခြင်းကြောင့်၊ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လည်ပင်းရှည်သထက်ရှည်လာပြီး သစ်ကုလားအုပ်အဖြစ် ပြောင်းလဲလာခဲ့သည်။

ဒါဝင်ကလည်း၊ ထိုပုံစံအတိုင်း *မျိုးစုများစတင်ပေါ်ပေါက်လာခြင်း* စာအုပ်တွင်၊ ဝက်ဝံအချို့သည် ရေထဲသို့ဆင်း၍ အစာရှာရင်း အချိန်ကြာမြင့်လာသည်နှင့်အမျှ နောက်ဆုံးတွင် ဝေလငါးကြီးအဖြစ်သို့ ပြောင်းလဲသွားသည်ဟု ဥပမာပေး ရေးသားထားပေသည်။[၁၃၃]

သို့သော်လည်း၊ ၂၀–ရာစုနှစ်တွင် မင်းဒဲလ်ဖော်ထုတ်ထားသည့် မျိုးဗီဇဗေဒပညာတိုးတက်လာသည်နှင့်အတူ ကျင့်ယူ၍ရရှိသောဉာဉ်လက္ခဏာများသည် နောင်မျိုးဆက်များသို့မျိုးဗီဇအားဖြင့် ကူးစက်သွားခြင်းမရှိ ဟူသောတွေ့ရှိချက်ဖြင့် ယင်းစိတ်ကူးယဉ် အဆိုကို ပယ်ဖျက်ပစ်လေသည်။ ဤသို့ဖြင့်၊ သဘာဝအလျောက်ရွေးချယ်မှုယန္တရားသည်လည်း တစ်ကြိမ်တည်းဖြင့် ဇာတ်သိမ်းခန်းသို့ရောက်သွားလေတော့သည်။

## ဒါဝင်ဝါဒသစ်နှင့် မျိုးတေးရှင်း(သန္ဓေပြောင်းလဲမှု)များ

## Neo-Dawinism and Mutations


ဤသို့အကျပ်ရိုက်နေသည့်အခြေအနေကို ဖြေရှင်းရန်အတွက်၊ ဒါဝင်ဝါဒီတို့သည် ၁၉၃၀–ခုနှစ်ကုန်ပိုင်းတွင် "ခေတ်သစ်အတုလုပ်သီအိုရီ" သို့မဟုတ် "ခေတ်သစ် သမ္ဘာရနည်း သီအိုရီ" သို့မဟုတ် အများအခေါ် ဒါဝင်ဝါဒသစ်ကို တီထွင်ကြပြန်သည်။ သဘာဝအလျောက် ရွေးချယ်မှုအပြင်၊ ဒါဝင်ဝါဒသစ်တွင် "သင့်လျော်သည့်ကွဲပြားမှုအခြေအနေ"ခေါ် သန္ဓေပြောင်းလဲမှုကိုထပ်၍ ဖြည့်စွက်ကြသည်။ မျိုးတေးရှင်းခေါ်သန္ဓေပြောင်းလဲမှုဆိုသည်မှာ သတ္တဝါများ၏ မျိုးဗီဇ၌ ရောင်ခြည်လွှတ်ခြင်းစသည့် ပြင်ပသြဇာတစ်မျိုးမျိုးကြောင့်ဖြစ်စေ၊ မျိုးဗီဇပွားများခြင်း၌ မှားယွင်းခြင်းကြောင့်ဖြစ်စေ၊ ကွဲပြားခြင်းများဖြစ်လာသဖြင့် မိခင်နှင့်မတူသောသတ္တဝါ အသစ်တစ်မျိုး မွေးဖွားပေါ်ပေါက်လာနိုင်သည်ဟု ဆိုလိုသည်။

ယနေ့အချိန်အထိ အီဗိုလူးရှင်းသီအိုရီကို တရားဝင်အောင် နီအိုဒါဝင်ဝါဒ(ဒါဝင်ဝါဒသစ်)အမည်ဖြင့် ကာကွယ်နေကြသေးသည်။ ဤသီအိုရီအရ အချိန်ကာလနှစ်ပေါင်းများစွာအတွင်း မျိုးဗီဇအတွင်း သန္ဓေပြောင်းလဲမှုဖြစ်ပေါ်လာသဖြင့်၊ နား၊ မျက်စိ၊ အဆုပ်၊ တောင်ပံ စသည်တို့ ပြောင်းလဲခြင်းကြောင့် ကမ္ဘာပေါ်တွင် သတ္တဝါအမျိုးပေါင်းသန်းနှင့်ချီ၍ ပေါ်ပေါက်လာခြင်းဖြစ်သည်ဟု ဆိုကြသည်။ သို့သော်လည်း ယင်းသီအိုရီသည် ခေတ်သစ်သိပ္ပံပညာ အချက်အလက်များကြောင့် လက်နက်ချအရှုံးပေးလိုက်ရ၏။ မျိုးတေးရှင်းသန္ဓေပြောင်းလဲမှုသည် သက်ရှိသတ္တဝါပေါ်ပေါက်စေခြင်းမရှိသည့်အပြင်၊ အစဉ်အမြဲ ပျက်စီးခြင်းကိုသာ ပေးဆောင်ပေသည်။

အကြောင်းရင်းမှာ အလွန်ရှင်းနေသည်။ ဒီအင်အေသည် အင်မတန်နက်နဲရှုပ်ထွေးသော တည်ဆောက်မှုရှိ၏။ ဤမော်လီကြူအတွင်း အနည်းငယ်မျှပြောင်းလဲခြင်းသည် ပျက်စီးခြင်းသာ ပေးဆောင်ပေသည်။ အမေရိကန်လူမျိုး မျိုးဗီဇပါရဂူဖြစ်သူ ဘီဂျီ ရန်ဂါနာသန်က အောက်ပါအတိုင်း ရှင်းပြထားပေသည်။

> မျိုးတေးရှင်းသည် သေးငယ်၍ကြိုးကြားသာဖြစ်ပေါ်သော်လည်း ပျက်စီးခြင်းကိုသာ ပေးဆောင်၏။ ဖြစ်လေ့ဖြစ်ထ နည်းပါးသော်လည်း ဖြစ်ပေါ်တိုင်း ကောင်းကျိုးမပေးချေ။ ယင်းလက္ခဏာများအရ မျိုးတေးရှင်းသည် အီဗိုလူးရှင်း(တစ်စတစ်စအလိုအလျောက်ဆင့်ကဲပြောင်းလဲတိုးတက်ခြင်း)ဖွံ့ဖြိုးမှုသို့ ဦးတည်ပေးခြင်းမရှိနိုင်ချေ။ ထူးကဲမှုရှိသည့် ဇီဝဖွဲ့စည်းမှုတွင် ကြိုးကြားပြောင်းလဲမှုသည် အရာမရောက်လျှင်လည်းရှိမည်၊ သို့မဟုတ် အန္တရာယ်လျှင်လည်းပေးလိမ့်မည်။ လက်ပတ်နာရီတစ်လုံးအတွင်း မမျှော်လင့်သောကြိုးကြားပြောင်းလဲမှုသည် ထိုလက်ပတ်နာရီကို ပိုမိုကောင်းမွန်စေခြင်းမရှိချေ။ ပျက်စီးစေခြင်းသာဖြစ်လိမ့်မည်။ မြေငလျင်လှုပ်ခြင်းသည် မြို့တစ်မြို့ကို ပိုမိုကောင်းမွန်လုပအောင် ဆောင်ကြဉ်းပေးခြင်းမရှိချေ။ ပျက်စီးယိုယွင်းခြင်းသာလျှင် ဖြစ်ပေါ်စေ၏။ [၁၃၄]

အမှန်စင်စစ်၊ မျိုးဗီဇသိပ္ပံပညာတွင်၊ အသုံးဝင်အကျိုးရှိသော မျိုးတေးရှင်းဖြစ်ရပ်ကို မတွေ့ဘူး မကြုံဘူးသေးချေ။ တွေ့ရှိသမျှ မျိုးတေးရှင်းအားလုံးသည် အန္တရာယ်ပေးခြင်းကိုသာ တွေ့နေရပေသည်။ အီဗိုလူးရှင်းသီအိုရီက "အီဗိုလူးရှင်းယန္တရား"အဖြစ် တင်ပြသော မျိုးတေးရှင်းသည်၊ အမှန်စင်စစ် မစွမ်းမသန်ဒုက္ခိတသတ္တဝါများကိုသာ မွေးဖွားပေါ်ပေါက်စေ၏။ (လူသားတွင် အများဆုံးတွေ့ရှိရသော မျိုးတေးရှင်းသန္ဓေပြောင်းလဲမှုသည် ကင်ဆာရောဂါဖြစ်ပေသည်။) ထို့ကြောင့် ပျက်စီးယိုယွင်းခြင်းကိုသာ ပေးဆောင်သောယန္တရားသည် "အီဗိုလူးရှင်းယန္တရား"မဖြစ်နိုင်ချေ။ သဘာဝ၏ရွေးချယ်မှုသည် သူ့ဖါသာသူဘာမျှမတတ်နိုင်ဟု ဒါဝင်က လက်ခံထားပေသည်။ ထို့ကြောင့် ဤအချက်ကပင် သဘာဝတွင် "အီဗိုလူးရှင်းယန္တရား"မရှိကြောင်းကို ပြလျက်ရှိသည်။ အီဗိုလူးရှင်းယန္တရားမရှိသည်နှင့်တပြိုင်တည်း၊ အီဗိုလူးရှင်း–တစ်စတစ်စအလိုအလျောက်ဆင့်ကဲပြောင်းလဲခဲ့သည်ဆိုသောစိတ်ကူးယဉ်ကာလပိုင်းသည်လည်း ရှိမည်မဟုတ်ချေ။




နှစ်ဆယ်ရာစုနှစ်ဦးပိုင်းမှစတင်၍၊ အီဗိုလူးရှင်းဝါဒီဇီဝဗေဒပညာရှင်တို့သည်၊ သန္ဓေပြောင်းလဲမှု(မြူတေးရှင်း)အတွက် ဥဒါဟရုဏ်အဖြစ်ပြသနိုင်ရန် သန္ဓေပြောင်းလဲသည့်ယင်ကောင်ကို တီထွင်ကြသည်။ သို့သော်လည်း သူတို့၏ကြိုးပမ်းမှုအားလုံးသည် ဒုက္ခိတသတ္တဝါများကိုသာ ပေါက်ဖွားစေခဲ့သည်။ အထက်ပါပုံတွင် လက်ဝဲဘက်ပုံမှာ သာမန်ယင်ကောင်တစ်ကောင်၏ ဦးခေါင်းဖြစ်၍၊ လက်ျာဘက်ပုံမှ သန္ဓေပြောင်းလဲအောင် ပေါက်စေသောယင်ကောင်၏ဦးခေါင်းဖြစ်သည်။ သန္ဓေပြောင်းလဲစေခြင်းကြောင့် ဦးခေါင်းတွင် ခြေထောက်နှစ်ချောင်းပေါက်လာသည်။

## ကျောက်ဖြစ်ရုပ်ကြွင်းမှတ်တမ်း – ကြားကာလပုံစံများမရှိ

## The Fossil Record: No Sign of Intermediate Forms

အီဗိုလူးရှင်းသီအိုရီဇာတ်လမ်း လုံးဝမရှိခဲ့ကြောင်းကို ကျောက်ဖြစ်ရုပ်ကြွင်းမှတ်တမ်းတွင် ကြားကာလပုံစံများကို မတွေ့ရခြင်းသည် အရှင်းဆုံးသက်သေခံ ဖြစ်ပေသည်။


အီဗိုလူးရှင်းသီအိုရီအရ၊ သက်ရှိသတ္တဝါများသည် တစ်မျိုးမှနောက်တစ်မျိုးအစဉ်အဆက် ပေါ်ပေါက်လာခဲ့သည်ဟု ဆိုသည်။ ယခင်ကရှိနေပြီးသော သတ္တဝါသည် အချိန်ကာလကြာမြင့်လာသောအခါ နောက်တစ်မျိုးအဖြစ်သို့ တဖြေးဖြေးချင်း ပြောင်းလဲလာခဲ့သည်ဟု ဆို၏။ အီဗိုလူးရှင်းသီအိုရီအရ၊ ထိုသို့တစ်ဆင့်စီပြောင်းလဲခဲ့သည့်အချိန်ကာလသည် နှစ်ပေါင်းသန်းပေါင်းများစွာ ကြာမြင့်ခဲ့ပေသည်။

အကယ်၍ ဤအဆိုအတိုင်း ဖြစ်ခဲ့ပါက၊ အဆိုပါပြောင်းလဲခဲ့သည့်ကာလအတွင်း မရေမတွက်နိုင်လောက်အောင် များပြားသော "ကြားကာလ မျိုးစုများ" ရှိခဲ့မည်သာဖြစ်၏။

ဥပမာ၊ အတိတ်ကာလတွင်၊ ငါးသည် ငါး၏လက္ခဏာများကျန်ရှိနေသေးစဉ် တွားသွားသတ္တဝါ၏လက္ခဏာများလည်းရှိလာရမည်ဖြစ်သဖြင့်၊ ငါးတစ်ပိုင်း ဖွတ်တစ်ပိုင်းသတ္တဝါလည်း ရှိမည်သာ ဖြစ်သည်။ ထိုတွားသွားသတ္တဝါသည်လည်း သူ၏ကြွင်းကျန်အင်လက္ခဏာများရှိနေစဉ်အတွင်း ငှက်အဖြစ်ပြောင်းလဲနေစဉ် ငှက်၏ကြွင်းအင်လက္ခဏာများလည်း ရှိလာရမည်ဖြစ်၏။ ထို့ကြောင့် ဖွတ်တူငှက်တူသတ္တဝါလည်း ပေါ်ပေါက်ခဲ့ရမည်ဖြစ်သည်။ ထိုကဲ့သို့ပြောင်းလဲနေသည့်သတ္တဝါများသည်လည်း၊ သိပ္ပံပညာအရဆိုပါက၊ ဒုက္ခိတသတ္တဝါများသာလျှင် ဖြစ်ကြပေမည်။ အီဗိုလူးရှင်းဝါဒီများက ထိုကဲ့သို့သော သူတို့အခေါ် "**ကြားကာလပုံစံ**" သတ္တဝါများ ရှိခဲ့သည်ဟု ယုံကြည်ကြပေသည်။

အကယ်၍ ဤကဲ့သို့သော သတ္တဝါများသာလျှင် အမှန်တကယ်ရှိခဲ့ပါက၊ အရေအတွက်အားဖြင့် သန်းပေါင်းမြောက်မြားစွာရှိမည်ဖြစ်သည်။ ထို့ကြောင့်၊ အလွန်ထူးဆန်းသောသတ္တဝါ

တို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများကိုလည်း မှတ်တမ်းတင်ထားရမည်မှာ အရေးကြီးဆုံးအချက် ဖြစ်သည်။ *မျိုးစုများ စတင်ပေါ်ပေါက်လာပုံ* စာအုပ်တွင် ဒါဝင်က အောက်ပါအတိုင်း ရေးသား ထားပေသည်။



အီဗိုလူးရှင်းသီအိုရီက၊ သက်ရှိပစ္စည်းမျိုးစုမျိုးနွယ်တို့သည်တစ်မျိုးစီ၏နောက်ပိုင်း နောက်တစ်မျိုးက တစ်ဆင့်ပြီးတစ်ဆင့်ဖြစ်ပေါ်လာသည်ဟုဆိုသည်။ သို့သော်လည်း၊ ကျောက်ဖြစ်ရုပ်ကြွင်းမှတ်တမ်းများက ဤအဆိုပြုချက်ကို မှားယွင်းကြောင်း ပြဆိုထား၏။ ဥပမာ၊ လွန်ခဲ့သည့် နှစ်သန်းပေါင်း ၅၅၀ က ကင်းဘရီယံခေတ်တွင် မျိုးသုဉ်းသွားပြီဖြစ်သော သတ္တဝါအမြောက်အများ ချက်ချင်းပေါ်ပေါက်ခဲ့သည်။ အထက်ပါပုံတွင် ပုံစံအဖြစ်ရေးဆွဲပြထားသော သက်ရှိသတ္တဝါများသည် အလွန်ရှုပ်ထွေးသော တည်ဆောက်မှုရှိကြသည်။ သိပ္ပံပညာစာပေများတွင် “ကင်းဘရီယံ ပေါက်ကွဲမှု (သို့) ဖြစ်ပေါ်မှု”သည် အရှင်းဆုံး သက်သေခံ ဖြစ်ပေသည်။

အကယ်၍ ကျွန်ုပ်၏သီအိုရီမှန်ကန်ပါက၊ အနီးစပ်ဆုံးမျိုးစုများအကြား၏ ကြားမျိုးကွဲများ အမှန်တကယ် ရှိခဲ့မည်ဖြစ်ပေသည်။––ထို့ကြောင့်၊ လွန်လေပြီးသောကာလများတွင် ပေါ်ပေါက်ခဲ့သောသတ္တဝါများ၏သက်သေခံအထောက်အထားမှာ ကျောက်ဖြစ်ရုပ်ကြွင်းများပင် ဖြစ်ပေသည်။[၁၃၅]

# ဒါဝင်၏မျှော်လင့်ချက် ပျက်သုဥ်းသွားခြင်း

## Darwin's Hopes Shattered

၁၉–ရာစုနှစ်မှစ၍ ယနေ့အထိ ကျောက်ဖြစ်ရုပ်ကြွင်းများကို ကမ္ဘာ့နေရာတကာတွင် အပတ်တကုတ် ရှာဖွေစုဆောင်းလာခဲ့ကြသော်လည်း၊ ယနေ့တိုင် မည်သည့်ကြားပုံစံသတ္တဝါ၏ ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုတစ်လေမျှပင် မတွေ့ရှိသေးချေ။ ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေရေးသုတေသနလုပ်ငန်းအားလုံး၏ တွေ့ရှိချက်များအရ၊ အီဗိုလူးရှင်းဝါဒီတို့ မျှော်လင့်သည့် ကြားပုံစံမတွေ့ရသည့်ပြင်၊ သတ္တဝါများသည် ရုတ်တရက် အင်္ဂါရပ်အပြည့်အစုံဖြင့်သာ ပေါ်ပေါက်လာခဲ့ကြကြောင်း ဖော်ထုတ်ထားပေသည်။


နာမည်ကျော်ကြားသော ဗြိတိသျှလူမျိုး ကျောက်ဖြစ်ရုပ်ကြွင်းပါရဂူဖြစ်သူ Derek W. Ager က၊ သူကိုယ်တိုင် အီဗိုလူးရှင်းဝါဒီဖြစ်သော်လည်း အောက်ပါအတိုင်း ဝန်ခံထားပေသည်။

> ကျောက်ဖြစ်ရုပ်ကြွင်းများကို စစ်ဆေးကြည့်သောအခါ၊ ၎င်းတို့၏ မျိုးနွယ်အဆင့်တွင်ဖြစ်စေ၊ သို့မဟုတ် မျိုးစိတ်များအဆင့်တွင်ဖြစ်စေ၊ တစ်စတစ်စပြောင်းလဲလာခဲ့ကြခြင်းမရှိဘဲ၊ တစ်မျိုးဆိတ်သုဉ်းပျောက်ကွယ်သွားပြီး နောက်တစ်မျိုးရုတ်တရက်ပေါ်ပေါက်လာခဲ့ခြင်းကိုသာ၊ ထပ်ခါတလဲလဲတွေ့ရှိရပေသည်။[၁၃၆]

ဆိုလိုရင်းမှာ၊ သက်ရှိသတ္တဝါတို့၏ မျိုးစုမျိုးစိတ်များသည်၊ ကြားသတ္တဝါမျိုးမရှိဘဲ တစ်မျိုးချင်းသည်အင်္ဂါအပြည့်အစုံဖြင့် ရုတ်တရက်ပေါ်ပေါက်လာခြင်းဖြစ်ပေသည်။ ယင်းသည်ကား ဒါဝင်၏အမြင်နှင့် တိကျစွာဆန့်ကျင်ဘက်ဖြစ်နေပေသည်။ ထို့ထက်မက၊ ဤအချက်သည် သက်ရှိသတ္တဝါများကို ဖန်ဆင်းထားခြင်းဖြစ်ကြောင်း အခိုင်လုံဆုံးသက်သေသာဓကဖြစ်ပေသည်။ သတ္တဝါတစ်မျိုးသည် ဆင်းသက်လာခဲ့သောယှဉ်အဆင့်သတ္တဝါမျိုးမရှိဘဲ ချို့ယွင်းချက်ကင်းမဲ့၍ ရုတ်တရက်ပေါ်ပေါက်လာခဲ့သည် ဟူသောအချက်သည် ထိုသတ္တဝါကို ဖန်ဆင်းထားခြင်းဖြစ်ကြောင်း ပြဆိုလျက်ရှိပေသည်။ ဤအမှန်တရားကို အီဗိုလူးရှင်းဝါဒီဇီဝဗေဒပညာရှင် ဒေါက်ကလပ် ဖူတူယာမာကလည်း လက်ခံပေသည်။

> သက်ရှိသတ္တဝါများ၏ အစမူလဘူတကိစ္စနှင့်ပတ်သက်၍ ဖန်ဆင်းခြင်းနှင့်အီဗိုလူးရှင်းအဆိုနှစ်မျိုးအကြား နောက်ထပ်ရှင်းလင်းချက်ပေးစရာ မရှိတော့ပါ။ သက်ရှိပစ္စည်းများသည် ကမ္ဘာပေါ်တွင် အင်္ဂါလက္ခဏာအားလုံး အပြည့်အစုံဖြင့် ပေါ်ပေါက်လာခဲ့ခြင်း ဟုတ်မဟုတ်ကိုသာ ကြည့်ရမည်။ ထိုကဲ့သို့ မဟုတ်ပါက၊ ယှဉ်ရှိပြီးသားသတ္တဝါဘိုးဘေးတစ်မျိုးမျိုးမှ တစ်စတစ်စပြောင်းလဲလာခြင်းဖြင့်ဆင်းသက်လာခဲ့ခြင်းဖြစ်ရပေမည်။ အကယ်၍ ၎င်းတို့သည် အင်္ဂါလက္ခဏာအားလုံးအပြည့်အစုံဖြင့် ရုတ်တရက်ပေါ်ပေါက်လာပါက၊ ၎င်းတို့ကို အရာရာကိုစွမ်းဆောင်နိုင်သော အနန္တတန်ခိုးတော်ရှင်၊ ဉာဏ်ပညာနှင့်ပြည့်စုံတော်မူသောအရှင်က ဖန်ဆင်းထားခြင်းသာ ဖြစ်ရမည်။[၁၃၇]

ကျောက်ဖြစ်ရုပ်ကြွင်းများသည် ကမ္ဘာပေါ်တွင် အင်္ဂါလက္ခဏာများအပြည့်အစုံဖြင့်သာ ပေါ်ပေါက်လာခဲ့ကြကြောင်း ထုတ်ဖော်ထားပေသည်။ တစ်နည်းအားဖြင့်ဆိုရသော်၊ "သတ္တဝါမျိုးစုတို့ ဖြစ်ပေါ်လာခြင်း" သည်၊ ဒါဝင်ထင်သကဲ့သို့ အီဗိုလူးရှင်းနည်းဖြင့် ဖြစ်ပေါ်လာခဲ့ခြင်းမဟုတ်ဘဲ ဖန်ဆင်းခြင်းဖြင့် ပေါ်ပေါက်လာခဲ့ပေသည်။



အီဗိုလူးရှင်းသီအိုရီ၏ ရှေ့တန်းစစ်မျက်နှာတွင်၊ ကျောက်ဖြစ်ရုပ်ကြွင်းမှတ်တမ်းသည် ကြီးကျယ်သော အတားအဆီးဖြစ်နေပေသည်။ သက်ရှိသတ္တဝါများသည်၊ တစ်မျိုးစီသည် ကြားကာလပုံစံများမရှိသည့် အပြင် အီဗိုလူးရှင်းပြောင်းလဲမှုဖြင့် ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ၊ ပြည့်စုံသောပုံစံများဖြင့် ချက်ချင်းပေါ် ပေါက်လာကြကြောင်း ကျောက်ဖြစ်ရုပ်ကြွင်းများက ပြသလျက်ရှိပေသည်။ ဤအချက်သည်၊ သက်ရှိ မျိုး စုမျိုးနွယ်များအား သီးခြားစီဖန်ဆင်းထားခြင်းဖြစ်ကြောင်း သက်သေသာဓက ဖြစ်၏။

# လူသားများ၏ အီဗိုလူးရှင်းပုံပြင်

## The Tale of Human Evolution

အီဗိုလူးရှင်းသီအိုရီကို ကာကွယ်သူများက မကြာခဏ တင်ပြလေ့ရှိသောအချက်မှာ လူ သားများ၏ အစမူလဘူတအကြောင်းပင်ဖြစ်ပေသည်။ ဒါဝင်ဝါဒီများက ခေတ်သစ်လူသားများ သည်၊ မျောက်ဝံကဲ့သို့သော သတ္တဝါအမျိုးမျိုးမှ ဆင်းသက်လာခဲ့ကြသည်ဟု တင်ပြကြပေ သည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၄–၅ သန်းခန့်အတွင်း ၎င်းမျောက်ဝံဘိုးဘေးများနှင့် ခေတ်သစ် လူသားများအကြားရှိ သတ္တဝါများ အသက်ထင်ရှားနေထိုင်ခဲ့ကြသည်ဟု ဆိုကြသည်။ ဤစိတ် ကူးယဉ်ဇာတ်လမ်းတွင်၊ အခြေခံအားဖြင့် အဆင့်လေးဆင့်ခွဲထားကြ၏။

၎င်းတို့မှာ၊

၁။ ဩစတြာလိုပိသိကပ်စ်

၂။ ဟိုမိုဟာဘီလစ်

၃။ ဟိုမိုအီရက်တပ်စ်

၄။ ဟိုမို ဆေပီယံ စသည်တို့ဖြစ်ပေသည်။

အီဗိုလူးရှင်းဝါဒီတို့က "ဩစတြာလိုပိသိကပ်စ်" သို့မဟုတ် "အာဖရိကတောင်ပိုင်း မျောက်ဝံ" ဟု အမည်ပေးထားသောမျောက်ဝံနှင့်တူသည့်သတ္တဝါသည် လူသားတို့၏ ပထမဆုံး ဘိုးဘွားဖြစ်သည်ဟု ဆိုသည်။ အမှန်မှာ၊ ထိုသတ္တဝါများသည် မျိုးသုဉ်းခဲ့ပြီဖြစ်သော မျိုးကွဲ အမြောက်အမြားရှိခဲ့သည့် မျောက်ဝံစစ်စစ်များသာဖြစ်ပေသည်။ ကမ္ဘာပေါ်တွင် အကျော်ကြား ဆုံး ခန္ဓာဗေဒပညာရှင်များဖြစ်ကြသော ဗြိတိသျှလူမျိုး လော့ဒ်ဆိုလ်လီ ဇူကာမန်နှင့် အမေရိကန် လူမျိုး ပါမောက္ခ ချားလ်စ် အောက်စ်နာဒ်တို့က ဩစတြာလိုပိသိကပ်စ်ကျောက်ဖြစ်ရုပ်ကြွင်း များနှင့်ပတ်သက်၍ နှစ်ပေါင်းများစွာပြုခဲ့သောသုတေသနအရ၊ ၎င်းသတ္တဝါများသည် မျိုးသုဉ်း ခဲ့ပြီးဖြစ်သော မျောက်ဝံစစ်စစ်များသာဖြစ်၍ လူသားများနှင့် မည်သည့်အရာမျှ နီးစပ်ခြင်းမရှိ ကြောင်း ဖေါ်ထုတ်ထားပေသည်။[၁၃၈]

အီဗိုလူးရှင်းဝါဒီတို့က နောက်ထပ်အဆင့်ကို လူသားများ၏ တစ်စစီပြောင်းလဲခြင်း အီဗိုလူးရှင်းအဆင့်အဖြစ် "ဟိုမို"အဆင့်များအဖြစ် ခွဲခြားထားပေသည်။ သူတို့၏အဆိုပြုချက် အရ "ဟိုမို"အဆင့်သည် ဩစတြာလိုပိသိကပ်စ် အဆင့်ထက် ပိုမိုဖွံ့ဖြိုးသော သတ္တဝါများဖြစ် သည်ဟု ဆိုသည်။ အီဗိုလူးရှင်းဝါဒီတို့က ဤကျောက်ဖြစ်ရုပ်ကြွင်းများဖြင့် စိတ်ကူးယဉ်အီဗို လူးရှင်းအစီအစဉ်ကို ဆွဲကြပေသည်။ အမှန်မှာ ၎င်းအဆင့်များအကြား ဆက်စပ်မှုကို သက်သေ ထူပြထားခြင်းမရှိသဖြင့် စိတ်ကူးယဉ်အစီအစဉ်သာလျှင်ဖြစ်ပေသည်။ ၂၀–ရာစုနှစ်အတွင်း အီဗိုလူးရှင်းသီအိုရီကို ကာကွယ်ပြောဆိုသူများအနက် အရေးကြီးဆုံးပုဂ္ဂိုလ်ဖြစ်သည့် အာန်းစ် မေယာက ဤအချက်နှင့်ပတ်သက်၍၊ သူ၏ *One Long Argument* ဟူသောစာအုပ်တွင်၊ *အထူး သဖြင့် သမိုင်း၏ပဟေဠိဖြစ်သော အသက်သို့မဟုတ် ဟိုမိုဆေပီယံ၏အစမူလဘူတသည် အင် မတန်ခက်ခဲသောအကြောင်းအရာဖြစ်သဖြင့်၊ နောက်ဆုံးကျေနပ်လောက်သည့် ရှင်းလင်းချက် များကိုပင် ပေးနိုင်မည်မဟုတ်ပေ။*[၁၃၉] ဟု ရေးသားထားသည်။

ဩစတြာလိုပိသိကပ်စ်>ဟိုမိုဟာဘိလစ်>ဟိုမိုအီရက်တပ်စ်>ဟိုမိုဆေပီယံ စသည့်အစီ အစဉ်တွင် အလျှင်တစ်မျိုးသည် နောက်လာသည့်တစ်မျိုးပေါက်ဖွားလာခဲ့သည့် ဘိုးဘေးအမျိုး ဖြစ်သည်ဟု အီဗိုလူးရှင်းဝါဒီတို့က ဆိုသည်။ သို့သော်လည်း ကျောက်ဖြစ်ရုပ်ကြွင်း သုတေ သနအရ နောက်ဆုံးတွေ့ရှိချက်မှာ ဩစတြာလိုပိသိကပ်စ်၊ ဟိုမိုဟာဘီလစ်နှင့် ဟိုမိုအီ ရက်တပ်စ်တို့သည် တစ်ခေတ်တည်းတစ်ချိန်တည်းတွင် ကမ္ဘာ့အပိုင်းတစ်နေရာစီ၌ အသက်ရှင် ထင်ရှားခဲ့ကြသောသက်ရှိသတ္တဝါများ ဖြစ်ကြောင်းသိရှိရပေသည်။[၁၄၀]

ထို့ထက်မက၊ ဟိုမိုအီရက်တပ်စ်သတ္တဝါများသည် လွန်ခဲ့သည့်မကြာသေးမီခေတ်သစ် ကာလအထိ အသက်ထင်ရှားနေထိုင်ခဲ့ကြကြောင်း တွေ့ရှိရပေသည်။ ဟိုမိုဆေပီယံနီယံဒါတာ လင်းစစ်နှင့် ဟိုမိုဆေပီယံ(ခေတ်သစ်လူသား)များသည်လည်း တစ်ပြိုင်တည်းတခေတ်တည်းတွင် အသက်ထင်ရှား နေထိုင်ကြကြောင်း ထပ်မံတွေ့ရှိရပေသည်။[၁၄၁]

အမှန်စင်စစ်၊ ဤအချက်များကပင် ယင်းသတ္တဝါအဆင့်များသည် တစ်မျိုးသည် နောက်တစ်မျိုးမှ ပေါက်ဖွားပြောင်းလဲလာခဲ့ခြင်းမဟုတ်ကြောင်းကို သက်သေထူလျက်ရှိနေပေ သည်။ ဟားဗတ်တက္ကသိုလ်မှ ကျောက်ဖြစ်ရုပ်ကြွင်းဗေဒ ပါမောက္ခ စတီဖင် ဂျေဂေါလ်က၊ သူ ကိုယ်တိုင် အီဗိုလူးရှင်းဝါဒီဖြစ်နေသော်လည်း၊ ဒါဝင်၏သီအိုရီ အကြပ်ရိုက်နေခြင်းနှင့်ပတ် သက်၍ အောက်ပါအတိုင်း ရှင်းပြထားပေသည်။

> ဟိုမိုမျိုးနွယ်စုများဖြစ်သည့် A. africanus, robust australopithecines နှင့် H. habilis တို့ တစ်ချိန်တစ်ကာလတည်းမှာ ပြိုင်တူအသက်ထင်ရှားပေါ်ပေါက်ခဲ့သည်ဆိုလျှင်၊ တစ်မျိုးစီက နောက်တစ်မျိုးမှ ဆင်းသက်လာကြောင်း ထင်ရှားစွာဖေါ်ပြနိုင်ခြင်းမရှိပါက၊ ကျွန်ုပ်တို့ထပ်မံတက်လှမ်းမည့် လှေကားမှာ မည်သို့ဖြစ်သွားတော့မည်နည်း။ ထို့ထက်မက၊ ထိုသုံးမျိုးစလုံးအနက် တစ်ခုမျှပင် ကမ္ဘာပေါ်တွင် အသက်ရှင်နေစဉ်အတွင်း အီဗိုလူးရှင်းလက္ခဏာ ပြသသည့်အလားအလာမရှိခြင်းက ပိုဆိုးနေပါသည်။[၁၄၂]

အတိုချုံး၍ပြောရမည်ဆိုလျှင်၊ မီဒီယာသတင်းလောကနှင့် ကျောင်းသုံးစာအုပ်များတွင် ရေးဆွဲဖေါ်ပြထားသည့် စိတ်ကူးယဉ် "မျောက်ဝံတစ်ဝက် လူတစ်ဝက်"ပုံများသည်၊ တစ်နည်း

အားဖြင့် လူသားတို့၏အီဗိုလူးရှင်း တစ်စတစ်စအလိုအလျောက်ပြောင်းလဲဆင်းသက်လာခဲ့သည့် ဖြစ်စဉ်စိတ်ကူးယဉ်ဇာတ်လမ်းကို သက်ဆိုးရှည်နေအောင် ဝါဒဖြန့်နေသည့်နည်းများသည်၊ သိပ္ပံပညာအခြေခံမရှိသော ဒဏ္ဍာရီဇာတ်လမ်းများသာလျှင် ဖြစ်ပေသည်။



လူသားဆိုင်ရာ အီဗိုလူးရှင်း(တစ်စတစ်စပြောင်းလဲခြင်းဖြစ်စဉ်)ကို ထောက်ခံသည့် ကျောက်ဖြစ်ရုပ်ကြွင်းဟူ၍ တစ်ခုတစ်လေမျှပင် မရှိချေ။ ကျောက်ဖြစ်ရုပ်ကြွင်းမှတ်တမ်းများက ယင်းနှင့်ဖီလာဆန့်ကျင်၍၊ လူသားနှင့် မျောက်ဝံအကြားတွင် ကျော်လွှားနိုင်ခြင်းမရှိသည့်အဟန့်အတားသာ ဖြစ်နေပေသည်။ အမှန်တရားနှင့် ရင်ဆိုင်ရသည့်အခါမှုကား၊ အီဗိုလူးရှင်းဝါဒီတို့သည် ပုံရေးဆွဲခြင်းနှင့် ပုံစံဖော်ခြင်းတို့တွင် အဓိကအားကိုးကြပေသည်။ လူသားဦးခေါင်းခွံပေါ်တွင်၊ အရေခွံ မျက်နှာဖုံးလိုက်တပ်ပေးခြင်းဖြင့် လူတစ်ဝက်မျောက်ဝံတစ်ဝက် သတ္တဝါမျက်နှာများကို ဖော်ထုတ်၍ လုပ်ကြံဇာတ်လမ်းများ ဖော်ထုတ်ကြသည်။

ဗြိတိန်နိုင်ငံမှ အများဆုံးလေးစားခြင်းခံရသည့် သိပ္ပံပညာရှင်တစ်ဦးဖြစ်သော လော့ဒ်ဆိုလ္လီဇူကာမန်သည်၊ ဤကိစ္စနှင့်ပတ်သက်၍ နှစ်ပေါင်းများစွာ လေ့လာခဲ့သည့်ပြင်၊ ဩစတြာလိုပိသိကပ်စ်ကျောက်ဖြစ်ရုပ်ကြွင်းများကို ၁၅–နှစ်တိုင်သုတေသန ပြုခဲ့ရာမှ၊ အီဗိုလူးရှင်းဝါဒီဖြစ်သော်လည်း၊ နောက်ဆုံးတွင် မျောက်ကဲ့သို့သောသတ္တဝါများမှ လူသားအကြားဆက်နွယ်ပေါက်ဖွားမှုမတွေ့ရှိရကြောင်း နိဂုံးချုပ်အဖြစ် တင်ပြခဲ့ပေသည်။

ဇူကာမန်က စိတ်ဝင်စားဖွယ်ကောင်းသော "သိပ္ပံပညာဆိုင်ရာနယ်ပယ်"အစီအစဉ်တစ်ခုကိုလည်း ရေးဆွဲခဲ့ပေသည်။ သိပ္ပံနည်းကျသောဘာသာရပ်များဟု သူ့အနေဖြင့် လက်ခံသည့်ဘာသာရပ်များနှင့် သိပ္ပံနည်းမကျသောဘာသာရပ်များကို အစီအစဉ်အလိုက် နယ်ပယ်သတ်မှတ်ထားသည်။ ခိုင်လုံသည့်အထောက်အထားများကို အခြေခံသော ဓါတုဗေဒနှင့် ရူပဗေဒဘာသာရပ်များကို ပထမတန်းထိပ်ဆုံးတွင်ထား၍၊ ၎င်းနောက်တွင် ဇီဝဗေဒဆိုင်ရာဘာသာရပ်များနှင့် လူမှုရေးဘာသာရပ်များ စသည်ဖြင့် အစီအစဉ်ဆွဲထားသည်။ ထို"နယ်ပယ်"သတ်မှတ်သည့်အစီအစဉ်နောက်ဆုံးပိုင်းတွင်၊ သိပ္ပံနည်းမကျသောဘာသာရပ်များကို ဆက်လက်ဖော်ပြထားသည်။ ဇူကာမန်အနေဖြင့် သိပ္ပံနည်းမကျသောဘာသာရပ်များမှာ အာရုံငါးပါးပြင်ပသိရှိမှုများဖြစ်သည့် တယ်လီပသီခေါ်ဇာန်ဝင်ခြင်း၊ ဆဋ္ဌမအာရုံ စသည်တို့ဖြစ်၍ နောက်ဆုံးတွင် အီဗိုလူးရှင်းသီအိုရီ ဖြစ်သည်။ ထို"သိပ္ပံပညာဆိုင်ရာနယ်ပယ်"၏နောက်ဆုံးတွင်၊ ဇူကာမန်က အောက်ပါအတိုင်း ဖြည့်စွက်ရေးသားထားသည်။

> ဤအစီအစဉ်တွင်၊ ဓမ္မဒိဋ္ဌာန်ကျသောအမှန်တရားများ၏နောက်ပိုင်းတွင် ဇီဝဗေဒဘာသာရပ်ဟုဆိုသောဘာသာရပ်များဖြစ်သည့် အာရုံငါးပါးပြင်ပအသိများ သို့မဟုတ် ကျောက်ဖြစ်ရုပ်ကြွင်းများကို အဓိပ္ပါယ်ဖော်ခြင်းများ၊ စသည်တို့တွင်၊ အီဗိုလူးရှင်းသီအိုရီကို သစ္စာခံထားသူအတွက် ဘာမဆိုဖြစ်နိုင်ပေသည်။ အီဗိုလူးရှင်းသီအိုရီတွင် စိတ်ထက်သန်သူတစ်ဦးအတွက် တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက်ဖြစ်နေသော အရာများအားလုံးကိုပင် တစ်ပြိုင်တည်းတွင် ယုံကြည်နိုင်ပေသည်။[၁၄၃]

ထို့ကြောင့်၊ လူသားများဆိုင်ရာအီဗိုလူးရှင်း (လူသားများတစ်စတစ်စပြောင်းလဲဖြစ်ပေါ်လာခြင်း)ဇာတ်လမ်းတွင်၊ သူတို့တွေ့ရှိသော ကျောက်ဖြစ်ရုပ်ကြွင်းအချို့ပေါ်အခြေခံထားသည့် သီအိုရီကို မျက်စိမှိတ်ယုံကြည်သူအချို့၏ သုံးသပ်ဝေဖန်ချက်များသာ ဖြစ်ပေသည်။

## မျက်စိနှင့် နားတွင်ရှိသည့် နည်းပညာ

### Technology In The Eye and The Ear

အီဗိုလူးရှင်းသီအိုရီက အဖြေမပေးနိုင်သေးသောအရာနှစ်ခုမှာ၊ မျက်စိနှင့်နားတွင် ပါရှိသည့် အထူးကောင်းမွန်သည့် အာရုံခံစားမှုအရည်အသွေးပင်ဖြစ်ပေသည်။

မျက်စိနှင့်ပတ်သက်၍ မဆွေးနွေးမီ၊ ကျွန်ုပ်တို့ “မည်သို့မြင်ရသည်”ကို အကျဉ်းအားဖြင့် ဖော်ပြလိုပါသည်။ အရာဝတ္ထုတစ်ခုမှလာသော ရောင်ခြည်တန်းများသည် ရက်တီနာခေါ် မျက်စိ၏နောက်ပိုင်းတွင်ရှိသည့် ကားချပ်ပေါ်တွင်ကျရောက်ပြီး ပြောင်းပြန်ပုံရိပ်ပေါ်စေသည်။ ဤနေရာတွင် ဆဲလ်များက လျှပ်စစ်အချက်ပြလှိုင်းများအဖြစ်ပြောင်းလဲပေးပြီး ဦးနှောက်၏ မြင်ခြင်းအပိုင်းသို့ ထိုလှိုင်းများကို ပို့ပေးလိုက်သည်။ ဦးနှောက်၏ ထိုအပိုင်းတွင် မျက်စိရှေ့တွင်ရှိသည့်အရာဝတ္ထုများ၏ပုံရိပ်အဖြစ် အစီအစဉ်အတိုင်း အဓိပ္ပါယ်ဖော်ပေးလေသည်။ ဤလက်တွေ့ကျသည့် အခြေခံအပေါ် ဆက်လက်၍ အနည်းငယ်ထပ်စဉ်းစားကြည့်ကြပါစို့။

ဦးနှောက်သည် အလင်းရောင်မှ ကာကွယ်ထားသည်။ ဆိုလိုရင်းမှာ၊ ဦးနှောက်တည်ရှိရာနေရာ၌ အလင်းရောင်မရောက်နိုင်သဖြင့်၊ မှောင်မိုက်လျက်ရှိ၏။ အမြင်ဆိုင်ရာအပိုင်းသည် အလင်းရောင် မရောက်နိုင်သော မှောင်မိုက်လျက်ရှိသည့်နေရာဖြစ်ပေသည်။ အသင်ကြုံဘူး သိဘူးသည့် အမှောင်များထက် ပိုမို၍မှောင်မိုက်သောနေရာလည်းဖြစ်ပေလိမ့်မည်။ သို့သော်လည်း၊ အသင်သည် ထိုပိန်းပိတ်အောင်မှောင်နေသောနေရာ၌ လင်းထင်းလျက်ရှိသော ကမ္ဘာကို တွေ့မြင်နေရပေသည်။

မျက်စိဖြင့်မြင်ရသည့် ပုံရိပ်သည် အလွန်အမင်းထင်ရှားပြတ်သားလေရာ၊ ၂၀–ရာစုနှစ်ရှိ နည်းပညာတက်နိုလိုဂျီကပင် ထိုမျှပြတ်သားသောပုံရိပ်ကို ရရှိအောင်မပြုလုပ်နိုင်သေးချေ။ အသင်ဖတ်နေသောစာအုပ်ကို မြော်က်၍သေချာစွာကြည့်ပါ။ သင့်ပတ်ဝန်းကျင်ကိုလည်း တဖန်လှည့်၍ကြည့်ပါ။ အသင်သည် ထိုကဲ့သို့ထင်ရှားပြတ်သားသောပုံများကို မည်သည့်နေရာတွင် တွေ့မြင်ဘူးပါသနည်း။ တိုးတက်ဖွံ့ဖြိုးဆုံးစက်ရုံမှ ထုတ်လုပ်သည့် ရုပ်မြင်သံကြားစက်၏ ဖန်ကားချပ်တွင်ပင် ထိုမျှထင်ရှားပြတ်သားသောပုံကို မပြသနိုင်သေးချေ။ မျက်စိဖြင့် တွေ့မြင်ရသည့် ပုံရိပ်များသည်လည်း သုံးဖက်တန်ပုံရိပ်များဖြစ်၍၊ အင်မတန်ပြတ်သားသော ရောင်စုံပုံရိပ်များလည်း ဖြစ်ပေသည်။ နှစ်ပေါင်း ၁၀၀–ကျော်အတွင်း ဦးရေထောင်နှင့်ချီသောအင်ဂျင်နီယာတို့က မျက်စိဖြင့်မြင်ရသည့်ပုံရိပ်အတိုင်း ဖော်ပေးနိုင်သည့် စက်ကိရိယာကို ကြိုးစားတီထွင်ကြသော်လည်း မအောင်မြင်ကြသေးချေ။ ဤကိစ္စနှင့်ပတ်သက်၍ ကြီးမားသောစက်ရုံများဆောက်လုပ်၍ စီမံကိန်းအမျိုးမျိုးချမှတ်ကာ သုတေသနအမျိုးမျိုးပြုကြပေသည်။ သင်၏ ရုပ်မြင်သံကြားစက်ကို တဖန်လှည့်ကြည့်ပါဦး။ ထို့နောက် အသင်ကိုင်တွယ်ထားသော စာအုပ်ကိုလည်း ထပ်မံ၍ကြည့်ပါ။ ထင်ရှားပြတ်သားမှု၌ အကြီးအကျယ်ကွာခြားနေသည်ကို တွေ့မြင်ရပါမည်။ ထို့ထက်မက၊ ရုပ်မြင်သံကြားကားချပ်တွင် အလျားအနံသာပါဝင်သည့် နှစ်ဖက်တန်ပုံရိပ်ကိုသာ မြင်ရ၍၊ အသင့်မျက်စိဖြင့်မြင်ရသောပုံရိပ်များမှာ အလျားအနံအနက်(သို့မဟုတ် အမြင့်)သုံးမျိုးလုံးပါဝင်သည့် သုံးဖက်တန်ပုံရိပ်ဖြစ်ပေသည်။

တကမ္ဘာလုံးရှိ အင်ဂျင်နီယာပေါင်း ထောင်သောင်းမကတို့သည် နှစ်ပေါင်းများစွာအတွင်း မျက်စိဖြင့် မြင်ရသည့်ပုံရိပ်အတိုင်း ပြတ်သားရှင်းလင်းသောပုံရိပ်ဖော်နိုင်သည့် ရုပ်မြင်သံကြားစက်ကို ထုတ်လုပ်နိုင်ရန် ကြိုးပမ်းခဲ့ကြပေသည်။ သုံးဖက်တန်ပုံရိပ်ကို ဖော်နိုင်သော်လည်း အထူးစီမံထားသည့် မျက်မှန်တပ်၍ကြည့်မှသာလျှင်မြင်နိုင်၍ တွေ့မြင်ရသည့် ပုံရိပ်သည်လည်း

ပုံရိပ်အတုဖြစ်ပေသည်။ နောက်ခံပုံရိပ်သည်လည်း ကြည်လင်ပြတ်သားခြင်းမရှိဘဲ မှုန်ဝါးနေသည်။ မျက်စိဖြင့် တွေ့မြင်ရသည့် ပုံရိပ်အတိုင်း ဘယ်သောအခါမှ ထုတ်ဖော်နိုင်ခြင်းမရှိကြချေ။ ကင်မရာနှင့် ရုပ်မြင်သံကြားစက်နှစ်မျိုးလုံးတွင် ပုံရိပ်၏အရည်အသွေးများ လျော့နည်းလျက်သာရှိနေပေသည်။

အီဗိုလူးရှင်းဝါဒီတို့က ထိုကဲ့သို့ကြည်လင်ထင်ရှားပြတ်သားသောပုံရိပ်ကို ဖော်ထုတ်နိုင်သည့်ယန္တရားသည် မတော်တဆကြုံကြိုက်၍ အလိုအလျောက်ဖြစ်ပေါ်လာခဲ့သည်ဟု အဆိုပြုကြသည်။ ကောင်းပြီ၊ အသင်၏ ရုပ်မြင်သံကြားစက်သည်၊ ဒြပ်ပစ္စည်းအက်တမ်အဏုမြူများအလိုလို လာရောက်စုရုံးပြီး အလိုအလျောက်မတော်တဆဖြစ်လာသည်ဟု ပြောပါက အသင်မည်သို့ထင်မည်နည်း။ ထောင်သောင်းမကသော လူတို့က ထုတ်လုပ်နိုင်ခြင်းမရှိသည့်အရာကို အက်တမ်များ အလိုအလျောက်လာရောက်စုရုံး၍ သူ့အလိုလို ဖြစ်ပေါ်လာပါမည်လော။

မျက်စိဖြင့် တွေ့မြင်ခြင်းလောက်ကြည်လင်ပြတ်သားသောပုံရိပ်ကို ထုတ်ဖော်ပေးနိုင်စွမ်းမရှိသည့်၊ မျက်စိလောက်ခေတ်မမီသေးသည့် စက်များသည်ပင် အလိုအလျောက်ဖြစ်ပေါ်လာနိုင်ခြင်းမရှိပါက၊ ကြည်လင်ပြတ်သားဆုံးပုံရိပ်ကို ထုတ်ဖော်ပေးနိုင်သည့် မျက်စိသည်လည်း သူ့အလိုအလျောက် ကြုံကြိုက်၍ဖြစ်ပေါ်လာခဲ့ခြင်း မဖြစ်နိုင်ပေ။ နားသည်လည်း ထိုနည်းနှင်နှင် ဖြစ်ပေသည်။ နား၏ပြင်ပပိုင်းသည် အသံကိုဖမ်းယူ၍ အသံလှိုင်းများကို နား၏အလယ်ပိုင်းသို့ ပို့လိုက်သည်။ ထိုအလယ်ပိုင်းတွင် အသံကိုချဲ့ထွင်၍ လျှပ်စစ်လှိုင်းများအဖြစ်ပြောင်းလဲပေးကာ ဦးနှောက်သို့ ပို့ပေးလိုက်သည်။ မျက်စိကဲ့သို့၊ အသံသည်လည်း ဦးနှောက်တွင်းရှိ ကြားခြင်းအပိုင်းတွင် အသံကို ခွဲခြားပေးဖြင့် ကြားရသည်။

နားနှင့်ပတ်သက်၍လည်း၊ မျက်စိကဲ့သို့သော အခြေအနေအတိုင်းပင်ဖြစ်ပေသည်။ မြင်ခြင်းအပိုင်းကို အလင်းမှ ကာကွယ်ထားသကဲ့သို့၊ ဦးနှောက်တွင်းရှိ ကြားခြင်းအပိုင်းသည်လည်း အသံမရောက်နိုင်အောင် ကာကွယ်ထားသဖြင့် တိတ်ဆိတ်နေပေသည်။ သို့သော်လည်း ကြည်လင်ပြတ်သားဆုံးသောအသံကို ဦးနှောက်၏ သောတာရုံ-ကြားခြင်းအပိုင်းတွင် ကြားရပေသည်။ အသံမရောက်နိုင်အောင် ကာကွယ်ထားသောဦးနှောက်တွင်း၌၊ အသင်သည် သာယာနာပျော်ဘွယ်ကောင်းသော တေးသီချင်းသံများနှင့် ဆူညံသံများကို ပြတ်သားစွာကြားနေရပေသည်။ အကယ်၍ အသံတိုင်းတာသည့်ကရိယာဖြင့် ထိုအချိန်သမယတွင် ဦးနှောက်တွင်းရှိကြားခြင်းအပိုင်းကို တိုင်းတာကြည့်ပါက အသံဟူ၍လုံးဝမရှိဘဲ လုံးဝတိတ်ဆိတ်နေသည်ကို တွေ့ရလိမ့်မည်။

ပုံရိပ်နှင့်ပတ်သက်၍ကြိုးပမ်းကြသလို၊ အသံ၏နကိုယ်အရည်အသွေးအတိုင်းရရှိနိုင်ရန် နှစ်ပေါင်းများစွာကြိုးပမ်းလာခဲ့ကြလေပြီ။ ထိုသို့ကြိုးပမ်းကြ၍ ရရှိခဲ့ကြသော အသံဆိုင်ရာကိရိယာများမှာ အသံဖမ်းစက်များ၊ ဟိုင်ဖိုင်စနစ်များ၊ အသံခွဲခြားစက်များ စသည်ဖြင့် စက်အမျိုးမျိုးတီထွင်ထားကြပေသည်။ ထိုကြိုးပမ်းမှုများတွင် အင်ဂျင်နီယာပေါင်းထောင်သောင်းမကတို့ ပါဝင်ကြသော်လည်း၊ နားဖြင့်ကြားရသောအသံကဲ့သို့ ရှင်းလင်းပြတ်သားကြည်လင်သောအသံကို မရရှိနိုင် မထုတ်လုပ်နိုင်ကြသေးချေ။

အသံဆိုင်ရာအကောင်းဆုံးစနစ်ဟုသတ်မှတ်ကြသည့် အကြီးဆုံးတူရိယာဆိုင်ရာကိရိယာထုတ်လုပ်ရေးစက်ရုံများမှ ထုတ်လုပ်သည့် ဟိုင်ဖိုင်စနစ်အသံဖမ်းစက်များပင် နကိုအသံအချို့အပိုင်းများ မပါလာဘဲ ပျောက်နေသည်ကို တွေ့ရပေသည်။ မလိုအပ်သည့်အနှောင့်အယှက်သံများလည်း တကျီကျီမြည်၍ အပိုပါလာသေးသည်။ သို့သော်လည်း လူသားတို့၏ကိုယ်ခန္ဓာတွင်းရှိ အသံဖမ်းနည်းပညာသည် အကောင်းဆုံးအကြည်လင်ဆုံးအသံကို ရရှိစေပေသည်။ လူသားတို့၏နားမှ အသံပိုအနှောင့်အယှက်သံများ မကြားရပေ။ လူသားကို စတင်ဖန်ဆင်းကတည်းက ထိုအတိုင်း ရှိလာခဲ့ခြင်းပင် ဖြစ်ပေသည်။

ယခုအချိန်အထိ လူသားတို့၏စက္ခုအာရုံနှင့် သောတာရုံတို့မှ လက်ခံရရှိသော မြင်တွေ့ရသည့်ပုံရိပ်နှင့်ကြားရသည့်အသံများလောက် ကြည်လင်ပြတ်သားခြင်းအဆင့်ကို မှီနိုင်သည့် ကိရိယာ စက်ပစ္စည်းမထုတ်လုပ်နိုင်ကြသေးချေ။

စက္ခုအာရုံနှင့် သောတာရုံတို့နှင့်ပတ်သက်၍ အထက်တွင်ဆွေးနွေးခဲ့ကြသည်ထက်မကသော အချက်အလက်များသည်လည်း နောက်ကွယ်တွင်အမြောက်အမြား ရှိနေပါသေးသည်။

## ဦးနှောက်တွင် မြင်ခြင်းနှင့်ကြားခြင်းသည် မည်သူနှင့်သက်ဆိုင်ပါသနည်း။

**To Whom Does the Consciousness that Sees and Hears Within the Brain Belong?**

ဦးနှောက်တွင် မည်သူက လုပသည့်ကမ္ဘာကြီးကို စောင့်ကြည့်နေပါသနည်း။ မည်သူက သာယာနာပျော်ဘွယ်ကောင်းသော တေးဂီတများနှင့် ငှက်ကလေးများ၏တီတီတာတာ အသံများကို နားဆင်နေပါသနည်း။ မည်သူက အနံ့အရသာများကိုခံစားနေပါသနည်း။

လူသားတို့၏ မျက်စိ၊ နားနှင့်နှာခေါင်းများမှလာသောနှိုးဆွမှုသည် ဦးနှောက်သို့ လျှပ်စစ်–ဓါတုအာရုံကြောနှိုးဆွမှုအဖြစ် ရောက်ရှိသွားပေသည်။ ဇီဝဗေဒ၊ ဇီဝဓါတုဗေဒနှင့် ဇီဝကမ္မဗေဒစာအုပ်များတွင် မည်သို့မြင်ရသည်၊ မည်သို့ကြားရသည်၊ မည်သို့အနံ့အရသာခံစားရသည် စသည့်အကြောင်းရပ်များကို အသေးစိတ်ဖတ်ရှုနိုင်ပါသည်။ သို့သော်လည်း၊ ထိုစာအုပ်များတွင် အရေးကြီးဆုံးအချက်ဖြစ်သည့် – ထိုလျှပ်စစ်ဓါတုအာရုံကြောနှိုးဆွမှုဖြစ်သည့် အာရုံခံစားမှုများကို မည်သူကလက်ခံ၍ အဓိပ္ပါယ်ဖေါ်ခံစားနေသနည်း ဟူသောအချက်ကိုကား ဖတ်ရှုရမည်မဟုတ်ပါ။ ဦးနှောက်တွင် ထိုအာရုံကြောနှိုးဆွမှုများကို လက်ခံအဓိပ္ပါယ်ဖေါ်ပေးနေသည့် အသိတရားသီးခြားရှိနေပေသည်။ ထိုအသိတရားသည်၊ အာရုံကြော၊ ဦးနှောက်ရှိအဆီလွှာနှင့် အာရုံဆဲလ်(နျူရွန်)များနှင့်သက်ဆိုင်ခြင်းမရှိသည်မှာ ထင်ရှားနေပေသည်။ ထို့ကြောင့်၊ အစစအရာရာသည် ဒြပ်ဝတ္ထုပစ္စည်းများဖြင့်သာ ဖွဲ့စည်းပါဝင်နေသည်ဟု ယုံကြည်သူဒါဝင်ဝါဒီတို့က ဤကိစ္စနှင့်ပတ်သက်၍ အဖြေမပေးနိုင်ကြချေ။

ဤအသိတရားသည် အလ္လာဟ်အရှင်မြတ်ဖန်ဆင်းထားသော **ဝိညာဉ်**ပင်ဖြစ်ပေသည်။ ဝိညာဉ်သည် ပုံရိပ်ကိုကြည့်မြင်ရန်အတွက် မျက်စိမလိုအပ်သလို၊ အသံကြားရန်အတွက် နားလည်းမလိုအပ်ချေ။ ထို့ထက်မက ဝိညာဉ်သည် စဉ်းစားဆင်ခြင်ရန်အတွက် ဦးနှောက်လည်း မလိုအပ်ချေ။

ဤရှင်းလင်းပြတ်သားပြည့်စုံလုံလောက်၍ သိပ္ပံနည်းကျသောအချက်ကို ဖတ်ရှုမိသူသည်၊ ပိန်းပိတ်အောင်မှောင်မိုက်နေသော ကုဗစင်တီမီတာအနည်းငယ်မျှသာရှိသည့် နေရာသေးသေးလေးတွင် စကြာဝဠာတစ်ခုလုံးကို အရောင်အဆင်းနှင့်ပြည့်စုံ၍ လင်းဝင်းတောက်ပနေသော သုံးဘက်တန်ပုံရိပ်အဖြစ် ဖြစ်ညှစ်ပြသထားနိုင်သော အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်၍ စဉ်းစားဆင်ခြင်၊ ကြောက်ရွံ့ရိုသေ၍ ထိုအရှင်မြတ်ထံတော်ပါး၌ ခိုလုံသင့်ပေသည်။

## ရုပ်ဝါဒီ၏ ယုံကြည်ချက်

**A Materialist Faith**

ယခုအချိန်အထိ ကျွန်ုပ်တို့လေ့လာခဲ့သမျှအရ၊ အီဗိုလူးရှင်းသီအိုရီသည် သိပ္ပံပညာအချက်အလက်များနှင့် တခြားစီဖြစ်နေသည်မှာ ရှင်းနေပါသည်။ အသက်ရှင်ခြင်း၏အစမူလဘူတနှင့်ပတ်သက်၍ အီဗိုလူးရှင်းသီအိုရီ၏အဆိုပြုချက်သည် သိပ္ပံပညာနှင့် ဆန့်ကျင်ဘက်ဖြစ်နေပေသည်။ ၎င်းကတင်ပြသည့် အီဗိုလူးရှင်းယန္တရားများသည် အီဗိုလူးရှင်းအတွက် အသုံး

မဝင်ဖြစ်နေသည်။ ကျောက်ဖြစ်ရုပ်ကြွင်းများ၌လည်း ၎င်းအတွက်လိုအပ်သည့်ကြားပုံစံသတ္တဝါများ မရှိချေ။ ဤသို့ဖြစ်နေသဖြင့်၊ အီဗိုလူးရှင်းသီအိုရီကို သိပ္ပံပညာနှင့် ဆန့်ကျင်သည့်အတွေးအခေါ်အဖြစ် စွန့်ပစ်လိုက်ရန်သာလိုအပ်ပေသည်။ အမှန်မှာ၊ သမိုင်းတွင် အီဗိုလူးရှင်းပုံစံကဲ့သို့သော ကမ္ဘာနှင့်ပတ်သက်သည့် အတွေးအခေါ်အမြောက်အမြားကို ခိုင်လုံမှုမရှိသဖြင့် သိပ္ပံပညာလောကမှ ပယ်ထုတ်လိုက်လေပြီ။

သို့သော်လည်း၊ အီဗိုလူးရှင်းသီအိုရီကိုမူ သိပ္ပံပညာလောက၌ အတင်းပေကပ်၍ ချန်ထားလျက်ရှိပေသည်။ အချို့က အီဗိုလူးရှင်းသီအိုရီကို ဝေဖန်သူများကိုပင် “သိပ္ပံပညာကို တိုက်ခိုက်ဆန့်ကျင်သည်”ဟု စွပ်စွဲရန်မူကြသေးသည်။ အဘယ့်ကြောင့်နည်း။---

ဤကဲ့သို့ဖြစ်ရခြင်း၏အကြောင်းရင်းမှာ၊ အီဗိုလူးရှင်းသီအိုရီသည် အချို့သောပုဂ္ဂိုလ်တို့အတွက် မရှိမဖြစ်သော တရားသေယုံကြည်ချက်ဖြစ်နေပေသည်။ ဤအသိုင်းအဝိုင်းသည် ရုပ်ဝါဒအတွေးအခေါ်တွင် ခေါင်းမာမာတွယ်ကပ်နေကြ၍ ဒါဝင်၏သီအိုရီသည် သူတို့၏ရုပ်ဝါဒယုံကြည်ချက်အရ သဘာဝကို ရှင်းပြနိုင်သည့် တစ်ခုတည်းသောအတွေးအခေါ်လည်း ဖြစ်နေပြန်သည်။

တခါတရံသူတို့က ပွင့်ပွင့်လင်းလင်းပင် ဝန်ခံကြပေသည်။ ဟားဗတ်တက္ကသိုလ်မှ ကျော်ကြားသော မျိုးဗီဇဗေဒပါမောက္ခလည်းဖြစ်၊ တချိန်တည်းတွင်ရှေ့တန်းမှအီဗိုလူးရှင်းဝါဒီလည်းဖြစ်သူ ရစ်ချတ်လီဝန်တင်က သူသည်“ပထမအနေဖြင့် ရုပ်ဝါဒီဖြစ်၍၊ ဒုတိယအနေဖြင့် သိပ္ပံပညာရှင်ဖြစ်သည်”ဟု အောက်ပါအတိုင်း ဝန်ခံထားပေသည်။

> သိပ္ပံပညာထုံးတမ်းဓလေ့များနှင့် နည်းလမ်းများက အံ့ဖွယ်ထူးကဲသောကမ္ဘာအကြောင်း ရုပ်ပိုင်းဆိုင်ရာရှင်းလင်းချက်များကို အတင်းလက်ခံစေခြင်းမဟုတ်မူဘဲ၊ ကျွန်ုပ်တို့၏ ရှိရင်းစွဲယုံကြည်ချက်များက ရုပ်ဝါဒကိုရှင်းပြနိုင်သည့် အတွေးအခေါ်နည်းပညာများကိုရှာဖွေရန် အတင်းအကြပ်ပြုနေခြင်းဖြစ်သည်။ ထိုသို့ရှာဖွေရာတွင်၊ မိမိတို့အလိုလိုသိနိုင်သောအသိတရားနှင့်ပင် ဆန့်ကျင်နေခြင်းနှင့် မည်မျှပင် စိတ်ကူးယဉ်ဆန်နေသော်လည်း အရေးမကြီးပါ။ ရုပ်ဝါဒကသာလျှင် လုံးဝဥဿုံမှန်ကန်သည်ဟု ခံယူထားပါသည်။ “ဖန်ဆင်းရှင်ဘုရားသခင် ရှိသည်ဟူသော အတွေး အခေါ်သည် ကျွန်ုပ်တို့၏ တံခါးဝသို့ ရောက်မလာရန်”သာ အရေးကြီးဆုံး ဖြစ်ပါသည်။[၁၄၄]

ဤစကားလုံးများက၊ ဒါဝင်ဝါဒသည် ရုပ်ဝါဒအတွေးအခေါ်တွင် တွယ်ကပ်နေရန်အတွက် တရားသေဝါဒတစ်ခုဖြစ်ကြောင်း ထင်ရှားစေပါသည်။ ဤတရားသေဝါဒတွင် ဒြပ်ဝတ္ထုပစ္စည်းမှလွဲ၍ အခြားမည်သည့်အရာမျှ တည်ရှိခြင်းမရှိ ဟုဆိုသည်။ ထို့ကြောင့်၊ အသိတရားကင်းမဲ့သည့် သက်မဲ့ပစ္စည်းဖြစ်သော ဒြပ်ဝတ္ထုပစ္စည်းသည် အသက်ကိုဖန်တီးနိုင်သည်ဟု ယုံကြည်ခြင်းဖြစ်၏။ ကမ္ဘာပေါ်ရှိ သန်းနှင့်ချီသော သက်ရှိအမျိုးအစားများ၊ ဥပမာ ငှက်များ၊ ငါးများ၊ သစ်ကုလားအုပ်များ၊ ကျားများ၊ ပိုးမွှားများ၊ သစ်ပင်များ၊ ပန်းမာလ်များ၊ ဝေလငါးများနှင့် လူသားများသည်၊ မိုးနှင့်လျှပ်စီးလက်ခြင်းစသည့်သက်မဲ့စွမ်းအင်များကြောင့် ဖြစ်ပေါ်လာသည်ဟု ယုံကြည်ခြင်းဖြစ်သည်။ ဤယုံကြည်ချက်သည်ကား၊ လူ့အသိဉာဏ်အပါအဝင် သိပ္ပံပညာတို့နှင့်ပါ အမှန်ပင်ဆန့်ကျင်ဘက်ဖြစ်နေပေသည်။ သို့သော်လည်း၊ “ဖန်းဆင်းရှင်ရှိသည်ဟူသောအတွေးအခေါ်က တံခါးဝသို့ရောက်မလာစေရန်”အတွက် ဤယုံကြည်ချက်ကို ကာကွယ်ထွေးပိုက်လျက်ရှိကြသည်။

ရုပ်ဝါဒကို ကြိုတင်ဘက်လိုက်ခြင်းမရှိဘဲ အသက်အားလုံး၏အစမူလဘူတကို ကြည့်မြင်သုံးသပ်သူသည်၊ သက်ရှိပစ္စည်းအားလုံးကို အနန္တတန်ခိုးတော်ရှင်၊ အလုံးစုံကိုသိရှိတော်မူသည့် သဗ္ဗညုတဉာဏ်တော်ရှင်၊ အသိတရားနှင့်ပြည့်စုံတော်မူသောဖန်ဆင်းရှင်၏ လုပ်ဆောင်ချက်ဖြစ်ကြောင်းကို သိရှိမည်ဖြစ်ပေသည်။ ထိုဖန်ဆင်းရှင်သည် စကြာဝဠာတစ်ခုလုံးကို ဗလာနတ္ထိအလျှင်းမရှိရာမှ ပုံစံချ၍ ပြီးပြည့်စုံဆုံးအဖြစ်သို့ ဖန်ဆင်းထား၍ သက်ရှိသတ္တဝါအားလုံးကိုလည်း ဖန်ဆင်းထားသော အလ္လာဟ်အရှင်မြတ်ပင် ဖြစ်တော်မူ၏။

# အီဗိုလူးရှင်းသီအိုရီသည်
# ကမ္ဘာပေါ်တွင် အပြင်းထန်ဆုံးသောပယောဂပြုစားမှုဖြစ်၏

**The Theory of Evolution: The Most Potent Spell in the World**

ဘက်လိုက်ခြင်းမရှိသည့်အပြင်၊ အတွေးအခေါ်တစ်မျိုးမျိုး၏ဩဇာညောင်းခြင်းမရှိသူ၊ မိမိ၏ ကိုယ်ပိုင်ဉာဏ်အမြော်အမြင်ဖြင့် တွေးတောဆင်ခြင်သုံးသပ်သူအတွက်၊ သိပ္ပံပညာဗဟုသုတကင်းမဲ့၍ ယဉ်ကျေးမှုမရှိသည့် လူ့အသိုင်းအဝိုင်းလူ့အဖွဲ့အစည်းများကိုသာ အယုံသွင်းနိုင်သော အီဗိုလူးရှင်းသီအိုရီကို ရှင်းရှင်းလင်းလင်းသဘောပေါက်သည်သာမက ယုံကြည်ရန်လည်း မဖြစ်နိုင်ကြောင်း ရှင်းပြရန် လိုအပ်ပါသည်။

အထက်က ရှင်းပြခဲ့သည့်အတိုင်း၊ အီဗိုလူးရှင်းသီအိုရီကို ယုံကြည်သူတို့သည်၊ အိုးကြီးတစ်လုံးထဲသို့ အနုမြူအက်တမ်အချို့နှင့် မော်လီကြူးအချို့ကိုထည့်၍ ရောနှောလိုက်သဖြင့်၊ တွေးတောဆင်ခြင်ဉာဏ်ရှိသည့် ပါမောက္ခများ၊ တက္ကသိုလ်ကျောင်းသားများ၊ အိုင်စတိုင်း နှင့် ဂလီလီအိုကဲ့သို့သော သိပ္ပံပညာရှင်ကြီးများ၊ ဖရင့်ဆီနေထရာနှင့် လူဆီယာနို ပါဗါရော့တ္တိကဲ့သို့သောအဆိုတော်အနုပညာသည်များ၊ သမင်ဒရယ်ကောင်များ၊ လိမ္မော်သီးများ၊ နှင်းဆီပန်းများ အလိုလိုပေါ်ထွက်လာသည်ဟု ယုံကြည်ကြသည်။ ယင်းကဲ့သို့သော အဓိပ္ပါယ်ကင်းမဲ့သည့်အတွေးအခေါ်ကို လက်ခံယုံကြည်သူအမြောက်အမြားတို့သည်လည်း၊ သိပ္ပံပညာရှင်များ၊ ပါမောက္ခများဖြစ်နေပြန်သည်။ ထို့ကြောင့်၊ ဤသီအိုရီအတွေးအခေါ်သည် “သမိုင်းတွင် အပြင်းထန်ဆုံးသောပယောဂပြုစားမှုကြီး” ဟုဆိုလျှင် မှားမည်မဟုတ်ပါ။ ကမ္ဘာ့သမိုင်းတလျှောက်တွင် လူတို့၏ တွေးတောဆင်ခြင်နိုင်ခြင်းအစွမ်းမရှိအောင် ညှို့ထားနိုင်ခြင်း၊ ဉာဏ်အမြော်အမြင်ရှိရှိ စဉ်းစားဆင်ခြင်လိုစိတ်ကို ပစ်ပယ်ထားစေခြင်း၊ မျက်စိကိုပိတ်ထားသကဲ့သို့ အမှန်တရားကို မမြင်နိုင်အောင်ပြုစားထားနိုင်ခြင်းနှင့်ပြည့်စုံသည့်အတွေးအခေါ် ဘယ်သောအခါကမှ မရှိခဲ့ဘူးချေ။ အီဂျစ်ပြည်သားများ နေမင်းဘုရား “ရာ” ကို ကိုးကွယ်ဆည်းကပ်ခြင်း၊ အာဖရိကနှင့် မြောက်အမေရိကတိုက်တိုင်းရင်းသားအချို့ ကိုယ်စားပြုရုပ်များ ထုလုပ်ထားသောတိုင်ကို ကိုးကွယ်ဆည်းကပ်ခြင်း၊ ဆဘာကျွန်းသားများ နေမင်းကိုကိုးကွယ်ဆည်းကပ်ခြင်း၊ တမန်တော်အိဗရာဟင်မ်(အာဗရာဟမ်)၏လက်ထက်တွင် ရုပ်ထုများကို ထုလုပ်၍ကိုးကွယ်ကြခြင်း၊ သို့မဟုတ် တမန်တော်မူစာ(မောရှယ်)၏လက်ထက်တွင် ရွှေဖြင့်သွန်းလောင်းထားသော နွားသိုးရုပ်ထုကလေးကို ကိုးကွယ်ဆည်းကပ်ကြခြင်း၊ စသည်တို့ထက် မယုံကြည်နိုင်လောက်အောင်ပိုမိုဆိုးရွားပေသည်။

ဤကဲ့သို့ တွေးတောဆင်ခြင်နိုင်စွမ်းကင်းမဲ့ခြင်းနှင့် ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်တွင် အလ္လာဟ်အရှင်မြတ်က ပြဆိုထားတော်မူ၏။ အာယသ်တော်အမြောက်အမြားတွင်၊ အချို့လူတို့၏ စိတ်နှလုံးသားများအား အမှန်တရားများကိုမြင်နိုင်စွမ်းမရှိအောင် ပိတ်ထားတော်မူသည်ဟု ထိုအရှင်မြတ်က ပြဆိုထားတော်မူ၏။ ၎င်းအာယသ်တော်များအနက် အချို့ကို ဖေါ်ပြအပ်ပါသည်။

> အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့၏ စိတ်နှလုံးများနှင့် သောတာရုံအပေါ်၌ တံဆိပ်ခတ်နှိပ် တော်မူလိုက်ပြီ၊ ထို့ပြင် ထိုသူတို့၏ စက္ခုအာရုံများအပေါ်၌လည်း အကာအကွယ်ရှိနေလေသည်။ ထို့နောက် ထိုသူတို့အဘို့ ကြီးလေးသော အပြစ်ဒဏ်သည်လည်း အသင့်ရှိချေပြီ။ (စူရာအလ်ဘက္ကရာဟ် ၂း၆–၇)
>
> ––ထိုသူတို့၌ စိတ်နှလုံးများကားရှိ၏။ သို့သော် ယင်းစိတ်နှလုံးများဖြင့် ထိုသူတို့သည် *(စဉ်းစားဆင်ခြင် နားလည်ခြင်း မရှိကြချေ။)* ထိုသူတို့၌ စက္ခုအာရုံများကားရှိ၏။ သို့သော် ထိုသူတို့သည် မမြင်ကြချေ။ ထိုသူတို့၌ သောတာရုံများရှိ၏။ သို့သော် ထိုသူတို့သည် ယင်းသောတာရုံများဖြင့်မကြားကြချေ။ ထိုသူများသည် တိရိစ္ဆာန် များနှင့်တူကြသည်သာမက တိရိစ္ဆာန်ထက်ပင် လွန်စွာမိုက်မဲလမ်းလွဲသူများ

ဖြစ်ကြ၏။ **စင်စစ်ထိုသူများသည်** *(မိမိတို့၏ တာဝန် ဝတ္တရားများကို)* **မေ့လျော့သူများသာ ဖြစ်ကြကုန်သတည်း။** (စူရာအလ်အအ်ရာဖ် ၇း၁၇၉)

**အကယ်၍ ငါအရှင်မြတ်သည် ၎င်းတို့အပေါ်ဝယ် မိုးကောင်းကင်၌ တံခါးပေါက်တစ်ခုခုကို ဖွင့်ပေးတော်မူခဲ့ပါလျှင် ထို့နောက် ၎င်းတို့သည် နေ့ကြောင်တောင်ပင် ထိုတံခါးပေါက်မှ ဆင်းတက်သွား လာခဲ့ကြသော်လည်း၊**

**၎င်းတို့က ကျွန်ုပ်၏မျက်စိများသည်** *(လှည့်စား)***ပိတ်ပင်ထားခြင်းကို ခံခဲ့ကြရပေသည်။ ထိုမျှမက ကျွန်ုပ်တို့သည် စုန်းပြုစားခြင်းကို ခံခဲ့ကြရသော လူစုပင်ဖြစ်ကြပေသည်ဟု ပြောဆိုကြမည်မှာ အမှန်ပင်။** (စူရာအလ်ဟဂျရ် ၁၅း၁၄–၁၅)

ဤပြုစားမှုသည် အတော်ကျယ်ပြန့်သောလူ့အဖွဲ့အစည်းကို နှစ်ပေါင်း ၁၅၀ လောက်ကြာမြင့်သည်တိုင်အောင် အမှန်တရားမှရှောင်ကွင်းနေစေခဲ့သည်မှာ စကားလုံးများဖြင့် ဖော်ပြနိုင်ခြင်း မရှိလောက်အောင် အံ့ဖွယ်ကောင်းပေသည်။ မဖြစ်နိုင်သည့် ဇာတ်လမ်းများကို လူတစ်ယောက် သို့မဟုတ် အချို့ကယုံကြည်ကြခြင်းနှင့် ဆင်ခြင်တုံတရားမရှိကြခြင်း ရှိနိုင်ပေသည်။ သို့သော်လည်း ချို့ယွင်းချက်ကင်းမဲ့၍ စည်းကမ်းတကျစီမံခန့်ခွဲထားသော ဤစကြာဝဠာတစ်ခုလုံးနှင့်အတူ အသက်ရှင်ခြင်းအတွက် အထူးသင့်လျော်လျောက်ပတ်အောင်တိကျစွာ စီစဉ်ထားသောကမ္ဘာမြေကြီးကို သက်မဲ့ပစ္စည်းအနုမြူအက်တမ်များ အလိုလိုလာရောက်စုစည်းပေါင်းစပ်၍ ဖြစ်ပေါ်လာသည်ဟု လူအုပ်လိုက်ယုံကြည်ကြခြင်းမှာ၊ "ပယောဂမှော်အတတ်ပဋ္ဌလက်ပညာ" လှည့်စားပြုစားခြင်းဖြစ်သည်ဟုသာလျှင် ရှင်းပြနိုင်တော့သည်။

အမှန်မှာ ဘာသာမဲ့အတွေးအခေါ်ကို ထောက်ခံကျင့်သုံးသူအချို့သည် ပယောဂမှော်အတတ်ပဋ္ဌလက်ပညာဖြင့် အခြားလူအများအပေါ် ဩဇာသြောင်းအောင်လုပ်ကြကြောင်း ကုရ်အာန်ကျမ်းတော်မြတ်တွင် တမန်တော်မူစာ(မောရှယ်)နှင့်ဖါရိုးဘုရင်အကြောင်းဖြင့် ပြဆိုထားပေသည်။ တမန်တော်မူစာက ဖါရိုးဘုရင်ကို တရားလမ်းမှန်ဟောကြားသောအခါ၊ ဖါရိုးဘုရင်က သူ၏ပယောဂမှော်အတတ်ပဋ္ဌလက်ဆရာများနှင့် တွေ့ဆုံပြိုင်ဆိုင်ခိုင်းလေသည်။ တမန်တော်မူစာက ထိုမှော်ဆရာများနှင့် တွေ့ဆုံသောအခါ သူတို့၏ပယောဂပဋ္ဌလက် အတတ်ပညာကို ဦးစွာပြသစေသည်။ ထိုအဖြစ်အပျက်နှင့် ပတ်သက်သော ကုရ်အာန်ကျမ်း တော်မြတ်အာယသ်တော်တွင် အောက်ပါအတိုင်း ဆိုထားပေသည်။

**ထိုတမန်တော်(မူစာ)က၊ အသင်တို့သည်ပင်လျှင် ပစ်ချလေကုန်ဟု ပြောကြားလေ၏။ ထို့နောက် ၎င်း(ပဋ္ဌလက်ဆရာ)တို့သည်** (မိမိတို့၏ လှင်ကန်များနှင့် ကြိုးများကို) **ပစ်ချကြ၍ လူတို့၏ မျက်စိများကို လှည့်စားကြလေသည်။ ၎င်းပြင် ထိုသူတို့အား ကြောက်လန့်စေခဲ့ကြလေသည်။ စင်စစ်သော်ကား ၎င်းတို့သည် ကြီးကျယ်သော စုန်းပယောဂမှော်အတတ်ကို ဆောင်ယူခဲ့ကြလေသတည်း။** (စူရာအလ်အအ်ရာဖ် ၇း၁၁၆)

ဖါရိုးဘုရင်၏ ပယောဂပဋ္ဌလက်ဆရာတို့သည် တမန်တော်မူစာနှင့် သူ့အားယုံကြည်သော နောက်လိုက်သားတို့မှအပ၊ ကျန်လူအားလုံးတို့ကို မျက်စိလှည့်စားနိုင်ခဲ့ကြသည်။ သို့သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်အဆိုအရ တမန်တော်မူစာ၏မှန်ကန်မှုတရားတော်က ထိုပယောဂပြုစားခြင်းမှော်အတတ်ကို ချေဖျက်ဝါးမျိုလိုက်နိုင်ခဲ့လေသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် အောက်ပါအတိုင်း မိန့်ဆိုထား၏။

**ထိုအခါ ငါအရှင်မြတ်သည် (နဗီတမန်တော်)မူစာထံ အသင်သည် မိမိလှင်ကန်တောင်ဝှေးကို ပစ်ချလော့ ဟူ၍အမိန့်တော်ထုတ်ပြန်တော်မူခဲ့လေသည်။ သို့ဖြစ်ရာ နဗီတမန်တော်(မူစာ)သည် မိမိလှင်ကန်တောင်ဝှေးကို ပစ်ချလေရာ ထိုလှင်ကန်တောင်ဝှေးသည် ရုတ်တရက်(မြွေနဂါးကြီးဖြစ်လာပြီး) ထိုမျက်လှည့်ဆရာများလှည့်စားကြသည့် အရာများကို မျိုလေတော့သည်။**

**သို့ဖြစ်ပေရာ အမှန်သည်ထင်ရှားခဲ့ပြီ၊ ၎င်းပြင် ထို(ပဉ္စလက်ဆရာ)တို့ ပြုလုပ်ထားသော အမှုကိစ္စတို့သည် အချည်းနှီးပျက်စီးသွားချေပြီ။** (စူရာအလ်အအ်ရာဖ် ၇း၁၁၇–၁၁၈)

အထက်က ဖော်ပြခဲ့သည့်အတိုင်း၊ လူတို့သည် မိမိတို့အား ပယောဂပြုစားခြင်းခံရသည်ကို သတိရသည်နှင့်တပြိုင်တည်း၊ သူတို့တွေ့မြင်ခဲ့ကြသည့်အရာများသည်လည်း တံလှပ်သာလျှင်ဖြစ်ကြောင်းကို သိရှိကြပေသည်။ ဖါရိုးဘုရင်၏ပဉ္စလက်ဆရာများအား အယုံအကြည်ကင်းမဲ့ကုန်ကြလေပြီ။ ယနေ့ခေတ်တွင်လည်း၊ သူတို့အား ပြုစားထားသောပယောဂ၏သြဇာကြောင့်၊ သိပ္ပံပညာအရည်ခြုံ၍ အဓိပ္ပါယ်ကင်းမဲ့သောအဆိုများ သီအိုရီများကို ယုံယုံကြည်ကြည်ဖြင့် ကာကွယ်နေကြသူများသည်၊ အမှန်တရားထင်ရှားပေါ်ထွက်လာပြီး၊ ၎င်းတို့အားပြုစားထားသောပယောဂများ ပျက်ပျယ်သွားသောအခါ၊ အရှက်တကွဲဖြစ်ကြဦးမည်မှာ အမှန်ပင်။ ကမ္ဘာကျော် ဗြိတိသျှနိုင်ငံသား အတွေးအခေါ်ရှင်စာရေးဆရာ မလ်ကွမ် မဂ်ဂျာရစ်က အောက်ပါအတိုင်း ရေးသားထားပေသည်။

> အီဗိုလူးရှင်းသီအိုရီသည်၊ အထူးသဖြင့် ၎င်းကိုအသုံးပြုသည့်အတိုင်းအတာများသည်၊ နောင်အနာဂတ် ကမ္ဘာ့သမိုင်းတွင် အကြီးကျယ်ဆုံးသော ဟားကွက်ဟာသဖြစ်လိမ့်မည်ဟု ကျွန်ုပ်ကိုယ်တိုင်တစ်ထစ်ချယုံကြည်ပါသည်။ ထိုမျှလောက်ယုတ္တိမတန်၍ ဒွိဟသံသယ ဖြစ်ဖွယ်ကောင်းသော ယူဆချက်ကို အုံးအုံးကြွက်ကြွက်လက်ခံခဲ့ကြသည်ကို နောင်လာနောက်သားများက လက်ဖျားခါကြပါလိမ့်မည်။[၁၀၂]

ထိုအနာဂတ်သည်လည်း မဝေးလှတော့ပါ။ လူတို့သည် "မတော်တဆကြုံ၍ဖြစ်ခြင်း" သည် ကိုးကွယ်ရာဘုရားမဟုတ်ကြောင်း၊ အီဗိုလူးရှင်းသီအိုရီသည်၊ ကမ္ဘာပေါ်တွင် ကြောက်စရာ အကောင်းဆုံး အဆိုးဆုံးသော ပဉ္စလက်ပယောဂပြုစားခြင်းပင် ဖြစ်ကြောင်းကို ပြန်လည်သတိရကြတော့မည်။ ထိုပြုစားမှုသည် တကမ္ဘာလုံးရှိ လူတို့၏ပုခုံးပေါ်မှ အမြန်ဆုံးပြုတ်ကျလာနေပါပြီ။ ထိုပယောဂ၏ ပုံပန်းသဏ္ဍာန်အမှန်ကို တွေ့ရှိကြပြီးသည့်ပုဂ္ဂိုလ်အမြောက်အမြားတို့သည်လည်း၊ မိမိတို့ကိုယ်တိုင်က အဘယ့်ကြောင့် ယုံကြည်ခဲ့ကြသည်ကို တအံ့တသြဖြစ်နေကြလေပြီ။

*အို–အရှင်၊ ကိုယ်တော်အရှင်မြတ်သည်ချို့တဲ့ခြင်းအပေါင်းတို့မှ*
*သန့်ရှင်းစင်ကြယ်တော်မူသောအရှင် ဖြစ်တော်မူပါသည်။*
*ကိုယ်တော်အရှင် သင်ကြားပေးသနားတော်မူသော*
*ပညာရပ်များမှအပ*
*ကျွန်တော်မျိုးတို့အဘို့မှာ အခြားအသိတရားဟူ၍*
*အလျှင်းမရှိပါ။*
*ဧကန်မုချ ကိုယ်တော်အရှင်သည်သာလျှင် အရာခပ်သိမ်းတို့ကို*
*အကြွင်းမဲ့*
*သိရှိတော်မူသောအရှင်၊ ကျိုးကြောင်းဆင်ခြင်တုံတရားနှင့်*
*ပြည့်စုံတော်မူသော အရှင်မြတ် ဖြစ်တော်မူပါသတည်း။*
*(စူရာ အလ်ဘက္ကရာ ၂း၃၂)*

## NOTES

1. Anton Pannekoek, *Marxism and Darwinism*, Translated by Nathan Weiser, transcribed for the Internet by Jon Muller, Chicago, Charles H. Kerr & Company Co-operative Copyright, 1912 by Charles H. Kerr & Company, (http://www.marxists.org/archive/pannkoe/index.htm), *(emphasis added)*

2. Conway Zirkle, *Evolution, Marxian Biology and the Social Scene*, Philadelphia: University of Pennsylvania Press, 1959, pp.85-87, *(emphasis added)*

3. Conway Zirkle, *Evolution, Marxian Biology and the Social Scene*, Philadelphia: University of Pennsylvania Press, 1959, pp.85-87, *(emphasis added)*

4. Friedrich Engels, *Socialism: Utopian and Scientific*, Foreign Languages Press, Peking 1975, p. 67

5. Gertrude Himmelfarb, *Darwin and the Darwinian Revolution*, London: Chatto & Windus, 1959, pp. 348-9

6. Robert M. Young, "Darwinian Evolution and Evolution And Human History," Radio talk given in an Open University course on Darwin to Einstein: Historical Studies on Science and Belief, 1980, *(emphasis added)*

7. Malachi Martin, *The Keys of This Blood: The Struggle for Life for World Dominion Between Pope John Paul II, Mikhail Gorbachev, and the Capitalist West*, New York: Simon & Schuster, 1990, p.203-5, *(emphasis added)*

8. Douglas Futuyma, *Evolutionary Biology*, 2. b., MA: Sinauer, Sunderland, 1986, p. 4, *(emphasis added)*

9. Alan Woods and Ted Grant, "Marxism and Darwinism," *Reason in Revolt: Marxism and Modern Science*, London, 1993, *(emphasis added)*

10. Alan Woods and Ted Grant, "Marxism and Darwinism," *Reason in Revolt: Marxism and Modern Science*, London, 199

11. Anton Pannekoek, Marxism and Darwinism, (http://www.marxists.org/archive/pannekoe/index.htm), *(emphasis added)*

12. Anton Pannekoek, Marxism and Darwinism, (http://www.marxists.org/archive/pannekoe/index.htm)

13. V.I. Lenin, "The Attitude of the Worker's Party to Religion," *Proletary*, No.45, May 13 (26), 1909, *Lenin Collected Works* Volume 15, pp. 402-413, *(emphasis added)*

14. V. I. Lenin, "Guerilla Warfare," *Proletary*, No. 30, September 30, 1906, *Lenin Collected Works*, Volume 11, pp. 213-223, *(emphasis added)*

15. Stéphane Courtois, Nicolas Werth, Jean-Louis Panné, Andrzej Paczkowski, Karel Bartosek, Jean-Louis Margolin, *The Black Book of Communism*, Harvard University Press, Cambridge, 1999, pp. 8-9, *(emphasis added)*

16. *The Black Book of Communism*, p.61, *(emphasis added)*

17. S.P. Melgunov, *The Red Terror in Russia*, London, Dent, 1925, p. 81, *(emphasis added)*

18. Russian Center for the Conservation and Study of Historic Documents, Moscow (henceforth RTsKhIDNI), 2/1/6/898, Pavlyuchenkov, Krestyankskii Brest, *(emphasis added)*

19. Orlando Figes, *A People's Tragedy, A History of the Russian Revolution*, Penguin Books, NY, 1997, p.775

20. Richard Pipes, *The Unknown Lenin: From the Secret Archive*, Yale University Press, New Haven & London, 1996, p. 181, *(emphasis added)*

21. Orlando Figes, *A People's Tragedy, A History of the Russian Revolution*, pp.732-733-734, *(emphasis added)*

22. D. Joravsky, *Russian Psychology: A Critical History*, Oxford, 1989, pp. 53-63, 207-13; Trotskii, *Sochineniia*, Moscow, 1925-27, XXI: 110-12; quoted in Orlando Figes, *A People's Tragedy, A History of the Russian Revolution*, p. 734, *(emphasis added)*

23. Richard Pipes, *The Unknown Lenin: From the Secret Archive*, p. 10, *(emphasis added)*

24. *The Black Book of Communism*, p. 119, *(emphasis added)*

25. Richard Pipes, *A Concise History Of The Russian Revolution*, Vintage Books, New York, 1995, p.357, *(emphasis added)*

26. *The Black Book of Communism*, Harvard University Press Cambridge, p. 123-4, *(emphasis added)*

27. *The Black Book of Communism*, Harvard University Press Cambridge, p. 125, *(emphasis added)*

28. Alex de Jonge, *Stalin and the Shaping of the Soviet Union*, William Collins Sons & Limited Co., Glasgow, 1987, p.33

29. Alan Bullock, *Hitler and Stalin: Parallel Lives*, Alfred A. Knopf, New York, 1992, p.14

30. Orlando Figes, *A People's Tragedy, A History of the Russian Revolution*, p. 733, *(emphasis added)*

31. Orlando Figes, *A People's Tragedy, A History of the Russian Revolution*, Penguin Books, NY, 1997, p. 65

32. *The Black Book of Communism*, p. 9, *(emphasis added)*

33. *The Black Book of Communism*, p.166, *(emphasis added)*

34. *The Black Book of Communism*, p. 148, (*emphasis added*)

35. *The Black Book of Communism*, p. 172, (*emphasis added*)

36. Brian Moynahan, *The Russian Century. A Photographic History of Russia's 100 Years*, Random House, New York, 1994, pp.148-150, 152, (*emphasis added*)

37. *The Black Book of Communism*, p. 166-167- 165-167, (*emphasis added*)

38. Dr. Dana Dalrymple, "The Great Famine in Ukraine, 1932-33," From the Introduction, (*emphasis added*)

39. N. Aralovets, "Poteri naseleniya v 30-ye gody" (Demographic losses in the 1930s), *Otechestvennaya istoriya*, no. 1 (1995), 135-145; N. Osokina, "Zhertvy goloda 1933-Skolko ikh?" (The victims of the famine of 1933 – How many were there?), *Otechestvennaya Istoria*, no. 5 (1995), 18-26; V. Tsaplin, "Statistika zhertv stalinizma" (Statistics of the victims of Stalinism), *Voprosy istorii*, no. 4 (1989), 175-181, quoted in *The Black Book of Communism*, p. 167, (*emphasis added*)

40. *The Black Book of Communism*, p. 154, (*emphasis added*)

41. Robert Conquest, *The Harvest of Sorrow: Soviet Collectivization and the Terror-Famine*, Oxford University Press, New York, 1986, p. 138

42. *The Black Book of Communism*, p. 9-10

43. Tzvetan Todorov, *Au nom du peuple*, Paris, L'Aube, 1992, pp. 52-53, (*emphasis added*)

44. *The Black Book of Communism*, p. 420, (*emphasis added*)

45. *The Black Book of Communism*, p. 420-421, (*emphasis added*)

46. *The Black Book of Communism*, p. 657-659, (*emphasis added*)

47. *The Black Book of Communism*, p.711-712, (*emphasis added*)

48. Michael Barry, *La Resistance Afghane, du Grand Moghol à l'Invasion Soviétique*, Paris, Flammarion, "Champs", 1989, p. 314, (*emphasis added*)

49. *The Black Book of Communism*, p.713, (*emphasis added*)

50. Shah Bazgar, *Afghanistan, la résistance au Coeur*, Paris, Denoël, 1987, pp. 101-102, (*emphasis added*)

51. *Black Book of Communism*, pp.749-750, (*emphasis added*)

52. *Black Book of Communism*, p. 752, (*emphasis added*)

53. *Black Book of Communism*, p. 752

54. Karl Marx, *Preface to A Contribution to the Critique of Political Economy*, Progress Publishers, Moscow, First published in 1859, (*emphasis added*)

55. Surely Marxists see that the current situation is not like this. Marxists therefore claim that workers who do not regard themselves as the "proletariat" are actually deceived by a false consciousness, and that this is a trap laid by capitalists trying to impede the proletarian revolution.

56. Robert M. Young, "Darwinian Evolution and Evolution And Human History," Radio talk given in an Open University course on Darwin to Einstein: Historical Studies on Science and Belief, 1980, (*emphasis added*)

57. Richard Milner, *Encyclopedia of Evolution*, Facts on File Publisher, 1990, p. 81, (*emphasis added*)

58. Jacob Heilbrunn, "Mao More Than Ever," *New Republic*, 00286583, April 21, 1997, Vol. 216, Issue 16, (*emphasis added*)

59. Benjamin Schartz, Chinese Communism and the Rise of Mao, Cambridge, Harvard University Press, 1951, p.37.

60. Benjamin Schartz, Chinese Communism and the Rise of Mao, Cambridge, Harvard University Press, 1951, p.45.

61. Charlotte Furth, *Ting Wen-chiang: Science and China's New Culture*, Cambridge, Harvard University Press, 1970, p.27

62. Charlotte Furth, *Ting Wen-chiang: Science and China's New Culture*, Cambridge, Harvard University Press, 1970, p.71

63. James Reeve Pusey, *China and Charles Darwin*, Harvard University Press, Cambridge, 1983, p.438, (*emphasis added*)

64. Michael Ruse, The Long March of Darwin, *New Scientist* 103 (Aug. 16, 1984) p.35, (*emphasis added*)

65. James Reeve Pusey, *China and Charles Darwin*, Harvard University Press, Cambridge, 1983, p.4

66. James Reeve Pusey, *China and Charles Darwin*, Harvard University Press, Cambridge, 1983, p.256, (*emphasis added*)

67. James Reeve Pusey, *China and Charles Darwin*, Harvard University Press, Cambridge, 1983, p.449-452, (*emphasis added*)

68. Clare Hollingworth, *Mao*, Triad Paladin Grafton Books, Glasgow, 1985, p.26

69. Clare Hollingworth, *Mao*, Triad Paladin Grafton Books, Glasgow, 1985, p.27, (*emphasis added*)

70. Clare Hollingworth, *Mao*, Triad Paladin Grafton Books, Glasgow, 1985, p.26

71. Jacob Heilbrunn, "Mao More Than Ever," *New Republic*, 00286583, April 21, 1997, Vol. 216, Issue 16, (*emphasis added*)

72. *The Black Book of Communism*, pp. 491-492, *(emphasis added)*
73. *The Black Book of Communism*, p. 492, *(emphasis added)*
74. *The Black Book of Communism*, p. 495, *(emphasis added)*
75. Wei Jingsheng, "Mon évolution intellectuelle entre seize et vingt-neuf ans," in *La Cinquième Modernisation et autres écrits du "Printemps de Pékin,"* trans. and ed. Huang San and Angel Pino, Paris : Christian Bourgois – Biblioteque Asiatique, 1997, pp. 244-246, cited in *Black Book of Communism*, Harvard University Press Cambridge, pp. 493-494, *(emphasis added)*
76. Jasper Becker, *Hungry Ghosts: Mao's Secret Famine*, New York, The Free Press, 1996, pp.72-92
77. *The Black Book of Communism*, p. 491, *(emphasis added)*
78. James Reeve Pusey, *China and Charles Darwin*, p.456, *(emphasis added)*
79. James Reeve Pusey, *China and Charles Darwin*, p.455, *(emphasis added)*
80. *The Black Book of Communism*, p. 494-495, *(emphasis added)*
81. K. Mehnert, *Kampf um Mao's Erbe*, Deutsche Verlags-Anstalt, 1977, *(emphasis added)*
82. Mao Tse-tung, Talk at an Enlarged Central Work Conference, January 30, 1962 (http://www.maoism.org/msw/vol8/mswv862.htm)
83. *The Black Book of Communism*, pp. 481-482, *(emphasis added)*
84. Nien Cheng, *Life and Death in Shanghai*, London, Macdonald, 1986, pp. 224-226, *(emphasis added)*
85. Malachi Martin, *The Keys of This Blood*, p.406
86. Ken Ling, Miriam London and Lee Ta-Ling, *Red Guard: From Schoolboy to "Little General" in Mao's China*, London, Macdonald, 1972, pp. 18-21, *(emphasis added)*
87. Marie-Claude Bergère, *La République populaire de Chine de 1949 à nos jours*, Paris, Armand Colin, 1987, p. 133
88. *The Black Book of Communism*, pp. 470-471, *(emphasis added)*
89. *The Black Book of Communism*, p. 523, *(emphasis added)*
90. Pierre-Antoine Donnet, *Tibet: Survival in Question*, London, Zed Books, 1994
91. Pin Yathay with John Man, *Stay Alive My Son*, London, Bloomsbury, 1987, p. 317, *(emphasis added)*
92. *The Black Book of Communism*, p. 604, *(emphasis added)*
93. *The Black Book of Communism*, p. 601, *(emphasis added)*
94. Laurence Picq, *Beyond the Horizon: Five Years with the Khmer Rouge*, trans. Patricia Norland, New York, St. Martin's Press, 1989, pp. 147-148
95. Pin Yathay, *Stay Alive, My Son*, p. 248, *(emphasis added)*
96. Haing S. Ngor and Roger Warner, *Surviving the Killing Fields: The Cambodian Odyssey of Haing S. Ngor*, London, Chatto and Windus, 1988, pp.139-140, *(emphasis added)*
97. *The Black Book of Communism*, p. 611, *(emphasis added)*
98. *The Black Book of Communism*, p.553, *(emphasis added)*
99. Long extracts from this testimony were published in *Coreana*, the bulletin of the Société d'Etudes Coréennes, no. 1 (March 1995); quoted in *The Black Book of Communism*, p. 556, *(emphasis added)*
100. *The Black Book of Communism*, p. 560, *(emphasis added)*
101. *The Black Book of Communism*, p. 574
102. V.I. Lenin, "The Attitude of the Worker's Party to Religion," *Proletary*, No.45, May 13 (26), 1909, Lenin Collected Works, Volume 15, pp. 402-413, *(emphasis added)*
103. V.I. Lenin, "Socialism and Religion," *Novaya Zhizn*, No.28, December 3, 1905, Lenin Collected Works, Volume 10, pp. 83-87, *(emphasis added)*
104. V.I. Lenin, "The Attitude of the Worker's Party to Religion," *Proletary*, No.45, May 13 (26), 1909.
105. V.I. Lenin, "The Attitude of the Worker's Party to Religion," *Proletary*, No.45, May 13 (26), 1909.
106. Robert Conquest, *The Harvest of Sorrow: Soviet Collectivization and the Terror-Famine*, pp. 200-212.
107. E. Yaroslavsky, *Landmarks in the Life of Stalin*, Moscow, Foreign Languages Publishing House, 1940, p. 12, *(emphasis added)*
108. J.V. Stalin, *Anarchism or Socialism?*, From J.V. Stalin, *Works*, Foreign Languages Publishing House, Moscow, 1954, Vol.1, p.302, *(emphasis added)*

109. From the report titled "Tibet: Proving Truth From Facts," Office of Tibet, London, February 2, 1996, by The Government of Tibet in Exile, http://www.tibet.com/WhitePaper/white7.html, *(emphasis added)*
110. Statement of Harry Wu Before the US Commission on International Religious Freedom, March 16, 2000, (http://www.laogai.org/testmny/relgn.htm)
111. *The Black Book of Communism*, p. 594, *(emphasis added)*
112. R Payne, *The Life and Death of Lenin*, London, 1967, p.609-610
113. Edward E. Ericson, Jr., "Solzhenitsyn – Voice from the Gulag," *Eternity*, October 1985, p.23-24, *(emphasis added)*
114. Phillip Johnson, *Objections Sustained*, Intervarsity Press, Illinois, 1998, pp. 77-85.
115. Alan Woods and Ted Grant, "Marxism and Darwinism," *Reason in Revolt: Marxism and Modern Science*
116. Daniel C. Dennett, *Darwin's Dangerous Idea: Evolution and the Meaning of Life*, Touchstone, New York, 1996, p.309, *(emphasis added)*
117. V.I. Lenin, *One Step Forward, Two Steps Back*; http://www.marxists.org/archive/lenin/works/1904/onestep/ch06.htm
118. James Walsh, "Mao Lives!," *Time*, January 10, 1994, *(emphasis added)*
119. Jacob Heilbrunn, "Mao More Than Ever," *The New Republic*, April 21, 1997, *(emphasis added)*
120. Jacob Heilbrunn, "Mao More Than Ever," *The New Republic*, April 21, 1997, *(emphasis added)*
121. Northern Cyprus, Minister of Foreign Affairs and Defence, www.pubinfo.gov.nc.tr/h040199b.htm, *(emphasis added)*
122. Robert M. Young, "Darwinian Evolution and Evolution And Human History," Radio talk given in an Open University course on Darwin to Einstein: Historical Studies on Science and Belief, 1980
123. Robert M. Young, Darwinian Evolution and Evolution And Human History, Radio talk given in an Open University course on Darwin to Einstein: Historical Studies on Science and Belief, 1980
124. Bertrand Russell, *The Problems of Philosophy*, 1912, p.5
125. Hugh Ross, *The Fingerprint of God*, p. 50
126. Sidney Fox, Klaus Dose, *Molecular Evolution and The Origin of Life*, W.H. Freeman and Company, San Francisco, 1972, p. 4.
127. Alexander I. Oparin, *Origin of Life*, Dover Publications, New York, 1936, 1953 (reprint), p. 196.
128. "New Evidence on Evolution of Early Atmosphere and Life", *Bulletin of the American Meteorological Society*, vol 63, November 1982, p. 1328-1330.
129. Stanley Miller, *Molecular Evolution of Life: Current Status of the Prebiotic Synthesis of Small Molecules*, 1986, p. 7.
130. Jeffrey Bada, *Earth*, February 1998, p. 40
131. Leslie E. Orgel, "The Origin of Life on Earth", *Scientific American*, vol. 271, October 1994, p. 78.
132. Charles Darwin, *The Origin of Species by Means of Natural Selection*, The Modern Library, New York, p. 127.
133. Charles Darwin, *The Origin of Species: A Facsimile of the First Edition*, Harvard University Press, 1964, p. 184.
134. B. G. Ranganathan, *Origins?*, Pennsylvania: The Banner Of Truth Trust, 1988, p. 7.
135. Charles Darwin, *The Origin of Species: A Facsimile of the First Edition*, Harvard University Press, 1964, p. 179.
136. Derek A. Ager, "The Nature of the Fossil Record", *Proceedings of the British Geological Association*, vol 87, 1976, p. 133.
137. Douglas J. Futuyma, *Science on Trial*, Pantheon Books, New York, 1983, p. 197.
138. Solly Zuckerman, *Beyond The Ivory Tower*, Toplinger Publications, New York, 1970, pp. 75-94; Charles E. Oxnard, "The Place of Australopithecines in Human Evolution: Grounds for Doubt", Nature, vol 258, p. 389.
139. "Could science be brought to an end by scientists' belief that they have final answers or by society's reluctance to pay the bills?" *Scientific American*, December 1992, p. 20.
140. Alan Walker, *Science*, vol. 207, 7 March 1980, p. 1103; A. J. Kelso, Physical Antropology, 1st ed., J. B. Lipincott Co., New York, 1970, p. 221; M. D. Leakey, Olduvai Gorge, vol. 3, Cambridge University Press, Cambridge, 1971, p. 272.
141. Jeffrey Kluger, "Not So Extinct After All: The Primitive Homo Erectus May Have Survived Long Enough To Coexist With Modern Humans," *Time*, 23 December 1996.
142. S. J. Gould, *Natural History*, vol. 85, 1976, p. 30.
143. Solly Zuckerman, *Beyond The Ivory Tower*, p. 19.
144. Richard Lewontin, "The Demon-Haunted World," *The New York Review of Books*, January 9, 1997, p. 28.
145. Malcolm Muggeridge, *The End of Christendom*, Grand Rapids: Eerdmans, 1980, p. 43.

# ဘာသာပြန်သူ၏ ဖြည့်စွက်ချက်

# ဗကပ ဗဟိုကော်မီတီဝင် ရဲဘော်ဌေး၏သား ဖိုးတူးက သူ၏ဖခင်ကိုစွဲချက်တင်ပုံ

(သွင်သန်းထွန်း၏ နောက်ဆုံးနေ့များ၊ ပထမတွဲ စာမျက်နှာ ၅၁၁–၅၂၃၊ ပြုစုသူများ ရဲဘော်မြ၊ ရဲဘော်ဘခက်၊ ရဲဘော်မင်းဒင်၊ ရဲဘော်စောလှ၊ ဗိုလ်တင်ရိုန်၊ မြရာစာပေ၊ ၁–မေလ–၁၉၆၉ မှ ကောက်နုတ်ချက်။ ဦးစိန်သည် ရဲဘော်ဌေး ဖြစ်၍၊ ဦးပိန်သည် ရဲဘော်ဘတင်ခေါ် ဂိုရှယ် ဖြစ်ပါသည်။)

ဖိုးတူးသည် ဖခင်ဖြစ်သော ရဲဘော်ဌေးအား ကိုယ်တိုင်စွဲချက်တင်ရမည်ဖြစ်၍ အလွန်ပင်ဝမ်းမြောက်ဝမ်းသာဖြစ်နေ၏။ ဂုဏ်ယူ၍နေ၏။ တက်ကြွသောအမူအရာဖြင့် စွဲချက်တင်ရမည့်နေရာသို့သွက်လက်သော ခြေလှမ်းများဖြင့် လှမ်း၍ထွက်လာလေသည်။

ရဲဘော်ဌေးသည် ရီဝေသောမျက်လုံးအစုံဖြင့် အလွန်ချစ်မြတ်နိုးလှသောသားငယ်အား မျက်တောင်မခတ်ကြည့်၍ နေလေသည်။

ဖိုးတူးသည် ရဲဘော်ဌေးနှင့်ဒေါ်ရင်ရင်တို့၏ ဒုတိယမြောက်သားဖြစ်၏။ ၁၉၅၀–ခုနှစ်တွင် အထက်ဗမာပြည် **"မသုံးလုံးဒေသ"**၌ မွေးဖွားခဲ့၏။ ဖိုးတူးသည် ဖခင်ဖြစ်သော ရဲဘော်ဌေးအား အလွန်ပင်ချစ်ခင်လေသည်။

၁၉၅၆–ခုနှစ်နောက်ပိုင်းတွင် တောတွင်းဗမာကွန်မြူနစ်ပါတီ၌ အကြပ်အတည်းများမှာ အလွန်ကြီးမားလာ၍ ဖိုးတူးအား ပခုက္ကူခရိုင်ရေစကြိုမြို့တွင်နေထိုင်သော ဒေါ်ရင်ရင်၏ဖခင်ထံသို့ ပို့လိုက်၏။ ရေစကြိုမြို့ အစိုးရအထက်တန်းကျောင်းတွင်ပင် ကျောင်းတက်၍ နေခဲ့လေသည်။

၁၉၆၅–ခုနှစ် ဧပြီလ ဒုတိယပတ်တွင်ဖြစ်၏။ ရဲဘော်ဌေးသည် ဇနီးဒေါ်ရင်ရင်နှင့် သားကြီးဖိုးပြူး၊ သားငယ်ဖိုးတူးတို့အား ဗမာပြည်ကွန်မြူနစ်ပါတီအတွင်းတွင် လေ့ကျင့်မွေးမြူရန်အတွက် အထူးအစီအစဉ်ဖြင့် ခေါ်ယူလိုက်ခြင်းဖြစ်၏။ တနည်းအားဖြင့် **"ကွန်မြူနစ် မိသားစု"** ကို တည်ဆောက်ရန် ဖြစ်လေသည်။

အထူးသဖြင့် ရဲဘော်ဌေးသည် သားကြီးဖိုးပြူးနှင့် သားငယ်ဖိုးတူးတို့ကို **"ကွန်မြူနစ် မျိုးဆက်"** လူငယ်များအဖြစ် မွေးမြူရန်ပင်ဖြစ်လေသည်။

ထို့ကြောင့်ပင် ရဲဘော်ဌေးသည် သားကြီးဖိုးပြူးနှင့် သားငယ်ဖိုးတူးတို့အား အစစအရာရာတွင် လေ့ကျင့်မွေးမြူပညာပေးရန်အတွက် ရဲဘော်အောင်ကြီး၊ ရဲဘော်ထွန်းရှိန်နှင့် ဗိုလ်ထွန်းငြိမ်းတို့အား လုံးဝပင်အပ်နှံ၍ ထားခဲ့လေသည်။

ဤသို့ဖြင့် ဖိုးတူးသည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ မျိုးဆက်လူငယ်တဦးဖြစ်လာတော့သည်။

"အခုနေဝင်းရဲ့ သူလျှိုဂိုဏ်းကို စွဲချက်တင်မယ်။ ဂိုဏ်းချုပ်ဖြစ်တဲ့ ဦးစိန်ကို စွဲချက်တင်ရင်း ဂိုဏ်းတခုလုံးကို ပုံဖော်နိုင်တယ်လို့ ယုံကြည်တယ်။

ဦးစိန်ဟာ အကောက်ကျစ်ဆုံးဂိုဏ်းခွဲရေးသမားဖြစ်တယ်။

ဦးစိန်။

ခင်ဗျားကို သားအဖအဖြစ်နဲ့စကားမပြောဘူး။ ခင်ဗျားဟာ ပါတီကိုဖျက်ဆီးတဲ့ နေဝင်း ကိုယ်စားလှယ်ဖြစ်တယ်။ ကျူပ်ကတော်လှန်ရေးသမားဖြစ်တယ်။ အခု ခင်ဗျားကို စွဲချက်တင်မှာဟာ သေဒဏ်ပေးဖို့စွဲချက်တင်မှာဖြစ်တယ်။ ခင်ဗျားတို့ဟာ ပါတီကို သေကြောင်းကြံတဲ့နေဝင်းရဲ့ ပဥ္စမံဂိုဏ်းသားတွေဖြစ်လို့ သေဒဏ်ပေးဖို့စွဲချက်တင်မှာဖြစ်တယ်။

ပါတီထဲမှာ ဦးစိန်ဟာ ပါတီကိုအတွင်းကဖျက်ဆီးဖို့ တော်လှန်ရေးကို အတွင်းကဖျက်ဆီးဖို့ ဂိုဏ်းစုပြီး လုပ်ဆောင်နေသူဖြစ်တယ်။ ဒီဂိုဏ်းကို ထက်ထက်မြက်မြက် ကျွမ်းကျွမ်းကျင်ကျင် ခေါင်းဆောင်စီမံသူဟာ ဦးစိန်ဖြစ်တယ်။

ဒါတွေလုပ်နိုင်ဖို့ အနေအထားသူ့မှာရှိတယ်။ ပါတီရဲ့နိုင်ငံရေးဦးဆောင်အဖွဲ့ဝင် ပါတီဗဟိုကော်မတီအတွင်းရေးမှူးဆိုတဲ့ အခွင့်အာဏာကို ကျင်ကျင်လည်လည်အသုံးချပြီး ကောက်ကျစ်စွာနဲ့ ရဲဘော်

တွေကို မှိုင်းသွင်းထားတယ်။ ဒီလိုနဲ့ကျွမ်းကျွမ်းကျင်ကျင်နဲ့ ပိပိရိရိဂိုဏ်းခွဲနေတယ်။ ဦးပိန်ကတော့ အတုံးလိုက်အတစ်လိုက်လုပ်လို့ သူလုပ်သမျှဟာ ဗူးပေါ်သလိုပေါ်နေတယ်။

အစတုန်းကတော့ ဦးစိန်ဟာ ဘာကောင်လဲဆိုတာကို ကျနော်မသိခဲ့ဘူး။ မာ့က်စ်လီနင်ဝါဒအရေခြုံ၊ ၆၄–အရေကို ခြုံထားတော့မသိရဘူး။

အခုပြန်လည်ပြင်ဆင်ရေးသမား ဖြစ်တယ်ဆိုတာကို သိလာတော့ ကျနော်ပြန်စဉ်းစားကြည့်တယ်။

ခင်ဗျားတို့(၁၆)နှစ် လုပ်ခဲ့တာကို မပြောဘူး။ ကျနော်မြင်လာတဲ့အချိန်ကစပြောမယ်။

ခင်ဗျားဟာ နိုင်ငံရေးဦးဆောင်အဖွဲ့ဝင် ဗဟိုကော်မတီအတွင်းရေးမှူးဆိုတဲ့ အခွင့်အာဏာကိုသုံးပြီး ဘခက်ရဲ့ရုံးအုပ်အခွင့်အာဏာကိုသုံးပြီး မာ့က်စ်လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်ကို ဆန့်ကျင်ဖို့ ခင်ဗျားတို့လိုချင်တဲ့ ရုပ်ဝတ္ထု အချက်အလက်တွေ စုဆောင်းတယ်။ ဒီနည်းတွေသုံးပြီး ခင်ဗျားတို့ ပြင်ဆင်ရေးသမားတွေ အချင်းချင်းကောက်ကျစ်တဲ့ ကြံရွယ်ချက်တွေနဲ့ လှေ့လာမှုတွေ လုပ်ကြတယ်။

**စိန်–ပိန်ဂိုဏ်း လူပေါ်လူဇော်လုပ်နည်းနဲ့ ခင်ဗျားလူစုတယ်။**

နိုင်ငံရေးအရ ပါတီနည်းအရ ဆက်ဆံမှုဖြစ်အောင် ပါတီကကျုပ်ကိုလေ့ကျင့်ပေးတယ်။ ခင်ဗျားက သားအဖဆက်ဆံရေးနဲ့ အစားထိုးခဲ့တယ်။ ဓနရှင်မိသားစုဆက်ဆံရေးမျိုးဖြစ်အောင် ခင်ဗျားလုပ်ခဲ့တယ်။ ဒါဟာကျုပ်ကို ဘခက်လို ပါတီဆန့်ကျင်ရေးသမားတယောက်ဖြစ်အောင် ရည်ရွယ်လုပ်ဆောင်တာပဲဖြစ်တယ်။ ခင်ဗျားကျုပ်ကို ဖျက်ဆီးတာဖြစ်တယ်။

ရဲဘော်တင်ဟန်ကိုလဲ ဓနရှင်စည်းရုံးရေးလုပ်ဟန်တွေနဲ့ ခင်ဗျားစည်းရုံးတယ်။ ရဲဘော်ကျော်ထွန်း၊ ရဲဘော်ချစ်ညို၊ ရဲဘော်မင်းနွယ်တို့ကိုလဲ ဒီနည်းတွေသုံးပြီး စိန်၊ ပိန်ဂိုဏ်း ကြီးထွားရေးအတွက် စည်းရုံးခဲ့တယ်။

> **(မှတ်ချက်။** ။ရဲဘော်တင်ဟန်မှာ အောင်သိန်းနိုင်ဖြစ်သည်။ ရဲဘော်ကျော်ထွန်းမှာ မောင်စိုးဝင်းဖြစ်သည်။ ရဲဘော်ချစ်ညိုမှာ ရဲဘော်အောင်သူ (မန္တလေးတက္ကသိုလ် မြင်းခြံဇာတိ) ဖြစ်သည်။ ရဲဘော်မင်းနွယ်မှာ မောင်သက် (ဗ–က–သ များအဖွဲ့ချုပ် ဥက္ကဋ္ဌ)ဖြစ်ပါသည်။ မောင်သက်မှာ ၁၉၆၆–ခုနှစ်၊ ဇူလိုင်လ ၁၄–ရက်နေ့တွင် အဆုတ်ရောဂါဖြင့် ကွယ်လွန်သွားပါသည်။ **စာရေးသူ)**

ခင်ဗျားရဲ့ လှုပ်ရှားမှုပုံမပေါ်အောင် တော်လှန်တဲ့နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်တွေနဲ့ ခင်ဗျားသဏ္ဌာန်အရ ဆက်ဆံရေးကောင်းမွန်အောင်လုပ်ခဲ့တယ် မဟုတ်လား။

ခင်ဗျားဟာ ပါတီဖျက်သိမ်းရေးသမား၊ တော်လှန်ရေးဖျက်ဆီးရေးသမားဖြစ်တယ်ဆိုတာကို လဲပင်စခန်းမှာ ထင်ထင်ရှားရှားမြင်လာရတယ်။ အဲဒီမှာတော့ ခင်ဗျားဇာတိကို ဖုံးကွယ်လို့မရတော့ဘူး။ ဂိုဏ်းဂဏလုပ်ဟန်တွေကို ခင်ဗျားပိုပြောင်ပြောင်မြောက်မြောက် လုပ်လာတယ်။

ခင်ဗျားဟာ မာ့က်စ်လီနင်ဝါဒ ခေါင်းဆောင်တွေကို ရန်သူလိုသဘောထားလာတယ်၊ ကျောခိုင်းလာတယ်။

ခင်ဗျားအဓိကဆက်ဆံသူတွေဟာ ခေါင်းမာပြန်လည်ပြင်ဆင်ရေးသမားတွေဖြစ်လာတယ်။ အဲဒီမှာ ဦးပိန်နဲ့ခင်ဗျား ဆက်ဆံရေးဟာ အထူးခြားဆုံးဖြစ်တယ်။

၅၅–ဆုံးဖြတ်ချက်တိုက်ပွဲ ပြင်းထန်လာတဲ့အခါ ခင်ဗျားဟာ ဦးပိန်နဲ့ပိုပြီး ပလူးပလဲဆက်ဆံလာတယ်။ အရင်ကဦးပိန်ခါးနာလို့ ခင်ဗျားဘယ်နှစ်ခါသွားမေးဘူးသလဲ၊ တိုက်ပွဲပြင်းထန်လာမှ ဦးပိန်ခါးနာတာကိုအကြောင်းပြုပြီး ခင်ဗျားခဏခဏသွားတယ်။ နိုင်ငံရေးဦးဆောင်အဖွဲ့ အစည်းအဝေးထဲမှာ ဘယ်လိုတိုက်ဖို့ဆိုတာကို ခင်ဗျားတို့ ချိတ်ဆက်လုပ်ကြတယ် မဟုတ်လား။

ပုဂ္ဂိုလ်အရ ဦးပိန်ကိုခင်ဗျား အရဆွဲထားတယ်မဟုတ်လား။

ဒီအချိန်မှာ ကျုပ်ရှင်းလာပါပြီ၊ ခင်ဗျားဟာ ကျုပ်ထင်ခဲ့သလို ၆၄–၆၅–၆၆–၆၇ ဖက်က ရပ်တည်တဲ့လူတယောက်မဟုတ်ဘူး။ ခင်ဗျားဟာ ပြန်လည်ပြင်ဆင်ရေးသမားဖြစ်တယ်။ ရဲဘော်ကျော်ထွန်း ပါတီဝင် သိမ်းသွင်းရေးလုပ်ပြီးတဲ့အချိန်မှာ ဒီအချက်ဟာပေါက်ကွဲလာတယ်။

၆၄–၆၅–၆၆–၆၇ ဖက်က ရပ်တည်ရင် ၅၅–ကိုတိုက်ရင် ဘယ်သူပဲဖြစ်ဖြစ် ခင်ဗျားလမ်းခွဲခဲ့တယ်။ ရန်သူလိုသဘောထားတယ်ဆိုတာ ဗူးပေါ်သလိုပေါ်ခဲ့ပြီးပြီ။

ပြန်လည်ပြင်ဆင်ရေးကို ပြတ်ပြတ်သားသားတိုက်တဲ့လူငယ်တွေနဲ့ ခင်ဗျားလမ်းခွဲတယ်။ ဒါတင်မကဘူး။ ခင်ဗျားသားဖြစ်တဲ့ ကျုပ်ကိုတောင် မာ့က်စ်လီနင်ဝါဒ မော်စီတုန်းအတွေးအခေါ်ဖက်က ရပ်တည်လို့ ခင်ဗျားစကားမပြောနိုင်ဖြစ်တယ်။

ရဲဘော်မြင့်ထူး၊ ရဲဘော်တင်ဟန်၊ ရဲဘော်ကျော်ထွန်းတို့ကိုလဲ ခင်ဗျားဆက်ဆံဖို့ တန့်သွားတယ်။

ခေါင်းမာတဲ့မျိုးတူ ပြန်လည်ပြင်ဆင်ရေးသမားချင်းတော့ ဆက်ဆံရေး ပိုများလာတယ်။ ဒါဟာ ခင်ဗျားရပ်တည်မှု ဘာလဲဆိုတာ ဖူးပေါ်သလို ပေါ်လာတာပဲ မဟုတ်လား။

**ခင်ဗျားဟာ ၅၅–ကိုထိရင် ဆတ်ဆတ်ထိမခံဘူး၊ ဘခက်ကိုထိရင်ဆတ်ဆတ်ထိမခံဘူး။ ရဲဘော်သိန်းထွန်းက ၅၅–ကိုတိုက်တယ်။ ၅၅–ကိုစွဲကိုင်ထားတဲ့ ဘခက်ကိုတိုက်တယ်။ ဒီအတွက် လူငယ်တွေက ထောက်ခံတာကို အကြီးအကျယ် ခင်ဗျားဆန့်ကျင်တယ်။**

**ခင်ဗျားဟာ ဘခက်ကို အမြဲတမ်းကာကွယ်ပေးတယ်။**

ရဲဘော်ခင်ကျော်နဲ့ကျုပ်က ဘခက်မဟုတ်တာလုပ်နေတာတွေ ပါတီဆန့်ကျင်ရေးဝါဒဖြန့်နေတာတွေကို ခင်ဗျားကို တင်ပြတယ်။ ပါတီထဲမှာ ကိုယ့်အတွေးအခေါ် အယူအဆကို တင်ပြခွင့်ရှိတယ်။ သူ့ကိုတိုက်မယ်ဆိုရင် အချိန်ပေးရမယ်ဆိုပြီး အဲဒီတုံးက ခင်ဗျား ပြန်ပြောခဲ့တယ်။ ဒါဟာ ဘခက်နဲ့ ပြန်လည်ပြင်ဆင်ရေးကို အကာကွယ်ပေးတာမဟုတ်ရင် ဘာလဲ။ ဒါဟာလိမ်ညာကောက်ကျစ်တဲ့နည်းနဲ့ ကာကွယ်တာမဟုတ်ဘူးလား။ ကျုပ်တို့ပါတီထဲမှာ ပြန်လည်ပြင်ဆင်ရေးအတွေးအခေါ် အယူဝါဒကို ထိန်းသိမ်းထားခွင့် တင်ပြခွင့်ဝါဒဖြန့်ခွင့်မရှိဘူး။ မရှိရဘူး။ ကျုပ်တို့ပါတီဟာ ကွန်မြူနစ်ပါတီဖြစ်တယ်။ ပါတီဖျက်မယ့်သူကို ပါတီဖျက်နိုင်ဖို့ အချိန်မပေးနိုင်ဘူး။

ဒါကြောင့် ခင်ဗျားဟာ ခေါင်းမာတဲ့ပြန်လည်ပြင်ဆင်ရေးသမားထိပ်သီးတယောက်ဖြစ်တယ်။

အကြီးဆုံးဂိုဏ်းခွဲရေးသမားလည်းဖြစ်တယ်။ ဒါဟာခင်ဗျားရဲ့ အကြီးဆုံးပြစ်မှုပဲ။ ပါတီကို ဖြိုခွဲဖို့အတွက် နေဝင်းမလုပ်နိုင်တဲ့အလုပ်တွေကို ခင်ဗျားလုပ်နေတယ်။ ပါတီကို အတွင်းကနေဝင်ပြီး ဖြိုခွဲနေတယ်။ ခင်ဗျားဟာ နေဝင်းရဲ့လက်ရုံး ပါတီသစ္စာဖောက်ဖြစ်တယ်။

ခင်ဗျားပြောဘူးတယ်။

၅၅–အပေါ်၊ လူငယ်လူပ်ရှားမှုအပေါ် ခင်ဗျားရဲ့သဘောထားကို ကျုပ်တို့ကမေးတယ်၊ အဲဒီတုန်းက ခင်ဗျားက "မင်းတို့ငါ့ကို လူငယ်တွေရှေ့မှာရော၊ စခန်းသားထုရှေ့မှာရော ဝေဖန်နိုင်တယ်၊ အတွင်းရေးမှူးအဖြစ်က ဖြုတ်ချင်ဖြုတ်ပစ်နိုင်တယ်၊ မကျေနပ်သေးရင် သတ်နိုင်တယ်"လို့ပြောတယ်၊ ဒါပေမဲ့ မှားယွင်းတဲ့ခင်ဗျားရဲ့ ရပ်တည်မှုကိုတော့ ပြင်မယ်လို့မပြောခဲ့ပါလား။

ဒါဟာ မင်းတို့ပြောချင်သလိုပြော၊ လုပ်ချင်သလိုလုပ်၊ ငါတော့ငါ့ရပ်တည်မှုနဲ့ပဲလို့ ဆိုချင်တာပဲမဟုတ်လား"

ဒါ့ကြောင့် ချုပ်လိုက်မယ်ဆိုရင် –

ဦးစိန်ဟာ နေဝင်းရဲ့ပါတီဖြိုခွဲရေးပေါ်လစီကို ပါတီထဲလာပြီး ရှေ့တန်းကနေ ကျွမ်းကျွမ်းကျင်ကျင်အကောင်အထည်ဖော်သူဖြစ်တယ်။ နေဝင်းရဲ့အားကိုးရတဲ့လက်ရုံးဖြစ်တယ်။

ပါတီဖျက်သိမ်းရေး၊ တော်လှန်ရေးဆန့်ကျင်ရေး၊ ထိပ်သီးပြန်လည်ပြင်ဆင်ရေးဝါဒသမားဖြစ်တယ်။

ပြန်လည်ပြင်ဆင်ရေးဝါဒဖြစ်တဲ့ ၅၅–ကို အသက်ပေးကာကွယ်မယ်ဆိုတဲ့ ခေါင်းမာပြန်ပြင်ရေးထိပ်သီးဖြစ်တယ်။

**ဦးစိန်၊ ဦးပိန်**

ခင်ဗျားတို့ကို ဖမ်းမိထားတာဟာ နေဝင်းရဲ့ကိုယ်စားလှယ်ကို ဖမ်းမိထားတာဖြစ်တယ်၊ ခင်ဗျားနဲ့ပတ်သက်ပြီး ကျုပ်အဖို့ သံ့ပန်းပေါ်လစီမရှိဘူး။

ခင်ဗျားတို့ကို သတ်ပစ်ရမယ်။

**ဦးစိန်** ခင်ဗျားကို အဖေလိုသဘောမထားဘူးလို့ ပြောပြီးပြီ၊ ရန်သူလိုသဘောထားတယ်။ ခင်ဗျားကို ကျုပ်ကိုယ်တိုင် လည်လှီးမယ်။

**သဘာပတိအဖွဲ့ဝင်ခင်ဗျား။**

သူတို့ဟာ နေဝင်းစိတ်ကြိုက် ဗမာပြည်ကွန်မြူနစ်ပါတီထဲလာပြီး ပါတီနဲ့ပြည်သူကို ကြိုးစင်တင်ဖို့ အကြံယုတ်နဲ့ လုပ်ဆောင်နေကြသူတွေဖြစ်ပါတယ်။ သူတို့ဟာ ပါတီထဲမှာပဲရှိရှိ ပါတီပမှာပဲရှိရှိ သူတို့ရည်ရွယ်ချက်ဟာ ပါတီနဲ့တော်လှန်ရေးကို ဖျက်ဆီးဖို့ပဲ ဖြစ်တယ်။ ဒါကိုဘခက်နဲ့သာလှတို့က ပြခဲ့ပါပြီ၊ ဒါ့ကြောင့် သေဒဏ်ပေးဖို့ တောင်းဆိုပါတယ်။

ဤသို့ဖြင့် ဖိုးတူးသည် မိမိ၏ဖခင်ဖြစ်သော ရဲဘော်ဌေး၏မျက်နှာကို လက်ညှိုးငေါက်ငေါက်ထိုး၍ "ခင်ဗျားကို ကျုပ်ကိုယ်တိုင် လည်လှီးမယ်" ဟု နောက်ဆုံးတွင် ဒေါနှင့်မာန်နှင့်အော်ဟစ်၍ စွဲချက်တင်သွားလေသည်။

**(၅) ရဲဘောဌေးနှင့် ရဲဘော်ဘတင်တို့၏ နောက်ဆုံးနေ့။**

၁၉၆၇–ခုနှစ်၊ ဇွန်လ(၁၈)ရက်နေ့၊ နေ့လယ်(၁၂)နာရီတွင်ဖြစ်သည်။

သာယာဝတီခရိုင်၊ နတ္တလင်းမြို့၊ တော်ညိုဒေသ၊ ဆင်သေချောင်ဖျားတွင် ယာယီစခန်းချထားသော ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်စခန်းတွင် ဆဲသံ၊ ကြိမ်းမောင်းသံ၊ ရိုက်နှက်သံများဖြင့် ဆူညံနေလေသည်။ ––––

––––ထိုအချိန်တွင် ရဲဘော်ဌေး၏သားငယ် ဖိုးတူးသည် အလွန်ဒေါသထွက်နေသောအမူအရာဖြင့် ရုတ်တရက် ပြေးထွက်လာပြီး ရဲဘော်ဌေး၏ နားရင်းကိုလက်သီးဖြင့် တအားထိုးလိုက်၏။ ထို့ပြင် ရဲဘော်ဌေး၏ မျက်နှာပြင်ကိုလည်း လက်ဝါးဖြင့် တအားလွဲ၍ရိုက်လိုက်၏။ ရဲဘော်ဌေး၏ နှာခေါင်းမှ သွေးတို့သည် တလိမ့်လိမ့်ယိုစီး၍ကျနေတော့သည်။

ဖိုးတူးသည် ထိုမျှဖြင့် အားမရသေး၍ ရဲဘော်ဌေး၏ ဦးခေါင်းအား ဝါးရင်းတုတ်ဖြင့် တအားကုန်လွှဲ၍ ရိုက်လိုက်ပြန်၏။ ရဲဘော်ဌေးသည် မိမိ၏ သားငယ်ဖိုးတူး၏ လက်ချက်ဖြင့် မြေကြီးပေါ်သို့ ထိုးလဲကျသွားတော့၏။–––

<u>၂၀၀၉–ခုနှစ် ဇန္နဝါရီလ ၂၆–ရက်နေ့တွင် ဤစာအုပ် မြန်မာဘာသာပြန်ခြင်း ပြီးဆုံး၏။</u>

<u>၂၀၀၉–ခုနှစ် နိုဝင်ဘာလ ၁၂–ရက်နေ့တွင် ထပ်မံစစ်ဆေးပြီးဆုံး၏။</u>

<u>မိုဟမ္မဒ်အလီ (လဟီ)တန်ဂွန်း</u>